www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ(လှိုင်ကော်)

## လ‌နတ်သမီး


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၁၈၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၇၂၀၉၀၇

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(ဝ၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊

ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်



# မဟူရာ

(လှိုင်ကော်)

## လ.နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြာတွင်း
ငွေလမင်းလျှင်...
သာချင်သမျှသာလေစွဟု...
တိမ်မျှင်နကခွင့်ပြုသည် ...။

ကောင်းကင်ပြာတွင်း
ငွေလမင်းလျှင်...
တိမ်စင်ရထား၊စီးကာသွားရင်း
ရွှေပန်းခြင်းမှာ၊ငွေပန်းလွှာများ
သယ်ဆောင်ထားစဉ်..
ပန်ချင်သမျှပန်ဆင်စွဟု..
ပန်းငွေနက ခွင့်ပြုသည်...။

ကောင်းကင်ပြာတွင်း
ငွေလမင်းလျှင် ...
မောင့်၏ရင်ခွင်၊မှီတွယ်ချင်လျက်
ကမ်းလင့်လက်ဖျား၊တိမ်မျှင်ကြားမှာ
ရှိလာပါစဉ်၊ချစ်ဦးရင်ခွင်
နိုဝင်ချင်သမျှနိုဝင်စွဟု ...
ရင်ခွင်နက ခွင့်ပြုသည်
ချော် ...
ရင်ခွင်နက ခွင့်ပြုသည်...။



BURMESE CLASSIC

လက်ဖျားရွှေန...
ဖူးညွှလေးကို...
ဤသို့သာလျှင်...
ကိုကို့နဖူးပြင်ထက်မှာ...
ထာဝရ...
ဖေးတင်အပ်ထားခွင့်ရရပါချေပြီကောလေ...။
မွှေးမြမြစံပယ်တို့၏ ရနံ့က ဉယျာဉ်ဆီမှ...
လေပြည်နနင့်အတူ...
သင်းပျံ့တိုးဝင်လာချေ၏။
တကယ်တော့...
ပန်းစံပယ်မွှေးတို့၏ရနံ့က...
နလုံးသားဆီသို့တိုင်...
တိုးဝင်မွှေးမြ...
သင်းထုံကြရပါချေသည်နယ်ပါ...။

www.burmeseclassic.com

www.burmeseclassic.com



နံနက်၏နေခြည်က ပူပြင်းလောင်မြိုက်မှုကင်းသော
ရောင်ခြည်တန်းများအဖြစ် ဖြာကျစပြုနေပြီ...။
နေစဉ်မနက်တိုင်း ဤမက်မောဖွယ်ကောင်းသော
နေခြည်နုနုကို အမြဲမြတ်နိုး ခုံမင်စွာခံစားနေကျ...။
မနက်နေခြည်နုသည် မပူပြင်း...။
လှပသည်။
နှင်းတို့စိုစွတ်နေသောကာလ
ဆောင်းဦးစမှာဖြာကျနေသည့် နေခြည်သည်
ပို၍ချစ်စရာကောင်းသည်
နှင်းတို့ကို ထိုးဖြာရင်း လင်းလဲ့သော နေခြည်နုနုတို့သည်
နှင်း၏အလှ ...
နေခြည်နု၏အလှကို
တစ်ပြိုင်တည်းလောကကြီးကိုအပ်နှင်းနေသည်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







လနတ်သမီးဆိုတာ ...
လူတိုင်းရင်မှာ ချစ်စေရင်း
လနှစ်စင်း လသုံးစင်း
သာခြင်းမကသာပေ့စေ
မြတ်နိုးနေသူတို့ရင်တွင်း
လမင်းလင်းဖို့လိုနေဆဲ ...။

လနတ်သမီးဆိုတာ ...
လူတိုင်းရင်မှာ ညှို့ငင်ရင်း
ညလေညင်းနှင့် ပန်းလေညင်း
တသင်းမွှေ့မွှေ့ သင်းမွှေ့မွှေ့
မွှေးခြင်းမက မွှေးပေ့စေ
မြတ်နိုးနေသူတို့ရင်တွင်း
လမင်းလင်းဖို့ လိုနေပြီ ...။

www.burmeseclassic.com

www.burmeseclassic.com



လ,နတ်သမီး ဆိုတာ …
လှတိုင်းရင်မှာ လွှမ်းမိုးရင်း
အေးချမ်းခြင်းရဲ့ ခရာသံချို
တေးသီဆိုငှက်တစ်သင်း
ဆိုခြင်းမကာ ဆိုပေ့ခေ
မြတ်နိုးနေသူတို့ရင်တွင်း
လမင်းလင်းဖို့ လိုခဲ့ဆဲ …။
ဪ …
လမင်းလင်းဖို့ လိုနေပြီ …။

❤ ○ ❤



## အခန်း(၁)

နံနက်၏နေခြည်က ပုပြင်းလောင်မြိုက်မှုကင်းသော ရောင်ခြည်တန်းများအဖြစ် ဖြာကျစပြုနေပြီ …။ ဦးမြမိုအတွက်က နေ့စဉ်မနက်တိုင်း ဤမက်မောဖွယ်ကောင်းသော နေခြည်နုနုကို အမြဲမြတ်နိုးခုံမင်စွာ ခံစားနေကျ …။ မနက်နေခြည်နုသည် မပူပြင်း…။ လှပသည်။ နင်းတို့ စိုစွတ်နေသောကာလ … ဆောင်းဦးစမှာ ဖြာကျသည့် နေခြည်သည် ပိုရှုံချစ်စရာကောင်းသည်။ နင်းတို့ကို ထိုးဖြာရင်း လင်းလဲ့သော နေခြည်နုနုတို့သည် နင်း၏အလှ … နေခြည်နု၏အလှကို တစ်ပြိုင်တည်း လောကကြီးကို အပ်နှင်းနေသည်ဟု ဦးမြမို ခံစားဖြစ်၏။

ဦးမြမိုထံမှ အလွန်လှပသော နူးညံ့သိမ်မွေ့သည့် ခံစားမှုများ ရှိနေတတ်ကြလျက် …။ မုန့်ဟင်းခါးတွန်းလှည်းကြီးကိုတွန်းရင်း … နံနက်တိုင်းမှာ နေခြည်နုတို့၏ အလှကို မရိုးနိုင်စွာ မြတ်နိုးခုံမင်ခြင်းများဖြင့် အမြဲခံစားနေတတ်စမြဲ …။

ကဏ္ဍရာလမ်းရိုးတစ်ခုကို ချိုးကွေ့လိုက်ရင်းမှ …

"မုန့်ဟင်းခါး … မုန့်ဟင်းခါး …"

www.burmeseclassic.com

www.burmeseclassic.com



ဟု နှုတ်မှအော်ဖြစ်၏။ ဤနေရာလေးမှာကျတော့ ဝန်ထမ်းမိန်းကလေးတွေ စုနေသည့် ဘော်ဒါဆောင်လေးတစ်ခုရှိသည်လေ …။

မနက်ဆို … ထိုမိန်းကလေးတွေထဲက တော်တော်များများ မုန့်ဟင်းခါး ဝယ်ကြတာများသည်။ တက်ကြွလန်းဆန်းသော လှုပ်ရှားသွားလာဟန်လေးများ …။ ငယ်ရွယ်သူများပေမို့ အနာဂတ်အတွက်ရော … လက်ရှိဘဝအတွက်ရော … အမြဲတမ်း မျှော်လင့်ခြင်းများဖြင့် အရာရာကို တိုးတက်အောင် ကြိုးဆောင် လှုပ်ရှားနေကြသည့် ထိုမိန်းကလေးများထံမှာ တူညီစွာ တွေ့ရတတ်သည်က … အားအင်ပြည့်ဝနေသော မျက်ဝန်းကြည်ကြည်လေးများပါတည့် …။

မျှော်လင့်ထားသည့်အတိုင်းပင် မိန်းကလေးတစ်ယောက် ဝရန်တာနေရာလေးမှထွက်၍ …

"လာပါဦး … ဦးကြီးရဲ့ …"

ဟု ထွက်အော်တာကို ကြားသည်။ တွန်းလှည်းကို ဦးမြမှီ တွန်း၍ ခြံစည်းရိုးတံခါးဝအနီးမှာ ရပ်ဖြစ်၏။ တွန်းလှည်းအောက်ပိုင်း နေရာမှာ ထည့်ထားသည့် ထိုင်ခုံပုလေးကို ထုတ်၍ ထိုင်သည်။ မီးသေနေပြီဖြစ်သည့် ဆေးလိပ်ကို ပြန်၍မီးညှိရှိုက်မှာရင်း အဝယ်လာမည့် မိန်းကလေးတို့ကို စောင့်သည်။ မကြာလိုက် …။ မိန်းကလေး ဆယ်ယောက် အရင်ရောက်လာသည်။ မီးသွေးမီးဖိုလေးအောက်မှ ခံထားကာ တွန်းလှည်းထောင့်နေရာပျဉ်ကို အပေါက်ဖောက်၍ ဟင်းရည်အိုး ထည့်ထားတာမို့ ဟင်းရည်က ပူနေသည်ပါပဲ …။ ထိုသို့ မုန့်ဟင်းခါးဟင်းရည် ပူပူလေး



နှင့် မနက်ဦးမှာ စားသောက်ရသည့် အရသာကို လူတွေကနှစ်ခြိုက်ကြသည်လေ …။

မိန်းကလေးတွေ မုန့်ပွဲတွေမှာသမျှ ပန်းကန်လေးတွေ စီထပ်ထားရာ ပလတ်စတစ်ခြင်းလေးထဲမှ ပန်းကန်လေးတွေ တစ်ခုပြီးတစ်ခုထုတ် …။ မုန့်ပွဲပြင် …။

ပဲကပ်ကြော် …။ ဘူးသီးကြော် …။ ငါးဖယ်ဆုပ်ကြော် …။ ကြိုက်တာနှင့် မှာသလို ထည့်ပေးသည်။ တချို့ကျတော့ မုန့်ဟင်းခါးချည်းသက်သက်ကို နံနံပင်နိုင်နိုင်နှင့် စားကြတာလည်းရှိသည်။ မိန်းကလေးတို့ ထုံးစံအတိုင်း ငပြာရည်ပုလင်းလည်း ငြိမ်ငြိမ်မနေရ …။ ငရုတ်သီးလှော်မှုန့်ဘူးလှည်း သူ့လက် ငါ့လက်ထဲ ရောက်နေကြတာကများလျက် …။ ရယ်ကြမောကြနှင့် ဝေစည်နေသည်ပါပဲ …။

နောက်ထပ် မုန့်လာစားသည့် ဘော်ဒါသူ ဆယ်ယောက်ကျော်ကျော် ရှိလာပြန်သည်မို့ …။ ဤမနက်မှာ ဈေးဦးဖောက်မုန့် ဟင်းခါးရောင်းရပွဲလေးကဖြင့် ရောင်းပန်းလှနေသည်ပါပဲ …။ ဤသို့ပါပဲလေ …။ ဤဘော်ဒါဆောင်နေရာလေးမှာ အမြဲဦးမြမှီ ဈေးဦးဖောက် ရောင်းနေရမြဲ …။

တစ်ခါတစ်ရံလောက်မှာသာ ဤဘော်ဒါဆောင်နေရာလေး မရောက်မီ တချို့အိမ်တွေက ခေါ်ဝယ်ကြတာမျိုးပဲရှိသည်။ ဘော်ဒါဆောင်နေရာလေးကတော့ … ဘယ်တော့မဆိုရောင်းရတာကို မလွတ် …။ လဆန်းပိုင်းဆို ပိုအရောင်းများသည်။ လကုန်ပိုင်းလောက်ကျတော့လည်း အကြွေးဝယ်တီးကြသည့် ကောင်မလေးတချို့လည်း ရှိလာတတ်ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မဆို .. လဆန်းတာနှင့် ကိုယ့်အကြွေး ပြန်ဆပ်ကြသည့် ချာတိတ်မလေးတွေပါ ..။

ဘာပဲဖြစ်ဖြစ် ..။ မိဗေး ပဗေး ဤနေရာလေးမှာ အလုပ်လာလုပ်ကြရင်း ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြပါသည့် ဤကလေးမလေးတွေအပေါ် ဦးမြမှိုကလည်း တဖြည်းဖြည်း သွေးမျိုးသားချင်းပမာ သံယောဇဉ်တော့ ဖြစ်မိသည်ပါပဲ ..။

ကောင်မလေးတွေကလည်း ဦးမြမှိုဆို .. ဦးကြီး .. ဦးကြီးနှင့် တကယ့် ဦးကြီး တစ်ယောက်ပမာ ချစ်ခင်ကြသည့် အဖြစ် ..။

ဘာပဲဖြစ်ဖြစ် ..။ တစ်ကိုယ်တည်းဘဝကို ဖြတ်သန်းနေရပါသည့် ဦးမြမှို အဖို့တော့ ဤကလေးမလေးများသည် တူမလေးများ ညီမငယ်လေးများပမာ ရင်ထဲမှာ ဖြစ်ရပါ၏။

ဒါကြောင့်လည်း အကြွေးဆိုလျှင်လည်း ရောင်းပေးလိုက်သည်ပါပဲ ..။ သူတို့လေးတွေကလည်း ဘယ်တော့မှအကြွေးကို နောက်လဆန်းမှာ ပြန်မဆပ်ကြတာမရှိ ..။

"ဦးကြီးရေ .. ကုပ်တိုလေးကတော့ .. ဒီလမှာအကြွေးမစားဘဲ နေပြမယ်တဲ့ သိလား .. လစထုတ်လိုက်တဲ့ နေ့ကတည်းက ကြွေးကြော်နေတာပဲ .. လလယ်လောက်ထိတောင်မှ အဲဒီကြွေးကြော်မှုက ခံပါ့မလား မသိဘူး .."

အမြဲတမ်း အစားအသောက်ကိစ္စ တစ်ခုကိုပဲ အစိကအာရုံထားတတ်ပုံလည်း ရတတ်လျက် ..။ မုန့်ဟင်းခါးဆိုလျှင်လည်း အကြော်တွေ ဘာတွေ အပိုဘာမျှ မထည့်ဘဲနှစ်ပွဲလောက်ကို အဝတီးတတ်ပါသည့် မှုမှု ဆိုသည့် ကောင်မလေးသည် ကုပ်



လေးတိုနေအောင် ဝတာမို့ အဆောင်သူလေးတွေက ချစ်စနိုးကုပ်တိုလေးဟု ခေါ်ကြသည့်အဖြစ် ..။ ခုလည်း မုန့်ဟင်းခါးငုံ့တီးနေသည့် မှုမှု့ကိုကြည့်ကာ ဝေဝေသာက ပြောလာတာမို့ ဦးမြမှို ရယ်နေလိုက်သည်ပါပဲ ..။

"အံမာ .. အကြွေးမစားဘူးဆိုတာက .. လက်ငင်းမပေးဘဲ စားတာမျိုး မဟုတ်ဘူးလို့ ပြောတာပါ .. စားရင်းမှတ်နိုင်းပြီး စားတာမျိုးကို ပြောတာ သိရဲ့လား .."

သောက နောက်တစ်ယောက်ရယ်၍ ပြောနေခိုက် မှုမှုကတော့ ရယ်နေသည်ပါပဲ ..။ ထုံးစံအတိုင်း ဟင်းရည်အဆစ်ထပ်တောင်းကာ အရသာခံ၍ သောက်နေရင်းမှ ..

"ဦးကြီးက .. ငါ့ကိုတောင် ပိုက်ဆံချေးနိုင်သေးတယ် သိရဲ့လား .. တစ်ယောက်တည်း နေရတဲ့ ဦးကြီးမှာ ပိုက်ဆံတွေအမြဲစုဆောင်းနေနိုင်တာမို့ .. ငါတို့ကိုတောင်မှ အကြွေးရောင်းပေးနိုင်သေးတာပဲ ဥစ္စာ .. အကြွေးလည်းရောင်းပေးနိုင်တယ် .. ပိုက်ဆံလည်း ချေးနိုင်တယ် .. ငါတို့ကိုဆို .. ဒီလောက်ချစ်တာ .."

"အံမယ် .. မိမှု .. ဘိုင်ကျချိန်အတွက် ကြိုတင်စရုံမသတ်ပါနဲ့နော် .. အားမနာ လျှာမကျိုး .. ပိုက်ဆံတောင်ချေးဖို့ စကားသမ်းနေသေးတယ် .. ဦးကြီး .. ဒီကောင့်ကိုသတိထား .. မနေ့က .. ပါတိတ်ဝမ်းဆက်ကြီးကို ရှိုးမများစေ .. ရှိုးထုတ်ဖို့ စိတ်တွေပြောင်းပြီး ဝယ်ချလာတာ တွေ့ထားတယ် သိလား .. ဒီကောင် .. ပိုက်ဆံပြတ်ကိန်းရှိတယ် .. သူ ပိုက်ဆံချေးရင် .. မချေးနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးစားကြ ..။ ပျော်ရွှင်ပေါ့ပါးစွာ ရယ်မောကြနှင့် ရှိကြလေသမျှ ဦးမြမှိုပါရော၍ ပျော်ရွှင်ကြည်မွေ့ရပါသည့်အဖြစ် ..။ အားလုံး စားသောက်ပြီးကြတော့ ဦးမြမှို ရေပုန်းလေးထဲမှ ရေဖြင့်ပန်းကန်တွေဆေး ..။ ဘော်ဒါသူ မူမူ ပြေး၍ ခပ်လာပေးသော ရေပုန်းလေးထဲမှ ရေကို လှည်းအောက်ခန်းမှာထားပါသော ပုလင်းပ်စတစ်ပုန်းထဲ ဖြည့်ထည့် ..။ အားလုံးကို နှုတ်ဆက်၍ ဦးမြမှို တွန်းလှည်းလေးတွန်း၍ ထွက်ခဲ့ရစဉ်နိုက် နေခြည်သည်အတော်လေး လင်းဖြာစပြုလာနေပြီ ..။

ရှေ့လမ်းလေးအတိုင်း ဆက်သွားလျှင် လမ်းချိုးတစ်ခုကို ရောက်မည် ..။

ထိုနေရာတွေကျတော့ ရုံးအဆောက်အအုံတွေ များသည်မို့ မုန့်ဝယ်ခေါ်မည့်သူ မရှိနိုင် ..။

ရှေ့အတော်လေး လျှောက်သွားလျှင် မိုင်းလီချောင်းတံတားကို ရောက်မည်။ တံတားကိုဖြတ်လိုက်ပြီးလျှင်ဖြင့် မိုင်းလီဟိုတယ်ဆောက်နေသည့် နေရာသို့ ရောက်မည် ..။

ထိုနေရာကျတော့လည်း ခဏလောက် နားနားနေနေနေရင်းဖြင့် အလုပ်သမားတွေ ဆင်းလာချိန်ကို စောင့်နေရုံပဲရှိမည် ..။ ခပ်လှမ်းလှမ်းမှာက .. စိန်လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်မို့ လက်ဖက်ရည်ပူပူ တစ်ခွက်လောက်ကို အိကြာကွေးတစ်ချောင်းဖြင့် စားနိုင်သည်။

နေ့လယ်လောက်ထိ မိုင်းလီဟိုတယ်ဆောက်နေသည့်ဝင်းကျယ်ကြီးထဲမှာ သစ်ရိပ်အောက်မှာ မုန့်ဟင်းခါးရောင်းနေလိုက်ရုံဖြင့် ဤမုန့်ဟင်းခါးသည်လည်း ကုန်သွားရသည်ပါပဲ။



ဤသည်က .. မိုင်းလီဟိုတယ် ဆောက်နေသည့်အချိန်ကတည်းက .. တခြားဘယ်နေရာသို့မှ ခါတိုင်းလို တွန်းလှည်းကြီးတွန်း၍ သွားစရာမလိုတော့ပဲ ... နားနားနေနေ ... သစ်ရိပ်အောက်မှာထိုင်ရင်း မုန့်ဟင်းခါးရောင်းဖြစ်နေခြင်းပါ ..။ အမင်ပန်း သက်သာသည်လေ ..။

မိုင်းလီချောင်းတံတားနားသို့ တွန်းလှည်းကို ခပ်ပြေပြေ ကတ္တရာလမ်းအတိုင်း ဦးမြမှို တွန်းလာစဉ်နိုက် နားစည်တွင်းသို့ တိုးဝင်လာသည်က ငိုသံ ..။ ဟုတ်သည် ..။ သေးမျှင်သော်လည်း စူးရှရှလေး နိုင်နေသည့် ကလေးတစ်ယောက်၏ငိုသံပါတကား ...။

အသံကြားရာဘက်ဆီသို့ တွန်းလှည်းကိုတွန်းလာပြီးသည့်နောက်မှာ မြေနီလမ်းလေးဘက်ဆီသို့ ချိုးကွေ့ဝင်လိုက်ရကာ၊ တွန်းလှည်းကိုရပ် ..။ လှမ်းလင့်၍ ကြည့်မိလိုက်ရပါပြီ။

မိုင်းလီချောင်းကမ်းဘေးနေရာမှာ ပေါက်ပင်ကြီးတစ်ပင်ရှိလျက် ပင်ခြေမှာ တွေ့လိုက်ရသည်က ထန်းခေါက်ဖာလေးတစ်ခုပါတည့် ..။ အဖုံးမပါသော ထန်းခေါက်ဖာလေးတစ်ခု ..။ ငိုသံလေးတွေ ဝေ့ဝဲပွင့်ကျနေရာ .. ထန်းခေါက်ဖာငယ်လေးကိုငေးကြည့်နေမိရင်းမှ ဦးမြမှို ရင်ထဲ ဆို့ခနဲဖြစ်သွားရပါ၏။ ဩော် .. ထိုကလေးငယ်လေးသည် အစွန့်ပစ်ခံဘဝဖြင့် လူ့ဘဝကြီးကို ဖြတ်သန်းရချေသည်ကောလေ ..။

ခြေလှမ်းသုတ်သုတ်ဖြင့် ဦးမြမှို ရောက်သွားရကာခင်းနီးထုပ် ဖွေးဖွေးလေးဖြင့် အသံလေးတွေ ပွင့်ကျရင်းတောက်လျှောက်မျှ အဆက်မပြတ် ငိုကြွေးနေရှာပါသည့် ကလေးငယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပွေ့ယူလိုက်ရပါပြီ ..။ ငိုရလွန်း၍ နီစွေးနေသော မျက်နှာနုနုလေး ..။

ရက်သားအရွယ် ကလေးလေး ..။ ဆာနေ၍များ ငိုနေရှာသည်လား ..။ ကလေးလေးကို စောင်ဟောင်းလေးတစ်ထည်ဖြင့်တော့ ခြုံထားပေးခဲ့သေးသည်။ ကလေးငယ်လေး၏ဘေးမှာ နို့ဘူးလေးတစ်ပုလင်းလည်း ရှိနေသည်။

ပထမဦးဆုံး ဦးမြမှီ အရင်စလို လုပ်မိရသည်က နို့ဘူးလေးကို ယူလိုက်မိခြင်းနှင့် တစာစာ ငိုနေပါသည့် နှုတ်ခမ်းငယ်ငယ်လေးဆီမှာ နို့စို့ချိုလိပ်လေးကို တပ်ပေးလိုက်ရခြင်းပါ။ တပြွတ်ပြွတ်ဖြင့် ကလေးလေးခမျာ နို့ကို အငမ်းမရ စို့နေတော့ ရင်ထဲ နင့်နေအောင် ဆို့ကျသွားရလျက် ...

“ဘာလို့များ .. ကလေးကို ထားခဲ့ရပါလိမ့်ကွယ် .. ဘယ်သူများ လာထားသွားပါလိမ့် ..”

ဦးမြမှီ ကလေးလေးကို တယုတယ ထွေးပွေ့ထားရင်းမှ တကျွတ်ကျွတ်ဖြင့် စုတ်ကလေးသပ်ကာ အသံလေးပေး၍ တချော့ချော့ ပြုပေးနေရင်းမှ အသံတိတ် ငြိမ်ကျသွားပြီ ဖြစ်ပါလေသော ကလေးလေးကို ထန်းခေါက်ဖာငယ်လေးထဲပြန်ထည့်။ ထန်းခေါက်ဖာလေးကို ပွေ့ယူ၍ လှည်းဆီသို့ လျှောက်လာမိရပါ၏။ အကြည့်ကတော့ ဟိုဟိုသည်သည် ရောက်သည်။ လူစလူနများ တွေ့ရချေမည်လားဟူသော အတွေးဖြင့်ပါ ..။ ကလေးလေးကို ပေါက်ပင်ကြီးအောက်မှ ထန်းခေါက်ဖာငယ်လေးဖြင့် ထားခဲ့သော သူတစ်ယောက်ယောက်သည် အနီးအပါးမှာများ အကွယ်တစ်နေရာရာဆီမှ စောင့်ကြည့်နေချေမည်လားဟူသော အတွေး



ဖြင့်ပါ ..။ ဒါပေမဲ့ .. လူရိပ်ကိုမျှ မတွေ့ရ ..။ ဗိစပ်ပင်ကြီးများ ထလည်း လမ်းတစ်ဖက်မှာ ရှိနေကြသည်လေ ..။

လှည်းနားရောက်တော့ ဦးမြမှီ တစ်ချက်ရပ်သည်။ နိုးသွား၍ထင့် ..။ ကလေးလေးကတော့ မျက်ဝန်းလေးတွေပိတ်ကျ အိပ်မောကျနေရှာပြီ ..။ အဘယ်မျှကြာအောင် ဆာဆာနှင့်ငိုနေခဲ့ရှာသည်မသိ ..။ အဘယ်မျှထိ အရွယ်လေးနှင့် မမျှအောင် မောနေခဲ့ရှာသည်မသိ ..။ ခုကျတော့ .. မောမောဖြင့် အိပ်နေရှာချေသည်တကား ..။

ဤကလေးလေးသည် .. သူ့ဘဝကို စွန့်ပစ်ခံဘဝဖြင့် ဆက်လက်လျှောက်လှမ်းရချေမည့် အဖြစ်တစ်ခုကို .. ဤနေ့မှာ စတင်ခဲ့ရချေသည် ဆိုတာကို မည်သို့ နားလည်နိုင်စွမ်းပါ့မည်တဲ့လဲလေ ..။ ဘာဆိုဘာမျှ မသိတတ်နိုင်ရှာပါသည့် ဤလူမမယ် ကလေးလေးကို အဘယ်သို့သော စွမ်းအားဖြင့် ရက်ရက်စက်စက် ထားပစ်ခဲ့နိုင်ပါသလဲလေ ..။

သက်ပြင်းရှိုက်ရင်းမှ ဦးမြမှီ တစ်ချက် ခပ်ငိုင်ငိုင်ကြီး ကလေးကို ကြည့်မိသည်။

“ငါ့လို ဆင်းရဲသားတစ်ယောက်ဆီမှာ .. ဘဝကိုသောင်တင်ရတော့မယ့် ကလေးရယ် .. ကံဆိုးတယ်လို့ပဲ ပြောရတော့မလားကွယ် .. ဒါပေမဲ့ .. နှင်းစက်တွေ အရမ်းကြီးစိုစွတ်မနေအောင် ထန်းခေါက်ဖာလေးပေါ်မှာ အဝတ်ဖြူစင်းနီးစတစ်ခုနဲ့ အုပ်ထားခဲ့သေးတာမို့ ကြင်နာမှုလေးတစ်ခုကိုတော့ မင်းလေးကို စွန့်ပစ်ခါနီး .. စွန့်ပစ်ခါလုအချိန်လေးမှာ အဲဒီလူက ပြုခဲ့သေးတယ်လို့ပဲ ပြောရတော့မှာပေါ့ .. ကဲ .. ဘဝတစ်ခုကို .. ငါတို့အတူစတင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခရီးစကြတော့တာပေါ့ ကလေးလေးရေ .. ငါကတော့ .. မင်းလေးကို .. ဒီလိုထားမပစ်ခဲ့ရက်နိုင်ဘူးလေ ..”

ပေါက်ပင်ဘက်ကို တစ်ချက်ပြန်လှည့်ကြည့်ကာ ခပ်ညည်းညည်း ပြောမိပြီးသည့်နောက် တွန်းလှည်းကို အိမ်ဘက်ဆီသို့ ပြန်လှည့်တွန်း ထွက်လာမိခဲ့ရပါပြီ ..။ မုန့်ဟင်းခါး ဆက်ရောင်း၍မှ မဖြစ်နိုင်တော့သည်ပဲလေ ..။ ကလေးကို အိမ်မှာဂရုတစိုက် ပြန်ထားမှ ဖြစ်ချေမည် မဟုတ်ပါလား။ ထန်းခေါက်ဖာလေးထဲမှာ ခေါက်ထားသော ခင်းနှီးစဖြူဖြူလေးကိုတော့ အထပ်လိုက်လေး တွေ့ရသည်မို့ ကလေးကို စွန့်ပစ်ခဲ့သူသည် ကလေးအတွက် နို့ဘူးနှင့် ခင်းနှီးစလေးတွေတော့ ထားပေးခဲ့သေးသည်ပဲဟု တွေးမိရပါသည့်အဖြစ် ..။

အိမ်ရှေ့မှာ တွန်းလှည်းရပ်စဉ်ခိုက် သောဘက်အခန်းဆီမှ စကားသံ ..။ မီးဖိုဆီမှ မီးခိုးငွေ့တွေ ပြတင်းဆီမှ လွင့်ထွက်နေတာတွေကို မြင်ရသည်မို့ မမြင့်ချောတော့ မီးဖိုထဲ ရှိနေပြီဟု တွေးဖြစ်၏။

ကမန်းကတန်း ကလေးလေးကို အိမ်ထဲသို့ ဦးမြမိုသော့ဖွင့်၍ ခုတင်ငယ်လေးထက်မှာထားရ ..။ တွန်းလှည်းကိုအိမ်သောမှာ နေရာရွှေ့၍ ရပ်ထားရနှင့် အလုပ်များသွားရပြီးမှ ကလေးလေးကို ငုံ့မိုး၍ ကြည့်မိရပါ၏။ စောင်ပါးလေးနှင့် ခြုံထားပေမယ့် ကလေးလေး အောမှာ စိုးရိမ်စိတ်ဖြင့် ပေါက်ပင်ကြီးအောက်မှာကတည်းက သူ့ပခုံးပေါ်မှ တဘက်ဖြင့် ကလေးလေးကို ချက်ချင်း ထွေးပတ်ထားခဲ့တာမို့ ကလေးလေးကတော့ နွေးနွေးထွေးထွေးနှင့် အိပ်နေဆဲ ..။



ထန်းခေါက်ဖာထဲမှ ကလေးလေးကို ညင်ညင်သာသာလေး ပွေ့ယူကာ မျက်နှာလေးကို ထိထိမိမိ ငုံ့မိုးငေးစိုက်ကြည့်မိရရင်း ..

“သြော် .. မြမို ဆိုတဲ့ ငါ့ဘဝမှာ .. ငယ်ကတည်းက မိဘမဲ့ဘဝ .. ငါ့အဒေါ်ရဲ့ လက်ထဲမှာ အဒေါ့ယောကျ်ားရဲ့ အငြိုးရှူ့ခံဘဝနဲ့ ကြီးရ .. အရိုက်ခံ .. အငေါက်ခံဘဝနဲ့ ကြီးရ .. အဒေါ်ဆုံးတော့ ငါ့အသက် ဆယ့်လေးနှစ်ပဲရှိသေးတာ .. လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ စားပွဲထိုးလုပ်နေရတာဟာ .. အဒေါ့ယောကျ်ားရဲ့ အရိုက်နက်ခံဘဝနဲ့ နေရတာထက် .. ငြိမ်းအေးချမ်းသာတာမို့ .. အဲဒီစားပွဲထိုးဘဝမှာ ငါနေခဲ့ရရင်း .. လက်ဖက်ရည်ဆိုင်ရှေ့က မုန့်ဟင်းခါးသည် ဒေါ်ထားဆီမှာ ငါအလုပ်ပြောင်းလုပ်ဖြစ်ရာက .. နောက်ပိုင်းကျတော့လဲ .. မုန့်ဟင်းခါးကောင်းကောင်း ချက်တတ်တဲ့ မောင်မြမို ဘဝကို ရောက်ခဲ့ရတာပါပဲလေ .. နောက်တော့လဲ .. ပိုက်ဆံလေးစု .. ဒီမိုင်းလီမြို့ကို ပြောင်းရွှေ့လာပြီး .. ခုလို .. မုန့်ဟင်းခါးသည်ကိုမြမိုဆိုတဲ့ ဘဝကနေ .. ဦးမြမို ဆိုတဲ့ဘဝကို ရောက်ခဲ့ရတော့တာပဲ မဟုတ်လား .. ငါ ဖြတ်သန်းခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးမှာ .. တစ်ယောက်တည်း အထီးကျန်နေနေရတဲ့ အဖြစ်ကနေ .. ခုကျတော့ .. ငါ့ဘဝထဲကို .. ဒီကလေးလေးဟာ .. ရောက်လာခဲ့ပြီ ..”

ဟု တွေးဖြစ်ရင်း သက်ပြင်းရှိုက်မိရင်း မျက်ရည်ဝဲတက်လာသည်။ မိဘမဲ့ဘဝဖြင့် ရှိရစဉ်ကာလ ..။ အဒေါ်လုပ်သူ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးရှေ့မှ တူတော်မောင် ချာတိတ်လေးကို ခေါ်မွေးထားပေမယ့် .. အခေါ်ယောက်ျား အရက်သမားက ကြည်ဖြူခဲ့တာမဟုတ်။ အငြိုငြင်ခံဘဝဖြင့် သိမ်ငယ်စွာ နေခဲ့ရသော အတိတ်ကာလသည်.. ရင်ထဲမှာ ပျောက်လွင့်မသွားနိုင်ခဲ့။

မိဘမဲ့သား ရေနည်းငါး .. ပမာ .. သိမ်ငယ်လွန်းခဲ့သည့် ခံစားမှုသည် .. အဘယ်မျှထိ ဆိုးဝါးသည်ဆိုတာ သူအသိဆုံး ..။ ကိုယ်ကိုယ်တိုင် ခံစားယူရသည့် အရင်းအနှီးသည် နှလုံးအိမ်ကို ကြေကြေမြည့်မြည့် ခံစားစေခဲ့တာမို့ တော်ရုံခံစားမှုမဟုတ် ..။

"ဩော် .. ငါက .. သေခြင်းတရားကြောင့် မိဘနှစ်ပါးကွယ်လွန်ခဲ့ရမှုရဲ့နောက်မှာ .. မိဘမဲ့ဘဝနဲ့ ရပ်တည်ကြီးပြင်းလာခဲ့ရတယ် .. ဒီကလေးငယ်လေးကျတော့ .. ဘယ်လိုကြောင့်များ .. ဒီလိုအဖြစ်ကို ကြုံရရှာပါလိမ့် .. ငါ့အဖေက .. ငါ့ကိုယ်ဝန်နဲ့ အမေရှိစဉ်မှာ ပိုးထိလို့ ဆုံးတယ် .. ငါ့အမေက .. ငါ့ကို မွေးပြီး မီးတွင်းမှာ ဆုံးတယ် .. မင်းလေးကျတော့ .. ဘယ်လိုအဖြစ်ကြောင့် ဒီလို ကံ .. ဒီလိုအဖြစ်ထဲမှာ .. ရပ်တည်သွားခဲ့ရရှာပါလိမ့် ကလေးရယ် .."

ဟုတွေးရင်း ရင်ထဲမှာ ဘယ်လိုမျှ မကောင်းနိုင် ..။ နဖူးပြင်လေးကို ငုံ့နမ်းမိရင်း မျက်ရည်ဝဲတက်လာရပါသည့် အဖြစ်ခင်းနီးလေးမှာ သေးစိုနေတာမို့ အနီးလဲပေးရသည်က မလုပ်တတ်မကိုင်တတ်ဖြင့်ပါ ..။ ဖြစ်သလို .. တတ်နိုင်သမျှ ထုပ်ပတ်လိုက်တော့ ဘာပဲဖြစ်ဖြစ် ..။ ကလေးလေးကတော့ အနီးခြောက်လေးနှင့် ဖြစ်သွားရပါပြီ ..။



"သမီးလေးပါလား .. သမီးလေး .."

ကလေးက အသံလေး တအဲ့အဲ့ဖြင့် စတင်၍ ငိုကြွေးဖို့ တာစူလာပြန်ပါပြီ ..။ တကျွတ်ကျွတ်ဖြင့် စုတ်သပ်ချော့နေရင်းမှ နို့ဘူးလေး တိုက်လိုက်တော့ နို့လေးပြန်စို့ရင်း အိပ်သွားရှာသည်ပါပဲ ..။ ဦးမြမို ကလေးကိုပွေ့၍ ဘုရားစင်ရှေ့မှာ ထိုင်သည်။ ပန်းဆီမီးတို့ဖြင့် သပ္ပာယ်လျက်ရှိအပ်ပါသော ဘုရားရှင်တော်မြတ်အား လက်အုပ်ချီ ဓော့ဖူးရင်းမှ ..

"ဘုရားတပည့်တော်၏ဘဝမှာ .. တစ်ယောက်တည်းဖြင့် ရှိခဲ့ရပါသည် အရှင်ဘုရား .. ယခု .. ဤသမီးလေး .. တပည့်တော်၏ရင်ဝယ် ရောက်ရှိလာပါသည် အရှင်မြတ်ဘုရား .. သမီးလေး၏ဘဝကို ဘုရားရှင်တော်မြတ်ထံ အပ်နှံပါသည် ဘုရား .. သူဆင်းရဲဖြစ်သော တပည့်တော်၏ သမီးလေးသည် .. သူဆင်းရဲဖြစ်သည့် ဖခင်ဖြစ်သူတပည့်တော်ကြောင့် .. မသိမ်ငယ်ရပါစေနှင့် ဘုရား .. သမီးလေး၏ဘဝကိုလဲ .. ဘုရားရှင်မှ .. ကယ်မစောင့်ရှောက်ပေးတော်မူပါ ဘုရား .."

ဟု ရင်ကိုနှစ်၍ ဆုတောင်းနေမိရပါသည့်အဖြစ် ..။

ထိုအခိုက် လူရိပ်ပေါ်လာတာမို့ လှမ်းကြည့်တော့ မြင့်ချော ..။ ခပ်ငေးငေး ကြည့်နေတာကို တံခါးဝမှာရပ်လျက် မြင့် တွေ့ရတာမို့ ကမန်းကတန်းထရ ..။ ထန်းခေါက်ဖာငယ်လေးကို ခုတင်အောက်သို့ ချက်ချင်းတွန်းထည့်ရနှင့် အလုပ်များများရင်းမှ ကလေးကို စုပ်သပ်ချော့ရင်း ခုတင်ထက်မှာ တင်ရသည်က ဦးမြမိုပါ ..။ ထန်းခေါက်ဖာငယ်လေးကို မမြင့်ချော

www.burmeseclassic.com



မြင်၍မဖြစ် ..။ စပ်စပ်စုစု လုပ်လာနိုင်သည်။ ဟိုကိုင်ကြည့် ဒီကိုင်ကြည့် လုပ်လာနိုင်သည်။ ကိုယ်က .. ဇာစနေစပ်စပ် ကြည့်ထားရသေးတာ မဟုတ်။

မတော် .. ကလေးလေးအတွက် ခင်းထားသော အခင်းလေးအောက်မှာ စာတွေဘာတွေ ထည့်ထားလျှင် အခက် ..။ မမြင့်ချော ဖတ်မိသွားလျှင် ဒုက္ခ ..။ သမီးလေးကို စွန့်ပစ်ခဲ့သည်ဆိုတာ အသိမခံနိုင် ..။ သူသည်လည်း သမီးလေးကို ပေါက်ပင်ကြီးအောက်မှ ယူလာခဲ့သည်ဆိုတာ အသိမခံနိုင် ..။

"ကလေးငိုသံ ကြားပါတယ်လို့တော့ ထင်မိသား .. ကိုသိန်းက .. မဟုတ်လောက်ပါဘူး .. ကလေးငိုသံ ဘယ့်နှယ်လုပ် ကြားပါ့မလဲ .. ဦးမြမိုက တစ်ယောက်တည်း နေနေတာပဲနဲ့ လုပ်နေလို့ .. ထမင်းကြော် ဆက်စားဖြစ်နေမိရတာ .. ခု .. စိတ်ထဲ ရန့်မကောင်းလို့ လာကြည့်တာ .. ကလေးလေးပါလား .. ဒါဆို .. ချောကြားတာအမှန်ပေါ့ .. ကိုသိန်းနဲ့ ထမင်းကြော် တူတူစားနေရင်း .. ချောပြောတယ်လေ .. ထူးထူးဆန်းဆန်း .. ဟိုဘက်ခန်းက ကလေးငိုသံ ကြားရသလိုပဲလို့ .. ကိုသိန်းက .. ခေါင်းချည်းခါငြင်းနေတော့တာ .."

ပြောပြောဝင်ဝင် .. ရောက်လာတာမို့ ဦးမြမို လှမ်းကြည့်ရင်းမှ ..

"ကား .. ကားဂိတ်နားအရောက် .. လိုင်းကားတစ်စီးရပ်လာတာနဲ့ .. မှန့်ဟင်းခါး ခဏရပ်ရောင်းနေတုန်း .. ကျွန်တော့်ရွာက .. ကိုလှလှနဲ့တိုးတာ .. ကလေးပါလာတယ် .. ကျွန်တော့်ညီမ ဆုံးသွားလို့ .. ကလေးကို စောင့်ရှောက်ဖို့ .. လာအပ်တာတဲ့လေ .. ကလေးအဖေကလဲ .. ကလေးကိုယ်ဝန်နဲ့ကတည်းက ဆုံးပါးသွားတာတဲ့ .. ဒီမြို့မှာ ကျွန်တော် ရှိနေမှန်း သိရလို့ .. အပို့လာတာတဲ့ .. ကျွန်တော်ညီမက .. ကလေးမျက်နှာမမြင်ခင်ကတည်းက ကျန်းမာရေး မကောင်းလှဘူးတဲ့ .. အကယ်၍များ သူ ဆုံးပါးရင်ဖြင့် ကျွန်တော့်ဆီ ကလေးကို ပို့ပေးဖို့ အိမ်နီးချင်းဖြစ်တဲ့ ကိုလှလှတို့လင်မယားကို တဖွဖွ မှာခဲ့တာတဲ့လေ .. အဲဒါ .. သွားလေသူဆန္ဒအတိုင်း .. ကိုလှလှ အပို့ရောက်လာတုန်း .. ဂိတ်မှာပဲတိုးတော့တာနဲ့ .. ကလေးအပ်ပြီး နောက်ထွက်တဲ့ကားတစ်စီး အဆင်သင့် ကြုံတာနဲ့ .. ပြန်သွားလိုက်တော့တာမို့ .. ကျွန်တော်လဲ .. ကလေးပိုက်ပြီး ပြန်လာခဲ့ရတော့တာ .."



ဦးမြမို ပြောတော့ ဒေါ်မြင့်ချော ဟင်ခနဲ တစ်ချက်ဖြစ်ရင်းမှ ..

"ဟင် .. အရင်တုန်းကပြောတော့ .. ဦးမြမိုမှာ သားချင်းမောင်နှမ မရှိဘူးဆို .. တစ်ယောက်တည်းဆို .."

ဟု မေးလာတာမို့ ..

"ညီမ ရှိပါတယ် မမြင့်ချော .. ကိုယ့်ဘဝအကြောင်းတွေ ရှိတာမို့ .. ညီမရှိတာ မပြောတော့တာပါ .. ထားပါတော့ဗျာ .. ခု .. ကျွန်တော် ဖွင့်ပြောရပြီပဲ .. ညီမရှိပါတယ်လို့ .. ကလေးတောင် လက်ထဲရောက်နေပေါ့ဗျာ .."

ဟု စကားပိတ်ပြောတော့ မမြင့်ချော ငြိမ်သွားရလျက် ခဝ်ငေးငေးကြည့်သည်။ ဟုတ်သည်ပဲလေ ..။ အိမ်တွင်းရေးဆို

www.burmeseclassic.com

www.burmeseclassic.com



တာက .. ပြောသင့်တာပြော .. ချန်သင့်တာချန် ..။ အားလုံးမသိ သင့်တာကျတော့လည်း မပြောဘဲ ထားရမည်ပေါ့ .. ဟု မမြင့် ချော တွေး၏။ ခုတင်ထက်မှ ကလေးကို လှမ်းကြည့်သည်။ အကြည့်က .. ကရုဏာကြည့် ..။ ရင်ထဲ မကောင်းနိုင်ပဲရှိတာ သိသာသည်။ ငယ်ငယ်နနဲ့ ကလေးဘဝဖြင့် ဘဝကံဆိုးရှာသည် ပဲ .. ဟု အသနားဖက်သောအကြည့် ..။

မမြင့်ချော ရှေ့တိုးလာကာ ခုတင်ထက်မှ ကလေး ကို ကိုယ်လေးကိုင်း၍ မျက်တောင်မခတ် ခပ်ငေးငေး ကြည့်သည်။

"သမီးလေး သိလား .. ခင်းနီးထုပ်တော့ ကျွန်တော် မထုပ်တတ်သေးဘူးဗျာ .. ပြီးမှ .. မမြင့်ချောကိုပဲ အသင် ခိုင်းရမယ် .."

ဟု အားကိုးသလို ပြောတော့လည်း ကလေးကို ငုံ့ မိုးကြည့်ရင်းမှ အင်း .. ဟု အသံပြုသည်က စိတ်ထိခိုက်သည့် နယ် ခပ်ညည်းညည်းနိုင်သည်။

တံခါးဝမှာ လူရိပ်ထပ်ပေါ်လာလျက် ..

"ဟ .. တကယ့် ကလေးရောက်နေသကိုးဗျ .. ဦးမြမိုးရေ .. မမြင့်ချော တစ်ယောက် ကလေးငိုသံကြားရပါတယ်ဆိုပြီး ထမင်းစား မဖြောင့်ဘဲ ခပ်သော့သော့ ထွက်သွားတာ .. ပြန်မရောက်နိုင်လို့လိုက်လာတာ .. တကယ့်ကလေး ရောက် နေသကိုး .. ဘယ်လိုလဲ ဦးမြမိုး .. ကလေးက .. ဘယ်သူ့ ကလေးလဲ .."

ဟု မေးသံ ..။ အခန်းထဲ ဝင်လာသည့် ကိုသိန်း အောင်ကို လှမ်း၍ ..



"ဦးမြမိုးရဲ့ တူမပေါ့ ကိုသိန်းရဲ့ .. သူ့အမေက .. ဦးမြမိုး ရဲ့ညီမတဲ့ .."

ဟု မမြင့်ချော၏ ဝင်ဖြေသံ ..။

"ဟာ .. အချောလေးပဲ .. ကလေးလေးက .."

ဟု ကလေးကို သွားကြည့်ရင်း ကိုသိန်းဆောင်၏ ပြောသံ ..။

"ဒါတို့ ဦးမြမိုးကြီးတော့ .. ကလေးအဖေကြီးကို ဖြစ်တော့ မှာပါလားကွ .. ဟေ .."

ဟု ပြောနေတာတွေ အားလုံးသည် .. ဦးမြမိုး၏ ရင်တွင်းဆီသို့ နူးညံ့နွေးထွေးစွာ တိုးဝင်သည်။ ချမ်းမြေ့ကြည်စင် စွာ တိုးဝင်သည် ..။ ဪ .. ထူးခြားသိမ်မွေ့သည့် ခံစားမှုဖြင့် .. အရာရာသည် .. ဘဝသစ်တစ်ခုဆီသို့ .. ရုတ်ခြည်းပို့ဆောင်လိုက် သည်သို့ .. ခံစားရချေသည်တည့် ..။

သမီးလေး ..။

ပြီးတော့ .. သူ .. သူသည်လည်း .. သမီးလေး၏ အဖေ ..။

အထီးကျန်ဘဝတွင်းမှာ .. အထီးကျန်ခြင်းဆိုသည့် ထည်းတည်းကြီး နေရသည့်ဘဝမှာ .. ထိုကြည်စင်ချမ်းမြေ့သော ခံစားမှုတစ်ခုကို .. ဦးမြမိုးသည် .. ထူးဆန်းလွန်းသော .. ပြီးတော့ အံ့မြလွန်းသော .. အရာတစ်ခုအဖြစ် .. စတင်၍ .. နှလုံးသား ဆီမှ .. ပိုင်ဆိုင်သွားရချေသည်တကား ..။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"နွားနို့ကို ရေရောတာ များနေတယ်ထင်တယ် ကန်ချား…ကျွန်တော်က … သမီးလေးကို နို့ဘူးတိုက်နေရတာဗျ … ကလေးကို အားရှိအောင် နို့တိုက်ပါတယ်ဆိုမှ … ရေတိုက်သလို ဖြစ်နေရင် ဘာအကျိုးရှိမှာလဲ … ဒီမှာ … ပိုက်ဆံပိုယူ … ကျုပ်သမီးအတွက် သီးသန့်နို့ပုလင်းနဲ့ နွားနို့ဖျစ်ဖျစ် စစ်စစ်ယူလာခဲ့ ကြားရဲ့လား … မနေ့ကနို့ သိပ်ကျဲတယ် သိရဲ့လား … ကျုပ်သမီးက နို့ကိုသိပ်မစို့ချင်ဘူးဖြစ်နေတယ် … ခင်ဗျား လူကြီးကိုလိမ်ပြီး နို့ကျဲကျဲကိုရောင်းလို့ရချင်ရမယ် … ကလေးကို လိမ်လို့မရဘူးဗျ … ကလေးက အုဝဲဆိုကတည်းက နွားနို့ စို့လာရတဲ့ကလေး … ဒီနို့ကျဲတယ်ဆိုရင် … သူက သိတယ် …"

မနက်တိုင်း နို့ပို့သည့် ကန်ချားနှင့်လည်း အပေါက်အလမ်းမတည့်ချင်ဘဲ ရန်လုပ်နေသမျှကို ဆောခန်းက ကိုသိန်းဆောင်နှင့် မမြင့်ချောတို့ လင်မယားမှာ ကြားနေကျ ဖြစ်နေပြီ။ မကြားရလျှင်ပင် … တစ်ခုခု လိုနေသည့်နယ်ပင် ဖြစ်ရပါ၏။



"စိတ်ချပါ အစ်ကိုကြီးရယ် … နွားနို့ကောင်းကောင်း ပေးပါတယ် … ဒါပေမဲ့ … အစ်ကိုကြီးတို့ မုန့်ဟင်းခါးလိုပေါ့ … ရေတော့ ဟင်းရည်ထဲ ရောတာပဲ မဟုတ်လား … နွားနို့လဲ ရေတော့ နည်းနည်းရောရတာပဲလေ …"

ဟု ပြန်ပြောရင်း ခပ်တိုးတိုး ရယ်နေသည့် ကန်ချား၏အသံ …။

"ဒီမှာ … ရေမရောနဲ့ကွာ ငါ့သမီးအတွက် နို့စစ်စစ်ယူလာ … ကလေးကို အားရှိအောင် တိုက်ပါတယ်ဆိုမှ …"

နှင့် ဦးမြမှိ ဝေါက်ဆတ်ဆတ်ပြောကာ နို့ဖိုးရှင်းသည်။ ကန်ချားကတော့ ရယ်နေသည်ပါပဲ …။ နို့ပုန်းကို စက်ဘီးမှာပြန်ချိတ် …။ ဘဲလ်သံလေးပေး၍ နင်းထွက်သွားတော့ ဦးမြမှိမီးဖိုခန်းထဲ ဝင်သည်။ နို့အိုးကို တည်ရင်းမှ …

"လူများ ခက်ပါတယ် … အညာအတာကို မရှိဘူး … သမီးလေးခမျာ မအေနို့ စို့ရတာမဟုတ်ဘူး … ကလေးအတွက် နို့စစ်စစ် ယူလာတော့ သူ့ကို မိုးကြိုးပစ်မှာမို့လို့လား …"

ဗျစ်တောက် ဗျစ်တောက်နှင့် ရွတ်ကာ ခုတင်ရှိရာသို့ ဦးမြမှိ လျှောက်သည်။ ခုတင်က ဧည့်ခန်းထောင့်နေရာမှာပဲ ရှိ၏။ တစ်ယောက်တည်းသမားမို့ ခုတင်ကို ဧည့်ခန်းထောင့်နေရာမှာပဲထားကာ၊ အိပ်ခန်းကျဉ်းလေးထဲမှာကျတော့ ဦးမြမှိ၏ ဒန်အိုးတချို့၊ အဝတ်အစား ထင်းရှူးသေတ္တာတစ်လုံးပဲ ထားထားလိုက်သည်ပါပဲ။

မုန့်ဟင်းခါးရောင်း ပြန်လာပြီဆိုလျှင် ခုတင်ပေါ်လှဲရင်း ဆေးလိပ်လေးဖွာကာ လမ်းသွားလမ်းလာတွေကို ငေး၍

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ရေဒီယိုလေး ဖွင့်နားထောင်ရင်း လမ်းဘက်ကိုလည်း အပျင်းပြေကြည့်ကာ စည်းစိမ်တည်နိုင်သည်။ ဒါကြောင့် ခုတင်ကို ညှိခန်းမှာပဲ ခင်းထားလိုက်ပါသည့်အဖြစ်။ ဒါက .. သမီးလေး မြေးချေးချိုလေး မရှိခင်က ..။

ခုကျတော့ .. မုန့်ဟင်းခါးရောင်းလည်း မထွက်နိုင် ..။ ခုထားသည့် ပိုက်ဆံနှင့် အစစသုံးနေရလျက် ..။ ကလေးအတွက်ပဲ စောကပ်နေပါသည့် ဦးမြမှိုပါ ..။

သမီးလေးကတော့ဖြင့် ခုတင်လေးထက်မှာ အိပ်နေဆဲ ..။ ခင်းနှီးထုပ်ဖွေးဖွေးလေးနှင့် သမီးလေးကို ဦးမြမှို ကြည့်သည်။ ဆံနက်နက်လေးတွေ နဖူးထက်မှာ ခွေနေတာကို ဖြည်းဖြည်းလေး တို့ထိမိရင်းမှ တစိမ့်စိမ့် ကြည့်မိရပါ၏။ ကြာလေ .. လှလေ .. ဟု ဦးမြမှို ပီတိဖြင့် တွေးသည်။ မျက်ခုံးလေး ပိုပေါ်လာသည်ဟု ထင်သည်။ နှာတံလေး ပိုထွက်လာသည်ဟုလည်း တစိမ့်စိမ့်ကြည့်ရင်း တွေးသည်။ ဆံပင်လေးတွေကလည်း နုလိုက်ပါဘိ ..။ နက်လိုက်ပါဘိ ..။ သမီးလေး၏ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေနိုက်မှာပင် .. ကလေးက အိပ်ရင်းရယ်သည်။

"ဒါ .. နတ်မြူတာလို့ ခေါ်တယ် .. ကလေးမှာ နတ်ကောင်းတို့က စောင့်ရှောက်တယ်တဲ့ .."

ဟု တွေးကာ ဦးမြမှို ပြုံးသည်။

"ဟိတ် .. သမီးလေး .. ညက .. ဆေးနှစ်ခါ လဲရတယ်ကွ .. ညည်းလေး ရှူးပေါက်ကြမ်းတာတော့ အမှန်ပဲ မိမြကျေးချိုလေးရဲ့ .. ကျုပ် .. ညည်းလေး မနိုးခင် .. အနီးပြေးလျှော်လိုက်ဦးမယ် သိရဲ့လား .."



ဟု ခပ်တိုးတိုးပြောရင်းမှ ကလေးကို ခပ်ဖြည်းဖြည်း ပွေ့ကာ အနီးစို .. မစို စမ်းသည်။ အနီးလေး ခြောက်နေတာမို့ အိပ်နေသည့် ကလေးကို ခပ်ဖြည်းဖြည်းလေးချ ..။ စောင်လေး ခြုံပေးပြီးမှ ခြင်ထောင်ထဲက ပြန်ထွက်ရ ..။ နို့အိုးဆူသည်အထိ စောင့် ..။ အေးအောင် မတ်ခွက်ထဲထည့် ..။ ပြီးတော့ ကြောင်အိမ်ထဲ မတ်ခွက်ကြီးကို ထည့်ထားခဲ့ပြီးမှ ပုဆိုးတိုတို ဝတ်ကာ ထုံးစံအတိုင်း နောက်ဖေး ရေစည်မှာ ဆေးစိုချေးစို ခင်းနှီးတွေကို ထိုင်လျှော်သည်။ ခင်းနှီးတွေ လျှော်ပြီးသမျှကို ပခုံးပေါ် တစ်ထည်ပြီးတစ်ထည် ရေညှစ်ပြီးသမျှတွေတင် ..။ နောက်တော့ သွပ်နန်းကြိုးတန်းမှာ တဖြန်းဖြန်းခါပြီးမှ လှမ်းသည်။ နောက်ဆုံး တစ်ထည်လှမ်းအပြီးမှာ သမီးငိုသံလေး ကြားရတာမို့ ခုံဖိနပ်ကြီး တချပ်ချပ်ဖြင့် အိမ်လေးပေါ် သုတ်သုတ်ပြန်တက် ..။ ခုတင်သို့ ပြေးရနှင့် ရှိသွားရသည်ပါပဲ ..။

"ကျွတ် .. ကျွတ် .. သမီးလေး နိုးပြီကိုး .. ဆာပြီလား ကွ .. မင်းကတော့လေ .. နိုးတာနဲ့ အာခြစ်ငိုတော့တာကိုး .. ဆာတတ်လိုက်တာကလည်း လူကြီးလေးကျလို့ .. ကဲ .. ကဲ .. အဖေ မျက်နှာသစ်ပေးမယ် .. ဟုတ်ပြီလား .. ဟား .. ရှူးတွေပေါက်ထားပြန်ပြီကိုး .. ကောင်းတယ် .. ဒါ .. မောနင်းရှူးရှူးတွေ .. ဒါမှ ကျန်းမာမှာ .. ကလေးဆိုတာ ရှူးပေါက်ရတယ် .. အီးပါရတယ်တဲ့ကွ .. ဆီးဝမ်းမှန်လေ .. ကျန်းမာလေဆိုကိုးဗျ .. အဖေ အနီးလျှော်ရင်း လက်မောင်းတွေ ဖလတက်လာမှာ သိလား .. အားမနာနဲ့ သမီးရေ .. ချသာချ .."

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှနားမလည်သည့် သမီးကို ခြောက်ပေးရင်း ဦးမြမှိ မျက်နှာလေးကို ကုန်းနမ်းသည်။ ရေနွေးစပ်ထားသည့် ရေဖလားထဲမှာ လက်ကိုနှစ်၍ ကလေးကို ရေစိုလက်ဖြင့် မျက်နှာလေးထက်မှ ဖွဖွလေး ပွတ်သုတ်၍ ကနုလေးကို မျက်နှာသစ်ပေးသည်။ မျက်နှာသုတ်ပဝါနုလေးဖြင့်လည်း ရေနွေးကိုဆွတ်ကာ ခပ်ဖွဖွ သုတ်ပေးပြန်၏။ ပြီးမှ ... ကလေးကို ခုတင်ပေါ် သုတ်သုတ်ပြန်တင် ...။

ခင်းနှီးခြောက် လဲပေး ...။ သေချာ ဆေးကြောထားသည့် နို့ဘူးထဲ နွားနို့နွေးနွေးကိုထည့် ...။ မျက်နှာသစ်ထား၍ထင့် ...။ ပို၍ လန်းဆန်းစွာ အော်ငိုနေသည့် မြကျေးချိုလေးကို ပါးစပ်လေးဟကာ အသံခြစ် ငိုနေခိုက်လေးမှာပဲ နို့ဘူးကို တိုက်လိုက်တော့ နို့ဆာဆာနှင့် ခြစ်ငိုနေသော ဒေါ်ဒေါ်သလေး နို့ကို အားကုန်စို့နေသည်မို့ ...

“ညည်းလေး ဒေါ်ကြီးနေတာနဲ့တော့ ငါ အစက်ပဲကွ ... ညည်း ချောပုံလေးနဲ့တော့ ... ကာလသားတွေ ဝိုင်းကြိုက်လိုက်ကြမယ့်အမျိုး ... ညည်း ဒေါ်ကြီးနေတာနဲ့ပဲ ... ရန်ဖြစ်လိုက်မယ့်အမျိုး ...”

နှင့် ပြောလိုက် ...။ ကလေးကို ပွေ့ပိုက်ရင်း နို့ဘူးကိုတိုက်နေရင်းမှ နဖူးလေးကို ငုံ့နမ်းလိုက်ဖြင့် ဦးမြမှိတစ်ယောက် အမြဲတမ်း တိတ်ဆိတ်နေခဲ့တဲ့ဘဝမှာ တစ်ယောက်တည်း ရှိနေတတ်ရပါသည့် ဘဝတစ်ခုမှ လွန်မြောက်ရပါပြီတည်း ...။ ဟုတ်သည်။ ဆေးလိပ်လေးဖွာရင်း လမ်းသွားလမ်းလာတို့ကို ငေးရပါသော အခန်းလေး ...။ ရေဒီယိုလေး နားထောင်ရင်း တစ်ယောက်တည်း



ရှိခဲ့ရပါသော နေရာလေး ...။ ခုကျတော့ ... ပုံ၍ချစ်ရပါသည့် သမီးလေး ရောက်နေပြီ ...။ စကားတွေပြောရင်း မြူချော့နေရပါသည့် ခင်းနှီးထုပ်ဖွေးဖွေးနှင့် သမီးလေး ရှိနေပြီ ...။ ဒါ ... ဦးမြမှိ၏ဘဝမှာ ... ပထမဆုံးဘဝကို ကျေနပ်စွာ ... ပျော်ရွှင်ပီတိဖြစ်စွာ ... ဖြတ်သန်းရသည့် အဖြစ်ပါတကား ...။

ခုတင်ထက်မှာ အိပ်ရာထက်မှာ ပလတ်စတစ်လေး ထောင့်ခံ၍ ခေါက်ထားကာ ... ပလတ်စတစ်အပေါ်မှာ ကလေးအတွက် အိပ်ရာငယ်ငယ်လေး ထပ်ခင်းရ ...။ သေးစိုလျှင် ... ကလေးအနှီးရော ... အိပ်ရာခင်းငယ်လေးရော လဲရနှင့် ...။ နောက်ဆုံးတော့ ကလေးညအိပ်ရာခင်းရသည့် အခင်းတွေထဲမှာ ဦးမြမှိ၏ ပုဆိုးတွေလဲ ပါကုန်ရပါသည့်အဖြစ် ...။

“ဘယ်လိုလဲ ဦးမြမှိ ... သမီးလေးနဲ့ အလုပ်ရှုပ်နေရတာ မမောသေးဘူးလား ...”

မမြင့်ချော ဈေးခြင်းတောင်းလေးချ၍ မေးတော့ ဦးမြမှိ ရယ်သည်။

“ဒီနေ့တော့ ဘာမှ ဈေးသုံး မမှာတော့ဘူး မမြင့်ချောရေ ... မနေ့က ဝယ်ထားတဲ့ ကန်စွန်းရွက်တွေ ကျန်သေးတယ် ... အဲဒါ ကြော်စားလိုက်မယ် ... ပုစွန်ဖွဲခြောက်နဲ့လေ ...”

ဟု ပြောတော့ မမြင့်ချော ဈေးမသွားဖြစ်သေးဘဲ သက်ပြင်းရှိုက်ကာ တံခါးအနီး ကပြင်မှာထိုင်ရင်း စိတ်မောပုံလေးဖြင့် ဦးမြမှိကို ကြည့်သည်။ ခေါင်းဖြီးထားပုံ မရပါသည့် ဦးမြမှိသည် အိပ်ရာထကတည်းက ပုံစံကြီးအတိုင်း ခေါင်းမွေးဖွာလျှာနှင့် ဖြစ်နေသည် ...။ ခုထိ မျက်နှာပင် သစ်ထားသေးဟန်မတူ ...။

www.burmeseclassic.com

www.burmeseclassic.com



သမီးအောနှင့် မနက်ကတည်းက နွားနို့ပို့သည့် ကန်ချားနှင့် ရန်ဖြစ်လိုက် ..။ အနီးလျှော်လိုက်နှင့် ရှိနေပါသည့် ဦးမြမို ..။

"ကျွန်မလဲ ပြောမယ် ပြောမယ်နဲ့ .. ကြံနေတာတော့ ကြာပါပြီ ဦးမြမို၊ ကိုသိန်းဆောင်နဲ့တော့ ပြောပြောနေမိရတာပါပဲ .. ခုတော့လဲ .. ပြောမှဖြစ်တော့မယ်လို့ တွေးမိတယ်လေ .. မြကျေးချိုလေးလဲ .. သုံးလထဲတောင်ရောက်နေပြီ .. ဦးမြမို မုန့်ဟင်းခါးရောင်း မထွက်တာလဲကြာပြီ .. ကလေးရောက်တဲ့ နေ့ကတည်းက ဆိုပါတော့ .."

"ဟ .. အဲဒီနေ့က .. ရောင်းပါသေးတယ် မမြင့်ချောရ .. ငါ့သမီးက လာတဲ့ကောင်းတယ်ကွ .. အိမ်ရှေ့မှာ မုန့်ဟင်းခါးလှည်း ထိုးထားပြီး .. ဟိုကလာဝယ် ရောင်းပေးလိုက် .. ဒီကလာဝယ် ရောင်းပေးလိုက်နဲ့ .. ကုန်သွားတာပဲ မဟုတ်လား .. နောက်နေ့တွေ မရောင်းတော့ပါဘူးလေ .. ငါက .. ကလေးကြည့်ရမှာ .. မုန့်ဟင်းခါး ချက်တယ်ဆိုတာက .. အချိန်ယူရတယ်ဟ .. ကလေးကို .. ပစ်ထားသလို ဖြစ်မှာပေါ့ .. သမီးလေးက .. ပေါက်စနလေးရယ် .. သူ့ကို ပန်းလေးလို အရိပ်ကြည့် ဂရုစိုက်နေမှဖြစ်တာ .. ဒါကြောင့် သမီးလေးကိုပဲ .. ဂရုစိုက်နေလိုက်ရတော့တာ .."

မမြင့်ချော သက်ပြင်းရှိုက်၍ ခပ်ငေးငေး ကြည့်မိတော့လည်း ကလေးကို နို့ဘူးတိုက်နေရင်း မျက်ခုံးကြီးပင့်၍ ပြုံးကြည့်ကာ ..

"သမီးကို အဖေကြီးက ဂရုစိုက်မှ ဖြစ်မှာမို့ပါရှင် .. လို့ .. ဒါလေးကို ပြောလိုက်စမ်း .. ပြောလိုက်စမ်း .."



နှင့် ပြောနေသည်မို့ ..

"အဲဒါ ပြောမလို့ပါပဲ ဦးမြမိုရယ် .. ဒီတိုင်း ထိုင်စားနေလို့တော့ ဘယ်ဖြစ်မလဲ .. ပြီးတော့ .. ကလေးအတွက်သာ ဝယ်ထားလိုက်တာ .. ဦးမြမိုကျတော့ ကန်စွန်းရွက်ကို ပုစွန်ဖွဲခြောက်လေးနဲ့ ကြော်စားလိုက် .. ချဉ်ပေါင်ရွက်ဟင်းရည်လေး ချက်စားလိုက်နဲ့ ဟင်းကောင်းကို မစားတော့တာ ကျွန်မ သိနေတာပဲဥစ္စာ .. ကလေးကိုချစ်တာ ကျွန်မ သိပါတယ် .. ကလေးကို မထားနိုင်လို့ ဈေးမထွက်တာလဲ ကျွန်မ သိပါတယ် .. ဒါပေမဲ့ .. ဒီတိုင်းနေလို့တော့ ဘယ်ဖြစ်မလဲ .. ဈေးထွက်မှပေါ့ .."

မုန့်ဟင်းခါး အရောင်းထွက်ခိုင်းနေသည့် မမြင့်ချောကို ခေါင်းယမ်းပြကာ ..

"မဖြစ်ပါဘူးဗျာ .. ကလေးက နုနုလေး .. ခေါ်သွားလို့ မဖြစ်ပါဘူး .."

ဟု ညည်းသည်။

"ထားခဲ့လို့လဲ မဖြစ်ပါဘူး .."

ဟု စကားကို ဆက်သည်။ ကလေးကိုမွေ့ရင်းမှ ..

"အစားအသောက် ချွေတာတာကို ကျွန်တော် ခံနိုင်ပါတယ်ဗျ .. စားသောက်လို့ ကောင်းအောင် ချက်စားတာပဲဥစ္စာ.."

ဟု စကားကို ဆက်သည်။

"ပြောပြလိုက်စမ်း သမီး .. အဖေကြီးက ဟင်းချက်ကောင်းကြီးပါလို့ .. ချဉ်ပေါင်ဟင်းကိုလဲ ကောင်းအောင်ချက်စား

www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်လို့ .. သမီးကြီးလာရင် .. မေကြီးကို ဟင်းကောင်းတွေ ချက်ကျွေးမှာပါလို့ .. ဒေါ်လေးကို ပြောပြလိုက်စမ်း .. ပြောပြလိုက်စမ်း .."

ကလေးကို တပွေ့ပွေ့လုပ်ရင်း မျက်နှာလေးကို ငုံ့မိုးကြည့်လျက် ပြောနေတော့ မမြင့်ချော ချောခြင်းဖြင့် ထရပ်သည်။

"သူ ချက်မကျွေးခင် .. ဦးမြမှီ အာဟာရပြတ်မှာကို သတိပေးချင်နေတာ သိရဲ့လား .. ကိုယ့်ကိုယ်လဲ ပြန်ကြည့်ပါဦး .. ညညကျတော့လဲ .. ကလေးငိုတိုင်းထ .. နို့ဘူးတိုက် .. အိပ်ပျက်ဘာပျက်နဲ့ ရှိရတဲ့အထဲ .. အစားအသောက်ကျတော့လဲ .. ကန်စွန်းရွက်တစ်လှည့် .. ချဉ်ပေါင်တစ်လှည့်နဲ့ ရှိနေတာ ကြာပြီ .. ကျွန်မတို့ မနေနိုင်လွန်းလို့ ဟင်းပို့ပေးတော့လဲ .. မာနနဲ့ မစားဘူး .. အာဟာရကမကောင်း .. အိပ်ကပျက်နဲ့ .. ပိန်နေပြီရှင့် .."

ဟု ကရုဏာဒေါသဖြင့် ပြောတော့ ဦးမြမှီ တစ်ချက်တွေခနဲဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် .. ပိန်၍ ပိန်မှန်းပင်မသိ ..။ သူများပြောမှ ..

"ငါ .. မှန်ရှေ့ရပ်ပြီး ကြည့်ဦးမှပါ .."

ဟု တွေးဖြစ်သည်။

"ဟုတ်လား .. အတော်ပိန်သွားသလား .."

ဟုလည်း လွှတ်ခနဲမေးတော့ မမြင့်ချော ရင်ထဲပို၍ ထိခိုက်ရပါ၏။ သမီးလေးကို အလွန်ချစ်ရှာမှန်းလည်း သိနေရသည်မို့ ဦးမြမှီကြီးကို သနားလည်း သနားရသည်။ သမီးကိုချစ်ဖို့ .. သမီးကို ဂရုစိုက်ဖို့ပဲ သိနေတော့သလိုကြီး ဖြစ်နေသည်ကိုး ..။



အိမ်မှာလည်း ကလေးကျောပိုးစ ရယ်ဒီမိတ်ကြီးလည်း ဝယ်ထားပြီး ဖြစ်နေပြီ ..။ ကလေးအိပ်ရာ ..။ စောင်ငယ်လေးကအစ အသစ်ထပ်ဝယ်ထားတာလည်း ရှိနေသည်။ နို့ဘူးပင်နှစ်ဘူးထားသည်။ တစ်ဘူးသုံးနေချိန်မှာ ကျန်တစ်ဘူးကို ရေနွေးနှင့် သေချာဆေးကြော သန့်စင်ထားသည့်အဖြစ် ..။ နို့ဘူးတစ်ဘူးကုန်လျှင် အသစ်ထပ်ထည့်မည်ဆိုတာနှင့် ဆေးကြောထားသည့်ဘူးထဲ နို့နွေးနွေးကို ထည့်သည်။ စောစောက ကလေးစို့၍ ကုန်သွားပါသည့် နို့ဘူးကို ရေနွေးတွေဘာတွေဖြင့် ဆပ်ပြာရည်နှင့် သေချာ ဗုလင်းဆေးဘရပ်ဖြင့် ဆေးကြောပါသည့် ဦးမြမှီပါတည့် ..။

"ဟုတ်တယ် .. ပိန်သွားပြီရှင့် .. ကြာရင် .. ဦးမြမှီလဲမှ .. ဒုက္ခဖြစ်မယ် .. သိရဲ့လား .. အသားငါးလေးလဲ စားဦး .."

ဟု မမြင့်ချော လိုရင်းကို ပြောတော့မှ ငိုင်ခနဲဖြစ်သည်။ အင်း .. ဟု အသံရှည်တစ်ချက် နှုတ်မှဆီမှ ပွင့်ကျ၏။ နောက်တော့ တိုင်မှသံရိုက်လျက် ချိတ်ထားပါသည့် အင်္ကျီအိတ်ကပ်တွင်းမှ ပိုက်ဆံကို သွားယူသည်။

"ကြက်သား .. အစိတ်သားလောက်တော့ ဝယ်လာပေးဗျာ .. ဟုတ်တယ် .. ကျွန်တော် ကျန်းမာဖို့လိုတယ် .. တစ်ပတ်ကို ကြက်သား တစ်ရက်စားမယ်ဗျာ .."

ဟု ကိုယ့်ခါတ်စာကို ခွဲတမ်းချနေသံဖြင့် ပြောကာ ပိုက်ဆံပေးလာတော့ မမြင့်ချော ယူသည်။ တကယ်က .. မမြင့်ချော ကြက်သား ဝယ်လာလျှင်လည်း သူများဝယ်လာ၍ ကျွေးတာဆိုဦးမြမှီ ယူမှာမဟုတ်။ လက်ခံမှာ မဟုတ်၍သာ ဦးမြမှီ ပေးသည့် ပိုက်ဆံကို စောင့်ယူရခြင်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလက်စနဲ့ ဆက်ပြောရလိမ့်မယ် ဦးမြမို့ ... ဒီတိုင်းနေလို့တော့ မဖြစ်ဘူးလေ ... သမီးလေးကို ကျွန်မထိန်းပေးမယ် ... ကြည့်ပေးမယ် ... မုန့်ဟင်းခါးထွက်တော့ ... ဈေးထွက်မှ ဖြစ်မှာပေါ့ ..."

ဟု စေတနာနှင့် ပြောတော့ ဦးမြမို့ ခေါင်းယမ်းသည်။

"မဖြစ်ပါဘူးဗျာ ... သမီးကို စိတ်မချပါဘူး ... မမြင့်ချောက ကလေးလဲ ရှိတာမဟုတ်ဘူး ... ဘယ် ... ပြုစုတတ်မလဲ ..."

ရင်ထဲရှိတာကို အားနာရမှန်းပင် မသိ ... သမီးဇောဖြင့် ဘွင်းဘွင်းကြီး ပြောချတော့ မမြင့်ချော စိတ်မဆိုးရက် ...။ စိတ်ရှည်နားလည်စိတ်ဖြင့် ပြုံးကြည့်သည်ပါပဲ။

"ကျွန်မက ... သားသမီး မရှိသေးပေမယ့် ... မိဘအိမ်မှာက ... သမီးအကြီးဆုံးလေ ... ကိုယ့်အောက်က မောင်လေးညီမလေးတွေကို ထိန်းလာရတာပါရှင် ... ကျွန်မ ... မြကျေးချိုလေးကို ... ကောင်းကောင်းထိန်းနိုင်ပါတယ် ဦးမြမို့ရဲ့ ... ကိုသိန်းဆောင်ကလဲ ပြောတယ်၊ ဦးမြမို့ကြီး သနားပါတယ်တဲ့ ... ဈေးထွက်ပါစေတဲ့ ... မမြင့်ချောက ကလေးကို ကြည့်ပေးလိုက်ပါတဲ့လေ ..."

ဟု ပြောပေမယ့် မရ ...။

"ဟာ ... မဖြစ်သေးပါဘူးဗျာ ... သမီးလေးက ... လက်သီနေပြီဗျ ... ကျွန်တော့်လက်ထဲမှ အိပ်မှာ ..."

ဟု ခေါင်းတခါခါဖြင့် ပြောနေရင်းမှ ထုံးစံအတိုင်း ကလေးကို မျက်နှာလေး သူ့မျက်နှာရှေ့ကပ်၍ ...



'ပြောလိုက်စမ်း သမီး ... အဖေကြီးကို သမီးမခွဲနိုင်ပါဘူးလို့ ...'

ဟု ပြောနေတော့ မမြင့်ချော စပ်ဖေးဖေးကြည့်ရာမှ ဈေးခြင်းတောင်းလေး ဆွဲပြီး ကပြင်လေးမှ ဆင်းသွားပါချေသတည်း။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဟောဒီက ပဲပြုတ်ပူပူနွေးနွေး … ပဲပြုတ် … ပဲပြုတ်ကောက်ညှင်းပေါင်းတော်ရေ့ …"

နို့ဝ၍ အိပ်မောပြန်ကျစ သမီးလေး နားပါးပုံက … အိမ်ရှေ့အရောက် ပဲပြုတ်သည် ဒေါ်သွယ်၏ ခပ်အောင်အောင်ဖြင့် အော်လိုက်ပါသည့် အသံကို ကြားလိုက်တာနှင့် မျက်စိလေး ပြန်ပွင့်၍ အော်ငိုပါချေသတည်း …။ အိပ်ခါစ ပြန်နိုးရသည်မို့ထင် …။ မျက်နှာလေး နီတက်လာအောင် ဒေါသဖြစ်ဖြစ်နှင့် ခြစ်ငိုနေတော့ ကလေးကို တကျွတ်ကျွတ် စုတ်သပ်၍ ချော့လည်းချော့ …။ မျက်နှာထားကြီးနှင့် ဦးမြမှီ ကပြင်ရှေ့သို့ထွက်၍ …

"ပဲပြုတ် … ဗျို့ပဲပြုတ် … လာပါဦးဗျ …"

ဟု ထွက်အော်တာမို့ ဒေါ်သွယ်မှာ ရှေ့ဘက်နည်းနည်း ကျော်သွားပြီဖြစ်နေရာမှ ပြန်လှည့်လာပါ၏။ ခေါင်းပေါ်ရွက်ထားသောဇန်းကို ကပြင်မှာချ၍ …

"ဘာဝယ်မတုံး ကိုမြမှီ … ပဲပြုတ်နဲ့ ကောက်ညှင်းပေါင်းလား …"



ဟု ပြုံး၍မေးသည်။ ဦးမြမှီ မျက်မှောင်ကြီးကုတ်၍ ခါးဝမှာ ဖင်ချထိုင်ကာ ကလေးကို ဗိုက်လျက်ဖြင့် …

"ဒီမှာတွေ့လား၊ ကျုပ်သမီးလေး အိပ်ရာက ပြန်လန့်နိုးပြီး ငိုနေတာ … ကလေးက မနက်နိုးပြန်စို့ပြီး ပြန်အိပ်ခါစ ရှိသေးတယ် သိရဲ့လား။ ခင်ဗျား အသံပြဲကြီးကြောင့် လန့်နိုးရတာ … နောက်ကို … ကျုပ်အိမ်ရှေ့ရောက်ရင် မအော်နဲ့ဗျာ … ကလေးလန့်တယ် … အသံကလဲ … တော်ရုံအော်ရင် တော်ရောပေါ့ … ခုနစ်ချီ ရှစ်ချီ အသံမြှင့်အော်တာ မကောင်းပါဘူး … ကလေးလန့်ရင် … ဖျားမှာစိုးရတယ်ဗျ…"

ဟု သူများ ပဲပြုတ်အော်ရောင်းသည့်ကိစ္စ အကန့်အသတ်နှင့် စည်းကမ်းသွားချနေတော့ ဒေါ်သွယ်ပဲလေ …။ ဆောင့်ဓါးကိုပစ်ထောက်လိုက်ရင်းမှ စောစောပြုံးထားသမျှတွေ မျက်နှာမှ ပျောက်သွားရကာ တည်တင်းပစ်ရင်း …

"ရှင့်ကိုယ်ရှင် … ဘာများမှတ်နေလို့ ကျွန်မ ဈေးအော်ရောင်းတာကို မအော်ရဘူးလေး ဘာလေး လုပ်နေတာလဲ ကိုမြမှီ … ဒီမှာ … ပဲပြုတ်ရောင်းနေတာရှင့် … ရွှေရောင်းနေတာ မဟုတ်ဘူး … ရှိုးကော့စ်ကြီးထဲ ရွှေခင်းရောင်းသလို အသံမပေးဘဲ စိမ်နှပ်ရောင်းလို့ ရတဲ့ဥစ္စာမျိုး မဟုတ်ဘူး … ပဲပြုတ်ရောင်းတာကို ပဲပြုတ်ရောင်းသလိုမျိုးပဲ ရောင်းလို့ရတယ် … ပဲပြုတ်ဆိုတာ အော်ရောင်းရတာ လူတိုင်းနားလည်တယ် သိရဲ့လား … ရှင့်အိမ်ရှေ့လမ်းပေါ်မှာ မအော်ရအောင် … ရှင်က ဘာမို့လို့လဲ … လမ်းမင်းကြီးမို့လို့လား … လူက မုန့်ဟင်းခါးရောင်းနေတဲ့လူ … ဈေးသည်ချင်း နား

www.burmeseclassic.com

www.burmeseclassic.com



လည်မယ်မရှိဘူး ‥ ဘဝင်မြင့်နေတာ မျက်စိထောင့်မကျိုးချင်ဘူး သိရဲ့လား ‥ ဒီလမ်းထဲမှာ ရှင့်လိုပဲ ကလေးပေါက်စနေလေးတွေရှိတဲ့ အိမ်တွေမှ အများကြီး ‥ ဘယ်သူမှ ‥ ကျုပ် ပဲပြုတ်ရောင်းတဲ့ကိစ္စ လာစည်းကမ်းမသတ်ဘူး ‥ ရှင်က ဘာမို့လို့ လာပြီး မအော်ရဘူးလေး ဘာလေး လုပ်နေရတာလဲ ‥ ရှင့်သမီး မနိုးရအောင် ‥ ကျုပ်ကမအော်ဘဲနေရမှာလား ‥ အော်တယ် ‥ အော်တယ် ‥ ဟောဒီမှာ ပဲပြုတ်နဲ့ ကောက်ညှင်းပေါင်း ပူပူလေး ‥ ဝယ်ကြဦးမလားတော်ရေ့ ‥ အဆစ်များများနဲ့ကို ရောင်းပေးမယ်တော်ရေ ‥ ရောင်းပေးမယ် ‥ ဟောဒီမှာ ပဲပြုတ် ‥ ပဲပြုတ် ‥ ပဲ ‥ ပြုတ် ‥"

ဒေါ်သွယ်ကလည်း ချက်နှင့်လက်နှင့် ပြောတတ်သည့် ဒေါ်သွယ်ပဲလေ ‥။ ပြောပြီးသည်နှင့် မနားသေး ‥။ ပဲပြုတ်ကိုများ အော်လိုက်သည်မှ ‥ အသံကိုဆွဲ၍ အော်လိုက်ပါသေးသည် အဖြစ် ‥။ ဦးမြမို မျက်နှာကြီး ညိုတက်သွားရကာ ကမန်းကတန်း သမီးလေးကို ခုတင်ထက်မှာပြေးတင် ‥။ ကပြင်မှာ ခါးထောက်ရပ်ကာ ‥

"မအော်နဲ့ဗျာ ‥ မအော်နဲ့ ‥ ကျုပ် ပဲပြုတ်အိုး ဆွဲမှောက်ပစ်မှာနော် ‥ နောက်မှ ‥ အလျော်ပေးပစ်လိုက်မယ် ‥"

ဟု အသံမြှင့်အော်နေတော့ ကိုသိန်းဆောင် ခမျာ ဘေးခန်းမှ မနေသာ ‥။ မမြင့်ချော ဈေးဝယ်သွားနေခိုက် ထမင်းတစ်အိုးတည်ထားခဲ့တာမို့ ထမင်းငှဲ့နေရတာဝင် မပြောင်နိုင်တော့။ ထမင်းအိုး ငှဲ့လက်စကြီး ချထားပစ်ခဲ့ရကာ ရှေ့ထွက်လာရပါ



သတည်း ‥။ ကိုသိန်းဆောင် ဦးမြမိုနှင့် ဒေါ်သွယ်တို့ကြားရောက်ချိန်မှာ ရန်ပွဲ အားကောင်းနေပြီ ‥။ ဒေါ်သွယ်ကလည်း ခန်းကို ခေါင်းပေါ် ပိုင်ပိုင်ရွက်ထားရင်းမှ ‥

"သတ္တိရှိ ‥ ကျုပ်ခေါင်းပေါ်ကဗန်းကို ထိရဲထိကြည့်လေ ‥ ဆွဲမှောက်ဖို့ဆိုတာဝေး ‥ ထိပဲထိကြည့်စမ်းပါ ကိုမြမို ‥ ရှင့်ကို ရဲစခန်းမှာ ‥ အမှုအဖွင့်ပဲ သိလား ‥ ကောင်းရောင်းကောင်းဝယ် လုပ်စားနေတဲ့ဥစ္စာ ‥ ရှင်က ‥ ဘာကိစ္စနဲ့ ကျုပ် ပဲပြုတ်အိုးကို ယူမှောက်လို့ရမှာလဲ ‥ ကဲလိုက်ပုံများ ‥ သူ့သမီး မနိုးအောင် ကျုပ်ကပဲ ပဲပြုတ်တောင် အော်မရောင်းရဘူးတဲ့ ‥ ဒါတောင် ‥ သမီးရင်းမဟုတ်ဘူး ‥ ညီမသမီး ယူမွေးထားရတဲ့သူက ‥"

"ဟာ ‥ ငါ ‥ ပိတ်ကန်လိုက်ရကွာ ‥"

သမီးရင်း မဟုတ်ဘူးဆိုသည့် စကားကြောင့် ဦးမြမို မျက်နှာကြီး ရဲတက်လာရင်း မျက်စိတွေ ပြာကုန်ကာ ရှေ့သို့ ကိုယ်ကြီး တိုးလာနိုက်မှာ ကိုသိန်းဆောင် ကြားကဝင်ရပ်ရင်း ‥ လက်ရုံတကာကာဖြင့် ‥

"ဒေါ်ကြီးသွယ် ‥ သွားတော့ဗျာ ‥ ဦးမြမို ‥ စိတ်နောက်ကိုယ်ပါမလုပ်ချင်ပါနဲ့ ‥ ရန်စရှည်ပါတယ်ဗျာ ‥ ဒေါ်သွယ် ‥ ဘာလို့ရပ်နေတာလဲ ‥ သွားပါဗျာ ‥ ကျွန်တော် တောင်းပန်ပါတယ် ‥ ဒေါ်သွယ်ကလဲ ‥ နောက်နေ့တွေမှာ ‥ ဒီရှေ့ရောက်ရင် အသံလေး နည်းနည်းလေး လျှော့အော်ဗျာ ‥ သူလဲ ကျေနပ်တာပေါ့ ‥ ဦးမြမိုကလဲ ‥ ပဲပြုတ်ရောင်းတာကို မအော်နဲ့လို့ မတားနဲ့လေ ‥ ဒေါ်သွယ်ကလဲ အသံလျှော့

www.burmeseclassic.com

www.burmeseclassic.com



ဦးမြမှိုကလဲ ... မအော်နဲ့လို့ မတားနဲ့ ... ကဲ ... ကဲ ... ခေါင်ကြီးသွယ် ... သွားပါဗျာ ... ဦးမြမှိုကြီး သူ့သမီးချစ်တာ သိရက်နဲ့ဗျာ ...''

ဟု အတင်းတောင်းပန်နေတော့ ခေါင်သွယ် မျက်စောင်းခဲသည်။

''ကျုပ်ကိုများ ဝိတ်ကန်မလေး ဘာလေး လုပ်နေတာနော် ... ကိုသိန်းဆောင် အကြားပဲ ... နောက်ကို ... အဲသလိုကြိမ်းကြိမ်းမောင်းမောင်းလုပ်ရင်ဖြင့် ကျုပ်အဆိုးမဆိုနဲ့ ... ရပ်ကွက်ထဲ ... ကိုယ့်အလုပ် ကိုယ်လုပ်စားနေတာ ... လက်လုပ်လက်စား ဘဝတူချင်း ... လူညွန့် သူညွန့် အထက်စီးလုပ်ရင်တော့ မခံဘူး ... ရှင့်လူကို ... သေချာသတိပေးထားပါ ... ဟောဒီမှာ ပဲပြုတ်တော်ရေ ...''

အသံကိုမြှင့်၍ ပဲပြုတ်သံပေးပြီးမှ ခေါင်သွယ် ဘောက်ဆတ်ဆတ်ကြီး ဆောင့်ထွက်တော့ ဦးမြမှို လက်သီးတင်းနေအောင်ဆုပ်ရင်း ကျန်ခဲ့၏။ ခေါင်သွယ် ခပ်ဝေးဝေးရောက်တော့မှ ဦးမြမှို အိမ်ခန်းထဲ ပြန်ဝင်သည်။ ကလေးကို ပြန်ပွေ့သည်။ ဆူညံကြောင့် ကလေးလည်း မအိပ်ဖြစ် ...။ ငိုနေပြီ ငိုနေဆဲ ...။ သမီးလေးကို ချော့နေရင်းမှ မျက်ရည်ကျလာသည်က ဦးမြမှိုပါ ...။

ကြမ်းပြင်ပေါ် ထိုင်ချရင်းမှ သမီးကို ငုံ့မိုး၍ မျက်တောင်မခတ် ကြည့်နေရင်း ကလေးတစ်ယောက်နှယ် စတင်၍ ဦးမြမှို ငိုချလာသည်။

''ကြားတယ် မဟုတ်လား ကိုသိန်းဆောင် ... ဒါ ... ကျုပ်သမီးရင်း မဟုတ်ဘူးတဲ့ ... ပြောထွက်လိုက်တာဗျာ ...



ရက်စက်လိုက်တာ ... ကျုပ်ရင်ထဲ စူးနေလိုက်တာလေ ... သူ့စကားတွေက စူးနေလိုက်တာ ... သွေးတွေကျနေသလိုပါပဲ ကိုသိန်းဆောင်ရာ ... လူတွေ မတရားဘူးဗျာ ... ကျုပ်ညီသမီး ... ကျုပ်မွေးထားတာ ... ကျုပ်သမီးမဟုတ်ဘူးဆိုပြီး အဲသလိုပြောတာ ကောင်းသလား ... ကောင်းသလား ...''

ဟု ပြောလည်းမပြော ...။ မျက်ရည်တွေ ကျနေသမျှ လက်ဖမိုးဖြင့် သုတ်နေရင်း အသံတွေ ထိန်းမရနိုင်အောင် ခံစားလာရရင်းမှ လေးငါးခြောက်နှစ် ကလေးတစ်ယောက် ဝမ်းနည်းဝမ်းနည်းကြီး ငိုနေသည့်နှယ် ဟီးချ၍ ငိုချနေပါသတည်း ...။

ကိုသိန်းဆောင် သက်ပြင်းရှိုက်၍ ဘေးမှာထိုင်ချကာ ထိထိခိုက်ခိုက် ကြည့်လျက်မှ ဦးမြမှို၏ လက်မောင်းကြီးကို သနားစိတ်ဖြင့် ဆုပ်ကိုင်လိုက်မိရပါပြီ ...။

''ဒါ ... ဦးမြမှိုသမီးပါ ... ကျွန်တော်တို့ သိပါတယ် ဦးမြမှိုရယ် ... ခေါင်ကြီးသွယ် မသိတတ်တာ ... သူမှားတာပေါ့လေ ...''

ဟု ခပ်လေးလေးပြောတော့ မျက်ဝန်းများ လက်ဘောက်လာနေလျက်ဖြင့် ဦးမြမှို ကိုသိန်းဆောင်ကို ကြည့်လာသည်။ မျက်ရည်တွေက မျက်လုံးထဲမှာ လျှံနေပါ၏။

''မှားတယ်ဆိုပြီး ... ပြီးရောတဲ့လားဗျာ ... ကျုပ်သမီးရင်း မဟုတ်ဘူးဆိုပြီး ဓါးရိုက်ချိုးသလို ကျုပ်ကိုပြောချသွားတာများ အထက်ဆီးလေသံကြီးနဲ့ ... အဲဒါကို ... ကျုပ်မခံနိုင်ဆုံးပဲ ... ဒီမိန်းမကြီး ... ကျုပ်လက်နဲ့တော့ တွေ့တော့မှာပဲ ... မကျေဘူးဗျာ ...''

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းရှိုက်တက်နေရာမှ ဒေါသဘက်သို့ ကူးလာရင်း အသံပြတ်ကြီးနှင့် ပြောပြောထထလုပ်ကာ ကလေးကို ခုတင်မှာပြန်ထားပြီး အပြင်ထွက်မည်ပြင်တော့ ကိုသိန်းဆောင် အတင်းဆွဲထားရပါပြီ ..။

"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ဦးမြမှိုရယ် .. သူ့ကိုသွားလုပ်လို့ .. ဦးမြမှို အချုပ်ခန်းထဲ ရောက်မှာပေါ့ .. ကလေးတစ်ယောက်တည်း ကျန်ခဲ့ပြော မတွေးဘူးလား .."

ဟု ပြောတော့မှ ငြိမ်ခနဲ ဖြစ်သွားကာ အခန်းထဲပြန်ဝင် ..။

ဓာဓာက နေရာမှာ ပြန်ထိုင်သည်။ ဤတစ်ခါကျတော့ ဒူးထောင်ထားလျက် .. ဒူးပေါ် လက်တံတောင်တွေကို ဆန့်တင်ထားကာ ငိုင်နေသည်။

"အင်း .. လူ့ပါးစပ်ဆိုတာ .. သူတို့သိနေတာတွေကို .. မပြောဖို့ တားလို့မှ မရနိုင်ပါလားနော် .. ပြောရက် ပြောထွက်ကြတာပါပဲလေ .."

ဟု ခပ်ညည်းညည်း ပြောကာ ငိုင်နေသည်။ ဆေးပေါ့လိပ်တစ်လိပ်ကိုယူ၍ မီးညှိရှိုက်ဖွာကာ ငိုင်နေပါ၏။ ဆေးလိပ်တွေ မီးခိုးထောင်းထောင်းထအောင် ဖွာလိုက် ..။ ငိုင်လိုက်နှင့် ရှိနေရာမှ ကလေးကိုပြန်ပွေ့ ..။ နီဘူးလေးတိုက်ကာ မျက်တောင်မခတ် ငုံ့မိုးကြည့်သည်။

"ကြည့် .. ကျုပ် .. ရန်ဓာဝင်နေတော့ .. ကလေးငိုတာကို .. နို့ဘူးမတိုက်ဖြစ်ဘဲ .. ဟိုပဲပြုတ်သည်း ဒေါ်လှကြမ်းနဲ့ ရန်ဖြစ်နေမိတယ်၊ အဲဒါ .. ကိုယ့်သမီးလေးကို အငို



ခိုင်းနေသလိုကြီး ဖြစ်နေတာပါပဲ .. ကဲ .. ကဲ .. သမီးလေး .. နို့စို့ .. စို့ .."

နှင့် ချော့သိပ်နေပေမယ့် ကလေးက မျက်စိကျယ်နေပြီ ..။ ဒေါ်လေးကလည်း ငယ်ကတည်းက ခပ်ကြီးကြီး ..။ နို့ဘူးစို့နေရင်းမှပင် တစ်ချက် တစ်ချက် ချိုလိမ်ကိုလွှတ်၍ ငိုပစ်နေသေးသည့် ကလေးပါ ..။

အတော်ကြီးကြာမှ မြကျေးချိုလေး ငိုလိုက် နို့ဘူးစို့လိုက်နှင့် ရှိရာမှ မောမောနှင့် ပြန်အိပ်သွားပါ၏။ ခုတင်ထက်မှာ ဦးမြမှို ကလေးကို ဖွဖွညင်ညင်ချခိုက် ..

"ဦးမြမှို .."

ဟု ခေါ်သံကြားရတာမို့ ဦးမြမှို လှမ်းကြည့်တော့ မိုင်းလိဟိုတယ်ဆောက်နေပါသည့် ကန်ထရိုက်ကြီး ဦးမြိုင်သော်ကို မြင်ရပါ၏။ ဘယ်အချိန် အိမ်ရှေ့လမ်းမှာ ကားရပ်လိုက်တာကိုမှ မသိလိုက်ရ ..။ အိမ်ကပြင်ပေါ် တက်လာရင်းမှ ဦးမြမှိုကိုကြည့်နေပါသည့် ဦးမြိုင်သော်သည် .. ဒါ .. ပထမဆုံးအကြိမ် ဤအိမ်လေးဆီသို့ ရောက်လာရခြင်းပါ။

"ဟာ .. ဆရာ .. လာပါ .. ထိုင်ပါခင်ဗျာ .."

ကမန်းကတန်း သင်ဖြူးဖျာလေးခင်းကာ တရိုတသေလည်း ပြောကြိုရ ..။ ကိုသိန်းဆောင်ကိုလည်း ကြည့်၍ ..

"ဒါ .. ရွှေနဒီအိမ်ရာဆောက်လုပ်ရေး လုပ်ငန်းပိုင်ရှင်ကြီး ဦးမြိုင်သော်တဲ့ .. ကျွန်တော် မုန့်ဟင်းခါး သွားသွားရောင်းနေတဲ့ ဟိုတယ်ကြီးကို .. လာဆောက်ပေးနေတာပေါ့ .. ရန်ကုန်ကလေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မိတ်ဆက်ပေးသည်။ ဦးမြိုင်သော်မှ ပြုံး၍ ကိုသိန်းဆောင်ကို ကြည့်ကာ သင်ဖျူးဖျာတွင် ဝင်ထိုင်၏။ အိမ်လေးကိုလည်း အကဲခတ်သလို ကြည့်သည်။ ခြင်ထောင်လေးပင် တင်ထားပြီမို့ အိပ်ရာထက်မှာ ရှိနေပါသည့် သမီးလေးကိုလည်း လှမ်းမြင်ရသည်မို့ အတန်ကြာ ငေးကြည့်နေပါ၏။ နောက်တော့ ဦးမြမှီကိုကြည့်ကာ ..

"ကျွန်တော် .. သတိထားမိတယ်လေ .. ဦးမြမှီ ရောက်မလာတာ သုံးလရှိတော့မယ် .. ပထမတော့ .. ခရီးများ ထွက်သလားပေါ့ .. နောက် .. ကျွန်တော်ကလည်း .. ရန်ကုန်ပြန်လိုက်တာ တစ်လနား နီးသွားတယ် .. ဟိုမှာ လုပ်ငန်းလက်ခံတာတွေ ကိစ္စရှိနေတာကိုး .. ဒီမှာက ကျွန်တော့်မန်နေဂျာ ကိုထွေးကို ထားခဲ့တာကိုး .. ပြီးခဲ့တဲ့လက .. စထောဒီကိုပြန်လာသေးတယ် .. တစ်ပတ်ပဲကြာတယ်လေ .. ဦးမြမှီကို မတွေ့လို့မေးတော့ .. မလာဘူးလို့ပဲ ကိုထွေးက ပြောတယ် .. ပန်းရုံကောင်မလေးတွေ .. ကောင်လေးတွေ မုန့်ဟင်းခါး မျှော်နေကြတာတဲ့ .. ကျွန်တော်ကလဲ ဦးမြမှီ မုန့်ဟင်းခါးကို အကြိုက် မဟုတ်လား .. ဒါပေမဲ့ ကျွန်တော် တောင်ကြီးဘက် ခရီးဆက်ရင်း .. ဟိုမှာဆောက်နေတဲ့ ဥယျာဉ်နဲ့တွဲရက် ဟိုတယ်ကြီးတစ်ခုကို ဆက်လုပ်နေရပြန်ရော .. ခု .. ရောက်လာတော့ ထပ်မေးမိတယ် .. ဦးမြမှီ လုံးဝပျောက်နေတယ်ဆိုလို့ .. အိမ်စုံစမ်းပြီး လိုက်လာတာ .. အတော်ကြီးများ မကျန်းမမာ ဖြစ်နေသလားလို့ စိတ်ပူမိတယ်လေ .."



ဟုပြောတော့ ဦးမြမှီ အားနာတကြီးဖြင့် ကြည့်ရှာ၏။ စိတ်ရင်းကောင်းလျက် .. အလုပ်သမားတွေအပေါ်ကအစ အလွန်စေတနာထားပါသော ဦးမြိုင်သော်ကို လူတိုင်းက ချစ်ကြသည်မှာလည်း အမှန်ပါ ..။ မုန့်ဟင်းခါးရောင်းရင်း ဦးမြမှီ ကြားကြားနေရသည်က ဦးမြိုင်သော် ကောင်းသတင်းများကို ချစ်ကြင်စွာ ပြောပြောနေကြပါသည့် အလုပ်သမားများထံမှပါ ..။

"ဦးမြမှီက မုန့်ဟင်းခါးရောင်းရင် လက်သာတယ်လေ .. စိတ်ရင်းလဲ ကောင်းတယ် .. သူ့လက်ရာကလဲ ကောင်းတယ် .. ကျွန်တော်ကအစ .. သူ့မုန့်ဟင်းခါးကို ကြိုက်ကြတာ .. အလုပ်မှာ သူ့မုန့်ဟင်းခါး လာလာရောင်းတာကြာလာတော့လဲ .. စိတ်ထဲ သံယောဇဉ် ဖြစ်ရတယ်ဗျ .."

ဟု ကိုသိန်းဆောင်ဘက်လှည့်၍ ဦးမြိုင်သော် ပြောပါ၏။ ကိုသိန်းဆောင်မှ တလေးတစားပုံဖြင့် တုံ့ပြန်ပြုံးရင်းမှ ..

"ဦးမြမှီကို ဒီမနက်ပဲ ကျွန်တော့်စနီးသည်ကလဲ ပြောနေတာပါ အန်ကယ် .. မုန့်ဟင်းခါး အရောင်းထွက်ဖို့ပါ .. သူ့သမီးလေးကို တစ်ယောက်တည်း ထားမသွားနိုင်ဘူးဆိုပြီး မုန့်ရောင်းမထွက် ဘာမထွက်နဲ့ ဖြစ်နေတာပါ .. စုထားတာလေးတွေ ထိုင်စားနေသလိုကြီး ဖြစ်နေတာပါ ခင်ဗျာ .. မမြင့်ချောက .. ကလေးကို သူထိန်းပေးပါ့မယ် ဆိုတာလဲ မရဘူး .. သူကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မချ ဖြစ်နေတာပါ အန်ကယ် .. ကျွန်တော် .. သိန်းဆောင်ပါ အန်ကယ် .. ဒီဘေးကအခန်းမှာ နေပါတယ် ခင်ဗျ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ပြောတော့ ဦးမြိုင်သော် တစ်ချက် ခုတင်လေးဆီ လှမ်းကြည့်သည်။ ပြီးတော့ ထရပ်လိုက်ကာ ခုတင်ရှိရာသို့ လျှောက်၏။ အိပ်နေသည့် သမီးလေးကို တိတ်ဆိတ်စွာကြည့်သည်။ ပြီး၍လည်း ဦးမြမိုကို ကြည့်သည်။ ပြီးတော့ ပြန်လျှောက်လာကာ ..

"ကလေးက ချစ်စရာလေးပဲ ဦးမြမို .. အင်း .. ဦးမြမိုမှာ .. သမီးလေးတစ်ယောက်ရှိတာ ခုမှသိတော့တယ် .. အစက .. တစ်ကိုယ်တည်းသမားလို့ ထင်မိတာ .."

ဟု ပြောပါ၏။ ကလေးအမေကို မေးရမှာ အားနာနေမှန်းလည်း သိသာသည်။ စောစောက ကိုသိန်းဆောင် ပြောသည့်အထဲမှာ ကလေးကို တစ်ယောက်တည်း မထားခဲ့နိုင်ဘဲ ဖြစ်နေသည့်အချက် ပါနေတာမို့ ကလေးအမေ မရှိတာကိုတော့ နားလည်ထားပုံရ၏။

"ကျွန်တော်တို့လဲ ဒီလကုန်ဆို အလုပ်ကိစ္စ ပြီးပြတ်ပြီမို့ .. ရန်ကုန်ပြန်ကြရတော့မှာ .. ဦးမြမိုကို တွေ့ချင်တာနဲ့ လာတွေ့လိုက်တာပါ .. အေးလေ .. ကလေးက သိပ်ငယ်သေးတော့ .. မုန့်ဟင်းခါး အရောင်းမထွက်နိုင်တာလဲ အပြစ်ရယ်လို့ မဆိုနိုင်ဘူးလေ .."

ဟု ပြောပေးရှာသည်ပါပဲ ..။ ကိုသိန်းဆောင် ရှေ့မှာ တစ်ချက် ခပ်ဆဆတွေးသလို ငြိမ်နေပြီးမှ ဆုံးဖြတ်လိုက်ပုံဖြင့် အင်္ကျီအိတ်ကပ်ထဲကို နှိုက်သည်။ ငွေတစ်ထပ်ကို ပေးလာရင်းမှ ..



"ကိုသိန်းဆောင် ဆိုတာ ဦးမြမိုနဲ့ သားချင်းလိုပဲ ရှိနေမယ်လို့ ကျွန်တော် ထင်ပါတယ် .. ဒါကြောင့် .. သူ့ရှေ့မှာပဲ .. ကျွန်တော် ကူညီလိုက်နိုင်မယ်လို့ ထင်တာမို့ .. ကူပါရစေ .. ကလေးတစ်ဖက်နဲ့ဆိုတော့ အလုပ်ကလဲမလုပ်ဖြစ် .. ငွေလဲ ကုန်လှရောပေါ့ .. ကျွန်တော့်ကိုလဲ .. ညီအစ်ကိုလိုပဲ သဘောထားပါ ဦးမြမို .. ဒါလေးကို လက်ခံပေးပါ .. ဦးမြမိုက .. ကျွန်တော့်အတွက် အမြဲတမ်း ဟိုတယ်ဆောက်တဲ့နေရာကို ရောက်လာတိုင်း မုန့်ဟင်းခါးတစ်ပွဲကို အကြော်များများ .. ငါးဖယ်ဆုပ်ကြော်နိုင်နိုင်နဲ့ ပို့ပေးနေကျ .. ကျွန်တော်လဲ စားနေကျပါ .. ပိုက်ဆံပေးလဲ ဦးမြမို မယူခဲ့ဘူးလေ .. ကျွန်တော့်ကြောင့် အဲဒီနေရာလေးမှာ သစ်ရိပ်အောက်မှာနေရင်း မပင်မပန်း ရောင်းရတာမို့ .. ကျေးဇူးကြီးတယ်ဆိုပြီး ပိုက်ဆံမယူခဲ့တာ မဟုတ်လား .. ဦးမြမိုရဲ့ စိတ်ထားကို အဲဒီကတည်းက .. ကျွန်တော်လေးစားမိတာပါ .. ခု .. ကျွန်တော် .. ကူပါရစေဗျာ .."

ဟု ပြောတော့ ဦးမြမို ငိုင်နေ၏။ နောက်တော့မှ အားယူပြီးကာ ..

"လောလောဆယ်တော့ မယူပါရစေနဲ့ ဆရာရယ် .. ကျွန်တော် လိုတဲ့အခါ လာပါ့မယ် .. ပြောပါ့မယ် ခင်ဗျာ .. ခုလို .. ကျွန်တော့်အပေါ် သံယောဇဉ်ကြီးကြီးနဲ့ လာမေးတာကိုပဲ အားရှိ ကျေးဇူးတင်လှပါပြီ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တရိုတသေပြောတော့ ခပ်ငေးငေး ဦးမြိုင်သော် ကြည့်သည်။ နှုတ်ဆက်မပေးတော့ဘဲ ငွေကိုပြန်သိမ်း၍ အိတ်ကပ်ထဲ ပြန်ထည့်သည်။

"ဒီလကုန်အထိတော့ ကျွန်တော် ဟိုတယ်မှာပဲ ရှိနေမယ် ဦးမြမို .. ကဲ .. ကျွန်တော် သွားလိုက်ဦးမယ် .."

ဟု ပြီး၍ နှုတ်ဆက်ကာ ပြန်သွားတော့ ဦးမြမို ကားနားအထိ လိုက်ပို့ကျန်ခဲ့သည်ပါပဲ ..။

"အဲဒါပြောတာပေါ့ ဦးမြမို .. ဟိုက သံယောဇဉ်နဲ့တောင် လိုက်လာတာ .. မုန့်ဟင်းခါး အရောင်းထွက်ပါဗျာ .. ကလေးကို မမြင့်ချော ကြည့်တတ်ပါတယ်ဗျ .. သူ့လက်ထဲ သူ့မောင်လေး ညီမလေးတွေ ကြီးလာကြတာပါ .."

ကိုသိန်းဆောင် ပြောတော့လည်း ဘာမျှပြန်မဖြေ..။ ငြိမ်ကျနေသည်ပါပဲ။ တော်ရုံသံယောဇဉ်ကြောင့် လိုက်လာတာ မဟုတ်မှန်းလည်း ဦးမြမို တွေးမိတာမို့ ဦးမြိုင်သော်ကို အားနာနေမိရသည်ပါပဲ ..။ ကိုသိန်းဆောင်ကတော့ ငြိမ်နေသည့် ဦးမြမိုကို ဆက်ပြော၍ မရနိုင်တော့ပြီဟုများ တွေးမိ၍လားမသိ ..။ ခေါင်းခါ၍ နေရာမှ ဖြန်းဆို မျက်လုံးမျက်ဆန် ပြူးသွားရကာ ..

"ဟာ .. သွားပါပြီ .. ထမင်းအိုးကြီး ငှဲ့ရင်းတန်းလန်းနဲ့.. ချထားခဲ့တာ .. ထမင်းတွေတော့ ပြိုကုန်ပြီ ထင်ပါရဲ့.. ဒုက္ခပါပဲ .."

ဟု ထမင်းအိုးကြီး ထမင်းရည်တွေနှင့် ကြမ်းပေါ်ချထားခဲ့တာ ခုမှ သတိရလျက် သုတ်ခြေတင်ပြေးတော့ ဦးမြမို တစ်ယောက်တည်း အားနာစိတ်ဖြင့် ကျန်ခဲ့ရပြန်ပါ၏။



ဒေါ်သွယ်နှင့် ရန်အဖြစ်ကောင်းခဲ့၍ ကိုသိန်းဆောင် များ ထမင်းအိုးငှဲ့ရင်း တန်းလန်းနှင့် ပြေးလာရသည် မဟုတ်ပါ သလား ..။ ထမင်းအိုး ပျက်ရလျှင်ဖြင့် ကိုယ့်ပယောဂမကင်း ..။

ဦးမြမို ထိုင်ရင်း ခပ်ငြိမ်ငြိမ် တွေးနေမိသည်။ ကိုသိန်းဆောင်တို့ လင်မယားကလည်း ကိုယ့်အပေါ်ဆို စေတနာ ကောင်းနေကြတာလည်း အသိ..။ ဦးမြိုင်သော် ကိုယ်တိုင် လိုက် လာကာ ကိုယ့်အပေါ် စေတနာထား၍ စိတ်ပူလက်ပူ ရှိနေသမျှ လာကြည့်သွားတာကိုလည်း သိနေရပြီးနေပြီ ..။ ကိုယ့်မှာ ငွေ ကုန်ကြေးကျ အထွက်ပဲရှိလျက် အဝင်မရှိဘဲ ဖြစ်နေတာကို နား လည်လျက် ဦးမြိုင်သော် ခမျာ ငွေကြေးပင် ကူညီချေဖြင့် ပေးခဲ့ ရှာသေးသည့်အဖြစ် ..။ တကယ်တော့ .. ကိုယ့်မှာစုထားဆောင်း ထားတာလေးတွေလည်း တဖြည်းဖြည်း လက်ကျန်နည်းနည်းလာ နေတာ အမှန် ..။ ဤလကုန်အထိတော့ မိုင်းလီဟိုတယ်ဆောက် နေသည့်ကိစ္စ ရှိနေသေးတာမို့ ဤရက်ပိုင်းအတွင်း မုန့်ဟင်းခါး ရောင်းထွက်လိုက်ပြီး ပိုက်ဆံလေး ပြန်စုလိုက်လျှင် ကောင်းလေမည် လား ..။

ခပ်တွေတွေဖြင့် ဦးမြမို ငြိမ်နေသည်။ သစ်ရိပ်အောက် မှာ မုန့်ဟင်းခါးထိုင်ရောင်း ..။ ကုန်တာနှင့် အိမ်ပြန်လာ ..။ ဘယ်ကိုမှ အရောင်းမထွက်ဘဲ မိုင်းလီဟိုတယ်ဆောက်နေသည့် နေရာသို့ပဲ .. သွားလိုက်မည် ..။ ထိုသို့တွေးရင်း ... ရောင်းရ မည်နိုး .. မရောင်းဘဲ နေရနိုးနိုးဖြင့် စိတ်က ပိုင်ပိုင်နိုင်နိုင်မရှိ..။ ဆုံးဖြတ်ရသော အဖြေ မထွက်နိုင်ဘဲ ဖြစ်နေသည်။ စိတ်ညည်းတွေ နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဆောင်၏ မီးဖိုခန်းဘက်ဆီမှ ညည်းညူသံကို ကြားရပါသည့်အဖြစ် ..။ ထမင်းအိုးတော့ ပျက်ပြီထင် ..။ လိုက်ပြီးသွားကြည့်ရမှာ အားနာတာမို့ ပေကပ်၍ တစ်ယောက်တည်း ဧည့်ခန်းကြမ်းပြင်မှာ ငြိမ်ထိုင်နေမိရပေမယ့် .. ဆေးလိပ်ကိုတော့ နာနာဖွာပြီး ကစဥ့်ကလျား နိုင်နေသည့်စိတ်ကို လွှတ်ထားပေးနေမိရဆဲ ..။ စိတ်ကမငြိမ် ..။

သမီးနားမှာပဲ နေမည်ဟုလည်း ဆုံးဖြတ်သည်။ မုန့်ဟင်းခါး ခဏလောက်တော့ ထွက်လိုက်မည်ဟုလည်း တွေးသည်။ တက်လိုက် ဆုတ်လိုက် ..။ ရပ်လိုက် သွားလိုက်နှင့် စိတ်သည် လှုးလာခတ်နေ၏။ မုန့်ဟင်းခါးရောင်းမည်ဟု စိတ်ကို လွှတ်လိုက်တော့ တက်သွားသည့် စိတ်သည် ကလေးဆော ပြန်ဆုတ်၏။ မရောင်းတော့ဘူးလေဟု စိတ်ကို ရပ်ထားလိုက်တော့လည်း ခဏလောက်တော့ အရောင်းထွက်သင့်သည်ဟု စိတ်က လှုးလာတဲ့တင် ပြန်ဖြစ်လာပြန်သည်။

"အင်း ... ဒီတိုင်းဆက်နေရင် .. သမီးလေးနဲ့ဖိုး .. စရိတ်စကနဲ့ .. အိမ်လခတို့ ဘာတို့က ရှိတယ် .. ကြ အကြွေးတင်လာနိုင်တယ် .. လက်ကျန်ပိုက်ဆံဆိုတာက .. သိပ်မကျန်ချင်တော့ဘူး .. ၇ .. ဟိုကိုသွားရောင်းလို ရင် .. အလုပ်သမားများတော့ .. ခဏနဲ့ကုန်မှာ .. အ သိပ်မကုန်ဘဲ ရောင်းကုန်သွားမှာ .. အဲဒီတော့ စပ်ဆော ပြန်လာနိုင်မယ် .. သူတို့ဟိုတယ်ဆောက်တဲ့အလုပ်ပြီ လို့ ပြန်သွားတဲ့အခါကျတော့ .. အဲသလို တစ်နေ့ စပ်မြန်မြန်ကုန်အောင် ရောင်းနိုင်ဖို့နေရာ မရှိတော့ဘူး ..



လမ်းတကာလမ်း တွန်းလှည်းနဲ့ တွန်းရောင်းနေရမှာ .. ပိုက်ဆံမရှိတော့တဲ့အခါ .. ငါ .. ဈေးရောင်းမထွက်လို့ရမှာမှ မဟုတ်တာ .."

ဟု ကလေးကို မခွဲနိုင် .. စိတ်မချနိုင်ပေမယ့် သက်တွေ့ကျကျ တွေးတတ်နိုင်ဖို့ ကိုယ့်ဦးနှောက်ကို ကိုယ်ပြန်၍ သတိပေးနေရ ..။

ကိုယ့်နှလုံးသားကို ကိုယ်ပြန်၍ နားလည်နေစေရခြင်းသည့်အဖြစ် ..။ ဟုတ်သည်။ သမီးလေးကို ချစ်လွန်းနေသည့် နှလုံးသား ..။ သမီးလေးကို ထားခဲ့လျှင် .. မကျန်းမမာဖြစ်မှာတွေကို တွေးပူနေသည့် နှလုံးသား ..။ ကလေးက အရေးကြီးသည်ဟု ဦးနှောက်ကလည်း နှလုံးသားကို အသားပေး၍ လိုက်လိုက်ဆုံးဖြတ်ပေးနေသည့် အဖြစ် ..။

သက်ပြင်းရှိုက်ကာ ငြိမ်နေရာမှ သမီးလေးကို သွားကြည့်မိရပြန်သည်။ သမီးလေး နိုးလာတော့ မွေ့ချီ၍ ရင်မှာအပ်ကာ ကျောပိုးစကို ရင်မှာအပ်၍ ချည်သည်။ ပြီးတော့ ထီးတစ် ဆောင်း၍ မျက်စောင်းထိုး ကျော့ကျော့လေးမှာရှိသော ဒေါက် အောင်မြင်၏ ဆေးခန်းသို့ သွားသည်။ မနက်ဘက် ၉အချိန် တ်ဆို ဒေါက်တာ ဆေးခန်းလာဖွင့်ပြီးနေလောက်ပြီ ..။ ဘက်ကျတော့ လေးနာရီခွဲကျော်ကျော်လောက်ဆို ပြန်ဖွင့် ။ ခြေလှမ်းသုတ်သုတ်ဖြင့် ဦးမြမို့ ဆေးခန်းသို့ လျှောက်ကာ တော့ လူနာတွေ သိပ်မရှိသေးတာမို့ ခဏပဲထိုင်လိုက်ရ ကိုယ့်အလှည့် ရောက်တာမို့ သမီးလေးပိုက်လျက်ဖြင့် သွားတော့ရှေ့ ရောက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြွေလက်ဆေးဇလင်မှာ လက်ဆေးနေရာမှ ဒေါက်တာ ကြည့်လာပါ၏။ ကလေးကို ကျောပိုးစကြီးဖြုတ်၍ ပွေ့နေပါသည့် ဦးမြမှိုကိုမြင်တော့ ပြုံး၍ကြည့်သည်။ ဦးမြမှိုနှင့် ပဲပြုတ်သည် ဒေါ်သွယ်၏ ရန်ပွဲကိစ္စ .. စောစောက လူနာတချို့အချင်းချင်း ပြောနေကြလေသမျှ ကြားခဲ့ရသည်မို့ ဦးမြမှို၏သမီးချစ်ဇောကို သိလျက်ပြုံးမိခြင်းပါ ..။

ခု .. ကလေး ဘာဖြစ်ချေသည် မသိ ..။ ထီးတစ်လက်ဆောင်း၍ ရောက်လာဟန်တူသည့် ဦးမြမှို ..။ ထီးကြီးကို ဆေးခန်းထောင့်မှာ ထောင်ထားတာ မြင်သည်မို့ .. ကလေးနေမိမှာကြောက်၍ ဆောင်းလာမှန်း တွေးမိရသည်ပါပဲ ..။ ဦးမြမှို၏ အိမ်နှင့် ဆေးခန်းက သိပ်ဝေးလှတာမဟုတ် ..။ ဒါပေမဲ့ .. ကလေးကို နေထိမခံ နေမိမခံသည့် ဦးမြမှိုပါတည်း ..။

“ကလေး ဘာဖြစ်လို့လဲ ဦးမြမှို ..”

ဟု မေးလည်းမေး ..။ ကလေး၏နဖူးလေးကို လက်ဖြင့် ဖွဖွစမ်းမိသည်။ ကိုယ်မပူ။

“ဘာမှမဖြစ်ပါဘူး ဒေါက်တာ .. ကလေးကိုကြည့်ပေးပါဗျာ .. ကလေးက .. သုံးလကျော်ရုံလေးပဲ ရှိပါသေးတယ် .. ဒီအရွယ်လေးနဲ့ဖျားရင် .. ဘာဆေးတိုက်ရမှာလဲ .. လေထိုးရင် .. ဘာဆေးတိုက်ရမှာလဲ .. ချောင်းဆိုးရင် ဘာဆေးတိုက်ရမှာလဲ .. မအီမသာဖြစ်ပြီး ငိုငိုနေရင် ဘာဆေးတိုက်ရမှာလဲ .. ဒီအရွယ်လေးနဲ့ကိုက်အောင် ဆေးညွှန်းပေးပါ ဒေါက်တာ .. ကျွန်တော်က .. အင်္ဂလိပ်စာမတတ်တာမို့ .. မြန်မာလိုရေးပြီး ဆေးပုလင်းမှာ ဆေးညွှန်းနဲ့



ကပ်ပေးပါ .. ကျွန်တော့်သမီးလေး .. ဆရာ့ဆေးခန်းပိတ်ပြီးမှ .. မတော်တဆ .. ဖွ .. နေမကောင်း ဘာမကောင်းဖြစ်ရင် .. ညအချိန်မတော်ကြီးဖြစ်ရင် .. ကလေးငိုရင်းငိုရင်း ပင်ပန်းမှာစိုးလို့ပါ .. အဖျားကြီးသွားမှာ စိုးလို့ပါ .. ဆေးတိုက်ရတော့ .. ချက်ချင်း ဆေးရှိနှတက်ပြီး ကလေးသက်သာတာပေါ့ ဒေါက်တာ .. ကလေးကို သေချာ နားကြပ်တွေ ဘာတွေနဲ့ စမ်းကြည့်ပြီးမှ .. ဆေးအချိန်အဆကို ပြောပြပေးပါ ဒေါက်တာ ..”

ဒေါက်တာအောင်မြင်မှာ ပြုံးနေလျက် ဦးမြမှိုကို နားလည်စိတ်ဖြင့် ကြည့်ရှုပါ၏။ သမီးကို ချစ်တာပဲသိလျက် ..။ ဆရာဝန်ကို ဆရာပြန်လုပ်သည့်လေသံလည်းပါ ..။ အားကိုးသည့်လေသံလည်းပါ ..။ ကလေးကို သေချာစမ်းသပ်ဖို့ အထပ်ထပ်မှာပြီးမှ .. ဆေးတွေညွှန်းဖို့လည်း ပြောနေသမျှ .. ဒေါက်တာအောင်မြင် ခမျာ .. နားလည်စိတ်ဖြင့် ပြုံးကြည့်နေသည်ပါပဲ ..။ ဦးမြမှို စိတ်ချမ်းသာအောင် ကလေးကို နားကြပ်ဖြင့် စမ်းကြည့်ဆေးရသည်။

နောက်တော့ .. ကလေးအတွက် ချောင်းဆိုးလျှင် သောက်ရမည့်ဆေးရည်နှင့် အညွှန်း ..။ ဖျားလျှင်သောက်ရမည့် ဆေးရည်နှင့် အညွှန်း ..။ လေနာလျှင် သောက်ရမည့် ဆေးရည်နှင့် အညွှန်းတွေကို ဆေးပုလင်းလေးတွေမှာ မြန်မာလို စက္ကူထက်မှာရေး၍ ပြန်ကပ်ရ ..။ ပေးလိုက်ရသည်ပါပဲ ..။ မလုပ်ပေး၍လည်း ဖြစ်မှာမဟုတ် ..။ မလုပ်ပေးလျှင် ဦးမြမှို စိတ်ဖြောင့်ဖြောင့်ရှိမှာ မဟုတ်တာကို နားလည်နေရသည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ပဲပြုတ်သည်ကိုပင် .. အိမ်ရှေ့မအောင်ရန် ထွက်ရန် လုပ်သည့် ဦးမြမှီ အကြောင်းကြားထားရတာမို့ သမီးဖော အဘယ် မျှကြီး နေတာကို နားလည်နေရသည်ကိုး ..။

"မလိုအပ်ဘဲ ဆေးမတိုက်ရဘူး ဦးမြမှီ .. ကောင်းတာက တော့ .. ကလေးနေမကောင်းသလို ဖြစ်လာရင် .. ဆေး ခန်းကို လာပြတာ ပိုကောင်းတယ် .. ညအချိန်မတော်ကြီး ဆိုရင်တော့ .. အဲဒီဆေးလေးတွေကို ကျွန်တော်ညွှန်းသလို ဆေးရည်လေးတွေတိုက် .. ဟုတ်ပလား .. ပိုမတိုက်ရဘူး နော် .."

"ဟာ .. တန်ဆေး .. လွန်ဘေး ဆိုတာ ကျွန်တော်သိပါ တယ် ဒေါက်တာ .. စိတ်ချ .."

ဟု ဖြေကာ တပြုံးပြုံးနှင့် ကလေးကို ပြန်၍ကျောပိုးပိတ်စဖြင့် ရင်မှာပြန်အပ်၍ပိုး ..။ ဆေးပုလင်းတွေ ကြွပ်ကြွပ် အိတ်လေးထဲ သေသေချာချာထည့်၍ တရိုတသေကိုင်။ ဆေးဖိုး ရှင်းကာ .. ထီးကြီးဆောင်း၍ ဦးမြမှီ ပြန်သွားတော့ ဒေါက်တာ အောင်မြင်မှာ ငေးကြည့်ကျန်ခဲ့ရပါသည့်အဖြစ် ..။

ဦးမြမှီကတော့ .. အားကိုးရာ ဆေးဝါးများ ရှိနေ ချေသည်ပဲ .. ဆိုသည့် အတွေးဖြင့် .. ထီးရိပ်အောက်မှာ သမီး နှင့်အတူ တပြုံးပြုံးဖြင့် ချမ်းချမ်းမြေ့မြေ့ ပြန်ချေသည်တည် ..။

❤ ○ ❤



## အခန်း(၄)

"အင်း .. ကလေးက ငယ်ဘဝနဲ့တင် အမိအဖမဲ့ရရှာပေ တာကိုး .. စိတ်ထဲမကောင်းဘူးဗျာ .. အေးလေ .. ဘာ ကြောင့်ပဲလိုလို .. လိုတာရှိရင်တော့ အားမနာပါနဲ့ ဦးမြမှီ .. ကျွန်တော့်ကို ပြောစေချင်ပါတယ် .. ကျွန်တော် ဒီမှာရှိနေ တုန်း ရှိနေခိုက်ရယ်လို့ မဟုတ်ပါဘူး .. ကျွန်တော်ရန်ကုန် ပြန်သွားရင်လဲ .. ဟိုကိုလှမ်းပြောလို့ ရပါတယ် .. ဦးမြမှီ ဒီမှာ မုန့်ဟင်းခါး လာရောင်းကတည်းက စိတ်ရင်းဖြောင့် ကြီးဆိုတာ သိခဲ့ရတာမို့ .. ကျွန်တော် ခင်မင် .. သံယောဇဉ် ဖြစ်မိရတာလဲ ပါပါတယ် .. ဒါကြောင့် .. ဒီလိုသားချင်း ဆန်တဲ့ စကားမျိုးကို ပြောရတာပါ ဦးမြမှီ .."

ဟု ဦးမြိုင်သော် ပြောသည်။ မနက်စောစော မုန့် ဟင်းခါးတွန်းလှည်းကြီးနှင့် ရောက်လာကာ ယာယီရုံးခန်းသဘော ရှိနေပါသည့် အဆောက်အအုံထဲ ဦးမြမှီ မုန့်ဟင်းခါးပွဲနှင့် ကိုယ် တိုင်လာပို့တာမို့ ဦးမြိုင်သော်မှ ကလေးကိစ္စ စကားစုံသည့်ပုံမျိုး ဖြင့် မေးခဲ့ခြင်းပါ။ ကလေးက .. ကိုယ့်သမီးရင်း မဟုတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ဖုံးဖိ၍ မရနိုင်စကောင်းအောင် အိမ်နီးဝန်းကျင် ဆိုတာကြီး က သိထားကြတာမို့ ကိုယ့်ဘက်က ဖုံးကွယ်ထားဖို့ မသင့် ..။ ဒါကြောင့်လည်း .. ဦးမြမှိုမှ မမြင့်ချောကို ဇာတ်လမ်းဆင်၍ ပြောခဲ့သည့် လေသံအတိုင်းပဲ နှင်းယူရလျက်ဖြင့် ညီမ မမြရီ၏ ကလေးပါ .. ဟု ဆက်၍ပြောရ ..။ မရှိသည့်ညီမ၏ ကွယ်လွန်သည့်အဖြစ်မျိုးကိုလည်း ဆက်၍ပြောရနှင့် ဖြစ်သွားရသည်ပါပဲ ..။ လိမ်ပြောရတာမို့ စိတ်ထဲတော့ မကောင်း ..။ ဦးမြိုင်သော်၏ ဖြူစင်ဖြောင့်စင်းသော စိတ်ရင်းကောင်းကြီးကို သိထားရတာမို့ သူတော်ကောင်းကို ညာပြောရသလိုကြီး ဖြစ်နေသည့်အတွက် လိပ်ပြာမသန့်ချင် ..။ ဒါပေမဲ့ .. မလိမ်၍မှ မဖြစ်ချေသည်မို့ ညီမ သမီးဆိုသော အဆင့်ထိတော့ လိမ်ညာ၍ပြောရသည့် ဦးမြမှိုပါ ..။

ခုလည်း တရိုတသေ လိုက်ပွဲကအစ ယူလာကာ စားပွဲရှေ့မှာ ချလည်းချပေး ..။ ပခုံးပေါ်မှ တဘက်ဖြင့် ယင်ခမောင်းသလိုလည်း လုပ်ပေးနေရင်းဖြင့် ဦးမြမှိုမှာ ဦးမြိုင်သော်၏ နောက်ပါးဆီမှာရပ်လျက် ရှိနေရပါ၏။ ဦးမြိုင်သော် မုန့်ဟင်းခါးကို မြိန်မြိန်စားသည်။ စောစောက ဦးမြမှို ပြောပြထားသမျှကိုလည်း ယုံယုံကြည်ကြည် ရှိခဲ့ရသည်မို့ ဦးမြမှိုရင်ထဲမှ တောင်းပန်နေမိရသည်ပါပဲ ..။

"ကျွန်တော်လဲ ... ဆရာတို့ အလုပ်သိမ်းပြီး ရန်ကုန်မပြန်ခင်လေးလောက်မှာတော့ ဒီမှာပဲ မုန့်ဟင်းခါး ထွက်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ရတာပါ .. သမီးလေးက ငယ်သေးတော့ မချန်ရက်နိုင်ပေမယ့် ငွေလေးနည်းနည်း စုနိုင်လို့ပါ ဆရာ .."



ဟု ဦးမြမှို အမှန်စကားကို ဤတစ်ကြိမ်မှာတော့ လိပ်ပြာသန့်သန့်ဖြင့် ပြောပြနိုင်ပါသည့် အဖြစ် ..။

"ကျွန်တော့်မှာလည်း သားတစ်ယောက်ရှိတယ်ဗျ .. သားသမီးကို ချစ်တဲ့ ချစ်ဖေဆိုတာကို ကျွန်တော် ကိုယ်ချင်းစာပါတယ် ဦးမြမှို .. ကျွန်တော့်သားကို ကျွန်တော် အလွန်ချစ်တာပဲလေ .. သားနာမည်က ဟသ်ာတဲ့ .. နာမည်အပြည့်အစုံကတော့ ဟသ်ာရွှေတဲ့ဗျ .. အိမ်ကတော့ ဖိုးသာ .. ဖိုးသာနဲ့ ခေါ်ကြတာပဲ .. အလွန်စကားတတ်တဲ့ကောင်ဗျ .. အလွန်လဲ သဝန်ကြောင်တဲ့ကောင် .. သူ့ကိုချစ်မှ .. သူ့ကို အလိုလိုက်မှ .. အဲသလိုကောင် .."

ဟု ပြုံး၍ပြောသည်။ ဦးမြမှိုကတော့ တဘက်ဖြင့် ယပ်ခတ်သလို ခတ်ပေးနေရင်း ပြုံးကာ တရိုတသေပုံဖြင့် နားထောင်ရှာပါ၏။

"ကဲ .. ဦးမြမှို .. ကျွန်တော် ဖြည်းဖြည်းဆက်စားမယ် .. လိုက်ပွဲကိုလဲ ကုန်အောင်စားပါ့မယ် .. မစားရတာကြာပြီဗျ ဦးမြမှို လက်ရာ .. စားကောင်းလိုက်တာဗျာ .."

ဟု ပြောကာ ရေနွေးကြမ်း သောက်သည်။

"ရောင်းစရာရှိတာ သွားရောင်းလိုက်ပါဗျာ .. ကျွန်တော်စားပြီးရင် .. အလုပ်သမားကောင်လေးတစ်ယောက်ယောက်နဲ့ ပန်းကန်အပို့လွှတ်လိုက်ပါ့မယ် .."

ဟု ပြောတာမို့ ဦးမြမှို ခပ်ယို့ယို့ အခန်းထဲမှထွက်သည်။ သစ်ရိပ်အောက်သို့ ပြန်ရောက်ကာ မုန့်ဟင်းခါး ရောင်းဖြစ်၏။ သိပ်မကြာလိုက် ..။ မုန့်ဟင်းခါး ပြတ်သွားရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြိုင်သော် မုန့်ဟင်းခါး ပန်းကန်လေးတွေ ပြန်ပို့နိုင်ပြီး သိပ်ပင်မကြာလိုက် ..။ မုန့်ပြတ်သည်မို့ တွန်းလှည်းလေးတွန်း၍ ဦးမြမှီ ပြန်သည်။ နောက်နေ့အတွက် ဈေးတစ်ခါတည်း ဝင်သုံးသည်။ ပြီးတော့ အိမ်ပြန်ခဲ့ပါ၏။ အိမ်နားနီးတော့ တဖြည်းဖြည်း ကြားလာရသည်က .. သမီးလေး၏ငိုသံ ..။ ရင်ထဲ ထင့်ခနဲဖြစ်၏။ ခြေလှမ်းသုတ်သုတ်ဖြင့် တွန်းလှည်းကို အားစိုက်တွန်းကာ ခပ်သွက်သွက်ပြန်ရသည်က ကလေးဖျားနေပြီလားဆိုသည့် စောဖြင့်ပါ ..။

အိမ်နှင့်နီးလာလေ ..။ ကလေးငိုသံက ပိုကျယ်လာလေ ..။ တွန်းလှည်းကြီး အိမ်ရှေ့ထိုးရပ်ကာ ခပ်သုတ်သုတ် မမြင့်ချောတို့၏ အခန်းသို့ အမောတကောကြီး ဝင်ချလာရင်းမှ ဦးမြမှီ မျက်စိမျက်နှာ ပျက်ပျက်ဖြင့် မမြင့်ချောနှင့် သမီးကိုကြည့်သည်။ မမြင့်ချော ခမျာမှာလည်း ကလေးငိုနေချိန်ကြီးမှာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဦးမြမှီ ရောက်လာတာမို့ မျက်နှာမကောင်းရှာ ..။ သူများကလေးကို ကူညီလိုစောဖြင့် ထိန်းပေးကာမှ မျက်နှာမရ .. အပြစ်ရတော့မည့်ကိန်း ဆိုက်နေပြီဆိုတာကဖြင့် ဦးမြမှီ၏ မသာမယာဖြစ်နေသည့် မျက်နှာကြောင့်ပင် သိသာနေပါပြီ ..။

ကလေးကို ပွေ့ပိုက်ရင်း အိုအိုအေးအေး အသံပေး၍ ချော့နေပါသည့် မမြင့်ချောကို ဘာမျှမပြောတော့ဘဲ ကလေးကို မျက်နှာညိုကြီးနှင့် ယူပွေ့ကာ နဖူးစမ်း ဘာစမ်းနှင့် အရင်လုပ်နေသည်က ဦးမြမှီပါ ..။ ကလေးက .. ကိုယ်တော့ မပူ ..။ ခါးလေးကော့၍ အသံခြစ်ငိုနေသည်။ နို့ဘူး ယူတိုက်တော့လည်း မသောက် ..။ ဦးမြမှီ ခေါင်းမီးတောက်လျက် သမီးကို ကျောစမ်း ရင်စမ်းဖြင့် ပျာယာခတ်စ ပြုလာပြီ ..။



မျက်နှာငယ်လေးဖြင့် မမြင့်ချော ဦးမြမှီကိုကြည့်ကာ ..

"မကြာသေးဘူး ဦးမြမှီ .. မြကျေးချိုလေး စောစောကမှ စ,ငိုတာ .. ဘာဖြစ်မှန်းကို မသိလိုက်ရတာ .. ငိုတာကတော့ အသံကုန်ပဲ .. ချော့လို့ကို မရဘဲ ဖြစ်နေတာ .."

ဟု ပြောရှာသည်။ ဟုတ်လည်း ဟုတ်သည်။ အစောပိုင်းတုန်းကတော့ နို့ဘူးစို့ ..။ အိပ်လည်းအိပ် ..။ အားလုံး အဆင်ချောနေသည်။ အိပ်ရာကလည်းနိုးလာ .. ငိုလည်းငိုနှင့် ချော့မရ ပြုရမနှင့် ချွေးပြန်နေရသည်က မမြင့်ချောပါ ..။ အရေးထဲ .. အဖေလုပ်သူကလည်း မုန့်ဟင်းခါး စောကုန်ပြီး ပြန်လာလိုက်ပြန်သည့်အဖြစ် ..။

"ကျွတ် .. ကျွတ် .. ဖေကြီးကို လွမ်းလို့လား .. ဟုတ်လား .."

နှင့် ဦးမြမှီ မြူကြည့် ချော့ကြည့်သေးသည်။ မရ။ ကလေးက ခါးလေးကော့ ငိုနေဆဲ။

"ဘာဖြစ်မှန်းကို မသိတော့ပါဘူး ဦးမြမှီရယ် .."

ဟု ခပ်ညည်းညည်း မမြင့်ချော ပြောမိုက် ဆတ်ခနဲ ဦးမြမှီ ကြည့်လာသည်။ ကလေးအငိုမရပ်ဘဲ ရှိလေလေ ..။ မျက်စိ မျက်နှာကြီး ပျက်ကျလာလေလေ ရှိနေရာမှ ..

"နို့ အစကပြောတော့ .. ကလေးအကြောင်း သိပါတယ်ဆို .. မောင်လေး ညီမလေးတွေ ထိန်းခဲ့ရတာပါဆို .. ခု ဘာဖြစ်မှန်း မသိတော့ဘူးလား .. ခု .. တစ်ရက်တောင်မပြည့်သေးဘူး .. ကလေးက .. အဖေလက်ထဲ ခဏမနေဘဲ ရှိလိုက်ရတာနဲ့ ဖြစ်နေရပြီ .. တစ်ခုခု .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ကလေးဆောနှင့်ပြောတော့ မမြင့်ချော မျက်ရည်ဝဲလာသည်။ ကိုယ်က စေတနာထား၍ လုပ်ပေးမိခဲ့သမျှ .. စကျတော့ အပြစ်ဖို့ခံနေရတာပဲ ရှိနေသည်ကိုးလေ။ ဒါပေမဲ့ .. ဦးမြမိ၏သမီးဇောကြီးနေတာကိုလည်း နားလည်ပေးလျက် မမြင့်ချော ခွင့်လွှတ်ပေးရှာသည်ပါပဲ ..။

"ပေး .. ပေး .. ကျွန်မ ချော့ကြည့်ပါဦးမယ် .."

ဟု ကလေးကို အငိုတိတ်အောင် ချော့နိုင်ဖို့ လက်ကမ်းတော့ ဦးမြမိ ကလေးကို တိမ်းသည်။ မပေး ..။

"ချော့နိုင်ရင် .. စောစောကတည်းက တိတ်ပြီပေါ့ဗျ .. ဒီအငိုကြီး ဒီအတိုင်း ဆက်နေပါ့မလား .. ကြည့်ပါဦး ကလေးမှာ ချွေးတွေတောင် နစ်လာနေပြီ .."

ဟု ငိုကြောဆက်နေသည့် ကလေးခမျာ ချွေးပြန်နေသမျှကို ငုံ့ကြည့်ရင်း ဒေါသသံနည်းနည်း ဝင်လာလျက် ဦးမြမိ ပြောကာ ဆောင့်အောင့်လျက် ခြေသံပြင်းပြင်းဖြင့် လျှောက်လည်းလျှောက် .. ကလေးကိုလည်း ကိုယ့်အခန်းကိုယ် ပြန်ခေါ်ချသွားပါပြီ ..။ မျက်နှာငယ်လေးဖြင့် မမြင့်ချော မျက်ရည်ဝဲကျန်ခဲ့ရသည်ပါပဲ ..။

"တိတ် .. တိတ်ပါကွယ် .. အို .. အေးအေးအို .. ကြည့်ပါဦး .. မောနေလိုက်တာ သမီးလေးရယ် .. နောက်နေ့ အဖေ မုန့်ဟင်းခါး မထွက်တော့ဘူး သိလား .. အဖေကြီး သမီးနဲ့ အဖေကြီး နေမယ် .. ဟုတ်ပြီလား .. တိတ် .. တိတ် .."



နှင့် ချော့မော့နေသည်မှ မျက်ရည်တွေလိုက်ကျနေလျက်ဖြင့်ပါ ..။ အဖေလက်ကို သိသည်ဆိုရမည်လား မသိ ..။ နည်းနည်းတော့ အငိုလျော့လာသည်က မြကျေးချိုလေးပါ ..။ နို့ဘူးတိုက်တော့ မစို့ ..။ အငိုရှိန်ကျန်နေလျက်ဖြင့် ရှိုက်ရှိုက်နေသေးသည့် အဖြစ် ..။

"ဗျို့ မမြင့်ချော .. ကလေးငိုတာ လေအောင့်လို့လား .. အဲဒါကြောင့်များလား .. ဟုတ်တယ် ဆိုရင် .. ကျွန်တော့်မှာ ဆေးရည်ရှိတယ် .."

ဟု တစ်ဖက်ခန်းကို အသံမြှင့်၍ မေးတော့ မမြင့်ချော မျက်နှာငယ်လေးဖြင့် ရောက်လာရှာသည်။

"လေထိုးတယ်လို့တော့ ထင်မိတယ် .."

ဟု ခပ်တိုးတိုး ဖြေတော့ ဦးမြမိ မျက်နှာတည်ကြီးဖြင့် ကြည့်လာရင်းမှ ..

"အစက ပြောတုန်းကတော့ .. ကလေးထိန်းဖူးပါတယ်ဆို .. သိပါတယ်ဆို .. ခု .. မသိတော့ဘူးလားဗျ .. ပြောတုန်းကဖြင့် ဒေါက်တာကျနေတာပဲ .. သမားတော်ကြီးကျနေတာပဲ .. ကလေးအထူးကုလေသံနဲ့ ပြောနေလိုက်တာ .. ခုကျတော့ ထင်တာပဲ ဖြစ်လာပြီ .."

ဟု ပြောလာတော့ မမြင့်ချော ရင်ထဲ မကောင်းနိုင်တော့ ..။ ဒီလောက်ကြီး ရန်လုပ်ခံနေရတော့လည်း လုပဲလေ ..။ မမြင့်ချောလည်း စိတ်ထိမခံချင် ဖြစ်လာရသည်။

"နေစမ်းပါဦး .. ရှင့်သမီးကို ကျွန်မက တမင်လေထိုးအောင် လုပ်လိုက်လို့လား .. စေတနာနဲ့ ကလေးထိန်းပေးတာ .."

www.burmeseclassic.com



မတရားလုပ်တာကြီးကိုဖြစ်လို့ .. ကျွန်မလည်း .. ကျေးချို လေး လေနာတယ်ထင်လို့ လင်းနေမြစ်တောင် သွေးလိမ်း ဝေးထားသေးတယ် .. ကလေးရဲ့ဗိုက်ကို ..”

ဟု ဖြေကာ မျက်နှာမကောင်းနိုင်တော့ဘဲ အခန်း ပြန်သွားတော့ ဦးမြမှီ မျက်နှာတင်းမပျက်ဘဲ ကျန်ခဲ့သည်။ အားနာရမှန်းပင် မသိ ..။ ကလေးကို ခင်နှီးထုပ်လေးပြန်ဖြေ ..။ ဗိုက်ပေါ်မှာ လိမ်းထားတာတွေကို ရေဝတ်ဖြင့်ပြောင်အောင်သုတ်ပစ်သည်။

“အဒါကြောင့် ကလေးက ပိုဆိုးနေတာလားမှ မသိတာ .. အနာနဲ့ ဆေးတည့်ရင်ကလေး အငိုရပ်ပြီပေါ့ .. တတ်ယောင်ကားကြီးလုပ်ပြီး သမီးလေးကို ဟိုဟာတွေ သွေးလိမ်း ဒီဟာတွေ သွေးလိမ်းတာ ကောင်းသလား .. ကလေးကို ဆေးခန်းသွားပြလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ .. ကိုယ်မသိ .. မသိဘူးပေါ့ .. သိတဲ့ဆရာဝန်ပြပေါ့ .. ပြန်လာတော့ ငါ ဆေးဖိုးပြန်ရှင်းပေးမှာပေါ့ .. ဓဏစိုက်ထားပါ့လား ..”

နှင့် ဗျစ်တီးဗျစ်တောက် ရွတ်နေသည် ..။ ကလေးကို လေဆေးရည် ဇွန်းလေးဖြင့် တိုက်သည်။

“ခု .. ဆေးခန်းက ပိတ်နေပြီ .. ညနေထိ စောင့်နေရတော့မှာ .. ကလေးမသက်သာရင် ဘယ့်နှယ်လုပ်မလဲ .. သူ့သမီးမဟုတ်တိုင်း ပေါ့ပျက်ပျက်နဲ့ တာဝန်လျှော့လိုက်တာ.. သူ့သမီး ဖြစ်ကြည့်ပါလား .. ဆေးခန်းပြပြီးရောပေါ့ .. ကိုယ့်ရင်သွေးမဟုတ်တော့ .. အပူအပင် ဘယ်ထားပါ့



မလဲ .. ကြည့်စမ်း .. ငါ့သမီးလေး ငိုထားလိုက်ရတာ .. အရွယ်နဲ့မမျှ ပင်ပန်းရှာတယ် ..”

နှင့် အခဲမကျေနိုင်ဘဲ ဒေါသကိုသွန်၍ တောက်လျှောက် ပွစိပွစိ ရွတ်နေသည်။ ကလေးငြိမ်သွားတော့မှ နည်းနည်း စိတ်ထဲ သောကဒဏ်ပိတာ အတန်အသင့် လျော့ပါးစပြုၡ၏။

“တွေ့တယ် မဟုတ်လား .. ငါ .. ဆေးတိုက်လိုက်တော့ ကလေးမျော အနာနဲ့ဆေး သင့်တာမို့ ... သက်သာရှာရော.. အဲဒါပြောတာပေါ့ .. သမီးကို ငါခွဲထားလို့ကို မဖြစ်ဘူး ဆိုတာ ..”

ဟု ခုမှ မောရမှန်းသိလျက် ခပ်လှမ်းလှမ်း ရှိနေပါသည့် ဈေးခြင်းကိုကြည့်မိ ..။ မနက်ဖြန် မုန့်ဟင်းခါးမထွက်ဖြစ်တော့ပြီ ဆိုတာကိုလည်း နားလည်နေရလျက် ..။ ဝယ်ထားသမျှ အရင်းထဲက ပါကုန်ပြီ ဆိုတာကိုလည်း စိတ်မောမောဖြင့် တွေးမိရပြန်ပါသည့် အဖြစ် ..။

“ပြောတုန်းကတော့ .. နားကြပ်ချိတ်ထားတဲ့ ဆရာဝန်မကျလို့ .. ညွှန့်နေတာပဲ .. ခုကျတော့ .. လေနာတယ်ထင်လို့ လင်းနေမြစ်သွေးလိမ်းထားတာပဲ တတ်တယ် .. အလကား .. ခုကြည့် .. ငါ့မှာ .. သူ့လေကြောမိပြီး အဟုတ်မှတ် .. နောက်နေ့အတွက်တောင် ဈေးဝင်ဝယ်ခဲ့ပြီ .. ဘယ့်နှယ်လုပ် မုန့်ရောင်းထွက်ဖြစ်မလဲ .. မုန့်ဟင်းခါးဆိုတာ .. ရောင်းဖို့ဝယ်ပြီဆိုရင် .. အရင်းနည်းတာ မဟုတ်ဘူး .. မမြင့်ချော လေကြောထဲ ငါပါသွားမိတာ မှားတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ယောက်တည်း တွေးသည်။ ကလေးအိပ်ပြီမို့ ခုတင်ထက်မှာ ဖြည်းဖြည်းချ ..။ စောင်ပါးလေး ခြုံပေးပြီး ခုမှ စိတ်မော ကိုယ်မော ဖြစ်နေသမျှ အခန်းထောင့်ထိုင်ရင်း ဆေးလိပ်ဖွာနေမိရပါသည့် အဖြစ်။ ဆေးလိပ်တစ်ဝက်ကျိုးတော့ သမီးကို လှမ်းကြည့်သည်။ ကလေးက ငြိမ်နေ၏။ စိတ်ထဲ ရန့်မကောင်းချင်ပြန် ..။ ဘုရားရေ ..။

ကလေးများ သတိမေ့နေသည်လားမသိ ..။ မျက်စိတွေ ပြာခနဲ့ဖြစ် ..။ ကုန်းရုန်းကြိုး၍ထကာ သမီးရှိရာခုတင်သို့ လှမ်းခနဲ ရောက်ရ ..။ ကိုယ်ကြီးကိုင်း၍ မျက်တောင်မခတ်အသက်ပင် မရှူနိုင်ဘဲ ကြည့်မိရပါပြီ ..။ ကလေးက အရမ်းကို ငြိမ်နေသည်။

ခုလိုကျတော့လည်း ကိုယ်တစ်ယောက်တည်း ဘာမှန်းမသိ ဖြစ်နေပြီ ..။ ကလေးမေ့နေပြီဟု လန့်လန့်ဖြင့် တွေးဖောဖြင့် ကြည့်နေပြန်တော့လည်း အိပ်နေသည်ဟု ထင်သည်။ အိပ်နေသည်ပဲဟု တွေးလိုက်ပြန်တော့လည်း ငြိမ်လွန်းနေတာမို့ မေ့မြောနေသည်ဟု ထင်ပြန်သည်။ ဘာမှကိုမခွဲခြားနိုင်ဘဲ ပူပန်သည့်ဖောက လူကိုထုပ်ပိုးအုပ်မိုးထားသည့်နှယ် ဖြစ်လာရလျက် ဖောချွေးတွေနစ်ကျ လာရပါ၏။

ခုလိုကျတော့လည်း အားကိုးရာအဖြစ် မမြင့်ချောပဲ ပြေးမြင်ရပြန်သည်။ ဖောဖောက မကျေမချမ်းဖြင့် မြည်တွန်တောက်တီးခဲ့ပေမယ့် လောလောဆယ်မှာကျတော့ အားကိုးရာအဖြစ် မမြင့်ချော တစ်ဦးတည်းကိုသာ ပြန်မြင်နေရသည်က ဦးမြမှီပါတည့် ..။



"ဗျို့ မမြင့်ချော .. ကလေး လာကြည့်ပါဦးဗျ .. ကလေး မေ့နေတာလား .. အိပ်နေတာလား .. ကျွန်တော် .. မခွဲခြားတတ်တော့လို့ .. ဘုရား .. ဘုရား .. ကိုယ်ကျိုးတော့ နည်းပြီထင်ပါရဲ့ .."

ဟု လှမ်းအော်တာမို့ မမြင့်ချောမှာ မနေသာ ..။ [illegible]လာရပြန်သည်ပါပဲ ..။ ဦးမြမှီကို တွေ့တော့လည်း မျက်နှာ[illegible] ပျက်နေသည်မှ အသားတွေ ဖြူဆုတ်ကုန်လျက် နှုတ်ခမ်း[illegible]တွေပါ ဖြူလာသည်အထိ ဖျော့ကျနေသည်မို့ ဦးမြမှီကြီးအတွက်[illegible] မမြင့်ချောမှာ စိတ်ပူလာရပါပြီ ..။

ရှင့်ဘာသာ ရှင်ကြည့်ပါလား .. ရှင်က .. ရှင့်သမီး[illegible]အားလုံး သိနေတာပဲ ဥစ္စာ .. ဟု ရန်ထောင်ပစ်ဖို့ ပထမ[illegible]ကလေးဖြင့် စိတ်ကူးလိုက်မိပေမယ့် လက်တွေ့မှာ ဖြစ်မလာ[illegible] ..။ ကလေးအတွက်ရော .. ဦးမြမှီ အတွက်ရော စိတ်ပူလျက်[illegible]၍ ကလေးကို ကြည့်ရသည်ပါပဲ ..။

"ဘာ .. ဘာဖြစ်နေတာလဲ .."

ဟု ကလေး ဘာဖြစ်နေသည်ဆိုတာ မသိဘဲ ရှိလေ[illegible] .. ကတုန်ကယင်ကြီး ဖြစ်လာလေဖြင့် ဦးမြမှီ မေးတော့[illegible]ချော မျက်စောင်းတစ်ချက်ခဲ၍ ..

"ကလေး အိပ်နေတာရှင့် .. ရှင့်ကြောင့် ကျွန်မသွေးတောင် လန့်နေရပြီ သိရဲ့လား .. ကိုယ့်ကလေး ဘာဖြစ်လို့ ဖြစ်နေမှန်း မသိတဲ့လူကြီး .. ပြီးတော့ .. သူများကိုကျတော့ .. သူ့ကလေး ဘာဖြစ်နေတာကို ဒက်ခနဲမသိနိုင်ရကောင်းလားလို့ အပြစ်ဖို့သေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မမြင့်ချော မျက်စောင်းဖြင့် ကြည့်လည်းကြည့် .. ရွာလည်းရွာ ..။ ပြန်လည်း ပြန်ရသွားတော့ ဦးမြမို ငြိမ်ကျန်ခဲ့ ချေသတည်း ..။

❤○❤



## အခန်း(၅)

"ဦးမြမိုကြီး ဒီလောက် ရိုင်းမယ်လို့ မထင်မိဘူး မြင့်ချော .. ဘယ့်နှယ်ကွာ .. သူ့ကလေးကို ငါတို့က ချစ်လို့ထိန်းပေး တဲ့ကိစ္စ .. သူ .. မုန့်ဟင်းခါး အရောင်းထွက်နိုင်အောင် ကူညီတဲ့ကိစ္စ .. အဆင်မသင့်လို့ ကလေးလေးနာပြီး ငိုတာ, ကို .. ငါ့မိန်းမကို အပြစ်ဆိုရမလား .. စေတနာမျက်နှာကို တော့ ထောက်ရမှာပေါ့ .. ဗုဒ္ဓဟူးက သူစိတ်တိုင်းမကျ ဖြစ်တိုင်း သူများသားမယားကို နိုင်ထက်စီးနင်း အပြစ်တင် စကား ပြောတာဆိုတော့ .. ငါတို့ကို စော်ကားရာကျ တယ် .. ယောကျ်ားဖြစ်တဲ့ ငါ့ကိုလည်း လူမထင်ရာရောက် တယ်ကွ .. နောက်ကို သူ့သမီး တစ်ခါလေးပဲ သွားကြည့် ကြည့် .. ငါ့အဆိုးမဆိုနဲ့ .. သူ့သမီးနဲ့ ကင်းကင်းနေ .. သူနဲ့လည်း ကင်းကင်းနေ .. အိမ်နီးချင်းမို့ သားချင်းလို ထားတဲ့ဥစ္စာ .. လူပါးဝတာ ကောင်းသလား .."

မယားစောဖြင့် ကိုသိန်းဆောင် စပ်ပြုတ်ပြုတ် ပြော သမျှ အားလုံးကို တစ်ဖက်ခန်းမှ ဦးမြမိုကလည်း ကြားနေသည်

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ ..။ ကြားအောင်လည်း တမင့်ကို အသံမြှင့်၍ ပြောခြင်းဆို တာ ဦးမြမှီ သိသည်ပေါ့ ..။ ညနေဘက် ကိုသိန်းဆောင် အလုပ် က ပြန်လာတော့ ကြည်ကြည်လင်လင်ပါ ..။ အိမ်ရောက်တော့ ကလေးကိစ္စ မေးသည်ထင့် ..။ ကလေး နေသည်လားပေါ့ ..။ အဆင်ပြေသည်လားပေါ့ ..။ မယားဖြစ်သူ မမြင့်ချောမှ မျက်နှာ မလန်းဘဲ အဖြစ်စုံ ပြောပြတော့ ဒေါသဖြင့် အပြတ်ပြောလိုက် သည်ပါပဲ ..။

"ကျွန်မလဲ .. ကလေးကို ဒေါက်တာဦးအောင်မြင် ဆေး ခန်း သွားပြမလို့ပါပဲ ကိုသိန်းရယ် .. ဒေါက်တာက ဒီနေ့ ကျမှ ဆေးခန်းပိတ်သတဲ့လေ .. သူ့မိဘများရှိတဲ့ တောင် ကြီးကို ခဏပြန်တယ်လို့ ဆေးခန်းပိုင်ရှင် ဒေါ်ကြီးစိန်က ပြောပြတာပါပဲ .."

ဟု မမြင့်ချော ပြောပြနေတာကို ကြားတော့ ဦးမြ တစ်ချက် နောင်တဖြစ်ရသည်။ အခြေနေမှန်ကို ဂဃနဏမသိ ခင်မှာ အပြစ်တင်စိတ် ဈေးသွားတာကို တစ်ချက်တော့ အနေကြ ချင်သည်။ နောက်တော့လည်း ဟင်းခနဲ သက်ပြင်းရှိုက်၍ ..

"မတတ်နိုင်ဘူးကွာ .. ငါလည်း လွန်ခဲ့ပြီးပြီ .. စကားပြေ လူရော ရှိင်းခဲ့ပြီးပြီ .."

ဟု စိတ်ထဲ မကောင်းနိုင်ဘဲဖြစ်ရ ..။ သွားတော ပန်ရမှာကျတော့လည်း ကိုသိန်းဆောင် ပြောသည့်နယ် ပြောရလျှ ဖြင့် ကိုယ်က သူများဈေးတနာ ဆော်ကားခဲ့တာမို့ ဘယ်လိုရ နာထား၍ သူတို့ရှေ့ သွားရပ်ရမှာကိုပင် မသိနိုင်ဘဲ မျက်နှာပူ ကိန်းကြီး ဖြစ်နေရတာမို့ မသွားရဲပြန် ..။



"အေး .. နောက်ကို .. သူတို့သားအဖ .. ဘာပဲဖြစ်နေ နေ .. သွားကူမယ်တော့ မကြံနဲ့ .. ဒီလောက် မသိဆိုး ဝါးရိုင်းတဲ့ လူမျိုးကို အပေါင်းအသင်းတောင် မလုပ်အပ် ဘူး နားလည်ရဲ့လား .. လူက မုန့်ဟင်းခါးလောက်ရောင်း ရလို့ .. စတိုးဆိုင်လောက်များ ဖွင့်ရရင်ဖြင့် .. အတော် စကားကြောရင့်မယ့်သူမျိုး .."

ဟု ပြောနေသံ ..။ နောက်ဖေးဘက်သို့ လျှောက် သွားသံ ကြားရသည်။ မမြင့်ချော အသံကိုတော့ မကြားရ ..။ စိတ်ညစ်နေပုံရလျက် နှုတ်ဆိတ်စိတ်မောနေမည်ဟု ဦးမြမှီ တွေး မိရသည်ပါပဲ ..။ မကြာလိုက် ..။ ကိုသိန်းဆောင်တို့ နောက်ဖေး ဘက်ဆီမှ ရေလောင်းသံ တဗွမ်းဗွမ်းကို ကြားရသည်။ ကိုသိန်း ဆောင် ရေချိုးချေပြီထင့် ..။ မကြာမီ ထမင်းစားကြချေလိမ့်မည်။ သို့ပင့်မှာသာ ထမင်းလည်းမေ့ .. ဟင်းလည်းမေ့နေရလျက် မမေ့ ဘာက သမီးဆော တစ်ခုပဲ ဖြစ်နေရသည်တည့် ..။

တစ်အောင့်လောက်ကြာတော့ ကိုသိန်းဆောင်တို့ အခန်းဘက်ဆီမှ ထမင်းစားရင်း စကားပြောနေကြသံကို ဆက် ကြားရပြန်သည်။

"ငါ ပြောထားတာ တည်ပေ့စေနော် .. သူတို့သားအဖနဲ့ ကင်းအောင်နေ .. မကောင်းရင်တော့ .. ငါ့အဆိုးမဆိုနဲ့ .. ငါက နင့်လင် .. သူက နင့်လင်မဟုတ်ဘူး .. သူနဲ့သူ့ သမီးက ငါ့စကားထက် ပိုအရေးမကြီးဘူး ကြားရဲ့လား .. သူ့ကိစ္စပဲ ငါတို့မှာ စိတ်ဝင်ဝင်ပူပေးနေမိခဲ့ရတာ ရင်ထဲ တောင် နာတယ် .. ပဲပြုတ်သည်နဲ့ ရန်ဖြစ်လိုပြစ်နဲ့ ငါ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်တားရင်း ထမင်းတစ်အိုးလဲ ပျက်ခဲ့ရပြီးပြီ .. ခု .. ငါ့မယားကို သူ့မယားကျနေတာပဲ .. ပိုင်ပိုင်နင်းနင်း ကြိမ်းလှား မောင်းလား .. ဆူလား ငေါက်လားနဲ့ .. ညည်းကလဲ .. ညည်းလင်ဆူတာ ကျနေတာပဲ .. ပြန်ပြောပါလား .. ငြိမ်ခံနေလိုက်တာများ လင်ဆူတာကို ပြန်မပြောဝံ့တဲ့မယားကျလို့ .."

"ကိုသိန်းနော် .. စကားကို ဆင်ခြင်ပြော .. သူဆိုးတာနဲ့ ကျွန်မကို ဒီလောက်ကြီးထိ ရှင်ကပါ ရောဆူနေရလား .."

ဦးမြမို့ ကြားရတာတွေ ရင်ထဲမကောင်းနိုင်တော့တာမို့ ကလေးကောက်ပွေ့ပြီး အိမ်ပြင်ထွက်နေလိုက်ရပါပြီ ..။

"သူ ရိုင်းတာကျတော့ မသိဘူး .. ငါ့ကိုများ သူ့မယားနဲ့ ပေးစားသလိုကြီး ပြောနေလိုက်တာ .. တော်ပြီ .. တော်ပြီ .. ငါလဲ .. ကင်းအောင်နေမယ် .."

ဟု ခပ်ပြင်းလျက် မျက်နှာတင်းရင်း တွေးမိပေမယ့် ကိုယ့်ဘက်က သူများစေတနာကို စော်ကားခဲ့မိတာမို့ ခံရသည့်ဘက်က မခံချင်စော့နှင့် ပြောခြင်းဆိုတာကိုလည်း နားလည်နေမိရသည်မို့ ..။ တစ်ဖက်ကလည်း စိတ်ထဲမကောင်းနိုင်ဘဲ အားနာနေမိရပြန်သည်ပါပဲ ..။

ညစာကို အတော်ကြီးနောက်ကျမှ ဦးမြမို့ စားဖြစ်သည်။ ခါတိုင်းနေ့များလို တစ်ဖက်ခန်းမှ ကိုသိန်းဆောင်တို့လင်မယား ကိုယ့်အခန်း လာလည်တာမျိုး .. ကလေးကို လာချီတာမျိုး မရှိတော့ ရင်ထဲဟာနေသည်။ ကိုသိန်းဆောင်တို့အိမ်သို့ ရမယ်ရှာသွားလည်ရမှာ ကျတော့လည်း သူတို့ဘက်မီးတွေ စော



စောတ်ကာ တံခါးတွေ ပြတင်းတွေ အားလုံးပိတ်ပြီး ခပ်ပြတ်ပြတ်နေနေကြတာမို့ ကိုယ့်ဘက်က သွားရှုမဖြစ်ပြန် ..။

ညကိုးနာရီခွဲလောက်ကျတော့ သမီးလေး ငိုပြန်သည်။ ချော့၍မရ ..။ လေထိုးတာပဲဟု တွေးကာ ဆေးတိုက်ပေမယ့်လည်း အငိုကမရပ် ..။ နို့ဘူးတိုက်တော့လည်း မစို့ ..။ တငိုတည်းငိုနေတော့ ဦးမြမို့ ယောက်ယက်ခတ်မျှ စိတ်လက်ပူလာပြန်သည်။ ညနေဘက်တုန်းကလည်း ဆေးခန်းသွားဖို့ဆိုတာက .. ဒေါက်တာအောင်မြင့် ဆေးခန်းပိတ်ထားတာမို့ မသွားဖြစ်နိုင်ခဲ့ ..။ ကလေးကလည်း ရှောရှောရှုရှု။ နို့ဘူးတွေ ဘာတွေပင် စို့နေခဲ့သေးတာမို့ နေကောင်းနေပြီ မှတ်ခဲ့ပေမယ့် ..။ ခုမှ .. ညကြီးမင်းကြီး ထငိုနေသည့်အဖြစ် ..။ ကလေးကို နဖူးစမ်းလိုက် ချော့လိုက်ဖြင့်ရှိနေပေမယ့် ကလေးက ချွေးတွေနစ်နေအောင် ငိုနေသည်ပါပဲ ..။

"တိတ်ပါ သမီးရယ်၊ .. တိတ်ပါ .. ဘာဖြစ်နေလဲ သမီးရ .. ဗိုက်နာနေလား .. နေ .. နေ .. ဖေကြီးပရုတ်ဆီလူးပေးမယ် .. ဟုတ်ပလား .."

စိတ်ထဲထင်ရာ မရုတ်ဆီတွေ ဗိုက်ရော ကျောရောလူးပေး ..။ ခင်းနှီး ပြန်ထုပ်ပြီး ချော့ပေမယ့် မရ ..။ ပိုဆိုးလာသည်။ ပိုငိုလာသည်။

"တိတ်ပါ သမီးလေးရယ် .. တိတ်ပါကွယ် .. ဖေကြီးသီချင်းဆိုသိပ်မယ် .. ဟုတ်ပလား .. ဟော့ .. ဟော့ .. ဆိုပြမယ်ကွ .. ဆိုပြမယ် .."

ဘယ်သီချင်း ဆိုရမှန်းပင် မသိ ..။ ကိုယ်ဘာသိပ်ပြီးတော့လည်း သီချင်းတွေ ဘာတွေ ပိုင်ပိုင်နိုင်နိုင် ရှိလှတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်..။ နောက်မှ .. ကိုယ်ရထားသည့် သီချင်းလေး သွားသတိရကာ ကောက်ဟဲလိုက်ရပါသည့်အဖြစ်။ ငယ်တုန်းကတော့ ဤသီချင်းကို အတော်လေး အာတွေ့ခဲ့ဖူးသည်လေ ..။ ဝိုင်အမ်ဘီအေ ဆရာတင်၏ မိုးကိုဒူးနဲ့တိုက်မယ် သီချင်း ..။

"ဟလို .. အောင်မာ .. ဟား .. ဟား .. ဟား .. ဟား .. ဟား .. ထိုးမင်ကြောင် ဆံမြိတ်ကွင်းနဲ့ သိမ်ဖျင်းပြီးတော့ ခေတ်နောက်ဝယ် .. သဘာဝတရားရယ် .. ကာလနဂါးနယ် .. စိတ်သောကနဲ့ ငြော် .. အိပ်မောကျနေပါတဲ့ အဆွေတော်ရယ် ..."

ကလေးက ပိုငိုလာသည်။ ကလေးသာမက လူကြီးပါ ချွေးတွေနစ်လာနေသည့် အဖြစ် ..။

"မော်တော်ကားလောက်တော့ အပျော့ထားပါတယ် .. လေယာဉ်ပျံတောင် ခြေမတင်ချင်တယ် .. ဝေဟင်နယ် .. ပိုက်ဆံရှိရင် မိုးကိုတက်ပြီး ဒူးနဲ့တိုက်ပြမယ် .."

ခပ်မြူးမြူးအပိုဒ်ကို ကောက်ကာငင်ကာ ဆိုပေမယ့် ကလေးက မိုးကိုဒူးနဲ့တိုက်တာလည်း မသိ ..။ လေယာဉ်ပျံလည်း မသိ။ ငိုတာပဲ သိနေတော့ ဦးမြမို ဟင်းခနဲ သက်ပြင်းချကာ ငိုင်ကြည့်သည်။ ကလေးဆိုတာ ငိုလျှင် သီချင်းနှင့် ချော့သိပ်လျှင် အိပ်သည်တဲ့ ..။ ကိုယ့်အသံက ကောင်းတာမဟုတ် ..။ အသံကောင်းလေးနှင့် ဆိုလျှင်တော့ ကလေး အိပ်သွားနိုင်သည်ဟု တွေးမိတွေးရာ တွေးကာ ကမန်းကတန်း ရေဒီယို ကောက်ဖွင့်ပြန်၏။ ဘာသီချင်းပဲမိမိ ..။ ကုလားသီချင်းပဲ မိမိ ..။ အင်္ဂလိပ်သီချင်းပဲ မိမိ ..။



မိချင်ရာမိ ..။ သီချင်းသံကြားလျှင် ပြီးရော ..။ မြန်မာ့အသံကတော့ ပြီးသွားပြီမို့ မြန်မာသီချင်းကိုတော့ သမီးလေးကို ဖွင့်မပြနိုင်တော့ပြီ ..။ ဟော .. တရုတ်သီချင်းသံ ကြားရပြီ ..။ ကလေးအနီး ခတ်ခဲရေဒီယိုလေးချ၍ တကျွတ်ကျွတ် စုတ်သပ်ချော့နေရင်း ကလေးကို သိပ်ပေမယ့်မရ ..။ သီချင်းပြောင်းဖွင့်ကြည့်မိပြန်သည်။ ကုလားသီချင်းတစ်ပုဒ် ..။ မရ ..။ ကလေးက စိတ်ပိုရှုပ်လာသည်ထင့် ..။ မျက်နှာလေး နီလာအောင် ငိုနေတော့ ဦးမြမို ရေဒီယိုကြီး ပြန်ပိတ်၍ ကလေးကိုပွေ့ကာ တစ်ဖက်ခန်းသို့ကူးဖို့ပဲ ဆုံးဖြတ်လိုက်ရပါပြီ ..။ မတတ်နိုင် ..။ ကိုသိန်းဆောင်တို့ စိတ်ဆိုးနေလည်း ရှိခိုးတောင်းပန်ဖို့ပဲ ရှိတော့သည်လေ ..။

ထိုအခိုက် တံခါးခေါက်သံနှင့်အတူ ..

"ကလေး ဘာဖြစ်နေတာလဲ ဦးမြမို .."

ကိုသိန်းဆောင်၏ မေးသံကြားရတာမို့ ကမန်းကတန်းပြေး၍ တံခါးဖွင့်ရပါပြီ ..။ နောက်ဆုံးကျတော့လည်း ကိုသိန်းဆောင်တို့ လင်မယား တင်းမခံသာကြသည်ပါပဲ ..။ ကလေး ဤမျှငိုနေမှတော့ .. ဘယ်နှယ်လုပ်၍ နေစိမ့်ရက်နိုင်ကြပါသည်တဲ့လဲလေ ..။

ကိုသိန်းဆောင် နောက်မှာ မမြင့်ချောကို တွေ့ရပါ၏ ..။ သူတို့လင်မယား ညနေက ပြောကြသည့်စကားတွေကို ကြားသည့်နယ်ပင် ဦးမြမို နေပြရပါ၏။ ဒါမှလည်း နှစ်ဖက်အနေခက်ရသည့်ကိစ္စက လွတ်မည်လေ ..။

"ဘာဖြစ်တာလဲ မသိပါဘူး ဗျာ .. ကလေးငိုလွန်းလို့ .. လေဆေးလည်း တိုက်တာပါပဲ .. မရပါဘူး .. ပရုတ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



လည်း လှုံးမေးတာပါပဲ .. ငိုတာပါပဲ .. အငိုတိတ်မလား လို့ ချော့တာပါပဲဗျာ .. ကြည့်ပါဦး မမြင့်ချောရာ .. ကလေးဘာဖြစ်နေလဲလို့ ..”

ဟု ပျာယာခတ်နေရင်း အားကိုးသလို ကိုသိန်းဆောင်နှင့် မမြင့်ချောကို ကြည့်သည်။ ညကြီးမင်းကြီး သီချင်းထဆိုလိုဆို ..။ ရေဒီယိုဖွင့်လိုဖွင့်နှင့် ဦးမြမို လုပ်နေသမျှ တစ်ဖက်ခန်းက ကိုသိန်းဆောင်တို့ လင်မယားမှာလည်း ကြားနေကြရတာမို့ အရူး ထနေသည်ဟုလည်း ပြောရအခက် ..။ ကလေးတစ်ယောက်နှင့် ဘာမှန်းညာမှန်း မသိဘဲ ကလေးချစ်တာပဲ သိပါသည့် ဦးမြမိုကို သနားရအခက် စိတ်ပျက်ရအခက်နှင့် ဖြစ်ကြရသည်။

“အခန်းထဲ ဒီလောက် ပူနေတာ ဦးမြမိုကလဲ .. ကြည့်ပါဦး .. လျှောင်ပိတ်နေတာပဲ .. ခြင်ထောင်ကြီးကလဲ ချထားတာကိုး .. ပြတင်းပေါက်တွေ ဖွင့်လိုက်ပါဦး .. စောင်ကို လှပ်လိုက်မှ ဖြစ်မှာ၊ ကလေးကို ဒီလောက်ကြီး စောင်နဲ့ ထုပ်ပြီး ပွေ့ချော့နေလို့တော့ ဘယ်ဖြစ်မလဲ .. ကြည့်ရတာ ခြင်ထောင်ထဲ စောင်ကြီးလဲ ခြုံထားပေး .. ခင်းနှီးထုပ်နဲ့ လဲဖြစ် ဆိုတော့ ကလေးလန့်နိုးပြီး .. ပူလို့ငိုတာဖြစ်မှာ .. ပေး .. ပေး .. ကလေး ကျွန်မ ပွေ့မယ် ..”

ဟု ပြောကာ မမြင့်ချောကလေးကို စောင်ကြီးခွာ ခင်းနှီးထုပ်ဖြေ ..။ ချည်သားပါးပါး အင်္ကျီငယ်လေးနှင့် ခင်းနှီး လေးကို ခါးမှာခပ်ဖွဖွမျှ ပတ်ပေးထားကာ ပြတင်းပေါက်တွေ ဘာတွေဖွင့်၍ ပြတင်းအနီးမှာ ခဏတာမျှ ထိုင်ခုံလေးမှာ ကလေးနှင့်အတူ မမြင့်ချော ထိုင်သည်။ ဦးမြမိုမှာ ကလေးပူ၍



ငိုသည်ဆိုကတည်းက ယပ်တောင်ပြေးယူ၍ ကလေးကို တဖျပ်ဖျပ် ယပ်ခတ်ပေးနေသည်ပါပဲ ..။ ည၏လေညင်းအေးတို့ တိုးဝင်လာတာမို့ .. ကလေးခမျာ .. ထိုအခါမှ အငိုရပ် ..။ မောမောနှင့် နို့လည်းစို့ ..။ အိပ်လည်း အိပ်မောကျသွားရှာသည်ပါပဲ ..။

ထိုအခါမှ .. ယပ်တောင်ခတ်လိုက် ..။ ကလေးကို ချွေးသုတ်ပေးလိုက် ..။ လက်လေးကိုင်ကြည့်လိုက် ..။ ကလေးကို ခြင်ကိုက်မှာစိုး၍ ခြင်လည်းမောင်း၊ ကလေးလည်း လေရအောင် ဆောက်လျှောက် ယပ်တောင်ခတ်လိုက်နှင့် ဖြစ်နေပါသည့် ဦးမြမို မျက်နှာ လန်းစပြုလာသည်။

ကလေးကို ခြင်ထောင်ထဲ ပြန်ထည့်ကာ စောင်မခြုံ ပေးတော့ဘဲ ခင်းနှီးပါးလေးဖြင့် အပေါ်မှ ခြုံပေးသည်က မမြင့် ချောပါ ..။

ပြတင်းပေါက်တွေ ဖွင့်ထားပါဟု မမြင့်ချောမှာသည်။ ဦးမြမို မျက်နှာငယ်လေးဖြင့် ခေါင်းညိတ်ပြပါ၏။ ကိုသိန်းဆောင်မှ သက်ပြင်းရှိုက်ကာ ဦးမြမိုကို ကြည့်သည်။

“ကလေး သနားလို့ ကျွန်တော်တို့ မြကျေးချိုလေးကို လာကြည့်ဖြစ်တာ ဦးမြမို .. ဒီလောက်ပဲ ကျွန်တော်ပြောချင်တယ်ဗျာ .. လာ .. မိချော .. ပြန်ကြရအောင် ..”

ဟု ပြောကာ ကိုသိန်းဆောင် မမြင့်ချောကို စောင့်ပြန်သွားတာမို့ ဦးမြမို ငိုင်ကျန်နေ၏။

“အရူးလိုလို အကောင်းလိုလိုနဲ့ကွာ .. ညကြီးမင်းကြီး သီချင်းတွေ ထဆိုလိုဆို .. ရေဒီယို ထဖွင့်လိုဖွင့်နဲ့ .. ငါတို့တော့ အရူးနဲ့နီးနီး နေရသလို ဖြစ်နေပြီ .. ဒီလူကြီး..

www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးရင်း မဟုတ်တာတောင် ဒီလောက်ရှုးတာ ... အရင်း ဆိုရင်ဖြင့် ... မလွယ်ဘူး ...”

တစ်ဖက်ခန်းဆီမှ ခပ်ညည်းညည်း ပြောနေသံကို ဦးမြမိ ကြားရတော့ ရင်ထဲ နင့်ခနဲဖြစ်၏။

သမီးရင်း မဟုတ်ဘူး ...။ သမီးရင်း မဟုတ်ဘူးတဲ့ လား သမီးလေးရယ် ...။

အဖေ ... သမီးလေးအပေါ် ချစ်လွန်းနေလေသမျှ ... သူတို့တစ်တွေ ကြည့်နေ မြင်နေကြရင်း ... အဲဒီစကားကို တွင်တွင်ပြောနေကြတယ် သမီးလေးရယ် ...။

သမီးလေး ကြီးလာတဲ့အခါ ...။ နားလည်လာတဲ့ အခါ ... အဲဒီစကားမျိုးကို ... သူတို့ဆီက ... သမီးလေး ကြားသွားကြရင် ... ဘယ်လိုဖြစ်လာမလဲ ...။ သမီးလေး ... အဖေ့ကို ... စိမ်းသွားမှာပေါ့ ...။ စိမ်းသွားမှာပေါ့ သမီးလေးရယ် ...။ အဲဒါကို ... အဖေ ဘယ်လိုရင်ဆိုင်နိုင်ပါ့မလဲ ...။ ဟင့်အင်း ...။ အဖေ ... ဘယ်လိုမှ ခံနိုင်မှာ မဟုတ်ဘူး သမီး ...။ အဖေ ဘာဖြစ်သွားမလဲ သိလား ...။ အဖေ ... သေသွားလိမ့်မယ် သမီးလေး ...။ သမီးကို ချစ်လွန်းတဲ့အဖေ ... ရင်ကွဲနာကျပြီး သေသွားပါလိမ့်မယ်ကွယ် ...။

❤○❤



## အခန်း(၆)

“သမီးလေး အရွယ်လေး ရလာလို့ ... သိတတ်နားလည် လာချိန်လေးမှာ ဒီလူတွေ ဒီစကားကို တပြောတည်း ပြောနေကြသမျှ ကြားရရင်ဖြင့် ... ကလေးလဲ အားငယ် မယ် ... စိတ်ထိခိုက်ရရှာမယ် ... သူ့မှာ မိဘရယ်လို့မရှိ တော့ပါလားလို့ ခံစားရရှာမယ် ... ကျွန်တော့်အပေါ်မှာကျ တော့လဲ အဖေရင်း မဟုတ်ပါလားဆိုပြီး စိမ်းသွားမှာပါ ဆရာရယ် ... သမီးလေး အတွက်ရော ... ကျွန်တော့်အတွက် ရော ဒီဝန်းကျင်ဟာ အကျိုးပေးမယ့်ဝန်းကျင် မဟုတ်ပါ ဘူးဗျာ ... ဒါကြောင့် ... ဆရာ့ဆီကို ခုလိုလာရင်း ... ဆရာ တို့မြို့ကို အတူလိုက်ခွင့်ရဖို့နဲ့ ... ဟိုမှာ ကျွန်တော့်ကို ဘာ ခိုင်းခိုင်း ... ကျွန်တော် လုပ်ပါ့မယ် ဆရာရယ် ... ဒီနေရာ ကနေဝေးရင် ပြီးတာပါပဲဗျာ ... အလုပ်ကြမ်းလုပ်ဆိုလဲ လုပ်ပါ့မယ် ... ဆရာ့လို လုပ်ငန်းကိုင်ငန်းကြီးတဲ့သူ့အားမှာ အလုပ်မရှားပါဘူး ဆိုတာ ကျွန်တော် နားလည်ပါတယ် ... မြေပေါက်ရပေါက်ရပါ ... ကျေ့ကျက်ထုရထုရပါ ... ဘာမဆို

www.burmeseclassic.com



လုပ်ပါ့မယ်ဗျာ .. ကျွန်တော့် သမီးလေးဟာ ကျွန်တော့် သမီးရင်း မဟုတ်ဘူး .. မဟုတ်ဘူး ဆိုပြီး တပြောတည်း ပြောပြောနေကြတဲ့ နေရာက လွတ်ကျွတ်ရင် ကျွန်တော် ပျော်နေရပါပြီ .. ရင်ထဲ အေးချမ်းရပါပြီ ဆရာရယ် ..”

အဖြစ်စုံကို ပြောပြပြီးသည့်နောက်မှာ ရင်ထဲက ခံစားမှုတွေကိုပါ စကားသိမ်းအနေဖြင့် ပြောလည်းပြောပြ ..။ မျက်ရည်လည်း ကျနေပါသည့် ဦးမြမှီ ..။ ကလေးကျောပိုးစကြီးဖြင့် ကလေးကို ကျောမှာမပိုးဘဲ ရင်မှာ ပိုက်ချီ၍ မြင်းလှည်းတစ်စီးဖြင့် မနက်ဘက်ရောက်လာပါသည့် ဦးမြမှီသည် ဦးမြိုင်သော်၏ အလုပ်ရုံးခန်းမှာ တရိုတသေကြီးထိုင်ရင်း အဖြစ်စုံကိုလည်း ပြောပြ ..။ မျက်ရည်လည်းကျ ..။ ကလေးကိုလည်း တငုံ့ကြည့်ကြည့်ဖြင့် ဆံစလေးသပ်လိုက် .. မျက်နှာလေး တစိမ့်စိမ့်ကြည့်လိုက်နှင့် ရှိနေရှာသမျှ .. ဦးမြိုင်သော်လည်း ရင်ထဲမကောင်းနိုင်ဘဲ ကရုဏာစိတ်ဖြင့် ကြည့်နေမိရပါ၏။ ဘယ်လိုမှ ကုလားထိုင်ပေါ် ထိုင်နိုင်းလို့လည်း မရ ..။ ဖွတ်ကြီးကြမ်းပြင်မှာထိုင်ရင်း ခယဝပ်တွားမတတ်ကြီးဖြင့် မျက်ရည်ကျရင်း ပြောနေပုံကြီးက အသနားခံနေသည့်နှယ်ပါတည့်။ ဦးမြိုင်သော် သက်ပြင်းရှိုက်၍ ဦးမြမှီ ရှိရာသို့ လျှောက်ခဲ့ကာ အတင်းကြီး ကုလားထိုင်ပေါ် ထိုင်နိုင်းရ ..။ ကလေးလေးကိုလည်း ပြုံး၍ ငုံ့မိုးကြည့်ရင်းမှ ..

“အင်း .. ဦးမြမှီ ကလေးလေးကတော့ အချောလေးပါလား .. ကိုင်း .. ဒီလိုလုပ် ဦးမြမှီ .. မနက်ဖြန် .. ရန်ကုန်ကို ပစ္စည်းတချို့ သွားသယ်ဖို့ ဒီက ကားတစ်စီးထွက်ဖို့ရှိတယ် .. ဟိုတယ်ဆောက်တဲ့နေရာမှာ .. လျှပ်စစ်ပစ္စည်းတချို့ လိုနေတယ် .. ဆေးသုတ်ဖို့အတွက်လည်း ဆေးပုံးတွေ ယူလာရဖို့ရှိတယ် .. ဒီတော့ .. အဲဒီကားနဲ့ ဦးမြမှီ မနက်ဖြန် ရန်ကုန်ကို လိုက်သွား .. ကျွန်တော့်အိမ်ကို ဒီကနေပြီး ကျွန်တော် ဖုန်းလှမ်းဆက်ထားလိုက်မယ် .. အိမ်အရောက် ကားသမားကလဲ ပို့ပေးလိမ့်မယ် .. ကျွန်တော့်ဇနီးက သဘောကောင်းပါတယ် ဦးမြမှီ .. မိုးက .. ဦးမြမှီကို ဟိုမှာနေဖို့ထိုင်ဖို့ အိမ်လေးစီစဉ်ပေးလိမ့်မယ် .. ဦးမြမှီ ပန်းဥယျာဉ်လေး ဘာလေး ပြုစုလုပ်ကိုင်ပေးပေါ့ဗျာ .. မုန့်ဟင်းခါးလဲ အရောင်းထွက်စရာရှိ ထွက်ပါ .. ဥယျာဉ်ဆိုတာက တစ်နေကုန်လုပ်ဖို့လိုတာမှ မဟုတ်ဘဲ၊ ဒီကနေပြီး မုန့်ဟင်းခါးလှည်းလေးတော့ ယူသွားမနေနဲ့တော့ .. ရန်ကုန်ကို ကျွန်တော် အလုပ်သိမ်းပြီး ပြန်ရောက်လာမှ လှည်းကောင်းကောင်းလေး လုပ်ပေးမယ် .. လောလောဆယ်တော့ .. ဟိုမှာ ဥယျာဉ်ထဲ ပန်းပင်တွေ ဘာတွေပဲ ပြုစုလုပ်ကိုင်နေပေါ့ ဦးမြမှီ .. ကျွန်တော် လခလဲ ပေးပါ့မယ် .. လောလောဆယ် .. ဟိုမှာသုံးဖို့ ပြုဖို့အတွက်လဲ ကျွန်တော် ပေးလိုက်ပါ့မယ် ..”

ဟု ပြောလည်းပြော ..။ စားပွဲရှိရာသို့ လျှောက်ကာ အံဆွဲတွင်းမှ ငွေတစ်ထပ်ကို ပေးသည်က .. ဦးမြမှီကို အလုပ်သဘောဖြင့် ပေးခြင်းဆိုတာထက် မေတ္တာဖြင့် ပေးခြင်းဆိုသာ သိသာနေသည်ပါပဲ ..။ ဦးမြမှီ လက်အုပ်ချီ၍ ကြမ်းပြင်မှာထိုင်ချကန်တော့ပြန်သည်မို့ ဦးမြိုင်သော် အတင်းပြန်ဆွဲထူရ .. ပိုက်ဆံကို ကမ်းပေးရနှင့် ရှိပေမယ့် ဦးမြမှီ လက်အုပ်ချီနေရင်းမှ ..



www.burmeseclassic.com

www.burmeseclassic.com



"မယူပါရစေနဲ့ ဆရာရယ် .. ကျွန်တော့်ကို ကယ်တင်တာ
နဲ့ပဲ ကျွန်တော့်မှာ ကံကောင်းလွန်းလှနေပါပြီ .. ဟိုမှာ
နေခွင့်ရပြီမို့ ဒီဝန်းကျင်နဲ့လဲ ဝေးရ .. သဘောပြည့်ဝတဲ့
ဆရာတို့ဇနီးမောင်နှံ အရိပ်မှာလဲ နေရမှာမို့ .. ကျွန်တော်
ရော .. သမီးလေးရော .. ကံကောင်းလှပါပြီ ခင်ဗျာ .."

ဟု အသံတွေတုန်အောင် စိတ်ထဲဝမ်းသာရ .. ဝမ်း
သာလွန်း၍ မျက်ရည်ကျရနှင့် ဦးမြမှီ ဖြစ်နေသမျှ ဦးမြိုင်သော်
ကရဏာ တသက်သက်ဖြင့် ကြည့်နေရပါပြီတည်း ..။

"ဟိုကိုရောက်ရင်ဖြင့် .. သမီးလေးဟာ ကျွန်တော့်သမီး
ရင်းပဲ အားလုံးက မြင်ကြတော့မှာမို့ .. အဲဒီဘဝကိုရောက်
ရအောင် .. ဆရာကယ်တင်ခဲ့တာပါ ဆရာရယ် .. ဆရာ့
ကျေးဇူး ကြီးလှပါတယ် .."

ဟု အထပ်ထပ် ပြောနေရင်းမှ နောက်တစ်ကျေ
ထပ်၍ ထပ်၍ ကန်တော့နေတော့ ဦးမြိုင်သော် အတင်းကြီး ဆွဲ
ထူ၍ တားယူရသည်အထိပါ ..။ ဦးမြိုင်သော်၏ စေတနာရိပ်မှ
နေခွင့်ရလိုက်ခြင်းသည် အလွန်တရာကိုမှ ကြီးမားသည့် လုံခြ
သော အရိပ်အေးအေးတစ်ခုမှာ ခိုရခြင်းပါတကား .. ဟု ခံစာ
ရင်း ဦးမြမှီ ဝမ်းသာလွန်းစိတ်ဖြင့် ကလေးကို မျက်ရည်ကျရင်
အသံပင် ပွင့်ကျလာအောင်ဖြစ်ရ .. ရှိုက်ရနှင့် ရှိုက်သွားရပါ၏
သမီးရင်း မဟုတ် .. ဆိုသည့် ဂယက်ရှိန်ကြီး အုပ်မိုးလာနေတ
ကို အိပ်မက်ဆိုးကြီး အုပ်မိုးထားသည့်နှယ် လောင်မြိုက်ခြင်းကြ
စွာဖြင့် နေ့နေ့ညည ခြောက်လှန့်သမျှ လည်စင်းခံရမည့်နှယ်
နေရပါသည့် ဘဝကြီးထဲမှ လွန်မြောက်ရခြင်းသည် တော်ရုံ



ကောင်း;ခြင်းမျိုးမဟုတ် ..။ ကုသိုလ်ထူးခြင်းမက ကုသိုလ်ထူးရချေ
သည်ပဲ .. ဟုလည်း ခံစားရ ..။

ဘဝဆိုးထဲက လွတ်မြောက်ရချေပြီကော .. ဟု
လည်နေရင်း မျက်ရည်တွေက .. အမြဲတစ်လျှောက်လုံး ရင်
ထဲ ဆို့နေရလေသမျှ .. ခုမှ ပွင့်ကျလာရသည့်နှယ်ပါတည့် ..။

"ကဲ .. ဦးမြမှီ .. ပစ္စည်းတွေ သွားသိမ်းချေဗျာ .. အလုပ်
က ကားတစ်စီးနဲ့ လိုက်ပို့ပေးပါ့မယ် .."

ဟု ပြောလိုက်တာနှင့် လက်ကြီးတကာကာဖြင့်
ဦးမြမှီ ဖြစ်သွားရပြန်ကာ ..

"ဆရာ့ဆီကကားနဲ့ ကျွန်တော် အဲဒီနေရာကို ပြန်ရောက် ..
အိမ်ထဲက ပစ္စည်းတွေ သယ်တင်သွားတာများ မြင်ကြရင်
ဖြင့် .. ဆရာ့ဆီကို ကျွန်တော် ရောက်သွားပြီဆိုတာ သိ
သွားကြပါလိမ့်မယ် ဆရာရယ် .. ကျွန်တော် .. အဲဒီကနေ
ပြီး ဘယ်ကိုထွက်သွားတယ် ဆိုတာ မသိကြစေချင်ပါဘူး
ဆရာ .. ကျွန်တော် မြင်းလှည်းနဲ့ ပြန်ပါ့မယ် .. ကျွန်တော့်
ဘာသာပဲ .. ဒီကိုလာပါ့မယ် .. ဝထမဒန်အိုး ဒန်ခွက်
တွေနဲ့ .. ပန်းကန်ခွက်ယောက်ရယ် .. အဝတ်အစားတချို့
ရယ်ကို .. ဒီကို တစ်ခေါက်လာပို့ထားပါ့မယ် .. ဟန်မ
ပျက် .. အိမ်မှာခဏပြန်နေပါ့မယ် .. ညနေနားနီးလာမှ ..
အိမ်ရှင်ကိုလဲ အခန်းပြန်အပ် .. ကျွန်တော်လဲ သမီးလေးနဲ့
အတူ မြင်းလှည်းနဲ့ထွက် .. ဒီနားနီးမှ မြင်းလှည်းကဆင်း
ပြီး .. မြင်းလှည်းခ ရှင်းပေးပြီးမှ .. အဲဒီမြင်းလှည်းသွား
ပြန်ထွက်သွားတော့မှ .. ကျွန်တော် ဒီကို လမ်းလျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါမယ် ဆရာ .. ဒီကနေပြီး .. ကျွန်တော် ရန်ကုန်ကို ထွက်သွားချိန်မှာ .. ဦးမြမှိုနဲ့ မြကျေးချိုလေးရဲ့ ခရီးဟာ ဘယ်ကိုဆက်သွားတယ် ဆိုတာ ကျွန်တော့်ဝန်းကျင်ဟောင်း ကလူတွေ ဘယ်သူမှ မသိလေ .. ကောင်းလေပါ ဆရာ ရယ် .."

မှာ ထောင့်နေနေအောင် ပြောနေပါသည့် ဦးမြမှို ကို အံ့ဩစိတ်ဖြင့် ဦးမြိုင်သော် ငေးခနဲ ကြည့်မိရပါ၏။ သမီး ရင်းမဟုတ် .. ဆိုသည့် လေးသံကြီးတွေ ကင်းစင်ရာ အရပ်တစ်ခု ဆီသို့ ဦးတည်သွားမည့်နေရာမှာ .. လုံးဝကြီးကို .. ဘယ်သူမှ မသိနိုင်အောင် အကွက်စေ့မှု ဤအထိ တွေးမိနေရခြင်းသည် .. သမီးကိုချစ်သည့်မောကပေးသည့် ဆင်ခြင်မှုနှင့် အသိတရားဆီမှ ဖြစ်တည်လာခြင်းပေပဲ .. ဟုလည်း နားလည်လိုက်ရသည်က ဦးမြိုင်သော်ပါ ..။ ကိုယ်လိုပညာတတ်သူကပင် ဤမျှထိ အသေး စိတ် မတွေးဖြစ်မိခဲ့ ..။ အလုပ်က ကားဖြင့်လိုက်ပို့မည်။ ပစ္စည်း တွေ သယ်လာပေးလိုက်မည်ဟု စေတနာစိတ်ဖြင့် သာမန်မျှ တွေးမိပေမယ့် ..။ ဦးမြမှိုက ထိုသို့မဟုတ် ..။ ဦးမြိုင်သော်၏ကား ဖြင့် ပစ္စည်းတွေ သယ်ပို့ပြောင်းရွှေ့သွားသည် ဆိုသည့် သဲလွန်စ လေးတစ်ခုကိုမျှပင် ထိုဝန်းကျင်ဟောင်း နေရာလေးဆီမှ ကျန်ရစ် ခဲ့တာမျိုး အဖြစ်မခံနိုင် ..။ ဤဘဝ .. ဤဝန်းကျင်ကို လုံးဝ ပြည်ဖုံးကားချ၍ ထွက်ခွာသွားမည့်အတွက် .. ထောင့်စေ့အောင် လည်း အစစ .. ချက်ချင်း တွေးနိုင် .. စီစဉ်နိုင်သည့် အထိပါ တည်း။

တကယ်ပဲ ဦးမြမှို မြင်းလှည်းဖြင့် အိမ်သို့ပြန်သည်။



အိမ်ရောက်တော့ ဦးမြမှို မှင်မပျက်နေ၏။ ကလေး ... သိချင်းတအေးအေးဖြင့် ချော့သည်။ လုပ်စရာရှိတာကို လုပ် ...သည်။ မနေ့က ဝယ်ထားသည့် ငါးတွေ ဒယ်အိုးတစ်လုံးဖြင့် ...ချင်းတညည်းညည်းဖြင့် ကြော်သည်။

မမြင့်ချောတို့ဘက်ကလည်း ခပ်တည်တည်လုပ်နေ ...သည်မို့ အလိုလိုနေရင်း သူတို့ဘက်က စပ်စပ်စုစု လုပ်လာမည့် ...စွတွေက ကင်းပြတ်သွားရလျက် ..။ ကိုယ့်အခန်းထဲမှာ ကိုယ် ...တ်၍ ပစ္စည်းတွေသိမ်းဆည်းဖြစ်၏။ ခါတိုင်းနေ့လိုဆို မမြင့် ...ာပဲ ဖြစ်ဖြစ် ..။ ကိုသိန်းဆောင်ပဲဖြစ်ဖြစ် ခဏတဖြုတ်လောက် ...ာ ရောက်လာတတ်သေးသည်။ ခုကျတော့ သူတို့ဘက်က ...သည်းစိတ်ထဲ မကျေလည်နိုင်သေးဘဲ ခပ်တည်တည်နှင့် မာန်ကြီး ...ကြီးတွေ ဝင်ပြနေတော့ ဦးမြမှိုမှာ ပို၍ပင် အကြိုက်တွေ့နေရ ...သည့်အဖြစ် ..။

ခပ်စောစောကြီး ဦးမြမှိုကလေးနှင့်အတူ မြင်းလှည်း ...စီးဖြင့် ဦးမြိုင်သော်ထံ ရောက်သွားသည့်ကိစ္စကိုလည်း မမြင့် ...တို့ ဘာမျှလာစပ်စုမေးမြန်းနိုင်စရာပင် မရှိတော့တာမို့ .. ...ဆင်ကျနေသေးသည့်သဘော ..။ ဦးမြမှိုကတော့ သီချင်းတအေး ...ဖြင့် ဒန်အိုးကြီးတွေထဲ အိုးငယ်တွေ စီရီထည့်ပြီး မများလှ ...သည့် ပန်းကန်ခွက်ယောက်လေးတွေထည့် ..။ ဆိပ်ုလင်းကအစ ...ည့် ..။ အိပ်ရာကို လိပ်စရာပင်မလို ..။ အိပ်ရာက သိပ်ထူတာ ...တ်။ လေးထောင့်ကျကျ ကျစ်အောင်ခေါက်၍ အပေါ်ကပင ...တ် ...ဖြင့် ပတ်အုပ်ကာ ကြိုးဖြင့်သေချာ လေးထောင့်ကျကျပတ် ...သော့ အိပ်ရာသည် သေးကျစ်ကျစ်ဖြင့် ထုပ်ပိုးပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခုတင်ကတော့ သစ်သားကြမ်းနဲ့ ရိုက်ထားတာပဲ .. ထားပစ်ခဲ့မယ် .. ဘာဖြစ်လဲ .. နှမြောစရာ မလိုပါဘူး .."

ဟု ဆေးပေါ့လိပ်ကြီး ဖွာနေရင်း ဦးမြမို တွေး၏။ သမီးလေးကိုတော့ ခုတင်လေးထက်မှာ အိပ်ရာငယ်လေးဖြင့်သိပ် ထားသည်။ နို့ဘူးနှစ်ဘူးပြည့် အသင့်ထားပြီးပြီ။ နို့အိုးကျို့ခန့်အိုး သေးသေးပင် တိုက်ချွတ်သိမ်းဆည်းထားပြီးသည့်အပြစ်။

"ဟိုဘက်ခန်းက တယ်ပြီး ခပ်တည်တည် နိုင်နေပါလား မမြင့်ချော .. ဒီမယ် .. သူ့ကလေး လာကြည့်ပါပြောရင် .. မကြည့်ပေးနဲ့တော့ .. ကြားရဲ့လား .. သူ့ဘာသာ ဆေးခန်းပြလိမ့်မယ် .."

ဟု အလုပ်သွားခါနီး မှာနေသည့် ကိုသိန်းဆောင်၏ အသံကို ကြားရတော့ ဦးမြမို ခပ်မဲ့မဲ့ဖြင့် ..

"သူ့ .. အားကိုးနေမှာကျလို့ .. ကိုယ့်ကိုယ်ကိုယ် အတော် အထင်ကြီးတဲ့သူပဲ .. ကြည့်နေ .. နောက်မှသိမယ် .. ငါ မရှိတော့မှ"

ဟု ကျိတ်၍တွေးကာ ဟင်းခနဲ ဟင်းခနဲ ရယ်ပစ် လိုက်သည်က ဟိုဘက်ခန်းမှ ကြားအောင်ပါ။ ရေဒီယိုကို ခပ် ကျယ်ကျယ် ဦးမြမို ဖွင့်ပစ်လိုက်သည်။ ကိုသိန်းဆောင်၏ အသံကို ဆက်မကြားရတော့ ..။ စိတ်ပျက်လက်ပျက်နိုင်စွာ နှုတ်ခမ်းများ မဲ့နေချေမည်လား မသိ။

ထမင်းပွဲပြင်ကာ ထမင်း အဝစားသည်။ ထမင်း ကျန်ကို အိမ်ဘေးမှာ ခွေနေသည့် နက်ကျော်ဆိုသည့် ခွေးထီးကြီး ကို အကုန်လုံး ကျွေးပစ်ကာ အိုးခွက်တွေ ဆေးကြောသိမ်းဆည်း



သည်ကလည်း သိချင်းတအေးအေးဖြင့်ပါ ..။ တစ်အောင့်လောက် နေတော့ သေးစိုခင်းနီးတွေ ဆင်းလျှော်ပြီး ဖြန်းဖြန်းပါအောင်ခါ ၍ သွပ်နန်းကြိုးမှာ လှမ်းသည်။ ဘာမျှမပြောင်းလဲ ..။ မထူးခြား ..။ ခါတိုင်းနေ့က မြမို လုပ်နေကျ ခုနေ့ မြမိုကလည်း လုပ်နေသည့် သဘော ..။ ရင်ထဲမှာတော့ ပျော်နေသည်။ အံမယ် ..။ ဟိုဘက် ခန်းကလူတွေ မသိအောင် ဤအခန်းဆိမှ အပြီးအပိုင် ထွက်ခွာ မည့်ကိစ္စကို ကျိတ်ကျိတ် .. ကျိတ်ကျိတ်နှင့် လုပ်နေရတာကိုက .. စိတ်လှုပ်ရှားစရာကြီးပင် လာဖြစ်နေသည်။

ပျော်စရာကြီးလည်း ဖြစ်နေသည်။

ကိုသိန်းဆောင် စက်ဘီးလေးနှင့် အလုပ်သွားလိုက် တော့ ဦးမြမို ဆေးလိပ်ထိုင်ဖွာရင်း ရေဒီယိုသံကို ခိမ်နှပ်နား ထောင်ကျန်ခဲ့ပါ၏။

မကြာလိုက် ..။ မမြင့်ချော ဈေးဝယ်ထွက်သည်။

ခါတိုင်းနေ့များလို .. ဘာမှာမလဲ .. ဟု လာမမေး ..။ ဦးမြမိုကလည်း ဂရုမစိုက် ..။ ကိုယ်က ထမင်းပင် စားသောက် ခမ်းပြည့်နေပြီးပြီ ..။

မမြင့်ချော ဈေးဝယ်ထွက်သွားတော့မှ ဦးမြမို တက် သုတ်ရိုက်၍ မြင်းလှည်းပြေးခေါ်သည် ..။ ပစ္စည်းတွေအားလုံး မြင်းလှည်းပေါ်တင် ..။ သမီးလေးကို ကျောပိုးစဖြင့် ရင်မှာအပ် ၍ ပိုက်ချည် ..။ တံခါးသော့ခတ်။ မြင်းလှည်းကို ခပ်သုတ်သုတ် မောင်းထွက်ခိုင်းကာ .. ဦးမြိုင်သော်၏ နေရာသို့ ရောက်သည်။ ဦးမြိုင်သော်မှ ပစ္စည်းတွေကို စတိုခန်းတစ်ခုမှာထားဖို့ ပြောတာ ခို .. အလုပ်သမားလေး လိုက်ပြသော စတိုခန်းထဲမှာ မများလှ

www.burmeseclassic.com

www.burmeseclassic.com



သည့် ပစ္စည်းတွေကို သုတ်သုတ်ချ ..။ အလုပ်သမားလေးနှင့် မြင်းလှည်းဆရာလေးက ပါဝင်ကူချပေးတာမို့ သိပ်မကြာလိုက် ..။ ပစ္စည်းချသည့်ကိစ္စ ပြီးပြတ်သွားတာမို့ အိမ်သို့ မြင်းလှည်းဖြင့်ပြန်သည်။ အိမ်ရောက်တော့ မမြင့်ချော အခန်းသို့ အလျင်စလိုကြီးကြည့်မိပါ၏။ မမြင့်ချော ပြန်မရောက်သေး ..။ ရင်ထဲအေးသွားရလျက် မြင်းလှည်းခ ရှင်းပေးကာ ခပ်ပြုံးပြုံးပင် မြည်းလှည်းပေါ်မှ ဆင်းသည်။

တစ်အောင့်လောက်ကြာတော့ မမြင့်ချော ထီးလေးဆောင်း၍ ခပ်မော့မော့ဟန်လေးဖြင့် ဈေးမှပြန်လာသည်။ ဦးမြမှိုကို ခါတိုင်းနေ့များလိုလှမ်း၍ နှုတ်ဆက်တာမျိုးပင် မရှိ ..။

ဦးမြမှိုကလည်း နှုတ်မဆက် ..။

သမီးလေး ငိုလာတာမို့ နို့ဘူးလေးတိုက်၍ ဦးမြမှိုကောက်ကာငင်ကာ သီချင်းဆိုပစ်လိုက်ပါ၏။

"ဝေဟင်နယ် .. ပိုက်ဆံရှိရင် မိုးကိုတက်ပြီး ဒူးနဲ့တိုက်ပြမယ် .. ကိုယ့်ကိုယ်ကိုယ်တော့ မလိမ်ချင်ပါတယ် .. သူတော်ကောင်းကြီး လုပ်ပြီးတော့လည်း မလိမ်ချင်ပါတယ် .. ကုသိုလ်ပိုရင်ဗျာ .. အကုသိုလ်ချောက်နိုင်တယ် .."

ဆိုချင်သည့်အပိုဒ်ကို ကောက်ဆိုလိုက်သည်က မိုးကိုဒူးနဲ့တိုက်မယ်ဆိုသည့် သီချင်းပါ။ ဆောင်းကာမြောင်းကာဖြင့် သီချင်းနှင့် လှမ်းခနဲ့လိုက်တာလည်း ပါပါသည်။ မမြင့်ချော၏ မီးဖိုခန်းဆီမှ ..

"ဟဲ့ကြောင် .. ဒီနေ့ အသံတယ်မြည်နေပါလား .."

ကြောင်ငေါက်သံ ပေါ်လာ၏။



ဦးမြမှို သမီးလေးပွေ့၍ ပြုံးနေခိုက် အိမ်ရှေ့မှာ ဘဲလ်သံမြည်တာမို့ အထွက် ..။ မမြင့်ချောကလည်း ဘဲလ်သံကြောင့် ထွက်လာတာမို့ ဆုံကြပြန်သည်။ စာပို့သမားဖြစ်နေလျက် ဦးမြမှို၏ အမည်ဖြင့် စာဖြစ်နေတော့ မမြင့်ချော ပြန်လှည့်မလိုလုပ်ပြီးမှ တန့်ခနဲ ရပ်သွားကာ အကဲခတ်သလို တစ်ချက်ကြည့်လာတာမို့ ..။ ကိုယ့်ဆီသို့ ရေးရေးရာရာထား၍ စာပို့သည့်သူ ဘယ်တုန်းကမှ မရှိဖူးတာမို့ အံ့ဩစိတ်ဖြင့် စာကိုကြည့်နေပါသည့် ဦးမြမှိုမှာ မမြင့်ချောကို သတိရလာလျက် လှမ်းကြည့်တော့ ခူးစမ်းသလိုလေး ကြည့်နေတာနှင့် တိုးသည်။ မမြင့်ချောလည်း အံ့ဩနေပုံရ၏။ ဘယ်တုန်းကမှ ဦးမြမှိုထံ စာရောက်ဖူးတာမှ မဟုတ်ချေပဲလေ ..။

မြင့်ချော ဆိုတာ .. စိတ်ရင်းကတော့ အကောင်းပါ။ ခု .. မနေ့ကိစ္စကြောင့် စိတ်ထဲ ခဏမျက်နေခြင်းဆိုတာလောက်ကိုတော့ ဦးမြမှိုကလည်း သိပါသည်။ ခုလည်း .. စိတ်ဆိုမျက်နေတာတွေ မေ့လျက် ခပ်ငေးငေး ကြည့်နေတာနှင့်တိုးတာမို့ ကမန်းကတန်း စာကိုအင်္ကျီအိတ်ထဲ ခေါက်ထည့်လိုက်ရသည်က ဦးမြမှိုပါ ..။ နောက်မှပဲ စာဖတ်တော့မည်ဟု တွေးဖြစ်၏။

"ဘာလဲ .. ဘယ်ကစာလဲလို့ မေးမလို့လား .. လူပဲ .. စာလာချင် လာမှာပေါ့ .."

ဟု လှမ်း၍ ဦးမြမှို မျက်နှာတည်တည်ဖြင့် ပြောတော့ မမြင့်ချော မျက်နှာလေး ပြန်တင်းသွားကာ လှည့်၍အိမ်ထဲခန်းထဲ ပြန်ဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြမှီ အိမ်ထဲပြန်ဝင်ကာ သမီးလေးကို နို့ဘူးဆက်တိုက် ..။ သီချင်းလေး တဆိုဆိုဖြင့် ချော့နေစဉ်နိုက် မမြင့်ချော တို့ အခန်းဆီမှ တံခါးပိတ်သံ ကြားတာမို့ ကမန်းကတန်း ခေါင်းထောင်ထ၍ နားစွင့်သည်။

ဟုတ်ပြီ ..။ ကြည့်ရတာ .. မမြင့်ချော ချက်ပြုတ် ပြီးပြီမို့ နေ့လယ်ဘက် စီဒီယိုကြည့် ထွက်ပြီထင်။ တစ်ခါတစ်ခါ ကားကောင်းလျှင် မမြင့်ချော ဤသို့ စီဒီယိုကြည့် ထွက်တတ်သည်။

မမြင့်ချော သနပ်ခါးတဝင်းဝင်းဖြင့် ထီးလေးဆောင်း၍ ထွက်သွားတော့ ခဏလောက် အခြေအနေကြည့် ..။ လှမ်း ထားသော အနီးတွေခေါက်၍ လွယ်အိတ်ထဲထည့် ..။ ရေဒီယိုလေး ထည့် ..။ နို့ဘူးလေးနှစ်ဘူးကို ထည့် ..။ သမီးလေးကိုကျောပိုး ဖြင့် ရင်မှာပိုက်ချည် ..။ အိမ်သော့ပိတ်၍ လမ်းထိပ်ရှိအိမ်ရှင် ဒေါ်အေးခက်ထံ လွယ်အိတ်လေးလွယ်၍သွားကာ အိမ်သော့လည်း အပ် ..။ အိမ်လခကိုလည်း တစ်လစာအတွက် အပြတ်အပ်ကာ ထီးကြီးဆောင်း၍ ထွက်ခဲ့ပါ၏။ မြင်းလှည်းတစ်စီးကိုတား၍ ဦးမြမှီ ထွက်ခဲ့သည်။ ဦးမြမှီက လွယ်ထားသော လွယ်အိတ်ကြီး အောက်မှာချကာ ထီးကြီးကို အလျားလိုက် တစ်ဖက်နေရာမှာချ လွယ်အိတ်လွယ်ကြိုးဖြင့် အပူသက်သာအောင် ယပ်ခတ်သလိုလေး သမီးလေးကို လုပ်ပေးရင်းမှ လှမ်း၍ငေးကြည့်မိသည်က ကျန် သည့် လမ်းထိပ်နေရာလေးကို မျက်စိတစ်ဆုံးဖြင့်ပါတည်း ..။ ဤနေရာလေးမှာ ကာလကြာရှည် သွားလာခဲ့သည်ပဲလေ ..။ လမ်းထိပ်လေးနှင့် ဝေးလာလေလေ .. ရင်သည် ပေါ့ပါးလာ လေ ..။



"ပြတ်ပြီ ... ငါနဲ့ ဒီဝန်းကျင် ပြတ်ပြီ .. ရှင်းရော .. လုံးဝကို ရှင်းရှင်းလင်းလင်းဖြစ်ရော .. ဒီလောက် ပဓိပစ် များပြီး အသုံးမကျတဲ့စကား .. သူများကို ဒုက္ခပေးမယ့် စကားတွေကို ပြောတတ်တဲ့ လူတွေနဲ့ ငါဝေးပြီ .. ဒီနေ့ ကစပြီး .. သမီးလေးဟာ ငါ့သမီးရင်းဖြစ်ပြီ .. ဘယ်သူကမှ .. ဘယ်ပါးစပ်ပေါက်ကမှ .. ငါ့သမီးမဟုတ်ဘူးလို့ ပြောမယ့် အဖြစ် ရှိလာနိုင်တော့မှာ မဟုတ်ဘူး .. ဟော .. ဒါ .. အဖေကြီးသမီးကွ .. ခုမှ .. ငါချစ်တဲ့ ငါ့သမီးကို .. စိတ် သောကကင်းကင်းနဲ့ .. ငါ .. ပိုင်ပိုင်ချစ်ရတော့မှာ .. ချစ်ရ တော့မှာ .. ငါတော့အဲဒီနေရာက .. လွတ်ပြီ .. ကျွတ်ပြီ .."

ဟု လမ်းထိပ်လေး ဝေးကျန်ခဲ့လေသမျှ ဝမ်းမြောက် အားရဖြင့် ရင်ထဲမှ ပြောလည်းပြောနေမိရ ..။ အိပ်နေသည့်သမီး လေးကို မနိုးအောင် ရင်ကိုဖွင့်၍ ဖွဖွလေးနမ်းမိရနှင့်ပါ ..။

အတော်လေး လှမ်းနေပေမယ့် မြင်းလှည်းကို ရပ် နိုင်းကာ ..။ မြင်းလှည်းခကိုရှင်း။ ဦးမြိုင်သော်၏ ဟိုတယ်တည် ဆောက်နေသည့် အလုပ်နေရာဆီသို့ ခြေလျင်ဖြင့် အတော်ကြီး လျှောက်ခဲ့သည်ကလည်း ဦးမြမှီပါ ..။

ကိုသိန်းဆောင်နှင့် မမြင့်ချောတို့ လင်မယား .. ည ကျလျှင် .. အံ့ဩတွေတွေဖြင့် ဘာတွေများ ပြောကြချေမည်မသိ ..။

ပဲပြုတ်သည် ဒေါ်သွယ်၏ ခပ်မာမာဖြင့် ခပ်ကျယ်ကျယ်ကြီး ဆောင့်အောင့်၍ .. ပဲပြုတ် .. ဟု အသံမာကြီးဖြင့် အော်တတ်ပါသည့် မနက်ခင်းသည်လည်း ဦးမြမှီနှင့် ဘာပတ်သက် စရာ မရှိတော့ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုဘာမျှ မပြောမဆိုဘဲ .. ရုတ်ခြည်း ခြေရာပျောက်သွားသော ဦးမြမို့ ဆိုသူ တစ်ယောက်၏အကြောင်းကို လတ်တလောမှာတော့ ပြောကြဆိုကြချေဦးမှာ သေချာသည်။ ဒါပေမဲ့ .. ဦးမြမို့ ဆိုသူ တစ်ယောက်သည် .. ကာလကြာရှည် လောက်အောင်တော့ဖြင့် သူတို့အတွက် အရေးတကြီး ထားရမည့် သူတစ်ယောက် မဟုတ်ချေသည်မို့ ..။ နောက်များကျတော့လည်း ဦးမြမို့ဆိုသည့် မှန့်ဟင်းခါးသည် တစ်ယောက်သည် .. သူတို့၏ အာရုံထဲမှ ပျောက်ကွယ် မေ့လျော့သွားကြစေမှာ အသေအချာပဲ ဖြစ်ချေသည် ..။

ထိုအခါကျတော့ .. မြကျေးချို ဆိုသည့် သမီးလေးသည်လည်း .. သူတို့၏အာရုံထဲမှာ ကျန်ရစ်ခဲ့နိုင်စရာ ရှိလာတော့မှာ မဟုတ် ..။

ခြေလှမ်းသုတ်သုတ်ဖြင့် ဦးမြမို့ လျှောက်နေရာမှ .. ကျေနပ်ပီတိဖြင့် ပြုံးလိုက်ရင်း သမီးလေးကို တွေးပိုက်ထားလိုက်ရစဉ်မိုက် .. ဘဝသည် .. အရာရာ အေးချမ်းလျက် ပြည့်စုံနေသည်သို့ ရှိရချေသည်တကား ..။

❤○❤



## အခန်း(၇)

"မောင် ဖုန်းဆက်လာပါတယ် .. နာမည်က ဦးမြမို့နော် .. ကြာရိပ်မြိုင်အတွက် ဥယျာဉ်မှူးအဖြစ် ရောက်လာလိမ့်မယ်လို့ မောင် ပြောပါတယ် .. မိုးကတော့ ပန်းလေးတွေ ဥယျာဉ်မှာ ပွင့်ဝေနေရင် .. ပျော်နေ ကြည်နူးနေတာပါပဲ .. အရင်တုန်းက ဥယျာဉ်မှူး လုပ်ဖူးသလား ဦးမြမို့ .."

ကြာရိပ်မြိုင်၏ ညေ့်ခန်းကော်ဇောထက်မှာ သမီးလေးကို မွေ့ထိုင်နေရာမှ ဒေါ်မိုးယုငွေကို တရိုတသေ မော့ကြည့်ရင်းမှ ..

"အမှန်အတိုင်း ပြောရရင်ဖြင့် ဥယျာဉ်မှူးတော့ မလုပ်ဖူးပါဘူး မမလေးရယ် .. ဒါပေမဲ့ .. ကျွန်တော် အကောင်းဆုံးဖြစ်အောင် ပန်းလေးတွေကို ဂရုတစိုက်နဲ့ စိုက်ပျိုးပါ့မယ် ခင်ဗျာ .."

ဟု ဖြေတော့ ဒေါ်မိုးယုငွေ တစ်ချက် စိတ်ထဲမှာ သွားပုံတော့ ရသည်။ မျှော်လင့်ထားသည်က ဥယျာဉ်မှူးအလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်ရှိသူတစ်ယောက်ကို ခင်ပွန်းသည်က လွှတ်လိုက်သည်ဟု ထင်ထားဟန်တူ၏။ ဒါပေမဲ့ .. စိတ်ရင်းကောင်းသူပီပီ ..

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ .. ဂရုတစိုက်တော့ နိုက်ပျိုးပေါ့ ဦးမြမို .. အရင် ဥယျာဉ်မှူးကောင်လေးက .. အိမ်ထောင်ကျသွားပြီး သူ့မိန်းမရှိတဲ့ရွာမှာပဲ လယ်ယာပြန်လုပ်လိုက်တာမို့ .. ဥယျာဉ်မှူးမရှိတဲ့ ပန်းခြံကို ဒီက ဒေါ်စာတို့ မိလုံးတို့နဲ့ ဒရိုင်ဘာ ကိုညိုတို့ပဲ ပန်းခြံကို အားရင် အားသလို ဝိုင်းပြုစုနေကြရတာ .."

ဟု ပြောရှာသည်ပါပဲ ..။ ကြာရိပ်မြိုင်သို့ ရွှေနဒီမှ ကားကြီး ရောက်လာကာ ဦးမြမိုတို့ သားအဖကို လာပို့ပေးသွားသည်။ ရောက်ရောက်ချင်း အားလုံးတော့ အဆင်တပြေ ရှိနေသည်။ ဦးမြိုင်သော်၏ မနီး ဒေါ်မိုးယုငွေ ဆိုတာ အရွယ်ငယ်ငယ်နှင့် ချောချောလှလှလေး ဖြစ်ပါ၏။ သဘောကောင်းမှန်းလည်း သိသာသည်။ နုနုဖန့်ဖန့်လေးနှင့် ရုပ်အဆင်းကိုက ကျက်သရေရှိရှိနှင့် ချောမောပါချေ၏။

"ဒါနဲ့ .. ဦးမြမိုက ဥယျာဉ်မှူးတော့ မလုပ်ဖူးခဲ့ဘူး ဆိုတော့ ဘာများ လုပ်ကိုင်စားသောက်ခဲ့တာလဲ .. မောင်နဲ့ ဖုန်းပြောခဲ့ရတုန်းက ဦးမြမိုနဲ့ ပတ်သက်လို့ အသေးစိပ်တော့ ပြောပြထားတာ မရှိခဲ့ဘူးလေ .. ကြာရိပ်မြိုင်ကို ဦးမြမို ဥယျာဉ်မှူးအဖြစ် ရောက်လာလိမ့်မယ် ဆိုတာလောက်ပဲ ပြောဖြစ်ခဲ့တာ .. တခြားအလုပ်ကိစ္စတွေဘက်ကိုပဲ စကားဆက်ဖြစ်ခဲ့ရတာလေ .."

"ကျွန်တော် မုန့်ဟင်းခါး ရောင်းပါတယ် မမလေး .. ဆရာ ဟိုတယ်ကြီးဆောက်နေတဲ့ နေရာကို မုန့်ဟင်းခါး ရောင်းရင်း ရောက်ခဲ့တာပါခင်ဗျာ .."



ဟု ဖြေတော့ ဒေါ်မိုးယုငွေ ပြုံးလျက် ..

"မိုးက မုန့်ဟင်းခါး သိပ်ကြိုက်တာ .. တစ်နေ့မှ .. ဦးမြမိုကို မုန့်ဟင်းခါး အချက်ခိုင်းရဦးမယ် .."

ဟု ပြောသည်။ ပြီးတော့ .. ခပ်လှမ်းလှမ်းမှာရှိနေပါသည့် ဖြူတုတ်တုတ် အမျိုးသမီးကြီးကို ကြည့်ကာ ..

"သူတို့သားအဖကို .. နောက်ဖေးကုတန်းလျားနေရာလေးမှာ နေရာချပေးပါ ဒေါ်စာ .. မိလုံးနဲ့ ကိုညိုလဲ ပစ္စည်းလေးတွေ သယ်ပြကူပေးပေါ့ .. ဦးမြမို .. လိုက်သွားပါ .. ထမင်းတော့ အိမ်ကပဲ စားပါ .. ဒေါ်စာ .. ဦးမြမိုတို့အတွက် ထမင်းပိုချက်ဖို့ လိုတယ်ဆိုရင် .. ထပ်ချက်လိုက်ပါ .. ရောက်ရောက်ချင်း သူတို့မှာ ချက်ပြုတ်စားသောက်ဖို့ အလွယ်မဖြစ်နိုင်ဘူးလေ .."

ဟု ပြောတာမို့ ဒေါ်စာမှ ဟုတ်ကဲ့ပါ .. ဟု တရိုတသေ ပြောသည်။ ဒေါ်မိုးယုငွေမှ ထရပ်လိုက်ကာ ..

"မိုး .. သားလေးကို သွားကြိုလိုက်ဦးမယ် .. ကိုညိုမောင်းပို့မနေနဲ့တော့ .. မိုးကိုယ်တိုင်ပဲ မောင်းသွားတော့မယ် .. ဒီက ဦးမြမိုကိုသာ ကူညီပေးလိုက်ပါ .."

ဟု ပြောကာ တစ်ချက်ပြုံးသည်။ ဦးမြမိုကိုကြည့်ကာ ..

"မိုးရဲ့သားလေးလေ .. သူ့အဘွားအိမ် ရောက်နေတယ်လေ .. မနက်က လာခေါ်သွားကြတာ .. ခု .. မိုးပဲသွားပြန်ခေါ်လိုက်တော့မယ် .. ဦးမြမို ဒီမှာ စိတ်အေးချမ်းသာနေပါ .. မောင်လွှတ်လာတဲ့သူပေမို့ .. မိုးသိတယ်လေ ..

www.burmeseclassic.com

www.burmeseclassic.com



ဦးမြမှိုဟာ စိတ်ထားကအစ .. အားလုံး အေးချမ်းမယ် .. နားလည်မှုနဲ့ အစစစိတ်ချရမယ် ဆိုတာလေ .. မောင်က .. ဦးမြမှိုအပေါ် အတော် စေတနာထားတာပဲ .. ဖုန်းထဲမှာ ဦးမြမှိုနဲ့ ပတ်သက်လို့ အစစ စိတ်ချရတယ်ဆိုတာကို ထည့်ပြောထားတယ်လေ"

ဟု ပြောကာ ထွက်သွားတာမို့ ဦးမြမှိုမှာ မိလုံးဆိုသည့် ကောင်မလေးကို သမီးလေး မွေ့စေကာ ကိုယ်တိုင် ပစ္စည်းလေးတွေ သယ်သည်။ ကိုညိုနှင့် ဒေါ်ဇာတို့ကလည်း ဝိုင်းသယ်ကူသည်။ မများလှသည့် ပစ္စည်းတွေက ခဏချင်းမှာပဲ အိမ်၏ခပ်လှမ်းလှမ်း နောက်ဖေးရှိ ပျဉ်ထောင်သွပ်မိုးတန်းလျားလေးမှာ နေသားတကျ ရှိသွားရပါပြီ ..။ ကြီးမားတာဆို၍ မုန့်ဟင်းခါးချက်သည့် ဟင်းရည်အိုးလောက်ပဲ ရှိသည်ကိုးလေ ..။

"အခန်းကို မိလုံးနဲ့ ဒေါ်ဇာ မနေ့ကတည်းက ရှင်းထားတာ .. အစ်ကိုကြီးဆီက မမလေးကို ဖုန်းနဲ့လှမ်းပြောလိုက်တတည်းက .. ဒီအခန်းကို ဒေါ်ဇာတို့ ရှင်းထားဖို့ မမလေးက ခိုင်းခဲ့တာလေ .. သမီးလေး တစ်ယောက်လဲ ပါမယ်လို့ အစ်ကိုကြီးက ပြောတယ်တဲ့ .. ဒေါ်ဇာက နည်းနည်းလေးတော့ ကြီးလောက်ပြီလို့ ထင်မိတာ .. ကလေးက ငယ်သေးတာကိုး .."

ဟု ဒေါ်ဇာ ပြောတော့ ကိုယ့်အတွက် အခန်းတွေဘာတွေ ရှင်းထားပေးရတာကို ဦးမြမှို အားနာတကြီး ဖြစ်ရပါ၏။

"ကလေးက နို့ဘူးတိုက်တာလား .."

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ .. နွားနို့ တိုက်တာပါ .. ဒီမှာ နွားနို့ ဝယ်လို့ရသလား ဒေါ်ဇာ .. ကျွန်တော် သွားဝယ်ချင်လို့ပါ .."

"အိမ်က နွားနို့ယူပါတယ် .. မနက်ဖြန် နို့ပို့တဲ့ မှတ်ကို နို့တစ်ပုလင်း ပိုယူလာဖို့ မှာလိုက်ပါ့မယ် .. လောလောဆယ်တော့ .. အိမ်ကနို့ ပေးပါ့မယ် .. မိလုံး .. ကြောင်အိမ်ထဲက နွားနို့အိုး သိတယ်မဟုတ်လား .. မတ်ခွက်ထဲ ထည့်လာခဲ့ .. ကလေး ဆာရှာမယ် .. ကလေးအမေ မရှိတော့ဘူးဆို .. အစ်ကိုကြီးက မမလေးကို ဖုန်းထဲမှာ အဲသလို ပြောပြထားတယ်တဲ့ .."

ဟု ကရုဏာသက်ပုံဖြင့် ကလေးနှင့် ဦးမြမှိုကို ကြည့်ကာ ဒေါ်ဇာ ပြောတော့ ဦးမြမှို ခေါင်းပဲညိတ်ပြလိုက်ရပါ၏။ ကြည့်ရတာ .. ဦးမြိုင်သော်သည် သူတို့သားအဖကို သားအရင်းဟုလည်း ပြောထားပုံရလျက် ..။ သမီးလေး၏အမေဆုံးသွားပြီဟုလည်း ပြောပြထားပုံရပါ၏။ မကြာလိုက် ..။ မိလုံး နွားနို့ဓတ်ခွက်ကြီးနှင့် ရောက်လာတာမို့ ..။ နို့ဘူးထဲ နွားနို့ထည့် [illegible]တလေးကို နို့တိုက်တော့ အိပ်ရာမှနိုးစ သမီးလေးသည် ဆာဆာနှင့် စို့ရှာသည်ပါပဲ။

"ကဲ .. နားနားနေနေ .. နေပါ ဦးမြမှို .. ဒေါ်ဇာ ပြန်လိုက်ဦးမယ် .."

"ကျွန်တော့်ကို မြမှိုလို့ပဲ ခေါ်ပါ ဒေါ်ဇာ .. ကျွန်တော်က ငယ်ပါ .. ခုလို .. သမီးလေးအတွက် နို့ကအစ ပေးတာ ကျေးဇူးတင်လှပါတယ် ခင်ဗျာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမြမို့ ပြောတော့ ဒေါ်စာ ပြုံး၏။ မိလုံးက တော့ သမီးလေးကို စိတ်ဝင်တစားဖြင့် ကြည့်သည်။ အတော်လေး ချောသည့် သမီးလေးပေမို့လည်း ချစ်နေပုံလည်းရပါ၏။

"မိလုံးက ဒေါ်စာ့တူမလေး .. သူ့ကို လိုတာရှိခိုင်းပေါ့ .. ဥယျာဉ်ထဲ ရှိနေတဲ့အခါ .. ကလေးကိုကြည့်ခိုင်း .. ကဲ .. မိလုံး .. ညည်း ပေါင်းသင်းမြေဆွလဲ ပျင်းတယ် .. အပင် ရေလောင်းရင်လဲ ထဘီက တစိုစိုနဲ့ အလုပ်ကိုမဖြစ်ဘူး .. ခု .. ဒီကဦးလေး ရောက်လာပြီ ညည်း .. ကလေးထိန်းပေး .. ဟုတ်ပလား"

ဟု ကလေးထိန်းဖို့ကိစ္စ ဖယားချပေးနေတော့ မိလုံး ကြည်ကြည်သာသာ ခေါင်းညိတ်သည်။ ကြည့်ရတာ .. ပန်းခြံထဲ လုပ်ရတာကို မိလုံး သိပ်ပျော်ပုံမရ ..။ ပန်းခြံထဲ လုပ်ရကိုင်ရ တာထက် ကလေးထိန်းရမှာကို ပိုအကြိုက်တွေ့နေသည့်ပုံ ..။

ကိုညိုနှင့် ဒေါ်စာရော မိလုံးရော ပြန်သွားကြတော့ သမီးလေးကို အိပ်ရာငယ်လေးခင်း၍ ခဏချ ..။ ပစ္စည်းတွေကို မီးဖိုထဲ ထားရတာတွေ ပြန်၍ထား ..။ ပန်းကန်စင်သစ်သားခင်း မှာ ပန်းကန်တွေ အိုးလေးတွေချ။ အိပ်ခန်းမှာ ရှိနေသည့် အိပ်ရာ ကို ဖျာလေးခင်း၍ နေသားတကျခင်း ..။ သမီးလေးကို ပြန်ပွေ့ ၍ သားအဖနှစ်ယောက် အိပ်ရာထက်မှာ ရောက်သွားကြရပါသည့် အဖြစ် ..။ သမီးလေးကို နို့ဘူးတိုက်နေရင်းဖြင့် ဦးမြမို့လည်း ခါး ဆန့် ကိုယ်ဆန့်ဖြင့် အညောင်းဖြေ နားနေရပါ၏။ ကားစီးလာရ သည်က ခရီးမနည်းသည်မို့ ကိုယ်လက်တွေ ညောင်းခဲနေသည် မဟုတ်ပါလား။



သမီးလေးကို ငေးကြည့်နေရင်းမှ ဖျတ်ခနဲ သတိရ လာသည်က .. စာ ..။ ဟုတ်သည် ..။ စာ ..။ ခုမှ သတိတရ အမှတ်ထင်ထင် ပြန်ဖြစ်လာရသည်။ ခရီးသွားရမည့်ကိစ္စ .. သမီး လေးကို ဂရုတစိုက်လည်း ရှိနေရသည့်ကိစ္စတွေဖြင့် စာကို မေ့ သွားမိသည်လေ ..။ ဆို

ရှပ်အင်္ကျီအိတ်ကပ်ထဲမှ စာကိုယူ၍ ဖောက်ဖတ်စ်က စဉ်နိုက် ပထမစာပိုဒ်ဖြင့်ပင် ရင်သည် ဒိန်းခနဲ ခါချေ၏။ ဟိုး။

ဘုရားရေ ..။ သမီးလေးနှင့် ပတ်သက်သူဆီမှပြော ပါတကား ..။

တစ်လျှောက်လုံး .. လုံးဝ အစအနပျောက်နေခဲ့ပါ သည့် အရာ ..။ ဟုတ်သည် ..။ သမီးလေးနှင့် ပတ်သက်၍ ဘယ်သူမှလာ၍ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ခဲ့သည်ပဲဟု ရင်ထဲကျိတ် ၍ ကျေနပ်နေမိခဲ့သမျှ ..။ ခု .. ဤစာတစ်စောင်ရောက်လာချေ သည်တကား ..။

စာထဲမှာ ဓာတ်ပုံလေးလည်း ပါလာချေသည်မို့ ကြည့်လိုက်ရမှာကိုပင် လောလောဆယ်မှာ ရင်ထဲမရဲချင် ..။ မကြည့်ချင် ..။ ဟုတ်သည် ..။ မကြည့်ချင် ..။ ဓာတ်ပုံထဲမှလူ ကို မြင်လိုက်ရမှာ သွေးလန့်နေသည်။ ချောက်ချားနေသည်။ ထို ဓာတ်ပုံရှင်သည် သမီးလေးနှင့် သွေးသားရင်းချာသည့်သူ ..။ ထို ဓာတ်ပုံရှင်သည် သမီးလေးနှင့် ဦးမြမို့ကို .. သူစိမ်းအဖြစ်တွန်း ပို့နေသည့်သူဟု ခံစားဖြစ်လာရလျက် ရင်သည်ခါနေသည်။ မျက် ခန်းတွေက ပြာချင်နေ၏။ မျက်စိကို စုံမှိတ်ထားလိုက်ကာ ခေါင်းကို အမန်းကတန်းပြန်၍ ကယောင်ကတမ်း ဆန်စွာပဲ ခေါက်နေမိ

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ... ဟင်ခနဲ အသံထွက်ကျသွားရလျက် စာကိုပြန်၍ ဖြန့်
ပြန်သည်။ မဖတ်၍မှ မဖြစ်ချေပဲလေ ...။ စာ၏အစမှာ ပါနေပ
သည့် ... ကျေးဇူးရှင် ဦးမြမိုရှင် ...။ ဟူသော စာသား ...။ ထို
သားအောက်ဆီမှ ... ကျွန်မက ... သမီးလေးရဲ့အဒေါ် ဖြူကျေ
ပါ ...။ ဆိုသည့် စာသားကို ဖတ်မိခဲ့ပြီးပြီကိုးလေ ...။ ထိုစာ
ဖတ်ချင်သည်ပဲရှိစေ ...။ ဖတ်ကိုဖတ်မှ ဖြစ်ချေမည်မို့ အားတင်
စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေရသည်က ဦးမြမိုပါ ...
သမီးလေးနှင့် ပတ်သက်၍ ရေးသူကရေးလာလျှင် ... ဖတ်မိုတာ
သည် ဦးမြမိုမှာ ရှိနေသည် မဟုတ်ပါလား။

ချက်ချင်း စာတွေကို သဲသဲကွဲကွဲပင် မမြင်ချင် ...
မျက်စိပြာနေသည်။ နဖူးစပ်ဆီမှ ချွေးသီးတို့က မျက်ခုံးကိုဖြတ်
မျက်စိတွင်းသို့ပင် စီးလာချေသည့်အဖြစ် ...။

ဤမျှ စိတ်တွေထိန်းမရနိုင်အောင် ချောက်ချားတု
ခါနေတာမျိုး ဘယ်တုန်းကမှ ဦးမြမို မဖြစ်စဖူး ...။ အသက်
၍ပင် မဝချင် ...။ ချွေးတွေကို တဘက်ငယ်လေးဖြင့် ပွတ်သုတ်
စိတ်ကို မနည်းကြီးပြန်၍ ငြိမ်အောင် ကြိုးစားထိန်းယူနေရသည်
အပန်းတကြီး နိုင်သည်။ ကြီးမားလေးလံသော ကျောက်တုံး
ကျောက်ခဲကြီးများကို ထမ်းပိုးရသည်ထက်ပင် အားကုန်ကြိုးပြ
နိုင်အောင် လှုကိုပန်းဟိုက်နေစေသည်ပဲ ...။ မျက်ရည်က ကျလာ
သည်။ ထိန်း၍မရ ...။ နောက်ဆုံးတော့ ... ငိုစေတော့ဟု စိတ်
လွှတ်ချလိုက်ရကာ အခန်းငယ်လေးထဲမှာ တစ်ယောက်တည်း
ရှိုက်ငိုချလိုက်မိရပါပြီတည်း ...။ ပြီးတော့လည်း မနေသာသည့်
မျက်ရည်ကိုသုတ်ရ ...။ စာကို ငုံ့မိုး၍ ဖတ်လိုက်ရပါပြီ ...။ စာထဲ



မှာ မြွေတစ်ကောင်သည် ဦးမြမိုကို အဆိပ်ပြင်းသော အစွယ်ကြီး
ဖြင့် လှမ်းပေါက်လိုက်ဖို့ ပါလာသည့်နှယ် ခံစားရပါသည်ကော
လေ ...။ ဟုတ်သည်။ သမီးလေးနှင့် ခွဲခွာရမည့် စာသားများ
အဖြစ် ရေးသားလာခြင်းများပေလား ...။ သမီးလေးနှင့် ပိုင်ကား
သေးကွာစေပိုင်ခွင့်ရှိသူ တစ်ယောက်၏ ရေးသားလာသည့် စာဆို
တာကိုတော့ အသေအချာ သိနေသည်။ ထိုဒေါ်ဖြူကျော့ ဆိုတာက
သမီးလေး၏ အဒေါ်ဖြစ်ချေသည်ကိုး ...။ ဗိုလ်ရင်းသည်ကိုး။
ကိုယ်က ကောက်ယူမွေးထားရသည့်သူ ...။ တကယ်တမ်း ပြော
ကြစတမ်းဟော့ ဆိုလျှင် ကိုယ်က သူစိမ်းဖြစ်ရမည်။ ရှုံးရမည် ...။

"ဟာ ... ငါ့သမီးတော့ ဘယ်သူ့အပတ်သက်မှ မခံဘူးဟေ့ ...
ပစ်တုန်းကတော့ ပစ်ထားခဲ့ပြီးတော့မှ ... ခုလို ... ကျေးဇူး
ရှင် ဦးမြမိုရှင် ဆိုတာလေး ခေါင်းစည်းတပ်ပြီး လေသံချိုချို
လေးနဲ့ လာလုပ်လို့ကတော့ ဘယ်ရမလဲ ... လုံးဝမပေးဘူး
ငါ့သမီးကို ... ဘာမှတ်သလဲ ... ငါ့သမီး လာထိကြည့် ...
တောင်းကြည့် ... ဖြူကျော့လဲ မသိဘူး ... နီကျော့လဲမသိ
ဘူး ... ဒါ ... ငါ့သမီး ... ဒါပဲ ငါသိတယ် ..."

ဒေါဖြင့် ဒေါ်နှင့်တွေးပြီးမှ စိတ်ကိုငြိမ်အောင်ပြန်
ထိန်းရသည်။ ပထမပိုင်း ဝမ်းနည်းတကြီးနိုင်လျက် တုန်လှုပ်
ချောက်ချားနေသည့်စိတ်သည် ဒေါသဘက်သို့ကူးသည်။ စာကို ...
ခပ်တင်းတင်းကြီး မျက်မှောင်ကြီးကုတ်ကာ၍ ဦးမြမို ဖတ်ပ
သိုက်မိပြန်၏။

"ကျွန်မမှာ ညီမလေး ရှိပါတယ် ဦးမြမို။ နှမငယ်က
မမွေးကျော့တဲ့။ ရုပ်ကလေးကလည်းလှတယ် ...။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ပြီး လို ‥ ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတ မဟုတ်ဘူးလေ ‥။ ကျွန်မတို့မှာ မိဘများ မရှိတော့တာမို့ အိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ရင်း ဘဝကို ရပ်တည်ကြရပါတယ် …

"ကျွန်မက ခြေတစ်ဖက် မသန်တော့ အိမ်ရှင်ကတော့ သ…သိသောတွေ့လှတာ မဟုတ်ပေမယ့် ‥။ ညီအစ်မနှစ်ယောက် အတူနေမှ ဖြစ်မှာမို့ နှစ်ယောက်ပဲ နေပါရစေ ‥။ လခကို တစ်ယောက်စာပဲပေးပါ ‥။ ကျွန်မကတော့ ထမင်းစားရရင် တော်ပါပြီ ဆိုတာမျိုး ခယယ ပြောခဲ့တာကြောင့် သနားလို့ပဲလား ‥ ဒါမှမဟုတ် ‥ လခတစ်ယောက်စာနဲ့ လူနှစ်ယောက် ခိုင်းလို့ရတာကိုပဲ ကျေနပ်လို့လားတော့ မသိပါဘူး ‥။ ကျွန်မတို့နှစ်ယောက်ကို အိမ်ရှင်က လက်ခံလိုက်တာပါပဲ ‥။ ဘာပဲဖြစ်ဖြစ် ‥ အိမ်နီးချင်း ဒေါ်ဆွေရဲ့ အဆက်အသွယ် နဲ့ အဲဒီပုန်းညက်မြိုင်အိမ်ကြီးမှာ ကျွန်မတို့ညီအစ်မ အလုပ်ရခဲ့ကြတာဟာ ‥ ကျွန်မတို့ မခွဲဘဲ နေကြရတာမို့ ကံကောင်းလှချေရဲ့လို့ ဝမ်းသာမိခဲ့ကြတာ အမှန်ပါ …

"ဒါပေမဲ့ တကယ်တမ်းကျတော့ ကျွန်မတို့ ကံဆိုးကြတာပါပဲ ‥။ ပုန်းညက်မြိုင်က အိမ်ရှင်သူဌေးကြီး ဦးစံဘွား ဆိုတာ ရန်ကုန်မြို့မှာ ရွှေမိုးတိမ် ဆိုတဲ့ ကုန်တိုက်ကြီးကိုပိုင်တဲ့သူပါ ‥။ ဒေါ်နုမေ ဆိုတာကလည်း မိဘစဉ်ဆက် ချမ်းသာလာကြတဲ့ မန္တလေးက စိန်ကုန်တိုက်ပိုင်ရှင်ကြီးရဲ့သမီးပါ ‥။ ဦးစံဘွားနဲ့ ဒေါ်နုမေမှာ ကိုစိုးပြည့် ဆိုတဲ့ သားတစ်ယောက် ရှိပါတယ်။ တက္ကသိုလ်ကျောင်းသားပါ ‥။ စိတ်ရင်းကောင်းသူပါ ဦးမြမို ‥။ အချုပ်ဆိုရရင်ဖြင့် အဲ…



သူဌေးသား ကိုစိုးပြည့်နဲ့ ကျွန်မညီမ မွေးကျော့တို့ မေတ္တာမျှကြပါတယ် …

"ကိုစိုးပြည့်ရဲ့ မိဘများ သိကြတော့ ဘယ်သဘောတူကြမှာမို့လဲလေ ‥။ အဲဒီအချိန်မှာ ညီမလေးက မပေါ့မပါး ဖြစ်နေပြီ ‥။ အဲဒါကို ‥ ဒေါ်နုမေက အချိုသတ်ပြီး ကလေးမျက်နှာ အရင်မြင်လိုက်ပါဦး ‥။ အိမ်မှာပဲ အကျဉ်းရုံးပြီး လက်ထပ်ပေးတာပေါ့ ‥ ဆိုပြီး ချော့ပါတယ်။ လောလောဆယ်မှာတော့ သူ့သားက စာမေးပွဲလနီးပြီ။ ကျောင်းလဲ မပြီးသေးတာမို့ လက်ထပ်တာတို့ ဘာတို့ မလုပ်ချင်သေးဝါဘူးပေါ့ ‥။ စာမေးပွဲပြီး ‥။ အောင်စာရင်းတွေ ထွက်ပြီးတော့မှ ‥ ကျောင်းပြီးမှပဲ လက်ထပ်ပေးပါမယ်ပေါ့ ‥။ အဲသလို ပြောကတည်းကိုက ကိုစိုးပြည့်က မယုံဘူး ‥။ လက်မခံချင်ဘူး …

"မိမွေးက ‥ အရိုးခံသမား ‥။ ဒေါ်နုမေ ထုတ်ဆင်ထားတဲ့ ရွှေကြိုးလေးတွေ ‥။ လုံးချော လက်ကောက်လေးတွေကို ဝတ်ထားရတာမို့ ‥ သူ့ကို တကယ်ချစ်လို့ ပေးတာလို့ ယုံနေတာ ‥။ ကျွန်မလဲ ပြောတယ် ‥။ ရုံးတက်လက်ထပ်လိုက်လို့ ‥။ ကျိတ်ပြောတာပဲ။ မွေးကျော့ကိုက ဒေါ်နုမေနဲ့ ဦးစံဘွားကို စိတ်မဆင်းရဲစေချင်ဘူးတဲ့ ‥။ ကိုစိုးပြည့်ကို ‥ ဘွဲ့ရပြီးမှ လက်ထပ်ပွဲ လုပ်ပေးချင်တာနားလည်ပေးရမှာပေါ့လို့ ပြောတယ်လေ …

"ကလေးကို ‥ ရန်ကုန်က ပုန်းညက်မြိုင်မှာမွေးဘဲ ‥ မိုင်းလီကို ခေါ်သွားမွေးမယ်လို့ ဦးစံဘွားနဲ့ ဒေါ်နုမေ

www.burmeseclassic.com

www.burmeseclassic.com



တို့ စိမ်ကတည်းက ကျွန်မရင်ထဲမှာ သိပ်မကြိုက်ချင်ဘူး ..။ အဲဒီအချိန်မှာ ကိုစိုးပြည့်ကို စင်ကာပူ လွှတ်ထားလိုက်ပြီး နေကြပြီ ..။ မန္တလေးက ဒေါ်နုမေရဲ့အမေ ဒေါ်သက်ထားကို နှလုံးရောဂါကုဖို့ဆိုပြီး စင်ကာပူကို သားနဲ့လွှတ်လိုက်တယ်လေ ...

"မိုင်းလီက ဦးစံဘွားရဲ့ အပေါင်းအသင်း ဦးကြင်ဆိုသူရဲ့ သီးခြားရှိနေတဲ့အိမ်မှာ မမွေးကျွာ မီးဖွားတယ် ..။ မိုင်းလီ ရောက်ကတည်းက ဒေါ်နုမေ ခပ်တင်းတင်းနေတယ်။ မွေးကျွာကို ငေါက်ငေါက်ငမ်းငမ်း ဆက်ဆံတယ် ..။ သူ့သားနဲ့ တူသလား တန်သလား ဆိုတာကိုလဲ ပြောပြောနေတာမှ သနားစိတ်ကို မထားဘဲ ခပ်တင်းတင်းပြောပြောနေတာ ..

"ပိုက်ဆံမက်လို့ သူ့သားကို အပိုင်သိမ်းတာ .. နဲ့ ပြောနေတော့ မိမွေးခများ မျက်ရည်နဲ့ မျက်ခွက်ရယ် ..။ ကျွန်မ ပြောပါတယ် ..။ ညီအစ်မနှစ်ယောက် ထွက်သွားလိုက်ကြရအောင်လို့ ..။ တစ်ခုခု လုပ်စားကြတာပေါ့လို့ ..။ မိမွေးက မရဘူး ...

"ကိုစိုးပြည့်ကို မထားခဲ့ရက်နိုင်ဘူးတဲ့လေ ..။ ဟိုက စင်ကာပူမှာတဲ့ ..။ သူ့အပေါ် သစ္စာလဲ ရှိတယ်တဲ့။ အဘွားကို ဆေးကုတဲ့ကိစ္စ သွားနေတာတဲ့ ..။ ဘယ်သူ သဘောမျှမျှ .. မမျှမျှ .. ကိုစိုးပြည့်ကတော့ သူ့ဘက်မှာ ရှိနေတာပဲတဲ့ ..။ အဲသလိုပြော ..။ ဆက်ပြီးတော့လည်း နေပါတယ် ...



"ကလေး မျက်နှာမြင်တော့ သမီးလေးက ဖအေချော မအေချောလေးတွေ အားလုံးကို ယူထားတာမို့ အံတော်လေးကို ချောတာ ..။ ဒေါ်နုမေကတော့ဖြင့် .. မီးနေသည် မွေးကျွာကို ဟက်ဟက်ပက်ပက်ရယ်လို့လဲ မရှိဘူး ..။ ကလေးကိုလည်း တစ်ချက် မချီဘူး။ မကြာခင် ပြန်တော့မယ် ဆိုတာကိုပဲ ပြောတယ် ..။ ကျွန်မတို့ ညီအစ်မနဲ့ ကလေးက သူနဲ့အတူ ပုန်းညက်မြို့ကိုပဲ ပြန်လိုက်ရမလား။ နေခဲ့ရမလား ဆိုတာကို မသိရဘဲ ရှိနေရတာ ...

"ကလေး မျက်နှာမြင်ပြီး တစ်ပတ်ကျော်လေးပဲ ရှိသေးတယ် ..။ မွေးကျွာမှာလည်း စိတ်ရယ်လို့ ချမ်းသာရတာ မရှိတော့ .. အစားကလဲ မဝင် ..။ လူကလည်း အားနည်းနဲ့ ဖျားတယ် ..။ ဆယ်ရက်လောက်ရှိတော့ မနက် ဒေါ်နုမေ တစ်ယောက် သူ့အခန်းထဲမှာ ကျိတ်ကျိတ်ကျိတ်ကျိတ်နဲ့ သူနဲ့အတူ ပါလာတဲ့ ပုန်းညက်မြို့က အဝတ်လျှော်တဲ့ မိန်းမကြီး ဒေါ်ကြွယ်ကို ပြောနေသမျှ မသက်သလို့ ချောင်းနားထောင်တော့ ကလေးကို .. တစ်နေရာရာမှာ သွားပစ်ထားဖို့ ပြောနေတာ ဖြစ်နေတယ် ..။ ကျွန်မဖြင့် လန့်လိုက်တာလေ ..။ သူတို့က ကျွန်မတို့ ညီအစ်မကို .. ညဘက်ကျရင် အိပ်ဆေးပါတဲ့ ကော်ဖီတိုက်မယ်တဲ့ ..။ အိပ်တော့မှ .. ကလေးကို ဒေါ်ကြွယ် ယူသွားတဲ့ ..။ ဒီလောက် ချမ်းသာပြီး ဒီလောက် ရက်စက်တာမျိုးကို ကျွန်မ မမြင်ဘူး .. မကြားဖူးပါဘူး ..။ ဥစ္စာပစ္စည်း

www.burmeseclassic.com



ကိစ္စမှာ … ဒီကလေးက … တစ်နေ့မှာ ပိုင်ရေးဆိုင်ရာ အမွေကိစ္စ ပြောလာမှာ စိုးတယ်တဲ့လေ …

"ကျွန်မမှာ လန့်လန့်နဲ့ နောက်ကြောင်းပြန်လှည့်ခဲ့ရပေမယ့် ရင်ထဲကို မချိတော့ပါဘူး …။ ကျွန်မညီမနဲ့ သူတို့ရဲ့သားကို လုံးဝလက်ထပ်ပေးမှာ မဟုတ်ဘူးဆိုတာ ကျွန်မ အသေအချာ သိရပြီလေ …

"ဟန်မပျက် … ဘာမှမသိသလိုကြီးလုပ်ပြီး မီးပိုဝင် …။ ဆွမ်းတော်အတွက် ထမင်းတည်တယ် …။ ညီမအခန်းသွားတော့ … ဟိုမှာ ဒေါ်နုမေ ရောက်နေပြီ …။ ဓာတ်ပုံတစ်ပုံပြတယ် …။ သူ့သား အဲဒီကောင်မလေးနဲ့ လက်ထပ်ပေးလိုက်ပြီတဲ့ …။ ဘာမှမနှောင့်ယှက်ပါနဲ့တဲ့။ နေမကောင်းတဲ့သူကို ပြောချလိုက်တော့ ဘာဖြစ်လာတော့မလဲ ဦးမြမိုရယ် …။ ကျွန်မညီမ … သွေးတက်ပြီး … စိတ်ထိခိုက်ရှိန်ကြီးနဲ့ … အသက်ပါ … ပါသွားပါရောလား …။ သွေးတက်ပြီး မေ့သွားလိုက်တာ လုံးဝကို ပြန်လည်မလာတော့ဘူးလေ …။ မီးနေသည် သေတယ်ဆိုပြီး ချက်ချင်းချမယ်ဆိုပြီး ဒေါ်နုမေ အလုပ်များနေတုန်း ကျွန်မကလေးကိုပွေ့ …။ ထန်းခေါက်ဖာလေးထဲထည့် …။ ဇောင်ကလေးခြုံပေးပြီး … ပြေးရတော့တာပဲ …။ ဒီကလေးကို … သူတို့ … ကျွန်မ အလစ်မှာ အသေအချာကြီးကို သွားပစ်ကြမှာ သေချာတယ်လေ …

"ဒါကြောင့် … ကျွန်မှာ … မိုင်းလီချောင်းလေးဘေးက ပေါက်ပင်ကြီးအောက်မှာ ကလေးကိုထား …။



သေးခြုံထဲကနေ စောင့်ကြည့် …။ ကလေးကို … ဦးကြီးတစ်ယောက် လာယူသွားတော့ သေချာမှတ်သားထားပြီး …။ ညီမအလောင်းရှိနေသေးတာမို့ ပြန်ပြေးရတော့တာပါပဲ …။ ကျွန်မနေရာက ကြည့်ပေးပါ ဦးမြမိုရယ် …။ တစ်ဖက်မှာက ညီမကဆုံးပြီ …။ ကလေးကိုကျတော့လဲ … သူတို့က ပစ်လိုက်ကြတော့မှာ …။ သူတို့ဥစ္စာစောခြောက်ပြီး ကလေးကို ပစ်လိုက်တာ ကိစ္စမရှိဘူး။ ကျွန်မမှာ … ကလေးကို ဆုံးရှုံးရမှာလေ …။ ဒါကြောင့် … ကလေးကို သူတို့လက်ထဲကလွတ်အောင် အရင်ပြေးပြီး လုပ်လိုက်ရတာက … တစ်နေရာမှာ ထားထားလိုက်ဖို့ပါပဲ …။ တစ်ဖက်ကကျတော့လည်း ညီမသင်္ဂြိုဟ်မယ့်ကိစ္စက ရှိနေတယ်။ ကလေးကို … မုန့်ဟင်းခါးရောင်းတဲ့ ဦးလေးကြီးတစ်ယောက်က ယူသွားတာ …။ ကလေးကို တဘက်လေးနဲ့ တယုတယထွေးတာကအစ မြင်ခဲ့တာမို့ … ကလေးကို ဂရုစိုက်မယ်ဆိုတာတော့ သိနေရပါပြီ …။ ဦးမြမို ဆိုတာကိုတော့ … နောက်ပိုင်းကျမှ ကျွန်မ စုံစမ်းတော့ သိရတာပါ …။ ဦးမြမိုရဲ့ မုန့်ဟင်းခါးက နာမည်ရှိတယ်လေ …။ မြို့ထဲမှာ တွင်းလှည်းနဲ့ ရောင်းတာဆိုလို့လဲ … ဦးမြမို တစ်ယောက်ပဲ ရှိတာတွေကို … နောက်ပိုင်း ကျွန်မ စုံစမ်းရင်း သိခဲ့ရတာပါ …

"ပြန်ပြီး စကားဆက်ရရင်ဖြင့် … ညီမလေးဆီအသော့ပြန် …။ ဟိုမှာ အားရအောင်ငို …။ အလောင်းမြေချတော့လည်း အသည်းကြွေအောင်ငိုနဲ့ ကျွန်မ အရူးလို ဖြစ်ခဲ့ရတာပါရှင် …။ ကလေးပျောက်နေတာကို … ကျွန်မကလဲ …

www.burmeseclassic.com

www.burmeseclassic.com



ငိုကြီးချက်မနဲ့ .. တူမလေးပါ .. ဆုံးရှုံးရပါပေါ့ .. ဆိုပြီး တငိုတည်းငို ..။ ကလေးပျောက်နေတာကို .. ဝိုင်းရှာပေးကြပါနဲ့ .. မှင်သေသေနဲ့ တငိုတည်း ငိုနေလိုက်ရတော့တာပေါ့ရှင် ...

"ကျွန်မက ဒေါ်နုမေနဲ့ ဒေါ်ကြွယ်ကို အမြဲ မျက်ခြည်ပြတ်ထားတာ မဟုတ်ဘူး။ သူတို့နှစ်ယောက် အခန်းထဲဝင်ပြီး တံခါးပါ ပိတ်လိုက်ပြီ ဆိုတာနဲ့ အိမ်အောက်ဝင် ..။ သူတို့ပြောသမျှ နိုးနားထောင်ရတယ် ..။ ဒေါ်နုမေက မေးတယ်။ ကလေးကို သွားပစ်လိုက်ပလားပေါ့ ..။ သူက .. ထင်နေတာက .. ဒေါ်ကြွယ် သွားပစ်လိုက်ပြီလို့ ထင်နေတာ ..။ ဒေါ်ကြွယ် ဆိုတာက အပါး ..။ ပိုက်ဆံကို ဘယ်လက်လွှတ်ခံမလဲ ..။ အားလုံး အလုပ်ရှုပ်နေချိန်မှာ .. ကလေးကိုယူပြီး .. မြို့ပြင်က ရေပ်ငယ်လေးမှာ သွားထားခဲ့တယ်ဆိုပြီး လုပ်ရော ..။ ကလေးကိစ္စက .. အဲသလိုနဲ့ ပြတ်သွားခဲ့တာပါ ...

"ညီမကဆုံး ..။ ကလေးကပျောက် ဆိုပြီးဖြစ်နေတော့ .. ဒေါ်နုမေက အပါး ..။ ကျွန်မကို .. ရန်ကုန်ခေါ်သွားမယ် ..။ ဟိုမှာပဲ .. သူတို့နဲ့နေပါ .. ဆိုပြီး သူတို့နဲ့ အဝေးမခံဘဲ လုပ်နေတော့တာမို့ .. ကျွန်မ .. ခဏပြန်လိုက်သွားရတယ် ..။ မသွားခင် .. ကျွန်မ .. ဈေးဝယ်လေး ဘာလေး ထွက်ရင်းနဲ့ မုန့်ဟင်းခါးသည်ကြီးကို စုံစမ်းတော့ နာမည်သိရ ..။ မြင်းလှည်းတစ်စီးနဲ့ .. အဲဒီအိမ်နေရာထိ လိုက်ကြည့်ခဲ့ရ ..။ အိမ်နံပါတ် မှတ်ခဲ့ရနဲ့ပါ ..။ ခု ..



ကျွန်မ ဒီစာကို ရန်ကုန်က ရေးလိုက်တာပါ ..။ ပုန်းညက်မြို့မှာ ကျွန်မ မနေတော့ဘူးလို့ ပြောတော့ .. သူတို့က လဲ .. ပိုက်ဆံလေး ဘာလေးပေးပါ့မယ်တဲ့ ..။ ရွာလေး တစ်ရွာလောက်မှာ အိမ်ဆိုင်လေး ဘာလေး ဖွင့်စားပေါ့တဲ့ ..။ အချိုသတ်တယ်လေ ..။ ကျွန်မ ဦးမြမှီဆီလာပြီ .. သမီးလေးကို ပြန်ခေါ်ပါ့မယ် ...

"ဦးမြမှီ စောင့်ရှောက်ပေးခဲ့တာမို့ သမီးလေးရဲ့ အဒေါ်ဖြစ်တဲ့ ကျွန်မ ကျေးဇူးတင်ရလွန်းလှပါတယ်ရှင် ...

"ဒီလောက်ထိ အသေးစိတ် စာရှည်ကြီး ရေးရတာက တော့ဖြင့် .. ကလေးလေးကို ဘာကြောင့် အဲသလိုထားခဲ့ရတယ်ဆိုတာ .. နားလည်ခွင့်လွှတ်ပေးအောင်လို့ပါ ..။ ဦးမြမှီ ခွင့်လွှတ်မယ်လို့လဲ ကျွန်မ ယုံပါတယ်။ သူတို့သာ ကလေးကို လက်ဦးအောင် ယူသွားပြီး ပစ်လိုက်နိုင်ကြမယ်ဆိုရင်ဖြင့် .. ကလေးကို .. ဘယ်လိုမှ ပြန်ခြေရာခံနိုင်စရာလဲ မရှိ။ ပြန်လည်း ရနိုင်စရာမရှိ ..။ ကလေးလဲ ဘယ်ဘဝရောက်ရှာမယ်မှန်း မသိနဲ့ ဖြစ်ရမှာမို့ .. အဲသလို ကျွန်မ လုပ်ခဲ့ရတာပါရှင်။ မယုံကြည်မှာစိုးသည့်အတွက် .. ပုန်းညက်မြို့က အဲဒီလူစိတ်မရှိတဲ့ မိသားစုမှာတ်ပုံတစ်ခု ကို သူတို့မသိအောင်ယူပြီး ဒီစာထဲ ထည့်ပေးလိုက်ပါတယ်။ သူတို့ကို ... အလွယ်နဲ့ ရှာနိုင်တာကတော့ .. ရွှေမိုးတိမ် ကုန်တိုက်ပါပဲ။

ကျေးဇူးတင်လျက်ဖြင့်
မြကျော့

www.burmeseclassic.com



စာဆုံးတော့ ဦးမြမို ငြိမ်ကျနေလျက် မျက်တောင်မခတ် သမီးလေးကို စိုက်ကြည့်နေမိရပါ၏။ သမီးလေးကတော့ အိပ်မောကျနေလျက် အကြောင့်ကြကင်းကင်းဖြင့် ရှိနေရှာသည် ပါပဲ။ ကိုယ့်မှာသာ စိတ်တွေ ဆောက်တည်ရာမဲ့ ဖြစ်နေလျက်ကူးလူးလာဆန်ခတ်မှု သောကများဖြင့် လောင်မြိုက်နေရပါသည့်အဖြစ် ..။ လူက ငြိမ်နေလျက် စိတ်တွေက ဖြောင်းဆန်နေသည်။

အတ္တနှင့် မျှတခြင်းဆိုသည့် အရာနှစ်ခုသည် လောလောဆယ်မှာ ဦးမြမိုကို ဒုက္ခအပေးဆုံး ဖြစ်နေသည်။ သမီးလေးကို မခွဲနိုင်သည့်စိတ်က အတ္တ ..။ သူတစ်ပါး၏ တူမလေးကို ပြန်ပေးလိုက်ခြင်းသည် မျှတခြင်း ..။ ထိုအရာနှစ်ခုသည် ဦးမြမိုကို တစ်ခုကမှ အေးမြချမ်းငြိမ်းခြင်းကို မပေးဘဲ လောင်မြိုက်ခြင်းကိုသာ လောလောဆယ်မှာ ပေးလျက်ရှိပါ၏။

သမီးလေးကို မပေးဘဲထားမည်ဟု အတ္တစိတ်ဖြင့် ဆုံးဖြတ်လိုက်တော့လည်း မတရားသည်ပဲ ဆိုသည့် အသိတရားက ဦးမြမိုကို လောင်မြိုက်စေ၏။ ပေးလိုက်ရမည်ပဲဆိုသည့် မျှတခြင်းဖြင့် ရလာပါသည့် အတွေးသည်လည်း ကြာရှည် ရင်ထဲမှာမငြိမ်နိုင်စွမ်း ..။ သမီးကို ခွဲလိုက်ရခြင်းသည် ဦးမြမို၏ နှလုံးသားကို ပေးလိုက်ရခြင်းပေမို့ မခွဲနိုင်သည့်ဝေဒနာဖြင့် ရင်သည် ငိုကြွေးလောင်မြိုက်ပြန်၏။

ဦးမြမို၏ ခေါင်းသည် ငိုက်စိုက်ကျနေသည်။ အားကုန်အားပြတ်နိုင်စွာ ထိုင်နေရခြင်း တစ်ခုတည်းပင်လျှင် မနိုင်ဝန်တစ်ခုကို လောလောလတ်လတ်ကြီး ပန်းဟိုက်စွာထမ်းပိုးထားနေရသည့်နှယ် ဖြစ်နေသည်။ ဦးမြမို အံခဲလိုက်ပါ၏။ စာကိုခေါက်သည်။



"မီးရှို့ပစ်လိုက်တာပဲ နားအေးပါတယ် .."

ဟု ဆုံးဖြတ်လိုက်လျက် မီးခြစ်ကိုရှာသည်။ သိမ်းဆည်းလာသည့် ဥစ္စာတွေထဲမှာ မီးခြစ်တစ်ခုကို ဘယ်ထဲထည့်ထားမိတာ မမှတ်မိချင် ..။ မိုင်းလီက အိမ်လေးထဲမှာပဲ တစ်ထောင့်ထောင့်မှာ ကျန်ခဲ့ချေသည်လား မသိ ..။ မီးခြစ်ဆိုတာလောက်ကိုတော့ ဘယ်သူ့ ဘယ်သူကမှ တကူးတက အရေးထား၍ သိမ်းဆည်းဖို့ဆိုတာ သတိရစရာမှ မဟုတ်ချေပဲလေ ..။ မီးခြစ်ရှာမတွေ့သည်မို့ စာကို ငိုင်၍ကြည့်နေရာမှ အသိတရားက ဝင်လာပြန်သည်။

"ဘာပဲဖြစ်ဖြစ် .. သမီးလေးရဲ့ အမှန်တရားတစ်ခုကို .. ဒီစာက ပြောပြနေတာပါလား .. ငါဟာ .. ငါ့ဓားတစ်ခုတည်းရဲ့အောက်မှာ ငါမြှုပ်နေရင်းနဲ့ .. သမီးလေးကို .. ဇာစ်မြစ်ရယ်လို့ မသိ .. ဇာစ်မြစ်ရယ်လို့ မရှိဘဲ လူလာဖြစ်ရတဲ့ ကလေးတစ်ယောက်အဖြစ် ငါ .. မိုက်မိုက်မဲမဲနဲ့ ဆုံးဖြတ်မိ .. အမှားကြီး မှားတော့မလို့ပါလား .. ငါဟာ .. ငါ့သမီးလေးကို .. ပြန်မပေးနိုင်တာကို .. မှားတယ်လို့ မဆုံးဖြတ်ပါဘူး .. ဒါပေမဲ့ .. ငါ့သမီးလေးဟာ မိုင်းလီမြို့က ပေါက်ပင်ကြီး တစ်ပင်အောက်မှာ ဘဝကိုစ,ခဲ့ရတယ် ဆိုတဲ့ အဖြစ်တစ်ခုထဲမှာ ရှိနေစေဖို့အထိတော့ မလုပ်အပ်ပေဘူး .. ငါ့သမီးလေးမှာ အမေရှိတယ် .. သူ့အမေဟာ ဒေါ်မွေးကျော့ ဆိုတဲ့ မိန်းမသားတစ်ယောက်ဖြစ်တယ် .. သူ့အဖေဟာ .. ဦးစိုးပြည့် ဆိုတဲ့သူ ဖြစ်တယ် .. သူ့အဘိုး အဘွားတွေဟာ ဦးစံဘွားနဲ့ ဒေါ်နုမေ ဖြစ်တယ်

www.burmeseclassic.com



ဆိုတဲ့ အမှန်တရားတစ်ခုကို .. တစ်နေ့မှာ သမီးလေးအတွက် သေရေးရှင်ရေးတမျှ အရေးတကြီး ဖြစ်လာရင် .. ဒီစာနဲ့ ဒီစာတ်ပုံဟာ အလွန်အဖိုးတန်တဲ့ အထောက်အထားတွေ ဖြစ်နေကြရမှာ .. ငါဟာ .. ငါ့သမီးလေးကို မခွဲနိုင်တဲ့ အတွက် .. ဒီကိစ္စကို .. လျှို့ဝှက်ထားလိုက်ခြင်းဟာ .. ငါ့အတွက် တရားတယ် .. ဒီစာကို သိမ်းဆည်းထားခြင်း ကတော့ .. ငါ့သမီးလေးအတွက် တရားတယ် ..”

ဟု ဦးမြမို ဆုံးဖြတ်သည်။ သမီးလေးကိုတော့ ဦးမြမို မပေး ..။ မပေးနိုင် ..။ ဒါကြောင့် .. သမီးလေးနှင့် ဦးမြမို တို့ သားအဖ၏ ဘဝသည် ဤကြာရိပ်မြိုင်မှာပဲ မြုပ်နှံထားခြင်း ဖြင့် ရပ်တည်သွားရမည်။ မိုင်းလိရှိ အိမ်လေးသို့ မပြန်နိုင် ..။ ဒေါ်ဖြူကျော့ ဆိုသူမှ သမီးလေးကို ပြန်လာခေါ်နိုင်ဖို့အတွက် ကိုယ်က တကူးတကကြီး ကိုယ့်နှလုံးသားကို ကိုယ်ပြန်နင်း၍ လျှောက်သည့် ခရီးတစ်ခုအဖြစ် မိုင်းလိသို့လည်း မပြန်နိုင်။ ဒေါ်ဖြူကျော့ကိုလည်း သွားမစောင့်နိုင် ..။ ဒါ .. ဦးမြမို၏ ပြတ် သားသော အဆုံးအဖြတ် ..။ သမီးလေးကို ချစ်လွန်း၍ ဆုံးဖြတ် ရပါသည့် အဆုံးအဖြတ် ..။ ဒါပေမဲ့ .. စာလေးကိုတော့ .. သိမ်း ထားရမည်။ အတွေးများဖြင့် ဦးမြမို ခေါင်းပူအောင် စဉ်းစားရ သည်က စာလေးကို ဘယ်မှာဖွက်၍ သိမ်းဆည်းထားရမည်လဲ ဆိုသည့် နေရာတစ်ခုကို ရွေးချယ်ရခြင်း ကိစ္စပါ ..။ သေတ္တာထဲ ထည့်ထား၍မဖြစ် ..။ မတော် .. သမီးလေးအတွက် .. အဝတ်လေး ဘာလေး လဲပေးဖို့ မိလုံးမှ ကလေးထိန်းရင်း သေတ္တာလေးကိုဖွင့် လိုက်ပြုလိုက် အဝတ်လေးတွေ ဖွလိုက်နှင့် ရှိလာလျှင် စာကိုတွေ့

www.burmeseclassic.com



နိုင်သည်။ ဖတ်နိုင်သည်။ မဖြစ် ..။ သေတ္တာထဲထား၍ မဖြစ် ..။ ကျွတ်ခနဲ စုတ်သပ်၍ စာကို မျက်မှောင်ကုတ်၍ ကြည့်မိပြန်သည်။

“အလကားနေရင်း ဒီစာက ရောက်လာရသေးတယ် .. အင်း .. ရောက်လာတဲ့အခိုက် ငါရှိနေတာပဲ ကံကောင်း တယ်လို့ ပြန်သတိရစမ်းပါ မြမိုရယ် .. စာကို ဘယ်နား ဖွက်ရမှန်းမသိတာက သိပ်ပြီး ငါ့ကို ဒုက္ခမပေးနိုင်ပါဘူး .. ဒီစာဟာ ငါထွက်သွားပြီးမှ ရောက်များရောက်သွားရင် .. မမြင့်ချော လက်ထဲ ရောက်သွားမှာ .. ဖတ်ကြည့်လိုက်မှ .. အားလုံးသိကုန်ရောဖြစ်မှာ .. ငါ့ညီမသမီးဆိုပြီး ပြောထား သမျှလဲ .. ပေါ်ကုန်မှာ ..”

ဟု တွေးမိပြန်သည်။ ဖျတ်ခနဲ အထိတ်တလန့်တွေး မိလာပြန်သည်က .. မဖြူကျော့ ဆိုသည့် အမျိုးသမီးသည် မိုင်းလိရှိ အိမ်လေးသို့များ ခုအချိန်မှာ ရောက်နေချေပြီးပြီလားဆို သည့် အတွေးပါတကား ..။ စောစောတုန်းကတော့ စာက ကိုယ့် ဆီအရင် ရောက်လာ၍ တော်သေးသည်ဟု တွေးမိလိုက်သေးသည် လေ ..။ တကယ်က .. စာသာမက .. ဖြူကျော့ ဆိုသူသည်လည်း လူကိုယ်တိုင် ရောက်ချေဦးမည် မဟုတ်ပါလား ..။

“သွားပြီ .. သွားပြီ .. အဲဒီ ဖြူကျော့ ငါ့အိမ်လေးကို ရောက်သွားရင် .. ငါ့ကို မေးမြန်းရင် .. ပြီးတော့ .. သမီး လေးရဲ့ ရာဇဝင်ကို ခင်းလိုက်ရင် .. အားလုံးပေါ်ကုန်တော့ မှာပါလား၊ အဲဒီတော့ကျမှ .. သမီးလေးဟာ တူမတော်င် မဟုတ်တော့ဘဲ .. ငါ ယူမွေးထားတယ်ဆိုပြီး နားလည်ကြီး တော့မှာပါလား ..”

www.burmeseclassic.com

www.burmeseclassic.com



မချိုတင်ကဲကြီး နားလည်လာနေရရင်းဖြင့် ဦးမြမှီ မျက်နှာကြီး ရှက်ခနဲ တင်းလာပြန်က ...

"အလကား လာရှုပ်တယ် .. သူတို့ကိစ္စ .. ငါ့ကိုလာပတ်သက်နေတယ်၊ သမီးလေးက .. ငါ့သမီး ဖြစ်နေပြီပဲ .. ဖြစ်ပါစေလား .."

ဟု တွေးကာ ကိုယ့်ကံကြမ္မာကိုပဲ ကိုယ်ပြန်၍ နာကြည်းလိုက်ရတော့မလိုလို ..။ ဒေါ်ဖြူကျော့ကိုပဲ စိတ်နာလိုက်ရတော့မလိုလို ..။ မတရားသည် ဒေါ်နမေ ဆိုသည့် မိန်းမကြီးကိုတော့ .. စိတ်ထဲ နာနေမိရသည့် စိတ်တစ်ခုကတော့ အသေအချာကြီး ရှိနေလျက်ဖြင့် စာကို ခေါင်းအုံးမှ ချုပ်ရိုးကိုဖြည်၍ သွပ်ထည့် ..။ လဲမွို့ကြားထဲ စာလေးကို အသေအချာ မြှုပ်ကျုံဝင်သွားအောင် သိပ်ထည့်နေစဉ်ခိုက် ...

"ဦးမြမှီ .."

ဟု ခေါ်သံနှင့် ဒေါ်ဓာ တစ်ယောက် တံခါးဝမှာ ရပ်လာတာမို့ လန့်ခနဲ ခါသွားသည်က ဦးမြမှီပါ ..။ မျက်နှာကြီးဖြူဆုတ်သလို ဖြစ်နေလျက် ကိုယ်ကြီးပါ တုန်ခနဲ ဖြစ်သွားတာ။ ကမန်းကတန်းကြီး ခေါင်းအုံးကို ဆောင့်ချ၍ လက်မှာကပ်နေသည့် လဲမွို့တွေကို ပွတ်သပ်နေတာကို ဒေါ်ဓာ တစ်ချက် အံ့သြသလိုကြည့်သည်။ ခုပဲရောက်သည်။ ခေါင်းအုံးချုပ်ရိုးတွေဖြေ၍ အိပ်ခန်းထဲ တစ်ယောက်တည်း ရှိနေရင်းဖြင့် ဘာကိုများ စိုးကြောင်စိုးဝှက် လုပ်နေသည် မသိ ..။ လှသံကြားတော့လည်း လန့်လိုက်သည်မှ မျက်နှာမှာ သွေးရောင်ဖြုတ်ခနဲ ပြုတ်ကျသွားသည့်နယ် မဟုတ်ပါလား ..။



"ထမင်းစားကြဖို့ လာပြောတာပါ ဦးမြမှီ .. ကလေးအိပ်နေတယ်ဆိုတော့ .. ထားခဲ့မလား .."

ဟု မေးလာတော့ ဦးမြမှီ ပျက်နေသည့် မျက်နှာကို ပြန်၍ထိန်းရင်းမှ ..

"ကျွန်တော် လိုက်လာပါမယ် ဒေါ်ဓာ .. သမီးလေးနိုးအောင် စောင့်ပြီးမှ .. ပွေ့ခေါ်လာပြီးမှပဲ .. ထမင်းစားပါတော့မယ် .. ဟိုမှာ ထမင်းစားနေတုန်း ဒီမှာ သမီးငိုနိုးသွားရင် အလွန်ဒေါကြီးတဲ့ သမီးလေးက အဖေမတွေ့တာနဲ့ ငိုမှာဗျ .."

ဟု တကယ်လည်း သမီးလေးကို မထားခဲ့နိုင်သည့် စိတ်ဖြင့် ပြောတော့ ဒေါ်ဓာ ပြုံး၍ကြည့်ပါ၏။

"ဒါဖြင့် .. ကလေးနိုးမှပဲ .. မီးဖိုဆောင်ဘက်ကို နောက်ဖေးဘက်က ပတ်ဝင်လာပါ ဦးမြမှီ .. ကျွန်မသွားလိုက်ဦးမယ် .."

ဟု ပြော၍ ဆင်းသွားသည်။ ဦးမြမှီ အပ်ချည်လုံးရှာ ..။ အပ်ဘူးရှာ ..။ ပြီးတော့ .. ခေါင်းအုံးကိုပြန်၍ ချုပ်ရိုးအတိုင်း သေသေသပ်သပ် ချုပ်လိုက်ရပါသတည်း ..။

သမီးလေးကို ကြည့်မိတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေဆဲ ..။

ချစ်လိုက်တာ သမီးလေးရယ် .. ဟု ခပ်တိုးတိုး ပြောမိရင်း နဖူးလေးကို နမ်းမိရသည်က ဦးမြမှီပါတည်း ..။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

"ရပါတယ်ဗျာ .. ကျွန်တော် .. သမီးလေးကို မွေ့ထားရင် နဲ့ ထမင်းစားနေကျပါ .. ဒေါ်ဇာ လုပ်စရာရှိတာ လုပ်ပါ .. ကလေးကြောင့် အလုပ်ပျက်နေပါ့မယ် .."

ထမင်းပန်းကန်ရှေ့မှာ ထိုင်သာ ထိုင်နေရပေမယ့် စိတ်မဖြောင့်နိုင်ရှာ ဦးမြမို့ ပြောပါ၏။ ကလေးခေါင်းလေး စောင်းနေတာကို ရင်ထဲမှာ ထိတ်နေသည့်အဖြစ်။ ဦးမြမို့ စိတ် မှာ ထင့်နေ လေးနေသည်။

"ကလေးက နုနုညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်းလေးရယ် အရိုးက မာသေးတာ မဟုတ်ဘူး .. ဒီဒေါ်ဇာကြီး မွေ့ထာ ပုံကြီးကိုက ပုံမပီ .. ပုံမမှန်ဘူး .. မတော် ခေါက်လိမ်ကျ သွားရင် ကိစ္စများတော့မှာပဲ .. သူကလဲ ငါစိတ်ပူလို့ပြော နေတာကို သဘောမပေါက်ဘူး .. ငါတကယ်အားနာတယ် ထင်ပြီး သူ့ပဲ သမီးလေးကို ထိန်းပေးပါ့မယ် လုပ်နေတ ခက်တယ် .."



ပါးစပ်က အားနာစကား ထွက်ကျနေပေမယ့် ရင် ထဲက စကားတွေက စိတ်ဆင်းရဲစွာ ညည်းညူနေသည့် စကားများ ဖြစ်နေသည်က ဦးမြမို့ပါ ..။

သမီးလေး၏ ခေါင်းလေး စောင်းကျနေတာကို ရင်ထဲမှာ လေးနေသည်။

ကမန်းကတန်း ဦးမြမို့ ထရပ်တော့ ဒေါ်ဇာမှ .. "အံမယ်လေး ကိုမြမို့ရယ် .. ကျွန်မ ကလေးကောင်းကောင်း ထိန်းတတ်ပါတယ် .. စိတ်ဖြောင့်ဖြောင့် စားပါ .. သမီး လေးကို နို့ဘူးတိုက်ထားလိုက်ပါ့မယ် .."

ဟု ပြုံး၍ စေတနာသုံးတန်ဖြင့် ပြောလည်းပြော ..။ လေးကို ရင်ခွင်မှာ ထွေးပိုက်ထားနေရာမှ ကလေးခေါင်းလေး ခပ်ဖွဖွ တည့်ပေးလိုက်တာမြင်မှ ဦးမြမို့ ရင်ထဲမှ မြောက်ကြွ တက်နေပါသည့် သောကအစိုင်အခဲကြီး ပြန်ကျသွားရပါသည့် အဖြစ်။ သမီးလေးကို ခေါင်းလေးတည့်ပေး ..။ နို့ဘူးလေးတိုက် ရင်းမှ ...

"ပြောလိုက်စမ်းပါ သမီးလေးရဲ့ .. သမီး ချိုချိုသောက် နေပါတယ်လို့ .. ဖေဖေကြီး ထမင်းစားပါလို့ .. ဟုတ်ပ လား .."

ဟု ပြောနေတော့ ဦးမြမို့ ပြုံးမိရပါပြီ ..။ အံမယ် ..။ ကြီးဇာကလည်း မဆိုး။ ကိုယ့်လိုပဲ ကလေးနှင့် စကားပြော တတ် မြူတတ် ချော့တတ်သူပါတကား ..။ ဒါဆို .. ကလေး ကောင်းကောင်း ထိန်းဖူးတာတော့ သေချာနေပြီ ..။ ကလေးနှင့် နိုင်။ ထိုအခါမှ နည်းနည်းလေးလောက်တော့ ဦးမြမို့

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဓာကို စိတ်ချစပြုလာသည်။ သမီးလေးကို ဒေါ်ဓာ နာကျင်စေနိုင်လောက်အောင် ပေါ့ပေါ့ဆဆ နမော်နမဲ့ကြီးတော့ မွေ့ချီလိုက်တာမျိုး မရှိနိုင်ဟု တွေးမိနေရာမှ ...

"ဟင် .. ဘယ့်နယ် မရှိရမှာလဲ .. စောစောကပဲ ခေါင်းကြီး စောင်းနေပါရော မဟုတ်လား .. မဟုတ်သေးပါဘူး .. သူ .. နမော်နမဲ့ နိုင်နေမှာ သေချာနေတယ် .."

ဟု စိတ်ထဲပြန်၍ ထင့်ပြန်၏။ သမီးလေးနှင့်ပတ်သက်၍ ထိန်းကျောင်းသည့် ကိစ္စမှာ စိတ်အချရဆုံးမှာ ကိုယ်ကိုယ်တိုင်ပဲ ဖြစ်ဖြစ်လာနေရသည်က ဦးမြမိုပါ ..။

"ခက်တော့ ခက်နေပြီ .. ငါက .. ပန်းခြံထဲ အလုပ်လုပ်နေတဲ့အခါ .. ဒေါ်ဓာပဲဖြစ်ဖြစ် .. မိလုံးပဲဖြစ်ဖြစ် .. သမီးလေးကို ထိန်းနေမှာတဲ့ .. မမလေးက အဲသလိုမှာထားတာ .. သူတို့ပေါ့တီးပေါ့ဆ လုပ်နေကြရင် ဖါ့သမီးလေး စက်ကျိုး လက်နာ ခြေနာ ဖြစ်ရင် ဘယ့်နယ်လုပ်မလဲ .. အဲဒါမှ ဒုက္ခနဲ့ ကြုံရမှာ .. တောက် .. ငါကလဲ .. ဥယျာဉ်ထဲ မသွားလို့ကို မဖြစ်တာ .. သူတို့ တူဝရီးလက်ထဲ ကလေးအပ်ခဲ့ရမှာ နောက်ဆံငင်လိုက်ရတာနော် .."

စားမဖြောင့်ဘဲ ကလေးကို တကြည့်ကြည့်ဖြင့် ဦးမြမို စိတ်မချနိုင်စွမ်းပါသည့် စောတစ်ခုဖြင့် ရစ်ထွေးလုံးပတ်နေလျက် ထမင်းနင်လာသည်အထိပါ။ ထမင်းကို တစ်ပန်းကန်ကုန်အောင် မစားနိုင် ..။ နင်နေသည့် ထမင်းကို ရေနှင့်မျှောချပြီး ပန်းကန်ကြီးကိုင်၍ စားပွဲဝိုင်းငယ်လေးမှ အထ,မှာ ဒေါ်ဓာ လှမ်းကြည့်ရင်း ...



"ဟင် .. စားမကောင်းဘူးလား ကိုမြမို .. စားပါရှင် .. ကျွန်မကို အားမနာပါနဲ့ .. ကလေးကဖြင့် အိပ်တောင်အိပ်နေပြီ .."

ဟု ပြောလာတာမို့ သူများချက်ပြုတ်ကျွေးတာ အရန်သင့်လည်း စားသေးသည်။ စားမမြိန်သလိုကြီး ထမင်းပန်းကန်ဝက်ရှော်ကျော်လောက် ကျန်နေတာကို ထိုအခါမှ ပြန်၍ အားနာရကောင်းမှန်းသိလျက် ဦးမြမို ပြန်ထိုင်ရ ..။ ထမင်းကုန်အောင် ပြန်စားရပါသည့် အဖြစ် ..။ ဒေါ်ဓာကတော့ သဘောကောင်းသူပီပီ ရယ်၍ ...

"ကျွန်မ သိတယ် .. ကိုမြမို အားနာနေတယ်ဆိုတာ .. အမြဲ ခုလိုပဲ တစ်မိုးအောက် အတူနေကြတော့မှာပဲဥစ္စာ .. ကလေးကို ကျွန်မ ထိန်းပေးတာကို အားနာဖို့ မဟုတ်ပါဘူး ကိုမြမို .. ကျွန်မက ကိုမြမိုထက် ကြီးပါတယ် .. ကိုယ့်မောင်ရဲ့သမီးလေး ထိန်းကျောင်းပေးရတယ်လို့ပဲ သဘောပိုက်ပါတယ်ရှင် .."

ဟု ပြောတော့ ဦးမြမို ရင်ထဲမကောင်းပြန် ..။ ဩော် .. ကိုယ်ကဖြင့် .. ဘယ်သူ့မဆို သမီးစောဖြင့် ဟိုစိတ်မချနိုင် .. ဒီစိတ်မချနိုင်ဖြင့် အလကားနေရင်း သူများအပေါ် မကောင်းမြင်လိုက် .. အပြစ်ဖို့လိုက်ဖြင့် ရှိရှိနေရတာ ငရဲပင်များလာနေပြီကော .. ဟု ပြန်၍ နာနာဆုံးမယူရသည် အထိပါ ဘကား ..။

ပန်းကန်ကို သေချာဆေးကြော ..။ ရေစစ်စင်လေးမှာ ထောင်ထားခဲ့လျက် ဦးမြမို သမီးလေးရှိရာသို့ အသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှာ လူရိပ်သေးသေးလေးတစ်ခု ရပ်လာပါ၏။ ရောမဝက်ပ်ဖြူရုပ်ကြီးကို ပိုက်ထားပါသည့် ကလေးလေးတစ်ယောက် ..။ ပေါ့ပါးသည့် ချည်သားပန်းရောင် အကွက်လေးကို ထက်အောက်ဆင်တူဝတ်ထားပါသည့် ကောင်လေး။

မျက်နှာလေးက ဖြူဥနေသည်။ ဆံပင်လေးတွေက နက်မှောင်လျက် လှိုင်းတွန့်လေးတွေဖြင့် ရှိနေပြန်တာမို့ တကယ့်ကို အရုပ်လေးနှင့် တူနေပါသည့် ကောင်လေးတစ်ယောက် ..။

မျက်ခုံးနက်နက်လေးတွေနှင့် နက်မှောင်သော မျက်ဝန်းဝိုင်းဝိုင်းလေးတွေကိုလည်း ထိုကလေးလေးက ပိုင်ဆိုင်ထားသည်။ အကြည့်က ဒေါ်စာနှင့် သမီးလေးထံမှာ တန့်နေသည့် ချာတိတ်လေး ..။ ဦးမြမှိ မှန်းဆလိုက်မိရပါပြီ။ ထိုကလေးသည် ဦးမြိုင်သော်၏သား ..။ ဟုတ်သည် ..။ အလွန်သဘောကောင်းပါသည့် ဦးမြိုင်သော်နှင့် မမလေး ဒေါ်မိုးယုဇွေတို့၏သားလေး ဟသ်ာရွှေ ဖြစ်ရမည် ..။

"ကြီးကြီးစာ .. သူက .. ဘယ်တူရဲ"

အသံလေးက သေးမျှင်ပေမယ့် အနည်းငယ်တောင့်တောင့်လေး ဖြစ်နေတာကို ဦးမြမှိ သတိထားမိသည်။ ဟသ်ာရွှေ၏ အကြည့်တွေထဲမှာ သမီးလေးနှင့် ပတ်သက်၍ ကြည်ဖြူရိပ် ရှိမနေကြ ..။ နည်းနည်းလေးတော့ မလိုတမာရိပ်လေးတွေ ဖြတ်သန်းစ ပြုလာနေပြီဖြစ်သည့် အကြည့်ရှုးရှူးလေးတွေဖြင့်ပင် သမီးလေးကို ကြည့်စပြုလာနေသည်တည်း။

"ဟော .. ဖိုးသာလေး ရောက်လာပြီကိုး .. မမေရော .."

"ကားထွားထားရယ် .. တူက ဘယ်တူရဲ့ .."



သုံးနှစ်သားလောက် ရှိနေပြီ ဖြစ်ပါသည့် ဟသ်ာရွှေသည် စကားကို လဲနှင့်ရဲ မကွဲချင်သေး။ သူ .. ကိုလည်း တူ .. ဟု အသံလွဲနေသေးသည်။ ဒါပေမဲ့ .. မျက်နှာထားလေးက အရွယ်နှင့်မမျှ မာကျောလာစ ပြုလာနေပြီ ..။ ရှေ့သို့တိုးလာရင်းမှ သမီးလေးကို ခပ်တည်တည်ကြီး မျက်ဝန်းရှူးရှူးလေးတွေဖြင့် မျက်တောင်မခတ် ကြည့်နေရာမှ သမီးလေးကို လက်လေးနှစ်ဖက်ဖြင့် ပုတ်ထုတ်နေသည်။ တွန်းထုတ်နေသည်။ ဒေါ်စာပင် ဆိုသို့ဖြစ်လာမည်ဟု မျှော်လင့်ထားပုံ မရ ..။ သမီးလေးကို ပွေ့ချီကာ တိမ်းရှောင်နေရင်းမှ ..

"အို .. ဖိုးသာ .. အဲသလို မလုပ်ရဘူးလေ ညီမလေးကို .. နာသွားမှာပေါ့ .."

ဟု တားနေခိုက်မှာပဲ ဒေါ်မိုးယုဇွေ အခန်းထဲ ဝင်လာရင်း မြင်ကွင်းကြောင့် လှမ်း၍ ...

"ဟဲ့ ... ဖိုးသာ .. သားလေး .. မလုပ်ရဘူးလေ .."

ဟု ပြောနေခိုက်မှာဖြင့် .. သမီးလေးက ဦးမြမှိ ရင်ခွင်ထဲသို့ ရောက်သွားရပါပြီ။ သမီးလေးကို ဟသ်ာရွှေ ပုတ်ထုတ်လိုက်တာနှင့် ကမန်းကတန်းကြီး ရှေ့တိုးလာရ ..။ သမီးလေးကို ဒေါ်စာ့ လက်ထဲမှ ပွေ့ယူလိုက်ရနှင့် ဦးမြမှိကလည်း သမီးဖေဖြင့်လုပ်ပြီး ဖြစ်နေပြီ ..။ အိပ်နေခိုက် ပုတ်တွန်းထုတ်တာမျိုး ခံလိုက်ရ၍ထင့် ..။ လန့်၍လား .. ဒါမှမဟုတ် အိပ်ရေးမဝခိုက် နှိုးလိုက်ရ၍ ဒေါသကြောင့်လား မသိ ..။ သမီးလေးကလည်း အသံလေးခြစ်၍ ထုံးစံအတိုင်း ငိုနေပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကျေးစူးရှင်၏သားပေမို့ ဦးမြမို ဟသ်ာရွှေကို မျက်ထောင့်ဖြင့်ပင် မကြည့်ရက် ..။ ဒါပေမဲ့ .. ရင်ထဲမှာ လေးနေပြီ ..။ ဤကောင်ငယ်လေးသည် သမီးလေးအပေါ် အတော်ကြီးကို မနာလို ဖြစ်နေပြီဆိုတာ သိနေရသည်ကိုးလေ ..။ ဦးမြိုင်သော် ပြောဖူးသည်လေ ..။ ဟသ်ာရွှေသည် အလွန် မနာလိုစိတ်ကြီးသည်တဲ့ ..။ ဘယ်သူ့ကိုမှ ချစ်တာကို မကြိုက်ပါ .. တဲ့ ..။ ခု .. သမီးလေးကို ဒေါ်စာ ပွေ့ချီထားတာမြင်၍ စိတ်ထဲမနာလိုနေတာ သေချာနေပြီ ..။

"တားကို .. မချီဘူး မေမေ .. တူ့ကိုဘဲ ချီတယ် .. မချီရဘူး .. မချီရဘူး .. ကြီးကြီးစာ တားကိုချီဘာ .."

နှင့် လက်ကမ်း၍ မျက်နှာလေး တင်းရင်း ပြောနေလေမယ့် ဟသ်ာရွှေ၏ မျက်ဝန်းမှာ မျက်ရည်နည်းနည်း ဝဲလာနေပြီ ..။ ဒေါ်စာမှ ..

"အလိုတော် .. ဟောဒီက ကျုပ်ရဲ့အသည်းကျော်လေး ဖိုးသာကဖြင့် မျက်ရည်ကျတော့မှာပါလား .. ဖိုးသာ ရောက်လာမှန်း မသိလိုက်လို့ လာမကြို .. လာမချီမိရတာပါတော်.. ကဲ .. ခု .. ပွေ့ပါပြီ ရှင်ကလေးရဲ့ .. အတော်ကြီး အူတိုတဲ့ကောင်ကလေး.. ဒါက .. ဖိုးသာရဲ့ညီမလေးလေ ..နာမည်က .. မြကျေးချိုတဲ့ရှင့် .. ညီမလေးကို ချစ်ရမယ်နော် .."

ဒေါ်စာ၏ ရင်ခွင်ထဲ မျက်နှာလေးပါ ကပ်ထားရင်းမှ ဟသ်ာရွှေ ဦးမြမိုကို မော့ကြည့်သည်။ ကလေးကို ကြည့်သည်။ မျက်နှာမလန်း ..။ နေရာလုခံလိုက်ရပါသည့် ကလေးငယ်လေးတစ်ယောက်နှင့် တူနေသေးသည့်အဖြစ်။ ချက်ချင်း ဟသ်ာရွှေ

www.burmeseclassic.com



မျက်နှာလေးကို ဒေါ်စာ့ရင်ဘတ်ထဲ ကပ်ထားလိုက်သည်။ ဦးမြမိုနှင့် သမီးလေးကို မကြည့်ချင်သည့်သဘော။

"ဟင့်အင်း .. တားမှာ .. ညီမရေး မချီဘူး .. တူ့ကိုတား မချစ်ဘူး .."

ဟု ပြောကာ ရင်ခွင်မှပြန်၍ ရုန်းသည်။ ဘေးမှာလာထိုင်ရင်း ဖျောင်းဖျဖို့ ကြိုးစားနေသည့် အမေ့ရင်ခွင်မှာ မှီဝင်လိုက်ရင်းမှ နောက်သို့ ခေါင်းလေးလှည့်၍ ကြည့်လိုက်သည်က .. ခုထိ သမီးလေးကို ပွေ့ချီရပ်နေဆဲ ဦးမြမိုတို့ကိုပါတည့် ..။ ဟသ်ာရွှေ၏ မျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်နေသည်။ နှုတ်ခမ်းလေးကို စူထားလျက် မလိုမလားကြီး ရှိနေမှန်း အရမ်းကို သိသာနေသည်ပါပဲ ..။

"မေမေရဲ .. တူ့ကို မချစ်ရဘူး .. မချီရဘူး .. တားကိုပဲ ချီရမယ် .. တားနဲ့ပဲ ဂျကားပြောရမယ် .. တူနဲ့ဂျကားလဲ မပြောရဘူး .."

နှင့် ပြောင်ငိုနေတော့ ဦးမြမိုကို အားနာတကြီး မော့ကြည့်သည်က ဒေါ်မိုးယုဠွေပါ ..။

"ကလေးက .. တစ်ယောက်တည်း ရှိနေရတာဆိုတော့ .. အဲသလိုပဲ .. အားလုံးကို သူတစ်ယောက်တည်း ပိုင်ချင်နေတာပါ ဦးမြမို .. သူ့ကိုပဲ ချစ်ရမယ် .. ဂရုစိုက်ရမယ် .. ဦးစားပေးရမယ်လို့ ဖြစ်နေတာ .. သုံးနှစ်အရွယ်လေးဆိုတော့ .. သူ့ကို .. အစစ .. နားလည်လာအောင်လည်း သိပ်ပြောလို့ မရသေးဘူးလေ .. သိပ်ငယ်သေးတာကိုး .. ခုလဲ .. သမီးလေးကို သူ .. မနာလိုနေတာ .."

www.burmeseclassic.com



ဟု ရှင်းပြရင်း ဟင်္သာချို၏ ပါးလေးကို ပြန်၍ ငုံ့နမ်းကာ ..

"သားကို .. အားလုံးက ချစ်နေကြတာပါပဲ သားရဲ့ .. ဖိုးသာအတွက် .. ညီမလေးတစ်ယောက် အဖော်ရအောင် .. ဖေဖေက .. ဒီကညီမလေးကို သားအတွက် ပို့လာတာ ကွယ့် .. သားက .. ညီမလေးကို ချစ်ရမှာ .."

ဟု ပြောပေမယ့် မရ ..။ တွင်တွင်ခေါင်းယမ်းရင်းမှ ..

"ဟင့်အင်း .. ညီမရေးရဲ့ မလိုချင်ဘူး .. တူ့ကိုရဲမချစ်ရဘူး .. တားကိုပဲ ချစ်ရမယ် .. တူ့ကိုပြန်နိုင်းလိုက် .. ပြန် .. နိုင်း .. လိုက် .."

ဟု ပြောငိုနေတာမို့ ဦးမြမို မနေသာတော့ ..။

"ကလေး စိတ်ဆင်းရဲနေပါ့မယ် မမလေးရယ် .. သမီးလေးကို .. ဒီမှာ ခေါ်မထားကြတာပဲ ကောင်းပါတယ် .. ဟိုအိမ်လေးမှာပဲထားတာ ကောင်းပါတယ် .. ဒေါ်စာလဲ ကလေးစိတ်မကောင်းအောင် မလုပ်ပါနဲ့ဗျာ .. သမီးလေးကို မွေ့ချီတာတွေ ဘာတွေ မလုပ်ပါနဲ့တော့ .. ကလေးကို ကျွန်တော် ထိန်းပါ့မယ် .. အလုပ်လုပ်ချိန် ဆိုရင်လဲ .. သစ်ရိပ်လေးအောက်မှာ အဝတ်ပုခက်လေးချိတ်ပြီး .. ဇာခြင်ထောင်ပါးလေး အပေါ်က အုပ်ထားရင် .. ဖြစ်ပါတယ် .. သားလေးကိုသာ စိတ်မညစ်အောင်ထားဖို့ အရေးကြီးပါတယ် .. ခုလို .. သားလေး စိတ်ထိခိုက်နေရတာကိုပဲ ကျွန်တော့်မှာ မမြင်ရက်တာပါ .. ကလေးဆိုတာ အလွန်



နုနယ်ပါတယ် မမလေးရယ် .. သူ့စိတ်ကို မနာကျင်ပါစေနဲ့ ခင်ဗျာ .. သားလေး .. မငိုနဲ့နော် .. စိတ်ချ .. ညီမလေးကို .. ဘယ်သူကမှ မချစ်စေရဘူး .. အားလုံးက သားကိုပဲ ချစ်ကြတာပါ .. မငိုနဲ့နော် .. ညီမလေးကို .. ဒီကို မလာစေရဘူး .. ဟုတ်ပလား .."

ဟု ဟင်္သာရွှေ၏ ဆံမှာထိုင်ရင်း ဖြီး၍လည်း ပြော ..။ ဆံစလေးကိုလည်း သပ်ပေးပြီးသည့်နောက်မှာ ဦးမြမို ခြေလှမ်းကြီးကြီးဖြင့် တန်းလျားလေး ရှိရာသို့ သုတ်သုတ်လျှောက် ခဲ့ရပါပြီတည်း ..။

ပြောသမျှကို မျက်နှာလေး ငိုမဲ့မဲ့ဖြင့် ဟင်္သာရွှေ မော့ကြည့်နားထောင်နေရာမှ ဖျတ်ခနဲဆိုရုံမျှလောက်လေး .. ခိုးကြည့်လိုက်သည်က သမီးလေး၏ မျက်နှာလေးကိုပါ ..။

ခင်းနှီးထုပ်လေးဖြင့် ရှိနေပါသည့် သမီးလေး၏ မျက်နှာနုနုလေးကို တစ်ချက်မျှလောက်တော့ စိတ်ဝင်တစားကြည့်လိုက်ခြင်းကိုလည်း ဦးမြမို မြင်ဖြစ်အောင် မြင်မိခဲ့ရ ..။ ဘယ်တုန်းကမှ ကလေးပေါက်စနလေးကို မြင်ဖူးခဲ့ဟန်မတူသော ဟင်္သာရွှေ၏ ထူးခြားစူးစမ်းသလိုလေး ရှိသွားရပါသည့် အကြည့်လေးကိုလည်း ဦးမြမို နားလည်စိတ်ဖြင့် တွေ့ခဲ့ရသည်ပါပဲ ..။

ဩော် .. ဟင်္သာရွှေသည် .. အချစ်ကို .. တစ်ယောက်တည်း ပိုင်စိုးပိုင်ဆိုင်ချင်ဇောကြီးလျက် ..။ သူ့အပေါ်၌ ရှိသည့် အချစ်များကို .. ဘယ်သူ့ထံမှ ခွဲဝေမပေးနိုင်ချင်လောက် အောင် .. ဝန်တိုစိတ်လည်း ကြီးမားသော .. ပိုင်ဆိုင်လိုဇောလည်း ကြီးမားသော .. ချာတိတ်ငယ်ငယ်လေး ဖြစ်နေလျက် ..။

www.burmeseclassic.com

www.burmeseclassic.com



စတင်၍ သမီးလေးကို တွေ့ရပါသည့် နေ့မှာပင် .. နှစ်သက်လိုလားမှု ကင်းစင်လွန်းစွာဖြင့် .. အနည်းငယ်မျှပင် မှန်းတီးနေသော စိတ်လေးတွေ ခွန်းထွက်နေလျက် .. သမီးလေး အပေါ်မှာ ကြိုဆိုမှု လုံးဝမရှိခဲ့သော ဟာသံချွေ အဖြစ် .. ရပ်တည် ခဲ့ရေသည်တကား ..။

ဟာသံချွေနှင့် သမီးလေး မြကျေးချိုတို့၏ ဘဝမှာ စတင်၍ ဆုံကြုံရသည့်နေ့လေး တစ်နေ့သည် ချမ်းမြေ့ပျော်ရွှင်စရာ ကောင်းသော နေ့လေးတစ်နေ့ မဟုတ်ခဲ့ရတာကတော့ အမှန်ပါ တည် ..။

❤ ○ ❤



## အခန်း(၁၉)

"မဟုတ်သေးပါဘူး မိုးရယ် .. ဦးမြမိ ခုလို ကလေးတစ် ဖက်နဲ့ ဥယျာဉ်ကို လုပ်ကိုင်နေရတာကိုက .. ကလေး အတွက်ရော .. အဖေလုပ်သူ အတွက်ရော .. သနားစရာ ဖြစ်နေတယ် .."

လသာဆောင်မှာ ရပ်နေရင်းမှ သက်ပြင်းရှိုက်၍ ဦးမြိုင်သော် နေးကို ငဲ့ကြည့်ကာ ပြောပါ၏။ ရေတမာရိပ်လေး အောက်မှာ အဝတ်ပုခက်လေးကိုဆင်၍ အဝတ်ပုခက်မှာ တန်း လေးလျှိုကာ စပါးလေးဖြင့် ခြင်ထောင်ငယ်လေးနယ် ရှိစေလျက် သမီးလေးကို သိပ်ထားပါသည့် ဦးမြမိ ..။ ပန်းပင်လေးတွေ မြေ တောင်မြှောက်လိုက် ..။ ပေါင်းပင်တွေ ပင်ခြေလေးတွေတိုင်းမှာ ရှင်းနေလိုက်ဖြင့် ရှိနေပါသည့် ဦးမြမိ ..။ တစ်ချက် တစ်ချက် အဝတ်ပုခက်လေး ရှိရာဆီသို့ ခေါင်းလေးငဲ့လျက် လှမ်းကြည့် လိုက် ..။ ကလေးငိုသံကြားလျှင် ပြေး၍ ပုခက်လေး လွှဲပေးနေ လိုက် ..။ လက်ဆေး၍ နို့ဘူးလေး ပြေးတိုက်လိုက်ဖြင့် ရှိနေသမျှ ကို အတော်ကြီးကြာအောင် ဦးမြိုင်သော် လသာဆောင်မှာ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရင်း စိတ်ထဲ မကောင်းနိုင်ဘဲ ကြည့်နေခဲ့သည့်အဖြစ် ..။ ဦးမြိုင်သော် အလုပ်သိမ်း၍ မိုင်းလီမှ ပြန်လာသည်မှာ နှစ်ရက်ပဲရှိသေးသည်။ ဤမြင်ကွင်းကို နှစ်ရက်လုံး မြင်မြင်နေခဲ့ရသည်မဟုတ်ပါလား ..။

ဒေါ်မိုးယုငွေမှာ ခပ်ငေးငေးလေး ဦးမြိုင်ကို ကြည့်နေရာမှ ခေါင်းလေးယမ်း၍ ..

"မိုးလဲ .. မိလုံးနဲ့ ကလေးကြည့်နိုင်းတာပါပဲ မောင်ရယ် .. ခက်တာက မောင့်သား .. အလွန်အူတို မနာလိုဖြစ်နေတာက ဆိုးတယ် .. ကလေးကို ဒေါ်ဇာ ကြည့်လည်းမကြိုက်ဘူး .. အာခြစ်ငိုနေတာပဲ .. မိလုံးချီလဲ မကြိုက်ဘူး .. အသံကုန် ငိုနေတာပဲ မောင် .. သူ့ကိုပဲ မွေ့ချီရမယ် .. သူနဲ့ပဲ နေရမယ်ဆိုပြီး လုပ်နေတာ .. မိုးမှာဖြင့် .. မြကျေးချိုလေးကို ဖွေ့ချင်ချီချင်ရင်တောင်မှ မောင့်သားကြောင့် မဖွေ့ရဲ မချီရဲ ဖြစ်နေရတာပါ မောင် .. ခါတိုင်းလို ဘွားအေအိမ်ကိုလဲ မသွားချင်တော့ဘူး .. ပေစောင်း ပေစောင်းနဲ့ အိမ်မှာပဲ မြဲနေရင်း .. ဘယ်သူက မြကျေးချိုလေးကို သွားချီတော့မှာလဲ ဆိုတာကို မအိပ်မနေကို စောင့်ကြည့်နေတာ .. အစွယ်နဲ့ကို မမျှဘူး မောင်ရယ် .. နေ့လယ်နေ့ခင်းများ ခါတိုင်းလို မအိပ်ဘဲ ရှိနေတာ မောင်လဲ ခုပြန်ရောက်ပဲ့ရက်အတွင်းမှာ မြင်နေပြီပဲ .. အိပ်ချင်နေတာကိုတောင်မှ ဆိုဇာကြီးပေါ်မှာ ငုတ်တုတ်ကြီး ငိုက်နေတာ .. လှဲကိုအိပ်တာမျိုး မရှိတော့ဘူး .. အိပ်ရာမှာ သိပ်ရင်လဲ နေ့ခင်းဆို ခါတိုင်းလို အိပ်မှမအိပ်တော့



တာ .. မိုးဖြင့် .. ကလေးကို လက်သည်းတွေ ဘာတွေနဲ့ ဖိုးသာ ကုတ်ခြစ်ပစ်မှာကို ကြောက်နေရတာ .."

ဟု စိတ်လက်ညစ်သံလေးဖြင့် ဒေါ်မိုးယုငွေ ပြောနေသမျှ ဦးမြိုင်သော် သက်ပြင်းရှိုက်၍ နားထောင်နေရပါသည့်အဖြစ် ..။ ဟုတ်တော့ ဟုတ်သည်။ ဖိုးသာဆိုသည့် ဟသာ်ာရွှေလေး၏ အချစ်အားလုံးကို တစ်ယောက်တည်း ပိုင်လိုသောစိတ်တွေ ဟန့်တားမရနိုင်စွာ ပိုင်စိုးချင်နေသည့် စိတ်တွေကို အစကတော့ .. ချစ်စိတ်ဖြင့် ရယ်မောနေမိခဲ့ဖူးတာ အမှန် ..။ ခုကျတော့ .. ထိုအလိုလိုက်၍ ရယ်မော ဖြည့်ဆည်းပေးခဲ့မှုသည် ဟသာ်ာရွှေကို အလွန်တရာကိုမှ မနာလိုစိတ်ကြီးသော .. အတ္တဆောကြီးသော ကလေးတစ်ယောက်ဖြစ်အောင် မြေတောင်မြှောက်ပေးသလိုကြီး ဖြစ်နေသည်ပဲဟု နားလည်လာနေရပါပြီ။

ဒါပေမဲ့ .. ခုလို မြကျေးချိုလေးအပေါ် မနာလိုစိတ်ဖြင့် အစားမဖြောင့် အအိပ်မဖြောင့်ဖြင့် အရှိန်မြင့်နေချိန်ကျမှ ထိုစိတ်တွေကို ပြောင်းလဲသွားစေနိုင်လောက်အောင် စွမ်းဆောင်ဖျောင်းဖျနိုင်ဖို့ဆိုတာ မလွယ်တော့ပြီပဲ .. ဟု စိတ်မောမောဖြင့်သည်း နားလည်နေမိရသည်ပါပဲ။ ဘာကြောင့်ဆို .. ထိုမနာလိုစိတ်ကို ဟန့်တားဖျောင်းဖျလေ့လေ .. မြကျေးချိုလေးအပေါ်ပို၍ မျော့လို မုန်းတီးစိတ်တွေ ဝင်နေစေလေလေ ဖြစ်သွားချေမည်ဆိုတာ သိနှင့်နေရသည်ကိုးလေ ..။

"အင်း .. ဖိုးသာ အစွယ်လေးနည်းနည်း ရလာရင်တော့ .. မောင်တို့ .. သူ့ကို .. ဒီစိတ်တွေ လျော့ပါသွားအောင် မနည်းကြိုးစားပေးကြရလိမ့်မယ် မိုးရေ .. တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ပြောပြချင်တယ် မိုးရယ် .. ဦးမြမှိ အပေါ် မောင်စာနာစိတ်လဲ ဖြစ်တယ် .. သံယောဇဉ်လဲ ရှိတယ် .. သူဟာ အလွန်စိတ်ထားကောင်းတဲ့သူပါ .. သစ္စာရှိတဲ့သူပါ .. အဲသလို မောင်ယုံကြည်ထားတယ် .. ခုလဲကြည့် .. ကလေးကြောင့် အလုပ်လစ်ဟင်းတယ်ရယ်လို့ မရှိရအောင် အဝတ်ပုခက်လေး အနီးအပါးမှာချိတ်ပြီး သမီးလေးလည်းကြည့် .. အလုပ်လဲ လုပ်ရှာတဲ့ သူပါ .. ဒီကြာရိပ်မြိုင်မှာ သူ့ကို စိတ်အေးချမ်းသာ ရှိစေချင်ပါတယ် မိုး .."

ဟု ဦးမြိုင်သော် စိတ်ထဲရှိတာကို ဖွဖွညင်ညင်ပြောပြောတော့ ဒေါ်မိုးယုဇွေ ပြုံး၍ ..

"မိုးလဲ .. မောင့်လိုပဲ သူ့အပေါ် မြင်ပါတယ် မောင် .. ဦးမြမှိဟာ စိတ်ထားဖြောင့်စင်း ပြည့်ဝသူလို့ မိုးလဲမြင်ပါတယ် .."

ဟု ပြောရင်းမှ ..

"လောလောဆယ်မှာဖြင့် ဦးမြမှိကို စကားတောင် ကြာကြာမပြောနိုင်အောင်ပါပဲ မောင်ရယ် .. ဖိုးသာက ကင်းစောင့်နေသလိုကြီးကို တကောက်ကောက် လိုက်ကြည့်နေ .. လိုက်နေတော့တာ .."

ဟု ပြောရင်းမှ ခပ်လှမ်းလှမ်းမှာထိုင်ရင်း အရုပ်လေးတွေနှင့် ဆော့နေသည့် သားတော်မောင်ကို ကြည့်ရင်း ပြောသည်။ တကယ်က .. ဟသ်ာရွှေ၏ မျက်ဝန်းလေးတွေက မကြာမကြာ လသာဆောင်ဆီသို့ ရောက်ရောက်နေတာကို မြင်နေရသည်လေ ..။



ဦးမြိုင်သော် ဟသ်ာရွှေထံ လျှောက်ခဲ့ကာ ဘေးမှာထိုင်သည်။ မျက်နှာလေး မှုန်ကုတ်ကုတ်ဖြင့် ခုတလောမှာ အရာရာကို စိတ်ထဲ မကြည်မသာ ဖြစ်ဖြစ်နေသည့် ဟသ်ာရွှေ၏ရင်ထဲမှာ အဘယ်မျှထိ မြကျေးချိုလေးအပေါ် မနာလိုစိတ်တွေ .. လိုလားစိတ်တွေ ပြည့်နေသည်ဆိုတာ ကြာရိပ်မြိုင်မှ အားလုံးလည်း သိနေကြပါသည့် အဖြစ် ..။

"ဖိုးသာ .. ညီမလေး မြကျေးချိုနဲ့ ကြီးလာတဲ့အခါ တူတူကစားရမယ်နော် .. ညီမလေးမှာ အဖော်မှ မရှိတာ .. ဖိုးသာက ကိုကိုပဲ ဥစ္စာ .. ညီမလေးကို သနားရမယ် .. ချစ်ရမယ် .. ဖိုးသာ ဖေဖေနဲ့အတူ ညီမလေးကို လိုက်ကြည့်ပါလား .. ညီမလေးက ချစ်စရာလေးကွ .. ဖိုးသာ လိုက်ကြည့်ရင် .. ဖေဖေ ကားရုပ်ကြီးတစ်ခု ထပ်ဝယ်ပေးမယ်လေ .. လိုက်ကြည့်မလား .."

ပြုံး၍ ချော့မေးလေး မေးစဉ်ခိုက် ဟသ်ာရွှေ မျက်လေး တည်ရူးရူးဖြင့် ဖခင်ကို ကြည့်သည်။ မျက်တောင်ထူထူ းတွေနှင့် ဟသ်ာရွှေသည် အရုပ်လေးနှယ် ချစ်စရာကောင်း တာ အမှန်ပါ ..။ ခါတိုင်းလို ဆော့တာပြုတာမျိုးလည်း သိပ် လှပ် ..။ သုံးနှစ်ကျော် အရွယ်လေးနှင့်မျှ .. အလွန်တရာကိုမှ လိုတတ်စွာဖြင့် ကြာရိပ်မြိုင်ရှိ လူတွေကို မြကျေးချိုလေးထံ သွားဖို့ တာစူစောင့်ကြည့်နေတာချည်းပဲ ဖြစ်နေသည်။ ကြာလျှင် ခင်းဘက် အအိပ်မရှိ ..။ ကစားတာလည်း မဖြောင့် ..။ ဒီတော့ းကိုယ်ပန်းဖြင့် ဖျားမှာပင် စိုးနေရသည်လေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ကားမလိုချင်ဘူး မေမေ .. တားမှာ .. အရုပ်တွေ ရှိတာ ပဲ .. ကားတွေလဲ ရှိတာပဲ .. တူ့ဆီမတွားရဘူး မေမေ.."

ဟု ပြောလည်းပြော ..။ ဖခင်ရင်ခွင်ထဲ ကိုယ်လေး တိုးဝင်ရင်း စတင်ငိုရှိုက်သည်မို့ ဦးမြိုင်သော် ရင်ထဲမကောင်းနိုင် ပြန် ..။ သြော် .. ဤသားလေးကို ဝိုင်း၍ အချစ်ကြီး ချစ်မိကြ လေသမျှ .. အချစ်ဆိုသည့် အရာကိုအတိုင်းအဆမဲ့ .. လောဘ တကြီး ရပြီးရင်းရချင် ဖြစ်နေသည့် သား ..။ ခုကျတော့ .. မြကျေးချိုလေးအပေါ် မေတ္တာတွေ မျှဝေဖို့ပေး လိုက်တော့မှာကို ကြောက်စိတ်ဖြင့် စိတ္တဇပင် ဆန်ချင်လာနေချေပြီကော .. ဟု ဦးမြိုင်သော် ရင်ထဲမကောင်းနိုင် ..။ စိတ်ထဲလည်း ထိခိုက်ရပြန် ပါ၏။ ဟသ်ာရွှေ ဆိုတာ ရင်မှာလာနားသည့် ရွှေရောင်ဟသ်ာလေး အဖြစ် ချစ်လွန်း၍ ပေးထားသည့် အမည် ..။ သားကိုချစ်လွန်း သည့် ဇောသည်လည်း ဦးမြိုင်သော်မှာ ရှိချေသည်ပါပဲ။

ခုလို .. ကိုယ့်ရင်ကိုနှစ်၍ ချစ်ရပါသည့် သားလေး ခမျာ .. မြကျေးချိုကို ကြာရိပ်မြိုင်မှလူတွေ ချစ်သွားမှာ ကြောက်၍ ချောက်ချားနေသည့်စိတ်ဖြင့် ပင်ပန်းနေရချေသည်ကောဟု သိရ ပြန်တော့လည်း ရင်ထဲမှာ မရှိ ..။ ရင်ထဲ မလန်းနိုင်ဘဲ သနား ဇောသာ ရင်မှာ ထိထိခိုက်ခိုက် ဖြစ်တည်ရပြန်သည်ပါပဲ ..။

"သားကို မေမေ အချစ်ဆုံးပါ သားရဲ့ .. သားလေးက .. မေမေ့ အချစ်ဆုံးသား .. မေမေ့အသည်းလေးပါကွ .. မေမေ ဘယ်လောက်ချစ်သလဲဆိုတော့ .. ဟောဒီမှာကြည့် .. မေမေပြမယ် .. လက်ကြီးနဲ့ ဒီလိုကြီး ဝိုင်းပြလို့တောင် မဆန့်ဘူး .. ဟိုးမိုးလောက်ကြီးထက်လဲ ချစ်တယ် .. သိ



လား .. သားကို မေမေ အချစ်ဆုံးပဲ .. ဟော .. မေမေ့ သားကို ဒီလိုကိုနမ်းမှာ .. ဒီလို .."

ဟု ပြောလည်းပြော ..။ မိုးကောင်းကင်ကြီးကို မြင်နိုင်အောင် လာသာဆောင်ဆီသို့ ပွေ့ချီခေါ်သွားကာ လက်ညှိုး ညွှန်ပြ ..။ ပြီးတော့ လသာဆောင်ကြမ်းပြင်ထက်မှာ သားအဖနှစ် ယောက် ထိုင်ချလိုက်ကာ ပွေ့ချီ၍ နမ်းလည်းနမ်း ..။ ဝမ်းဗိုက် သားကို ခပ်ဖွဖွလေး ကလိထိုးသလိုလေး လုပ်လုပ်နေတော့ အစ်ခစ်ခစ်ဖြင့် ဟသ်ာရွှေ ရယ်မောသတည်း ..။ ဒေါ်မိုးယုငွေမှာ ရင်ထဲ ချမ်းမြေ့သွားရလျက် သားအဖနှစ်ယောက်ဘေးမှာ ရယ် အထိုင်လိုက်ရပါပြီ ..။ ဘာပဲဖြစ်ဖြစ် ..။ သားလေး၏ ရင်ထဲ မှာ အရှယ်နှင့်မမျှပိဆီးနေသည့် မနာလိုစိတ်ကြီး တစ်ခုသည် ယောလောဆယ်မှာတော့ မေ့မေ့လျော့လျော့ ဖြစ်နေစေသည် ဟုတ်ပါလား။

"လာ .. မေမေနဲ့တူတူ အိပ်ကြရအောင်နော် .. ဖိုးသာကို မေမေ ပုံလဲပြောပြမယ် .."

ဟုပြောတော့ မရ ..။ ဟသ်ာရွှေ ခေါင်းလေးခါ သည်။ လှမ်း၍ လသာဆောင်ဆီမှ ကြည့်လိုက်သည်က ဦးမြမိုကို ပဲ ..။ သစ်ရိပ်လေးမှာ အဝတ်ပုခက်လေးဖြင့် ရှိနေသည့် မြကျေးချို ရှိရာဆီသို့လည်း လှမ်း၍ကြည့်သည်။

"တား .. မအိပ်ချင်ဘူး မေမေ .. ဖေဖေနဲ့ဆော့မယ် .."

ဟု ပြောနေတာမို့ ဦးမြိုင်သော် သားကို ရယ်မော၍ ပွေ့ချီကာ ပခုံးကြီးပေါ် မှောက်ထမ်းပိုးလျက် အောက်သို့ဆင်းလာ ခဲ့၏။ တောက်လျှောက် ပန်းခြံဆီသို့ လျှောက်လာ ...

www.burmeseclassic.com



"ဦးမြမို .. နေရတာ အဆင်ပြေတယ် မဟုတ်လား .. ဒီကောင် သဝန်တိုနေတာလဲ ကျွန်တော် သိနေတာမို့ .. တစ်ခုတော့ ပြောချင်တယ် ဦးမြမို .. လောလောဆယ် ကလေးကလဲ ငယ်သေးတယ် .. ဒေါ်စာနဲ့ မိလုံးကလဲ .. ကလေးကို ချီလို့ကိုမရအောင် ဒီကောင် လုပ်နေတာလဲ ကျွန်တော် သိနေရပြီ .. မိုးရော .. ကျွန်တော်ရာ ဦးမြမိုကို အားနာတယ် .. ဒီကောင့်ကြောင့် မျက်နှာတောင်ပူရတယ်ဗျာ .. ဒီတော့ .. ကျွန်တော် ပြောချင်တာက .. ကလေးငယ်သေးချိန်မှာ ဦးမြမို ပန်းခြံထဲလဲ မလုပ်ကိုင်ပါနဲ့ဗျာ .. အိမ်လေးမှာပဲ ကလေးကိုကြည့်ရှု .. ပြုစုပါ .. ဒီလို သစ်ရိပ်အောက်မှာ အဝတ်ပုခက်လေး ဆင်ထားပြီး .. ကလေး ပြေးကြည့်လိုက် .. ပန်းပင်လေးတွေ ပြုစုလိုက်နဲ့ ရှိနေရတာကို ကျွန်တော်တို့စိတ်ထဲ သနားလှပါပြီ .."

ဟုပြောတော့ ဦးမြမို လက်ထဲမှ ပေါက်ပြားတိုလေးကိုချ၍ ရေတိုင်မှာ လက်သွားဆေးသည် ..။ မျက်နှာမှ ချွေးကို ပခုံးပေါ်မှ တဘက်လေးဖြင့်သုတ်ပြီးမှ တရိုတသေကြီး မြက်ခင်းထက်မှာ ထိုင်ချကာ မော့ကြည့်သည်မို့ ဦးမြိုင်သော် ပို၍ပင်အနေရခက် ..။ အားနာရပြန်ပါပြီတည်း ..။ ဦးမြမို၏ စိတ်ထဲမှာ .. အရှမ်းကို တလေးတစားထား၍ တရိုတသေကြီး ကျေးဇူးရှင်နေရာမှာ ဦးမြိုင်သော် အပေါ် ထားလေသမျှ သိနေရသည်မို့ ပို၍ နေရထိုင်ရ ခက်ရသည်ပါပဲ။ အလုပ်သမားနေရာမှာ နေသည်ဆိုရာ၌ .. အရှမ်းကို သိမ်ငယ်စွာ နေရှာသည် မဟုတ်ပါလား ..။

"ဗေဗေ .. ပြန်မယ် .. ဒီမှာ မနေချင်ဘူး .. ပြန်မယ်.."



နှင့် မျက်မှောင်လေးကုတ်ကွေး၍ ဟသ်ာရွှေ စတင်ပြောလာပြီ ..။ မျက်နှာလေးထက်မှာ ရှုပ်ထွေးနောက်ကျိနေသည့် အရိပ်တွေ တဖြည်းဖြည်း နေရာယူလာရာမှ ငိုမဲ့မဲ့လေး စဖြစ်လာနေပြီ ..။ မြကျေးချိုကို မမြင်ရ ..။ အဝတ်ပုခက်လေးထဲမှာ ရှိနေတာကို သိနေစိတ်ဖြင့် လှမ်း၍ လှမ်း၍လည်း ကြည့်ကြည့်နေသည်က ဟသ်ာရွှေပါ ..။

"သားလေး စိတ်ပင်ပန်းနေပါ့မယ် ဆရာရယ် .. ကလေးကို .. သောကမဖြစ်ပါစေနဲ့ဗျာ .. ကျွန်တော်နဲ့ သမီးလေးက .. ဆင်းရဲတဲ့ဘဝမှာ အသားတကျ နေလာကြပြီးတဲ့သူတွေပါ .. ဒီလို .. အလွန်အေးချမ်းသက်သာတဲ့ ဘဝမှာ ရောက်လာရတာကိုက .. ကံကောင်းလှပါပြီ ဆရာရယ် .. သမီးလေး နည်းနည်းကြီးလာမှ ဥယျာဉ်မှူးအလုပ်ကို ကျွန်တော် လုပ်ရမယ် ဆိုတာကတော့ .. မဟုတ်တာပဲ ဆရာရယ် .. နှစ်နဲ့ချီပြီး ဘာမှမလုပ်ကိုင်ဘဲ ကြာရိပ်မြိုင်မှာ ကိုယ့်သမီးလေးကိုယ် ချော့မြူရင်း ထိန်းကျောင်းရင်းနဲ့ ထိုင်စားနေဖို့ ဆိုတာကဖြင့် .. ကျွန်တော် လိပ်ပြာတောင် မရဲပါဘူး ခင်ဗျာ .. သမီးလေးကို ဒီပုခက်လေးထဲမှာထားရင်း .. ကလေးကိုကြည့်လိုက် .. အလုပ် လုပ်လိုက်နဲ့ မနက်ပိုင်းလေးလောက်ပဲ ကျွန်တော် ဥယျာဉ်ထဲ ရှိနေရတာပါ .. နေ့လယ်ဘက် နေရှိန်ရှိလာတော့လဲ .. အိမ်ထဲမှာ သားအဖနှစ်ယောက် အေးအေးလူလူ .. ရှိနေရတာပါ ဆရာရယ် .. ချက်ပြုတ်စားဖို့ ဆိုတာကလဲ .. ကျွန်တော်က .. ချက်စားပါရစေ .. ဆိုပြီး အတင်းပြောလွှန်းလို့သာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဓာက .. ဈေးသုံးလေး .. အဲဒီလို အဆင်သင့်ချက်စား ရုံနဲ့ကို ကျွန်တော့်မှာ အဆင်ပြေနေရတာပါ .. ဒီအရိပ်မှာ ကျွန်တော်တို့သားအဖ နေနေကြရတာ .. အေးချမ်းပြည့်စုံ လွန်းနေတာမို့ .. ကံကောင်းလွန်းနေတာပါ ဆရာရယ် .. ညနေဘက်လေး ပန်းခြံမှာ ရေပိုက်လေးနဲ့ ရေဖျန်းရတာ လောက်ပဲရှိတာပါ .. အဲဒီအချိန်လေးမှာ သမီးလေးကလဲ အိပ်နေကျပါ .. ရေဖျန်းခဏရပ်ပြီး .. တစ်ချက် တစ်ချက် .. အိမ်လေးပေါ်တက်ပြီး သမီးလေးကို ကြည့်လိုက်ရတာလေး လောက်ပဲ ရှိတာပါ .. ကျွန်တော် .. ဒီလောက်လေးတော့ ကြာရိပ်မြိုင်မှာ လုပ်ကိုင်ပါရစေဗျာ .. မုန့်ဟင်းခါးကိုတော့ သမီးလေး .. နည်းနည်း ခြေနိုင်လက်နိုင်လေး ရှိလာမှပဲ ထွက်ရောင်းမှာပါ ..”

ဟု ပြောကာ ပြုံး၍ ဟင်္သာရွှေကို ကြည့်ပါ၏။

“သားလေး ပြန်မလို့လား .. ပြန်တော့မယ် ဖေဖေလို့ ပြောလိုက်လေ .. မုန့်စားတော့မယ်လို့ ပြောလိုက်လေ .. ဒီပုခက်ထဲက ညီမလေးကို .. ဖေဖေလဲ မချီရဘူး .. မေမေ လဲ မချီရဘူး .. ဘယ်သူမှ မချီရဘူး .. စိတ်ချ ..”

“ဒေါ်ကြီးဓာရော .. မမလုံးရော မချီရဘူး ..”

အံမယ် ..။ ဟင်္သာရွှေလေးက ဘယ်သူ့ ဘယ်သူမှ မကျန်ရစ်ရအောင် ထပ်ဖြည့်ပြောတာမို့ ဦးမြမှီ ရယ်၍ ..

“ဟုတ်တယ် .. မချီရဘူး .. ဖိုးသာကိုပဲ ချီကြရမှာ .. ဒီမှာ ဘယ်သူမှ လာမချီရဘူး သိလား .. ဘဘ .. သူတို့ကို ပေး မချီဘူး .. ဘဘကိုယ့် .. ဟုတ်ပြီလား .. ကဲ .. သွား ..



မုန့်သွားစားနော် .. နေ့လယ်လဲအိပ် .. ဒေါ်ဓာကပြော တယ် .. ဖိုးသာ နေ့လယ်မအိပ်ဘူးတဲ့ .. အိပ်နော် .. ဘဘ ဒီညီမလေးကို ဘယ်သူမှ မချီရအောင် ဘယ်သူလာလာ .. ပြောပစ်လိုက်မယ် .. ဟုတ်ပြီလား .. ဘာလို့သူတို့က ဒီ ညီမလေးကို လာချီကြရမှာလဲ .. ဖိုးသာကိုပဲ ချီကြရမှာ .. ဖိုးသာက ညီမလေးထက် ချောလဲချောတယ် .. ဉာဏ်လည်း ကောင်းတယ် .. တော်လဲတော်တယ် .. ချစ်စရာလဲကောင်း တယ် .. သဘောလဲ ကောင်းတယ် .. ခုတောင်မှ .. ဘဘ ခဏလေးလောက် ဖိုးသာကို ချီချင်လာပြီ .. ဘဘဆိုလာ မလား .. ဟိုကညီမလေးထက် ပိုချစ်စရာကောင်းနေတော့ ဘဘက ပိုချစ်လာပြီးတော့ .. ဖိုးသာကို ချီချင်လာပြီ .. ဟိုကညီမလေးကို မချီသေးဘူး သိလား ..”

ဟု ပြောတော့ ဟင်္သာရွှေ မျက်နှာလေး ကြည်လန်း သွားသည်။ ပျော်ပျော်လေး ပြုံးချလိုက်ရင်းမှ မဆိုင်းမတွ လက်လေး လှမ်းပေးလိုက်ရင်းမှ ..

“ဘဘကလဲ .. ဖိုးသာကို ပိုချစ်တာကိုးနော် .. အင်း .. ကောင်းတယ် .. ဖိုးသာကိုပိုချစ် .. ပိုချစ် ..”

ဟု ပြောသည်မှ မျက်ဝန်းလေးတွေပါ ကြည်စင် တောက်ပနေရင်းဖြင့်ပါတည်း ..။ ဦးမြမှီ ဟင်္သာရွှေလေးကို ပွေ့ ချီသည်။ ဆံစလေးတွေကို သပ်ပေးသည်။

“ဟာ .. ဆံပင်လေးတွေက နက်နေတာပဲ .. ပိုးလေးလို ပဲ နူးညံ့လိုက်တာ .. ကြည့်စမ်း .. မျက်ခုံးလေးကလဲ .. ထူနေတာပဲ .. အံမယ်လေး .. ပါးချိုင့်ကြီးနဲ့ပါလားကွ ..

www.burmeseclassic.com

www.burmeseclassic.com



အသားကလဲ ဖြူသေးတယ် _ ချောလိုက်တာကွာ .. ဟို
က ညီမလေးနဲ့တော့ တခြားစီပဲ _ သူကမချောဘူးကွ _
ဒီလိုဆံပင်လေးတွေကလဲ မလှနေဘူး .. ဒီလိုမျက်နှာလေး
လဲ မလှဘူး .. ဒီလို ပါးလေးလဲ မဖောင်းဘူး .. ဒီလို
အရုပ်လေးနဲ့လဲ မတူဘူး .."

ဟု ပြောသည်က မြကျေးချိုလေးထက် အရာရာ
သာလွန်နေသည် ဆိုတာမျိုး ဖြစ်နေအောင်ပါ။ အရာရာပိုင်စိုးချင်
သည့် ဟသ်ာချွေ အမြောက်အိုးလေးကလည်း ထိုအခါကျတော့
တပြုံးပြုံးနှင့် ဦးမြမှို၏ ပခုံးကြီးကို လက်ကစ်ကစ်လေးတွေဖြင့်
ဆုပ်ကိုင်ရင်းမှ ..

"ဟုတ်တယ်နော် .. ဟုတ်တယ်နော် .. တားကလှတာ _
တူက အလှဘူး .."

ဟု ဝမ်းသာအားရလေး ပြောသည်။ ဦးမြမှို အပေါ်
လည်း ကြည်ကြည်သာသာ ဖြစ်စပြုခဲ့ရာမှ .. ခုကျတော့ အတော်
ကြီး တခင်တမင်ကြီး ဖြစ်လာနေပါသည့် အဖြစ် ..။

ဦးမြိုင်သော်ကတော့ ရင်ထဲမကောင်း ..။ ဟသ်ာချွေ
ရင်ထဲ ကျေနပ်ပျော်ရွှင်သွားစေဖို့အတွက် ကိုယ့်သမီးကို အစစ _
နှိမ့်ချပြောနေသည့် ဦးမြမှိုကို ထိထိခိုက်ခိုက် ငေးကြည့်ဖြစ်ပါ၏။
အဘယ်မျှထိ ဦးမြမှို တစ်ယောက် ကိုယ့်သမီးနှင့် ပတ်သက်လာ
လျှင် ကဲကဲဆတ်ဆတ်မခံတာ ဦးမြိုင်သော် သိနေသည်ပဲလေ ..။ ခုကျ
တော့ .. ဟသ်ာချွေ၏ ရင်ထဲမှာ လောင်မြိုက်ပန်းဟိုက်နေစေပါ
သည့် သောကတွေပျောက်လွင့်အောင် ကလေး၏စိတ်ထဲ အစစ _
ကျေနပ်အေးချမ်းသွားအောင် .. မြကျေးချိုလေးကို ဘာတစ်ခုမှ _



သားတော်မောင်ထက်သာတာ မရှိ .. ဟု အစစလိုက်၍ ပြောပေး
နေသည် မဟုတ်ပါလားလေ ..။ ဒါကြောင့် .. ရင်ထဲပို၍ .. အနေ
ခက်ရသည်ပါပဲ ..။

"တားက .. ကျောင်းနေရင် .. တော်မှာနော် .. စာတော်
မှာ .."

"ဟုတ်တယ် .. မြကျေးချိုထက် တော်မှာ .. ကျောင်းနေ
တဲ့အခါလဲ .. သားက .. အတန်းလဲကြီးမယ် .. စာလဲ
တော်မယ် .. စိတ်ချ .."

ဟု ကလေး၏ နဖူးကိုနမ်း၍ ဦးမြမှို ပြောခိုက်
ဝုခက်လေးတွင်းမှ မြကျေးချိုလေး၏ ငိုသံသေးမျှင်မျှင်လေး စတင်
ပေါ်လာတာမို့ ..

"ကဲ .. သား .. ဖေဖေ့ဆီလာ .. ပြန်ကြရအောင် .."

ဟု ပြောနိုင်း ဦးမြမှိုမှ ဟသ်ာချွေကို ပွေ့မြှောက်ပွေ့ ..။
နမ်းမြဲနမ်းလိုက်ရင်းမှ ..

"ငိုပေ့စေ .. ဘာဘက .. သားကိုပဲ ချီချင်တာ .. နမ်းချင်
တာ .. နမ်းလို့တောင် မဝသေးဘူး .. ချီလို့တောင်မဝ
သေးဘူး .. မြကျေးချိုက သားလောက်မှ ချစ်စရာမကောင်း
တာ .. မချီချင်ပါဘူး .. ငိုပေ့စေ .."

ဟု ပြောလိုက်တော့ ဟသ်ာချွေ တပြုံးပြုံးဖြင့်
အဟုတ်မှတ်ကာ ပျော်နေသမျှ ..။ မကြည့်ရက်စွာ ဦးမြိုင်သော်မှ
ဦးမြမှိုကို ကြည့်ရင်း သားကိုဆွဲပွေ့ပြန်ခဲ့ရပါပြီတည်း ..။

"ဘာပဲဖြစ်ဖြစ် .. သားစိတ်ထဲမှာ .. သူ့ထက် .. မြကျေးချို
ကိုချစ်နေကြမှာ စိုးရိမ်တဲ့စိတ်တွေ ပြေပြေလျော့လျော့ဖြစ်

www.burmeseclassic.com



သွားစေဖို့အတွက် .. အချိန်တိုလေးအတွင်းမှာ .. လုပ်နိုင်ခဲ့တဲ့ ဦးမြမိုကို ကျွန်တော် .. ကျေးဇူးတင်ပါတယ်ဗျာ .. ကျွန်တော်တို့က ဦးမြမိုထက် အတန်းပညာ .. ကြွယ်ဝချမ်းသာမှု ပိုသာနေကြပေမယ့် .. ကလေးတစ်ယောက်ကို ဘယ်လို သူ့ရင်ထဲက ငိုကြွေးနေမှုတစ်ခုကို .. ထုတ်ပစ်ဖယ်ရှားစေနိုင်ရမယ်ဆိုတာ .. ခင်ဗျားက ပိုနားလည်နေပါလားဗျာ .. အဲဒါကလဲ .. သမီးလေး အပေါ်မှာ .. ဟသာၤချွေလေးရဲ့ ထားနေတဲ့ မနာလိုစိတ်တွေ .. ပျောက်ဆုံးသွားစေဖို့ဆိုတဲ့ စိတ်ဓာတစ်ခုကြောင့် .. တွေးတောလာစေနိုင် .. လုပ်ဆောင်လာစေနိုင်တယ်ဆိုတာ .. ခု .. ကျွန်တော်ပိုနားလည်လာရပါတယ် ဦးမြမို .."

ဟုတော့ ရင်ထဲမှ ပြောမိရပါသတည်း ..။

ဦးမြမိုကတော့ မြင်ကွင်းမှ ဦးမြိုင်သော်တို့ သားအဖ အိမ်ကြီးဆီသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ငြိမ်သက်စွာ ရပ်ငေးကျန်ခဲ့ရာမှ ..။ ဦးမြိုင်သော်တို့ လုံးဝ .. မြင်ကွင်းမှာ မရှိတော့သည်ကို .. မြကျေးချိုလေးကို ပြေး၍ပွေ့ချီ ..။

နို့ဘူးလေး တိုက်နေရင်းမှ သမီးလေး၏ မျက်နှာလေးကို ချွေးလေးတွေ စင်အောင် တဘက်ဖြင့် ဖွဖွပွတ်သုတ်ပေးမိရင်းဖြင့် ..

"ဘဝဆိုတာ ဒီလိုပဲ သမီးလေးရဲ့ .. တစ်ခါတစ်ခါမှာ .. ကိုယ့်ရင်သွေးလေးကို နှိမ့်ချပြောပေးရတဲ့ အဖြစ်တစ်ခုကို .. ဖေဖေတို့လို .. လူတွေအတွက် .. လိုအပ်လာတတ်ရတယ်ကွယ် .. ဖေဖေ့သမီးလေးကို ဖေဖေ သိပ်ချစ်နေတယ်ဆို



တာ .. ဟောဒီက .. ဖေဖေ့ ရွှေရုပ်လေးက သိပါတယ်ဗျာ .. ဟောဒီက .. သမီးလေး တန်ဖိုးရှိနေပုံကြီးက .. ရွှေရုပ်လေးလိုဗျ .. ရွှေရုပ်လေးလိုဗျ .. အလွန်လှတဲ့ ရွှေရုပ်လေးလေ .."

ဟု ပြောလည်းပြော ..။ တရှုံ့ရှုံ့ ငိုနှမ်းလိုက်ပါ၏။ သမီးလေးကို ချစ်နေသည့် စိတ်တွေပဲ ဦးမြမိုမှာ ရှိသည်။ အဖေ သက်ထဲလည်း ရောက်ရ ..။ နို့ဘူးလေးလည်း စို့ရ၍ထင့် ..။ သမီးလေးကတော့ အငိုရပ်လျက် ဆာဆာနှင့် နို့ဘူးကို စို့နေပါ၏။ ဦးမြမို သမီးလေးကို မျက်တောင်မခတ် တစိမ့်စိမ့်ကြည့်နေရင်းမှ ..

"ကျောင်းနေတဲ့အခါ .. ဟောဒီက သမီးလေးကလဲ .. စာတော်မှာပါကွယ် .. ဖေဖေ့သမီးပဲကွ .. ဘယ်ညံ့လိမ့်မလဲ .. မဟုတ်ဘူးလား .. ဖေဖေ့အချစ်တွေနဲ့ ကြီးပြင်းလာရတာပဲကွ .. ဟောဒီက .. ဖေဖေ့သမီးလေး .. ကျောင်းတက်တဲ့အခါ .. ဖေဖေက .. မုန့်ဖိုးလဲပေးမယ် .. ကျောင်းဝတ်စုံလှလှလေးလဲ ချုပ်ပေးမယ် .. ကျောင်းကိုလဲ .. လိုက်ပို့မယ် .. သမီးလေးက .. ဖေဖေ့ကို .. စာတွေကျက်ပြမှာ .."

ဟု သမီးလေးကို စာညံ့မည်ဟု စောစောက ပြောခဲ့ရလေသမျှ ရင်ထဲ မကောင်းနိုင်ဘဲ .. တရှုံ့ရှုံ့နမ်းနေရင်းဖြင့် ဘွမ့်ဘွမ့် ပြောနေမိရပြန်သတည်း ..။

"ဖေဖေ စောစောက ပြောခဲ့တဲ့ စကားတွေကြောင့် .. ဖေဖေ့သမီးလေး အောက်ကျနောက်ကျဘဝ အတည်မဖြစ်စေပါနဲ့ .. သမီးလေး .. တော်ပါစေ .. ချောပါစေ .. လှ

www.burmeseclassic.com

www.burmeseclassic.com



ပါစေ ... ထက်မြက်ပါစေ ... ထူးချွန်ပါစေ ... မြင်သူတိုင်း ချစ်တဲ့ ... မေတ္တာထား သနားတဲ့ ... ကလေး ... ဖြစ်ရပါ စေကွယ် ... အသံကြား သနားပါစေ ... မျက်နှာမြင်ချစ် ခင်ပါစေဆိုတဲ့ဆုနဲ့ ပြည့်ပါစေ သမီးရယ် ...”

ဟု စိုးရိမ်စောတစ်ခုဖြင့် တဖွဖွ ပြောမိရသည်က ... စောစောက ... သမီးလေးအပေါ် နှိမ့်ချပြောခဲ့ရပါသည့် စကားအပေါ် ကြောင့်ကြစိတ်ဖြင့်ပါတကား ...။

အာရုံထဲမှာ သမီးလေးသည် ... လှပစွာ ရယ်မောရင်း ကျောင်းဝတ်စုံလေးဖြင့် လွယ်အိတ်လေးလွယ်ကာ ကျောင်းခန်း တွင်း ဝင်သွားတာကို ကျောင်းအဝင်ဝတွင် ရပ်၍ကြည့်နေသည့် ဦးမြမို ဆိုသည့် ပုံရိပ်ကို ပြန်မြင်သည်။

ထူးချွန်ဆုတွေ အလီလီရသည့် သမီးလေး မြကျေးရို အဖြစ် မြင်သည်။

ဆရာမများ၏ တဖွဖွ ချီးမွမ်းနေပါသည့် သမီးလေး အဖြစ် မြင်သည်။

ထိုအခါကျတော့ ... ရင်သည် လန်းလာ၏။ အေးမြ ချမ်းငြိမ်းလာရသည့် အဖြစ် ...။

❤ ○ ❤



## အခန်း(၁၀)

“ဖိုးသာ ... ဒေါ်ကြီးစာဆီက ချိုင့်သွားယူ ... ဘဘဆီကို ... မုန့်သွားပို့ ... ပြီးတော့ ... ဒီအရုပ်လေးလဲ ... ညီမလေးကို သွားပေး ...”

မေမေ ပြောတာမို့ ဟသ်ာချွေ စိတ်လက်ညစ်ကျုလျက် အမေ့ကိုလည်းကြည့် ...။ မေမေ့ကိုလည်းကြည့်နှင့် မေကပ်ကပ်ကြီး ရပ်နေတော့ မေမေမှ ...

“ဖိုးသာနော် ... ဒီနေ့ ... မေမေ့မွေးနေ့မို့ ... အိမ်မှာမုန့်လုပ် တယ် ... အုန်းနို့ခေါက်ဆွဲချက်တယ် ... အဲဒါ ... ဘဘခမျာ သားမျက်နှာညှိုလွန်းလို့ ဘယ်တုန်းကမှ အိမ်မှာလာစား တာမျိုး ရှိခဲ့တာ မဟုတ်ဘူး ... မေမေ့မွေးနေ့မှာ ... ဖိုးသာ က မုန့်ချိုင့်ကို ဘဘဆီ သွားပို့ပေးတဲ့ ကုသိုလ်ကိုယူရ မှာပေါ့ ... ခု ... သားက ... သုံးတန်းကြီးများတောင် တက် တော့မှာ အဲဒါ ... လူကြီးဖြစ်ပြီလေ ... သားက လူကြီးဖြစ် ပြီ ... ဖြစ်ပြီနဲ့ ပြောနေတာ မဟုတ်လား ... မေမေ့အလုပ် ကိုတောင် လိုက်သွားမယ် ... အလုပ်လုပ်မယ်ဆို ...”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့ တကယ်လည်း မေမေ့အိုက်တင်တွေ ခိုးခိုးပြီး မနက်ဆို သားရေအိတ်ကြီးဆွဲ၍ အလုပ်ဆင်းမည့်ဟန် ပြင်ပြင်နေသည့် ဟသာ်ရွှေ စိတ်အိုက်ရပြန်ပါ၏။ တကယ်က .. မေမေ့အလုပ်သို့ရောက်လျှင် မေမေ့ဝန်ထမ်းတွေက အရမ်းကို တလေးတစားဖြင့် မေမေ့ကို တရိုတသေ ဆက်ဆံကြတာကို ဟသာ်ရွှေ ကြိုက်သည်။ သူ့ကိုလည်း ပွေ့ချီကြတာကို ကြိုက်သည်။

မေမေနှင့် အလွန်တူသည်ဟု ချီးမွမ်းကြလျှင် ပို၍နှစ်ကြိုက် အကြိုက်တွေ့သည်။ မေမေ့လို ခန့်ညားသည်ဟု ဆက်ပြောကြချိန်မှာဖြင့် ဟသာ်ရွှေ ဆိုတာ အလွန်အရေးပါသော လူတစ်ယောက် ဖြစ်သွားရသည့်နှယ် အကျေနပ်ကြီး ကျေနပ်သွားရစမြဲ ..။ ဟသာ်ရွှေ အားအကျဆုံးသူသည် မေမေပဲ ဖြစ်ပါ၏။ အဆောက်အအုံကြီးတွေကို မေမေ ဆောက်လုပ်ပြီးစီးသွားချိန်များမှာလည်း မေမေသည် ဟသာ်ရွှေကို ပွေ့ချီခေါ်ပြတတ်သည်မို့ .. ဟသာ်ရွှေ၏ မေမေဆိုတာ အလွန်တော်သော .. အလွန်တန်ဖိုးကြီးသော သူတစ်ယောက်နှယ် ရင်ထဲမှာ အားကျကျေနပ်မိတတ်သည်က ဟသာ်ရွှေပါတည့် ..။ ဟုတ်သည်လေ ..။ မေမေဆောက်လိုက်သည့် အဆောက်အအုံကြီးများသည် ဟသာ်ရွှေ ပုံပြင်ထဲမှာ ကြားကြားနေရသည့် နန်းတော်ကြီးများ ..။ ရဲတိုက်ကြီးများနှယ် ပန်းခြံတွေရှိသည့် အဆောက်အအုံ ခန့်ခန့်လှလှကြီးတွေ မဟုတ်ပါလား ..။ မေမေသည် .. ဟသာ်ရွှေ၏ အနီးကပ်ဆုံး .. အချစ်ရဆုံး .. အားအကျရဆုံးနှင့် အထင်အကြီးရဆုံး သူတစ်ယောက်ဖြစ်နေသည်ပါပဲ ..။



ခုလည်း မနက်စာ ကော်ဖီတစ်ခွက် ..။ အုန်းနို့ခေါက်ဆွဲတစ်ပန်းကန် ..။ ဒေါ်ကြီးဇာ လုပ်ထားပါသည့် ဘီးမုန့် ..။ ပူတင်း ..။ အာလူးကက်တလိတ်တို့ကို အဝတီးထားပါသည့် ဟသာ်ရွှေမှာ ဒေါ်ဇာ ပြင်ထားနှင့်ပြီးသော စတီးလ်ချိုင့်ကြီးရှိရာဆီသို့ လှမ်းကြည့်ရင်းမှ မကြည်မလင်ကြီး ဖြစ်သွားရပါသည့်အဖြစ် ..။ ကြာရိပ်မြိုင်မှာက မိသားစု မွေးနေ့ဆို .. အပြင်လူဆွေ ခေါ်ကျင်းပတာမျိုးမလုပ် ..။ အိမ်မှာပဲ မိသားစု စုံစုံညီညီခြင်း ပျော်ပျော်ရွှင်ရွှင် ချက်ပြုတ်စားဖြစ်ကြသည်။ အိမ်တွင်းရှိသူတိုင်း လူတိုင်းကို နေ့လယ်ဘက်ဆို .. မြက်ခင်းထက်မှာ ဝိုင်းဆိုင်က မုန့်ကျွေးစေသည်။ အသုံးအဆောင် ပစ္စည်းလေးတွေကိုခေါက်သူက ရယ်မောရင်း ရရှိသွားကြပါသည့် အဖြစ် ..။ ဤသည်ကား မေမေ့ အစီအမံ ..။ ဖေဖေ့ ပျော်ရွှင်စွာ ဖြတ်သန်းမှုအစ်ခုပါတည့် ..။

"အခု .. သားက ရှစ်နှစ်ထဲ ရောက်ပြီ .. နားလည်တတ်နေပြီပဲ .. အားလုံးက မေမေ့မွေးနေ့မှာ ပျော်ရွှင်နေတာ .. မနက်ကလဲ သံဃာတော် အရှင်သူမြတ်တို့ကို .. အာရုံဆွမ်းကပ်လှူပြီးပြီ .. ခု .. မေမေ့မွေးနေ့မှာ မေမေ့သားက .. ဘဘမို့ အတွက် မုန့်ချိုင့်သွားပို့တဲ့ ကုသိုလ်ကိုယူဖို့လိုတယ်လေ .. ဘွားဘွားနဲ့ ဘိုးဘိုးလဲ .. မနက်က .. လာသွားပြီးပြီ .. ဘိုးဘိုးက သားကို ဘာပြောခဲ့လဲ .. မှတ်မိတယ်မဟုတ်လား ဖိုးသာ .."

"မှတ်မိပါတယ် မေမေ .. မေမေ့မွေးနေ့မှာ .. မေမေ့ကိုပျော်အောင် ထားရမယ်တဲ့ .. နေ့လယ်ကျရင် .. ဘိုးဘိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားတို့ ထပ်လာတဲ့အခါမှာ ဒီနေ့ .. သားရဲ့မေမေ့မွေးနေ့မှာ ဘာကောင်းမှု ကုသိုလ်လုပ်ထားတယ်ဆိုတာ ပြန်ပြောပြရမယ်တဲ့ .."

မျက်လွှာလေးချ၍ ဟဿာချွေ ဖြေသည်။ ဖြေသံက ခပ်တိုးတိုး ..။ ရင်ထဲမှာ အလိုလို သိနေသည်။ ဘဘမှိုထံသို့ ခေါက်ဆွဲနှင့် မုန့်ချိုင့်သွားပို့ရမည့် အလုပ်တစ်ခုသည် မေမေ့မွေးနေ့မှာ ဟဿာချွေပြုသည့် ကောင်းမှုကုသိုလ်တစ်ခု ဖြစ်သည်ဆိုတာကို မေမေ မကြာမတင်မှာ ပြောတော့မည် ဆိုတာကိုပါ ..။

"ဟိုကောင်မလေးကို မေမေရော ဖေဖေရော ဘာကြောင့် ဒီလောက် ချစ်နေကြသလဲ မသိပါဘူး .. ငါ့ကိုချစ်တဲ့ အချစ်တွေ သူ့ဆီ အတော်ကြီး ရောက်ကုန်ပြီ .. ဘဘမှိုက ဒီအိမ်ကြီးထဲကို လုံးဝမလာဘဲ နေပေးတာဟာ .. ငါ့ကြောင့်လို့ ဖေဖေနဲ့ မေမေက အမြဲပြောနေတတ်တယ် .. အဲဒီ ကျေးချိုမကို ငါမကြိုက်မှန်းသိလို့ ဘဘမှို မလာတာတဲ့လေ .. ဘဘ ဝင်ထွက်နေရင် .. ကျေးချိုမက လိုက်လိုက်လာတာမျိုး ဖြစ်မှာကို ဘဘက စိုးရိမ်လို့မလာတာတဲ့ .. မေမေက အဲသလို အမြဲမှတ်ချက်ချတတ်တယ် .. အခုကြည့် .. မေမေက .. မေမေ့မွေးနေ့ ဖြစ်ပေမယ့် .. မေမေ့မွေးနေ့တိုင်းမှာ ငါ့အတွက် တစ်ခုခု လက်ဆောင်ပေးနေကျပဲဥစ္စာ .. ခု .. ဒဲဒီကို ချိုင့်ကြီးလဲ အရင်သွားပို့နိုင်းတယ် .. ကောင်မလေးအတွက်လဲ လက်ဆောင်အရုပ်ကြီး တစ်ခုကို ဖေဖေက ပေးလိုက်သေးတယ် .. ငါက .. လက်ဆောင်ကို နောက်ကျမှ ရတော့မယ် .. သူကအရင်



ရနေပြီ .. ကျွတ် .. ဒီကောင်မလေးဟာ ငါ့ကို ဒုက္ခပေးတဲ့ကောင်မလေး .. ငါ့ကိုချစ်နေကြတဲ့သူတွေဆီက အချစ်တွေကို ဖွဲ့ဖွဲ့ယူနေတာ များလှပြီ .. သူ မရှိရင် သိပ်ကောင်းမှာ .. ဘဘမှိုကတော့ .. မုန်းစရာ မကောင်းပါဘူး .."

ပါးစပ်က အသံထွက်မကျလာပေမယ့် စိတ်ထဲကတော့ စကားတွေ တစ်သိကြီးပြောနေရင်း မျက်နှာကြီး မှုန်ကုတ်နေလျက်မှ မော့ခနဲ တစ်ချက် မေမေ့ကိုကြည့်ကာ ..

"သား .. သွားပို့လိုက်ပါ့မယ် မေမေ .. ဒါပေမဲ့ .. သားအတွက် လက်ဆောင်ကို .. အခုအရင်ပေး .. ဒီကောင်မလေးထက် .. သားက မေမေ့ဆီက လက်ဆောင်ကို အရင်ရမှ ဖြစ်မှာပေါ့ .. သူက ဖေဖေ့ဆီက လက်ဆောင်ကြီးကို အရင်ရနေရင် သားက သူ့ထက် နောက်ကျတဲ့နေရာရောက်နေမှာပေါ့ .. ဖေဖေက .. သားကိုကျတော့ လက်ဆောင် အရင်မပေးဘူး .."

မေမေ့ကိုပါကြည့်၍ မျက်ရည်တွေ ဝဲတက်လာနေရင်းမှ ရုတ်ခြည်း ဝမ်းနည်းပန်းနည်းနိုင်စွာ ဟဿာချွေ ပြောတော့ ဖေဖေ ရယ်သည်။ နှာခေါင်းကို ဆွဲလိမ်သည်။ ပခုံးလေးကို မနာအောင်အောင် ချစ်စနိုးနိုင်စွာ ဖွဖွထုသည်။ မေမေကတော့ သဝန်တိုရွှန်းသည့်သားကို စိတ်လည်းမောချင်၊ ရယ်လည်း ရယ်ချင် ... စိတ်လည်း ပူချင်နေသည့် စိတ်ဖြင့် ခပ်ငေးငေး ကြည့်နေသည်ပါပဲ။

"အဲသလို .. စိတ်ထဲမှာ မထားရဘူးလေ .. သားကအကြီးပဲဥစ္စာ .. အကြီးဆိုတာ အငယ်ကို ဦးစားပေးရတယ် သား

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ ... သား အဲသလို ညီမလေးအပေါ်မှာ အမြဲပြိုင်သလို ကြီး လုပ်နေရင် မေမေ စိတ်ပူတယ် ဖိုးသာ ... ကြီးလာတဲ့ အထိ အကျင့်ပါနေမှာ မေမေ စိုးရိမ်တယ် ... ဖေဖေနဲ့ မေမေက ဖိုးသာအတွက် သိပ်လှတဲ့ လေယာဉ်ပျံရုပ်တစ်ခု ရယ် ... ကွန်ပျူတာငယ်လေးတစ်ခုရယ် လက်ဆောင်ပေးဖို့ စီစဉ်ပြီးသားကွယ် ... ဒါပေမယ့် ... အဲဒီလက်ဆောင်ကို ... ခုမပေးဘူး ... ညီမလေးကို ... အဲဒီအရုပ်ကြီး သွားပေးပြီး မှ ပေးမယ် ... မုန့်ချိုင့်ကို ဘာဘာဆီ ပို့ပြီးမှပေးမယ် ... ဟုတ်ပြီလား ..."

ဟုပြောတော့ ဟသ်ာရွှေ နည်းနည်း မျက်နှာကြည် လင်လာသည်။ ရင်ထဲမှာ ပျော်လည်းပျော်နေသည့် အဖြစ်။ ဘာ ကြောင့်ဆို ... လေယာဉ်ပျံ အလွန်မောင်းချင်သည့် ဟသ်ာရွှေ အတွက် ဖေဖေက လေယာဉ်ပျံရုပ်တစ်ခု ဝယ်ပေးသည် မဟုတ် ပါလား။ မေမေကလည်း ကွန်ပျူတာငယ်လေးတစ်လုံး ဝယ်ပေး သည်တဲ့။ ဟသ်ာရွှေ ရင်ထဲ ကျေနပ်ဖြိုးကြီး မျက်နှာထက်မှာ ပွင့် ကျသွားရလျက်မှ မေမေ့ကို ပြေးဖက်က ပါးကို တရှုံ့ရှုံ့နမ်းလိုက် ရပါ၏။

"မေမေ ... သားကို အချစ်ဆုံးနော် ..."

ဟု မေမေ့ရှေ့မှာ လက်လေးပိုက်၍ မေးတော့ မေမေ ရယ်သည်။ မေမေဆိုတာ အရမ်းကိုလှသည့် မေမေဟု ဟသ်ာရွှေ အမြဲဂုဏ်ယူစွာ တွေးနေကျ ...။ သူငယ်ချင်းတွေကြား ထဲမှာ ဟသ်ာ၏ ဖေဖေနှင့် မေမေက အချောဆုံးတွေ ဖြစ်နေသည်။ ကြားဖူးရသည်။ ဖေဖေနှင့် မေမေက ဟသ်ာအပေါ်မှာ အရမ်းကို



ချစ်သည် ဆိုတာကိုလည်း အမြဲထည့်ပြော ကြားနေကျ ...။ ခုလည်း မေမေ့မွေးနေ့မှာ ဖေဖေနှင့် မေမေတို့ပေးသော လက် ဆောင်အပြင် ... ဟသ်ာ အရမ်းလိုချင်သည့် အချစ်ဆုံးဆိုသော စကားဆုကို ရင်ထဲနှစ်၍ သိမ်းထားချင်စိတ်ဖြင့်ရော ... အချစ်ဆုံး ဆိုသည့်အရာကို တစ်ယောက်တည်း ပိုင်စိုးစွာ ရှိချင်သည့် ငယ် ကျင့်ဖြင့်ရော ဟသ်ာရွှေ မေးခြင်းပါ ...။

"ဟောဒီက ဟသ်ာရွှေဆိုတဲ့ ရွှေတုံး ရွှေခဲလေးကို မေမေ က မချစ်ဘဲ ဘယ်သူ့ကို ချစ်နေရမှာလဲ ဖိုးသာရဲ့ ... အချစ်ဆုံး ... အချစ်ဆုံး ..."

နှာခေါင်းလေးကို ဆွဲလိမ်၍ မေမေ ပြောနိုက် ဖေဖေမှ ဝင်တာ ခေါင်းလေးပုတ်လိုက်ပြီးမှ ...

"ဖေဖေကတော့ ... မြကျေးချိုလေးကိုလဲ ချစ်တာပဲကွ ... သူက ... ဖိုးသာရဲ့ ညီမလေးလေ ... သူ့ကို ... ဖိုးသာက ဂရုစိုက်ရမယ် ... စောင့်ရှောက်ပေးရမယ် သိလား ... ညီမ လေးက ... ဒီနှစ်ကျောင်းဖွင့်ရင် ... ကျောင်းစနေရတော့ မှာ ... ဖိုးသာက အကြီး ... ကျောင်းတူတူသွားရမယ် ... ညီမလေးကို စောင့်ရှောက်ရမယ် ... နေဦး ... သူ့ကို ... မမုန်းရဘူး ... အရင်တုန်းက ဖိုးသာ ငယ်သေးတော့ နား မလည်သေးဘူးဆိုပြီး ဖေဖေ ဒီအတိုင်း ခဏထားထားရ တာ ... ခု ... ဖိုးသာလဲ သုံးတန်းတက်တော့မှာ နည်းနည်း နားလည်လာပြီ ... ဒီအရွယ်ဆိုတာ နားလည်တတ်လာတဲ့ အရွယ် ... အမုန်းစိတ်ကို မထားရဘူး ... မကောင်းတဲ့စိတ်ကို မမွေးရဘူး ... မမွေးထားရဘူး သားရဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားဆုံးတော့ ဟသ်ာ့ရွှေ မျက်နှာလေးပျက်သွားကာ တစ်ချက် ခေါင်းကြီးငုံ့ချ၍ ငြိမ်ကျသွားရပါပြီ။ ဖေဖေက ပျော်နေသည့် အပျော်လေးတွေပင် ပြန်၍လွင့်ခနဲဖြစ်သွားရပါသည့်အဖြစ်၊ ကျောင်းတူတူသွားရမယ်တဲ့။ ဒါဆို .. ကားထဲမှာ ထိုကောင်မလေး အတူပါလာတော့မည်ပေါ့။ ဟင့်အင်း။ ကားထဲမှာ ဟသ်ာတစ်ယောက်တည်းပဲ နောက်ခန်းကြီးထဲမှာ အပိုင်ထိုင်နေချင်သည်။ ဘယ်သူ့ကိုမှ ဘေးမှာ ခေါ်မထားချင်။ သိပ်ရှုပ်တာပဲ .. ဆိုသည့် မလိုတမာ အတွေးသည် ချက်ချင်းတိုးဝင်၏။

"သူ ရောက်လာကတည်းက .. ငါ့ကို .. စိတ်ရှုပ်အောင် လုပ်နေတာပဲ .. ဘာလို့ .. သူ့ကို ဖေဖေနဲ့ မေမေကချစ်နေရတာလဲ .. ငါ့ညီမလေးလဲ မဟုတ်ဘဲနဲ့ .."

ဟုတွေးကာ ဟသ်ာ့ရွှေ ဇွန်းကြီးကို သွားယူသည်။ ဖေဖေမှပြုံး၍ စားပွဲပေါ်တွင် တင်ထားသော ပင်ဒါဝက်ဝံဖြူရုပ်ကြီးကို ကမ်းပေးတော့ အရုပ်ကြီးကို စိတ်ရှိလက်ရှိ ရှိသည့်အတိုင်းသာဆိုလျှင် ဟသ်ာ မျက်နှာအောက်သိုးသိုးဖြင့် ဆောင့်အောင့်၍သာ ယူလိုက်ချင်သည်ပါပဲ။ ဒါပေမဲ့ .. မေမေ့မျက်နှာကြောင့် မျက်နှာမဲ့ကာ ချင့်ယူချင်နှင့် ဟသ်ာယူလိုက်ရပါသည့် အဖြစ်။

"ဪ .. သားရေ .. ဒီစနူးရားငယ်လေးလဲ ယူသွားလိုက်ပါဦး"

ဟု မေမေက ထပ်၍ နီညိုရောင်စနူးရားငယ်လေး တစ်လုံးကို စက္ကူကျုတ်ဖာထဲထည့်၍ ပေးလာပြန်တော့ ဟသ်ာ့ရွှေ လက်လေးဖြန့်၍ ..



"သားမှ လက်မဆန့်တော့ဘာ .. သိပ်ပြီးတော့ လက်ဆောင်တွေက များနေပြီ .."

ဟု ပြောလိုက်တာမို့ မေမေမှ မျက်ခုံးလေးပင့်လိုက်ကာ ဟသ်ာ၏ နဖူးလေးကို လက်ညှိုးလေးဖြင့်တို့၍ ..

"ဟုတ်ပါရဲ့ .. အရုပ်တွေက နှစ်ခုတောင် ရှိနေပြီ .. ဒီတော့ .. ဒီလိုလုပ် .. မိလုံးက .. ဇွန်းယူသွားလိမ့်မယ် ဗိုးသာက .. ညီမလေးအတွက် ပင်ဒါရုပ်ရယ် ရယ်ကို ယူသွားပေးလိုက် .."

ဟု ပြောလာတော့ ဟသ်ာ့ရွှေ ပင်ဒါရုပ်နှင့် စနူးရားငယ်လေး ထည့်ထားရာ စက္ကူကျုတ်ဖာလေးကို ယူရင်း ရှေ့မှထွက်တော့ မိလုံးမှ ဘေးက ဇွန်းဆွဲ၍ လိုက်လာပါ၏။

ကြာရိပ်မြိုင်၏ ပေါ်တီကိုကြီးအောက်မှ ဘယ်ဘက်သို့ဖွဲ၍ ကွန်ကရစ်ခင်း လမ်းသွယ်လေးအတိုင်း ဟသ်ာလျှောက်သာသည်။ မြက်ခင်းစိမ်းပြန့်ပြန့် ..။ စပယ်ရုံတန်း အုံ့အုံ့ ..။ အစ်ဖက်မှာရှိနေသည့် ဥယျာဉ်ကျယ်ကြီးတို့ကြောင့် ပို၍ ကြာရိပ်မြိုင်သည် လှနေသည်ဟု မေမေကတော့ ပြောတတ်ပါ၏။ ဘဘစိုက်ထားသော ပန်းတွေက အရောင်စုံလျက် ပွင့်ဝေနေကြသည်ပါပဲ။ ဘဘကိုတော့ ဟသ်ာမမုန်းပါ။ အထူးသဖြင့် .. လှသောပန်းလေးတွေကို စိုက်ပေးတာမို့လား မသိ။ မမုန်းပါ။ မမမိလုံးကတော့ သီချင်းလေး တအေးအေးဖြင့် ရှေ့မှ သွားနေသည်ပေါ့။ နောက်မှ အမီလိုက်လာရင်းမှ ..

"သားတော့ .. စိတ်ညစ်တာပဲ .. အဟုတ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းသည်။ ဆယ့်ခုနစ်နှစ်အရွယ် မီလုံးမှ ဟသ်ာရွှေကို ပြုံး၍ ကြည့်လိုက်ရင်းမှ …

"ဘာတွေများ စိတ်ညစ်နေတာလဲ လူကြီးလေးရဲ့ … မမမီလုံးကို ပြောပြစမ်းပါဦး … ဒီနေ့မှ လက်ဆောင်တွေလဲ ရတော့မယ့်ဥစ္စာ … မမလုံးတောင်မှ … ဒီနေ့ နေ့လယ်ကျရင် ဘာများ မဲပေါက်မလဲလို့ စိတ်ထဲ ဇောဝင်နေတာ ဖိုးသာလေးရဲ့ … မမမီလုံးကလေ … ပါတိတ်ဝမ်းဆက် ဆိုတာကို မဲပေါက်ပါစေလို့ ဆုတောင်းနေတာ သိလား … ချုပ်ပစ်လိုက်မယ် အပြတ် … ပုံစံလှလှလေးကို ချုပ်ပစ်မှာ … ဈေးသွားတဲ့အခါကျတော့ ဝတ်လို့ရတာပေါ့ …"

ညိုသေးသေးလေးဖြင့် အရွယ်ထက်ပို၍ ငယ်ပုံပေါက်နေတာမို့ မီလုံးကိုဆို ဆယ်လေးနှစ်သမီးလောက်ပဲ ထင်စတ်ကြတာ အမှန်။ စိတ်ကလည်း ကလေးစိတ် …။ ခုလည်း ဟသ်ာရွှေကို စိတ်ထဲရှိသမျှ မညာစတမ်း ပြောပြနေသည်ပါပဲ။ ဟသ်ာရွှေကိုတော့ ခေါ်ကြီးစာမှ တစ်ခါတစ်ခါ ချစ်စနိုးလေးဖြင့် … လူကြီးလေးရဲ့ … လူကြီးလေးရဲ့နှင့် ခေါ်တတ်တာမို့ … လိုက်တု၍ မီလုံးကလည်း ခေါ်လိုက်တတ်ပါသည့်အဖြစ်။ ကြည့်ရတာ မီလုံး၏ စိတ်ကူးထဲမှာ ပါတိတ်ဝမ်းဆက်ပဲ အရေးတကြီး နေရာယူထားသည့်နှယ် ရှိ၏။

ဟသ်ာရွှေကတော့ အရုပ်ကြီးကိုပိုက်။ ဓနုရားအရုပ်ငယ်လေးရှိသည့် ကတ်ထူဂျတ်ဘူးလေးကိုကိုင်၍ ခြေလှမ်းသုတ်သုတ်ဖြင့် နောက်မှ အမီလိုက်လာပါ၏။ မျဉ်ထောင်သွပ်မိုးဖြင့် ဝရန်တာမှာ အပြာရောင်သင်္ဘောဆေး သုတ်ထားသည့် ရေနံရည်



နေသော တန်းလျားနေရာဆီသို့ ရောက်တော့ မီလုံးချိုင့်ကြီးဖြင့် …နှံ့တာသို့ လေကားထစ်တွေအတိုင်း နင်းတက်လာရင်းမှ …

"ဘာဘရေ … မမလေးက … မုန့်ချိုင့်ပို့ခိုင်းလို့ … အုန်းနို့ခေါက်ဆွဲ ဘာဘ … ဟင်းရည်ပူပူလေးမို့ စားလိုက်မလား ဟင် … မီလုံး ပြင်ပေးမယ်လေ …"

ဟု ပြောလည်းပြော …။ မီးဖိုဆောင်ငယ်လေးထဲမှာ …င်းအိုးနပ်နေပါသည့် ဦးမြမို အနီးမှ ပန်းကန်စင်အနီးမှာ …ုင်ကိုချသည်။ တစ်ဆက်တည်း မုန့်ပွဲပြင်ပေးနေတာမို့ ဦးမြမို …နှာစိတ်ဖြင့် ကြည့်လည်းကြည့် …။ ပြုံးလည်း ပြုံးပြကာ …

"တကူးတက လာပို့ရတယ်လို့ မိန်းကလေးရယ် … ဘာဘအတွက်က … အရေးမကြီးပါဘူး … ဟိုမှာ အလုပ်ပျက်နေပါမယ် မိန်းကလေးရယ် …"

"မမလေးက လွှတ်လိုက်တာပါ ဘာဘရဲ့ … ဖိုးသာလေးကိုတောင်မှ ကျေးချိုလေးအတွက် အရုပ်တွေ ထည့်ပေးလိုက်သေးတယ် … ကျေးချိုလေးရောဟင် …"

"ရေတမာပင်အောက်မှာ အိုးပုတ်လေးတွေနဲ့ ဆော့နေလေရဲ့ … ဟသ်ာရွှေလေးနဲ့ အရုပ်တွေ ယူလာပေးခိုင်းတော့ … ဟသ်ာလေး စိတ်ညစ်နေဝါမယ်ကွယ် … ဘာဘ ရေတမာပင်အောက်ကို ခဏလိုက်သွားဦးမယ် …"

ဟုပြောကာ စိတ်မချနိုင်သည်မို့ ဦးမြမို အိမ်ရှေ့သို့ …်လာတော့ ဟသ်ာရွှေ လက်လေးပိုက်၍ ရပ်နေရာမှ

"သားပဲ သွားပေးလိုက်မယ် ဘာဘ … မေမေက ပို့ခိုင်းလို့ပါ … ဘာဘ မုန့်စားလိုက်နော် …"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော။ ကြမ်းပေါ်ချထားသော အရုပ်နှင့် စနူးရားဘူးလေးကို ပြန်ကောက်ယူကာ အိမ်လေးပေါ်မှဆင်းတော့ ဦးမြမှိ ငိုင်ကျန်ခဲ့သည်။ အတင်းကြီး နောက်ကလိုက်သွားပြန်တော့လည်း မကောင်း။ ဟသ်ာလေးမှာ ကိုယ်တိုင်သွားပေးပါမည်ဟု ပြောပါလျက် ကိုယ်က သမီးအတွက် စိတ်မချနိုင်တာပဲ သိကာ အတင်းကြီး နောက်ကလိုက်သွားသည် ဆိုတာမျိုးဖြစ်သွားမှာကျတော့လည်း မကောင်းပြန်။ ဒါပေမဲ့ .. ဟသ်ာရွှေဆိုတာ သမီးလေး မြကျေးချို အပေါ် ဘယ်တုန်းကမှ ဆေတနာထားတာမှ မဟုတ်ချေပဲလေ။ ခုလည်း မီးဖိုဆောင်လေးဆီမှ ပြောနေသံ ကြားလိုက်၍ထင့်။ ရေတာမာပင်အောက်သို့ ဟသ်ာရွှေ လိုက်သွားချေသည့် အဖြစ်။

"ဘဘ .. မုန့်လာစားလေ .. ဟင်းရည်တွေ အေးကုန်လိမ့်မယ် .. အုန်းနို့နဲ့လေးကလဲ မွှေးနေတာပဲ ဘဘရဲ့ .. ကျေးချိုလေး အတွက်လဲ ပါတယ် ဘဘ .. မိလုံး ကျေးချိုလေးကို သွားခေါ်လာမယ်နော် .. ဘဘစားနှင့်လိုက် .."

ဟု ပြောလာတော့ မိလုံး ရေတာမာပင်အောက် လိုက်သွားမည်မို့ နည်းနည်းတော့ စိတ်ထဲ ပေါ့ပါးသွားရသည့် ဦးမြမှိပါ ..။ ဒါပေမဲ့ ခက်သည်က .. မိလုံး ချက်ချင်းလိုက်သွားသေးဘဲ ထမင်းစားပွဲဝိုင်း ချထားရာ မီးဖိုခန်းလေးထဲ ပြန်၍လာထိုင်ရင်းမှ ဦးမြမှိ အုန်းနို့ခေါက်ဆွဲစားနေတာကို ... မှထိုင် အဖော်လုပ်ရင်း လေပေါနေခြင်းပါတည့် ..။

"ကိုကိုကြီးနဲ့ မမလေးကလေ .. ဖိုးသာကိုဆို အမြဲ... တာ ဘဘရဲ့ .. ကျေးချိုလေးကို ချစ်ရမယ်လို့ သိလား ..



ခုလဲ .. အရုပ်တွေ ဖိုးသာနဲ့ ပေးနိုင်းတာ .. ကျောင်းတက်တဲ့အခါကျရင်လဲ .. ဖိုးသာနဲ့ ကျေးချိုလေးတို့ ကားနဲ့တူတူသွားရမယ်တဲ့ .. ညီမလေးကို စောင့်ရှောက်ရမယ်လို့ ပြောနေတာ သိလား .. ကိုကိုကြီးနဲ့ မမလေးက ကျေးချိုလေးကို ချစ်ကြတယ် ဘဘရဲ့ .."

ဟု ကြားထားရသမျှ ဝမ်းသာအားရလေး ပြောပြောပြနေပါ၏။

မြူညဥ့လေးနှင့် အရုပ်လေးနယ် ချစ်ဖို့အရမ်းကောင်းသော မြကျေးချိုလေးကို ကြာရိပ်မြိုင်မှ ချစ်လည်းချစ်ကြသည်ပါပဲ။ ဂျစ်ကန်ကန်နှင့် မနာလိုနေသည်က ဟသ်ာရွှေလေး တစ်ယောက်တည်းဆိုတာ အားလုံးကလည်း အသိ။

"ကျောင်းတူတူ သွားရမယ်ဆိုတော့ ဟသ်ာလေး စိတ်ညစ်နေပါ့မယ် မိန်းကလေးရယ် .. ဘဘပဲ ကျောင်းသွားပို့ပေးပါ့မယ် .. ကျောင်းပို့ ကျောင်းကြိုအလုပ်ကို ဘဘ လုပ်ပါ့မယ်ကွယ် .. ဟသ်ာလေး စိတ်လက်ချမ်းသာနဲ့ ကျောင်းတက်ပါစေ .. ဆရာနဲ့ မမလေးကလဲ .. ဟသ်ာလေးကို စိတ်ညစ်မယ့်စကားတွေ မပြောဘဲ နေလိုက်တာ မဟုတ်ဘူးကွယ် .. ဘဘမှာဖြင့် ဒီမှာ အစစ .. စိတ်အေးချမ်းသာနေရလို့ ကံကောင်းလွန်းလှပြီဆိုပြီး အဲဒီကျေးဇူး ဆပ်မကုန်အောင် အမြဲရှိနေရတာပါ .."

ဟု ပြောစဥ်မိုက် ဦးမြမှိ၏ ပန်းကန်ထဲ ဟင်းရည် ခပ်ထည့်ပေးနေတာမို့ ဦးမြမှိ မုန့်ပွဲကို တုန်အောင်ဆော်စားနေပြန်ပါသည့် အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာရွှေကတော့ဖြင့် ခြေလှမ်းလေး သွက်သွက်လျှောက်ရင်း ရေတမာရိပ်အောက်မှာ ထိုင်နေသည့် မြကျေးရှုံလေးကို လှမ်းမြင်ရတော့ တစ်ချက်ပြုံးလိုက်ပါပြီ။ ချက်ချင်းထိုင်ချလိုက်ကာ စန္ဒရားဘူးလေးကို ဖွင့်၍ အထဲမှ ခါတ်ခဲလေးထည့်ထားတာမို့ ခလုတ်လေးတွေကို နှိပ်ကြည့်တော့ သံစဉ်လေးတွေထွက်လာသမျှ တစ်ချက် မျက်မှောင်လေး တွန့်ကုတ်ရင်းကြည့်ကာ ဝို၍မနာလိုစိတ် ကြီးလာရသည်ပါပဲ။ စန္ဒရားလေးက အနီရင့်ရောင်လေး ...။

ဒီရေမီဖာ အသံလေးတွေက ခလုတ်လေးမှာ နှိပ်လိုက်တိုင်း မြည်လာသည့်အပြစ်။ အဖုံးကိုဖွင့်လိုက်တော့ စန္ဒရားအလည်မှာ တောက်ပသော စက်ဝိုင်းပုံလေးတစ်ခုရှိသည်။ ဘေးထောင့်လေးမှာ ဘိုမဘဲလေးအရုပ်ငယ်လေးတစ်ခု ရှိတာမို့ စက်ဝိုင်းနေရာလေးမှာ ထောင်လိုက်တော့ အတွင်းဘက်မှ သံလိုက်ခါတ်လေးကြောင့် အရုပ်လေးက ချစ်စဖွယ် ချစ်စဖွယ်လေးရပ်နေသည့် အနေအထားလေးမှာ ရှိနေပါ၏။ ဘေးဘက်ခလုတ်လေးတစ်ခုကို နှိပ်လိုက်တော့ တေးသွားလေးတွေ ပေါ်လာပြန်လျက် ဘဲလေးရုပ်လေးမှာ စက်ဝိုင်းလေးအလယ်မှာ လှလှပပလေးခုဝဲကာ က,နေပါချေသတည်း။

"ကြည့်စမ်း ... ဒီလောက်လှတဲ့ လက်ဆောင်တစ်ခုကို မေမေက ဒီကောင်မလေးအတွက် သေသေချာချာ သွားဝယ်လာပေးတယ် ... အို ... ဒီစန္ဒရားခုံရဲ့ ခြေထောက်လေးတွေကို ဖြတ်ထားလို့ ရနေတာကိုး ... ဖြတ်ထားလိုက်မယ် ... ဒီကောင်မလေးကို ယောဒီက ဘဲလေးရုပ်လေးလဲ



ထည့်မပေးတော့ဘူး ... ပြီးရော ... ပစ္စည်းမစုံတဲ့ စန္ဒရားတစ်ခုပဲ သူ ရ,ရမှာပေါ့ ..."

ဟုတွေးကာ ဘဲလေးရုပ်လေးကိုလည်း အင်္ကျီအိတ်ကပ်ထဲထည့် ...။ စန္ဒရားခုံအောက်မှ ခြေထောက်လေး သုံးချောင်းကိုလည်း အစွပ်လေးမှဖြုတ်၍ အိတ်ကပ်ထဲထည့်၏။ ဘေးဘီကိုအမန်းကတန်းလေး ကြည့်မိသည်က ကိုယ်မဟုတ်တာလုပ်လေသမျှ ဘယ်သူများ မြင်သွားချေမည်လဲ ဆိုတာကို မလုံမလဲဖြင့် ကြည့်မိခြင်းပါတည့် ...။

ဘယ်သူမှ ရှိမနေတာ သေချာတော့မှ မျက်နှာလေးပြန်၍ မှင်သေပိရိသွားရလျက်ဖြင့် လေလေးတချွန်ချွန်နှင့် ရေတမာမိုးဆီသို့ လျှောက်ခဲ့ပါ၏။

ရေတမာပင်အောက်မှာ မြကျေးရှုံကို အိုးပုတ်လေးတွေနှင့် တစ်ယောက်တည်း စိတ်လေးနှစ်၍ ကစားနေတာကိုမြင်တော့ တစ်ချက်ငြိမ်ရပ်ကာ ဟသ်ာရွှေ ကြည့်မိရပါပြီ။ ဆံပင်လေးတွေက ဘဘမိမှ အရှည်ထားပေးတာမို့ ခါးနားဆီသို့ နက်မှောင်မှာ ဆံကျစ်ရှည်လေးအဖြစ် ရှိနေပါ၏။ အနီရောင်ဂါဝန်လေးနှင့်မြကျေးရှုံ၏ ဖြူဥဥနိုင်သော အသားလေးက လိုက်လိုက်ဖက်ဖက်ရှိနေတာကို ဟသ်ာရွှေ မငြင်းနိုင်။ မျက်ခုံးထူနက်နက်လေးကခုံးခုံးလေးရှိလျက် မျက်လုံးဝိုင်းလေးဖြင့် ရှိပါသည့် မြကျေးရှုံ...။ပါးလေးက ဖောင်းအိအိလေး ...။ အနီရောင် အင်္ကျီအနားလေးတွေမှာ အဖြူရောင် အတွန့်လေးတွေဖြင့် အနားသတ်ထားတာမို့သက်မှောင်းဖြူတစ်တစ်လေးတွေနှင့် မြကျေးရှုံလေးသည် ပို၍အရုပ်လေးနှင့် တူနေသည်။ တကယ့်ကို အရုပ်လေးတစ်ရုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သော့ပေးထားသည့်နှယ် လက်လေးတွေလှုပ်နေ .. ခေါင်းလေးငုံ့နေသည့်နှယ်ရှိလျက် မြကျေးချိုသည် အိုးပုတ်လေးတွေနှင့် တစ်ယောက်တည်း ကစားနေပါ၏။

"ဒီကောင်မလေးဟာ .. တခြားအိမ်မှာ သွားနေတဲ့ မြကျေးချို ဖြစ်နေပြီးတော့ .. ဖေဖေနဲ့ မေမေတို့ကလဲ ချစ်နေတဲ့ မြကျေးချို ဖြစ်မနေရင် သိပ်ကောင်းမှာ .. ဒီလိုဆိုရင်တော့ .. သူဟာ ချစ်ရာလေး ဖြစ်နေမှာ အမှန်ပဲ .."

ဟုတေင်၍ ဟသ်ာရွှေ တွေးဖြစ်၏။ ဟုတ်သည်။ တခြားမှာနေသည့် မြကျေးချို ဖြစ်လိုက်လျှင် အတော်ကြီးကို အဆင်ပြေမည်။ ဖေဖေနှင့် မေမေကလည်း ခုလိုချစ်နေကြမှာ မဟုတ်။ အရုပ်တွေလည်း ဝယ်ပေးစရာမရှိ။ ခုကျတော့ .. ဟသ်ာကပင် အရုပ်တွေ ဘာတွေ သယ်လာပေးနေရလျက် ဤကောင်မလေးအတွက် အသယ်အပို့ အလုပ်တွေပင် အလုပ်ရှုပ်ခံပြီး လုပ်လုပ်ပေးနေရတာ ဆိုးသည်။

"အဟမ်း .."

ချောင်းသံပေး၍ ဟသ်ာရွှေ ရှေ့ဆက်လျှောက်လာတော့ မြကျေးချိုလေး အသံကြား၍ထင့်။ အိုးပုတ်လေးထဲမှာ သစ်ရွက်လေးတွေ ထည့်နေသည့် မြကျေးချို ကြည့်လာ၏။ စောစောက အားတိုက်လေးရှိနေသည့် မြကျေးချို ..။ ခုလိုလှည့်ကြည့်လာတော့မှ မျက်နှာလေးငယ်ကျသွားလျက် ခပ်ငေးငေးလေး ကြည့်လာရှာပါ၏။

"နင်က .. ဒီမှာလာပြီး စိမ်နဲ့ကစားနေတာကိုး .. ငါမှာတော့ နင့်အတွက် အချေခံကျနေတာပဲ လာလာပြီး ဟိုဟာ



ပို့ရ ဒီဟာပို့ရနဲ့ .. နင်ဟာ ကြာလေ .. မှန်းစရာပိုကောင်းလာလေပဲကွ .. ရော့ .. နင့်အတွက် ဖေဖေနဲ့ မေမေ ပို့ခိုင်းလိုက်တဲ့ လက်ဆောင် .."

ဟု ဆောင့်အောင့်၍ မြက်ခင်းပေါ် ချပေးတော့ မြကျေးချို ခမျှာ ကောက်မကြည့်ရဲရှာ။ မျက်နှာကြီး တင်းချီထားတတ်စမြဲ ဖြစ်ပါသည့် ဟသ်ာရွှေကို ကြောက်ရွံ့စွာ မော့မော့ကြည့်ရတာကလည်း ငယ်ကျင့်လေးဝဓာ အရိုးစွဲနေအောင် ဖန်တရာတေနေပြီမို့ .. ခုလည်း မျက်နှာငယ်လေးဖြင့် ကြောက်ကြောက်နှင့် မော့ကြည့်နေရှာပါ၏။

ဘယ်တော့ကြုံကြုံ .. အမြဲမျက်နှာထားကြီးနှင့် မုန်းစွာပြောလိုက် .. ငေါက်လိုက် ငမ်းလိုက်နှင့် လူကြီးတွေလစ်တိုင်း ဗိုလ်ကျနေကျ ဟသ်ာရွှေကို မြကျေးချို ခမျှာ အမြဲရင်ထဲ ကြောက်နေမိရတတ်တာက အသားတကျ ရှိနေသည့်နှယ်ပါတည်း။

"ဘာတွေလဲ မသိပါဘူး .. ဒီအိုးပုတ်တွေနဲ့များ ကစားနေလိုက်တာ မပျင်းဘူးလား .. ငြိမ်ပြီး အိုးလေးတွေထဲ ဟိုအရွက်တွေ ခူးထည့်လိုက် .. ဒီအရွက်တွေ ခြွေထည့်လိုက်နဲ့ တော်တော် အဖျက်အဆီး တတ်နေတယ် .. ပန်းခြံထဲက ပန်းရွက်တွေ ပန်းပွင့်တွေ နင် ခူးခူးပြီး ဖျက်ဆီးနေတာကိုး .. နောက်တစ်ခါ ခူးကြည့် .. ဒီမှာတွေ့လား လက်သီး .. ငါ .. ထိုးမှာနော် .. သွားကျိုးကုန်မယ် သိလား .."

လှည့်ပြန်သွားရမည်ကိစ္စ ..။ မပြန်ချင်ဘဲ ရင်ထဲ ဖြစ်နေတာကို ဟသ်ာရွှေ ရင်ထဲက ငြင်းမရချင်။ ဒါပေမဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



မြကျေးချို့ ကစားနေတာကို ထိုင်ကြည့်ချင်နေသည့်စိတ် ဖြစ်နေ
တာကိုလည်း အသိမပေးချင်ပြန်။ ဤကောင်မလေးကို မုန်းလည်း
မုန်းသည်။ ပြီးတော့ ... ကောင်မလေး ဘာတွေလုပ်နေသည်
ဆိုတာကိုကျတော့လည်း သိချင်သည်။ စိတ်ဝင်စားသည်။ အိုးပုတ်
ကစားနေသည့် ကောင်မလေး၏ အိုးငယ်ခွက်ငယ်လေးတွေထဲ
မှာ ဘာတွေရှိနေသည် ဆိုတာကိုလည်း သိချင်နေသည်။ မိန်းက
လေးဆိုတာ ... အလွန်မျင်းစရာကောင်းသော ကစားနည်းတွေနှင့်
မဖျင်းမရှိ ကစားတတ်ကြသည်ပဲဟုလည်း ကဲ့ရဲ့ချင်သည်။

"ငါတို့ယောက်ျားလေးတွေဆို ဘောလုံးကန်တယ် ... စွန်
လွှတ်တမ်း ကစားတယ် ... ဂျင်ပေါက်တမ်း ကစားတယ်...
သူခိုးဖုလိပ်တမ်း ကစားတယ် ... နင်တို့မိန်းကလေးတွေ
ကျတော့ ... ငြိမ်ပြီး ဒီအိုးခွက်လေးတွေထဲ ဟိုဟာထည့်
ဒီဟာထည့်နဲ့ ကစားတယ် ... ကျွတ် ... ပျင်းစရာကြီး ...
ဒီမှာ ... နင် ... စွန်လွှတ်တတ်လား ..."

ခပ်တည်တည်လေး ဘေးမှာလာထိုင်ရင်း ကလေးကို
မိုလ်လုပ်၍ ခပ်နှိမ်နှိမ်လေးလည်းကြည့် ... ကဲ့ကဲ့ရဲ့ရဲ့လေးလည်း
မေးနေပါသည့် ဟသ်ာချွေကို စုမ့် ငါးနှစ်အရွယ်လေး ရှိရှာပါသည့်
မြကျေးချို့ ခမျာ ... မျက်နှာငယ်လေးဖြင့် မော့ကြည့်ရင်း ကြောက်
ကြောက်နှင့် ခေါင်းလေးသာ မရဲတရဲလေး ခါပြရှာပါ၏။

"ဟိတ် ... ငါက စွန်လွှတ်တတ်တယ်ကွ ... ဂျင်ပေါက်
တတ်တယ် ... အံမယ် ... ငါက သိုင်းကစားတတ်တယ်...
သိရဲ့လား ... နင့်ကိုဆို ... ကိုင်ပေါက်ပစ်လိုက်နိုင်တယ်
ကွ ... ငါ့ကို ... ရိုရိုသေသေ နေရမှာနော် ..."



ဟုပြောတော့ မြကျေးချို့ ခေါင်းလေးညိတ်ပြသည်။
အရုပ်လေးတွေ လက်ဆောင်ရ၍ ပျော်နေသည့် မြကျေးချို့လေး
ဖြစ်ရမည့်အစား ...။ ငိုမဲ့မဲ့လေးဖြင့် ဟသ်ာချွေကို တမော့မော့ကြည့်
နေသည့် ကျေးချို့လေးပဲ ဖြစ်နေရသည်။ အရုပ်လေးကို ပျော်ရွှင်စွာ
ကိုင်ကြည့်ရင်း မျက်နှာလေး လန်းကြည်နေရမည့်အစား မျက်ရည်
လေး တဝဲဝဲဖြင့် အရာရာ ကြောက်နေသည့် မျက်နှာလေးဖြင့်
ဟသ်ာချွေကို မော့ကြည့်နေရင်းမှ ပြောသမျှ ခေါင်းလေးညိတ် ...
ခေါင်းလေးခါနှင့် အသံလေးပင် ပွင့်မကျလာနိုင်ရှာ။

"ဒီမှာ ... ငါက ... နင့်ကို ... ဒီလို ခေါင်းခေါက်ရင် ...
နင် ... ဘာဘာကိုလဲ မတိုင်ရဘူး ... ဖေဖေနဲ့ မေမေ့ကိုလဲ
မတိုင်ရဘူး ... ဒေါ်ကြီးဖွာနဲ့ မမမီလုံးကိုလဲ မတိုင်ရဘူး ...
ငါက ... တိုင်တိုင်တောတောလုပ်ရင် မကြိုက်ဘူးကွ ..."

ဟု တမင် နိုင်စားချင်စိတ်ဖြင့် ကလေးခေါင်းကို
ခေါက်ခနဲ ခေါက်ပြပြီး ပြောနေတော့လည်း ခေါင်းလေးပွတ်၍
ခံရှာသည်ပါပဲ ...။

"သေချာမှတ်ထားနော် ... ဘယ်လိုခေါင်းခေါက်ရင် မတိုင်
ရဘူးလဲ ... ကြည့် ... ဒီတာဒီလို ခေါင်းခေါက်တဲ့အခါကျ
ရင် ... မတိုင်ရဘူး ... မှတ်မိတယ်နော် ..."

နောက်ထပ်ခေါင်းခေါက်ချင်တာကို နမူနာပြသလိုလို
နှင့် ထပ်ခေါက်တော့ မြကျေးချို့ ခမျာ ကလေးပေပဲလေ ...။ ငိုငို
ယိုယိုလေး ဖြစ်လာရှာပါပြီ ...။

"ဟိတ် ... မငိုနဲ့ ... တိတ် ... ငါက ... ငိုရင်သိပ်မုန်းတာ
ကွ ..."

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ငိုအောင်လုပ်လည်း လုပ်သေးသည်။ မငိုအောင် မာန်မဲနေသည့် ဟသ်ာရွှေပါ ..။ မငိုနဲ့ဆိုတော့လည်း ကလေးခမျာ မျက်ရည်တွေ မကျအောင် ကြိုးစားရှာသည်ပါပဲ ..။ နက်မှောင်နေသော မျက်ဝန်းဝန်းဝိုင်းဝိုင်းလေးဆီမှ မျက်တောင် ထူထူလေးတွေမှာ မျက်ရည်လေးတွေ နိုသီးစိုစွတ်နေကြတာကို ဟသ်ာရွှေ တစ်ချက်ငေးကြည့်မိရင်းမှ ရင်ထဲမှာ သနားလာမိပြန်သည်။ မျက်ရည်လေး ဖြတ်ခနဲ ကျလာတာမြင်တော့ အလိုလို လက်ဖြင့်ပွတ်သုတ်ပေးလိုက်မိသည်က ညင်ညင်သာသာတော့ မရှိ။ နည်းနည်းလေးတော့ ဖိပွတ်သုတ်ပေးမိလိုက်သည်ပါပဲ။

"ငါ့ကို .. ဖေဖေနဲ့ မေမေက သိပ်ချစ်တာ သိလား .. ငါ့အတွက်ဆို .. အရုပ်တွေ အများကြီး ဝယ်ပေးတယ်ကွ .. ဒီနေ့မှာ .. ငါ့အတွက် .. လေယာဉ်ပျံရုပ်လည်း ဝယ်ပေးတယ် .. ကွန်ပျူတာလဲ ဝယ်ပေးတယ် .. ဟောဒီလောက်ကြီးတဲ့ ဝက်ဝံရုပ်ကြီးလဲ ဝယ်ပေးတယ် .. ဟောဒီလောက်ကြီးတဲ့ .. အသံမြည်တဲ့ သေနတ်လေးလဲ ဝယ်ပေးတယ် .. ဟောဒီလောက်ကြီးတဲ့ .. စန္ဒရားကြီးတစ်ခုကိုလဲ ဝယ်ပေးဦးမှာတဲ့ .. နင့်ကို ဒီမှာပေးတဲ့ အရုပ်မျိုး မဟုတ်ဘူး .. တကယ့် စန္ဒရား သိလား .. ငါ့ကို .. ဖေဖေနဲ့ မေမေက .. အဝတ်အစားတွေလဲ ဒီနေ့မှာ အများကြီး ဝယ်ပေးထားတယ်ကွ .. နင့်လို .. ဒီလို အိုးပုတ်အစုတ်တွေနဲ့ ကစားနေရတာ မဟုတ်ဘူး .. သိလား .. ငါက .. ဖေဖေနဲ့မေမေရဲ့ အချစ်ဆုံး ဟသ်ာရွှေကွ .. နင့်ကို .. ငါ့လောက်မချစ်ဘူးဆိုတာ နင် သိတယ် မဟုတ်လား .."



ကလေးကို အပိုတွေဖြင့် ကြွားပြနေရင်းမှ အချစ်အခံရဆုံး ဟသ်ာရွှေ ဆိုတာကို ခပ်တည်တည်ကြီး ပြောပြနေသမျှ မြကျေးချိုလေး အားလုံး နားမလည်ချင်။ ဒါပေမဲ့ .. ခေါင်းလေးသာ ညိတ်ပြလိုက်သည်ပါပဲ။ ဟသ်ာရွှေကတော့ အရုပ်တွေ ဘယ်လောက်အရွယ်ကြီးတွေ ဝယ်ပေးသည်ဆိုပြီး လက်ကိုအစွမ်းကုန် ဝိုင်းဝိုင်းပြနေသည်က အပိုတွေပါထည့်၍ ကြွားနေခြင်းပါ။ စန္ဒရားဆိုတာကတော့ .. ခုလေးမှာပဲ .. ဖေဖေ့ကို စန္ဒရားအစစ်တစ်လုံး ဝယ်ပေးဖို့ ပူဆာချင်စိတ် ဝင်လာသည်လေ။

မြကျေးချိုကို ကစားစရာ စန္ဒရားအရုပ် ဝယ်ပေးလျှင် .. သူ့ကို .. တကယ့်စန္ဒရား ဝယ်ပေးရမည်။ ရုပ်ရှင်ကားတွေ ဗီဒီယိုကားတွေထဲမှာ စန္ဒရား ဆိုတာကို ဟသ်ာရွှေ မြင်ဖူးသည်လေ။ အထူးသဖြင့် မင်းသမီးတွေ သီချင်းဆိုသည့်အခါ စန္ဒရားကြီးတွေဘေးမှာဆိုတာ ပါတတ်သည်။ စန္ဒရားဘေးမှာရပ်၍ ဆိုတာလည်း ရှိသည်။ မင်းသားက စန္ဒရားတီးသည်။ မင်းသမီးက ဆိုသည်။ ဒါမျိုးမြင်ဖူးသည်လေ ..။ ဘာပဲဖြစ်ဖြစ်။ မြကျေးချိုထက် သာဖို့ဆိုတာကတော့ တကယ့်ကိုကြီးသည့် စန္ဒရားအစစ်ကြီးတစ်ခုကို မေမေ့ထံမှာ ပူဆာရမည်။ ဝယ်ပေးဖို့ ဖေဖေ့ကိုလည်း ပြောရမည်။ ဒါ .. ဟသ်ာရွှေ၏ ပြိုင်ဆိုင်ခြင်းတစ်ခုဆီမှ ဖြစ်တည်လာသော အကြံအစည်တစ်ခုပါတည့် ..။ ဟုတ်သည်။ ပြိုင်ဆိုင်မှု။ ဟသ်ာရွှေ ဆိုတာ မြကျေးချိုထက် အမြဲသာနေသည့်သူတစ်ယောက် ဖြစ်ရမည်။

"ကဲ .. ငါပြန်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ မြကျေးချို၏ အိုးပုတ်လေးတစ်ခုကို ကိုင်ကြည့်သလိုလိုဖြင့် လုပ်နေပြီးမှ မြကျေးချိုကို တစ်ချက်ကြည့်တော့ မျက်နှာလေး ညှိုးနေလျက် မော့ကြည့်နေတာနှင့် တိုးသည်။

"ဟ .. အရုပ်တွေ ယူကြည့်လေ .. ငါက တကူးတကလာ ပို့ပေးရတာ .. နင်က ကြည့်တောင် မကြည့်ဘူး .. ဘာလဲ .. မလိုချင်ဘူးလား .. ငါ .. ပြန်ယူသွားလိုက်မှာနော်"

ဟု မေးတော့လည်း မြကျေးချိုလေးမှာ ကလေးပေပဲလေ ..။ အရုပ်လေးတွေ ယူပြန်သွားမှာ စိုးတာမို့ ကမန်းကတန်းလေး မြက်ခင်းထက်ဆီမှ ယူလိုက်ကာ ပိုက်ထားလိုက်သည်မှာ ကျစ်နေအောင် ဖက်ထားခြင်းဖြင့်ပါ ..။

"မယူပါနဲ့ .. မယူပါနဲ့နော် ကိုကို .."

ဟု အသံလေးတွေ တုန်ခါနေရင်း ငိုမဲ့မဲ့လေးပြောလာတော့ ဟသ်ာငှဲ တစ်ချက် ရင်ထဲပျော်သလိုလိုလေး ဖြစ်သွားရပါ၏။ ဘာတဲ့ ..။ ကိုကို ..။ ကိုကိုတဲ့လားလေ။ ကိုယ့်ကို .. ဖိုးသာ .. ဖိုးသာနှင့် ခေါ်ကြ ..။ သား .. ဟုခေါ်ကြနှင့်ရှိနေပါသည့် ဤကြာရိပ်မြိုင်မှာ ခုကျတော့ .. ကိုကိုဟု ခေါ်မည့်သူရှိနေသည်ကောလေ ..။ ခုလို .. အခေါ်ခံရတော့လည်း ရင်ထဲမှာ ဖူးဆန်းနေသည်။ ချိုသာနေသည်။ ကိုယ်က .. အမြဲ ကြာရိပ်မြိုင်မှာ အငယ်ဆုံးလုပ်၍ ဆိုးနွဲ့နေကျ ..။ ခုကျတော့ .. ကိုယ့်ကို အကြီးထား၍ ချစ်ချစ်ကြင်ကြင်လေး .. ခေါ်တာကို ခံလိုက်ရသည် မဟုတ်ပါလား ..။

"အင်း .."



အင်းသံသည် .. ပျော်နေသည့်စိတ်ကို ပြန်တင်းယူသည်ပဲလား။ အရုပ်လေးတွေကို ပြန်မယူပါဟုများ ဖြေလိုက်ခြင်းပေလား ..။ ကိုယ့်ဘာသာကိုယ်ပင် မသိချင်။ ဒါပေမဲ့ .. နှုတ်ကတော့ အလွယ်တကူပဲ ခပ်မြန်မြန်လေး ပွင့်ကျသွားသည်မို့ မြကျေးချိုလေးကတော့ အရုပ်လေးတွေကို ပိုင်ပိုင်လေး ပို၍ပိုက်ထွေးထားလိုက်ပါပြီတည်း။

ဒါပေမဲ့ .. ခက်သည်က .. စောစောလေးကပဲ မြကျေးချို အရုပ်တွေ လှမ်းယူချိန်မှာ အလစ်မှာ ပုတ်သင်ညိုအရုပ်လေး တစ်ခုကို အကျီအိတ်ကပ်ထဲမှယူ၍ အိုးပုတ်ထဲထည့်ပြီးသား ဖြစ်သွားကာ ပြန်၍လည်း အိုးပုတ်လေးတွေ ချထားသည့် အလယ်မှာ ထားလိုက်ပြီးသား ဖြစ်သွားခဲ့ပြီးပြီ ..။ ခုမှ .. ပြန်မယူချင်တော့ ..။

ကောင်မလေး ကြောက်သွားအောင် ထည့်ခဲ့ပြီးသားကိစ္စတစ်ခုကို ပြန်ယူလိုက်လျှင် ကိုယ်က အရှုံးပေးရာ ရောက်နေသည်ဟုတွေးလျက် ထိုင်ရာမှ ပြန်ထကာ မပြောမဆို လှည့်ပြန်ခဲ့သည့် ဟသ်ာငှဲပါ။

မြကျေးချိုလေးမှ အိုးပုတ်လေးတွေ ပြန်ကိုင်ကာ စောစောက အရွက်လေးတွေ ထည့်ထားသည့် အိုးပုတ်လေးကိုယူ၍ ဟင်းအိုးနှယ်သလို လက်လေးနှိုက်၍ နှယ်လိုက်စဉ်မိုက် ပျော့စိစိ အရာတစ်ခုကို ကိုင်မိသည်မို့ ကိုင်လျက်သားလေး ကြည့်မိနိုက်မှာ အပြာရောင် အစိမ်းရောင် အဝါရောင်တွေ ရောတွေနေလျက် ကျောကုန်းကြီး ခုံးထကာ ပါးစပ်လေးပြဲကာ မျက်လုံးနီကြီးတွေနှင့် ကြည့်နေသည့် ပျော့စိစိ အကောင်တစ်ကောင်ကိုမြင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်မို့ လန့်ကျသွားရကာ အသံလေး တုန်ခါနေအောင်အော်လည်းအော်မိ ..။ ကြောက်ကြောက်နှင့် ပုတ်သင်ညိုကောင်လေးကို အဝေးသို့ လွှင့်ပစ်မိကာ မျက်နှာလေးကို လက်ဝါးလေးဖြင့် အုပ်မိုး၍ ငိုချလိုက်သည်က မြကျေးချိုလေးပါ ..။

"ကောင်ကောင်ကြီး .. ကောင်ကောင်ကြီး .. မေမေရေ .. လာပါ .. လာပါ .."

နှင့် အော်နေတော့ ဟသ်ာရွှေ ပထမတော့ ပျော်သွားသည်။ ကောင်မလေး သေအောင်လန့်သွားပြီဆိုသည့် ကျေနပ်စိတ်ဖြင့် ပျော်မိသွားရပေမယ့် ..။ အရမ်းငိုနေတာ လှည့်ကြည့်တွေ့ရပြန်တော့လည်း လန့်သွားရကာ နောက်ကြောင်း ခပ်သုတ်သုတ်ပြန်လျှောက်လာရ ..။ အရင်ဆုံး ကိုယ်လုပ်ထားသည့် ပြဿနာကို ရှင်းဖို့လိုတာမို့လည်း ပုတ်သင်ညိုရုပ်လေးကို ကမန်းကတန်းလိုက်ရှာ ..။ ပါးစပ်လေးဖြဲ၍ အရုပ်ဆိုးစွာ ပျော့စိစိလေး ရှိနေပါသည့် အရုပ်ကို မြက်ခင်းလေးထက်မှာ ပက်လက်လန်လျက်သားလေး တွေ့တာမို့ တစ်ဖက်ခြံသို့ရောက်အောင် လွှဲပစ်နှင့် အလုပ်များသွားရပြီးမှ မြကျေးချို ဆောမှာ ထိုင်ချလိုက်မိကာ ...

"မရှိပါဘူးကွ .. ဘာကောင်မှ မရှိပါဘူးကွ .."

တစ်ကိုယ်လုံး တုန်ခါနေရင်းမှ မျက်နှာလေးကို လက်ဝါးလေးဖြင့် အုပ်မိုး၍ အရမ်းကိုကြောက်ကြောက်နှင့် ငိုနေပါသည့် မြကျေးချိုကို လက်လေးတွေ ဖယ်ပစ်နေရင်းမှ ဟသ်ာရွှေ ပြောစဉ်ခိုက် မြကျေးလေးခမျာ အားကိုးရာအဖြစ် ရင်ခွင်လေးထဲ တိုးဝင်ကာ ...

"ကောင်ကောင်ကြီး .. ကြောက်တယ် ကိုကို .."



ဟု ပြောငိုနေသမျှ .. အလိုလို ဟသ်ာရွှေ၏လက်တွေက .. မြကျေးချို၏ ကိုယ်လေးကို ထွေးပိုက်ထားမိလျက်သားလေး ဖြစ်သွားရပါ၏။ ကိုကို .. ဟု ခေါ်လည်းခေါ် ..။ ညီမလေးက အစ်ကို့ရင်ခွင်ထဲ အားကိုးတကြီးနိုင်စွာ ဝင်ငိုနေသည်ပဲဆိုတာ ခံစားရလျက် ရင်ထဲမှာ စတင်၍ ဖြစ်တည်လာရသည်က .. နောင်တ ..။

ဟုတ်သည် ..။ ကလေးကို .. အရမ်းကြောက်အောင် လုပ်မိလိုက်သည်ပဲ .. ဆိုသည့် နောင်တပါတည့် ..။

"မကြောက်နဲ့ .. ငါရှိတယ် ကောင်မလေးရဲ့ .. ဘာကောင်မှ မလာရဲဘူး .. လာရဲလာကြည့် .. ဝါးစားပစ်မယ်သိလား အဲဒီအကောင် အစုတ်ပလုတ်ကို .. ငါက .. သိပ်သတ္တိရှိတဲ့ ဟသ်ာရွှေကွ .. နင့်လို အငိုမသန်ဘူး .. ငကြောက်မဟုတ်ဘူး .."

ဟူ၍တော့ ထုံးစံအတိုင်း စကားတွေက မပျော့ပျောင်းစွာပဲ တိုဆတ်ဆတ်နိုင်စွာ ..။ ပြီးတော့ .. လှောင်ထေ့ထေ့နိုင် စွာ ငြင်ကျလာကြပါသည့် အဖြစ် ..။

❤○❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မေမေ့ရယ်သံက အတော်ကြီးကို ကျယ်လျက်ရှိ၏။ ရှေ့မှာရပ်နေသည့် သူ့ကိုလည်း မျက်ခုံးကြီးပင့်၍ ရယ်မောရိပ်တွေ ပြည့်သိပ်နေသည့် မျက်ဝန်းများဖြင့် ကြည့်နေသည်။ မေမေ့မျက်နှာတစ်ခုလုံးမှာ ရယ်မောရွှင်ပျလွန်းနေသည့် အရိပ်တွေချည်းပဲ ရှိနေသည်။ သူကတော့ လက်ကြီးပိုက်လျက် တကယ့်ကိုအရေးတကြီးနိုင်နေသော ပုဆာမှုတစ်ခု၏ အောက်မှာ အတိအကျရပ်နေသည့် ချာတိတ်ငယ်လေး တစ်ယောက်အဖြစ် ရှိနေပါ၏။

"ဟုတ်တယ် မေမေ .. သား .. စန္ဒရားအစစ်ကြီးတစ်ခု လိုချင်တယ် မေမေ .. သားတီးချင်လို့ .. ပိုင်ချင်လို့ .."

ဟု စောစောက စကားကို လေကြီးလေကျယ်နှင့် ပြောတော့ မေမေ သဘောတကျကျဖြင့် ဆက်၍ ရယ်မောနေသည် ပါပဲ ..။ သူကတော့ တကယ့်အတည်ပေါက်ပြောနေသည့် အမှုဖြင့် ရပ်မြဲရပ်နေဆဲ ..။ သူပြောသည့်စကားတွေထဲမှာ ဤ လောက်အထိ မေမေ ရယ်မဆုံးအောင် ဖြစ်နေဖို့ အကြောင်းရှိ ဘုပင် သူက ထင်နေလိုက်သေးသည်။



"မိုးရေ .. ဒီမှာ လာစမ်းပါဦးကွ .. ဒီပုစိညောက်တောက်ကောင်လေးတစ်ယောက်က ရောမစန္ဒရားအစစ်ကြီးတစ်ခုကို လိုချင်လို့ ဝယ်ပေးဖို့ မောင့်ကို လာပြောနေပါလား .. သူက .. တီးချင်လို့တဲ့ မိုးရေ .. လာစမ်းပါဦး .. လာစမ်းပါဦး .. ဒီလောက် ဂျင်ပေါက်နေတဲ့လက် .. ဒီလောက်ဘောလုံးကန်နေတဲ့ ခြေထောက်တွေကို ပိုင်ဆိုင်တဲ့ မောင့်သားက နုနည့်ညံ့ကြီး စန္ဒရားခလုတ်တွေကို သူ့လက်ချောင်းသေးသေးလေးတွေနဲ့ တီးချင်နေသတဲ့ .."

မေမေ တကယ့်ကို အထူးတဆန်းကြီးလုပ်၍ အံ့သြနေတာတွေကို တရယ်မောမောဖြင့် လှမ်း၍ မေမေ့ကို ပြောနေတော့ မီးဖိုဆောင်ဘက်ဆီမှ မေမေ ထွက်လာသည်။ နေ့လယ်စာစားကြပြီးလျှင် မြက်ခင်းထက်မှာ ကြာရိပ်မြိုင်မှလူတွေအားလုံး မဲနိုက်ကြမည့် အစီအစဉ် ရှိနေတာမို့ မေမေ နည်းနည်းတော့ အလုပ်များနေသည်။

ထူးဆန်းနေတာတွေကို မမျိုသိပ်ထားနိုင်စွာ သဘောတကျကျလည်းနိုင်စွာ မေမေ လှမ်းအော်ခေါ်နေတော့မို့ မေမေလည်း စန္ဒရားပုဆာနေသည့် သား၏သတင်းကို တအံ့တသြလည်းကြားခဲ့ရ .. သားကိုလည်း ကြည့်ရနှင့်ပါ ..။

ဟာသံရင်ထဲ တစ်ချက်ကျေနပ်လာသည်။ အံ့မယ် ..။ သူ့ကို .. ခုလိုတအံ့တသြကြီးတွေ ဖြစ်နေကြတာ အဘယ်မျှထိဆန်းသစ်ပျော်စရာကောင်းနေသည့် အဖြစ်တစ်ခုကို ဖြစ်လာနေသပါသလဲ ..။ တကယ်က .. ဟာသံထင်သည်က .. စန္ဒရားပုဆာတာလောက်ကို ဤမျှထိ ထူးဆန်းနေကြဖို့မလို ဆိုသည့်အထင် ..။

www.burmeseclassic.com

www.burmeseclassic.com



ပူဆာတာလည်းပူဆာပြီးပြီ ..။ ဒါပေမဲ့ ဟသ်ာအတွက် မထူးဆန်းဟုထင်သော ဤအဖြစ်က ဖေဖေနှင့် မေမေ့အတွက် အံ့သြစရာကြီး သွားဖြစ်နေကြရသည်တဲ့လေ ..။

"လာ .. လာစမ်းပါဦး မိုးရယ် .. မောင့်ဆီမှာ လာထိုင်ပြီး ဒီကောင့်ကို သေချာကြည့်စမ်းပါဦး .. မောင့်သားက .. အနုပညာရှင်ပေါက်စလေးနဲ့ တူလာနေသလားလို့ .."

ခုမှ .. ရှစ်နှစ်ထဲ ဝင်ကာစရှိပါသည့် သားတော်မောင်ကို .. ကြည့်လျက် ဖေဖေ .. လှမ်းခေါ်လိုက်သည်က မေမေ့ကိုပါ ..။ မေမေ လာထိုင်လိုက်ရင်းမှ သူ့ကိုကြည့်သည်။

"သားက .. စန္ဒရားတီးချင်တယ် ဟုတ်လား .."

"ဟုတ်တယ် မေမေ .. တကယ့်စန္ဒရားအစစ်ကို လိုချင်တယ် .. သား တီးချင်တယ် .. ပိုင်ချင်တယ် မေမေ .. သားကို သင်ပေးပါ .. သားက သိချင်းလဲ ဆိုမှာ .."

ဟု ပြောနေရပေမယ့် .. တကယ်တမ်းက စန္ဒရားဆိုတာကို ကစားစရာမဟုတ်သော အစစ်ကြီးတစ်ခုကို ပိုင်ဆိုင်သည့် ဟသ်ာရွှေအဖြစ် ရှိနေချင်၍ဆိုတာ ကိုယ့်ဘာသာကိုယ်တော့သိနေသည်ပါပဲ။ မြကျေးချိုကို မေမေက ကစားစရာ စန္ဒရားသေးသေးလေးတစ်ခုကို ဝယ်ပေးခဲ့သည်ဆိုလျှင် ..။ ဟသ်ာရွှေအတွက် စန္ဒရားအစစ်တစ်လုံးကို မေမေက ဝယ်ပေးလိုက်ခြင်းဖြင့် .. သူသည် .. မြကျေးချိုထက် သာလွန်သော ဟသ်ာရွှေ ဖြစ်သွားရချေတော့မည်ပေါ့ ..။

မေမေကတော့ မျက်နှာလေး မှင်သေပိရိနေသည့် သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်သည်။



"ကဲပါ .. ကဲပါ .. မိုးရယ် .. ဒီကောင့်ကို .. ဝယ်ပေးလိုက်ကြတာပေါ့ .. ဘယ်လောက်များ လက်စွမ်းထက်မလဲ ဆိုတာလဲ ကြည့်ကြတာပေါ့ .. မောင့်သား စန္ဒရားတီးနေတာကို မောင် မြင်ဖူးရတော့မှာပေါ့လေ .. ဒီမယ် မိုးသာ .. မတီးတတ်လို့ကဖြင့် .. သားကို တစ်သက်လုံး ပေပေက ရယ်ပြီး ပြောနေမှာနော် .. တကယ်လဲ မလုပ်နိုင်ဘဲနဲ့ .. စန္ဒရားကြီးကို ဟန်ကြီးပန်ကြီးနဲ့ ဝယ်ပေးဖို့ ပူဆာခဲ့တဲ့ အဖြစ်ကိုလေ .. အမြဲရယ်ပြီး ကဲ့ရဲ့နေမှာ အသေအချာကြီး ပဲကွ .."

"အို .. သား .. သင်မှာပေါ့ .. ဆရာနဲ့သင်မှာပေါ့ ဖေဖေရ .. သားက ဉာဏ်ကောင်းတယ်ဆို .. မေမေပဲ ပြောပြီးတော့ .."

ဟု အသည်းအသန် စန္ဒရားရောဂါတက်နေသည့် သူ့ကို မေမေ အကဲခတ်သလို ကြည့်မြဲကြည့်နေဆဲ ..။ တဖြည်းဖြည်း မေမေ့မျက်နှာထက်မှာ တစ်ခုခုကို တွေးမိလိုက်သည့်နှယ် ရှိသွားရလျက် စိတ်မောပုံလေးဖြင့် ကြည့်လာတော့ သူလန့်လာသည်။ ဘုရားရေ ..။ မြကျေးချိုကို အပြိုင်အဆိုင်လုပ်လျက် စန္ဒရားကြီး ကောက်ကာငင်ကာ ဝယ်ခိုင်းသည့်ကိစ္စ ပေါ်တော့မည်ဟုလည်း လန့်လာ၏။ ဒါပေမဲ့ ... ချက်ချင်းပဲ မေမေ မျက်နှာထက်မှာ ထင်နေသည့် အကဲခတ်ကြည့်တွေကို ဖယ်ရှားလိုက်ကာ ခေါင်းညိတ်ပြလာပါ၏။

"ကောင်းပြီ .. ဖေဖေနဲ့ မေမေ ဝယ်ပေးမယ် .. အဲဒီ စန္ဒရားကြီးကို သား တီးတတ်အောင်လဲ သင်ရမယ် ..

www.burmeseclassic.com

www.burmeseclassic.com



တီးလဲ တီးရမယ် ... တစ်ခုတော့ရှိတယ် ... သားလိုချင်တာကို မေမေတို့က ဝယ်ပေးသလို ... မေမေတို့ပြောတာကိုလဲ သားက နားထောင်ရမယ် ... အဲဒါက ဘာလဲဆိုတော့ ... ညီမလေး မြကျေးချိုနဲ့အတူ ကျောင်းဖွင့်တဲ့အခါ ကျောင်းတူတူသွားရမယ် ... တူတူပြန်ရမယ် ... မြကျေးချိုလေးကို စာမသိတာတွေ သင်ပေးရမယ် ... ဂရုစိုက်ရမယ် ... စန္ဒရားတီးတဲ့အခါလဲ ... မြကျေးချိုကို နားထောင်ခွင့် ပေးရမယ် ... ကဲ ... ဘယ့်နှယ်လဲ ..."

ဟု ပြုံး၍ မေးလာတော့ ဖေဖေကပါ ဝင်၍ထောက်ခံနေပါသည့်အဖြစ်။

"ဟုတ်တာပေါ့ကွ ... အဲဒါကတော့ လိုအပ်တယ် ဖိုးသာ ... ကြာရိပ်မြိုင်မှာ ညီမလေးတစ်ယောက် ရှိတာကို ဖိုးသာ မမေ့ရဘူးလေ ... သူဟာ ... ဖိုးသာရဲ့ ညီမလေးပဲကွ ..."

ဟု ပြောနေတော့ သူ စိတ်လက်ညစ်လာသည်။ အလကားနေရင်း ဤကောင်မလေးကို ကျောင်းတူတူ ခေါ်သွား ခေါ်ပြန်နှင့် ကလေးထိန်း အလုပ်ကို ရတော့မည့်ကိစ္စ ...။ ဒါပေမဲ့ လောလောဆယ်မှာကဖြင့် စန္ဒရားအစစ်တစ်လုံးကိုရဖို့က ပိုအရေးကြီးနေတာမို့ ...

"တကယ်ဝယ်ပေးနော် မေမေ ... သား ... မေမေနဲ့ဖေဖေ ပြောတာကို နားထောင်ပါ့မယ် ... ကျောင်းတော့ တူတူသွားမယ်ပြန်မယ် ဖေဖေ ... သူ့ကိုတော့ သား မထိန်းပေးနိုင်ဘူး ... သားက သူ့ထက် အတန်းကြီးတယ် ... သုံးတန်းတက်တော့မှာ ... သူက သူငယ်တန်း စနေရမှာ ... သား



က ကြီးနေပြီ ... ကလေးမထိန်းနိုင်ဘူး ဖေဖေ ... သူနဲ့အဖော်လုပ်လို့ မရပါဘူး ... သူက ကောင်မလေးပဲဥစ္စာ ... သားက ကောင်လေးဆိုတော့ ... သူ့ကို ... သားက ဘယ်လိုလုပ် လိုက်ကြည့်ပေးနေနိုင်ပါ့မလဲ ... အလုပ်ရှုပ်တယ် ဖေဖေရာ ... သူ့ဘာသာသူ ကစားပေ့စေ ... စာသင်ပေ့စေပေါ့ ..."

ဟုတော့ မလုပ်နိုင်တာတွေကိုလည်း ခုကတည်းက ထည့်ပြောထားနှင့်လိုက်ရပါ၏။

"အောင်မယ်လေး ... ခုကတည်းက သူက လူကြီးဖြစ်နေပြီ ..."

ဟု ဝင်ပြောလာသည်က ခုမှ အခန်းထဲဝင်လာသည့် ခေါ်ကြီးစာပါတည့် ...။

"ထမင်းပွဲ ပြင်ပြီးပါပြီ မမလေး ..."

ဟု ပြောလာတာမို့ စန္ဒရားကြီးကိစ္စ ပြတ်သွားကာ ထမင်းစားဖြစ်သွားကြရသည်ပါပဲ။ စားသောက်ပြီးတော့ မကြာလိုက် ...။ ထုံးစံအတိုင်း မြက်ခင်းထက်မှာ မုန့်ကြဖို့ ခေါ်ကြီးစာနှင့် မိလုံးတို့ လက်ဆောင်ပစ္စည်း ပါကင်ထုပ်တွေ မြက်ခင်းထက်မှာ ရှိနေသည့် စားပွဲဝိုင်းကြီးထက်မှာ သွားတင်ကြ သယ်ကြနှင့် ရှိနေနိုင်မှာပဲ ဘိုးဘိုးနှင့် ဘွားဘွားတို့၏ မာစီးဒီးကားနက်ကြီး ပေါ်တီကိုအောက်သို့ ရောက်လာပါသည့်အဖြစ်။

ခုမှ တကယ့်ကို လူစုံပြီမို့ မကြာမီမှာပဲ မုန့်ကျွေး လုပ်ဖြစ်ကြတော့မှာ သေချာနေသည်။ ဘိုးဘိုးနှင့် ဘွားဘွားတို့က နေ့လယ်ဘက်ဆို ... အသားတစ်ခုခုနှင့်ပြုတ်သည့် ခေါက်ဆွဲပြုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



တာကြတာမို့ မေမေမှ ဘိုးဘိုးနှင့် ဘွားဘွားတို့အတွက် ကြက်သား ဆန်ပြုတ်မွှေးမွှေးပျစ်ပျစ်လေးကို ကြက်သွန်မိတ်ဆိချက်တို့ဖြင့် အစစ .. ပွဲပြင်ပေးနေနိုက်မှာ သူကတော့ ပန်းခြံဘက်ထွက်လာ ခဲ့ပါ၏။ သူသိသည်လေ ..။ စန္ဒရားကြီး ဝယ်ပေးဖို့ ပူဆာသည့် ကိစ္စကို မေမေက ပြန်၍ ဘိုးဘိုးတို့ကို ဖောက်သည်ချတော့မှာ သေချာနေသည် မဟုတ်ပါလား။

နောက်ဖေးဘက် ပြန်ပတ်၍ ဆပ်ပြာပူဖောင်း မှုတ်ကစားဖို့ ရယ်ဒီမိတ်ဘူးလေးတွေ တင်ထားဆဲရှိရာ မဲပစ္စည်း အစုံတွေထဲက တစ်ဘူးကို နှိုက်ယူ၍ ခြံ၏အလှစိုက်ထားရာ ကြာကန်ငယ်လေးရှိရာသို့ ဟာသံာ တစ်ယောက်တည်းထွက်ခဲ့ပါ ၏။ ကန်ပတ်လည်မှာ အဖြူရောင်ကျောက်တွေကို လှလှပပစီ၍ ဘောင်ခတ်ထားတာမို့ ကြာပွင့်ဖြူဖြူသေးသေးလေးတွေ ပွင့်ဝေ ရာ ဤကန်လေးကို ဟာသံာရွှေ သဘောကျသည်။ ကန်လယ်မှာ လှပစွာမျှတော့မယောင်ရှိသည့် ငန်းဖြူကြီးပုံ အရုပ်ကြီးရှိကာ နှုတ်သီးဆီမှ ရေပန်းတွေ ဖြာကျနေသည်ကလည်း ကြာကန်ဆီသို့ သာ ဖြစ်ချေသည်မို့ ..။ ကြာရိပ်မြိုင်၏ အလှရှုခင်းတစ်ခုဖြစ်ရာ ဤကြာကန်ကို ဟာသံာစိတ်ထဲမှာ နှစ်လိုစွဲလမ်းနေတတ်တာ အမှန် ပါ ..။ မေမေ ကိုယ်တိုင် ဤကြာကန်ကို စိတ်ကူးတရ စီမံခဲ့ခြင်း ပါ ..။

ဒေါ်ကြီးဓာ ပြောဖူးသည်လေ ..။ ဟာသံာဆိုတာ ကြာဝတ်ဆံများကိုစားသည့် အလွန်သန့်ရှင်းသော ငှက်မင်းတစ် မျိုး ဖြစ်သည်တဲ့ ..။ ဒေါ်ကြီးဓာ ပြောပြတာကို မေမေ့ကို ပြန် ပြောပြတော့ မေမေ ရယ်မောကာ ...



"ဟောဒီက မေမေ့သားလေးကတော့ .. မေမေ့အတွက် ရွှေဟာသံာလေးပါပဲ .. မင်းသားလေးတစ်ပါး ဆိုပါတော့ .."

ဟု ပြောဖူးသည်လေ ..။

ကြာကန်ပေါင်မှာ ထိုင်ချလိုက်ရင်း ဆပ်ပြာပူဖောင်း မှုတ်ရာ ဘူးလေးကိုဖောက်၍ မှုတ်တံလေးဖြင့် ဆပ်ပြာပူဖောင်း လေးတွေ တောက်လျှောက်မှုတ်နေတော့ .. လေထဲမှ ရောင်စုံ သက်တံလေးတွေ ပြေးနေသယောင် ရှိနေသည့် ဆပ်ပြာပူဖောင်း လှလှလေးတွေ လွင့်ဝဲနေကြသည်က ကြာကန်ထဲမှ ကြာပွင့်သေး သေးလေးများနှင့်အပြိုင် များပြားနေကြသည်ပါပဲ ..။ ထိုအခိုက် တိုးညင်းသော ခြေသံလေးကို ကြားရတာမို့ ကြည့်လိုက်တော့ စံပယ်ရုံကိုကွယ်၍ ချောင်းကြည့်နေသည့် သေးငယ်သော မျက်ဝန်း ဝိုင်းဝိုင်းနက်နက်လေး တစ်စုံကို ပိုင်စိုးရာ မျက်နှာနုနုလေးကို တစ်ဝက်တစ်ပျက်လေး တွေ့လိုက်ရပါသည့်အဖြစ်။ ကျွတ်ခနဲ ဟာသံာရွှေ စုတ်သပ်သည်။ ဤသည်က .. စိတ်ညစ်သည့်အခါများ မှာ လေးလေးညို လုပ်နေသည့် အကျင့်ကို လိုက်၍တုခြင်း ..။ ကြာရိပ်မြိုင်၏ ဒရိုင်ဘာလည်းဖြစ်၊ ဟာသံာအတွက် လေးလေး တစ်ယောက်လို ချစ်လည်းချစ်ရပါသည့် လေးလေးညို ဆိုတာ ပျော်ပျော်နေတတ်ကာ ငယ်တုန်းက မင်းသားအလွန်ဖြစ်ချင်သည့် သူတစ်ယောက်ဟု ဒေါ်ကြီးဓာက အတင်းအုပ်ဖူးသည်လေ ..။ အကယ်လည်း လေးလေးညို ဆိုတာ အမြဲတမ်း သန့်ပြန့်နေလျက် မီးပူကျအဝတ်၊ ဆံပင်ကို ဆီလူး၍ ကြော့နေအောင် ဖြီးတတ်သူ ပါတည့် ..။ ခု .. ကောင်မလေး လာချောင်းနေတာကို စိတ်ညစ် သည့်အမှတ်အသား တစ်ခုအဖြစ် ကျွတ်ခနဲ ဟာသံာရွှေ စုတ်သပ်

www.burmeseclassic.com



ညည်းလိုက်သည်က မင်းသားမဖြစ်ဘူးလိုက်ရပါသော လေးလေးညို၏ အိုက်တင်များစွာထဲကတစ်ခုကို အတုခိုးလိုက်ခြင်းပါတည်း။

"ဒီကောင်မလေး ဘာလာလုပ်ပါလိမ့် … ငါက သူ့ကို မပတ်သက်ချင်ဘူး ဆိုကာမှ … လာလာချောင်းနေသေးတယ် …"

ဟု တွေးပစ်လိုက်ကာ ဆပ်ပြာပူဖောင်းတွေကို တစ်ဖက်လှည့်၍ မှုတ်နေလိုက်သည်ပါပဲ။ နောက်တော့လည်း စိတ်ထဲက မနေသာပြန် …။ အသာလေးလှည့်၍ ကောင်လေးကို ကြည့်မိပြန်သည်။ စောစောကနယ်ပင် စပယ်ရုံကြီးကိုကွယ်၍ ချောင်းကြည့်နေဆဲ မြကျေးချိုလေးကို တွေ့ရမြဲ တွေ့နေရပြန်တော့ ခါးကြီးထောက်၍ …

"ဟော့ … လာခဲ့ … ဘာချောင်းနေတာလဲ …"

ဟု ခေါ်လိုက်တော့လည်း ငြိမ်မနေရဲရှာ။ မျက်နှာငယ်လေးဖြင့် ရောက်လာသည်ပါပဲ။

"ဆပ်ပြာပူဖောင်းလေးတွေ လှလို့ ကြည့်တာပါ ကိုကို …"

ဟု မော့ကြည့်ဖြေကာ ဆပ်ပြာပူဖောင်းလေးကို မသိမသာလေး ခိုးကြည့်သည်။ ကလေးပဲလေ …။ ပူဖောင်းမှုတ်ချင်ရှာသည်ပေါ့။ ဟသ်ာရွှေမှ ပို၍ ခပ်ကြွားကြွား မှုတ်ပြနေတော့လည်း လက်လေးပိုက်၍ တမော့မော့ဖြင့် ပူဖောင်းလေးတွေ ထဲဝဲတက်လွင့်ပျံ့ကုန်ကြတာကိုကြည့် …။ နောက်ဆုံးတော့ ကလေးပီပီ … ဆပ်ပြာပူဖောင်းလေးတွေနောက်သို့ လိုက်လိုက်ပြေးနေရင်းမှ မီသည့်ပူဖောင်းလေးတွေကို လက်ဖျားလေးဖြင့် လိုက်လိုက်ထိုးသည်မို့ ပူဖောင်းလေးတွေ ကွဲကုန်ကြပါသည့်အဖြစ် …။



"ဟိတ် … မလုပ်နဲ့လေ … ဘာလဲကွ … ဟသ်ာ လုပ်တဲ့ ပူဖောင်းတွေကို မင်းကဘာလို့ လိုက်ဖောက်ပစ်နေရတာလဲ"

"လှတယ်နော် ကိုကို …"

ဘယ်လိုငေါက်ငေါက် …။ မျက်နှာချိုလေးဖြင့်ချော့၍ မော့ပြောရှာသမျှ တစ်ချက် ဟသ်ာရွှေ ကြည့်သည်။ မှုတ်ချင်ရှာမှာ … ဟု တွေးပေးမိပြန်၏။ စောစောက … ကလေးမကို မုတ်သင်ညိုရုပ်နှင့် ကောင်းကောင်းကြီး ချောက်ခဲ့ဖူးပြီ …။ ငိုယိုနေသည့် မြကျေးချိုကို အကူအညီပင်ပေးသူပမာ ဟန်ကောင်းကောင်းဖြင့် ဘာဘ၏အိမ်တန်းလျားလေးဆီသို့ပင် တွဲခေါ်ခဲ့သည်က ဟသ်ာချိုပါ …။ ထိုစဥ်တုန်းက အုန်းနို့ခေါက်ဆွဲစားပြီးလုလု ရှိနေပါသည့် ဘာဘမို ခမျာ အစားလို ကုန်အောင်ပင် မစားနိုင်ခဲ့ရှာ …။ မြကျေးချိုကို ပြေးတွေ့ …။ ရေတိုက် …။ ချော့မော့ပွေ့ပိုက်နှင့် အလုပ်များခဲ့သည် မဟုတ်ပါလား။

မခေါ်စဖူး ဂရုတစိုက်ကြီးဖြင့်ပင် မြကျေးချိုကိုခေါ်လာပေးပါသည့် ဟသ်ာရွှေ ဆိုသည့် သားလေးသည် မေမေ့စကားကို နားထောင်ကာ မြကျေးချိုလေးကို ကြင်ကြင်နာနာ ဆက်ဆံသည်ဟုပင် မမမိလုံးက ပြေး၍ မေမေ့ကို သတင်းပို့ခဲ့သေးတာမို့ ဤနေ့မှာ ဟသ်ာရွှေ မျက်နှာကောင်း ရခဲ့တာတော့ အမှန်ပါ …။ ခုလည်း … ဆပ်ပြာပူဖောင်းလေးတွေ မှုတ်ချင်နေသည့် မြကျေးချိုကို တစ်ချက်ကြည့်ကာ … ဟသ်ာသည် ဆပ်ပြာပူဖောင်းလေးတွေကို မြကျေးချို မှုတ်ခွင့်ပေးလိုက်သေးသည့် အလွန်စိတ်ကောင်းနှလုံးကောင်း ရှိနေသည့်သူတစ်ယောက်အဖြစ် ရှိနေပြီ လိုနေတာ

www.burmeseclassic.com

www.burmeseclassic.com



သတိရမိလာပြန်ပါ၏။ ဘာကြောင့်ဆို .. ဒါမှ .. မေမေက .. စန္ဒရားကြီးတစ်လုံးကို ဝယ်ပေးမည် မဟုတ်ပါလား ..။

"မှုတ်ချင်လား မိကျေး .."

"အင်း .. မှုတ်ရမလားဟင် ကိုကို .."

လွင့်ဝဲရာပူဖောင်းလေးတွေကို တမေ့တမော့လေး ငေးကြည့်ငြိမ်ကျနေခဲ့သည်က သူ ငေါက်လိုက်၍ပါ ..။ ပူဖောင်းလေးတွေကို လက်ဖြင့်လိုက်၍ မတို့ရဲရှာသမျှ ငေး၍ ငေး၍ တကြည့်တည်း ကြည့်နေရှာပါသည့် မြကျေးချိုလေးခမျာ ဟန်လေးမျှပင် မဆောင်နိုင်ရှာ ..။ ခေါင်းလည်းညိတ်ပြရ ..။ မှုတ်ရမှာလား ကိုကို .. ဟု စကားသံချိုချိုလေးနှင့် မဝံ့မရဲနိုင်စွာ ..။ ပြီးတော့ .. မှုတ်ချင်ဇောလေးလည်း ကြီးစွာ ..။ ခွင့်ပြုလာလေမလား ဟုလည်း မျှော်လင့်စွာ မေးလာတော့ ဟသ်ာရွှေ ခေါင်းညိတ်ပြသည်။

"အကြာကြီးတော့ ငါက ခွင့်မပြုနိုင်ဘူးနော် .. မှုတ် .."

ဟု ခွင့်ပြုကာ ဘူးနှင့်မှုတ်တံလေးကို အပ်လိုက်တော့ မြကျေးချို ဘူးလေးထဲ မှုတ်တံလေးထည့်၍ အနားကွင်းဝိုင်းလေးမှာ ပါးစပ်လေး တေ့ကပ်ကာမှုတ်သည်။ ကလေးပေမို့ .. သိပ်မမှုတ်တတ် ..။ အရိပ်လေးကလည်း မြင့်ချေတာမှ မဟုတ်ချေပဲလေ ..။ ဆပ်ပြာပူဖောင်းလေးတွေက သေးငယ်စွာ အောက်နားမှာပဲ ဝဲလွင့်နေကြတာမို့ မြကျေးချိုကို ကန်ပေါင်ပေါ် သူ ရပ်စေကာ ..

"မှုတ်ကြည့် .. အဲဒါမှ .. ပူဖောင်းတွေက ပိုပြီးမြင့်မြင့် ဘက်ကို တက်သွားနိုင်မှာပေါ့ .. နင်က .. လူကိုက သေး



ညှက်ညှက်နဲ့ .. ဆိုင်မှာတင်ရောင်းတဲ့ ပင်ဒါဝက်ဝံရုပ် အကြီးစားကြီးတောင်မှ နင့်ထက် ကြီးနေနိုင်သေးတယ် .. အားအင်မရှိလိုက်တဲ့ ကောင်မလေး .."

ဟုတော့ ထုံးစံအတိုင်း ကဲ့ကဲ့ရဲ့ရဲ့လေးတော့ ပြောဖြစ်အောင် ပြောပစ်လိုက်မိပေမယ့် ..။ ကန်ပေါင်လေးမှာ ခြေစုံလေးရပ်ကာ ဖြူဥဥ မျက်နှာလေးထက်မှာ အရမ်းကို ပျော်ရွှင်ရိပ်လေးတွေ ပြည့်သိပ်နေလျက် လက်ချောင်းဖြူဥဥလေးတွေဖြင့် ဘူးလေးကို ကိုင်ထားကာ ပူဖောင်းလေးတွေကို မှုတ်တံလေးဖြင့် မှုတ်နေသည့် ကောင်မလေးကို ဘာကြောင့်ရယ်မသိ ..။ နည်းနည်းတော့ သနားချင်စိတ် ဖြစ်တည်၏။ ဟသ်ာက နည်းနည်းလေး မျက်နှာသာ ပေးလိုက်ရုံမျှဖြင့် မြကျေးချိုလေးမှာ အရမ်းကိုပျော်နေရှာမှန်းလည်း သိသာနေသည်ပါပဲ ..။

"တော့ .. အကုန်တော့ မှုတ်ပစ်လို့ မရဘူးနော် .. လောဘတကြီးနဲ့ နင်းကန်မှုတ်မနေနဲ့ .. ကျွတ် .."

ဟု ညည်းလိုက်ပေမယ့် မျက်ဝန်းလေးတွေရော မျက်နှာလေးထက်မှာရော အရမ်းကို အပျော်လေးတွေ ပြည့်နေပါရွှေသည့် မြကျေးချိုလေးကို ကြည့်ရင်း ဟသ်ာ ပျော်ချင်နေမိတာလေး အမှန်ပါ ..။

ကောင်မလေး၏ မျက်တောင်လေးတွေ မည်းနက်၍ ကော့ကော့လေး ဖြစ်နေတာကို စမှပို၍ သတိထားမိလာသည်။ ခဲ့ပေမယ် ..။ ဤကောင်မလေး သေးညှက်ညှက်နှင့် ရှိပေမယ့် .. မျက်စိရိုကြီးထဲမှာ ထည့်ရောင်းသည့် အရုပ်လေးတွေမှာ ရှိတတ်

www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာမျိုးနှင့် မျက်တောင်မျိုးတော့ ရှိနေသား ... မျ
စတင်၍ တွေးဖြစ်၏။

ထိုစဉ်အခိုက် ...။ ဩော် ... ထိုစဉ်ခိုက် ... မမျှော်
လင့်သည့် အရာတစ်ခုက ရုတ်ခြည်း ဖြစ်ပေါ်လာသည့်အဖြစ် ...။
ကန်ဘေးလေးမှာ ရှိပါသော စံကားဖြူပင်စည်မှာ အရောင်စုံရေး
ရောတွေးနေပါသည့် ပါးစပ်ကြီးဟကာ မျက်လုံးပြူးကြည့်နေပါ
သော ပေါက်သင်ညိုတစ်ကောင်ကို မြကျေးချီလေး မျက်နှာလေး
မော့ ပုဖောင်းအမှတ်မှာ မြင်လိုက်ရသည်မို့ ...။

"ဟင် ... ကောင်ကောင်ကြီး ... အီး ... ကောင်ကောင်ကြီး ..."

ဟု လန့်အော်လေးလည်းအော် ...။ နောက်သို့လည်း
ယောင်ယမ်း၍ ကြောက်ကြောက်နှင့်ခုန်အဆုတ် ...။ ကယောင်
ကတမ်းလေး ဖြစ်နေပါသည့် မြကျေးချီလေး ခမျာ ကြောက်မှု
ကြောင့် ခြေလက် မမြဲဘွာရှိနေရလျက်ဖြင့် ကြာကန်ထဲသို့ ရောက်
ပြန်ကြီး ဝုန်းခနဲ ပြုတ်ကျနစ်မြုပ်သွားပါချေသတည်း ...။

အုတ်ဖြင့်ဖန်တီးထားသော ကြာကန်ပေမယ့် ရေအ
တိမ်တိမ်လေး မဟုတ် ...။ ကလေးအရပ်နှင့်ဆို လူတစ်ရပ်
ကောင်းကောင်းမြုပ်တာမို့ ဟသ်ာချေ လန့်၍ ကြောင်ကြည့်ကာ
ဘစ်ချက် ငြိမ်အကျမှာ ဖွားခနဲ မြကျေးချီလေး ရေပေါ်တစ်ချက်
ပေါ်လာသေးတယ် ...။ လက်တွေ ခြေတွေ ရုန်းကန်နေရင်း
ထပ်၍မြုပ်အကျမှာ ဟသ်ာချေ လန့်အော်လိုက်ပါပြီတည်း ...။

"မေမေရေ ... မေမေ ... ဘဘကိုရေ ... ဒီမှာ မြကျေးချီ
ရေနစ်နေပြီထင်တယ် ... လာပါဦး ... လာ ... ပါ ... ဦး ..."



ဟု အော်နေပေမယ့် ရေမကူးတတ်ပါသည့် ဟသ်ာ
မှာ ကန်ပေါင်ပေါ်မှာရပ်ရင်း အတင်းလန့်အော်နေတာ တစ်ခုပဲ
တတ်နိုင်ပါတော့သည့်အဖြစ် ...။

ကံကောင်းသည်ဟုပင် ပြောရချေမည်ထင့် ...။ လေး
လေးညို တစ်ယောက် ဘိုကေအကြော့သား၊ မီးပူကျအဝတ်နှင့်
လျှောက်လာနေတာနှင့် တိုးတာမို့ ဟသ်ာချေ အော်လည်းအော် ...။
လန့်လည်းလန့်နှင့် ရှိနေရပါပြီတည်း ...။

ဘုရားရေ ...။ ကောင်မလေး ရေနစ်သေလျှင် ဒုက္ခ။
ပုတ်သင်ညိုကြောက်ရောဂါက ကိုယ့်ကြောင့် မနက်က ကောင်မလေး
ရထားသည်လေ ...။ ခု ... တကယ့်ပုတ်သင်ညိုအစစ် တစ်ကောင်
သည် မြကျေးချီလေးကို အုတ်ရေကန်ကြာပွင့်ကြားထဲသို့ ထိတ်
လန့်ကျသွားစေလောက်အောင် ဒုက္ခပေးခဲ့ပြီး ဖြစ်ချေပြီတကား ...။

"မြကျေးချီ သေပြီလား မသိဘူး လေးလေးညို ... ရေထဲ
ကျသွားလို့ ..."

ဟု မျက်နှာတွင် သွေးဈော့နေလျက် ဟသ်ာချေ
ပြောသမျှ ကြားလည်းကြား ...။ ရေထဲပြေးဆင်း၍ မြကျေးချီလေး
ကို ဆယ်လည်းဆယ်နှင့် လေးလေးညို ပျာယာခတ်သွားရပါသည့်
အဖြစ် ...။ ဘာမှမခက်ခဲ ...။ သတိမေ့လုလု ဖြစ်နေသည့် မြကျေး
ချီလေးကို လေးလေးညို ကန်ထဲဆင်းသွားပြီးတာနှင့် ပြန်ဆယ်
တင်နိုင်ခဲ့ပါ၏။ ရေတွေအန်အောင် လေးလေးညို လုပ်ပေးတော့
မြကျေးချီ ရေတွေအန်လာသည်။

"ကံကောင်းလို့ ကလေးရယ် ... ဘယ်နှယ်ဖြစ်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မြကျေးချိုကို ထိထိမိုက်မိုက် မေးရာမှ ဖျတ်ဆို လေးလေးညို ဟသ်ာကို ကြည့်လာသည်။ အကြည့်က မနှစ်သက်သောအကြည့် ဖြစ်နေတာကို အံ့အားသင့်လျက် ဟသ်ာမြင်နေရပါ၏။

"မင်း .. ကလေးကို မုန်းတာတော့ ထားပါကွာ .. တွန်းချလိုက်တာတော့ မကောင်းပါဘူး .. မင်း .. တွန်းလိုက်တာတော့ မဟုတ်ပါဘူးနော် .. မဟုတ်ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ်ကွာ .. အဲသလောက်ကြီးတော့ မင်း .. လုပ်ဖို့မကောင်းပါဘူး .."

ဟု ရုတ်တရက်ကြီး ပြောချလိုက်ပြီးသည့်နောက်မှာ လေးလေးညို မြကျေးချိုကို မွေ့ချီ၍ ထွက်သွားတော့ နေရာမှာ သူငိုင်၍ ကျန်ခဲ့သည်။ ရင်ထဲမှာ ဝမ်းနည်းလာ၏။ မြကျေးချိုကို သူ မချစ် ..။ မုန်းပင် မုန်းသေးသည်။ ဒါ .. အမှန်ပါ ..။ ဒါပေမဲ့ .. ယခုဖြစ်လိုက်သည့် အဖြစ်အပျက်သည် .. ဟသ်ာကြောင့် ဖြစ်ခဲ့ရတာ မဟုတ် ..။

ဟသ်ာ ဘာမျှကို မလုပ်ခဲ့ရပါပဲနှင့် မတော်တဆ ဖြစ်ရွာ ..။ မမျှော်လင့်ဘွာ .. ရုတ်တရက်ကြီး ဖြစ်ခဲ့ရသည့် ဤအဖြစ်အပျက်ထဲမှာ .. ဟသ်ာသည် လူဆိုးတစ်ယောက်အဖြစ် .. တင်ကျန်ခဲ့ရချေသည်တကား ..။

ဟသ်ာ ရင်ထဲမှာ အနေရခက်လာသည်။ ဖေဖေတို့ရှိရာသို့ မသွားရဲ ..။ မေမေ့ကိုလည်းမကြည့်ရဲ ..။ ဘာဘာမှီကလည်း ဟသ်ာကို မပြောချင်သာနေမည်။ စိတ်ဆိုးစိတ်နာနေမှာ သေချာသည်။ ဒေါ်ကြီးဓာကလည်း ဟသ်ာကို အပြစ်တင်သော အကြည့်မြင့် ကြည့်နေပါလိမ့်မည်။မမမီလုံးကတော့ စိတ်ပင်ဆိုးနေဦးတော့မည် ..။

ကိုယ်မကျူးလွန်ပါဘဲနှင့် .. ကိုယ့်လုပ်လိုက်သည့် အပြစ်ကြီးတစ်ခုနှယ် .. လတ်တလောကြီးမှာ ဟသ်ာ ရင်ဆိုင်နေရတာ .. အတော်ကြီးကို အနေရဆိုးနေစေပါသည့် အဖြစ် ..။

ဘယ်သူ့ကိုမှ မကြည့်ရဲလောက်အောင် .. ဖြစ်နေသည်။ ကိုယ်ကပဲ .. မဟုတ်တာကို .. လုပ်ထားသည့်နှယ် ဖြစ်နေသည်။ အထင်သေးစရာကြီး ဖြစ်နေသည် မဟုတ်ပါလား ..။

အုတ်ပေါင်လေးမှာ ဟသ်ာရွှေ ထိုင်ချလိုက်မိကာ ရင်ထဲမှာ ဝမ်းနည်းရှိန် တက်လာ၏။

"ဟသ်ာမှ မလုပ်တာ .. မလုပ်တာ .. သူ့ဘာသာသူ .. ကျတာ .. သူ့ကိုသေအောင်တော့ ဟသ်ာမလုပ်ပါဘူး .. မလုပ်ပါဘူး .. ဒါပေမဲ့ .. လေးလေးညိုက မယုံတော့ဘူး .. ဖေဖေနဲ့ မေမေလဲ ငါ့ကို မယုံနိုင်တော့ဘူး .. ငါ့ကို .. ဝိုင်းကြည့်ကြတော့မှာ .."

ဟု တွေးနေရာမှ တစ်ယောက်တည်း ရှိနေရသည့်နှယ် ရင်ထဲမှာ ကြေကွဲရှိန် တက်လာသည်။ ရင်ထဲမှာ ဆို့နေလျက် မျက်ရည်တွေ ကျလာပါသည့်အဖြစ် ..။

ဟင့်အင်း ..။ ဟသ်ာကို .. ကြာရိပ်မြိုင်မှ လူတိုင်းက ချစ်နေကြရမည်လေ ..။

အချစ်ဆုံး ဖြစ်နေကြရမှာ ..။ ခုကျတော့ .. မုန်းနေကြတော့မည်ထင့် ..။



www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲကြတော့မည်ထင့် ..။

ဟာသာ့ရဲ့ မျက်ရည်တွေ ဆတ်တိုက်ကျလာနေကြသည်ပါပဲ ..။

ဟာသာမလုပ်ဘူး .. မလုပ်ဘူး .. ဟု အော်ပြောပြနေချင်သည်။

❤○❤



## အခန်း(၁၂)

ဖေဖေ့ထံမှ ခါးသီးပြင်းထန်သော မာကျောကျောအားသံတွေ ဆက်တိုက်ပွင့်ကျနေသမျှ ဟာသာ ခေါင်းကြီးငုံ့ချနေ်မျက်ရည်ဝဲစွာ ငြိမ်သက်နားထောင်နေလိုက်ရပါသည့်အဖြစ် ..။ ထယ်တုန်းကမှ ဤမျှလောက်အထိ ဟာသာ အပေါ်မှာ ဖေဖေ ဒေါသထွက်တာ မရှိခဲ့စဖူး ..။ အသံက မာကျောနေသည်။ စကားဆုံးတိုင်းမှာ ဟာသာ အပေါ် ဒေါသသင့်နေသည့် စကားလုံးတွေရည်းပဲ ပါနေကြသည်မို့ ပိုရှိရင်ထဲမှာ ဆို့နေရပါ၏။ မဝံ့မရဲတစ်ချက် ဖေဖေ့ကို မော့ကြည့်တော့ စူးရှစွာ ကြည့်နေသည့်အဖေ့မျက်ဝန်းများကို ရင်ဆိုင်ရသည်။ အထင်သေးသော အကြည့်များသည့် ဖေဖေ့မျက်ဝန်းများမှာ ထင်ထင်ရှားရှားကြီး နေရာယူထားကြတာကိုလည်း ဝမ်းနည်းတကြီး ဟာသာ မြင်နေရပါ၏။

ဖေဖေ .. ဟာသာကို အရမ်းမုန်းသွားချေပြီလားဟုတွေးထင်၍ ချောက်ချားစိတ်တွေ ရင်ထဲ တိုးဝင်လာကြပါချေ၏။ ထိုင်အင်း ..။ ဟာသာ မလုပ်သော ဤအဖြစ်အပျက်တစ်ခုကြောင့် .. ဟာသာ့ကို ဖေဖေ မုန်းမသွားစေရ ..။ ဖြေရှင်းပြမည်ဟု အားခဲ၍

www.burmeseclassic.com



တွေ့အကြည့်မှာဝင် မေမေက မျက်နှာထားကြီး တည်တင်းလျက် ငုံ့မိုးစိုက်ကြည့်နေရင်းဖြင့် စကားကို ဆက်လာတာနှင့်ပဲ ကြုံလိုက်ရပြန်ပါ၏။

"မင်းကို .. မေမေ မွေးထားတာ လူလိမ္မာ လူယဉ်ကျေးဖြစ်ဖို့ပဲ ဟသ်ာရွှေ .. အပြစ်မရှိတဲ့ ကလေးတစ်ယောက် .. အလွန်ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက်ကို အလကားနေရင်း မုန်းတီးနေတာ .. ခုလို .. သေကြောင်းကြံသလိုမျိုးကြီး လုပ်တဲ့အထိ ရက်စက်တာ .. မေမေ အလွန်အံ့ဩတယ် .. မင်းကို .. ဒီလောက် ကြမ်းတမ်းရိုင်းစိုင်းတဲ့ စိတ်ရိုင်းတွေ ရှိမယ်လို့ မေမေ လုံးဝမထင်မှတ်ခဲ့ဘူး .. ဒီလောက် ယုတ်မာတဲ့ စိတ်တွေကို မွေးထားတဲ့ သားတစ်ယောက်ကို .. မေမေ မွေးမိတဲ့အတွက် .. အလွန်ရှက်တယ် .."

ဟုပြောနေရင်း မေမေ့အသံတွေ တိမ်ကျသွားတော့ ဟသ်ာ ရင်ထဲ ပိုဆို့တက်လာရပါပြီ။ မေမေသည် မြကျေးချိုလေးကို ဟသ်ာမှ ကန်ထဲတွန်းချလိုက်သည်ဟု အသေအချာကြီး ယုံကြည်နေလျက် ..။ ဟသ်ာကြောင့် အရမ်းစိတ်ထိခိုက်နေသည် ဆိုတာကိုတော့ ပို၍နားလည်လာနေရတာမို့ ပို၍ဝမ်းနည်းလာရပြန်ပါ၏။ မေမေသည် တစ်ချိန်တည်းမှာ ဒေါသလည်း ထွက်နေသည်။ ရှက်လည်း ရှက်နေသည်။ ဝမ်းနည်းတကြီးလည်း ဖြစ်နေသည်တကား ..။

"မေမေတို့ မှားခဲ့တာပါပဲ .. ဘယ်တော့မဆို .. အချစ်ကို အားလုံးလိုချင်တာ .. ဝန်တိုစိတ်ကြီးတာ .. ကိုယ်ပဲသူများ



ထက် သာနေချင်တာတွေကို .. ကလေးပဲလေဆိုပြီး ချစ်စနိုးနဲ့ ရယ်မောမိ .. ခွင့်လွှတ်မိခဲ့တာ မှားခဲ့တာပဲ .. ခု .. မြကျေးချိုလေးက မင်းကို ဘာလုပ်လိုက်မိလို့လဲ .. အရင်တုန်းကရော ဘာတွေများ မင်းကို ကြီးမားတဲ့နစ်နာမှုတွေ ဖြစ်အောင် လုပ်နေခဲ့ဖူးလို့လဲ .. ခမျာ .. ကလေးလေးပဲ ရှိသေးတာ .. ခုကြည့်စမ်း .. ကလေးလေးတစ်ယောက်ကို .. မင်း မနာလိုစိတ်တွေနဲ့ .. ရေကန်လေးထဲ တွန်းချပစ်ရဲလောက်တဲ့အထိ .. လုပ်ရဲတဲ့စိတ် .. သွေးအေးအေးနဲ့ လက်တွေ့လုပ်ရဲတဲ့စိတ်တွေ ရှိနေခဲ့ပြီကိုး .."

ဟု ပြောလည်းပြော ..။ ဟသ်ာ၏ ကိုယ်လေးကို ရှေ့နောက်သို့ ခပ်ကြမ်းကြမ်း လှုပ်ယမ်းပစ်တော့ ဟသ်ာငြိမ်ခံနေလိုက်သည်ပါပဲ။ ပြန်ပြောပြ .. ရှင်းပြလို့ မရတော့ဘူးလား မေမေရယ် .. ဟု မျက်ရည်ကျရင်း စိတ်ထဲမှ တွေးနေမိရသည်က ဟသ်ာပါ ..။ ရှေ့နောက် အကြမ်းပတမ်းကြီး လှုပ်ယမ်းခံရတာမို့ အခန်းနံရံက နီးလိုက် ဝေးလိုက်နှင့် ရှိနေရကာ နံရံမှ ပန်းချီကားချပ်တွေ ယိမ်းခါလာနေကြသည်သို့ပင် ထင်ရလောက်အောင် ခေါင်းတွေ မူးနောက်လာရသည်။ ဟသ်ာ ဘာမျှကိုမပြော။ ငြိမ်ခံနေရင်း မျက်ရည်တွေသာ ဝမ်းနည်းတကြီး ဆက်တိုက်ဖြိုင်ကျလာနေပါသည့်အဖြစ် ..။

မေမေ့အေားမှာ ရပ်နေသည့် မေမေသည်လည်း ဟသ်ာဘက်မှာ မနေ။ မေမေ ဆူနေတာကိုလည်း မတား။ အကြမ်းကြီး ဆွဲယမ်းလှုပ်ခါပစ်နေသည့် ဤအဖြစ်ကိုလည်း မတား။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ... မေမေနဲ့ မေမေလဲ မုန်းသွားကြပြီ ... မုန်းသွားကြပြီ ..."

ဟု အရာရာကို စုမှု အားလုံးဆုံးရှုံးလိုက်ရသည့်နှယ် လှိုက်နေအောင် ခံစားရင်း ဟသ်ာချွေ ငိုနေတာ တစ်ခုပဲရှိနေပါသည့်အဖြစ် ...။

ဖေဖေ စိတ်ရှိလက်ရှိ လှုပ်ခါယမ်းခါပစ်ပြီးမှ ရုပ်လိုက်ကာ ငုံ့၍ကြည့်လာတော့ ဟသ်ာချွေ မျက်နှာလေး ညိုးမျော့ကျနေရင်း မော့ကြည့်မိရသည်။ ခေါင်းကမှုးနောက်နေ၏။ ဖေဖေ ကိုယ်တိုင်ကျတော့လည်း ချွေးတွေနစ်နေသည်။ ဖေဖေ့မျက်ဝန်းမှ မျက်ရည်များလည်း ကျနေကြတာကို မြင်ရတော့ ဟသ်ာ စိတ်မကောင်း။ ပို၍ ဝမ်းနည်းတကြီးနိုင်စွာ ဟသ်ာချွေ မျက်ရည်ကျလာရပြန်သည်ပါပဲ ...။ ဖေဖေသည် ခုထိ ဟသ်ာကို စိုက်ကြည့်နေဆဲ။ ဖေဖေ့ နဖူးပြင်ထက်မှာ ဆံပင်တွေ ဝဲပြိုကျနေကြပါ၏။ ဖေဖေ့လက်ဖဝါးတွေက ခုထိ ဟသ်ာ၏ ပခုံးထက်မှာ ဆုပ်ထားနေဆဲ ...။ ခုလို ... ဟသ်ာကို ပြောရတာ ...။ လှုပ်ခါပစ်နေရတာတွေကိုလည်း ဖေဖေ ရင်ထဲကောင်းနိုင်ပုံမရ။ ထိနိုက်နေသည့် အသွင် ...။

"မင်းကို ... ဖေဖေ ... အမြဲ ... အရိပ်ကြည့်သလို ... ကြည့် ... ချစ် ... လာခဲ့ရတာ ... ငါ့သားလေး ဘယ်တော့မှ စိတ်မဆင်းရဲရဘူးလို့ ချစ်ခဲ့ရတာ ... အလိုလိုက်ခဲ့ရတာ ... ငါ့သားလေးကို ငါ အထင်အမြင်ကြီးနေမိခဲ့ရတာ ... ဒီနေ့ဟာ ... ဖေဖေ့ရင်ထဲမှာ အထိနိုက်ရဆုံးနေ့ပဲ ဟသ်ာ ... ဘယ်တုန်းကမှ မဆုမငေါက်ခဲ့ဖူးတဲ့ အရာတွေကို ... ဒီနေ့မှ ဖေဖေ



ပြောနေခဲ့ရပြီ ... ငေါက်နေခဲ့ရပြီ ... အဲဒါ ... မင်း ... မိုက်လို့ ... မိုက်လို့ ဟသ်ာချွေ ..."

ဟု ကြေကြေကွဲကွဲကြီး အသံတွေ အက်ကျလာနေ[illegible]င်းမှ ဖေဖေ သဟ်ာ၏ ကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်[illegible]တော့ ကြမ်းပေါ်ကျသွားရရင်းမှ ...

"သားကို ... မမုန်းပါနဲ့ ဖေဖေရယ် ..."

ဟု ငို၍ မော့ပြောလိုက်မိရပါပြီတည်း။ ဖေဖေ [illegible]န်းသွားပြီ ဆိုတာကို သိနေရတာကိုက ရင်ထဲမှာ အဆိုးဆုံးဖြစ်[illegible]သည်။ အားငယ်ဝမ်းနည်းစိတ်က အရှိန်နှင့် တစ်ကိုယ်လုံးကို [illegible]ချုပ်ထားလိုက်သည့်နှယ် ရှိ၏။

အသံလေးတွေ တုန်ခါနေရင်း နှလုံးသားလေး [illegible]တွကျခံလိုက်ရသည့်နှယ် ဖျပ်ဖျပ်လူးမျှ ခံစားရင်း အားငယ်ညှိုး[illegible]စွာ မျက်ရည်တွေကျလျက် ပြောလာပါသည့်သားကို ဖေဖေ [illegible]တွေကြီး ကြည့်နေသည်။ လက်အုပ်လေး ထပ်ချီကာ ဟသ်ာ[illegible] ငိုယိုနေရင်းမှ ...

"သားကို မမုန်းပါနဲ့ ဖေဖေရယ် ... မမုန်းပါနဲ့ ဖေဖေရယ် ... ဖေဖေ သားကို မုန်းသွားပြီ ... မေမေလဲ မုန်းသွားပြီ ... အားလုံး သားကို ... သားကို ... မုန်းသွားပြီ ... မုန်းသွားပြီ ..."

ချောက်ချားစိတ်လေးဖြင့် ပြောလည်းပြော ...။ ဟသ်ာ[illegible]ကြမ်းပေါ်ထိုင်နေရင်းမှ ဒူးလေးပေါ် ခေါင်းလေးတင်ကာ ခုံ[illegible] [illegible]နေတော့ ဖေဖေ ငြိမ်ကြည့်နေရာမှ အရုပ်ကြိုးပြတ် ကြမ်းပေါ် [illegible]င်ချလာပါ၏။ ဟသ်ာ၏ရှေ့မှာ တည့်တည့်မှာ ရှုံ့နေရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ‥ ဖေဖေ့သားကို ‥ ဖေဖေ ‥ ရင်ခွင်ထဲ ထွေးပိုက်ပြီး မချော့နိုင်ဘူး ဟသ်ာရွှေ ‥ မင်း ‥ ဘဘနဲ့ ညီမလေးကျေးချို့ကို ‥ တောင်းပန်ရမယ် ‥"

ဟု သားကိုမမေ့ဘဲ ထားနိုင်ဖို့ စိတ်ကိုတင်းထားရင်း အသံတွေ တုန်ခါနေလျက် ပြောစဉ်ခိုက် ဘဘမှီ အိမ်ထဲသို့ မြကျေးချို့ကို ပွေ့ရင်း အလောတကြီး ဝင်လာပါ၏။

"ကလေးကို မဆူပါနဲ့ ဆရာရယ် ‥ သမီးလေး အရှင်း လန့်နေလို့ ‥ ဆေးတိုက် ‥ အိပ်ရာထဲ ချော့သိပ်ထားခဲ့ ရတာမို့ ဒီလောက်ကြာသွားရတာပါ ‥ ကလေးဆိုတော့ ကျေးချို့လေးလဲ လန့်ပြီး ‥ သေချာ ဘဘကိုမှ မပြောပြ နိုင်ဘဲ ရှိခဲ့ရတာပါ ‥ ခု ‥ ကျွန်တော် မေးကြည့်တော့ မြကျေးချို့လေး ပြောပြပါတယ် ဆရာ ‥ သူ့ဘာသာသူ ကန်ထဲကျသွားတာတဲ့၊ အကောင်တစ်ကောင်ကို ကြောက် ရင်း ဖြစ်သွားတာတဲ့ ‥ ဆယ်ပြာပုဖောင်းမှုတ်နေတဲ့ ဟသ်ာ လေးက ‥ သမီးကို ဆပ်ပြာပုဖောင်းပေးမှုတ်တာတဲ့ ‥ အဲဒီမှာ ကန်ပေါင်ပေါ်က ကျသွားတာပါတဲ့ ‥"

ဟု ပြောလည်းပြော၊ ကြမ်းပေါ်မှာ ငိုနေသည့် ဟသ်ာကို လာ၍လည်း ပွေ့ထူ ‥။ ဆံစလေးတွေလည်း သပ်ပေး နှင့် ဘဘမှီ အရမ်း စိတ်ထိခိုက်လျက် ရှင်းပြနေသမျှ ဖေဖေ ကြားသွားတော့ ငိုင်ကျသွားပါပြီ ‥။

ဟသ်ာကလည်း ခုမှ ‥ အားကိုးရာပေါ်သည့်နယ် ရှိုသွားရလျက် ဘဘ ရင်ခွင်ထဲ ခေါင်းလေး တိုးဝင်ကာ ဖက် လည်းအတင်းဖက် ‥။ ဝမ်းနည်းတကြီးလည်း ငိုချရင်းမှ ‥



"သား ‥ သူ့ကို ‥ ဘာမှမလုပ်ပါဘူး ဘဘမှီ ‥ ဘာမှ မလုပ်ပါဘူး ဘဘ ‥ ခု ‥ ဖေဖေ ‥ ဟသ်ာကို မုန်းသွား ပြီ ‥ မုန်းသွားပြီ ‥"

ဟု ရင်ထဲနစ်နေအောင် စွဲနေသည့် ဝမ်းနည်းစိတ် ကို ဖွင့်ချရင်း အားငယ်ပါးငယ် ပြောရင်း ငိုချလိုက်တော့ ဘဘမှီ ဆံစလေးတွေကို သပ်ပေးနေရင်း ‥

"ဟုတ်ပါတယ် သားရယ် ‥ ဘဘ သိပါတယ် ‥ သား တကယ်မလုပ်ဘူးဆိုတာ ဘဘ သိပါတယ် ကလေးရယ် ‥ မငိုနဲ့ ‥ တိတ် ‥ တိတ် ‥ ဖေဖေက ဟသ်ာကို မမုန်းပါ ဘူး ‥ မြကျေးချို့လေးက ‥ ဘဘကို ပြောပြပါတယ် ကွယ် ‥ သူ့ဘာသာသူ ကျတာကိုလေ ‥ သူ့ကြောင့် ‥ ဟသ်ာလေး အဆူခံရတာ ဘဘ စိတ်မကောင်းဘူး ‥ သူ ပေါ့ဆလို့ ဒီလိုရေထဲကျရတာ ‥"

ဟုပြောကာ သမီးကို လှမ်းခေါ်တော့ ဘေးမှလာ ရပ်သည်က မြကျေးချို့လေးပါ ‥။ ရေတွေခြောက်အောင် သုတ် ထားဟန်တူပေမယ့် ခုထိ ရေတွေစိုနေဆဲ ဆံပင်လေးတွေက ဖြန့် လျက်သားလေး ရှိနေပါသည့် မြကျေးချို့ ‥။ အင်္ကျီထူနီရဲရဲလေး ကို နွေးထောင် ထပ်ဝတ်ထားလျက် နက်မှောင်သော မျက်ဝန်းလေး တွေက ဟသ်ာကို မျက်ရည်ဝဲ၍လျက် ငေးကြည့်နေကြတာကို ကြုံ သည်။ ဘဘ ပခုံးပေါ် ခေါင်းလေးမှေးတင်ထားရင်း အားကိုးရာ အဖြစ် ဘဘ တစ်ဦးတည်းသာ ရှိချေသည်ကောဟု လက်မောင်း တွေကို အားကုန်ဖက်တွယ်ထားရင်း မျက်ရည်တွေ တောက်လျှောက် ဖြိုကျနေသည့် ဟသ်ာကို မြကျေးချို့ ကြည့်နေရင်း ငိုနားလာပုံ

www.burmeseclassic.com

www.burmeseclassic.com



လေးဖြင့် မျက်နှာလေး လိုက်၍မဲ့လာသည်။ မျက်ရည်တွေလိုက်ကျလာရင်းမှ ...

"ကိုကို .. မငိုနဲ့နော် .. မငိုနဲ့နော် .."

ဟု ပြောနေရင်း လက်ဖြူဥလေးတွေဖြင့် မျက်ရည်ကို မရဲတရဲလေး လာသုတ်ပေးနေရှာသည်တကား ..။ အမြဲ ခပ်တည်တည်ကြီးနေခဲ့ ..။ ခပ်တင်းတင်း ဝေါက်ငမ်းခဲ့လေသမျှ ခံခဲ့ရစမြဲပေမို့ .. ဘာပဲဖြစ်ဖြစ် .. မြကျေးချို၏ စိတ်ထဲမှာ ဟသ်ာဆိုလျှင် အလန့်တော့ ရှိသည်။ ဒါပေမဲ့ .. ခုလို .. ဟသ်ာ မျက်ရည်တွေ အရမ်းကျနေတာကို မြင်တော့ လိုက်၍မျက်ရည်တွေကျလာရင်းမှ သနားနေတာပဲ သိနေပုံလေးဖြင့် မရဲတရဲလေး ရှေ့တိုးရှာ ..။ မျက်ရည်တွေ လာသုတ်ပေးရှာခြင်းပါ ..။

ဟသ်ာ ခုမှပို၍ ရင်ထဲမကောင်း ဖြစ်ရပါ၏။ ညီမလေးက .. ဟသ်ာကို သနားနေရှာသည် မဟုတ်ပါလား။ ဤညီမလေးကို .. အမြဲတမ်း ဟသ်ာ မုန်းတီးစိတ်ဖြင့် ဝေါက်ဟယ်ရှဟယ် ..။ ခေါင်းခေါက်ဟယ် ..။ ဆံပင်ဆွဲဟယ်နှင့် လူကြီးတွေအလစ်မှာ လုပ်ခဲ့မိလေသမျှ .. ခုကျမှ ရင်ထဲ နောင်တဖြစ်ကျန်ခဲ့ရသည်ပါပဲ ..။

"တွေ့တယ် မဟုတ်လား .. သမီးလေးက .. မင်းအပေါ်ဆို .. စိတ်ကောင်းလေးနဲ့ အမြဲရှိနေရှာတာ .."

ဟု ဖေဖေ ပြောလာတော့ ..

"ကလေး ဝမ်းနည်းနေတုန်း ထပ်မဆူပါနဲ့ ဆရာရယ် .. ဓမျှာ .. သူ မတွန်းချရဘဲနဲ့ .. တွန်းချတယ် အစွပ်စွဲခံရတာ .."



ဟု ဘဘမှီ ပြောလာရင်းမှ မြကျေးချိုကိုကြည့်ကာ ..

"သမီးလေးက .. ပြောပြလိုက်လေ .. သမီးဘာသာ ကျတယ်ဆိုတာ .."

ဟု ပြောနေတာမို့ ဖေဖေ ပို၍မယုံချင်သလို ဖြစ်ဖြစ်လာပုံဖြင့် ...

"တကယ်မှ ဟုတ်ရဲ့လား ဦးမြမှီရယ် .. ဒီကောင့်ကို မရိုက်အောင် မဆူအောင်ဆိုပြီး .. မြကျေးချိုလေးကို အဲသလို လာပြောခိုင်းတာများလား ဗျာ .. ဒီကောင့်ကို .. သူ့အပြစ် သူခံရမယ်ဆိုတာလောက်ကိုတော့ သင်ခန်းစာပေးသင့်တယ်ဗျာ .. သူ့ကို မကာကွယ်ပေးပါနဲ့ ဦးမြမှီ .."

ဟု ပြောလာတော့ ဘဘမှီ ခေါင်းယမ်းသည်။

"ပြောပြလိုက်လေ သမီး .."

ဟု မြကျေးချိုလေးကို ဘဘမှီပြောစဉ်မိုက် မြကျေးချိုမှ ဖေဖေ့ရှေ့မှာ သွားရပ်လိုက်လျက် လက်လေးပိုက်လိုက်တာကို ဟသ်ာ လိုက်ကြည့်နေမိရပါ၏။ မြကျေးချို ဆိုတာ ဟသ်ာ၏ဘဝမှာ အဘယ်မျှထိ အရေးပါသော သူတစ်ယောက် ဖြစ်သည်ဆိုတာ ထိုအခါမှ နားလည်လာရပါ၏။ အမှန်ကို .. အမှန်အတိုင်း ပြောပြနိုင်သူသည် မြကျေးချိုပဲ ဖြစ်နေသည်။ ဖေဖေ့ အမုန်းတွေကို ဖေဖေ့ရင်ထဲမှ ဖယ်ရှားပေးလိုက်နိုင်သူသည် မြကျေးချိုပဲဖြစ်နေသည်။

ဟသ်ာအတွက် အရေးအကြီးဆုံးသော ကယ်တင်နိုင်သူမှာ မြကျေးချိုပဲ ဖြစ်နေသည်တည်း။ ပြီးတော့ .. အမြဲတမ်း မနာလိုစိတ်တွေဖြင့် ရစ်ပတ်နေလျက် မြကျေးချို အပေါ် မလို

www.burmeseclassic.com

www.burmeseclassic.com



မုန်းထားစိတ်တွေ ပြည့်မောက်လျှံကျနေသည့် ရင်ထဲမှအရာတွေသည် .. မြကျေးချို၏ လက်လေးတွေ သူ့ပါးပြင်ထက်မှ မျက်ရည်တွေကို လာသုတ်ပေးနေချိန် ..။ သြော် .. လိုက်၍ မြကျေးချိုလေး မျက်ရည်ကျနေချိန်မှာ .. အရာရာကို ရင်ထဲနင့်နေအောင် မြင်နေရ .. မျက်ရည်သုတ်ပေးသမျှ ခံယူနေရရင်းမှ ..။ ထိုမလို မုန်းထားစိတ်တွေ ရင်ထဲမှ ရုတ်ခြည်းပင် လုံးဝကင်းစင်ကျသွားအောင် .. ပျောက်ကွယ်သွားကြပြီး ဖြစ်နေတာကို အံ့ဩစိတ်ဖြင့် ဟသ်ာ သိနားလည်လိုက်ရပါသည့်အဖြစ် ..။

"ကျေးချို .. ဘာသာ .. ပြုတ်ကျတာပါ ဘာဘ .."

ဟု မြကျေးချိုလေး ပြောတော့မှ မေမေ ကိုယ်ကြီးကိုင်းသွားကာ မြကျေးချိုကို ပွေ့ချီလိုက်တာကို ဟသ်ာ မော့ကြည့်ရင်း မျက်ရည်လိုက်ဝဲလာ၏။ မြကျေးချို၏ ဆံစလေးတွေကို မေမေ သပ်ပေးသည်။

"နောက်ကို .. အဲသလို ကန့်လန့်ပေါင်ပေါ်ကို မတက်ရဘူး သမီးလေးရဲ့ .. ကံကောင်းလို့ မသေတာ .. မသေကောင်း မပျောက်ကောင်းကွယ် .."

ဟု ပြောတော့မှ ဟသ်ာ ရင်ထဲ စတင်၍ အပျော်တွေ ကူးဝင်လာသည်။ မေမေသည် .. ဟသ်ာအပေါ်မှာ ဖြစ်တည်သောအခါသ ..။ အမုန်းများကို .. ဖယ်ရှားလိုက်ချေပြီတကား ..။ မေမေ မျက်ရည်ဝဲလျက် ဟသ်ာကို ကြည့်လာတာ ..။ လက်ကမ်းပေးလာတာကို ဝမ်းသာအယ်လဲရှလား ကြည့်ရင်းမှ စတင်၍ ဟသ်ာ ရယ်မိသည်။ မေမေ့ထံ လက်လေးဆန့်တန်း၍ ဟန်မဆောင်နိုင်စွာ ပြေးသွားမိသည်။ မေမေကုန်း၍ ပွေ့ချီလိုက်ကာ ..



မြကျေးချိုနှင့် ဟသ်ာရွှေတို့ကို တစ်ဖက်စီ ပိုက်ချီထားလေသမျှ ဟသ်ာရွှေ ရယ်မောရင်း ခံလိုက်ရသည်ပါပဲ ..။ အရပ်ရှည်ထွက်နေပြီဖြစ်သော သား၏ကိုယ်ကို မေမေသည် နိုင်နိုင်နင်းနင်း လက်တစ်ဖက်ဖြင့် ပိုက်ချီထားရင်းမှ ပါးပြင်ကို နမ်းလာသည်။

"မေမေ့သား မမိုက်တဲ့အတွက် .. မေမေ ဝမ်းသာတယ် သား .. ခုမှ .. မေမေ စိတ်ချမ်းသာသွားရတော့တယ်ကွယ် .. ကြည့်စမ်း .. မေမေ့မှာ .. ဘယ်လောက် အရှုံးတစ်ပိုင်း ခံလိုက်ရလဲ .. မေမေ အလွန်အထင်ကြီးပြီး အလွန်ချစ်ရတဲ့သားဟာ ကလေးတစ်ယောက်ကို သေအောင် လုပ်ရက်သလားဆိုပြီး ချောက်ချားရင်း စိတ်ထိခိုက်ရ .. ရှက်ရတာ .. ဘယ်လောက်ပြင်းထန်ခဲ့သလဲ .. အဲဒါ .. သား မမေ့ရဘူးနော် .. သား မိုက်ရင် မေမေ ခံစားရတယ်ဆိုတာ သားမြင်ပြီပဲ .. အမြဲလိမ္မာရမယ်နော် သား .."

ဟု ပြောလာရင်း စောစောက အကြမ်းပတမ်းလုပ်မိသမျှ စိတ်ထဲထိခိုက်ရလျက် မျက်ရည်ကျလာတော့ ဟသ်ာ မေမေ့မျက်ရည်ကို သုတ်ပေးမိပါ၏။ မေမေ့ကိုကြည့်တော့ မျက်ရည်ကျနေရင်းမှ သားအဖကို ကြည်နူးစိတ် .. ဝမ်းနည်းရှိန်လေးတို့ ရောထွေးနေလျက် ပြုံးကြည့်နေရှာတာကို မြင်သည်။

"သား ... လိမ္မာပါ့မယ် မေမေ .."

ဟု ပြောတော့ မေမေ ဟသ်ာကို မျက်တောင်မခတ်ကြည့်သည်။

"ကိုင်း .. လိမ္မာမယ်ဆိုရင် .. မေမေ မေးမယ် .. ညီမလေးကို .. သား .. ချစ်နိုင်မလား ဟသ်ာ .. သူ့ကိုမမုန်းတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး .. အမြဲ .. ရန်မလုပ်တော့ဘူး .. ညီမလေးကို ချစ်မယ်လို့ ကတိပေးနိုင်မလား .."

ဟု မေးလာတော့ ဟာသာ ခေါင်းညိတ်ပြသည်။

မြကျေးချိုလေးကို ဟာသာကြည့်ရင်း ပြုံးပြမိပါ၏။ ပြန်၍ ပါးချိုင့်လေး ခွက်လာအောင် ပြုံးလာပါသည့် မြကျေးချိုလေးကို ကြည့်ကာ ...

"ညီမလေးက .. ချစ်စရာလေးပါ .."

ဟု တကယ့်ကို စိတ်ထဲနှစ်၍ ကြည်ကြည်လင်လင် တွေးဖြစ်ပါသတည်း ..။

ဖျတ်ခနဲ .. ဟာသာ၏ လက်လေးက မြကျေးချို၏ ရေစိုစွတ်နေဆဲ ဆံပင်လေးတွေကို လှမ်းထိပြီးမှ ခေါင်းလေးကို ပုတ်လိုက်ကာ ..

"ပုတ်သင်ညို တွေ့ပြီး .. သူ .. ကန်ထဲလန့်ကျသွားတာ ဖေဖေ .. အလကား .. ငကြောက် .. သတ္တိတစ်စက်မှကို မရှိတာ .."

ဟု ရယ်၍ပြောပြီးမှ ရင်ကိုကော့၍ ..

"ဟာသာက .. ပုတ်သင်ညိုကို လုံးဝမကြောက်ဘူး ညီမလေးရဲ့ .. နောက်တစ်ခါတွေ့ရင် .. လေးခွနဲ့ ကိုကို ပစ်ပလိုက်မယ် .. ဟုတ်ပြီလား .."

ဟု ချစ်စနိုးလေး ပြောလိုက်မိရပါပြီတည်း ..။

ဟုတ်သည် ..။ ချစ်စနိုးလေး ..။ ရင်ထဲမှာ .. ဤကောင်မလေးကို ချစ်ချစ်ကြင်ကြင်ကြီး ဖြစ်သွားပြီဆိုတာ အသေအချာကြီး ဖြစ်သွားရပါပြီ ..။



"ကံကောင်းလို့ပေါ့ ဖေဖေ .. သူ ကန်ထဲကျသွားတော့.. ဟာသာဖြင့် လန့်သွားတာပဲ .. သူ သေသွားမယ်လို့ထင်တာ .. သူ သေသွားမှာကို .. ဟာသာကြောက်လိုက်တာ ဖေဖေ .. အဲဒီကြောင့် .. ဟာသာ .. အော်တာပေါ့ .."

ဟု ဆက်၍ပြောမိရပါ၏။

အလွန်မုန်းရသော.. ဤကောင်မလေးကို .. အလွန်ချစ်သော ကောင်မလေး တစ်ယောက် ဖြစ်သွားအောင် ကူညီခဲ့သော အရာမှာ .. ကြာတွေပွင့်သော ကြာကန်တစ်ခု ဖြစ်သည်ဆိုတာ .. ဟာသာ၏ဘဝမှာ .. အစဉ်တစိုက်ကြီး .. မမေ့နိုင်စွာ စွဲထင်ခဲ့ရပါချေသည်တည့် ..။

သြော် .. ထိုကြာပွင့်လေး တစ်ပွင့်နှယ် နုဖန့်ဖွေးဖွေးပါလေသော မိန်းကလေးသည် သူ၏နှလုံးသား ကန်ရေပြင်ထက်မှာ .. ပွင့်ဝေဖွေးမြစွာ .. တသင်းထုံထုံ .. တမွှေးမျှမျှဖြင့် ရောင်များမှာ ရှိသွားရချေမည်ဆိုတာ .. ထိုစဉ်တုန်းကတော့ .. ငယ်နုစဉ်ပေမို့ .. ဟာသာ မသိခဲ့ရပါလေ ..။

သြော် .. ငယ်သေးချေသည်မို့ မသိရပါချေသည်ကော မြကျေးချိုငယ် ..။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

သမီးလေးကို ထမင်းခွံ့ကျွေးနေရင်းမှ ဦးမြမှီ ခုထိ ရင်ထဲဆို့နေတာ မပြတ်နိုင်သေး။ ချောက်ချားနေတာတွေကလည်း မကုန်တတ်သေး ..။ ဖြူဥဥလေးဖြင့် တကယ့်ကို ကြွေရုပ်ချထားသလို လှလိုက်ပါသည့် သမီးလေး .. မပြောကောင်း မဆိုအပ် ရေနစ်၍များ ကတိမ်းကပါး ဖြစ်များဖြစ်သွားခဲ့လျှင် ဦးမြမှီ သမီးကိုပိုက်၍ အသက်ပါ .. ပါသွားနိုင်သည့်အဖြစ်။

"အို .. ကိုညို ပွေ့ခေါ်လာတုန်းက .. ပျော့ဖတ်ပြီး ရေရွှဲနစ်နေတဲ့ သမီးလေးကို မြင်မြင်ချင်း .. ငါ .. ဘယ်လောက်ထိ ရူးမတတ် ဖြစ်ခဲ့ရလဲ .. အို .. မဟုတ်ဘူး .. သေတော့မတတ်ကို ချောက်ချားခဲ့ရတာ .. ဟုတ်တယ် .. ငါသေမှာ .. ငါသေသွားမှာ .. ငါ့အသက်ဟာ ငါ့သမီးလေးရှိမှ .. တည်မှာ .. မြဲမှာ .."

ဟု ခုထိ ချောက်ချားရှိန်မပျက် ရှိနေရရင်းမှ သမီးလေးမျက်နှာကို မျက်တော်မခတ် ကြည့်နေရင်း ဦးမြမှီ ရင်ထဲ တက်လာရပြန်ပါသည့် အဖြစ် ..။



"နောက်ကို .. အဲဒီကန်နေရာကို မသွားနဲ့နော် သမီး .."

ဟု ဆံစလေးကို သပ်ပေးရင်း ပြောတော့ သမီးလေးကဖြင့် ထုံးစံအတိုင်း နှာခံလိမ္မာကျင့်လေးဖြင့် ခေါင်းလေးညိတ်ပြရှာသည်ပါပဲ ..။ သမီးလေး ဆာမှာသိ၍ ကလေးကို ထမင်းကျွေးပေးမယ့် ..။ ခုထိ ဦးမြမှီ ရင်ထဲမှာ အဆာဆိုတာကို မခံစားနိုင်သေး ..။

ရင်ထဲမှာ လောင်မြိုက်ရှိန်ကြီးပဲ လွှမ်းမိုးနေဆဲ ..။ ဦးမြိုင်သော်မှ သားကို အတော်ကြီး စိတ်လက်ဆိုးလျက် ရိုက်မောင်း ပုတ်မောင်းဝင် ပြုလာပါပြီဟု မိလုံးမှ နောက်ဖေးဘက်က ပြေးလာပြီး သတင်းလာပို့တာမို့ သမီးကိုပွေ့၍ ဦးမြမှီ ကြာရိပ်မြိုင်ဆီ ညှော်ခန်းသို့ လိုက်သွားခဲ့ရ ..။ အဖြစ်စုံရှင်းပြခဲ့ရနှင့် ရှိခဲ့ပေမယ့် .. ထိုစဉ်တုန်းကလည်း ရင်ထဲမှာ ဆို့နေသည့် အရှိန်ကပါခဲ့သည်ပါပဲ ..။ ဟံသာလေးကို ရိုက်နက်တာ လက်လွန်မှာစိုး၍ ပြေးခဲ့ရခြင်းပါ ..။ သမီးလေး ရေနစ်ပြန်လာကတည်းက .. ဦးမြမှီမှာ ကိုညို့လက်ထဲမှ သမီးလေးကို ပြေးပွေ့ခဲ့ရ ..။ အဝတ်ခြောက်တွေ လဲပေးရ ..။ ကော်ဖီပူပူတိုက်ခဲ့ရ ..။ ကြောက်ရှိန်ဖြင့် ငိုနေသည့် သမီးလေးကို ချော့မော့ပွေ့ပိုက်ရင်း အိပ်ပျော်အောင် သိပ်ခဲ့ရနှင့် ဦးမြမှီ ရှိနေရတာမို့လည်း ဟံသာ့ရွှေထံသို့ ဦးမြမှီ ချက်ချင်းမရောက်ခဲ့ရခြင်းပါတည့် ..။ ဒါကြောင့်လည်း .. ဦးမြိုင်သော်မှ ဟံသာ့ကို အထင်လွဲရင်း စိတ်ဆိုးမာန်ဆိုးဖြင့် သက်ပါသည်အထိ ရှိခွင့်ရသွားခြင်းပါ ..။

ပြီးတော့ .. ဖြစ်ဖြစ်ချင်းတုန်းကလည်း ဦးမြမှီမှ သမီးလေးကို အဖြစ်မှန်သိရဖို့အတွက် ဘာမျှ မေးခွင့်မရခဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



ငိုနေသည့် သမီးလေး ကြောက်ရှိန်မပြယ်သမျှ ချော့မော့ဖျောင်းဖျ ရင်း အိပ်ပျော်အောင် မနည်းကြိုးစား သိပ်ခဲ့ရသည် မဟုတ်ပါ လား ...။

အိပ်ရာမှ သိပ်မကြာလိုက်ဘဲ သမီးလေး ပြန်နိုးလာ ရစဉ်နိုက်မှာကျမှ ... ဦးမြမှီ မေးမြန်းကြည့်ခဲ့ရ ...။ အဖြစ်စုံသိရ ခြင်းပါ ...။ ထိုအခါမှာပဲ မီလုံးလည်း ရောက်လာရင်း ဟသ်ာရွှေ လေးကို ဦးမြိုင်သော် အရမ်း ဒေါသတကြီးဖြင့် ဆောင့်တွန်းပစ် သည်အထိ ဖြစ်နေတာတွေ လာပြောတာမို့ စိတ်လက်ပူလျက် ဦးမြမှီ လိုက်သွားခဲ့ရခြင်းပါ ...။ ခုကျတော့လည်း ... အစစ ... စိတ်ထဲ လိပ်ခဲတင်းလျှင်း ရှိနေသည့် ဟသ်ာက သမီးလေးကို ရေ ကန်ထဲ ရေနစ်အောင် တွန်းချသည်ဆိုသည့် ကိစ္စသည် ပျောက်ဆုံး ရှင်းလင်းသွားပြီမို့ ...။ ဦးမြမှီ အိမ်သို့ပြန်ခဲ့ရ ...။ သမီးလေးကို ထမင်းကျွေးရန်နှင့် ရှိသွားရသည်ပါပဲ ...။

"အခု ... ကိုကိုက ... သမီးလေးကို မနှန်းဘူးလို့ ပြောထား ပြီနော် ... ကိုကို ပြောတာကို နားထောင်ရမယ် ... ကိုကို့ ကို တွေ့တာနဲ့ ကြောက်မနေရဘူး ... ကိုကို သစ်ပင်ပေါ် တက်တာတို့ ဘာတို့ ရှိရင်လဲ သမီးလေးက လိုက်မတက် နဲ့နော် ... ကိုကို့ကိုလဲ မတက်ဖို့ပြော ... ကြားရဲ့လား ..."

ဟသ်ာ မုန်းတုန်းကလည်း မုန်းနေ၍ ဦးမြမှီမှာ သမီးလေးအတွက် အမြဲစိတ်ပူသည်။ ဟသ်ာမှ သမီးလေးကို ထု လွှတ်လိုက်မလား။ ပေါက်လွှတ်လိုက်မလား။ ခေါက်လွှတ်လိုက် မလား ... ဟူ၍ပါ ...။ ခု ... တည့်တည့်ရှုရှိတော့မည် ဆိုပြန် တော့လည်း ... ကလေးနှစ်ယောက် တစ်ကျိတ်တည်း တစ်ဉာဏ်



တည်းဖြင့် ... သစ်ပင်ပေါ်တက် ဘာတက်နှင့် ပြွတ်ပြုကျပြီး ခြေ လက်တွေ ကျိုးကုန်မှာကို စိုးရိမ်လာပြန်သည်။

"အင်း ... ငါ့မှာလဲ ... သမီးလေးအတွက် ... အမြဲ ... စိတ် မချနိုင်တတ်တာ ရင်ထဲမှာ အသားတကျကြီး စွဲနေသလို ဖြစ်နေပါပေါ့လား ..."

ဟုလည်း ကိုယ့်ဘာသာကိုယ်ပြန်၍ သံဝေဂရမိရ သည်ကလည်း ဦးမြမှီပါတည့်။ ဒါပေမဲ့ ... ဘယ်လိုသံဝေဂရရ ...။ သမီးအတွက် ပူတာကိုတော့ မလျှော့နိုင်တော့သည့် အကျင့်က ... အစ်ကိုယ်လုံး အနှံ့ပျံ့နေပြီးသား ဖြစ်နေသည်ပါပဲ ...။

သမီးလေး ထမင်းစားပြီးတော့ ဦးမြမှီ ပန်းကန်သွား ဆေးသည်။ သမီးလေးကို ပါးစပ်လေးပွတ်သုတ်၍ ဆေးပေးသည်။ သမီးကို ပိုက်ပွေ့၍ အိမ်ရှေ့ဝရန်တာနေရာလေးမှာ ခဏထိုင်သည်။

သမီးလေးကတော့ အဖေ့ရင်ခွင်ထဲ ခေါင်းလေး တင်ရင်း စတင်၍ ငိုက်မြည်းစ ပြုလာပြီ ...။ ထမင်းစားပြီးပြီမို့ ထမင်းရှိန်ဖြင့် ငိုက်ခြင်း ...။ သမီးလေး အိပ်သွားတော့မှ အိပ်ရာ လေးမှာ သွားချသိပ် ...။ ဝရန်တာနေရာလေးမှာ ပြန်ထိုင်ကာ ခုမှ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း တစ်ယောက်တည်း ခပ်ငေးငေးရှိ၏။ အိမ်လေးကတော့ ပစ္စည်းပစ္စယ နည်းနည်းလေး ဖြင့် ရှိပေမယ့် အားလုံး သန့်ရှင်းသပ်ရပ်နေလျက် ...။ သားအဖ နှစ်ယောက် သက်သောင့်သက်သာ နေချင့်စဖွယ်နေ၍ ရနေသည် ပါပဲ ...။

သမီးလေးကို ပွေ့ချီထားချိန်မျိုးမှာ ဦးမြမှီ ဆေးလိပ် ဝင်မသောက် ...။ သမီးလေး ကစားနေချိန်မှာပဲဖြစ်ပြီ ...။ အိပ်

www.burmeseclassic.com

www.burmeseclassic.com



နေချိန်မှာပဲဖြစ်ဖြစ် ... ထိုအခါမျိုးကျမှ ဦးမြမှိ ဆေးလိပ်လေးဖွာတတ်သည်။ ဥယျာဉ်ထဲမှာ ပန်းလေးတွေ စိုက်နေချိန်မျိုးဆိုလျှင်လည်း ဆေးပေါ့လိပ်လေး ခဲထားတတ်ပါ၏။ ကွမ်းမစားတတ်သော ဦးမြမှိသည် ... အရင်တုန်းကတော့ ကော်ဖီတွေ ဘာတွေ သိပ်စွဲတာမရှိ။ ဆေးလိပ်လေးပဲ အလုပ်ပြန်ချိန်မှာ ဖွာရင်းအမောလေးဖြေကာ ရေဒီယိုလေးဖွင့်၍ နားထောင်တတ်ခဲ့ပါ၏။ သမီးလေးရှိလာသည့်နောက်မှာ ... ကလေးအနီးမှာ ဦးမြမှိ ဆေးလိပ်ပင် မဖွာ ...။ အနံ့ကို ကလေးရှူရှိုက်မိသွားမှာ စိုးသည်လေ ...။ ကော်ဖီမစွဲသော ဦးမြမှိသည် သမီးလေးကို နို့ဖြတ်လိုက်ကတည်းက ... မနက်ဆို ... ကော်ဖီဖျော်တိုက်သည်။ သူလည်းသောက်ဖြစ်သည်။ အဓိက ... ကဖြင့် ... သမီးလေးကို ကော်ဖီတိုက်ချင်၍ တိုက်ခြင်းပါတည့် ...။ ဟသာ်လေးက ကြာရိပ်မြိုင်မှာ ဝင်ထွက်တာ ... စားသောက်တာတွေ မနာလိုဖြစ်တတ်တာမို့ အိမ်မှာပဲ ဦးမြမှိ ချက်ပြုတ်၍ သားအဖနှစ်ယောက် စားသောက်နေထိုင်ခဲ့ကြသည်က ... ဟသာ်ရွှေအတွက် စိတ်အနှောင့်အယှက် မဖြစ်စေချင်၍ပါ ...။

နေထိုင်ရာတန်းလျားလေး၏ နောက်ဘက်မှာ စိုက်ခင်းလေးရှိသည်။ စားသောက်ပင်လေးတွေ စိုက်ထားသည်က ဦးမြမှိပါ ...။ ငရုတ်ပင်စိမ်းစိမ်းလေးတွေ ...။ ပဲထောင်ပင်လေးတွေ ...။ မုန်ညင်းခင်းလေးတွေနှင့် နံနံခင်းလေးတွေက ရေမပြတ်တာမို့ အမြဲရှိနေ စိမ်းနေတတ်သည်ပါပဲ ...။

အိမ်ထဲပြန်ဝင်ကာ ဦးမြမှိ သံသေတ္တာလေးကို ဖွင့်ကြည့်မိပါ၏။ မနက်က ... ဦးမြမှိ ဈေးသွားရင်း ဝယ်လာခဲ့ပါသည့်



ကျောင်းစိမ်းဝတ်စုံလေးကို ငေးကြည့်ကာ စတင်၍ ရင်ထဲမှာပြန်၍ ပြန်၍ တိုးဝင်လာသည်က ... ကြည်နူးမှု ...။ ချောက်ချားစိတ်သည် တဖြည်းဖြည်း ငြိမ်သက်မှေးမှိန်စ ပြုလာနေပြီ ...။ ဟုတ်သည် ...။ သမီးလေး ရေနစ်သည် ဆိုကတည်းက ကတုန်ကယင်ကြီးရှိနေသည့် ရင်သည် ခုမှစတင်၍ တည်ငြိမ်ခြင်းဘက်သို့ စတင် တိုးဝင်လာနေကြပါ၏။ ဝတ်စုံလေးကို ပွတ်သပ်ကြည့်ရင်းမှ ဦးမြမှိ ပြုံးလာပါ၏။

"ငါ့သမီးလေးကို ကျောင်းထားရတော့မယ် ... ဟုတ်တယ် ... ငါ့သမီးလေး စာသင်တော့မယ် ... ပညာတတ်ကြီးဖြစ်တော့မှာ ... ငါ့သမီးကို ... ငါ ... ဆရာဝန်မကြီးဖြစ်အောင် သင်မယ် ... သူ ... အင်ဂျင်နီယာ ဖြစ်ချင်တယ် ဆိုရင်လဲ အင်ဂျင်နီယာကျောင်း တက်ခိုင်းမယ် ... ရှေ့နေကြီး လုပ်မယ်ဆိုရင်လဲ ... ရှေ့နေကျောင်းကြီးကို ပို့မယ် ... အဲဒီအခါကျရင် ... ငါ့သမီးလေး သိပ်ခန့်ညားနေမှာ ... အံမယ် ... မြမှိဆိုတဲ့ ငါ့မှာ ... ဆရာဝန်သမီး ရှိလာမယ် ... ဒါမှမဟုတ်ရင် ... အင်ဂျင်နီယာမလေးရဲ့ အဖေဆိုပြီးတော့ ဖြစ်ချင်ဖြစ်နေမှာ ... အံမယ် ... ရှေ့နေမကြီးဖြစ်ပြီး ဝတ်လုံအဝတ်ကြီးနဲ့ ... တရားရုံးမှာ ရှိချင်လဲရှိနေမှာ ... ငါ့သမီး ... ငါ့ သမီး ..."

ဟု တစိမ့်စိမ့်တွေးရင်း မျက်နှာသည် ပြုံးလာ၏။ အိပ်နေသည့် သမီးလေးကို မျက်တောင်မခတ် ငုံ့မိုး၍ကြည့်ရင်း ချက်ချင်းပင် ထိုနှစ်တွေထဲကို ရောက်လိုက်ချင်သည်ပဲဟု မချင့်မရဲကြီး ဖြစ်လာရပါသည့် အဖြစ် ...။

www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

ကြည့်နေရင်း ကြည့်နေရင်းမှ ဖျတ်ခနဲ အတွေးဝင်လာသည်မို့ အိပ်ရာလေးဘေးမှာ ထိုင်နေလျက်ဖြင့် တစ်ချက်ငိုင်သွားရသည်က ဦးမြမိုပါ ..။

"ငါ့မှာ ပိုက်ဆံလိုတယ် .. ငါ့သမီးလေး စာသင်တဲ့အခါ .. မျက်နှာမငယ်ဖို့ အရေးကြီးတယ် .. သူ တတ်ချင်တဲ့ပညာကို သင်နိုင်ဖို့ဆိုတာ .. ငါ .. ပိုက်ဆံရှိမှဖြစ်မှာ .. ငါ့သမီးက စာတော်မှာ သေချာတယ် .. သူ ဘာပဲသင်ချင်သင်ချင် .. ငါက သင်ပေးဖို့ပဲ လိုတာ .. သမီးကတော့ ထူးချွန်မှာ သေချာတယ် .. မျက်နှာလေးကို ကြည့်စမ်း .. အေးချမ်းလိုက်တဲ့ မျက်နှာလေး .. ပညာတတ်ရုပ်လေး .. ငါ .. ပိုက်ဆံစုနိုင်ဖို့ အလုပ်ပိုလုပ်ရမယ် .."

ဟု ဆက်တိုက်ကြီးတွေးကာ ...

"သမီးလေး ကျောင်းတက်ပြီဆိုရင် .. ကလေးက ကျောင်းမှာရှိနေပြီဆိုတော့ .. ငါ .. ဥယျာဉ်မှာ နေ့လယ်ဘက်အလုပ်လုပ်လဲ ဖြစ်တယ် .. မနက်စောစော ပန်းပင်လေးတွေ ရေလောင်းထားပြီးရင် .. လမ်းထိပ်လောက်မှာ လက်တွန်းလှည်းနဲ့ မုန့်ဟင်းခါး ပြန်ထွက်လို့ဖြစ်ပြီ .. မုန့်ပြတ်တော့မှ .. နေ့လယ်ဘက် .. ညနေဘက် .. ဥယျာဉ်ထဲမှာ ပန်းပင်တွေကို .. ငါ ပြုစုနိုင် .. စိုက်နိုင် .. လုပ်ကိုင်နိုင်တာပဲ .. ငါ .. ပိုက်ဆံစုဖို့တော့ လိုနေပြီ .. ခုကတည်းကစုမှ တော်ကာတန်ကာရှိမှာ .. သမီးလေး ကျောင်းကြီးတက်တဲ့အခါကျတော့ .. ငါ့မှာ ပိုက်ဆံက အသင့်ရှိနေမှာပေါ့"



ဟု တွေးဖြစ်၏။ ခုကျတော့ .. သမီးလေးကို စိတ်မချတာနှင့် မုန့်ဟင်းခါး မရောင်းနိုင်ခဲ့ ..။ မြို့ထဲမှာ သမီးလေးကို တစ်ယောက်တည်း မထားခဲ့နိုင် ..။ အိမ်မှာလည်း တစ်ယောက်တည်း မချန်ခဲ့နိုင် ..။ ကလေးကို ထားခဲ့ပြီး မုန့်ဟင်းခါးထွက်မရောင်းနိုင် ..။

အိမ်ထဲမှာ ကျန်နေရင်း ကလေး မီးဆော့နိုင်သည်။ သစ်ပင်ပေါ်တွေ ဘာတွေ စိတ်ထဲပေါက်လျှင် တက်ကြည့်ပြီး ပြုတ်ပြုကျနိုင်သည်။ ကြာရိပ်မြိုင်မှာလည်း ဟံသာ ရှိနေတာမို့ ကလေးကို မထားခဲ့နိုင် ..။ ဟံသာ့ရှေ့ကလည်း စိတ်ထဲမထင်လျှင် ကလေးကို လာနိုင်စားနိုင်သေးသည်။ ဒါကြောင့် .. ခုထိ .. မုန့်ဟင်းခါးရောင်းဖို့ကိစ္စကို ဦးမြမို စိတ်ကူးမထည့်နိုင်ခဲ့ ..။ ခုကျတော့ .. သမီးလေးကို ကျောင်းအပ်လိုက်ပြီဆိုလျှင် .. အိမ်မှာ ကလေးကို ချန်ထားခဲ့စရာ မလိုတော့တာမို့ ..။ တစ်ယောက်တည်း အိမ်လေးထဲမှာ ကလေး လုပ်ချင်ရာတွေ လုပ်နေမှာကိုလည်း ပူစရာမလိုတော့ ..။ ဟုတ်ပြီ ..။ သမီးလေးကို ကျောင်းအပ်ပြီးလျှင်ဖြင့် .. မုန့်ဟင်းခါး ပြန်ရောင်းရတော့မည်။ ရောင်းမှလည်း ဖြစ်မည် ..။

အတွေးဖြင့် ဦးမြမို တစ်ချက်ငြိမ်နေပြီးမှ ကျောင်းဝတ်စုံလေးကို တယုတယ ထုတ်ယူ၍ သမီးလေးဘေးမှာ ထိုင်လျက် တစိမ့်စိမ့် ကြည့်နေမိရပါ၏။

သမီးလေး နိုးလာတော့ ပွေ့ချီ၍ မျက်နှာသွားသစ်ပေးသည်။ သနပ်ခါးသွေး၍ လူးပေးကာ ပါးကွက်သေးသေးလေးကို ကွက်ပေးလိုက်မိပါ၏။ မြကျေးချိုလေးမှာ ဘယ်တော့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့် မျက်နှာမှာ သနပ်ခါးလေး မပြတ်ဘဲ ရှိနေရသည်က ဦးမြမို့ ကြောင့်ပါ။ နေ့လယ်နေ့ခင်းဘက် ကလေးအိပ်ပြီး ပြန်နိုးလာလျှင်သော်မှ မျက်နှာလေးသစ်ပေးကာ သနပ်ခါး တဂျစ်ဂျစ်သွေးပြီး မွှန်အီနေအောင် လူးပေးတတ်စမြဲ ..။

ဆံပင်လေကို သေချာပြန်ဖြီးပေး ..။ မျက်ခုံးမှာတင်နေသည့် သနပ်ခါးတွေကို သနပ်ခါးခြစ်ပွတ်တံလေးဖြင့် ပွတ်ပေး..။ ပခုံးပေါ် သမီးလေးကို မှောက်လျက် ထမ်းပိုးပြီး .. အိပ်ရာဘေးမှာရှိနေပါသည့် ကျောင်းဝတ်စုံဖြူစိမ်းလေးကို ယူလိုက်ကာ ...

"သမီးလေး အခု ကျောင်းဖွင့်ရင် ကျောင်းနေရတော့မှာကွယ့် .. ဝတ်ကြည့်ပါဦး သမီးရဲ့ .. ဒီအဝတ်လေးများဝတ်လိုက်ရင် ဟောဒီက ဖေဖေ့သမီးလေး သိပ်လှသွားမှာ.. သမီး ကျောင်းတက်တဲ့အခါ .. မငိုရဘူးနော် .. ဖေဖေ့ကိုချစ်တယ်ဆိုရင် .. မငိုရဘူး .. စာကျက်ရမယ် .. စာတော်ရမယ် .. ကြားရဲ့လား .."

ဟုပြောတော့ ကျောင်းဖြူစိမ်းဝတ်စုံလေးကို ကြည့်ရင်း မြကျေးချို တစ်ချက် အဖေလုပ်သူကို ကြည့်သည် ..။

"ဖေဖေလဲ ကျောင်းနေမှာလားဟင် .. ကျေးချိုနဲ့တူတူနေမှာလား .. ဖေဖေနဲ့ အတူထိုင်ရမှာလား .."

"ဖေဖေက .. ကလေးမှ မဟုတ်တာ .. ကျောင်းနေလို့ဘယ်ရတော့မှာလဲ သမီးရဲ့ .. ကိုကိုလဲ ကျောင်းတက်မှာ.. သမီးလဲ ကျောင်းနေရမှာ .. သမီးကို စာတတ်ကြီးဖြစ်အောင် ဖေဖေ သင်ပေးမှာကွယ် .. ဝတ်ကြည့်ရအောင် ဒီအဝတ်လေးကို .."



ဟု ပြုံး၍ ပြောလည်းပြော ..။ အဝတ်လေးကိုလဲ ဝတ်ပေးတော့ မြကျေးချို ခများ ကလေးပေမို့ အဝတ်သစ်လေး ဝတ်ရနိုက် ပျော်သွားရှာသည်ပါပဲ ..။ အိပ်ခန်းငယ်လေးရှိ ကြမ်းပြင်ထက်မှာ ရှိနေသော ကျောက်ပြင်လေး ရှိရာဘက်မှာ နံရံကို မှီထောင်ထားသည့် မှန်အလတ်စားလေး ရှိနေတာမို့ မှန်ရှေ့သွားရပ်ကာ မြကျေးချို ကြည့်သည်။ မှန်ထဲမှာ ကျောင်းဝတ်စုံလေးနှင့် ကောင်မလေး တစ်ယောက်သည် သနပ်ခါးပါးကွက်ဝင်းဝင်းလေးနှင့် ဆံနွယ်နက်နက်အိအိလေးတွေဖြင့် ဖြူအိအိလေး ထင်းနေအောင် ပေါ်နေသည်ပါပဲ ..။ ကိုယ်လေး တစ်ပတ်လှည့်၍ မြကျေးချို အဝတ်လေးတွေကို ပွတ်ထိကိုင်နေရင်း ရှိသွားရပြီးမှ.. ကျောင်းစိမ်းစကတ်အနားလေးကို ကားနေအောင်ဖြန့်၍ ခပ်ဝဲဝဲလေး လှည့်ပတ်နေပြန်တော့ ဦးမြမို့ ရင်ထဲမှာ ချမ်းမြေ့ကြည်ဆင်းသွားရသည်ပါပဲ ..။

ကျောင်းဝတ်စုံလေးဖြင့် သမီးလေးသည် စတင်၍ ပျော်ပိုက်စပြုလာပြီ ..။ ကျောင်းသွားရမည့် အဖြစ်တစ်ခုအတွက် ပျော်ရွှင်နေသော ကလေးလေး တစ်ယောက်တော့ ဖြစ်လာနေချေသည်ကိုးလေ ..။

"ဖေဖေ လိုက်ပို့မှာလားဟင် .. ကျောင်းကို .."

ဟု ကလေးမေးလာတော့ ဦးမြမို့ ခေါင်းညိတ်ပြသည်။

"လွယ်အိတ်လဲ ဝယ်ပေးမယ် သမီးရဲ့ .. စာအုပ်နဲ့ ခဲတံနဲ့ .. ဟောဒီက ဖေဖေ့သမီးလေး စာရေးတတ်တော့မှာကွ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော သမီးလေးကို ပွေ့ချီ၍ တစ်ဆံမြီးတစ်ဖက် ချာလည်ဝဲဝဲလိုက်တော့ သမီးလေးက တခစ်ခစ် ရယ်ပါလေ၏။

"ကျောင်းတက်တဲ့အခါ .. သစ်ပင်တွေ ဘာတွေ ရှိရင် မတက်ရဘူးနော် .. လှေကားထစ်တွေကို အမြန်ကြီးနင်း မတက်နဲ့ .. ချော်ကျမယ် သိရဲ့လား .. ကျောင်းမှာခဲတံ မချွန်နဲ့ .. မေမေ ခဲတံလေးတွေ ချွန်ပေးလိုက်မယ် သမီး .. ကျောင်းမှာ အချဉ်ထုပ်တွေ ဘာတွေလဲ ဝယ်မစားနဲ့နော် .. ပြီးတော့ .. အားလုံးနဲ့ တည့်အောင်နေရမယ် .. ကိုယ်နဲ့ အတန်းထဲမှာ တူတူရှိနေတဲ့ သူငယ်ချင်းတွေနဲ့ ရန်မဖြစ်ရဘူး .. သမီးလေးအတွက် .. မေမေ ထမင်းဘူးထည့်ပေးမယ် .. ရေဘူးထည့်ပေးမယ် .. မိုးအေးရင် အင်္ကျီထူမချွတ်ရဘူးနော် .."

သမီးလေးကိုဖြင့် ကျောင်းဝတ်စုံလေး စမ်းဝတ်ကြည့်လိုက်ရတာပဲ ရှိသေးသည်။ ဦးမြမိုးမှာ သမီးလေး အပင်ပေါ်တက်ရင်း ပြုတ်ကျမှာပူရ ..။ ခဲတံချွန်စားတွေ ဘာတွေ သေးသူငယ်ချင်းတစ်ယောက်ယောက်ထံမှယူ၍ ခဲတံချွန် လက်ထိမှာပူရ ..။ မတည့်တာစားမှာပူရနှင့် စကတည်းက အပူအပင်ခရီးက စနှင့်နေပြီ ..။

"ကျောင်းမှာစားဖို့ ငှက်ပျောသီးနဲ့ ဘီစကစ်မုန့် မေမေ ထည့်ပေးမယ်၊ အဲဒါပဲ စားနော် .."

ဟု .. ကျောင်းပင် မအပ်ရသေးသည့် သမီးကို မတည့်တာ မစားဖြစ်ဖို့အတွက် စိတ်ပူလက်ပူဖြင့် ဦးမြမိုး မှာပြန်



၏။ သမီးလေးကတော့ အဝတ်သစ်လေးကို ပွတ်သပ်ရင်း ခေါင်းညိတ်ပြသည်။ စိတ်ထဲမှာ တကယ်မှတ်ထားပါချေရဲ့လား ဟု စိတ်မောလက်မောဖြင့် ဦးမြမိုး တွေးမိရပြန်ပါပြီ။ လောလော ဆယ်မှာ သမီးလေးသည် ကျောင်းဝတ်စုံသစ်လေးကို အရမ်းစိတ် နှစ်ထားလျက် စိတ်ဝင်စားတာတွေ အားလုံးစုပြုံ၍ အင်္ကျီလေးနှင့် ကော်စိမ်းလေးမှာပဲ ရောက်နေတာ သိသာနေသည်ကိုး ..။

ထိုအခိုက် လှရိပ်လေး ဝရန်တာမှာ ထင်လာသည်မို့ ဦးမြမိုး အိပ်ခန်းတံခါးဘက်ဆီမှ ကိုယ်ကြီးကဲ၍ ကြည့်လိုက်တော့ ဟသ်ာ ဖြစ်နေသည်။ မျက်နှာလေးထက်မှာ မလုံမလဲရိပ်လေးတွေ အနေခက်စွာ ပေးတင်နေပါသည့် ကောင်ငယ်လေး ..။

ဦးမြမိုး သမီးလေးကိုပွေ့၍ ဧည့်ခန်းဆီသို့ လျှောက်လာရင်းမှ ..

"လာ .. လာ .. ညီမလေးကို လာကြည့်တာလား .. ညီမလေး ဘာမှမဖြစ်ပါဘူးကွ .."

ဟုပြောတော့ ဟသ်ာ မျက်နှာငယ်လေးဖြင့် မြကျေးချို နှင့် ဦးမြမိုးကို ကြည့်ပါ၏။ နေ့လယ်ဘက် ပျော်ပွဲလေးတစ်ခု မြက်ခင်းပြင်ထက်မှာ လုပ်ရမည့်ကိစ္စ ..။ မြကျေးချို ရေနစ်သည့် အဖြစ်လေး မမျှော်လင့်ဘဲ ဖြစ်ခဲ့ရတာမို့ ညနေဘက်ကျမှ မနက်ပွဲလေးကို လုပ်တော့မည်ဟု ဦးမြိုင်သော်နှင့် ဒေါ်မိုးယုဇွေတို့မှ အချိန်ပြောင်းလိုက်သည်မို့ ..။ လောလောဆယ်မှာ မနက်ပွဲလေး တလည်း မဖြစ်သေး ..။

ဟသ်ာအိမ်၏ ဧည့်ခန်းရှိ ပယောင်းပုဆိုးခင်းကြမ်း ပြင်မှာ ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟသ်ာ .. ညီမလေးကို .. ဒီဥစ္စာလေး လာပေးတာ .."

ဟု မဟုတ်တာ လုပ်ထားမိခဲ့သည့် အနေခက်မှုမျိုးကို မဖုံးကွယ်သာဘဲ မျက်နှာလေးညှိုးလျက် ရှက်အမ်းအမ်းလေးလည်းဖြစ်စွာ .. ပြောပြီးမှ ..။ ဘောင်းဘီအိတ်ကပ်တွင်းဆီသို့ လက်လေးနှိုက်လိုက်ကာ ...

"ညီမလေးရဲ့' စန္ဒရားအရုပ်လေးရော .."

ဟု မေးလာရင်းမှ လက်လေးကိုထုတ်၍ ဖြန့်ပြလိုက်တော့ စန္ဒရားခြေထောက်သုံးချောင်းနှင့် စန္ဒရားအဖုံးလေး ဖွင့်လိုက်ပြီး ခလုတ်လေး နှိပ်လိုက်လျှင် ကသည့်အရုပ်လေးကို တွေ့လိုက်ကြရသည်ပါပဲ ..။

ဦးမြမှိ တစ်ချက် လွှတ်ခနဲ ပြုံးမိသွားရပါပြီ ..။ ဤကလေး .. အရုပ်လေးထဲမှ စန္ဒရားခြေထောက်သုံးချောင်းနှင့် အရုပ်လေးကို စောစောမိုင်းတုန်းကတော့ မနာလိုစိတ်လေးဖြင့် ခပ်ညစ်ညစ်လေး ယူထားလိုက်ပုံရသည်ပဲ ..။ ခုကျတော့ .. ဘယ်သူကမှ ထိုအဖြစ်ကို မသိလိုက်ကြရပါပဲနှင့် .. ကိုယ့်ဘာသာကိုယ် ဖော်ကျောင်လုပ်၍ ပစ္စည်းလာအပ်နေသည့် အဖြစ်။ ဦးမြမှိ သမီးကိုကြည့်ကာ ခေါင်းလေးသပ်ပေးပြီးမှ ...

"သမီးအရုပ်လေး သိမ်းထားတာ သွားယူလာခဲ့ပါဦး .."

ဟု ပြောတော့ မြကျေးချိုလေး သွားယူလာသည်က သေသေချာချာလေး သေတ္တာထဲမှာ ထည့်သိမ်းထားသည့် စန္ဒရားအရုပ်ထည့်ထားရာဘူးနှင့် ဝက်ဝံဖြူရုပ်ကြီးပါတည် ..။ ဝက်ဝံဖြူရုပ်ကြီးက အတော်ကြီးတာမို့ မြကျေးချိုလေး လက်တစ်ပိုက်ကြီး ပိုက်ထားရသည်ပါပဲ ..။



စန္ဒရားရုပ်ဘူးလေးကို ဟသ်ာယူလိုက်ကာ ဘူးကိုဖွင့်သည်။ အရုပ်ကိုထုတ်၍ ခြေထောက်သုံးချောင်းကို စန္ဒရားရုပ်လေးမှာ အံသားတကျတပ်သည်။ စန္ဒရားအဖုံးကို ဖွင့်လိုက်ကာ အဖုံးထောက်တံလေးကို ထောက်လိုက်တော့ အရုပ်လေး ဝိုင်းဝဲ လှည့်ပတ်ကနိုင်ရန် သံလိုက်လေး ထည့်ထားပါသော မှန်ဝိုင်းနေရာလေးကို မြင်လိုက်ရသည်ပါပဲ။ ဟသ်ာမှ လက်ကလေး အပေါ် မြှောက်ဝဲ၍ လှပစွာ က,နေသည့်ပုံလေးဖြင့် ရှိနေပါသည့် ဘဲလေးရုပ်လေးကို မှန်ဝိုင်းနေရာလေးမှာ တင်လိုက်တော့ ဘဲလေးရုပ်၏ ခြေထောက်လေး ပေးတင်ထားရာ အဝိုင်းလေးထဲမှာလည်း သံလိုက်ပါတာမို့ အရုပ်လေးက ထိုးထိုးထောင်ထောင်လေး ရပ်လျက်သား ရှိနေပါ၏။

ခာတ့်ခဲ့ပါသည့် စန္ဒရားရုပ်လေးမှာ ခလုတ်လေးနှိပ်လိုက်တော့ သံစုံတီးလုံးလေးလည်း ထွက်ပေါ်လာ ..။ ဘဲလေးရုပ်လေးကလည်း လှလှပပလေး မှန်ဝိုင်းအနားသပ် နေရာအတိုင်း ရွေ့ဝဲ၍ က,နေတော့ မြကျေးချိုလေးမှာ ပျော်လည်းပျော် ..။ စိတ်လည်းဝင်စားလျက် မက်မက်မောမောလေး မျက်တောင်မခတ်တအံ့တဩလေး ကြည့်ရှုပါသတည်း ..။ ဦးမြမှိမင် ဒေးခနဲ စိတ်ပါလက်ပါ ကြည့်မိရသည်အထိ အနီရင့်ရောင် စန္ဒရားရုပ်လေးကို ကြည့်မိရသည်ပါပဲ။ သမီးလေးကို အရုပ်ကြီးမွေ့လျက် ..။ ဟသ်ာ ကိုယ်တိုင် သစ်ရိပ်အောက်ထိ သွားပေးသည်ဆိုသော အရုပ်ကြီးနှင့် စက္ကူပုံးတစ်ခု ဆိုတာလောက်ပဲ သိထားရသည်ကိုး။ စက္ကူပုံးလေးထဲမှာ ဘာအရုပ်လေးဆိုတာကို ဦးမြမှိ မကြည့်ဖြစ်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးနေ့ပွဲလုပ်မည့် မြွှော်ခင်းစိမ်း နေရာမှာ ပန်းအိုးလှလှလေးတွေ ချထားဖို့ကိစ္စကလည်း ရှိနေသေးသည်မို့ မနက်ပိုင်းက ထိုလက်ဆောင် ဆိုတာလေးတွေကို ယူကြည့်လိုက်ဖို့ ဦးမြမှ အချိန်မရနိုင်ခဲ့ ..။ မိလုံး ကျွေးသည့် မုန့်ဟင်းခါးကို စားပြီးချိန်မှာ မိလုံးမှ သမီးလေးကို သွားခေါ်လာကာ ကလေးကို မုန့်ဆက်ကျွေးတာမို့ မိလုံးနှင့်ပဲ ကလေးကို ထားခဲ့သည့်အဖြစ် ..။ ခုကျမှ ဦးမြမှ သိလိုက်ရသည်က .. ချစ်စရာအလွန်ကောင်းသော စန္ဒရားရုပ်ငယ်လေး တစ်ခုကို ခမလေး ဒေါ်မိုးယုဇွေသည် .. သမီးလေးအတွက် လက်ဆောင်ပေးခဲ့ခြင်းပါလား .. ဟူ၍ပါ ..။

"ဒါလေးကို ပိတ်လိုက်ရင် .. အရုပ်လေးက,တာ ရပ်သွားမယ် ညီမလေး ကျေးချို .. ဒါလေးတွေနှိပ်ကြည့် .. အသံထွက်လာမယ် .."

ဟု ဟာသာ တက်တက်ကြွကြွလေးပြောကာ စန္ဒရားခလုတ်လေးတွေကို တစ်ခုချင်း နှိပ်ပြတော့လည်း တကယ်ပဲ ဒိုရေမီဖာ သံစဉ်အတိုင်း ခလုတ်လေးတွေဆီမှ အသံလေးတွေ ထွက်လာတော့ သမီးလေး ပို၍မျက်ဝန်းလေးတွေ ရွှန်းလဲ့စွာငေးနိုက်ကြည့်နေပါချေသတည်း။

"ဒီခလုတ်ကို ပိတ်လိုက်ရင် .. ဟောဒီခလုတ်ကို ဖွင့်လိုက်ရင် .. ဒီဟာကိုနှိပ်ရင် .. တီးလုံးအရှည်လေးတွေ ထွက်လာတယ် သိလား .. ကိုကို လုပ်ပြမယ် .. ကြည့် .."

မျက်လှည့်ဆရာငယ်လေးက မျက်လှည့်ပြနေသလိုကြီး ဟန်အပြည့်ဖြင့် တစ်ခုပြီးတစ်ခု စန္ဒရားခုံလေးကို ဟိုခလုတ်လေးပိတ်လိုက် ..။ ဒီခလုတ်လေး ဖွင့်လိုက်နှင့် လုပ်ပြလိုက် ..။



စန္ဒရားခလုတ် ဖြူဖြူနက်နက်လေးတွေရှိရာမှာ လက်ချောင်းလေးတွေဖြင့် နှိပ်ပြလိုက်ဖြင့် ရှိနေသမျှ ..။ မြကျေးချိုလေးကလည်း တအံ့တသြ လိုက်လိုက်ကြည့်နေသည်မှ .. ကြမ်းပေါ်မှာ ဒူးလေးထောင်၍ထိုင်ရင်း ဒူးပေါ်လက်လေးတွေ အလျားလိုက်ဆန့်တင်ကာ .. အလွန်တရာကိုမှ အံ့သြဖွယ် ကောင်းနေသော မြင်ကွင်းကို ကြည့်နေသည့်နယ်ပါ ..။

"နားထောင်လို့ ကောင်းတယ်နော် ကိုကို .."

တကယ်ပဲ သံရှည်တီးလုံးလေးတွေ တစ်ခုပြီးတစ်ခု .. သံစဉ်လေးတွေ ပြောင်းသွားကာ စန္ဒရားခလုပ်တစ်ခု နှိပ်လိုက်တိုင်း နှိပ်လိုက်တိုင်း ထွက်ပေါ်လာသမျှ အရသာလေးခံ၍ ခံ၍ နားထောင်ရင်း မြကျေးချို ပြောရှာ၏။ စောစောက ရေနစ်ခဲ့တာ ..။ အရမ်းကို လန့်ခဲ့တာတွေကို လောလောဆယ်မှာ လုံးဝသတိပင် ရဟန်မတူတော့ ..။ အာရုံသည် .. စန္ဒရားရုပ် နီနီလေးဆီမှာပဲ ရှိနေပါသည့်အဖြစ် ..။

"အရုပ်လေး က,တာကြည့်ချင်တယ် ကိုကို .. လုပ်ပေး .."

တီးလုံးသံစဉ်လေးနှင့်အတူ လှပစွာ ဗွေဝဲက,ပါသည့် ဘဲလေးရုပ် လှလှလေး၏ အကကို ကြည့်မဝနိုင်သေးတာမို့ .. မြကျေးချို ပူဆာတော့ ဟာသာကလည်း ဝမ်းသာအားရ လုပ်ပေးသည်ပေါ့ပဲ ..။ ဘဲလေးရုပ် က,နေတာကို မျက်တောင်မခတ် လိုက်လိုက်ကြည့်နေသည့် မြကျေးချိုကို ဟာသာကြည့်ရင်း ရင်ထဲကြည်နူးနေရသည်ပေါ့ပဲ ..။ မြကျေးချိုလေး ပျော်နေသည် မဟုတ်ပါလားလေ ..။ ဟာသာရင်ထဲမှာ မြကျေးချိုလေးသည် မုန်းတီးစရာလည်း မဟုတ်တော့။ မနာလိုစရာလည်း မဟုတ်တော့ ..။

www.burmeseclassic.com

www.burmeseclassic.com



မြကျေးချိုလေး အမှန်အတိုင်း လာပြောပေးတာမို့ ဖေဖေ့ထံမှ အမုန်းတွေပင် ဟသ်ာထံမှ ပျောက်ကွယ်သွားရသည် မဟုတ်ပါလား။ မြကျေးချိုသည် ဟသ်ာကို ချစ်နေကြသူများထံမှ အချစ်ကို လုယူမည့်သူ မဟုတ်ဆိုတာ ပို၍နားလည်လာရသည်ကိုးလေ ..။ မြကျေးချိုသည် ဟသ်ာကိုချစ်သည့် ဖေဖေ့အချစ်တွေကို ပြန်၍ ဟသ်ာထံ ရောက်လာအောင်ပင် လုပ်ပေးခဲ့သေးသည်ပဲ ..။ ဟသ်ာကို ချစ်နေကြသည့် သူများထံမှ အချစ်သည် မြကျေးချိုကြောင့် လျော့ပါးသွားစရာ မရှိတာကို ဟသ်ာ ကောင်းကောင်းနားလည်ခဲ့ရသည်နှင့်အတူ ..။ မြကျေးချိုလေးအပေါ် နိုင်စားမိခဲ့လေသမျှလည်း ရင်ထဲမှာ မကောင်းနိုင်ပဲ ဖြစ်ရ ..။ နောင်တဖြစ်ရသည်ပါပဲ။

ခု .. မြကျေးချိုလေးကို ပျော်အောင်လုပ်ပေးရသူ .. အလွန်လည်းတော်သော သူတစ်ယောက်အဖြစ် လူကြီးလူရာနေရာလေးမှာ ရှိနေတာကိုလည်း ဟသ်ာက သဘောကျသည်။

မြကျေးချိုကို .. အံ့ဩစရာတွေ တစ်ခုပြီး တစ်ခု .. လုပ်လုပ်ပြနေရတာကို ရင်ထဲမှာ ပျော်နေမိသည်။ မြကျေးချို၏ အထင်တကြီးဖြင့် ကြည့်လာသည့် အကြည့်ကို နှစ်နှစ်လိုလိုဖြစ်သည်။ ကျေးဇူးတင်သလိုလေး ကြည့်လာသည့် အကြည့်ကိုလည်း ဟသ်ာ သဘောကျသည်။ ဘာပဲဖြစ်ဖြစ် ..။ ဟသ်ာသည် .. မြကျေးချို အတွက်ကတော့ လူတော်ကြီးတစ်ယောက် ဖြစ်နေသည်လေ ..။

မြကျေးချို မလုပ်တတ်တာတွေကို တစ်ခုပြီးတစ်ခု လုပ်ပြတတ်သည့် လူတစ်ယောက်အဖြစ် အရေးကြီးသောနေရာတစ်ခုမှာ ရောက်နေသည့် ဟသ်ာ ဖြစ်နေတာကို ဟသ်ာပီတိဖြစ်နေသည်။



"နောက်ကို .. ညီမလေး လုပ်တတ်အောင် .. ကိုကိုသင်ပေးမယ် သိလား .. ကိုကို မရှိလဲ .. ညီမလေး ကိုယ့်ဘာသာကိုယ် အရုပ်လေးက,အောင် ဒီခလုတ်လေးကိုရွှေ့.. ဒီဟာကို နှိပ်လိုက်ရင် ရတယ် .. ကိုကို သင်ပေးမယ် .."

ဟု ပြောပြပြီးမှ အရုပ်လေးက,အောင် ခလုတ်လေးကို ရွှေ့ပြ ..။ နှိပ်ပြနှင့် ရှိသွားရပါပြီ။ ဟသ်ာ စုမှ သတိထားလိုက်မိသည်က မြကျေးချို ဝတ်ထားပါသည့် ကျောင်းဝတ်စုံလေးကိုပါ ..။

"ညီမလေး ကျောင်းနေတော့မှာဆို .. ဖေဖေပြောပြတယ် ဘာဘာ .."

ဟု ဘာဘာကိုတော့ မေးတော့ ဘာဘာ ခေါင်းညိတ်ပြပါ၏။ မြကျေးချိုလေးကတော့ စကားတွေဆိုမှာ အာရုံရှိပုံမရ ..။ မျက်တောင်ထူမည်းမည်းလေးတွေ စင်းကျနေလျက် အရုပ်လေးက,နေတာကို စိတ်ထဲနှစ်နေပုံလေးဖြင့် စိတ်ဝင်တစား ကြည့်နေပါ၏။

"ကျောင်းတက်တဲ့အခါ .. သားတို့ တူတူသွားရမှာတဲ့ ဘာဘာ .."

"နေပါစေကွယ် .. ဘာဘာ .. သမီးလေးကို .. ဘတ်စ်ကားနဲ့ဖြစ်ဖြစ် .. ကျောင်းသွားပို့ပါ့မယ် .. ဟသ်ာလေး .. ကျောင်းတက်တဲ့အခါ .. ရှုပ်နေပါ့မယ်ကွယ် .."

ဟု ဦးမြမိုး ပြုံး၍ ဟသ်ာ၏ ခေါင်းလေးကို ပွတ်သပ်ပေးရင်း ပြောရပါ၏။ ဘာပဲဖြစ်ဖြစ်။ သမီးလေးအပေါ်မှာ စိတ်ထားပြောင်းလာသည့် ဟသ်ာကြောင့် ဦးမြမိုး စိတ်သိ ကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းရပေမယ် ..။ ကျောင်းတက်သည့်အခါ .. ကားနှင့်တူတူ တက်ဖို့ဆိုတာ အထိတော့ ရင်ထဲ စိတ်မချချင် ..။ ကားနှင့်တူတူ သွားဖြစ်ကြတာ ကြိမ်ဖန်များလာလျှင် တစ်စုံစုံကြောင့် ဟသ်ာ၏ စိတ်ထဲ ငြိငြင်စရာ ကြုံသွားလျှင်မကောင်း ..။

ပြီးတော့ .. ကိုယ်က ဥယျာဉ်မှူး ..။ မုန့်ဟင်းခါး သည် ..။ ကိုယ်သမီးက .. သူဌေးသားစီးသည့်ကားနှင့် ကျောင်း တက်ရမည် ဆိုတာကတော့ .. အားနာစရာဖြစ်မည်။ ကိုယ့်နေရာ ကိုယ့်အဆင့်ကို .. ကိုယ်သိရမည်ဟု ဦးမြမို သဘောပိုက်ထား သည်ပါပဲ ..။

"မေမေက ပြောတယ် ဘဘ .. ညီမလေးကို .. သားနဲ့ ကျောင်းတူတူသွားခိုင်းမှာတဲ့ .. ဘဘ မယုံလို့လား .. တကယ်ပါ ဘဘရဲ့ .. မေမေက အဲလို ပြောထားတာ ဗျ"

ဟု အခိုင်အမာကြီး ဟသ်ာရွှေ ပြောတော့ ဦးမြမို သမီးကို ကြည့်မိပြန်သည်။

သြော် .. ဤသမီးငယ်လေးသည် .. ဤအိမ်ကြီး၏ အရှင်သခင်သား .. သူဌေးသားလေးနှင့်အတူ ကားလေးဖြင့် ကျောင်း တက်ရမည်တဲ့ ..။

ကြာရှည်ဖြစ်နိုင်ပါမည်လားဟု ရင်ထဲထိန့်ချင်သည်။ ခက်သည်က .. သဘောထား ပြည့်ဝပါသည့် ဦးမြိုင်သော်နှင့် ဒေါ်မိုးယုဇွေတို့က သမီးကို .. တကယ်ပဲ .. ဟသ်ာနှင့်အတူ ကျောင်းတက်စေလျှင် .. ငြင်း၍လည်း မသင့်ပြန် ..။ စေတနာ ကို စော်ကားရာ ရောက်မည် ..။



သမီးလေးကို ဦးမြမို ကြည့်နိုက် .. အရာရာကို .. ဘာမျှ စိတ်မဝင်စားနိုင်ဗျာ .. မှေးရှားနီနီလေးနှင့် ဘဲလေးအရုပ် ကိုသာ တမေ့မေ့ .. နှစ်မြောဖွာ ငေးကြည့်နေတာကို မြင်လိုက် ရပါသည့်အဖြစ် ..။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ဟင် .. ကျေးချို .. ဘယ်သူလုပ်လိုက်လို့လဲဟင် .. ဘယ်ကောင် နိုင်စားလိုက်လဲ .."

ကျောင်းဆင်းချိန် ကားရပ်စောင့်ရာ နေရာလေးဆီသို့ အရင်ရောက်နှင့်နေပါသည့် ဟသ်ာ၏ မျက်နှာကြီး တည်တင်းမာကျောသွားရလျက် ချက်ချင်းမေးလိုက်ရပါပြီ။ ဟုတ်သည်လေ။ မြကျေးချိုလေး ခမျာ မျက်ရည်တွေကျနေရင်းမှ ဝမ်းနည်းရှိုက်လေးဖြင့် ရောက်လာသည်ကိုး ..။

"ကိုကို .. ကျေးချိုကို .. ဟိုတစ်ယောက်က ပါးဆွဲလိမ်သွားတယ် .. ကျေးချိုရဲ့ ဖေဖေက မုန့်ဟင်းခါးသည်ကြီးတဲ့ .."

လက်ညှိုးလေးထိုးပြရင်း မြကျေးချို တိုင်တိုင်တောတောလေး လုပ်လာခိုက်မှာ ဟသ်ာ မျက်နှာကြီး ရဲနေရင်းမှ မြကျေးချို ညွှန်ပြသည့်ဘက်ကို ကြည့်သည်။ တွေ့ရပါပြီ ..။ အတန်းထဲမှာ ဟသ်ာနှင့် စာပြိုင်ဘက်လည်းဖြစ် .. ခပ်စွာစွာ အလွန်နိုင်သည့် မောင်မောင်ဦး ..။



မြကျေးချိုလေးနှင့် ဟသ်ာ ကျောင်းတူတူလာတာ ..။ ကျောင်းဆင်းချိန် တူတူပြန်တာတွေကို မောင်မောင်ဦး မြင်နေသည်လေ ..။ ခုလည်း ဟသ်ာနှင့် ပတ်သက်သူအဖြစ် မြကျေးချိုလေးကို မြင်ကာ ဟသ်ာကို အနိုင်ကျင့်၍ မရတိုင်း မြကျေးချိုလေးကို ပါးဆွဲလိမ် နားဆွဲလိမ်နှင့် သွားလုပ်တာ ဖြစ်မည်။ ပြီးတော့ .. မုန့်ဟင်းခါးသည်သမီးဟုလည်း သွားနှိမ်တာ ဖြစ်မည်။

"ဒီကောင် သိမယ် .. ဘာလဲကွ .. ဟသ်ာရဲ့ကျေးချိုလေးကို သူ အဲသလိုလုပ်လို့ ရမလား .."

လက်သီးကျစ်နေအောင်ဆုပ်လျက် ဟသ်ာ ပြေးသွားလိုက်ပါပြီ။ ကျောင်းစိမ်းဘောင်းဘီ ကြိုးသိုင်းလေးနှင့် ရှပ်အင်္ကျီဖြူလက်ရှည်လေးကို ဝတ်ထားပါသည့် ဟသ်ာ ..။ ခုထိ သစ်ရိပ်အောက်မှာရပ်ရင်း အိမ်ကကားအလာကို စောင့်ရင်း စိတ်လက်ဖျည်နိုင်သလို မျက်မှောင်ကုတ်ကျနေပြီ ဖြစ်ပါသည့် မောင်မောင်ဦးအားနားသို့ ရောက်သွားရပါ၏။ ကားအကြိုလာတာ နောက်ကျ၍ စိတ်က ကားဆီမှာပဲ ရောက်နေသည့် မောင်မောင်ဦးမှာ ရုတ်တရက်ကြီး ခုလို ဟသ်ာ ရောက်လာမည်ဟုလည်း ထင်ထားပုံမရ ..။

လှရိပ်လာရပ်တာမို့ လှည့်အကြည့်မှာ ဟသ်ာ၏ လက်သီးက ပါးချိတ်ဆီသို့ ခွပ်ခနဲ ရောက်သွားပြီ ..။ လန်ကျလုလု မောင်မောင်ဦးကို အင်္ကျီကော်လာစုဆွဲဆောင့်ယူလိုက်ပြီးမှ နောက်တစ်ချက် ဟသ်ာ ထိုးသည်။ နှာခေါင်းမှ သွေးစီးကျလာတာမို့ မောင်မောင်ဦး လန့်လန့်ဖြင့် အော်ငိုပါ၏။ သုံးတန်းကျောင်းသားလေးတွေမို့ ကလေးပီပီ လန့်တော့လည်း မောင်မောင်ဦး ငိုလိုက်သည်မှ ခပ်ကျယ်ကျယ်ကြီးပါ ..။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီမလေးကို ပါးဆွဲလိမ်ရင် နောက်တစ်ခါ ဒီထက် နာမယ် မောင်မောင်ဦး .. မင်း သတ္တိရှိရင် ငါ့ကိုပါးလာ ဆွဲလိမ်ကြည့်ပါလား .. ငါဆိုတိုးမှာနော် .. မင်း မြကျေးရှုံ လေးကို နောက်တစ်ခါ မုန့်ဟင်းခါးသည်သမီးလို့ ပြော ကြည့် .."

"မုန့်ဟင်းခါးသည်သမီးမို့လို့ ပြောတာပဲ .. မဟုတ်လို့ လား .."

မောင်မောင်ဦး ဒေါသဖြင့် ပြန်ပြောလာသည်။ ငိုယိုနေတာ ရပ်လိုက်ကာ ဟသ်ာကို ထိုးလိုက်တော့ ဟသ်ာလည်း အငိုက်မိ တစ်ချက်နာသွားရသည်ပါပဲ ..။ မောင်မောင်ဦး ငိုနေတာ မို့ ကြောက်ဟု လျှော့တွက်ပြီး ကြိမ်းကြိမ်းမောင်းမောင်းပြော နေခိုက်မှာ အလစ်ထိုးခံလိုက်ရတာမို့ ဟသ်ာပဲလေ ..။ ဘာမျှကို ဆက်မပြောတော့ဘဲ လုံးထွေးသတ်ပုတ်ပစ်လိုက်ပါပြီတည်း ..။

ကျောင်းသား ကျောင်းသူလေးတွေလည်း ရန်ပွဲမို့ ဝိုင်းအုံကြ ..။ အော်ကြ ..။ ဆရာ၊ ဆရာမတွေလည်း ပြေးလာ ကြ ..။ လူချင်းခွဲရနှင့် အားလုံး ရှုပ်ထွေးကုန်ချိန်မှာဖြင့် သူတိုး ကိုယ်ထိုး .. သူနာကိုယ်နာနှင့် ဟသ်ာရော မောင်မောင်ဦးရော နာခေါင်းက သွေးကျနေကြပြီ ..။ ပိုနာသည်က မောင်မောင်ဦး ပါ ..။ ပါးစပ်ထဲမှသွေးကို ထွေးထုတ်ပစ်ပြီး ဟသ်ာမှ မောင်မောင် ဦးကို စိုက်ကြည့်နေဆဲ ..။ မျက်ဝန်းနက်နက်လေးတွေက လက် တောက်နေသည်။ ရှစ်နှစ်အရွယ်လေးနှင့် မမျှအောင် အကြည့်က တည်တင်းစူးရှလွန်းနေပါသည့် အဖြစ်။ ဆရာ၏လက်ထဲမှာ မရုန်းမကန် နေနေရင်းမှ ဟသ်ာ အံခဲ၍ ...



"နောက် .. မင်း .. ငါ့ညီမလေးကို ပါးဆွဲလိမ်ကြည့် .. နို့အောင်ပြောကြည့် .. လုပ်ကြည့် .. ငါ .. ထပ်ထိုးမှာပဲ မောင်မောင်ဦး .."

ဟု အပြတ်ပြောချစဉ်ခိုက် ဦးညိုမှ မျက်နှာအပျက် ပျက်ဖြင့် ဘေးမှာရပ်လာရင်း ...

"ငါ .. ကားခဏထားပြီး .. ကွမ်းရာသွားဝယ်နေတုန်း ကွာ .. မင်း ဒီမှာရန်ဖြစ်ထားနှင့်နေပြီ .."

ကွမ်းရာဆိုင်က ကျောင်းနားမှာ ရှိတာမဟုတ် ..။ ကျောင်းအနီးဝန်းကျင်မှာက ကွမ်းရာဆိုင် မရှိစေရတာမို့ ..။ အတော်လေးလှမ်းသည့် လမ်းပိုဘက်ချိုးလေးမှာ ကွမ်းရာပြေးဝယ် လိုက်ခဲ့မိသည့် ဦးညိုမှာ စိတ်မောလက်မော ရှိသွားရ .. အိမ်ကျ လျှင်လည်း ကလေးပြန်အလာကို မစောင့်ဘဲ ကွမ်းရာ အဝယ် ထွက်သည့်အပြစ်က ရှိနေပြီမို့ .. အပြစ်ဖြစ်တော့မှာကို ကြိုသိရ နှင့် မျက်နှာကို မကောင်းနိုင်ရှာ ..။

"ကဲ .. လာ .. လာ .. ဆရာမကြီးရုံးခန်းကို သွားရမယ်"

ဟု အတန်းပိုင်ဆရာ ဦးရန်နိုင်မှ ပြောတာမို့ မောင်မောင်ဦးရော ဟသ်ာပါ ကျောင်းရုံးခန်းရှိရာ ကျောင်းဆောင် ၏ အပေါ်ထပ် ထောင့်ခန်းကျယ်ကြီးဆီသို့ ရောက်သွားကြရပါ၏။ ဦးညိုမှာလည်း မနေသာ ..။ မြကျေးရှုံလေး စုမှုပိုလန့်၍ ငိုနေတာမို့ ပွေ့ချီပြီး ကျောင်းရုံးခန်းဆီသို့ ဟသ်ာတို့နောက်မှ လိုက်သွားရပါပြီ ..။ ရုံးခန်းရောက်တော့ ဒေါ်ရာကိုယ်စီ၊ ညီမငြိမ်း ရာ ကိုယ်စီနှင့် ရှိနေကြပါသည့် ဟသ်ာနှင့် မောင်မောင်ဦးကို ဆရာမကြီးမှ စစ်မေးတော့ အပြစ်မှန် ပေါ်သွားသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ကြည့်ပါ ဆရာမကြီး .. သားရဲ့ညီမလေးပါးပေါ်မှာ ဆွဲလိမ်ရာကြီး ညိုနေတာပဲ ဥစ္စာ .. ပြီးတော့ .. မြကျေးချိုလေးကို မုန့်ဟင်းခါးသည် သမီးလို့လဲ ပြောတယ် .. မုန့်ဟင်းခါးရောင်းတာပဲ .. ဘာထူးဆန်းလို့လဲ .. သူက .. သူ့အမေ သူ့ရွှေးဆိုပြီး သားရဲ့မြကျေးချိုကို နှိမ်တာ .. ညီမလေး စိတ်ဆင်းရဲအောင် လုပ်တာ .. သားမခံနိုင်လို့ သွားထိုးတာပါ ဆရာမကြီး .."

ထိုးတာကိုလည်းမလိမ် ..။ ဖြစ်တာကိုလည်း ဘွင်းဘွင်းဖွင့်ပြောပြတာမို့ ဆရာမကြီး လှမ်းကြည့်သည်က မောင်မောင်ဦးကိုပါ ..။

"ဘာလို့ အဲသလို .. မြကျေးချိုကို ပြောတာလဲ မောင်မောင်ဦး .. ဘာလို့ ပါးဆွဲလိမ်တာလဲ .. သူက မင်းထက် အများကြီး ငယ်တယ် .. မိန်းကလေးလဲ ဖြစ်တယ် .. ညီမလေးအရွယ်ကို ဒီလိုလုပ်ရလား .."

ဟု မေးတော့ မောင်မောင်ဦး ငြိမ်ကုပ်နေပါ၏။ မကျေမနပ်တော့ ဟသ်ာကို ကြည့်သည်။ ဟသ်ာ ပြောတာတွေကလည်း အမှန်ချည်းမို့ မငြင်းသာ ..။ ဒါပေမဲ့ .. ခုလို အထိုးခံရတာရော .. ကျောင်းရုံးခန်း ရောက်ရတာကြောင့်ရော မောင်မောင်ဦး ရင်ထဲ သိပ်မကျေနပ်ချင် ..။

"သား အမှန်အတိုင်း ပြောတာပါ ဆရာမကြီး .. သားတို့နေတဲ့လမ်းထောင့်မှာ အဲဒီ မြကျေးချိုရဲ့အမေ .. မုန့်ဟင်းခါးကို တွန်းလှည်းကြီးနဲ့ လာလာရောင်းနေတာပဲ ဥစ္စာ ..



ဟသ်ာတို့နေတဲ့လမ်းနဲ့ သားတို့လမ်းလဲ သိပ်မဝေးတော့ သား သိနေတာမို့ ပြောတာပါ ဆရာမကြီး .."

"အဲသလို မပြောရဘူးလေ .. မုန့်ဟင်းခါးရောင်းတာ ဘာဖြစ်လဲ .. မြကျေးချိုရဲ့အမေက အလုပ်လုပ်စားတာပဲ .. ရိုးရိုးသားသား လုပ်ကိုင်စားသောက်တာကို .. ရှက်စရာလို့ မြင်သွားအောင် မင်းက ညီမလေးကို အဲသလိုမပြောရဘူး .. မနှိမ်ရဘူး .. ကြားရဲ့လား .. မောင်ဟသ်ာရွှေကလဲ .. အဲသလို မကျေနပ်တာကို သွားမထိုးရဘူး .. ဆရာဦးရန်နိုင်ကို ပြောပြပေါ့ .. ဆရာက ဆုံးမမှာပေါ့ .. ဆရာမကြီးရုံးခန်းမှာလဲ ခေါ်ပြောမှာပေါ့ .. ခုလို .. ထိုးကြိတ်တာ မကောင်းဘူး သိရဲ့လား .. နောက်ကို .. မောင်မောင်ဦး အဲသလို ညီမလေးကို ဆွဲလိမ်ရင် .. ရိုက်တာတွေ ဘာတွေ လုပ်ရင် .. မုန့်ဟင်းခါးသည်သမီးလို့ ပြောရင် .. သားရဲ့ ဆရာကို တိုင်ပြော .. ဟုတ်ပလား .. ခု .. နှစ်ယောက်စလုံးမှာ အပြစ်ရှိတယ် .. မောင်မောင်ဦးက .. ကလေးကိုလဲ ဆွဲလိမ်တယ် .. နှိမ်လဲနှိမ်တယ် .. ဟသ်ာကိုလဲ ထိုးကြိတ်တာတွေ ဘာတွေ ဆက်ဖြစ်ကြတယ် .. အဲဒါတွေအားလုံးရဲ့ အပြစ်ရဲ့အစဟာ မင်းကစတာမို့ မင်းက ပိုအပြစ်ရှိတယ် .. ကဲ .. လက်ဝါးဖြန့် .."

ဟု ဆိုကာ ဟသ်ာကို လက်ဖဝါးမှာနှစ်ချက် ..။ မောင်မောင်ဦးကိုကျတော့ လက်ဖဝါးမှာနှစ်ချက် .. တင်ပါးမှာ သုံးချက် ပေတံနှင့် ရိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မိဘများထံလည်း နောက်နေ့မှာ ကျောင်းသို့လာကြဖို့ အကြောင်းကြားစာကို နှစ်ယောက်စလုံး၏ လက်ထဲ ထည့်ပေးလိုက်သည်က ဆရာမကြီးပါ ..။

မြကျေးချိုလေးမှာ ဟသ်ာ အရိုက်ခံရတာ မြင်တော့ ဝို၍ ငိုယိုလာရင်းမှ ..

"ကိုကို့ကို .. မရိုက်ပါနဲ့ .. ကိုကို နာနေပြီ .."

နှင့် ကြောက်ကြောက်နှင့် ငို၍ပြောရှာ ..။ ကိုယ်တိုင်နာနေသည့်နှယ် အရမ်းလည်း ငိုနေရှာပါသည့်အဖြစ် ..။ ဆရာမကြီးမှ နီညိုနေသည့် ပါးပေါ်မှ ဒဏ်ရာကိုကြည့်ကာ ပရုတ်ဆီလေး လူးပေးပါ၏။ မောင်မောင်ဦးကိုလည်း ထပ်ကြည့်ကာ ...

"နောက်တစ်ခါ .. မြကျေးချိုလေးကို ဒီလိုလုပ်ရင် .. သားကို .. ကျောင်းထုတ်လိုက်ရလိမ့်မယ် .. သိလား .."

ဟု ပြောတော့ မောင်မောင်ဦး လန့်လျက် ငြိမ်နေကာ မျက်နှာလေးငယ်ကျလျက် ဆရာမကြီးကို မကြည့်ရဲတော့ဘဲ ခေါင်းကြီးငုံ့ချကာ ...

"ဟုတ်ကဲ့ဗျ .."

ဟု အသံတိုးလေးဖြင့် ဖြေသည်။ ထိုစဉ်နိုက်မှာပဲ မောင်မောင်ဦးကို လာကြိုသည့်ကား ရောက်လာကာ ..။ ကြိုသူမှာလည်း ဖခင်ကိုယ်တိုင် ဖြစ်နေတာမို့ ကျောင်းရောက်တာနှင့် သားတော်မောင် ရန်ပွဲသတင်းကို ကြားကြားချင်း စိတ်လက်ပူစွာ ကျောင်းရုံးခန်းသို့ လိုက်လာရှာပါ၏။

ဆရာမကြီးမှ အဖြစ်စုံ ပြောပြတော့ သားလုပ်သူကို ဦးအောင်တင့် ဒေါသဖြင့် ကြည့်လိုက်ရင်းမှ ...



"ဘာလို့ အဲသလို လုပ်ရတာလဲ မောင်မောင် .. သားမှာ အပြစ်ရှိတယ် .. ဒီက သားရဲ့သူငယ်ချင်း မမှားဘူး .. သူ့နေရာမှာ ဖေဖေဆိုရင်လဲ .. သူလုပ်သလို ထိုးမှာပဲ .. သိရဲ့လား .. ခု .. ညီမလေးကိုရော .. ညီလေးကိုရော .. တောင်းပန်စမ်း .."

ဟု ဆုလည်းဆု ..။ မြကျေးချို၏ ပါးလေးကိုကြည့် ..။ ဟသ်ာထံမှ ဒဏ်ရာကိုကြည့်နှင့် မျက်နှာပျက်နေရရှာသည်က ဦးအောင်တင့်ပါတည့် ..။ ဆရာမကြီးကိုလည်း တောင်းပန်ကြည့်ဖြင့် ကြည့်ကာ ...

"သား မလိမ္မာတော့ .. ကျွန်တော် တောင်းပန်ပါတယ် ဆရာမကြီး .. နောက်ကို .. ဒီလိုမဖြစ်စေရပါဘူး ခင်ဗျာ .."

ဟုသာ တွင်တွင်ပြောရှာပါသည့် အဖြစ်။

"ကျွန်မ .. ဟသ်ာ့ရွှေရဲ့ မိဘကိုလဲ မနက်ဖြန် ကျောင်းရုံးခန်းလာခဲ့ဖို့ ခေါ်ထားပြီးသားပါ .. သူ့မိဘရောက်လာရင်လဲ ကျွန်မ .. ဟသ်ာနဲ့ ပတ်သက်လို့ ပြောသင့်ပြောထိုက်တာ ပြောရမှာပါပဲ .. ကျောင်းမှာ .. ထိုးတာကြိတ်တာမျိုး အထိ ဖြစ်ကြတာကို ကျောင်းစည်းကမ်းအရ ဘယ်သူ့ကိုမှ ခွင့်မပြုနိုင်ပါဘူး .. ဒီလိုအဖြစ်မျိုး ထပ်ဖြစ်လာရင်တော့ .. ကျောင်းစည်းကမ်း ချိုးဖောက်တာမို့ .. ကျွန်မတို့ .. လုပ်သင့်တာ လုပ်ရမှာပါပဲ .."

ဟု ပြောတော့ ဦးအောင်တင့်မှ ခေါင်းသာညိတ်ပြရှာပါသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဦး .. ဘာငြိမ်နေတာလဲ .. ဒီကသားနဲ့သမီးကို ဘောင်းပန်စမ်း .. ပြီးတော့ .. ဆရာမကြီးကိုလဲ ကန်တော့ ပြီး ဘောင်းပန် .. နောက်ကို မင်း ရန်ဖြစ်ကြည့် .. ဖေဖေ နဲ့ အတွေ့ပဲ .."

ကုန်တိုက်ကြီးနှင့် အရမ်းကို ချမ်းသာသည့် ဦးအောင်တင့်မှာ ချမ်းသာဂုဏ် မောက်နေသည့်သားကို ခုကတည်းက .. နိုင်အောင်ထိန်းနိုင်ဖို့ လိုအပ်နေပြီဆိုတာ သဘောပေါက်စိတ်လေး နေသည့် အသွင်ပါ ..။

မောင်မောင်ဦး မျက်နှာမသာမယာနှင့် ဟသ်ာရှေ့ သွားရပ်ကာ ...

"ဆောရီး .. နောက်ကို .. ဒီလိုမလုပ်တော့ပါဘူး ဟသ်ာ .."

ဟု ပြောကာ မြကျေးချိုကိုလည်း ကြည့်၍ ...

"နောက်ကို .. အဲသလို မလုပ်တော့ပါဘူး မြကျေးချို .."

ဟု ပြောပါ၏။ ဟသ်ာကို ရိုက်တာ မြင်လိုက်ကတည်းက ဦးညို၏ကိုယ်ပေါ်မှ ငိုယို၍ လျှောဆင်းကာ ဝမ်းနည်းရှိုက်လေးဖြင့် ခုထိ ငိုနေဆဲ မြကျေးချိုကတော့ မောင်မောင်ဦးကြောင့် ဟသ်ာ အရိုက်ခံရသည်ဟု မကျေနပ်နိုင်ဘဲ ခပ်စိုက်စိုက်လေး ပြန်ကြည့်နေပါသတည်း။

ဆရာမကြီးကို ကန်တော့တောင်းပန်တော့ မောင်မောင်ဦး ဘေးမှာ ဟသ်ာလည်း လိုက်ထိုင်၍ ကန်တော့လိုက်ပါ၏။

ဆရာမကြီးမှ ပြုံး၍ ...

"ကဲ .. ပြန်ချိန်လဲ နောက်ကျကြရပြီ .. ပြန်ကြ .. ပြန်ကြ .. နောက်ကို .. ဒီလိုမဖြစ်စေနဲ့ .. ကြားရဲ့လား .."



မနက်ဖြန် .. မောင်ဟသ်ာရွှေရဲ့ မိဘများ လာကြဦး .. ဟုတ်ပလား .. ဦးအောင်တင့်လဲ လာစေချင်ပါတယ် .. နှစ်ဖက်မိဘစုံညီနဲ့ပဲ ကျွန်မ ပြောချင်ပါတယ် .. ဘယ်သူ့ ဘယ်သူကိုမှ .. ကျွန်မ .. နစ်နာစေဆို ပိုမပြောဆိုဘူးဆိုတာ နှစ်ဖက်အမြင် ရှင်းစေချင်လို့ပါ .."

ဟု ပြောတာမို့ ဦးအောင်တင့်မှ ခေါင်းညိတ်ရှာပါ၏။

အားလုံး ကျောင်းရုံးခန်းမှ ပြန်ဆင်းလာကြရရှင်း ..

"ငါတော့ .. ခေါင်းကို မိုးကြိုးပစ်ပါပြီကွာ .. မင်းဟာလေ .. လူက လက်တစ်ဆစ်လေး ရှိသေးတယ် .. စိတ်က .. မြန် .. လက်ကသွက်နဲ့ ဖြစ်နေပြီ .. ဒါတောင် .. မြကျေးချိုလေးက ငယ်သေးလို့ .. ကြီးလာရင် လူမျိုးစကားပြောတဲ့ကောင်တွေကို ခင်းလိုက်သတ်မယ်ထင်တယ် .. ဖိုးဟသ်ာ .. ငါတော့ ရင်လေးတယ်ကွာ .."

ဟု ဟီးချ၍ ညည်းလည်းညည်း ..။ အိမ်သို့စိတ်သားလေးဖြင့် ကားမောင်းပြန်လာရပေမယ့် ..။ အိမ်ရောက်တာနှင့် ပြဿနာစတော့မည် ဆိုတာကိုတော့ အတပ်သိထားပါသည့်အဖြစ် ..။ တကယ်လည်း ကြာရိပ်မြိုင်၏ ပေါ်တီကိုကြီးအောက်မှာ ကားရပ် ..။ ကားပေါ်မှ ဟသ်ာရွှေနှင့် မြကျေးတို့ဆင်းတော့ အိမ်ပေါက်ဝမှာ လာရပ်ကြိုနေပါသည့် ဒေါ်ကြီးခထံမှ ...

"အမယ်လေးလေ .. ကျုပ်ရဲ့ ရွှေဟသ်ာ .. ဖိုးသာလေး မျက်နှာ ဘယ့်နှယ်ကြီး ဖြစ်လာရတာတဲ့တုံး .. မမလေးရေ .. ဒီမှာ ဖိုးသာလေး .. မူးရောင်လို့ပါလား .. မောင် ..

www.burmeseclassic.com

www.burmeseclassic.com



မြကျေးချိုလေးလဲ ပါးလေးညိုလို့ .. ငိုလဲငိုလို့ .. ဘာတွေများ ဖြစ်ကြပါလိမ့်မလဲနော် .. ဘုရားရေ ..”

နှင့် ရင်တီးလက်ခတ်ကြီး အရင်ဖြစ်ပြီ ..။ ဟသ်ာကိုရော မြကျေးချိုကိုရော ဒေါ်ကြီးဇာ အရမ်းချစ်တာ ကိုညိုလည်း အသိပါ ..။ လောလောဆယ် အဖြစ်စုံကို မပြောပြချင်သေး။ လူစုံမှပဲ တစ်ခါတည်း ပြောလိုက်တာက အေးမည်။ တစ်ယောက်ကို အစအဆုံး ပြောပြ ..။ တစ်ခါ .. နောက်တစ်ယောက်ကို ပြန်ပြောပြရ ..။ ပြီးလျှင် ကျန်သည့်တစ်ယောက်ကို ထပ်ပြောပြရနှင့် လူလည်း သက်သာမှာ မဟုတ် ..။ ဒီတော့ .. လူစုံမှတစ်ခါတည်း ပြောပြလိုက်တာကမှ တစ်ခါတည်း ကိစ္စလည်းပြတ် ..။ လူလည်း အာခြောက်သက်သာမည် ..။ ဟသ်ာတိုလက်ဆွဲ ..။ မြကျေးချိုကို ပွေ့ချီ၍ ဦးညို ဧည့်ခန်းသို့ ဝင်သည်။ ဒေါ်ကြီးဇာကတော့ ခုထိ ရင်ကိုဖိ၍ အောကလိုက်လာဆဲ ..။

“အခု .. ဦးမြမို့ ကန်တော်ကြီးဥယျာဉ်မှာ ပန်းမျိုးစေ့ အဝယ်ထွက်သွားလို့ တော်သေးတယ် .. ကလေးတွေ မျက်နှာမြင်ရင် .. သူကလဲ .. ကလေးနဲ့ပတ်သက်လာရင် .. အဖြစ်သည်းသည်းရယ် .. ကြည့်ပါဦး .. ကျုပ်ရဲ့ကလေးတွေ .. ဒဏ်ရာနဲ့ .. မျက်ရည်နဲ့ .. ဟသ်ာမှာဖြင့်ပိုဆိုး .. ညိုလို့မည်းလို့ .. သွေးတွေလည်း အင်္ကျီလက်မောင်းမှာပေလို့ .. ပါးစပ်ထောင့်မှာလဲ သွေးပေလို့ .. နှာခေါင်းလဲ ရောင်လို့ .. ပါးလဲရောင်လို့ .. နဖူးမှာလဲ အညိုအမည်းနဲ့”

ဟု ပြောနေတော့ ဦးညို စိတ်မောမောဖြင့် ထိုင်ချလိုက်ကာ ...



“အဲဒီအတိုင်းပဲ .. အဲဒီထက်တောင် ဆိုးသေးတယ် .. ဟိုကောင့်က မျက်နှာမှာ ရောင်စုံခြယ်ပြီး ကျန်ခဲ့တာ .. အညိုရော .. အနီရော .. အပြာရော .. ဖူးရောင်တာရော .. နှာခေါင်းကြီး ရောင်နေတာရော .. အဲသလိုပဲ ဟိုက မောင်မောင်ဦး ဆိုတဲ့ကောင်လဲ ဒဏ်ရာပရပွနဲ့ ကျန်ခဲ့တာ .. အဖြစ်စုံ နောက်မှ ရှင်းပြမယ် .. လောလောဆယ် .. ကျွန်တော် ရင်ထဲမောနေရ .. ပူနေရလွန်းလို့ ရေတစ်ခွက်သာ ခပ်တိုက်ပါဗျာ ..”

ဟု တားယူရသည်အထိပါ ..။ ဒေါ်ကြီးဇာ ရေတစ်ခွန်ခွက် ပြေးခပ်တိုက်နေခိုက်မှာပဲ အပေါ်ထပ်ဆီမှ ဒေါ်မိုးယုငွေလည်း ဒေါ်ကြီးဇာ လှမ်းအော်ခေါ်ခဲ့တာ ကြားတာမို့ ဆင်းလာခါပြီ။ သားတော်မောင်၏ ဒဏ်ရာမျက်နှာကိုမြင်တော့ လန့်သွားရလျက် ...

“ဟင် .. ဟင် .. မေမေ့သားလေး ဘယ့်နှယ်ဖြစ်တာလဲ .. ကိုညို .. ဒီကလေး ရန်ဖြစ်လာတာလား .. အထိုးခံရတာလား .. ဘာဖြစ်တာလဲရှင့် .. ကိုညို ရှိရက်နဲ့ ဖြစ်ရတယ်လို့ ..”

ဟု ပြောကာ မျက်ရည်တွေကျရင်း သား၏မျက်နှာကို လက်ဖြင့် ဖွဖွလေးထိကြည့် ..။ ဆရာဝန်ခေါ်ပါ .. ဟု ဒေါ်ကြီးဇာကို မှန်းအဆက်မိုင်းနှင့် ချက်ချင်း မျာမျာသလဲ ပူပန်သလဲ ဖြစ်ကုန်ရသည်ပါပဲ ..။

“မောင့်ဆီကိုလဲ .. တစ်ခါတည်း .. ဆက်လိုက်ပါ ဒေါ်ဇာရယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်ရည်တစမ်းစမ်းဖြင့် ဒေါ်မိုးယုငွေမှာ သားဒဏ်ရာလေးတွေကို ကြည့်ရင်း ပြောနေရှာပါ၏။

“သား .. ဘာမှမဖြစ်ဘူး မေမေ .. ဟိုကောင်က ပိုနာတာ .. ညီမလေးကို ပါးလဲဆွဲလိမ်တယ် .. မုန့်ဟင်းခါးသည်သမီးလို့လဲ နှိမ်တယ် .. ညီမလေးရဲ့ အတန်းက သူငယ်ချင်းတွေရှေ့မှာ နှိမ်တာ .. ညီမလေး ငိုတာပေါ့ .. သား .. အုပ်ထည့်ပစ်ခဲ့ပြီ မေမေ .. မနက်ဖြန် .. ဖေဖေနဲ့မေမေ .. ဆရာမကြီးကိုသွားတွေ့ရမှာ .. စာပေးလိုက်တယ် မေမေ .. ဒီနေ့ .. မောင်ဦးရဲ့ဖေဖေ ရောက်လာလို့ .. သူ့အဖေကိုလဲ ဆရာမကြီးက ပြောတယ် .. မနက်ဖြန် .. လာခဲ့ပါတဲ့ .. မောင်မောင်ဦးကိုရော .. သားကိုရော .. ဆရာမကြီးက အပြစ်ပေးတယ် .. မောင်ဦးကို ပိုပေးတယ် မေမေ ..”

ဟု တောက်လျှောက်ကြီး ပြောချလိုက်တော့ ဟင်ခနဲဖြစ် ငြိမ်သွားရသည်က ဒေါ်မိုးယုငွေပါတည့် ..။ ခုမှ .. မြကျေးချိုလေးကိုလည်း ကြည့်မိရ ..။ ဒဏ်ရာမြင်ရနှင့် ဖြစ်သွားရပါသည့် အဖြစ် ..။

ဟသ်ာချွ ပြောလိုက်တာတွေက အတော်လေးတော့ ပြည့်စုံနေပြီမို့ ဆရာမကြီး ပြောပြတာတွေကို ထည့်ဖြည့်ပြောပြရင်းပြနှင့် ဦးညိုမှာလည်း ကွမ်းအဝယ်ထွက် ခြေရှည်မိသမျှ မျက်နှာငယ်လေးဖြင့် ရှိနေရပါပြီ ..။

ဟသ်ာ မေမေ့ကိုကြည့်တော့ ပထမ ငြိမ်သက်၍ ကြည့်သည်။ နောက်တော့ .. သက်ပြင်းရှိုက်သည်။ စိတ်မောကိုယ်မောဖြင့် ခေါင်းလည်းခါသည်။ နောက်တော့ .. ခြော် .. နောက်



တော့ .. သားတော်မောင်၏ ကိုယ်လေးကို ရုတ်ခနဲဖက်ပစ်လိုက်ရင်းမှ စတင်၍ စိတ်ညစ်ညစ်ဖြင့် ရှိနေသည့်ကြားမှ ရယ်သံလေးဖြင့် ..

“အံမယ်လေး .. မေမေ့သားကတော့လေ .. ခုကတည်းက ဒီကျေးချိုလေးနဲ့ ပတ်သက်လာရင် .. ကျေးချိုထိ .. လက်သီးကြည့် ဖြစ်နေတာကိုး .. ကောင်းတယ် .. အဲဒါတော့ မေမေ သဘောကျတယ် .. ဟိုကောင် .. ဘယ်သူလဲ .. မောင်မောင်ဦး .. ဟုတ်လား .. သူ .. ကျေးချိုလေးကို နောက်ကျရင် .. ဗိုလ်ကျရဲ့တော့မှာ မဟုတ်ဘူး .. သူကများ ပြောရသတဲ့လား .. မုန့်ဟင်းခါးသည် သမီးလေးဘာလေးနဲ့ .. ဟွန်း .. မေမေ့ကျေးချိုလေးကိုများ နှိမ်နှိမ်ချချကြီး လုပ်ချင်နေသကိုး .. ကောင်းတယ် .. အဲ့သလို သားက ဆုံးမပစ်လိုက်တော့ ကိစ္စပြတ်ရော .. ရတယ် .. မေမေ မနက်ဖြန် ကျောင်းလိုက်သွားမယ် .. သားကို မေမေ အပြစ်မပြောဘူး .. သားလုပ်တာ မှန်တယ်လို့ မေမေ မပြောချင်လို့သာ မပြောဘဲ ထားပေးလိုက်ရတာ .. လုပ်တာကတော့ .. လုပ်ရမယ့်ကိစ္စပဲကွ ..”

နှင့် သားကို မြှောက်ပေးနေပါသည့် ဒေါ်မိုးယုငွေကို ဒေါ်ကြီးစာရော ဦးညိုရော ငေးကြည့်ကြသည်မှ တအံ့တသြ ဖြင့်ပါတည့် ..။

“သားကို ဆရာမကြီးရိုက်တော့ .. ညီမလေးက သူ့ကိုရိုက်သလိုပဲ မေမေ .. ငိုလိုက်တာမှ အရမ်းပဲ .. ဆရာမကြီးတောင် .. ကျေးချိုလေးကို သနားသွားတာ ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြည့်ပြောသည့် ဟာသ်ပါ ..။ မေမေမှ မြကျေးချိုလေးကို ပွေ့လိုက်ရင်းမှ ..

"အို .. သမီးလေးကလဲ .. ခုထိ .. ငိုနေတာကိုး .."

ဟု ပြောခိုက် ကျေးချို မျက်ရည်ကျလာရင်းမှ ..

"ကိုကို့ကို .. ဆေးလူးပေးပါ .. ဆေးလူးပေးပါ .."

ဟု ပြောနေတော့ ..

"ဟင်း .. ဟင်း .. ဆေးပါထိုးပစ်မှာနော် .."

ဟု ပြောလိုက်သည်က ဒေါ်မိုးယုငွေပါ ..။

"ဟင် .. ဆေးမထိုးပါနဲ့ .. ကိုကိုနာမှာ .. နာမှာ .."

နှင့် ငိုပြောနေတာမို့ ဒေါ်မိုးယုငွေ ပြုံး၍ ဤကလေးနှစ်ယောက် အတော်ကြီး ချစ်ကြသည်ပဲဟု ကြည်နူးရပါသည့်အဖြစ် ..။

"လာ .. သားကို မေမေ အဝတ်လဲပေးမယ် .. မျက်နှာလဲ သန့်ပေးမယ် .. ဒေါ်စာရေ .. သမီးလေးရဲ့ အဝတ်တွေ သွားယူလာပါဦး .. ကလေးနှစ်ယောက်စလုံးကို မိုးပဲ လုပ်ပေးလိုက်တော့မယ် .. လာ .. လာ .."

ဟု ဒေါ်ကာ မျက်နှာကို ရေနွေးဖြင့် သန့်စင်ပေး..။ နှစ်ယောက်စလုံးကို အဝတ်အစားလဲပေးနှင့် ရှိသွားရပါသည့်အဖြစ် ..။

"ပေတူးနေတာပဲ အဝတ်တွေက .."

ဟု ဖက်လုံးလာတာမို့ သဲပေ ဖုတ်ပေနှင့် ရှိနေသည့် အဝတ်ကိုကြည့်၍ မေမေ ရယ်သည်။



"ကဲ .. ဒေါ်ကြီးစာတိုက်တဲ့ ကော်ဖီ သွားသောက်ကြ .. သား .. ညီမလေးနဲ့ ခြံထဲမှာ နေလိုက်ဦး .. ဒေါ်စာရေ.. ဒေါက်တာနုနုဝေနဲ့ တွေ့သေးလား .."

"ညနေဆေးခန်းပိတ်ပြီးမှ ဝင်ခဲ့မယ်တဲ့ .. မမလေး .."

ဟု ပြောတာမို့ ဒေါ်မိုးယုငွေမှ ဖုန်းလေးပြန်ဆက်လိုက်ရသည်က ခင်ပွန်းသည်ထံသို့ပါ။

"မောင်ရေ .. အရမ်း စိတ်မပူနေနဲ့တော့ .. မိုးလဲ မြင်မြင်ချင်းလန့်ပြီး မောင့်ဆီလဲ ဆက်ခိုင်း .. နုနုဆီလဲ ဆက်ခိုင်းနဲ့ ဖြစ်ကုန်ရတာ .. မောင်အလုပ်က ပြန်ရောက်လာမှပဲ အားလုံး မိုးပြောပြတော့မယ် မောင်၊ ဪ .. မောင်က ထွက်တောင် ထွက်လာတော့မလို့လား .. အေးလေ .. လာရင်လဲ လာလိုက်တော့ပေါ့ မောင်ရယ် .. မောင့်သားလက်စွမ်းထက်တာတွေ စောသိရတာပေါ့ မောင် .."

ဟု ပြောနေစဉ်ခိုက်မှာ ဟာသ်နှင့် မြကျေးချိုလေးတို့ ကော်ဖီလည်း သောက်ပြီးပြီမို့ မုန့်တစ်ခုစီကိုင်လျက် ထုံးစံအတိုင်း ခြံထောင့်ရှိ ရေတမာရိပ်ဆီသို့ သွားလိုက်ကြရသည်ပါပဲ။

"ညီမလေးကို .. ကိုကို .. လုပ်ပေးစရာရှိတယ် သိလား"

ပြကွဒိန်ထဲမှ မင်းသမီးလေး ရွှေခြေကျင်းဝတ်ထားတာမြင်သည့် မြကျေးချိုလေးမှ ခြေကျင်းဝတ်ချင်ပါသည်ဟု မနေ့က ဟာသ်ကို ပြောခဲ့တာ မမေ့နိုင်ဘဲ ရှိနေလျက် ..။ ပေါ်တုတ်တုတ် သွပ်နန်းကြိုးတိုလေးနှင့် ရွှေရောင်စက္ကူကိုယူကာ ခြေကျင်းလုပ်ဖို့ တာစူနေသည်က ဟာသ်ပါတည့် ..။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ဘူးထဲမှ ရွှေရောင်စက္ကူကို သွပ်နန်းကြိုးမှာ သေချာစွာပါဂလူးနှင့်ကပ် ။ ကွေးလိုက်တော့ ရွှေရောင်ဝင်းနေသည့် ခြေကျင်းသေးလေးတစ်ခုတော့ ဖြစ်သွားသည်ပါပဲ ။ ခုကျတော့လည်း မြကျေးချိုလေးမှ သားမှင့တ်တုတ်လေး ထိုင်ကြည့်ကာ မျက်တောင်ပင် မခတ်နိုင်စွာ စိတ်ဝင်တစားကြီး ရှိသွားရရင်း .. စောစောက ကျောင်းမှာဖြစ်ခဲ့တာတွေ မေ့ကျသွားရပါသည့် အဖြစ် ။

"လုတယ်နော် ကိုကို .. အဲဒါ .. ပြက္ခဒိန်ထဲကဟာလား ကိုကို .."

ဟုမေးတော့ ခြေကျင်းလေးကို ခြေထောက်မှာကွေး၍ ဝိုင်း၍ ဝတ်ပေးလိုက်ပြီးမှ ..

"ရေမစိုစေနဲ့နော် မြကျေးချို .. ကဲ .. ဘယ်လောက်လှလဲ"

ဟုပြောတော့ မျက်ဝန်းနက်နက်လေးတွေဖြင့် ခြေထောက်လေးကို ငုံ့မိုးကြည့်လိုက် ။ ခြေထောက်လေးကို မြှောက်၍ ယမ်း၍ ကြည့်လိုက်နှင့် ရှိနေရာမှ ..

"ဟင် .. ဒီမှာလဲ ဝတ်ရမှာ ကိုကိုရဲ့ .. မင်းသမီးလေးက နှစ်ဖက်စလုံးမှာ ဝတ်ထားတာ .. ခုလုပ်ပေး .. ခုလုပ်ပေး"

မျက်နှာလေး တစ်ချက်မလန်းတော့ဘဲ ပူပူဆာဆာ ပြောလာတော့ ဟသ်ာ လက်လေးကာ၍ ...

"လုပ်ပေးမှာပေါ့ကွ .. ဒီမှာ ပါလာပါတယ် ကျေးချိုရဲ့ .. ကိုကိုက .. ခြေထောက်နှစ်ဖက်စလုံးမှာ ကျေးချိုလေးဝတ်ဖို့ ခြေကျင်းလုပ်ပေးရမယ့်ဥစ္စာ .. တစ်ဖက်ထဲတော့ ဖြစ်မလားဗျ .. ဘက်ပဲ့နေမှာပေါ့ .."



ဟု ပြောကာ ချွေးတလုံးလုံးဖြင့် ခြေကျင်းလုပ်နေပါသည့် ပန်းတိမ်ကျော် ဖြစ်နေသည်ပါပဲ ။ ရွှေစက္ကူကို နန်းကြိုးပေါ်မှာ ပတ်၍ ပတ်၍ စိတ်ရှည်လက်ရှည် ခြေကျင်းတစ်စုံ လုပ်နေပါသည့် ဟသ်ာ၏ ဘေးမှာ မြက်ခင်းပေါ် ဖင်ချထိုင်လိုက်ရင်းမှ ..

"မြန်မြန်လုပ်ပါ ကိုကိုရဲ့ .. ဝတ်ချင်လှပြီ .. မေမေလာရင် ပြမှနော် .. အန်တီမိုးကိုလဲ ပြမှာ .. ဘဘကိုလဲ ပြမှာ .."

နှင့် လောနေတော့ ..

"ဟာ .. ဖြည်းဖြည်းပေါ့ ကျေးချိုရ .. ဒါ .. ဂရုတစိုက်နဲ့ လုပ်ရတာကွ .. ရေလဲမစိုစေနဲ့နော် .. စက္ကူတွေ ကွာကုန်မယ် သိရဲ့လား .."

မေမေ့ စီးကရက်ဘူးထဲမှ ရွှေရောင်စက္ကူကိုယူ၍ မြကျေးချို အတွက် ခြေကျင်း အလုပ်ကောင်းနေသည့် ဟသ်ာ၏ ဘေးမှာ လှတယ်နော် .. လှတယ်နော် .. နှင့် မြကျေးချိုလေးကလည်း တပျော်ပျော်ဖြင့် ရှိနေပါချေသတည်း ။

ခြေကျင်းလေး ပြီးတော့ ကျန်နေသည့် ခြေထောက်လေးမှာ ဟသ်ာလေး ဝတ်ပေးလိုက်ပါ၏ ။

"ကိုကို ကြီးလာတဲ့အခါ .. ပိုက်ဆံစုပြီး .. ကျေးချိုလေးအတွက် .. ရွှေအစစ်နဲ့ ခြေကျင်းလုပ်ပေးမယ် သိလား .. အစစ်နဲ့ .."

ဟု ရင်ထဲရှိတာကို ပြောတော့ မြကျေးချိုမှ ရွှေရည်ရောင်လေး ဝင်းလဲ့စွာ ရှိနေပါသည့် စီးကရက်စက္ကူရွှေခြေကျင်း

www.burmeseclassic.com

www.burmeseclassic.com



လေးကို ခြေထောက်လေး နှစ်ဖက် လှုပ်ခတ်၍ သဘောတကျကျ ဖြင့် တပြုံးပြုံး ကြည့်နေရာမှ …

"တကာယ်ဝယ်ပေးနော် ကိုကို …"

ဟု မော့၍ပြောစဉ်နိုက် …။ ရယ်၍ ငုံ့မိုးကြည့်နေပါသည့် ဟာသာထံမှ …

"တကယ့်အစစ်ကို ဝယ်ပေးမှာ … ကိုကိုကိုယ်တိုင် … ခုလိုပဲ ဝတ်ပေးမှာ …"

ဟု ပြောလိုက်ပါသတည်း …။

ပန်းစံကားပင်တန်းဆီမှ ရနံ့သင်းလွင်လွင်တို့သည် လေနှင့်အတူ … လွင့်ခနဲ … သင်းခနဲ … ရောက်လာကြချေသည် တကား …။

❤ ○ ❤



❦ ပန်းလေးတွေ တစ်ပွင့်ချင်း သီနေမိတာ
မင်းလေးရဲ့ ဆံကေမှာ ပန်ဆင်ဖို့မှ မဟုတ်ရင်
ဘယ်သူက ပန်ရမှာလဲ …။

❦ တေးဂီတာသံချိုလေးတွေ တီးခတ်နေမိတာ
မင်းလေးနားဆင်ဖို့မှ မဟုတ်ရင်
ဘယ်သူက နားဆင်ခွင့် ရရမှာလဲ …။

❦ ရွှေစင်ကြိုးမျှင်နဲ့ ရက်ထားတဲ့
ရွှေပန်းချီရုပ်လေးလို
မင်းလေးကို ငေးကြည့်နေချင်တာ တစ်ခုပဲ
ရင်ထဲမှာရှိနေတဲ့သူဟာ ငါမှမဟုတ်ရင်
ဘယ်သူဖြစ်ရမှာလဲ …။

❦ အဲသလို ခံစားရတာတွေ အားလုံးဟာ
သံယောဇဉ်တွေကြောင့်ဆိုတာ
မင်းလေးမှ မသိဘူးဆိုရင်
ဘယ်သူက သိပါ့မလဲ …။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

သင်းပျံ့သော စံပယ်ရနံ့က ဦးစွာရောက်နှင့်နေပြီး လှည့်မကြည့်ဖြစ်သေးခင်မှာပဲ ကိုကို ရောက်လာပြီဆိုတာ မြကျေးချို သိပြီးနေရပါပြီ ..။ ရှေ့မှာ ဝဲခနဲ ရောက်လာသည့် စံပယ်ကုံးလေးက တနွဲ့နွဲ့ လှုပ်ခတ်နေချိန်မှာ မြကျေးချို လှည့်အကြည့်မှာ ထုံးစံအတိုင်း မှုပိုင်ကြည်စင်သောအပြုံးဖြင့် ကြည့်နေသည့် ကိုကို့ မျက်ဝန်းများနှင့် ကြုံသည်။

"အံမယ် .. ထမင်းကြော် တစ်ယောက်တည်း တီးနေတော့ မယ်ပေါ့လေ .. နည်းနည်းလေး ဆောင့်ပေးမယ် မရှိဘူးကွာ"

ဆေားမှာ လာထိုင်ရင်း စတင်၍ မျက်နှာညိုချင်ချင် ဖြင့် ပြောလာတော့ ကိုကို့ကို မြကျေးချို ဘာမျှပြန်မပြော ..။ ကိုကို ကမ်းပေးနေသည့် စံပယ်ကုံးလေးကို ဆံကျစ်ရှည်ကြီး၏ အရင်းဘက်မှာ ကလစ်လေးဖြင့် မှန်မကြည့် ဘာမကြည့်ဖြင့် ပန် လိုက်တော့ တစ်ချက်ခေါင်းယမ်း၍ ...

"မတန်လိုက်တာကွာ .. ကိုကိုကဖြင့် မနက်စောစောထ .. စံပယ်လေးတွေခူး .. အပ်ချည်ကြိုးနဲ့ အပ်နဲ့ သေချာကို ဂရုတစိုက်နဲ့ စံပယ်ကုံးရှည်ကြီးရအောင်သီ .. ဘာမှစား



နိုင်သေးဘဲ ဒီကို အရင်လာပြီး ပန်းဆက်သမားအလုပ်ကို ကိုယ့်ဘာသာ ကိုယ်ခန့်ပြီး .. မျက်နှာလို မျက်နှာရပေးနေ ပေမယ့် .. မချွေချောကဖြင့် မှန်လေးတောင် ကြည့်ပန်ဖော် မရဘူး .. ကိုကို သီလာတဲ့ စံပယ်ပန်းကုံးလေး ဘယ်လို ပုံစံလေးနဲ့ ပန်ထားတယ်ဆိုတာလေးလောက်တော့ ကိုယ့် မျက်နှာ ကိုယ်ကြည့်ပေးခြင်းအားဖြင့် .. ပန်းသီသူ ကျွန် တော့်အပေါ်မှာ အသိအမှတ် ပြုသင့်တာပေါ့ နှာခေါင်းချွန် ချွန်လေးနဲ့ ရှိနေတဲ့ ကောင်မလေးရယ်"

ဟု နှာခေါင်းလေးကို တစ်ချက် မသိမသာလေး တသွားအောင် ဆွဲလိမ်လိုက်ရင်း ပြောတော့ မြကျေးချို ကိုကို့ကို ကြည့်မိသည်ဝါပဲ။ ဘာမျှပြန်မပြော ..။ ဟင်းခနဲ သက်ပြင်းရှိုက် ပြီး ကြမ်းပေါ်ထိုင်ချကာ ဒူးပေါ်လက်လေးတင်၍ ခေါင်းတယမ်း ယမ်းဖြင့် ကိုကို စိတ်ညစ်သလို သိသိသာသာကြီး လုပ်လုပ် ပြနေတာကိုလည်း မသိဟန်ဆောင်နေလိုက်သည်က မြကျေးချို ပါ ..။ ရင်ထဲမှာတော့ နည်းနည်းရယ်ချင်လာနေပြီ ..။ ဘာကြောင့် ဆို မျက်မှောင်ကြီးကုတ်၍ ကြည့်လာသည့် အကြည့်ထဲမှာ ရန် ဆောင်မည့်အရိပ်တွေ သိသိသာသာ ပါလာနေသည်ကိုးလေ ..။ ဘာကြောင့်ရယ် မသိ ..။ ကိုကို့ မျက်နှာထက်မှာ ထိုသို့မှန်တေ ဆာလေးဖြင့် ရန်ထောင်စကားပြောမည့် အရိပ်တွေ ရှိနေပြီဆို လျှင် အရမ်းကို ချစ်ဖို့ကောင်းနေတတ်သည်။ ကလေးဆိုးလေး စိတ်ကောက်နေတာနှင့် တူနေလျက် .. မြကျေးချို ကြည့်ကြည့်နေ ရင်းဖြင့်ပင် ကိုကိုသည် ကလေးတစ်ယောက်နှယ် ချစ်စရာလေး ဖြစ်ဖြစ်နေတတ်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းမှ အားနာရမှန်းကို မသိဘူးကွာ .. ဘယ်လိုလဲ မကျေးချို့ .. မှန်လေးပါ ယူလာရမှာလား၊ ဒီက ပန်းတော် ဆက်ကြီးက .."

ဟု ဆောင့်အောင့်၍ မေးစပြုလာပြီ။ နောက်တော့ ဘာမပြော ညာမပြောနှင့် အိပ်ခန်းထဲ ဝင်သွားကာ မှန်ချပ်ကို ယူချလာခရင်းမှ ...

"ကြေးမုံပြင်ထက်မှာ ထင်နေတဲ့ မျက်နှာကို အရင်မကြည့်နဲ့ .. ပန်းကို အရင်ကြည့် .. ဘယ်လောက်လှနေလဲဆိုတာ .. လက်ကို အပ်ဖျား ဘယ်နခါစူးခံပြီး ဒီပန်းကုံးကို သီခဲ့ရတယ်လို့ မှတ်သလဲ .. ငါ့ခါတိတိ အစူးခံခဲ့ရတာသိရဲ့လား .. ဒါအောင် .. အမြဲသိနေကျမို့ အလေ့အကျင့်ရပြီး ဒီလောက်လေးပဲ စူးတော့တာ .. အရင်တုန်းကများဆို .. အပ်ဖျားနဲ့ လက်ဖျား နှစ်ပါးသွားနေရတာ ကျိန်းစပ်နာကျင်နေတဲ့အထိ ဖြစ်ခဲ့ရတာလေ .."

ဟု ပြောလာတော့လည်း ရင်ထဲမှာ မကောင်းနိုင် ..။ ဟုတ်သည် ..။ ကိုကိုမှာ .. ငယ်ကတည်းက ကျေးချို့အတွက် ပန်းလေးတွေ သီပေးတတ်တာ ..။ မသီတတ် သီတတ်နှင့် စ,သီရတုန်းကဖြင့် အပ်နှင့်လက်ချောင်းထိပ်လေးတွေ ထိုးမိလွန်း၍ အထိပင် မခံနိုင်အောင် ဖြစ်ခဲ့ရသည် အထိပါ ..။ ထိုစဉ်တုန်းကတော့ ပန်းလာပေးသည့် ကိုကို့ကို ဝမ်းသာအားရလေးဖြင့် လက်လေးတွေကို ဆုပ်ကိုင်လိုက်တော့ နာ၍ ကိုကိုညည်းမှ သိခဲ့ရခြင်းပါ ..။ ကိုကို့မျက်နှာလေး ရှုံ့မဲ့သွားတော့မှ သိရလျက် မြကျေးချို့ ငိုခဲ့ဖူးသည်ပဲလေ ..။ ကိုကို့ကို သနားရလွန်း၍ပါ ..။ ခြော် ..



ထိုစဉ်တုန်းကတော့ .. ကိုကို ရယ်မော၍ မြကျေးချို့၏ ဆံကျစ်လေးတစ်ဖက်မှာ ခွေပတ်၍ပင် ပန်ပေးခဲ့ဖူးသည်လေ။

"နည်းနည်းလေးလဲ ကြီးကောင်ဝင်လာရော .. ဘဝင်ကမြင့်နေပြီ .. ပန်းပေးရင်လဲ မျော်ပြလိုက်တော့ ပေးရတဲ့သူ မကြည်နူးရဘူးတဲ့လား .. ခုကျတော့ .. ရှုခြွေခပ်ကြီးကြီးနဲ့ အိုက်တင်များ တတ်နေပြီ .. လက်နာတယ်ပြောရင်လဲ .. ငယ်တုန်းကတော့ ယူယုကြည့်ရတာ .. ငိုရတာ .. ခုကျတော့ .. စိဟ်ဝင်စားဖော်တောင် မရဘူး .."

စူပွစူပွနှင့် မြည်တွန် တောက်တီးလာနေပြီဖြစ်သည့် ကိုကို့ကို မြကျေးချို့ ပြုံး၍ကြည့်မိသည်။

"ဒီလောက်ညံ့တာပဲဥစ္စာ .. လက်စူးတာ အံ့ဩဖို့တောင် ကောင်းနေပြီ .. ဒီလောက် ပန်းတွေသီလာတာပဲ ကိုကို့ရယ် .. အလေ့အကျင့် ကောင်းနေဖို့သင့်နေပြီ သိရဲ့လား"

စံပယ်လေးတွေ သီတတ်သည်။ ခွန်ပန်းလေးတွေ သီတတ်သည်။ သရဖီပန်းလေးတွေ သီတတ်သည်။ ဒါပေမဲ့ .. အပ်ဖျားလည်း ဘယ်တော့မှ အစူးမလွတ် ..။ ကိုကို့ကို ကျေးချို့ ပြုံး၍ မခံချင်အောင် ထပ်ပြောတော့ ကိုကို ခေါင်းစောင်း၍ကြည့်လာရင်းမှ ..

"ဟ .. မျက်နှာလုပ်ချင်စောနဲ့ ခပ်လောလော သီတာကိုးဗျ .. မလောလို့လဲ ရတာမဟုတ်ဘူး .. အစီလာပို့ရသေးတာ .. အပို့နောက်ကျရင် သခင်မလေးက .. ခေါ်ကြီးစောရှိတဲ့ မီးပိုကို ရောက်နေပြီ .. ဒီမှာ မရှိတော့ဘူး .. ဟိုမှာလိုက်ပို့တော့လဲ ခေါ်ကြီးဘက အလကားနေရင်း ရယ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ .. သူ့အတွက် ပန်းမသီပေးဘူးလားဆိုပြီး ရှိုးကများ ချင်နေသေးတယ် .. အသက်ကြီးနေပြီ ဥစ္စာ .. ဘာလုပ်မှာလဲ ပန်းကုံးပန်ဖို့ ..”

ဟု ကိုကိုပြောတော့ မြကျေးချို ကိုကို့ကို ငေးကြည့်မိရပါ၏။ အရပ်ကြီးမြင့်လျက် ဆံပင်နက်နက် ထူထူက နဖူးပေါ် ဝဲကျနေပါ၏။ နှာတံထင်းထင်း၊ အသားဖြူဖြူ၊ မျက်ခုံးထူထူနှင့် နက်မှောင်တောက်ပသော မျက်ဝန်းများကို ပိုင်သည့် ကိုကိုသည် မေးရိုးပြန့်ပြန့်ဖြင့် လူချောကြီးပါ ..။ ဆေးကျောင်းသားဖြစ်နေသည့် ကိုကိုသည် ကြာရိပ်မြိုင်မှာတော့ ကလေးတစ်ယောက်နယ် ပေါ့ပါးကြည်စင်စွာ နေထိုင်တတ်သူဝါ ..။

“ကိုကိုဟာလေ .. သိပ်စွာတာပဲ .. ကျေးချို ဆာပြီ ကိုကို ရ .. ထမင်းကြော် စားမယ်ဆို ..”

“ဟင် .. ဆာပြီလား .. ဒါဆိုပြောပါလား မိကျေးရဲ့ ကဲ .. ကဲ .. ခူး .. စားတော့မယ် .. မုန့်ဟင်းခါးလဲ ချန်ခဲ့တယ် မဟုတ်လား ဘာဘမိုက ..”

“ချန်ခဲ့ပါတယ် ကိုကိုရယ် .. မုန့်ရည်များများ .. မုန့်ပတ်များများ .. အကြော်များများနဲ့ ချန်ထားခဲ့တာပါ .. ဘာဘမြိုင်နဲ့ အန်တီမိုး အတွက်ရော .. ဒေါ်ကြီးစာနဲ့ မမမိလုံး အတွက်ရော ဟိုမှာ ချန်ထားတယ် ..”

ဟု အလင်္ကာပြင်ထားပြီးသားချိုင့်ကို ဖြစ်ဥ်နိုက် ကိုကိုကဖြင့် စားပွဲဝိုင်းကိုယူချ ..။ ကြမ်းပေါ် အကျထိုင်ကာ ထမင်းကြော်ကို မုန့်ဟင်းခါးနှင့် တီးဖို့ အသင့်ဖြစ်နေပြီ ..။ မြကျေးချို ထမင်းကြော်နှစ်ပွဲ ပြင်သည်။ မုန့်ဟင်းခါး နှစ်ပွဲပြင်သည်။ ကိုကို့



အတွက် အကြော်နှင့် ငါးဖယ်ဆုပ်ကြော် များများ ထည့်ပေးတော့ ကိုကို မတား ..။ ထည့် .. ထည့်နှင့် ပြောနေသေးသည့်အဖြစ် ..။

“မနက်ဆို ကျေးချိုလေးက အစောကြီးထရတာ .. ပင်ပန်းမယ်ဆိုတာ ကိုကို သိတာပေါ့ .. ဘာဘမို မုန့်ဟင်းခါးရောင်းထွက်ဖို့ ကျေးချိုပဲ အားလုံး လုပ်ပေးတာပဲ .. အဲဒါ .. ပန်းလေးလောက်တော့ ကိုကိုက သီပေးသင့်တာပေါ့ .. ပန်းလဲပို့ရင်း .. ကျေးချို တစ်ယောက်တည်း စားသောက်နေတာ ပျင်းစရာကောင်းတာမို့ အဖော်လဲလုပ်ပြီး တူတူစားရင်းနဲ့ .. ရှိတော့ .. ကျေးချို စားသောက်ရတာ ပျင်းစရာ မကောင်းတော့ဘူးပေါ့ ..”

ဟု စားကောင်း သောက်ကောင်းအောင် ပြောနေသမျှ မြကျေးချို ဝင်မပြော ..။ ကြောင်အိမ်လေး ဖွင့်လိုက်ကာ အိကြာကွေး ထည့်ထားရာ ပန်းကန်ကိုယူပြီး ကတ်ကျေးလေးနှင့် ဖြတ်တိုက်၍ ကိုကို့ပန်းကန်ထဲ ထည့်ပေးတော့ ကိုကို မျက်မှောင်ကုတ်၍ ကြည့်သည်။ စောစောက မျက်နှာမျိုး မဟုတ်။ မျက်နှာပျက်ကျလာပြန်သည့်အဖြစ်။

“ဟော .. လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သွားဝယ်လာပြန်ပြီပေါ့လေ .. တောက် .. အိကြာကွေးနဲ့ မုန့်ဟင်းခါး စားရတာ လိုက်တယ်လို့ ပြောမိလိုက်တာကိုက မှားပြီကွာ .. ဘာလို့ .. သွားသွားဝယ်နေရတာလဲ .. လူတွေဝိုင်းကြည့်ကြတော့မှာပဲ .. လက်ဖက်ရည်ဆိုင်မှာ မိန်းကလေးဖြစ်ပြီး သွားဝယ်တာ ဘယ်လောက် အနေခက်နေမလဲ .. ဝိုင်းကြည့်ခံပြီး ဝယ်လာတာ ကိုကို မျိုမကျဘူး ..”

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးပန်းကန်ကို မျက်နှာကြီးအိုလျက် ရှေ့
တွန်း၍ ထကယ်ကို မစားဘဲ နေနေတော့ မြကျေးချိုု မျက်နှာ
လိုက်တင်း၍ စိုက်ကြည့်သည်။

"ဘာကြည့်တာလဲ .. ဒီလိုမကြည့်နဲ့ .."

မစံဘဲ ပြန်အော်နေသည့် ကိုကိုကို ဘာမျှ မြကျေး
မပြော ..။ အိကြာကွေး ညှပ်ထည့်ထားသည့် ပန်းကန်ကို ဆ
ခနဲယူ၍ ရှေ့ချကာ စိတ်ပေါက်ပေါက်ဖြင့် စားပစ်တော့ ..

"ဟော့ .. ဟော့ .. ဘယ်လိုလဲကွ .."

ဟု ထပ်အော်ပြန်သည်။ မြကျေးချိုု မော့ကြည့်
တည်တင်းနေသည့် မျက်နှာလေးကို ငေးစိုက်ကြည့်ရင်းမှတာက
ကို မြကျေးချိုု စိတ်တိုနေပြီဆိုတာ သိ၍ထင့် ..။ မြကျေးချိုု
နေသည့် ပန်းကန်ကို ပြန်လုယူသည်။ မစားဘဲလည်း မနေရဲ
စားရှာသည်ပါပဲ ..။

"ဟိုမှာ အစောကြီး ရှိသေးတာ .. ဆိုင်မှာ လူသိပ်မရှိ
ဖေဖေစားဖို့လဲ ဝယ်ရင်းနဲ့ ကိုကို့အတွက်ပါ ဝယ်လာတာ
စားစရာရှိတာကို စားတယ်မဟုတ်ဘူး .. မစားဘဲ ဆလို
ပေါက်လိုက် သိပ်လုပ်တာပဲ .. ဝယ်လာတဲ့သူ စိတ်ဆင်
အောင် အလွန်လုပ်တာပဲ .. နောက်ကို .. အိကြာကွေး
သွားဝယ်တဲ့နေ့ဆို .. ဖေဖေ့အတွက်ပဲ ဝယ်လာမယ်
တစ်ယောက်တည်းအတွက်ပဲ ဝယ်မယ် .."

ဟု ခေါင်းလေး ငုံ့ချ၍ ဝမ်းနည်းသံလေးဖြင့်ပြော
တော့ ကိုကို ကမန်းကတန်း သောမှာလာထိုင်သည်။



"မဝယ်နဲ့ .. မဝယ်နဲ့ .. ဘာဘမို့ အတွက်ရော .. ကိုကို့
အတွက်ရော .. ကိုကို သွားဝယ်လာမယ် .. ဟိုကိုအရင်
သွားဝယ်မယ် .. ပြန်လာမှ .. ပန်းသီမယ် .. အဲဒါ ..
မကောင်းဘူးလား .. အဆင်ပြေတာပေါ့ .. ကျေးချိုုတော့
မဝယ်ရဘူးကွာ .. ကိုကို မကြိုက်ဘူး .. မနက်အစောကြီး
ဆိုပေမယ့် လက်ဖက်ရည်ဆိုင်ပဲ .. လူတော့ ရှိနေမှာပဲ ..
အနည်းဆုံး အိကြာကွေးကြော်တဲ့လူတော့ ရှိတာပဲ .. ဆိုင်
ရှင် ရှိတာပဲ .. စားပွဲထိုး ရှိတာပဲ .. မဝယ်နဲ့ကွာ .."

ဟု ပြောနေတော့ မြကျေးချိုု စိတ်မောလာရသည်
ပါပဲ ..။

"စားလေ .. ဘာလုပ်နေတာလဲ .. ကိုကို့ကို စောင့်နေတာ
ဆို .. စား .. စား .. ကိုကိုလဲ စားမယ် .."

ဟု သူလည်းစား .. မြကျေးချိုုကိုလည်း စားနိုင်း
နှင့် ရှိနေရာမှ ခွန်းကို ပြန်ချ၍ ...

"ဘာလဲ .. မစားသေးဘူးလား .. ဘာသဘောလဲ မြကျေး
ချိုု .. ဒီလောက် အောက်ကျို့ပြောနေတာ အားမနာသေး
ဘူးလားကွ .. ဟော .."

နှင့် ထပ်အော်ပြန်သည်။ မြကျေးချိုု စတင်၍ ခွန်း
ကိုင်မှ ကိုင်ကာ မြကျေးချိုု စားမှ ကိုကိုလည်း လိုက်စားသမျှ
ကြည့်နေရင်းမှ မြကျေးချိုု ရယ်ချင်လာပြန်၏။ ဤသို့ပါပဲလေ
ဘယ်တော့မှ တစ်ယောက်ကို တစ်ယောက် ကြာရှည်စိတ်ကောက်
စိတ်မဆိုးရက်နိုင်ကြတာကလည်း အကျင့်လို ဖြစ်နေကြပြီ ..။
ကိုကိုကလည်း ကြာရှည်စိတ်မဆိုးနိုင်။ မြကျေးချိုုလည်း ကြာရှည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောက်နိုင် ..။ သူစိတ်ကောက်တာ ကိုယ်ကြည့်ရင်း ရယ်ရယ်ချင်လာရ ..။ ကိုယ်စိတ်ကောက်တာ သူကြည့်ရင်း ရယ်မိရနှင့် ပြန်၍ ပျော်စရာချည်းပဲ ဖြစ်ဖြစ်သွားရသည်ကလည်း ပုံသေကိစ္စတစ်ခုပါ ..။

ခုလည်း မြကျေးချို မစားမချင်း စောင့်စောင့်စားနေသည့် ကိုကို့လုပ်ပုံကြောင့် မနေသာပြန် ..။ ကျေးချို တစ်ဇွန်းကို ပထမ ဆောင့်အောင့်စားတော့မှ ကိုကိုကလည်း ပြန်၍ ဆောင့်အင့်အင့် အချိုးဖြင့် တစ်ဇွန်းခပ်စားပြသည်။ နောက်တော့ မြကျေးချို စိတ်တိုတိုနှင့် ဆက်တိုက် ခပ်စားတော့လည်း ကိုကိုကလည်း ဆက်တိုက် ခပ်စားပြသည်။

မုန့်ဟင်းခါးပွဲ တစ်ဝက်ကျိုးလုလု ဖြစ်သွားရသည်။ အရသာ သိပ်မသိလိုက်နိုင်အောင် သူတစ်ပြန် ကိုယ်တစ်လှည့် စိတ်ကောက်ပြနေရခြင်းကို မြကျေးချို ကြည့်ရင်း ကြည့်ရင်းဖြင့် စတင်၍ ရယ်ချင်လာရရင်းမှ ရယ်လည်းရယ်ချလိုက်မိရသည်ပါပဲလေ ..။

ကိုကိုလည်း ဇွန်းချ၍ လိုက်ရယ်ရင်းမှ ...

"အဲသလို ကြည်ကြည်လင်လင် နေစမ်းပါ ကျေးချိုရာ .. ဒါမှ .. စားရသောက်ရတာ သက်သောင့်သက်သာ ရှိတော့မှာ .. စားကောင်း သောက်ကောင်း ဖြစ်ရမှာဗျ .. သူများအိမ် တက်စားနေတဲ့လူ ဆိုတာ အိမ်ရှင် ဒေါသကြီးနေလေမလား အရင်ကြည့်ထားရတာလေ .. ပြေးဆင်းတာ ပြေးဆင်းဖို့ ဆိုပါတော့ .. အဟဲဟဲ .. ခုတော့ .. အိုကေကြပြီဆိုတော့ .. အိုကေ .. ဆက်စားကြမယ် .."



ဟု လိုက်၍ မျက်နှာကြီး လန်းလာရင်း အရသာခံ၍ ထမင်းကြော်နှင့် မုန့်ဟင်းခါးကို စားနေပြန်ပါ၏။ ထမင်းကြော်ပန်းကန်ထဲ မုန့်ဟင်းခါးကို ဆမ်း၍ ဆမ်း၍ မြိန်မြိန်ရှက်ရှက် စားသည်။

"ကျေးချို .. ဆေးတက္ကသိုလ်တက်နိုင်အောင် ဖြေရမှာနော် .. အူကြောင်ကြောင် မလုပ်နဲ့ .. ကိုကို တက်နေတဲ့ ဆေးကျောင်းပဲ တက်ရမှာ .. တခြားသွားတက်မယ် မကြံနဲ့ .. တက္ကသိုလ်ဆက်တက်မယ်ဆိုရင် .. ဆေးတက္ကသိုလ်ပဲ တက်ရမှာ သိရဲ့လား .. တခြားသွားတက်နေရင် ကိုကို စိတ်မချဘူးနော် .. ကိုကို့လိုပဲ ဆေးတက် .."

ကိစ္စတစ်ခုက ခုမှ ကြည်ကြည်သာသာ ရှိကာစ ..။ နောက်ကိစ္စက ပေါ်လာပြီ။ နေရင်းထိုင်ရင်း ဆေးတက္ကသိုလ်ပဲ တက်ရမည်ဆိုသည့်စည်းကမ်း ထွက်လာပြန်သည့် ကိုကို့ကို မြကျေးချို ခေါင်းလေး ခပ်သွက်သွက် ခါပြမိရပြန်ပါပြီ ..။

"ကျေးချိုမှ .. ဝါသနာမပါတာ .. ဆေးလဲမထိုးရဲပါဘူး .. လူနာတွေကိုလဲ မခွဲစိတ်ရဲပါဘူး .. ဒဏ်ရာတွေကိုလဲ မချုပ်ရဲပါဘူး"

"ဘာလို့ မလုပ်ရဲရမှာလဲ .. ကိုကို ရှိတယ် .. မကြောက်နဲ့ .. ဆေးရုံမှာ ကိုကို ဘေးမှာရှိနေမှာပဲ ဥစ္စာ .. အဲဒါတွေ ကိုကို အားလုံး လုပ်ပေးမယ် .. မကြောက်နဲ့ .."

"ဟာ .. ကိုကိုကလဲ .. ဘယ့်နှယ်လုပ်ပြီး အမြဲတမ်း ကိုကိုက ဘေးမှာရှိနေနိုင်ပါ့မလဲ .. တာဝန်ကျတဲ့နေရာမှာပဲ ရှိကြရမှာပဲဥစ္စာ .. ပြီးတော့ .. ဆရာဝန်ဖြစ်တဲ့အခါကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ .. မလုပ်ရဲဘူးဆိုလို့ ဖြစ်မလား .. ခွဲစိတ်တာ လူ ငှားထားလို့ ရတာမှမဟုတ်တာ .. ကိုယ်စားဝင်လုပ်နိုင်းလို့မှ မရတဲ့ဟာ .. ကိုကိုက .. လူစားဝင်လုပ်ပေးမယ်ဆိုပြီး .. ကျေးချိုကို လာလိမ်မနေနဲ့ .. ကျေးချို ဆေးတက္ကသိုလ် မတက်ဘူး .."

"ဟော့ .. မတက်လို့ မရဘူး .. တက်ရမယ် .. ဘာလဲ .. တခြားမှာ တော်တော်နေချင်နေတယ်ပေါ့လေ .. တက္ကသိုလ်မှာ ကွင်းရွေးတယ်ကွ .. နင် .. ကွင်းဖြစ်သွားမှာ သေချာတယ် .. ကိုကိုသိတယ် .. အဲဒါကြောင့်ပြောတာ .. ကိုကိုရှိတဲ့နေရာမှာ ညည်းလေးရှိရမယ် .. ဘာမှငြင်းမနေနဲ့ .. ညည်း ဆေးတက္ကသိုလ်တက်ရမယ် .. ကိုကိုရှိတဲ့ တက္ကသိုလ်မှာပဲ ညည်းလေး ရှိရမယ် .. ဒါပဲ .."

ဆယ်တန်းစာမေးပွဲလည်း မနီးသေး ..။ ဖြေလည်း မဖြေရသေး ..။ ဆေးတက္ကသိုလ်ပဲ တက်ရမည်ဆိုသည့် ပြဿနာကို အခုကတည်းက ကိုကို လုပ်နေပြီ ..။ ဘယ်လိုကနေ ဘယ်လို ဤရောဂါ ရသွားသည် မသိ ..။ မြကျေးချို ခေါင်းခါတော့ ကိုကို လက်ကာ၍ ...

"ဆင်ခြေမကန်နဲ့ .. ဆင်ခြေမပေးနဲ့ .. ဒါပဲ .. ဆေးတက္ကသိုလ် အမှတ်မီအောင် ဖြေရမှာနော် .. ညည်းစာတော်တာ ကိုကို သိတယ် .. အမြဲ အမှတ်တွေကောင်းနေတာနော် .. လစဉ်ရီပို့ကတ်လဲ ကိုကို ကြည့်မြဲကြည့်နေမှာ .. ဘယ်ဘာသာရပ်ကိုမှ အမှတ်လျှော့မခံဘူး .. ဂုဏ်ထူးမှတ်ပဲ ဖြစ်နေရမယ်ဆိုတာ ကြပ်ကြပ် သိထား .."



ဟု ပြောနေတော့ မြကျေးချို လောလောဆယ်မှာ ကိုကိုနဲ့ ရန်မဖြစ်ချင်တော့တာမို့ ငြိမ်၍ ထမင်းကြော်စားလိုက်သည်ပါပဲ ..။

"မနေ့ညက .. ကိုကို အဲဒါကို တွေးမိသွားတာ .. ကျေးချို ဆယ်တန်းအောင်ရင် .. တက္ကသိုလ်တက်ရင် .. ညည်းရုပ်ချောပုံနဲ့ .. ကွင်းရွေးခံရမှာပဲ ဆိုတာကိုပေါ့ .. အဲဒီမှာ ကိုကို ဆုံးဖြတ်တယ် .. ညည်း .. ဆေးတက္ကသိုလ်တက်ရမယ်လို့ .. အဲဒါ .. ငြင်းဆန်ခွင့်မရှိတဲ့ အဆုံးအဖြတ်ပဲ ဆိုတာ ကြပ်ကြပ်သိထားပါ .. ကဲ .. ကိုကို .. သွားမယ် .."

ဟု ပြောလည်းပြော ..။ ငြင်းတာ မကြားနိုင်အောင် ကယ်ကို ဖြန်းခနဲကြီး ထပြန်သွားသည်က ကိုကိုပါတည်း ..။

မြကျေးချို စိတ်မောလက်မောဖြင့် ကျန်ရစ်ခဲ့စဉ်မှာ ခန်းလေးထဲ သင်းပျံ့ကျန်ရစ်ခဲ့သည်က စံပယ်၏ရနံ့ ..။

ဪ .. ကိုကို သီပေးပါသော စံပယ် .. ကျေးချို ဆင်ထားပါလေသော စံပယ်၏ ရနံ့ပါတကား ...။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ဖေဖေ မုန့်ဟင်းခါးရောင်း ပြန်လာသည်မို့ တွန်းလှည်းကိုပြေး၍ တွန်းလာမိရကာ ရပ်ထားနေကျ နေရာလေးဖြစ်ပါသည့် အိမ်၏ဘယ်ဘက်အဖီလေးအောက်မှာ ထားလိုက်ရသည်က မြကျေးချိုပါ ..။

ဟင်းရည်အိုး၊ ပန်းကန်ခွက်ယောက်တွေကို အိမ်လေးထဲ ပြန်သယ် ..။ အိုးခွက်တိုက်နှင့် မြကျေးချို တောက်လျှောက်ခပ်သွက်သွက်လေး ပြေးလုပ်ရပါ၏။

ဖေဖေကတော့ ဝရန်တာနေရာလေးမှာ ထိုင်ရင်း ဆေးလိပ်လေးဖွာကာ အမောဖြေနေပါသည့် အဖြစ် ..။

မြကျေးချို ဟင်းရည်အိုးကြီး တိုက်ထားတာကို စင်မှာ နေသားတကျ မှောက်ထားပြီးမှ လက်ကလေးသုတ်၍ မီးဖိုခန်းထဲမှာ စားပွဲဝိုင်းလေးချ ..။

ထမင်းပူပူ၊ ပုစွန်ခြောက်အိုးကပ်ချက်နှင့် ပဲဟင်းရည်ချိုလေး ခူးခပ်၍ ရေနွေးကြမ်းတစ်ခွက်ကိုပါ အသင့်ငှဲ့ကာ အုပ်ဆောင်းလေးအပေါ်မှ အုပ်ပြီး ဖေဖေရှိရာ ဝရန်တာနေရာလေးသို့ ထွက်ခဲ့ရပါ၏။



"ဖေဖေ .. ထမင်းခူးပြီးပြီ .."

ဟု ပြောတော့ ဖေဖေပြုံး၍ ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း လက်ဆေးဇလုံမှာ လက်ဆေးလိုက်ရင်းမှ ...

"အင်း .. သမီးလေးလဲ .. မနက်ဆို အစောကြီးထ .. မုန့်ဟင်းခါးဟင်းရည်အိုးတည် .. ဆိုင်ထွက်ဖို့ အားလုံးပြင်ဆင်ပေး .. ငါက တွန်းလှည်းလေးတွန်းပြီး လမ်းထိပ်မှာ ရပ်လို့ အရောင်းထွက်ရုံပဲ ရှိရတော့တာ၊ စာကတစ်ဖက် .. မုန့်ဟင်းခါးကိစ္စကတစ်ဖက် .. ကြာရိပ်မြိုင်မှာ ဝင်လုပ်ကိုင်ကူတာက တစ်ဖက်နှင့် .. ပင်ပန်းရှာမယ် .."

ဟု ဖွေးမြစ်၏။ နှုတ်ကတော့ ဘာမှမပြောဖြစ်။ မုန့်ဟင်းခါးဟင်းရည်အိုးကိစ္စကအစ ဘယ်လိုမှ တားမရအောင် အတင်းဝင် လုပ်ကိုင်ပါသည့် မြကျေးချိုလေး ဆိုတာကလည်း အဖေ ချက်ပြုတ်တာကို ဘေးကလိုက်လုပ်ကိုင်ကူရာမှ ဟင်းရည်အိုးကို ကောင်းကောင်းကြီး ချက်တတ်သွားခဲ့သည်လေ ..။

သည်ကြားထဲ .. စက်ဆိုင်က ကြယ်သီးတံထိုးတာ၊ လက်ချုပ်လိုက်တာ၊ ပန်းကြယ်သီးတံထိုးတာလေးတွေကိုလည်း စက်ဆိုင်နှင့် မိတ်ဖွဲ့၍ အလုပ်လေးတွေ ရအောင်လုပ်ခဲ့သည်မို့ ..။ ဦးမြမိုမှာ ရင်ထဲမကောင်းနိုင် ..။ တား၍လည်း မရ။ အဖေကို လုပ်ကိုင်ကူချင်တာပဲသိလျက်၊ အဖေ ပိုက်ဆံစုနေတာကို သိနားလည်စိတ်လေးဖြင့် တစ်ဖက်တစ်လမ်းမှ ငွေရအောင် ရှာစုနေတာကို ဦးမြမို သိပါသည်။ သမီးလေး လိမ္မာလေလေ ..။ ဘဝကံဆိုးတာကို ရင်ထဲမကောင်းနိုင်လေလေပါ ..။ တကယ်တမ်းက .. ရွှေမိုးတိမ်ကုန်တိုက်ကို ပိုင်ဆိုင်ပါသည့် ဦးစံဘွား၊ ဒေါ်နုစေတို့၏

www.burmeseclassic.com

www.burmeseclassic.com



ဖြေ _။ ဦးမြမိ၏သမီးလေး ဖြစ်ပါလျက် .. ကိုယ့်လက်ထဲမှာ ကြီးရ _။ လူဖြစ်ရ ..။ မုန့်ဟင်းခါးသည်သမီးဖြစ်ရ ..။ ဥယျာဉ်မှူး၏သမီး ဖြစ်ရနှင့် ဘဝအကျိုးပေး ဆင်းရဲရှာသည့်သမီး ..။

"အေးလေ .. ဒါပေမဲ့ .. သူတို့ဘက်က သူတို့မြေးရယ်လို့မှ အသိအမှတ် မပြုကြတာပဲလေ .. ငါ့လက်ထဲရောက်လို့ သမီးလေး ဆင်းရဲရတယ်လို့ ဘယ်ပြောလို့ ရမလဲ .. သူ့အဒေါ် ဖြူကျော့ ဆိုတာ လာခေါ်လို့ ငါ့လက်ထဲက သူ့လက်ထဲ ပြောင်းထည့်ပေးလိုက်ရင်လဲ .. အဲဒီ ဖြူကျော့ရဲ့ လက်ထဲမှာလဲ ဆင်းရဲရရှာမှာပဲ .. ငါဆင်းရဲသလို ဖြူကျော့လဲ ဆင်းရဲတာပဲ မဟုတ်လား .. အို _ ငါ့သမီး .. ဘယ်သူ့လက်ထဲမှ မပေးနိုင်ဘူးဆိုပြီး ငါ့မျက်စိအောက်မှာထားတဲ့ ကိစ္စဟာ တရားတယ် .. ငါ့သမီးလေး လူဆင်းရဲပေမယ့် _ မေတ္တာအပြည့်ရတယ် _ စိတ်ချမ်းသာရတယ် _ ဒီလိုကြာရိပ် မြိုင်မှာရှိတဲ့ သူတွေရဲ့ မေတ္တာကိုလဲ ရရှာတာပဲ .. ငါ့သမီးလေး ကံမဆိုးပါဘူး .. ကံကောင်းပါတယ် _"

ဟု စိတ်တွေ တပြန့်တလျားကြီး တွေးနေလိုက် ..။ နောက်ဆုံးတော့လည်း ကိုယ့်အရိပ်မှာ သမီးလေး ရှိနေခြင်းအတွက် ရင်ထဲပြန်၍ ကိုယ်မှန်သည်ပဲဟု မှတ်ယူလိုက်ဖြင့် ရှိသွားရသည်က ဦးမြမိပါတည် ..။

ထမင်းစား နေးနေသည့် အဖေကိုကြည့်ရင်းမှ မြကျေးချို မျက်နှာမကောင်း _။

"စားမကောင်းလို့လား ဖေဖေ _ ညနေကျမှ ခရမ်းသီးနှပ်လေး ချက်မယ်နော် .. ခရမ်းသီးနှပ်ရယ် .. ချဉ်ရည်ဟင်းရယ် .. ကန်စွန်းရွက်ကြော်ရယ် .. ဘာလချောင်ကြော်ရယ် ချက်မယ် ဖေဖေ .."



ဟုပြောရှာတော့ ဦးမြမိ ပြုံးကာ ..

"စားမြိန်ပါတယ် သမီးရဲ့ .. မနက်ဖြန် သမီးမွေးနေ့လေ .. အဲဒါ .. ဖေဖေ စဉ်းစားနေတာ .. မုန့်ဟင်းခါးအရောင်းနားမယ်လို့ .. သမီးလေးအတွက်လဲ လက်ဆောင်ပေးဖို့ရှိတယ် .. မနက်ဖြန်မှ .. ကြည့် .. ဟုတ်ပလား .."

ဟု ပြောတော့ မြကျေးချို မျက်နှာလေး ဝင်းဝင်းစင်စင်လေး ရှိသွားရလျက် ...

"ကျေးချိုကဖြင့် .. ဖေဖေ မေ့နေပြီ ထင်တာ .."

ဟု ပြောရှာ၏။ ဦးမြမိ ရင်ထဲမကောင်း။ တကယ်က .. ကျေးချိုလေး၏ မွေးနေ့အမှန်ကို ဦးမြမိ မသိ ..။ ကိုယ့်လက်ထဲရောက်သည့် ရက်၊ လတွေကိုပဲမှတ်၍ မွေးနေ့သတ်မှတ်လိုက်ရခြင်းပါတည် ..။ ငေးခနဲ သမီးလေးကိုကြည့်၍ ...

"ဩော် .. ငါ့သမီးလေး .. မွေးနေ့တောင်မှ .. အမှန်မသိရရှာတဲ့ ဘဝပါလားနော် .."

ဟု ရင်ထဲမချိစိတ်ဖြင့် တွေးမိရရင်း ထိခိုက်ရသည်ပါပဲ ..။

"ကဲ .. ဖေဖေ တစ်ရေးမှေးမယ် .. ပြီးရင် .. ဥယျာဉ်ထဲဆင်းဖို့ ရှိတယ် .. နေ့လယ်စာကျတော့ ဖေဖေတို့ သားအဖ တူတူစားကြတာပေါ့ .."

ဟု ပြောကာ ဦးမြမိ လက်ဆေးသည်။ ဤသို့ပါပဲလေ ..။ မုန့်ဟင်းခါးရောင်း ပြန်လာချိန်ဆို .. ကျေးချိုလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှတားဆီးမရ ..။ အဆာပြေသဘောမျိုးပဲဖြစ်ဖြစ် .. အတင်းကို ထမင်းပူပူ၊ ဟင်းပူပူနှင့် တန်း၍ ထမင်းပွဲ ပြင်ပေးသည်ချည်း ..။ ဈေးရောင်းပြန်မို့ ခဏလောက် နားသည့်သဘောဖြင့် အမောပြေအောင်လည်းစောင့်ရင်း၊ အိုးတွေ ခွက်တွေ ပြေးတိုက်ပြီးတာနှင့် ချက်ချင်း ထမင်းပွဲ ပြင်ပေးတတ်သည့် သမီးလေးပါတည့် ..။

ဦးမြမို့ ညှော်ခန်းလေးမှာပဲ သင်ဖျူးဖျာလေးခင်း၍ နားတတ်တာမို့ မြကျေးချို့မှာ ကမန်းကတန်းလေး ဖျာကိုခင်းရ ..။ ဖြူဆွတ်လျက် မဲနယ်လေး ဆိုးထားပါသည့် ခေါင်းအုံးလေးကို အသင့်ချထားပေးရနှင့် ရှိသွားပါ၏။ ဦးမြမို့ ဝင်လှဲခိုက် အဖေစားထားသည့် ပန်းကန်လေးတွေ ဆေးကြော ..။ စားပွဲလေးသိမ်း ..။ တံမြက်လှည်းပြီးတာနှင့် အဖေကိုလာ၍ ခြေသလုံးတွေ နှိပ်ပေးသည့် မြကျေးချို့ပါ ..။

"ရပါတယ် သမီးရဲ့ .. ဖေဖေ မညောင်းလှပါဘူး .."

"တွန်းလှည်းကြီး တွန်းသွားရတာ ဖေဖေ .. ဘာလို့မညောင်းရမှာလဲ၊ ကျေးချို့ လိုက်ရောင်းကူမယ်ဆိုလဲ ဖေဖေကခေါင်းမညိတ်တာ .. ခက်တယ် .. ကျေးချို့ လုပ်နိုင်ပါပြီ ဖေဖေရဲ့ .."

"စာကိုသာ ကြိုးစားပါ သမီးရယ် .. အဲဒါတွေ မပူစမ်းပါနဲ့ .. ဖေဖေ လုပ်ကိုင်နိုင်နေတာပဲဥစ္စာ .. ကျန်းမာနေတုန်းလုပ်ထားမှ သမီးရဲ့ .. ကဲ .. ကဲ .. ဖေဖေ သက်သာပါပြီ .. အညောင်းအညာ ပြေပါပြီ .. သွား .. သွား .. နားချေဦး .. ခဏနားပြီးရင် .. ဒေါ်ကြီးစာတို့ကို လုပ်ကိုင်ကူဖို့လဲ သွားလိုက် .."



ဟု ပြောကာ မျက်တောင်စင်းလာတာမို့ ဘေးမှ ယပ်ခတ်ပေးရင်း မြကျေးချို့ ခဏတော့ အဖေ့ဘေးမှာ ရှိနေရပါ၏။ တကယ်တမ်း ဦးမြမို့ အိပ်ပျော်သွားတော့မှ စာခြင်ထောင်ပါးလေးကို သံငုတ်ရိုက် နံရံဆီသို့ လေးဖက်လေးတန်လေးမှာ ခြင်ထောင်ကြိုးရှည်အဖြစ် ပလတ်စတစ်ကြိုးနှင့် ဆက်၍ချည်ထောင်ခဲ့ပြီးမှ ခြေသံမကြားအောင် အခန်းလေးမှ ထွက်ခဲ့ပါ၏။ နောက်ဘေးဘက်ကပြင်လေးမှာ ခဏထိုင်၍ အမောလေး ဖြေမိရသည်က မြကျေးချို့ပါ ..။

မနက်စောစောထ ..။ မုန့်ဟင်းခါး ဟင်းရည်အိုးချက် ..။ အဖေလုပ်သူ အရောင်းထွက်ချိန်မှာ ထမင်းဟင်းချက် ..။ ခုကျတော့လည်း အိုးခွက်တွေ ဆေးကျောနှင့် ရှိရတာမို့ မောတော့မောသည်ပါပဲ ..။ မနက်ဆို .. ဟင်းရည်အိုး မတည်မီ ဆွမ်းအရင်ချက် ..။ ဘုရားဆွမ်းတော်တင် ..။ ပန်းဆီမီးပူဇော်နှင့် ရှိရသည်ကလည်း မပျက်ရသည်မို့ ကျေးချို့၏ မနက်အိပ်ရာထချိန်ဆိုတာက စောလွန်းရတာ အမှန်ပါ ..။ နံရံလေးကိုမှီ၍ ခြေလေးတစ်ချက် ဆန့်၍ထိုင်ရင်း မိုးတိမ်လေးတွေ ရွေ့နေတာကို မော့ငေးကြည့်နေမိပါ၏။

"ဖေဖေက ပြောဖူးတယ် .. မိုးတိမ်တွေမှာ တန်ခိုးရှိတယ်တဲ့ .. သူတို့ဟာ ကြည့်သူတွေကို သူတို့ဖန်ဆင်းပြတဲ့ အရုပ်တွေကို ထင်မြင်လာစေတယ်တဲ့ .. ဟုတ်တယ် .. ကြည့်စမ်း .. ဟိုတိမ်လေးက ငှက်လေးကျနေတာပဲ .. အို .. ဟိုတိမ်လေးက နဂါးကြီး .. အံမယ် .. ဟိုတိမ်လေးက .. စန္ဒရားကိုကျလို့ .."

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကိုပဲ စန္ဒရားလေး အံဖုံးဖွင့် ထောင်ထားသည့်နယ် ရှိနေသည့် တိမ်လေးကိုကြည့်ရင်းမှ မြကျေးချို ပြုံးမိသည်။ ဖျတ်ခနဲ သတိရမိသည်က ငယ်တုန်းက ကိုကို ဆိုးခဲ့တာကိုပါ ...။ ကျေးချိုကို အန်တီမိုး လက်ဆောင်ပေးပါသည့် စန္ဒရားလေးကို ခြေထောက်တွေ ဖြုတ်ယူ၊ ဘဲလေးရုပ်လေးကိုပါ သိမ်းထားပြီး စိတ်ပုပ်လေးဖြင့် လာပေးခဲ့သည့်အဖြစ် ...။ သြော် ... နောက်တော့လည်း ကိုကိုသည် ဘဲလေးရုပ်လေးနှင့် စန္ဒရားခြေထောက်လေးတွေကို ပြန်ပေးခဲ့သည်ပါပဲလေ ...။

စန္ဒရားလေးကို သတိရလာတော့လည်း ကလေးစိတ်လေး ပြန်ဝင်လာရကာ အခန်းလေးထဲ ဝင်မိရ ...။ အရုပ်သေတ္တာဖြစ်ပါသည့် ထင်းရှူးသေတ္တာလေးကိုဖွင့်ကာ စန္ဒရားလေးကို ထုတ်ကြည့်မိရနှင့် ဖြစ်သွားရပါပြီ ...။ ထင်းရှူးသေတ္တာလေးထဲမှာ အန်တီမိုး ပေးခဲ့ပါသည့် လက်ဆောင်အရုပ်လေးတွေက အစီအရီ ရှိနေသည်ပါပဲ ...။ ဝက်ဝံဖြူရုပ်လေးသည်ပင် အနည်းငယ် ဝါဖန့်ဖန့်အမွေးလေးတွေအဖြစ် ရှိနေရပြီ ...။ ဘဲမရုပ်လေးတွေ၊ အိုးပုတ်လေးတွေ၊ ခွေးရုပ်လေးတွေ၊ မင်းသမီးရုပ်လေးတွေနှင့် ကစားစရာ အတော်များများ ရှိနေပါသည့် သေတ္တာလေး ...။ စန္ဒရားနီနီလေးကို ဖွဖွလေးယူမိကာ စောစောက ထိုင်ခဲ့ပါသည့် နောက်ဖေးတပြင်လေးဆီသို့ ပြန်ထွက်လာမိသည်။

စန္ဒရားခလုတ်လေးတွေကို ဖွဖွနှိပ်မိပါ၏။ ဓာတ်ခဲ ထည့်ထားတာမို့ သံစဉ်လေးတွေက ခလုတ်လေး နှိပ်လိုက်တိုင်း မြည်နေသည်က သာသာယာယာ ...။ အံဖုံးလေးကို ထောက်၍ ခလုတ်လေးတစ်ခုကို နှိပ်လိုက်မည်ဆိုလျှင် ...။ သြော် ... အရုပ်



လေးကို ဘေးထောင့်နေရာလေးမှယူ၍ စန္ဒရားအလယ် ဘဲလေးရပ်ကမည့် နေရာလေးမှာ ထောင်ထားလိုက်မည်ဆိုလျှင် ... သံစဉ်ရှည်တီးလုံးလေးလည်း ထွက်ပေါ်လာမည် ...။ ဘဲလေးရုပ်လေးလည်း လှပစွာ ဝေ့ဝဲ၍ က,နေချေလိမ့်မည် ...။ ဒါပေမဲ့ ... ဖေဖေ နိုးသွားမှာစိုး၍ သံစဉ်ရှည်တီးလုံးလေးကိုလည်း မနှိပ်ဖြစ် ...။ ဘဲလေးရုပ်လေးကိုသာ တစ်ချက် ဖွဖွယူကြည့်၍ အရုပ်လေးထားရန် စန္ဒရားထောင့် နေရာလေးမှာ အံကျနေရာလေးရှိသည့် နေရာလေးမှာပဲ ပြန်၍ထားလိုက်မိကာ ...။ စန္ဒရားခလုတ်လေးတွေကိုသာ ခပ်ဖွဖွ တို့ထိတီးနေမိရပါသည့် အဖြစ် ...။

"ဟိတ် ... ကောင်မလေး ... တစ်ယောက်တည်း ... စိတ်ကူးထဲမှာ စန္ဒရားကြီး တီးနေတယ် ဆိုပါတော့ ကိုကို့မင်းသမီးလေးရဲ့ ..."

ဟု အိမ်ထောင့်နေရာမှ ဖြုတ်ခနဲ ခုန်ပေါက်၍လည်း ထွက်လာ ...။ စောစောက ကျေးချို စန္ဒရားလေးနှင့် ရှိနေတာကို ခြေသံမကြားအောင် လာပြီးချောင်းကြည့်။ ပြီးတော့ ဟိတ် ... ခနဲ အသံပေး၍ ပေါ့ပါးစွာ ပြေးလာပါသည့် ကိုကို ...။ ဘယ်တော့ကြည့်ကြည့် ... အကြောင်ကြကင်းလျက် လွတ်လပ်ကြည်စင်စွာ ပျော်နေတတ်ပါသည့် ကိုကို ...။ တစ်ခါ တစ်ခါကျတော့လည်း ကိုကို့ကို ကြည့်ရတာ စိတ်လည်းချမ်းသာစွာဖြင့် အားကျမိချင်သည့် အဖြစ်။

ဒါပေမဲ့ ... ကိုယ့်ဆင်းရဲသည့်ဘဝကို ကိုယ့်ဘာသာ ပြန်၍ အလိုမကျ ဖြစ်ရလည်းရောက် ... ဘဝကို ရင်မဆိုင်ရဲရာလည်း ကျတာမို့ ချမ်းသာသည့် ကိုကို့ကို အားကျချင်သလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတတ်ပါသည့်စိတ်ကို ပြန်၍ချိုးနှိမ်လိုက်ရသည်ပါပဲ ..။ ဤသည်ကလည်း ချမ်းသာခြင်းကိုမက်၍ မဟုတ်ပါ။ အကြောင်းကြောင်းကြောင့် ဘဝကို ဖြတ်သန်းရတာကို အားကျခြင်းတစ်ခုတည်း သက်သက်ဖြင့်ပါတည့် ..။

ကပြင်ထက်မှာ ကိုကို လက်ဖြင့်ကြမ်းကိုထောက်၍ မြောက်ခနဲ ကိုယ်ကြီးမြင့်တက်လာကာ ကြမ်းပေါ်ထိုင်ချလိုက်သည်က မြကျေးချို့ ဘေးမှာပါ ..။ မြကျေးချို့ကို ငဲ့ကြည့်၍ ဖြုံးကာ ကျေးချို့ လက်တွင်းမှ စန္ဒရားနီနီလေးကို ယူသည်။ ခလုတ်လေးတွေကို နှိပ်သည်။ ပြီးတော့ ဖြုံး၍ကြည့်ကာ ကမ်းပေးလာရင်းမှ ..

"စန္ဒရားလေးက အသစ်လေး ကျနေတာပဲ ကျေးချို့ .. ကဲ .. သွားသိမ်းလိုက် .."

ဟု ပြောတာမို့ ကျေးချို့ ဘာမျှပြန်မေးမနေတော့ ..။ စန္ဒရားလေးကိုင်လျက် အခန်းတွင်းဘက် ပြန်ဝင်သွားတော့ သူတစ်ယောက်တည်း ကျန်ခဲ့သည်။ ခြေထောက်တွေကို ပေါ့ပါးကြည်စင်နေသောစိတ်ဖြင့် လွှဲနေရင်း ရှိနေရာမှ စောစောက သူချောင်းကြည့်ခဲ့ပါသည့် မြင်ကွင်းကို ပြန်၍မြင်လာမိပြန်သည့်အဖြစ် ..။

အို .. အဘယ်မျှထိ ချစ်စဖွယ် ချစ်စဖွယ် မြကျေးချို့လေးပါလဲလေ ..။ စန္ဒရားခလုတ်လေးတွေကို နှိပ်ကြည့်နေပါသည့် မြကျေးချို့၏ မျက်နှာလေးကို ဘေးစောင်းလေး သူမြင်ခဲ့ရသည်။ ထိုမျက်နှာလေးကို သူ အဘယ်မျှ .. အကြိမ်များစွာ မြင်နေခဲ့ရစေ ..။ ကြည့်၍ကို မဝ ..။ မျက်တောင်ကော့လေးကိုလည်း ကြည့်မဝ ..။ နှာတံစင်းစင်းလေးကိုလည်း ငေးမဝ ..။ အရမ်းကို လှလွန်းပါသည့် သူ၏ ကြွေရုပ်လေးကို ငေးကြည့်နေခွင့်ရခြင်း



ထက် အဘယ်အရာကိုမျှ သူ မတမ်းတ ..။ လက်ချောင်းနုနုသွယ်သွယ်လေးတွေက ကစားစရာ စန္ဒရားခလုတ်လေးတွေကို ခပ်သာသာလေး နှိပ်ကြည့်နေစဉ်ခိုက် သူ၏ ကြွေရုပ်လေး၏ မျက်တောင်လေးတွေ စင်းကျနေကာ မျက်ဝန်းလေးတွေက ခလုတ်လေးတွေထက်မှာ စိတ်ဝင်တစားကြီး ငေးစိုက်ကြည့်နေသည့်အဖြစ် ..။ အဘယ်မျှထိ ထူထဲကော့ညွတ်နေပါသော မျက်တောင်ထူအိအိလေးတွေပါလဲ ..။ တကယ့်ကို အရုပ်လေးတွေမှာပဲ တွေ့နိုင်သည့် မျက်တောင်လေးတွေ ..။ အို .. မဟုတ်သေး ..။ အရုပ်လေးတွေတိုင်းမှာပင် တွေ့နိုင်ဖို့မလွယ်သည့် မျက်တောင်လေးတွေဆိုမှ ပို၍ ပြည့်စုံမည် ..။ တချို့အရုပ်လေးတွေက မျက်တောင်လေးတွေ ကော့နေပေမယ့် ကျဲပါးပါးလေးတွေ မဟုတ်ပါလား ..။ သူ၏ ကြွေရုပ်လေး ..။

သြော် .. သူ၏ ကြွေရုပ်လေးမှာကျတော့ အရုပ်လေးတွေမှာထက်ပင် ပို၍ ထူထဲကော့ညွတ်သော မျက်တောင်လေးတစ်စုံ ရှိနေချေသည့် အဖြစ် ..။

"ဟုတ်တယ် .. သိပ်လှတာပဲ၊ ငါ့မင်းသမီးလေးက .. ကြာလေ .. လှလေ .. သိပ်အပြစ်ကင်းတဲ့ မျက်လုံးလေးတွေ .. သိပ်ကိုလှတဲ့ မျက်နှာလေးနဲ့ .. သိပ်ကို .. ချစ်စရာကောင်းတဲ့ အမူအရာလေးတွေနဲ့ ပြည့်စုံနေတဲ့ မိန်းကလေးဆိုတာ .. ငါ့မင်းသမီးလေး တစ်ယောက်ပဲ အရာရာ ပြည့်စုံလွန်းစွာ ရှိနေတယ်လို့ ပြောရတော့မယ် ထင်တယ် .. တချို့ မိန်းကလေးက လှပါရဲ့ .. အကျင့်က မာနကြီးတာတို့ ဘာတို့က ရှိသေးတယ်လေ .. ငါ့ကြွေရုပ်လေးက ..

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ဖြူစင်တာ ‥ အဲဒါကိုက ‥ သူ့မျက်နှာကို ငါ မမြင်ရရင် မနေနိုင်အောင် ဖြစ်နေရတဲ့ အကြောင်းရင်း ဖြစ်နေမယ် ‥”

တစ်ယောက်တည်း အတွေးဖြင့် နစ်နေမိကလေးမှာ သူတစ်ယောက်တည်း နေရိပ်များမှာပင် ဘေးမှာ အမြဲထား၍ ကြွေရုပ်လေးအဖြစ် တွေးတွေးနေကျ ဖြစ်နေရတတ်ပါသော မြကျေးချိုလေး လာထိုင်တာကို ငဲ့ကြည့်ကာ ထပ်၍ပြုံးပြမိရင်းမှ ဖုတ်ခနဲ မြေပြင်ဆီသို့ သူ ပေါ့ပေါ့ပါးပါး ခုန်ဆင်းလိုက်သည်။ လက်ကိုကမ်းပေးရင်းမှ ‥

“ဆင်းလိုက်ပါဦး မင်းသမီးလေးရဲ့ ‥”

ဟု ပြောတော့ မြကျေးချို သူ့လက်ကို တစ်ချက် ကြည့်သည်။ နောက်တော့ လက်မောင်းအိုးကြီးကို တစ်ချက်အားပြု၍ သူ ဆင်းသလို ဖျတ်ခနဲ ခုန်ဆင်းတော့ သူရယ်၍ ဘေးမှ ထိန်းပေးသည်ပါပဲ ‥။

“ကိုကို နိုင်းလိုက်လို့ကဖြင့် ‥ အားလုံး လိုက်လုပ်တာပဲ ကိုး ကျေးချိုလေးရဲ့၊ ခြေထောက်တွေ ဘာတွေ နာသွားမှာ မကြောက်ဘူးလား ‥”

ဟု ငုံ့မိုး၍ တစိမ့်စိမ့် ပြုံးကြည့်ရင်း မေးနေရစဉ် နိုက်မှာလည်း ရင်သည် ချမ်းမြေ့နေသည်ပါပဲ ‥။ ခုလို ‥ သူပြောသမျှကို ‥ လိုက်၍ နာခံစွာ လုပ်တတ်မြဲ ဖြစ်ပါသည့် မြကျေးချို လေး၏ အရမ်းကို ဖြူစင်သော မူရာလေးများကိုလည်း သူအရမ်း ချစ်သည်ပါပဲ ‥။

“ကိုကို ရှိတာပဲ ‥ ဘာလို့ ခြေထောက်နာရမှာလဲ ‥”



ဟု မော့ပြောလာတော့ သူရယ်၍ ခေါင်းလေးကို ထုမိသည်။

“လာ ‥ မြန်မြန်လာ ‥ ကိုကိုနဲ့ လိုက်ခဲ့ ‥”

ဟု ပြောကာ လက်လေးဆွဲ၍ ရှေ့က ဦးဆောင်ပြေးတော့ မြကျေးချို လိုက်လာရပါသည့် အဖြစ်။ ကိုကို ခေါ်လာသည်က ရေကန်လေးဆီသို့ပါ ‥။ ကြာငယ်လေးတွေ ပွင့်ဝေသော ရေကန်ငယ်လေး ‥။ ဩော် ‥ တစ်ချိန်က ‥ ကျေးချိုလေး ရေနစ်ခဲ့ဖူးသော ရေကန်ငယ်လေး။

ဤကန်ငယ်လေးကြောင့် ‥ ကိုကိုသည် ကျေးချို အပေါ် အလွန်တရာကိုမှ ချစ်သောကိုကို အဖြစ် ရှိသွားရကာ ‥။ ယခင်က ရှိခဲ့ဖူးပါလေသော မနာလို ဝန်တိုခြင်းတို့သည် ထိုရေ ကန်နှင့် ထိုပန်းကြာပွင့်တို့ကြောင့်ပင်လျှင် ‥ ပျောက်လွင့်စဉ်သွား ခဲ့ရသည်တည့် ‥။

ဒါကြောင့်လည်း ကျေးချို ‥ ဤကန်လေးကို ချစ် သည်။

ကြာပင်လေးတွေကို ချစ်သည် ‥။

ဩော် ‥ ကိုကို့ထံမှ မနာလို မုန်းတီးခြင်းများကို ဖယ်ရှားပေးပါလေသော ထိုရေကန်ငယ်နှင့် ထိုပန်းကြာပွင့်လေး များကို ကျေးဇူးတင်ရချေသည်ကောလေ ‥။

“ထိုင် ‥ ဒီမှာ ထိုင် ‥ ကိုကို့ဘေးမှာထိုင် ‥”

ဟု ပြောလာရကာ မောသလိုဖြင့် သူလည်းထိုင် ‥။ ဘေးမှာ ကျေးချိုကိုလည်း ကန်ပေါင်လေးကိုဖုတ်၍ ပြောတော့ ကျေးချို ထိုင်လိုက်သည်ပါပဲ ‥။

www.burmeseclassic.com

www.burmeseclassic.com



“ဟင်း ဟင်း .. ရယ်ရတယ်နော် .. ကျေးချိုသတ္တဝါလေး ပေါက်သင်ညို ကြောက်ပြီး .. ရေကန်ထဲ နောက်ပြန်ကျွမ်းနဲ့ ဝင်သွားတာလေ .. အဲဒီကတည်းက .. နောက်ကျွမ်းဆိုကို ကျေးချို ပြိုင်ဘက်မရှိ ရသွားတာ .. လှလှပပ ဘိုင်းခနဲကြီးကျသွားတာလေ .. အဟက်ဟက် ..”

ဟု ပြောရယ်နေတော့ သူ့ကို ကျေးချို မျက်စောင်းလေးခဲသည်။ ဒါပေမဲ့ မျက်ဝန်းလေးတွေကတော့ လိုက်၍ရယ်မောရိပ်လေးတွေ ပြည့်သိပ်နေတာ သူ မြင်နေရပါ၏။ ထိုမျက်လုံးလေးကိုလည်း သူ ချစ်သည်ပါပဲ ..။ မျက်သားဖြူပြာစင်၏ အလယ်မှာ နက်မှောင်သော မျက်ဝန်းသည် အရည်လဲ့နေသည်တည့် ..။

“ထံကောင်းလို့ ကိစ္စမချောသွားတာ မင်းသမီးလေးရဲ့ .. ဒါမှမဟုတ်ရင် .. ကိုကို တစ်ယောက်တည်း ကျန်ခဲ့ရတော့မှာ .. ဘယ်လောက် ပျင်းစရာကောင်းတဲ့ ဘဝကြီးထဲ ခြောက်ခြောက်သွေ့သွေ့ကြီး ဖြတ်သန်းနေရမယ် မသိဘူးနော် .. ဒီလို ပျော်စရာကောင်းတဲ့ ဘဝကို .. ကိုကိုရနေတာဟာ ဒီက မင်းသမီးလေး ရှိနေလို့ဗျ .. သိရဲ့လား ..”

ဟု ဆက်ပြောပြီး သူ ရုတ်ခနဲ မြေပြင်ထက်မှ ခုန်တက်ထိုင်လိုက်တော့ ကန်ပေါင်အုတ်ခုံလေးမှာ ထိုင်နေသည့် မြကျေးချို ကမန်းကတန်းလေး ထရပ်လိုက်တော့ သူပြုံး၍ အတင်းကြီး ထိုင်ခိုင်းပြန်ပါသည် အဖြစ် ..။

“ဘာလဲ ကိုကိုရ .. အို .. အို .. မဟုတ်တာကြီး .. အသလို့ ကိုကိုက ကျေးချိုရဲ့ရှေ့ မြေကြီးပေါ်မှာ ထိုင်နေရမှာလဲ .. ကျေးချိုတော့ ငရဲကြီးတော့မှာပဲ ..”

www.burmeseclassic.com



ဟု စိတ်ညစ်သံလေးဖြင့် ကျေးချို ညည်းနိုက် သူကတော့ လက်ညှိုးဖြင့် သူ့နှုတ်ခမ်းမှာ တော့ပြရင်းမှ ခေါင်းယမ်းပြသည်။

“ရှတ် .. တိတ်တိတ်နေပါ .. ငြိမ်ပါ .. ငြိမ်ပါ မြကျေးချို .. ခဏတာမျှ .. ငြိမ်သက်ခြင်းဖြင့် ကိုကို့ကို ကူညီပေးပါ ..”

ဟု ပြောနေတော့ မြကျေးချို စိတ်အိုက်သလိုလေး ခေါင်းလေးကုတ်ကာ ..

“ငရဲကြီးပါ့မယ်ဆို ကိုကိုကလဲ ..”

“ဟော .. အံ့မှ .. လက်ကိုင်ပဝါလေး ဒီလိုဖွင့် .. ဒီလိုဖွင့်တော့ .. ဟော ..”

ဟု ကို အရမ်းကို ပျော်မြူးစွာ ဘောင်းဘီအိတ်ကပ်တွင်းမှ လက်ကိုင်ပဝါလေးကိုမျက်လှည့်ဆရာ ဒေးဗစ်ကော်ပါဖီးအိုက်တင်ဖြင့် ထုတ်လိုက်ပြီး ဖွင့်ပြလိုက်တော့ ဝင်းလဲ့စွာ ရှိနေပါသည့် ရွှေခြေကျင်းငယ်လေးတစ်စုံ ဖြစ်နေချေသည်တကား ..။

ဂါ အံ့ဩမှင်တက်စွာ ငုံ့မိုး၍ မျက်တောင်ပင် ခတ်ရမှာမေ့လျော့စွာ ငေးစိုက်ကြည့်နေပါသည့် မြကျေးချို .. ဘာမျှကြိုတင်ပြင်ဆင် ငြင်းဆိုရန် အခွင့်မရလိုက်နိုင်အောင်ပဲ ကိုကိုက မြန်ဆန်လျှင်စွာပဲ ကျေးချို၏ ခြေထောက်လေးကို ပိုင်စိုးစွာ ဆွဲယူ၍ ခြေကျင်းလေးကို ဝတ်ဆင်ပေးလိုက်ချေသည်တကား ..။

“ဟာ .. ကိုကို .. ကန်တော့ .. ကန်တော့ ..”

ခြေထောက်လေးကို ပြုံး၍ ကိုကို လွှတ်လိုက်ချိန်မှာ မြကျေးချို ကမန်းကတန်းလေး လက်အုပ်ချီ၍ ကန်တော့လိုက်ပါပြီမှ ..။

www.burmeseclassic.com



"ကျေးချိုက အငယ်ပဲဥစ္စာ .. ကျေးချိုရဲ့ ခြေထောက်ကို .. ကိုကို ကိုင်လိုက်တယ်ဆိုတော့ .. ငရဲတော့ ကြီးပါပြီ .. ပြီးတော့ ဝတ်ပေးတာကလဲ .. ရွှေခြေကျင်း ဖြစ်နေတယ် .. ဆို .. မဟုတ်တာ .. တန်ဖိုးလဲ အရမ်းကြီးပါတယ် ကိုကို ရယ် .. ဟင့်အင်း .. ကျေးချို မလိုချင်ပါဘူး .."

နုတ်မှ တောက်လျှောက် အလန့်တကြားလေး ရှိနေသမျှ ဖွင့်ကျပြောရင်း မြကျေး ကိုယ်လေးကိုင်းညွတ်၍ ခြေကျင်းလေးကို ပြန်ချွတ်မည်ပြုခိုက် ကိုကို့မျက်နှာကြီး မှုန်တင်း၍ ကျေးချို၏ လက်လေးကို ခပ်တင်းတင်း ဆွဲဆောင့် ဖယ်ပစ်တာမို့ လန့်ခနဲ ရှိသွားရသည်ပါပဲ ..။

"ခြေကျင်း ဝတ်ပေးပါတယ်ဆိုမှ ခြေထောက်ကိုမကိုင်ဘဲ ဖြစ်မလား .. နေစမ်းပါဦး .. ညည်းလေးက အငယ်ဖို့ .. အကြီးဖြစ်တဲ့ ကိုကို .. တိုယ့်ညီမလေးကို ရွှေခြေကျင်းလေး ဝတ်မပေးရတော့ဘူးလား .. ဒီမယ် .. အုတ်အုကြောင်ထော မရှုပ်နဲ့ .. ရေကန်ထဲ တကယ့်ကို ပစ်ချလိုက်မယ် သိရဲ့ လား .. ငယ်တုန်းက .. ရွှေခြေကျင်း ဝတ်ချင်တယ်ဆို .. ဘာလို့ ကိုကို့ကို ပူဆာလဲ မင်းသမီးလေးရဲ့ .. အဲဒီတုန်း က .. ကိုကို ညဘက်ထုတ်ပြီး စီးကရက်ဘူးပတ်ရွှေစက္ကူ နန်းကြိုးကိုပတ်ပြီး ရွှေခြေကျင်း လုပ်ဝတ်ပေးခဲ့တာလေ .. မေ့ပြီလား .. အဲဒီတုန်းကတော့ .. လှတယ်နော် ကိုကို .. လှတယ်နော် ကိုကိုနဲ့ .. ပျော်နေတဲ့ မြကျေးချို ဖြစ်နေပြီ တော့ .."



ဟု မျက်နှာထားကြီးနှင့် ပြောနေတော့ မြကျေးချို ခေါင်းလေးယမ်း၍ ...

"ဟင် .. ကိုကိုကလဲ .. အဲဒီတုန်းက ကျေးချိုက ကလေး ပဲဥစ္စာ .." ဗို့

"ကလေးတုန်းကလဲ ဒီမြကျေးချိုပဲ .. လူကြီးလဲ ဒီမြကျေးချို ပဲ .. ကျုပ်လဲ .. ကလေးတုန်းက ဒီဟာသာပဲ .. ကြီးလာ တော့လဲ ဒီဟာသာပဲ .. ဒီလူပဲ .. လာပြီးပြောင်းလဲမနေနဲ့ .. ကျုပ် ကလေးတုန်းကတော့ အဲဒီရွှေခြေကျင်းတုပဲ တတ် နိုင်လို့ .. အဲဒါပဲ ဝတ်ပေးခဲ့ရတာ .. ဒီအရွယ်ရောက်လာ တော့ .. အစစ်ကို ဝတ်ပေးနိုင်ပြီ .. ဒါကြောင့် အစစ်ဝတ် ပေးတာ .. ဒီမယ် .. ဒေါ်မြကျေးချို .. ဒီရွှေခြေကျင်းကို ဝတ်ပေးမယ်လို့ ဓာတ်ခင်ထားတာ နည်းတဲ့နှစ်လား .. ခင်ဗျားလေး အဲဒီတုန်းက ခြေကျင်းတုလေးကို တကြည့် ကြည့်နဲ့ လှတယ်နော် ကိုကို .. နဲ့ ပျော်နေတုန်းက .. ကျုပ်ပြောခဲ့တယ်လေ .. ကိုကို ရွှေခြေကျင်း ဝယ်ပေးမယ် လို့ .. မှတ်မိလား .. အဲဒါ .. အစစ်အမှန် စိတ်ဓာခင်ဗျ .. ကျုပ်မုန့်ဖိုးထဲက .. အဲဒီတုန်းကတည်းက စုလာလိုက်တာ .. စုမှ .. ဝယ်ပေးနိုင်တော့တာ .. မေမေနဲ့ မေမေတို့က .. ကိုကို့ကို ဒီလက်စွပ် .. ဒီလက်ပတ်နာရီ .. ဒီဆွဲကြိုး .. အဲဒါတွေကို ဆင်တယ် .. ကိုကို ပိုက်ဆံစုနေဖို့ မလိုဘူး .. ဒါပေမဲ့ .. ဟောဒီက ကျုပ်ရဲ့ရွှေမင်းသမီးလေးကို ဝတ် ပေးဖို့အတွက်ကျတော့ ကိုကို့မုန့်ဖိုး ပိုက်ဆံတွေနဲ့ စုလာ ခဲ့တာဗျ .. ဝတ်ရမယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေတော့ မြကျေးချို့ အကြပ်တွေ့နေရပါသည့် အဖြစ် ..။ တကယ့်ကို .. ကိုကို စေတနာစေဖြင့် ဝယ်ခဲ့သည်ပဲဆိုတာ သိလာရတော့ မငြင်းရက် ..။ ဒါပေမဲ့ .. စက်သည်က .. အဖိုးတန်ရွှေ ဖြစ်နေသည်။

"အတုဝယ်လာတာ မဟုတ်ဘူး ကိုကိုရယ် .. ဒီလောက် ဝယ်ပေးချင်ရင်လဲ အတုဝယ်လာပေါ့ ကိုကို .. ဒါက .. အစစ်ကြီး ဖြစ်နေတာ ခက်တယ် .."

ဟု တစ်ချက် ခပ်ညည်းညည်း ပြောတော့ သူ့မျက်နှာကြီး ချိုပစ်ကာ ...

"ဘာ .. လူကို အတုဝယ်ခိုင်းနေတယ် ဟုတ်လား .. ဒီမှာ ကြည့်စမ်း .. မရှိအရှင်း .. ရှိအရှင်းပဲ .. အတုတော့ ကျုပ်ရဲ့မင်းသမီးလေးကို ကန်နိမ့်အောင် .. ဦးချိုးအောင် မဆင်ဘူး .. အစစ်ပဲဆင်မယ် .. ဒီမျက်နှာကြည့်စမ်း အမိ .. အတုလောက်ပဲ ညည်းလေးကို ဝယ်ဆင်မယ့် ငညှံများမှတ်နေလား .. ဒီမယ် မြကျေးချို့ .. အကြောင်းကြောင်း မလုပ်နဲ့နော် .. ဒီလို ရွှေခြေကျင်းလေး ဝတ်ပေးမယ်ဆိုပြီး စိတ်ကူးထဲမှာ ရှင်သန်လာတဲ့ မျှော်လင့်ခြင်းတွေကို မင်းမေ့ပစ်လိုက်စမ်းပါနဲ့ .. မေ့မထားလိုက်စမ်းပါနဲ့ .. မယူချင်ရင် ရတယ် .. ရေကန်ထဲ လွှင့်ပစ်လိုက်မယ် .. ရှင်းရော .."

ဟု မျက်နှာကြီးတင်းကာ မျက်နှာကြီး ညိုနေသည့် ကိုကို့ကို မြကျေးချို့ လန့်လာသည်။ တကယ့်ကိုပဲ ခြေကျင်းလေး ပြန်ချွတ်တော့မယောင် ဒေါသမျက်နှာဖြင့် ခါးကြီးကိုင်းလိုက်တော့ မြကျေးချို့ နေရာလေး ရွှေ့ရပ်လိုက်ရင်းမှ ...



"ဒေါသ ကြီးလိုက်တာ ကိုကိုကလဲ .. ကျေးချို့က .. ဒီလောက် တန်ဖိုးကြီးတာကို မဝတ်ရဲလို့ပါ .. ကိုကိုကလဲ.."

ဟု မျက်နှာငယ်လေးဖြင့် ပြောကာ ကန်ပေါင်လေးမှာ ခြေထောက်လေးတွေတင်၍ ထိုင်ကာ ခြေထောက်လေးပေါ် လက်လေးတွေအုပ်၍ မျက်ရည်ဝဲနေတော့ သူသွေးမှာလာထိုင်သည်။

"မွေးနေ့လက်ဆောင် ကြိုပေးတာ သိရဲ့လား .. မနက်ဖြန်ညည်းမွေးနေ့ဆိုတာ ကျုပ် မမေ့ဘူးလေ .. အဲဒါ .. လက်ဆောင်ပေးတဲ့လူ စိတ်မောအောင် လုပ်တာတော့ ပြန်တောင်းပန်လိုက်ရင် ပိုကောင်းမယ် ထင်တယ် ကောင်မလေးရေ့"

ဟု ပြောလာတော့ မြကျေးချို့ ခြေကျင်းလေးကိုငုံ့ကြည့်သည်။ ခြေကျင်းလေးကတော့ ကျေးချို့ ပြက္ခဒိန်တွေမှာ မြင်ဖူးသလိုမျိုးကြီးတော့ အကြီးကြီးမဟုတ် ..။ ဒါပေမဲ့ ပန်းကနုတ်လေးတွေ ဖော်ထားတာမို့ လှနေသည်။ ခြေကျင်းကြီး ကြီးမနေတာကိုပဲ ကျေးချို့ နည်းနည်း ကျေးဇူးတင်ချင်နေရပါသည့် အဖြစ် ..။

"မေမေက ဆူမှာ .. ဒီလို အဖိုးတန်ကြီး ကျေးချို့ လက်ခံတယ် ဆိုရင်လေ .."

"ဖွက်ထားလိုက်ကွာ .. ညကျရင် ဝတ်အိပ်ပေါ့ .. ပြီးတာပဲ .. မနက် ပြန်ချွတ်သိမ်းထားလိုက် .."

ဟု ကိုကို ပြောလာတော့ ပေးသည့်ပစ္စည်း ဝတ်စေချင်တာပဲ သိပါသည့် ကိုကို့ကို ငေးကြည့်ရင်း ရင်ထဲမှ သံယောဇဉ်သည် ပို၍ ခိုင်တည်လာရ ..။ ကိုကို့ကို ပို၍တွယ်တာလာရသည်က ကျေးချို့ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



ကျေးချို ခြေကျင်းလေးကို ချွတ်မည်ပြုတော့ ကိုကို လက်ကာသည်။

"ဟော့ .. နေဦးကွ .. ကြည့်တောင် မကြည့်ရသေးဘူး .. သူ့ကို ရန်ဖြစ်နေရတာနဲ့ .. ခြေကျင်းလေးနဲ့ လှနေတဲ့ ဒီခြေထောက်လေးကို သေချာတောင် မကြည့်ရသေးဘူး .. ခဏထိုင်ပါဦး ကျေးချိုရ .. အင်း .. လှတယ် .. တော်တော်လေး လှတယ် .. ကိုကိုက ဒီထက်ကြီးကြီး လိုချင်တာ .. စုထားတဲ့ ပိုက်ဆံနဲ့က ဒီလောက်ပဲ ရတယ်လေ .. အဟဲ .."

ဟု ရယ်၍လည်းပြော .. နုဖန့်နေသည့် ခြေထောက်လေးကို ကြည့်နေရင်းမှ ဖြီးလည်းဖြီးကျနေသည်ပါပဲ .. ကိုကို့ မျက်ဝန်းမှာ ပီတိတွေ တွေ့နေရသည်။ ကြည်နူးမှုတွေ မြင်နေရသည်။ ကိုကို့ မျက်နှာထက်မှာ ထင်ဟပ်နေသည့် အပျော်ရိပ်သည် ကြည်နူးခြင်းဖြင့် ဖြည့်လျက် ဝင်းစင်နေသည်ပါပဲ ..

"ကဲ .. ကဲ .. သိမ်းလိုက် .. သိမ်းလိုက် .. ဘဘမှီကလဲ ဒီဥစ္စာမြင်ရင် .. ဆူမှာကတော့ သေချာနေတယ် .. ဘဘမှီက အလွန်အားနာတတ်တာ .."

ဟု ကိုကို နားလည်စိတ်ဖြင့် ပြောလာတော့ ခွင့်ပြုချက်ရပြီမို့ ကျေးချို ကမန်းကတန်းလေး ခြေကျင်းလေးကို ချွတ်သည်။ ကိုကို ကမ်းပေးလာသည့် လက်ကိုင်ပဝါလေးမှာ ပြန်၍ ထုပ်ပတ်ထားလိုက်ပါ၏။

"အဲဒီအင်္ကျီအိတ်ကပ်လေးထဲမှာ သေချာသိမ်းထား .. ကျေးချို စေနဲ့ .."



ဟု ဘလောက်အင်္ကျီအိတ်ကပ်လေးကို လက်ညှိုးထိုး၍ ပြောတော့ ကျေးချို သိမ်းလိုက်ရသည်ပါပဲ။

"လာ .. ကိုကို .. ကျေးချိုကို ဒီနေ့ စန္ဒရားတီးပြမယ် .. ကျေးချိုက .. ဘာကနားထောင် .. ဟုတ်ပလား .. မနက်ဖြန်အတွက် ကိုကိုက .. ကြိုတင်ပြီး သီချင်းဆိုပြထားမှာ သိရဲ့လား .. ကျေးချိုကို .. ကိုကို အရင်ဆုံး မွေးနေ့လက်ဆောင် ပေးချင်တယ် .. စန္ဒရားတီးပြီး သီချင်းဆိုပြချင်တယ် .. ကိုကိုက .. အားလုံးထက်စောတဲ့ ကိုကို ဖြစ်ချင်တယ် .. ဒါပဲ .."

ဟု ပြောလည်းပြော .. ကျေးချိုကို ဧည့်ခန်းရှိ စန္ဒရားဆီသို့ ခေါ်လာကာ .. တကယ့်ကိုပဲ စန္ဒရားတီးပြနေတာမို့ ဘေးမှာ ရပ်ရင်း ကျေးချို မျက်ရည်ဝဲလာအောင် ရင်ထဲ ကြည်နူးရသည်ပါပဲ .. စန္ဒရားခလုတ်လေးတွေထက်မှာ ပြေးလွှားနေသည့် ကိုကို့ လက်ချောင်းလေးတွေ နူးညံ့မွေ့စင်နေတာကို ကျေးချို ငေးကြည့်ဖြစ်၏။

ဆရာဝန်တစ်ယောက် ဖြစ်လာမည့် သူတစ်ယောက်၏ လက်များသည် နူးညံ့လျက် .. အနုပညာကို မြတ်နိုးသည့် သူတစ်ယောက်၏ လက်ချောင်းသန့်သန့်စင်စင်များ ဖြစ်နေချေသည်ပဲ .. ကိုကို မော့၍ ပြုံးကြည့်လာကာ ..

"ကိုကိုက .. ဟောဒီက မင်းသမီးလေး စန္ဒရားငယ်လေးကို တီးနေတာ မြင်ကတည်းက .. စန္ဒရားအစစ်ကို တီးပြမယ်လို့ ဆုံးဖြတ်ထားတာ .. ဒီနေ့မှာလေ .. အရင်နေ့တွေတုန်းက ကိုကို တီးတဲ့အခါ .. ကျေးချို ဘာနားထောင်

www.burmeseclassic.com

www.burmeseclassic.com



ဖူးတာနဲ့ ဒီနေ့နဲ့ မတူဘူးနော် … ဒါက … ကိုကို တမင်ကို တီးတာ … ကျေးချို တစ်ယောက်တည်းအတွက် တီးတာ … မွေးနေ့ အကြိုလေ …”

ဟု ပြောတော့ ကျေးချို ပြုံး၍ နားထောင်နေရပါ၏။ အိမ်မှာ ဘဘမြိုင်နှင့် အန်တီမိုးတို့ ရှိနေဟန်မတူ …။ ဒေါ်ကြီးဘနှင့် မမမိလုံးတို့လည်း မီးဖိုဆောင်ထဲမှာ ရှိနေကြချေမည်ထင့် …။ ဖေဖေကတော့ အလုပ်လုပ် မကျဘဲ စန္ဒရားတီးတာ နားထောင်နေသည်ဆိုပြီး သိလျှင်ဖြင့် ဆူမှာသေချာသည်။ ဒါပေမဲ့ … ခက်သည်က … ကိုကိုက အတင်းနားထောင်ခိုင်းနေသည့် အဖြစ် …။ အို … မဟုတ်သေး …။ ရိုးသားစွာ ဝန်ခံစတမ်းဆိုလျှင်ဖြင့် … ကျေးချိုကလည်း … ကိုကို့ဆီမှာ ခုလိုရပ်ရင်း စန္ဒရားတီးနေသည့် ကိုကို့ကိုငေးကြည့် …။ စန္ဒရားသံကို ကြည်နူးစွာ နားထောင်ချင်နေသည်ပါပဲလေ …။

“စန္ဒရားတီး သင်ပါဆိုတော့လဲ … နားမထောင်တဲ့ မိန်းကလေး … ဘဘမှီ ဆူမယ် … ဘဘမှီ ဆူမယ်နဲ့ချည်း ငြင်းနေတဲ့ ညည်းလေးကို … ကိုကို … အပြစ်တင်ရမှာ ခက်နေလို့ သိရဲ့လား …”

ဟု ကိုကို တစ်ချက်ညည်းနိုက် …

“ကျေးချိုတို့က ဆင်းရဲတယ် ကိုကို … စန္ဒရားတီးသင်တယ် ဆိုတာ စန္ဒရားကြီးတစ်လုံးကို ပိုင်ဆိုင်နိုင်တဲ့သူမှ သင့်တော်တာကိုး ကိုကိုရဲ့ … ဖေဖေက အဲသလိုပြောတယ်လေ … ဖေဖေ ပြောတာလဲ မှန်တာပဲ ဥစ္စာ …”

ဟု ကျေးချို ပြောတော့ သူ လက်ကာသည်။



“တော်ပြီ … အဲဒီ ဆင်းရဲတယ် ဆိုတာကြီးကို နားထောင်ချင်လို့ ဒီနေရာမှာ ရပ်ခိုင်းထားတာ မဟုတ်ဘူးဗျ … ကဲ … နားထောင် …”

ဟု ပြောကာ ကိုကို စတင်၍ စန္ဒရားကို တီးခတ်လာပါပြီ …။

ကိုကို တီးခတ်နေသည်က ရွှေစံပယ်ရုံသီချင်း …။ တက္ကသိုလ်ဖေညွန့်၏ ရွှေစံပယ်ရုံသီချင်းပါတည့် …။

“ရွှေစံပယ်ရုံဘေးမယ် … ညချမ်းရိပ်ဝယ် တေးသံပေးကာ ရောက်ခဲ့ပေါ့ကွယ် … ပန်းစံပယ်အလှ ခါလာဖို့ရယ် … ချစ်တင်းစကားကိုတဲ့ မောင် ပြောမယ် … မောင့်ကြင်ရာ … စံပယ်ဖြူကလေး … စောင့်သူမှာ ထုံတျာတေး ချိုအေးသာ ယာ ကြည်လင်စွာငယ် … နွဲ့သဒ္ဒါဆောင်ခန်း … သော်တာ ပေါ်လာထွန်းတင့်နှန်းဖွယ် … ရွှန်းဝင့်ပြုံးတယ် သူဓာနတ် မယ် … ချစ်မျိုးငယ်သာ စွဲလမ်းမိတယ် … ဖြေမဆည်နိုင် အောင် လွမ်းအားပိုလို့ … ကြွယ် …”

ကိုကို့အသံက လှိုက်နေသည်။ မျက်ဝန်းတွေမှာ အရည်လဲ့နေသည်။ မြကျေးချို ရင်ထဲ သိမ့်ခနဲဖြစ်ချင်၏။ ကိုကို သည် … ရွှေစံပယ်ရုံကိုဆိုလျက် ရှိနေချေသည်ကောလေ …။ ထို စံပယ်လေးတွေ ဆိုတာက … ကျေးချို အတွက် … ကိုကို မနက် တိုင်း ခူးသီလာပေးနေသည့် စံမယ်ပွင့်လေးတွေကိုများ ကိုယ်စား ပြုနေချေသည်လား မသိ …။

ဘုရားရေ …။ ကိုကိုသည် …။ ကိုကိုသည် … မြကျေးချိုကို … ရည်စူး၍ ဆိုနေချေသည်လား မသိ …။

www.burmeseclassic.com

www.burmeseclassic.com



"ပင်တိုင်းဖျားဝယ် ပန်းအလှရယ် .. မောင်မွှေ့လို့ကွယ် ထွေးပါ့မယ် .. ချစ်သူ စံပယ်ဖြူရယ် .. ချစ်ချစ်တဲ့ဖာတ် ကြောင်းကိုကွယ် ထပ်လောင်းကာ ပြောစမ်းကွယ် .. ရုပ် ဆင်းရူပကာ ကြော့ကြော့ရှင်းတယ် .. နွယ်နီနုတ်ပန်းရယ် .. ရုပ်ချောသူရယ် .. ချစ်မိုးတွေ ရွာခဲ့တယ် .. ယုံပါမျိုးအမိ ရယ် .. ခင်လေးကို မောင်ကြင်ချင်တာရယ် ရှစ်ကမ္ဘာမမုန်း မောင့်သက်လှယ် .."

မော့ခနဲ ကြည့်လာပါသည့် ကိုကို့မျက်ဝန်းများမှာ ပြည့်သိပ်နေကြသည်က .. ချစ်ရိပ်များ ..။ အော် .. ချစ်ရိပ်များ ပါတကား ..။ မြကျေးချို ဖျတ်ခနဲ မျက်လွှာလေးချလိုက်စဉ်ခိုက် ညှော်ခန်းဆီသို့ ဝင်လာပါသည့် ဒေါ်ကြီးဓာမှ ..

"အံမယ် .. တစ်ယောက်တည်း တီးနေတယ် မှတ်တယ် .. ကျေးချိုလေးကို ထုံးစံအတိုင်း အတင်းပရိသတ်လုပ်နိုင်း နေတယ်ပေါ့လေ .."

ဟု ပြောလာရင်း ရယ်နေတာမို့ သူ စိတ်ပျက်စိတ် မောသွားပုံကြီးဖြင့် ဒေါ်ကြီးဓာကို ကြည့်လိုက်တာ မြကျေးချို မြင်သည်။

"အတော်ပဲ ကျေးချို .. ဒေါ်ကြီးဓာ ကင်ပေါင်းကြော် .. ကြော်နေတာလေ .. မီးလုံးနဲ့ လုပ်ရတာ အဆင်မချောပါ ဘူးကွယ် .. လာ .. လာ .."

ဟု ခေါ်တာမို့ ကျေးချိုလည်း နောက်ဖေးမီးဖို ဆောင်ဆီသို့ ပါသွားရ ..။ သူလည်း စန္ဒရားကြီး ချန်ခဲ့ကာ နောက်မှ ကပ်ပါသွားရပြန်ပါသည့် အဖြစ် ..။



ဘူးသီးကြော် ..။ ကြက်သွန်ကြော်။ ကန်စွန်းရွက်နှင့် မုန့်နှစ်ကို ရောမွှေထားပါသည့် ကန်စွန်းရွက်ကင်ပေါင်းကြော်။ ပဲကပ်ကြော် ..။ မြကျေးချိုနှင့် ဒေါ်ကြီးဓာ တစ်လှည့်စီကြော်နိုက် ပေါင်းထားသည့် ကောင်းညှင်းပေါင်းနံ့က သင်းလာနေပြီ ..။ ကောက်ညှင်းပေါင်းနှင့် အကြော်စားကြမည်လေ ..။ မနက်စာစား ပြီးချိန်နှင့် နေ့လယ်စာ ထမင်းမစားမီ ကြားချိန်လေးမှာ ဤသို့ တစ်ခုခုကို အဆာပြေလည်းဖြစ် ပျော်လည်း ပျော်စရာအဖြစ် ဝိုင်းဖွဲ့၍ ကြာရိပ်မြိုင်မှာ စားသောက်နေကျပါ ..။ ခုလို .. စနေ နေ့ဆို .. မပြစ်မနေ ပို၍လုပ်စားနေကျ ..။

"သားရဲ့ဖေဖေနဲ့ မေမေ အပြင်ခဏသွားကြတယ် .. ပြန် ရင် .. သားရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားကိုပါ ဝင်ခေါ်လာကြ မယ်တဲ့ .. ဒီမှာ ကောက်ညှင်းပေါင်းနဲ့ အကြော်စားကြ မယ်လေ .."

ဟု ဒေါ်ကြီးဓာ ပြောနေခိုက် ..။

သူကတော့ .. အကြော်တစ်ခုပြီးတစ်ခု .. ဟိုဟာ ယူစားလိုက် ..။ ဒီဟာယူစားလိုက် ..။ လျှာပူလောင်လိုက်နှင့် ဖြစ်နေသမျှ မြကျေးချို မျက်မောင်လေးကုတ်၍ မသိမသာကြည့် လာတော့ သူ လှမ်း၍ ပြုံးပြလိုက်သည်ပါပဲ ..။

ဘာပဲဖြစ်ဖြစ် .. မြကျေးချိုလေး ကြော်နေသည့် အကြော်ကို ယူစားနေရသည်ကို .. ချိုနေသည် ..။

ရင်ထဲမှာ ပျော်နေသည်။ အော် .. ကြည်နူးနေရချေ သည်ကော ချွေစံပယ်ဖြူလေးရယ် .. ဟု သူ တွေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျေးချို၏ ကေသာထက်မှာ ပန်ထားသော စံပယ် ပွင့်လေးများဆီမှ ရနံ့က မွှေးမြမြထုံလျက် သူ့နှာများဆီသို့ တိုး ဝင်၏။

❤○❤



## အခန်း(၁၇)

"သာဓု .. သာဓု .. သာဓုပါ သမီးရယ် .. ခုလိုမွေးနေ့မှာ ဖေဖေ့ကို ကန်တော့ခြင်းကြောင့် .. ဘဝမှာ အမြဲအစဉ် ချမ်းမြေ့ကြည်စင်တဲ့ ဘဝကို ပိုင်ပိုင်စိုးစိုး ရရှိနိုင်ပါစေ ကွယ် .. ပညာထက်မြက်သော သမီး .. ဘဝမြင့်၍ တင့် တယ်သော သမီးလေးအဲဖြစ်လဲ .. ရှိရပါစေကွယ် .. ဘယ် သောအခါတွင်မှ သောကမရှိရပါစေနဲ့ .. ဘေးဘယာအမြဲ ဝေးကွာရသူလေး ဖြစ်ရပါစေ သမီးရယ် .."

ဖေဖေ ဆုတောင်းပေးနေသမျှ လက်အုပ်လေးချီ၍ ...ခိုက်ရင်း ဆုဆုံးတော့ ကျေးချို ဦးချသည်။ ဖေဖေ့ကို မော့ ...ကြည့်တော့ ပြုံး၍ ငေးစိုက်ငုံ့မိုး ကြည့်နေတာနှင့် ကြုံ၏။

ဘုရားစင်မှ စံပယ်ရနံ့ ..။ မီးဝေါပန်းတို့၏ ရနံ့နှင့် ...ဆီတို့၏ ရနံ့က မွှေးမြနေကြလျက် ..။ ပန်းဆီမီးတို့ဖြင့် ...ယ်လျက် ရှိပါသည့် ဘုရားရှင်တော်မြတ်အား ဦးစွာဦး... ...တော့ပြီးသည့်နောက်မှာ .. ဖေဖေ့ကို မြကျေး ကန်တော့ခြင်း ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အခန်းတွင်းသို့ ဝင်သွားကာ ပြန်ထွက်လာတော့ သေသပ်စွာ ထုပ်ပတ်ထားသည့် ဘူးပြားတစ်ခုကို ကိုင်လျက်ပါလာတာကို မြင်၏။ ဖေဖေပြုံး၍ ကျေးချိုကို ကမ်းပေးကာ ..

"ဖွင့်ကြည့်စမ်း သမီးလေး .. ဖေဖေ့ရှေ့မှာ ဖွင့်ကြည့် .."

ဟု ပြောတာမို့ ရွှေရောင်စက္ကူပတ်လေးဖြင့် ရှိနေပါသည့်ဘူးကို ခပ်ဖြည်းဖြည်း ကျေးချို ခွာသည်။ ရင်ထဲမှာ ကျေးချို အံ့ဩစိတ်ဝင်၏။ ဘယ်တုန်းကမျှ .. ဖေဖေသည် ခုလို ရွှေရောင်စက္ကူတွေ ဘာတွေဖြင့် တလှတပကြီးလုပ်ပြီး ကျေးချိုကို မွေးနေ့လက်ဆောင် မပေးစဖူး ..။

ခု မွေးနေ့ကျမှ .. ဖေဖေ ပေးလာခြင်းပါ ..။ ဖေဖေကို မော့ခနဲ ကြည့်တော့ ပြုံးကြည့်နေသည့် ဖေဖေ့မျက်နှာထက်မှာ ကြည်နူးရိပ်ကို အရင်မြင်သည်။ ပြီးတော့ .. ဖေဖေ့ မျက်ဝန်းတွင် ဝေ့ဝေ့သီနေသည့် မျက်ရည်လဲ့လဲ့ကိုလည်း မြင်သည်တည့် ..။ ဘာကြောင့်ရယ်မသိ ..။ ကျေးချို ရင်ထဲ တစ်ချက် ဆို့ခနဲဖြစ်သွားရပါသည့် အဖြစ် ..။ နောက်တော့မှ အလိုလိုသိလာရသည်က .. ဖေဖေသည် အစစ ချွေးခြံချွေတာလျက် .. ဤမွေးနေ့လက်ဆောင်ကို ဝယ်ပေးခြင်းဆိုတာကို ရင်ထဲမှ ခံစားသိနှင့် နေရစ်ဖြင့် ကျေးချို ရင်ထဲ ဆို့လာခြင်းပါလားဟု နားလည်လာမိခြင်းပါ ..။ တကယ်တော့ ဖေဖေနှင့် ပတ်သက်လာလျှင် ကျေး အရမ်းနားလည်နေတတ်သည်မို့ .. ခုလည်း .. ရင်ထဲ အလို ဆို့တက်လာသည်က အရင်ဖြစ်နေလျက် ..။ ဖေဖေ့ ခမျာ .. ကြိုတင်၍ စုဆောင်းထားကာ ဤလက်ဆောင်ကို ကျေးချို အောင် စိတ်ကူးတရရဖြင့် ဝယ်ခဲ့ရှာခြင်းပါလားဟု အသိ



နောက်မှ ဝင်လာရသလိုကြီး ဖြစ်သွားရခြင်းပါ ..။ ဖေဖေ့မှာ ဝတ်ကောင်းစားလှဟူ၍ များများမရှိခဲ့ ..။ ဘုရားသွား ကျောင်းတက်အတွက် အဝတ်ကောင်း သုံးစုံပဲရှိသည်။ အသစ်ဝယ်တာမျိုးဟူ၍ မရှိခဲ့တာကြာပြီ ..။ ကျေးချို ဖေဖေ့အတွက် ပိုက်ဆံလေးစု၍ ဝယ်လာလျှင်လည်း မဝတ်ဘဲ သိမ်းထားလိုက်သည်ချည်း ဖြစ်နေတာမို့ ကျေးချိုမှာ ဝယ်ရအခက် ..။ မဝယ်ရ အခက်နှင့် ရှိခဲ့ရခြင်းပါ ..။ အဝတ်သစ်တွေ ကျေးချို ဝယ်လာသမျှ ဖေဖေ သိမ်းထားနေလိုက်ခြင်း ဆိုတာက နောက် ထပ်ဝယ်မလာအောင် ဆိုတာကိုလည်း ကျေးချို သိသည်ပါပဲ ..။

ခုလည်း ဖေဖေ ဘာတွေများ ဝယ်ထားပါချေသည် ခသိ ..။ ကျေးချို အတွက်သာ ဖေဖေ အမြဲတွေးနေတတ်လျက် ..။ ကျေးချို ပညာတတ်ကြီးဖြစ်အောင် ပိုက်ဆံစုဖို့ ဖော်တစ်ခုတည်း ဖေဖေ့ရင်မှာ တင်နေတာကိုလည်း သိနေရသည်မို့ ..။ ထိုစုထားသည့်အထဲက .. ကျေးချို အတွက် တစ်ခုခုတော့ ပို၍ထူးခြားသော လက်ဆောင်ကို အထုပ်ထဲမှာ ရှိနေစေပြီဟုတော့ နားလည်နေမိသည်။

"ဖွင့်ကြည့်လေ သမီးရဲ့ .."

ဟု ဖေဖေ ပြုံး၍ ထပ်ပြောတော့မှ တုန်ခါစပြုနေပြီဖြစ်သည့် လက်ချောင်းလေးတွေဖြင့် အထုပ်လေးကို ဖြည်လိုက်ပါပြီ ..။

အလွန်လှသော အဝါနုရောင် ပိုးဝတ်စုံလေးပါတာ။ သေသပ်စွာ ခေါက်ထားပါသည့် ဝတ်စုံလေးကို ငေးစိုက်ကြည့်ရင်း မျက်ရည်က အရင်လည်တက်လာနေပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ချုပ်နေကျ စက်ဆိုင်မှာ မေမေ အပ်ခဲ့တာ .. ဈေးထဲက လှယမင်းဆိုင်ကလေ .. သူ .. ချုပ်ပေးတာ .. သမီး ကြယ်သီးတံထိုးတဲ့ဆိုင် .. အဲဒီကို မေမေ သွားမအပ်ခင် .. မေဖေ့သမီးအတွက် မေမေ အလွန်လှတဲဝတ်စုံလေးတစ်စုံကို .. မွေးနေ့လက်ဆောင် ပေးချင်တယ်လို့ သွားမေးတယ် .. ဘယ်လောက်ပိတ်စဖြတ်ရမလဲပေါ့ .. မေမေက ပိုးသားကို အလွန်သဘောကျတာ .. နူးညံ့တယ် သမီးရဲ့ .. အဲဒါမျိုးကို မေဖေ့သမီးကို ချုပ်ပေးချင်တယ်လေ .. ပိုးဆိုတာက .. ပေါ့ပါးတယ် .. အေးတယ် .. လှတယ် .. နန်းဆန်တယ် .. မေဖေ့သမီးလေးမှာ ပိုးရယ်လို့ ဘယ်တုန်းကမှ မဝတ်ဖူးခဲ့ရဘူး မဟုတ်လား၊ တခြားအဝတ်ကောင်းလေးတွေတော့ ရှိပေသပေါ့လေ .. ဒါပေမဲ့ .. ဆင်းရဲပေသကိုးကွယ် .. အလွန်အဖိုးတန်ရယ်လို့တော့ ဘယ်ရှိနိုင်လိမ့်မလဲ .. မဟုတ်ဘူးလား .. ခု .. မေမေ .. ပိုးအစလေးကို မေဖေ့သမီးကို ချုပ်ပေးရပြီ .. လှလဲလှတယ် .. အဝါရောင်လေးက သမီးနဲ့ လိုက်ဖက်တယ်လေ .. စက်ဆိုင်က ယမင်းပဲ အထည်ဆိုင်ထိ လိုက်လာပြီး .. မေမေပြတဲ့အစကို လိုသလောက်ဖြတ်ခိုင်းခဲ့တာ .. ကဲ .. ကဲ .. ဝတ်ချေစမ်း သမီး .. မေမေကြည့်ချင်လို့"

ဟု ပြောတော့ မြကျေးချို မျက်ရည်လည်နေရင်းမှ မေဖေ့ကိုကြည့်ကာ ...

"မေမေရယ် .. မေဖေ့မှာ ပိုးတိုက်ပုံရယ်လို့တောင် မရှိခဲ့ပါဘူး .. ဒီလောက် အဖိုးတန်ကြီး ဘာလို့ဝယ်ပြီး သမီးကို ဆင်ရတာလဲ မေမေရယ် .."



ဟု ပြောနေရင်း မျက်ရည်က အရင်ကျသည်။ အင်္ကျီလေးက အတော်ကိုလှသည်ပဲ ..။ ပုလဲလုံးလေးတွေဖြင့် စီးကွင်းလေးတွေ ရောထိုးထားလျက် တော်တော်လေး ချုပ်ခကိုက ပေးရမည့်အဖြစ် ..။ ထဘီလေးမှာလည်း ပုလဲပွင့်လေးတွေနှင့် စီးကွင်းလေးတွေကို လှနေအောင် ထိုးထားပြန်သေးတာမို့ အတော်လေးကို ကုန်ကျမည့်သဘော ..။ ဝတ်ရဖို့မဆိုနှင့် ကိုင်ကြည့်နေရင်းဖြင့်ပင် .. မေမေ အဘယ်မျှထိ ငွေကုန်ကြေးကျခံကာ စိတ်ကူးတယဉ်ယဉ်ဖြင့် ဤဝတ်စုံလေးကို အပ်ခဲ့သည်ဆိုတာ သိနေရတာမို့ ရင်ထဲမှာ မဝတ်ရက်နိုင်အောင် ခံစားလာရပါသည့်အဖြစ်။

"ဟော .. သမီးကတော့လေ .. ဘာလို့ငိုရတာတဲ့လဲ .. အမေက ချစ်လို့ ဝတ်စေချင်လို့ဥစ္စာ .. မေမေ ဝမ်းသာအောင် ဝတ်စမ်းပါ သမီးရယ် .. ဒီနေ့မှာ .. မေမေလေ .. သမီးနဲ့အတူ ဓာတ်ပုံလဲ ရိုက်ထားမယ်ဗျ .. ဘာလို့မှန်းကို မသိပါဘူး သမီးရယ် .. သမီးလေးနဲ့အတူ .. မေမေ ဓာတ်ပုံ ရိုက်ထားချင်နေတယ် သိလား .. သမီးလေး ခု .. ဆယ်တန်းရောက်နေပြီ၊ နောက်ဆို တက္ကသိုလ်တက်ရတော့မှာ မဟုတ်လား .. ဆယ်တန်းကျောင်းသူ သမီးလေးနဲ့ အမေ ဓာတ်ပုံရိုက်ထားချင်တယ်လေ .. အဲသလိုကြီးကို ဖြစ်နေတယ်"

ဟု ရိုးရိုးစင်းစင်းကြီး ပြောလာပါသည့် မေဖေ့ကို မြကျေးချို မော့ခနဲကြည့်ကာ မေဖေ့ ရင်ထဲမှာ ဘာတွေခံစားနေရရှာတာ သိလိုက်ရပါပြီ ..။ ရင်သည် ဟိုက်ခနဲ လှိုက်ခနဲ ဖြစ်သွားရရာမှ မေဖေ့ ခြေအစုံကိုသိမ်း၍ ဖက်ပစ်လိုက်မိရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"သမီးဆယ်တန်းအောင်လို့ တက္ကသိုလ်ကျောင်းသူ ဖြစ်သွားရင် .. အတန်းတွေ ဘာတွေ တက်တဲ့အခါ .. မေမေ .. မုန့်ဟင်းခါးသည်ကြီးရဲ့ သမီးဆိုပြီး သမီးမျက်နှာငယ်မှာမျိုးကို မေမေ စိုးရိမ်နေတယ် မဟုတ်လား မေမေ .. သမီးရှက်ပြီး စိတ်ပြောင်းသွားမှာကိုလည်း ရင်ထဲမှာ ကျိတ်ခံနေရတယ် မဟုတ်လား မေမေရဲ့ .. ဒါကြောင့် .. ဒါကြောင့် .. ဆယ်တန်းကျောင်းသူ ဘဝလေးမှာ ခာတ်ပုံလေးတော့ ရိုက်ထားမှ .. ဆိုပြီး ရိုက်ထားတာ မဟုတ်လား .. သမီးတက္ကသိုလ်ကျောင်းသူ ဖြစ်တဲ့အခါ မေမေနဲ့ ခာတ်ပုံတွေဘာတွေ မရိုက်ချင်မှာကို စိုးရိမ်နေနှင့်တာလား မေမေရဲ့ ..

"ကျေးချူး .. ကျေးချူး .. ဘယ်တော့မှ .. ဘယ်တော့မှ .. အဲဒီ ကျေးချူး မဖြစ်ပါဘူး မေမေ .. ကျေးချူးဖြင့် တက္ကသိုလ်တောင် မတက်ချင်တော့ပါဘူး မေမေရဲ့ .. မေမေက .. မေမေက .. တက္ကသိုလ်ကျောင်းသူ သမီးအတွက် ဂုဏ်ငယ်နေစေမယ့် မုန့်ဟင်းခါးသည်ကြီးအဖြစ် နကတည်းက ကြိုတင်ခံစားနှင့်နေတာကို .. သမီးရင်ထဲ မချိတော့ပါဘူး .. မေမေနဲ့အတူ .. သမီး မုန့်ဟင်းခါးရောင်းမယ် မေမေ .."

ဟု ရင်ထဲ ကြေကွဲရှိုက် တက်နေသမျှ ဖွင့်လည်းပြော ..။ မေမေ့ပေါင်ပေါ် ခေါင်းလေးတင်က ရှိုက်ကြီးငင်ကြီး ငိုချလိုက်တော့ မေမေ ဆောက်တည်ရာ မရနိုင်ရှာ ..။ ဆံပင်အစီခုံလေးပေါ်မှ ကမန်းကတန်း ကြမ်းပေါ်ပြောင်းထိုင်ကာ ကျေးချူး၏ ဆံစလေးတွေကို သပ်ပေးလိုက် ..။ မျက်ရည်သုတ်ပေးလိုက်



နှင့် မျက်နှာကြီး ပျက်နေရှာသည်ပါပဲ ..။ မေမေ ကိုယ်တိုင်လည်း မျက်ရည်လိုက်ကျလာပါသည့် အဖြစ် ..။

"တိတ် .. တိတ်တော့ သမီးရယ် .. မေမေက .. နည်းနည်းလေး စေ့ရာဘက် နှယ်လာချိန်မှာ .. အဲဒီလို မဟုတ်မဟုတ် အားငယ်စိတ်တွေ အလကားနေရင်း အဓိပ္ပာယ်မရှိ ဝင်လာနေမိတာကိုက မှားနေတာ .. မေမေ့ သမီးလိမ္မာတာ သိနေရက်နဲ့ .. အလကား အားငယ်ချင်နေတာလေ .. ကဲ .. ကဲ .. မေမေ မှားသွားတယ် .. အဲဒီစိတ်ကူးကို နကတည်းက ဖျောက်ပစ်လိုက်တော့မယ် .. သမီးလေးလဲတိတ်တော့ .. ကြည့်ပါဦး .. မေမေ့သမီးလေး ငိုနေလိုက်တာကွယ် .. သမီး မျက်ရည်ကျရင် မေမေ မနေတတ်ဘူး သမီးရဲ့ .. ဟောဒီ ရင်ဘတ်ထဲကတို့ .. အောင့်တက်လာတာ .. မေမေ့ နှလုံးအိမ်ကို ညှစ်ချေလိုက်သလို ခံစားရတာ သမီးရဲ့ .. မေမေတို့ သားအဖကတော့လေ .. အချစ်ကို လွန်ကြပါတယ်ကွယ် .. သမီးကလဲ မေမေ့ကို အလွန်ချစ် .. မေမေကလဲ သမီးကို အလွန်ချစ်နဲ့ .. ခု .. ငိုနေကြရပြီ .."

ဟု အားယူ၍ပြုံးကာ မျက်ရည်တွေ သုတ်ပေးရင်းပြောရှာပါသည့် မေမေ ..။ မြကျေးချူး မေမေ့ကို မော့ကြည့်နေမိရာမှ မေမေ့ ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်မိရင်း ...

"ကျေးချူးက .. မေမေ့ကို .. ချမ်းချမ်းသာသာကို ထားချင်တာ အမေရဲ့ .. မေမေ တစ်ယောက်တည်းပဲ ကျေးချူးမှာရှိတာ .. ကျေးချူး ဒီနေ့ ဒီလို နေနေရတာက .. မေမေ့

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပါ .. ကျေးချိုကတော့လေ .. မေမေ ခုလို .. ဝင်ပန်းနေတာကို .. မကြည့်ရက်တာပါ .. ကျေးချို ပညာတတ်ဖြစ်ရင်လေ .. မေမေ့ကို .. အိမ်ဦးခန်းမှာထားမှာ .. မေမေက မျက်မှန်ကြီးတပ်ပြီး တရားစာအုပ်တွေကိုဖတ် .. ပုတီးစိပ် .. အဲသလိုနေ .. အဲသလိုနေနော် .. မေမေ .."

ဟု ကလေးလေးလို မော့ပြောတော့ ဦးမြမှီ ရင်ထဲကြည်နူးလိုက်ရပါဘိ ..။ သမီးလေးကို မျက်တောင်မခတ် တစိမ့်စိမ့်ပါအောင် အားငေးစိုက်ကြည့်ရင်း မျက်ရည်တွေ လိမ့်ကျလာသည်မှ အတော်မသတ်နိုင် ..။ တုန်ခါနေသောလက်ဖြင့် သမီးလေး၏ခေါင်းကို သိမ်းပွေ့၍ ရင်မှာအပ်လိုက်မိရပါပြီ ..။

"သမီးလေးရယ် .. မေမေ့သမီးလေးရယ် .. မေမေ ချစ်လိုက်ရပါတဲ့ မေမေ့ သမီးလေးရယ် .."

အသံတွေ တုန်အက်နေရင်း ဦးမြမှီ နှုတ်မှ ပွင့်ထွက်လာပါသည့် အသံတွေက ရှိုက်သံနှင့် ရောထွေးနေသည်။ သြော် .. ဤသမီးလေးကို ငယ်စဉ်ကွေးကွေး ကလေးလေးဘဝကတည်းက ဤရင်အုပ် .. ဤရင်ငွေ့မှာ ချစ်စိတ်ဖြင့် ထွေးပိုက်ခဲ့ရ ..။ ချော့သိပ်ခဲ့ရ ..။ အရိပ်တကြည့်ကြည့် ချစ်ခဲ့ရ ..။ ထွေးပိုက်ခဲ့ရချေသည်ကောလေ ..။

တစ်ခုခုကို အလိုမကျ၍ပဲဖြစ်ဖြစ် .. အိပ်နေရာမှ နိုးလာခိုက် .. အမေ လုပ်သူကို မမြင်ရ၍ပဲဖြစ်ဖြစ် .. သမီးလေး ငိုလိုက်ချိန်များမှာ ဤရင်ခွင် .. ဤရင်အုပ်ကြီးမှာ သမီးလေးကို ပွေ့ပိုက်၍ ချော့မော့ရဖူးသည်။ မျက်ရည်လေးတွေ သုတ်ပေးခဲ့ရဖူးသည်။



ထိုစဉ်ကဖြင့် ပါးပြင်နုနုသေးသေးလေးနှင့် ခပ်ကွေးကွေးလေး ရှိပါသည့် သမီးလေး။

သြော် .. ခုကျတော့လည်း .. သနပ်ခါးစင်းလေးတွေ ထင်နေပါသည့် သမီးလေး၏ ပါးပြင်ထက်မှ မျက်ရည်စက်များကို ဤရင်ခွင် .. ဤရင်အုပ်ကျယ်ကြီးမှာ မေးအပ်စေရင်း သုတ်ပေးနေရချေသည်တကား ..။

"ကဲ .. ကဲ .. အဝတ်လေး ဝတ်ကြည့်ချေပါဦး .. မေမေ ကြည့်ချင်လို့ပါ .."

ဟု ဖြိုး၍ ပြောတာမို့ ကျေးချို မျက်ရည်ကိုသုတ်၍ ရှိုက်သံလေး မစင့်တစင်ဖြင့် အိမ်ခန်းလေးသို့ ဝင်ခဲ့ရပါပြီ ..။ အကျီ်ခေါက်လေးကို ယူလိုက်တော့ ကြားထဲမှ လျှော်ခနဲ ပစ္စည်းလေး ကျလာသည်က အိပ်ရာလေးထက်ဆီသို့ပါ ..။ ကြည့်လိုက်တော့ ပလတ်စတစ်ကြည်လေးဖြင့် ထည့်ထားပါသော ရွှေကြိုးမျှင်တစ်ကုံး ..။ နားကပ်လေးတစ်ရံနှင့် လက်စွပ်လေးတစ်ကွင်းဖြစ်နေချေသည်တကား ..။

မြကျေးချို အိတ်လေးကို ကိုင်နေရင်းမှ ရင်ထဲဆို့လာရပါပြီ ..။ မေမေသည် .. ရွှေထည်လေးကအစ စိတ်ကူးတရဖြင့် ကြိုတင်၍ သမီးအတွက် ကျိတ်ဝယ်ထားရှာသည်ပဲ ..။ အို .. မေမေ အဘယ်မျှထိ .. ကြိုတင်၍ ကြည်နူးနေရှာချေမည် မသိ ..။ ကျေးချိုလေး ဝတ်ဆင်ထားမှာကို အဘယ်မျှထိ စိတ်ကူးဖြင့် ပုံဖော်နေချေမည်မသိ ..။ အကြိမ်ပေါင်း မည်မျှအထိ မြင်ယောင်ကြည်နူးနေချေမည် မသိ ..။ ပုလဲနားကပ်နှင့် ပုလဲလက်စွပ်လေးသည် မကြီးလှ ..။ ပုလဲအရွယ်လေးသည် မကြီးလှ ..။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



လှနေသည်။ ဖေဖေ တတ်နိုင်စွမ်းသမျှဖြင့် ဆင်ထားအပ်ပါသော ပုလဲနားကပ်လေးသည် ဖြူစင်သော ပုလဲပွင့်လေးဖြင့် လှနေသည်။ လက်စွပ်လေးသည်လည်း နန်းဆွဲထားသည့် ပုံဆန်းလေးဖြင့်လှနေသည် ..။ ချေကြိုးမျှင်လေးမှာလည်း ပုလဲလော့ကက်သီးလေးက တွဲလျက်ရှိနေပါသည့်အဖြစ် ..။

တံခါးဝမှာ လူရိပ်ထင်လာတာမို့ မြကျေးချိုး အလိုလိုသိနေပါပြီ ..။ ဖေဖေ ရပ်ကြည့်နေပါလိမ့်မည် ..။ သမီးလေး၏ ခံစားနေမှု မှန်သမျှကို .. စိတ်လှုပ်ရှားစွာဖြင့် ငေးစိုက်ကြည့်နေပါချေလိမ့်မည် ..။ သမီးလေး၏ မျက်နှာထက်မှာ ထင်ဟပ်ဖြတ်ပြေးနေကြပါချေမည့် စိတ်ခံစားမှုမှန်သမျှကို ဖေဖေသည် တောက်လျှောက်ငေးစိုက်ကြည့်နေပါချေလိမ့်မည် ..။ မြကျေးချိုး ကြည့်လိုက်တော့ မျှော်လင့်နားလည်နှင့်သည့်နှယ်ပင် .. ဖေဖေသည် ကျေးချိုး၏ မျက်နှာလေးကို ငေးစိုက်ကြည့်နေသည်။

ဖေဖေ့မျက်နှာကို မမှိတ်မသုန် ငေးစိုက်ကြည့်နေရာမှ ကျေးချိုး၏ မျက်နှာလေး တဖြည်းဖြည်း .. ကလေးငယ်လေးနှယ် ဝမ်းနည်းရှိန်ဖြင့် ငိုမဲ့မဲ့လေး စတင်ဖြစ်လာချိန်မှာ ဖေဖေ အားမှာလာထိုင်သည်။ ခေါင်းယမ်းပြသည်။ ဆံစလေးကို သပ်ပေးသည်။ ဖေဖေ့ နှုတ်ခမ်းပေါ်မှာ ဖေဖေ့လက်ညှိုးကို ကပ်ပြရင်းမှ ...

"ရှတ် .. တိတ်တိတ်နေ .."

ဟု ပြောလာသည်။ မြကျေးချိုး ဖေဖေ့လက်အစုံကို ယူ၍ ဖြန့်ကျက်ကြည့်လိုက်မိရင်းမှ ပေါင်းသင် မြေပေါက်နှင့်ရှိရပါသည့် ဖေဖေ့ လက်ဖဝါးကို ပါးပြင်ဖြင့်အပ်ရင်း ...



"ကျေးချိုးကြောင့် ဖေဖေ့မှာ တာဝန်တွေ ပိလာလိုက်တာ ဖေဖေရယ် .. ကျေးချိုး .. ရွှေမမက်ပါဘူး ဖေဖေရဲ့ .. ကျေးချိုးမှာ ဖေဖေ ရှိနေရင် ပြည့်စုံချမ်းမြေ့နေတာပါ ဖေဖေ .. ဘာလို့ ဒီလောက်ထိ ပိုက်ဆံတွေစု .. ပိုက်ဆံကုန်ခံပြီး ရွှေတွေဆင်နေရတာလဲ ဖေဖေရယ် .."

ဟု ပြောတော့ ဖေဖေ ရယ်သည်။

"သမီးလေးမှာ ကျောက်နီနားကပ်လေးပဲ ရှိတာ .. ဖေဖေက .. သမီးလေးကို ပုလဲဆင်ချင်တာ ကြာပြီသမီးရဲ့ .. ခု .. အရွယ်လေးလဲ ရလာပြီ .. သမီးက ဆံပင်လေးကလဲ ကောင်း .. ရုပ်လေးကလဲလှ .. ပုလဲလေး နားမှာပန်ထားရင် .. အလွန်လှမှာ .. အဲဒါ ဖေဖေ ဒါတွေဝယ်လိုက်တာပေါ့ .. ဝတ်လိုက်နော် .. ဖေဖေ့မှာ စုထားတဲ့ ပိုက်ဆံတွေ ရှိပါသေးတယ် သမီးရဲ့ .. ဒါတွေဝယ်တာ သိပ်မကုန်လှပါဘူး .. ဒီနေ့မှာတော့ .. ဖေဖေ့သမီးလေးနဲ့ ဖေဖေ ခေတ်ပုံလဲ ရိုက်မှာလေ .. ဖေဖေ့ အဝတ်ထဲက အကောင်းဆုံးနဲ့ ဝတ်မှာ .. ဘာဝတ်မှာလဲ သိလား .. ဖေဖေ့သမီးလေး ကန်တော့ထားတဲ့ ဆိတ်ခွံပုဆိုး ရွှေအိုရောင်နဲ့ စတစ်ကော်လာ လည်ကတုံးရယ်ဒီမိတ်အကျႌနဲ့ ဝတ်ရိုက်မှာဗျ .. မှိုးနဲ့မိုးနဲ့ကို ရိုက်မှာ .. အံမယ် .. အဲလိုဝတ်ရမှာကိုများ .. ဖေဖေကဖြင့် ကြိုတင်ရှက်သလိုလိုတော့ဖြစ်သွား .. ရှိုးမများစဖူး ရှိုးများနေရတော့မှာကိုး .. ကဲ .. ဝတ် .. ဝတ် .. ဖေဖေ အပြင်က စောင့်မယ် .. ခေတ်ပုံဆရာကလဲ အသင့်ရှိအားတယ်လေ .. မောင်ပယ်သာ ရိုက်

www.burmeseclassic.com



ပေးဖို့ ပေပေ မနေ့ကဲ့ ပြောကြည့်တော့ .. အံမယ် .. သူက .. ခေါက်ပုံတောင် ပုံကြီးချဲ့ဖို့ တာဝန်ယူပါသတဲ့ .. အဲသလိုကို .. ပြောတာ .."

ဟု ပြောပြောဆိုဆိုဖြင့် အခန်းပြင် ပြန်ထွက်သွားတော့ မြကျေးချို ပေပေ စိတ်ချမ်းသာအောင် ပုလဲလေးတွေကို ဝတ်ရ ..။ အဝတ်အစားလဲရနှင့် ဖြစ်သွားရသည်ပါပဲ ..။

ငိုထားတာမို့ မျက်နှာလေးကိုလည်း ညနပ်ခါးလေး ပြန်လူးရပါ၏။ မှန်လေးထဲမှာ ထင်နေပါသော ပုံရိပ်လေးကို ကြည့်လိုက်တော့ အရမ်းကို လှနေသည့် မြကျေးချို ဆိုတာကို မှင်မှင်တက်တက်လေးပင် ပြန်ငေးကြည့်မိရသည်ပါပဲ ..။ ဘယ်တုန်းကမှ မြကျေးချို ခုလိုအရမ်းလှသည့် အဝတ်အစားမျိုးကိုလည်း မဝတ်ဆင်ဖူး ..။ လက်ဝတ်လက်စားဟူ၍လည်း မဝတ်ဖူး ..။ ကျောက်နီနားကပ်လေးတစ်ရံပဲ နားမှာပန်ဖူးတာရှိသည်။ ခုလို ရွှေကြိုးချွင်လေးမှာ ပုလဲလော်ကက်လေးနှင့် ပုလဲနားကပ်လေးကအစ ဝတ်ဆင်ထားရတာကို မှန်ထက်မှာ မြင်နေရတာကိုက ဆန်းနေသည်။ ကိုယ့်ဘာသာကိုယ် ငေးခနဲ ကြည့်မိရပါသည့်အဖြစ် ..။

ပေပေ မျှော်နေရှာမှာ သိတာမို့ အခန်းပြင်သို့ ထွက်လာတော့ ဆက်တီခုံလေးမှာထိုင်ရင်း ကျေးချို ထွက်အလာကို စောင့်နေပါသည့် ပေပေ့ကို တွေ့ရတာမို့ ရှက်စနိုးလေး တစ်ချက်တော့ ရယ်ပြမိသည်။

"ရုပ်ရှင်မင်းသမီး ကျနေတာပဲ ပေပေရယ် .. မနေတတ်ပါဘူး .. အကျႌကလဲ လှလိုက်တာ .. လည်ပင်းမှာလဲ ရွှေကြိုးနဲ့ဆိုတော့ ရှိုးထုတ်နေသလိုကြီးပဲ ပေပေရ .."



ဟု ရှက်ကိုးရှက်ကန်းလေးဖြင့် ကလေးလိုပြောတော့ ပေပေ ရယ်သည်။ ထရပ်ကာ အားပါးတရ စိမ့်စိမ့်ကြည့်သည်။ ကျေးချိုကို ရပ်နိုင်း၍လည်း ကြည့်သည်။ ထိုင်ခိုင်း၍လည်း ကြည့်သည်။ ကျေးချိုကို ထိုင်ခိုင်း၍ ကြည့်နေရာမှ ပေပေသည် အခန်းထဲ ခေါက်တုံ့ခေါက်တင်လျှောက်၍ ဟိုဘက်က ရပ်ကြည့်လိုက် ..။ ဒီဘက်က ရပ်ကြည့်လိုက်နှင့်လည်းလုပ်သည်။ မျက်နှာကြီး ပြုံးနေလျက် ပီတိဖြင့် တစိမ့်စိမ့် ရှိနေရာမှ ...

"အံမယ် .. ဒီလောက်လေး ဆင်လိုက်တာနဲ့ ပေပေသမီးက နန်းဆန်လိုက်သမှ တကယ့်မင်းသမီးလေးတစ်ပါး ကျနေတာပဲဟော့ .. ဟုတ်ပြီ .. အဲဒါကိုပဲ ပေပေက မြင်ချင်နေတာ .. ပေပေ့သမီးက မချမ်းသာပေမယ့် .. အလှကတော့ ချမ်းသာသဟော့ .. ရွှေရုပ်လေး ကျနေတာပဲ .. အကျႌလေးကဝါတော့ .. ရွှေရုပ်လေးကို ဖြစ်ရော .."

ဟု ဖခင်ကြွား .. ကြွားသံဖြင့် ပြောရင်း မျက်နှာလန်းနေသည်။ မြကျေးချို ပေပေ့ကို ကြည့်နေရင်း မျက်ရည်ပင် မကျရက် ..။ ပေပေ ပျော်နေတာမို့ .. ရင်ထဲ ဆို့နေပေမယ့် မျက်ရည်ကိုထိန်းရင်း ရယ်လိုက်ရပါသည့်အဖြစ် ..။

"ပေပေလည်း ရှိုးထုတ်တော့လေ .."

ဟု ပြောတော့ ပေပေ တစ်ချက် ရှက်သလိုရယ်သည်။ ဒါပေမဲ့ .. မငြင်း ..။ အိပ်ခန်းထဲ ဝင်သွားကာ သိပ်မကြာလိုက် ..။ ပြန်ထွက်လာတော့ ဆိတ်ခွံပုဆိုး ရွှေအိုရောင်ကွက်စိပ်နှင့် စော..င်လာအကျႌဖြူ လက်ရှည်ဖြင့် ထွက်လာပါ၏။ ဆံပင်ကိုဆီလူး၍ ကျကျနန ဖြီးထားသည်။ ..ဘ်ကောင်းစားလှ..နဲ့ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပို၍ခန့်ညားလာသည်ပါပဲ ..။ မနေ့တတ်သလို ဖြစ်နေရင်းမှ ဖေဖေ တစ်ချက်ရယ်သည်။ ဖေဖေ့ကို ငေးကြည့်နေမိရာမှ ဖေဖေ့လက်ကို ကြည့်မိသည်။ ဖေဖေ့မှာ လက်စွပ်မရှိ ..။ လက်ပတ်နာရီမရှိ ..။ ဥယျာဉ်မှာ လုပ်ကိုင်ရတာမို့ ဖေဖေ့မျက်နှာမှာရော .. လက်မှာရော နေလောင်ရိပ် ထင်နေသည်။

ဖေဖေကတော့ သမီးကို လှလှပပ မြင်နေရတာ တစ်ခုဖြင့်ပင် ရင်မှာချမ်းမြေ့နေရှာသည့်အဖြစ် ..။ ကျေးချို သိပါသည်။ ဖေဖေ့မှာ သမီးဆော တစ်ခုဖြင့် ဘဝကို ရပ်တည်နေခြင်း ဟူ၍ပါ ..။

မြကျေးချို မီးဖိုဆောင်လေးထဲဝင်ကာ ကြွေပန်းကန်လေးထဲမှာ နနွင်းမကင်း၊ ခေါက်ဆွဲကြော်ပန်းကန်၊ ကော်ဖီမှုန့်တို့ကိုယူလာပြီး သားအဖနှစ်ယောက် စားဖို့ပြင်သည်။ ညှိခန်းမှာ စားပွဲဝိုင်းချ၍ ထိုင်စားလိုက်ခြင်းဖြင့်ပင် နည်းနည်း တခမ်းတနား ဆန်သွားချေမည်ဟု ကျေးချို ထင်သည်လေ ..။ ခါတိုင်းလို မီးဖိုဆောင်လေးထဲမှာ မစားဘဲ ညှိခန်းလေးမှာ စားလိုက်ရုံမျှဖြင့် ကျေးချို၏ မွေးနေ့လေးသည် သားအဖနှစ်ယောက်ဖြင့် ခမ်းနားသွားချေသည်သာ ..။

"ဖေဖေ့အတွက် ဦးချပြီးတာနဲ့ .. ဘဘမြိုင်နဲ့ အန်တီမိုးတို့အတွက်ရော .. ဒေါ်ကြီးဓာ အတွက်ရော .. မမဓိလုံးအတွက်ရော .. ချိုင့်နဲ့သွားပို့ခဲ့ပြီးပါပြီ ဖေဖေ .. မေမေဘုရားရှိခိုးနေချိန်မှာ သွားပို့တာပါ ဖေဖေ .. ကိုကို့အတွက်လဲ ပို့ခဲ့တာပါပဲ .. ဒါပေမဲ့ .. ကိုကို ရောက်လာမယ်ထင်တယ် .. ကျေးချို သွားပို့တုန်းကတော့ .. ကိုကို



အိပ်ရာက မထသေးဘူး ဖေဖေရ .. အဲသလို ဒေါ်ကြီးဓာ ပြောတာပဲ .."

ဟု ပြောခိုက် ...

"ထပါပြီ ဒေါ်ကျေးချို .. အဓောကြီးထပြီး .. ခါတိုင်းထက်စောပြီး စံပယ်တွေ သီနေတာလေ .. အခန်းထဲမှာ သီနေရတာ .. ပန်းသီပြီးတော့မှ အောက်ဆင်းတော့ လာပို့သွားပြီတဲ့ ပြောတယ် ဒေါ်ကြီးဓာက .. အဲဒါ .. ဒီမှာပဲသွားစားတော့မယ်ဆိုပြီး ထွက်လာတာ .. ဘာရမလဲ .. ဘဘမို့နဲ့ ဒီမှာတူတူစားမှာပေါ့ .. မွေးနေ့ရှင်ကိုလဲ ဒီကိတ်မုန့်လှီးခိုင်းရမှာလေ .. ဖေဖေနဲ့ မေမေက မှာလိုက်တယ် .. ခဏနေရင် လာခဲ့ကြပါတဲ့ .. ကျေးချို မွေးနေ့မို့ .. လက်ဆောင်ပေးချင်လို့တဲ့ .. အပြင်ကိုခေါ်သွားမယ် ပြောတာပဲ .. ဟိုကျမှ .. ကျေးချိုကို .. ဝယ်ပေးမယ်တဲ့ .. ကျေးချိုလဲ အိမ်ထဲအောင်းနေရ .. ကျောင်းသွားအိမ်ပြန်နဲ့ပဲ ရှိနေရတာ အပြောင်းအလဲ ကြုံရတာပေါ့တဲ့ .. မေမေက ပြောတယ် .. ခါတိုင်းနှစ်တုန်းကလို .. ကျေးချိုရဲ့မွေးနေ့မှာ ဒီတိုင်း မေမေ လက်ဆောင်ပေးတာမျိုး မလုပ်တော့ဘူးတဲ့ .. ကုန်တိုက်မှာ သွားကြည့်ပြီး ဝယ်ပေးမယ်တဲ့ .."

ဟု ဝမ်းသာအားရ ပြောပြီး ဘယ်သူကမှ ထိုင်ဖို့ မပြောခင် စားပွဲပေါ် လက်ကိုတင်၍ ခင်းထားသော ဖျာချောထက်မှာထိုင်သည် ..။ ပေါ့ပေါ့ပါးပါး ကြည်ကြည်စင်စင်ဖြင့် နေတတ်သော ပင်ကိုစရိုက်အတိုင်း စားပွဲပေါ် ကိတ်မုန့်ကိုတင်လာ လက်များဖြင့် စားပွဲကို ခေါက်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒေါ်ကျေးချို ... ဆာပြီ ... မုန့်ပွဲနဲ့ ခေါက်ဆွဲကြော်လဲ ယူခဲ့ ... စားလဲယူခဲ့ ... ဟောဒီမှာ ရောင်စုံဖယောင်းတိုင်လေးတွေ ပါလာတယ် ... ကိတ်မုန့်ပေါ် မီးထွန်းမယ် ... ဖယောင်းတိုင်ကို မှုတ်စမ်း ... မုန့်ကို မွေးနေ့ရှင်ကလှီးပြီး ရုပ်ရှင်ထဲကလို ကျွေး ... ဟုတ်ပလား ... အံမယ် ... မီကျေးချိုက ချွေမင်းသမီး ဖြစ်နေပါလား ... နှိုးတွေနဲ့ ဘာတွေနဲ့ လှလိုက်ချက် ... ရော ... စံပယ်ပန်းကုံးလဲ ယူသွား ... ဝန်လဲမှန်ခဲ့ ..."

နှင့် ပြောနေတော့ မြကျေးချို ပန်းကုံးကြီးယူ၍ သွားပန်ရပြန်သည်ပါပဲ ...။ ကိုကို ပြုံး၍ကြည့်နေတာနှင့် တိုးတာမို့ အနေခက်ချင်သည်။ ဖေဖေ ရှိနေ၍သာ ကိုကို အရမ်းမနောက်ခြင်းဆိုတာ သိသာသည်။ နှိုးများနေသည်ဟု နောက်မှာ သေချာသည်လေ ...။

မြကျေးချို မုန့်ပွဲတစ်ဖက်၊ ခေါက်ဆွဲကြော်ပန်းကန်တစ်ဖက်နှင့် ပြန်လာကာ ကိုကို့ရှေ့မှာ ချပေးတော့ ကိုကို ခေါင်းယမ်း၍ မီးဖိုဆောင်ထဲ ဝင်သွားပါ၏။ ပြန်လာတော့ စားယေလေးတစ်လက်နှင့် ကြွေပန်းကန်ပြားတစ်ချပ် ပါလာသည်။

ဖေဖေကတော့ ပြုံးနေသည်ပါပဲ ...။ ကိုကိုဆိုတာက တကယ့်ကို ဟန်ပန်မကြီးတတ်စွာ နေခဲ့တာ ငယ်ကတည်းကမို့ ...။ အိမ်သားတွေလို ဖြစ်နေရသည်လေ ...။

ကိတ်မုန့်စက္ကူကတ်ပုံးလှလှလေးကို ဖွင့်ကာ ကြွေပန်းကန်ပြား လှလှထဲမှာ ကိုကို ပြောင်းထည့်သည်။ ဖယောင်းတိုင်ရောင်စုံလှလှ သေးသေးလေးတွေကို ကိတ်မုန့်မှာ ထိုးစိုက်



သည်။ မီးညှိသည်။ ငေးကြည့်နေသည့် မြကျေးချို၏ ရှေ့သို့တိုးပေးရင်းမှ ...

"ဟက်ပီဘာ့ဒ်ဒေးပါ ကျေးချို ... ကဲ ... မီးလေးတွေ မှုတ်လိုက်"

ဟု ပြောတော့ မြကျေးချို မှုတ်ရသည်ပါပဲ ...။ နှင်းဆီပွင့် ရောင်စုံလေးတွေ ရံထားသည့်နှယ် ကရင်မ်ဖြင့် အလှဆင်ထားပါသည့် ကိတ်မုန့်လေးဆီမှ ဖယောင်းတိုင်မီးလေးတွေကို မှုတ်ချိန်မှာ ကိုကို ဖျတ်ခနဲ ဓာတ်ပုံရိုက်သည်။ ပြီးတော့ လက်ခုပ်တီး၍ ဟက်ပီးဗာ့ဒ်ဒေးကို ဆိုလိုက်သေးသည့်အဖြစ် ...။ ဖယောင်းတိုင်လေးတွေကို ပြန်၍နုတ်သိမ်း ...။ ကိတ်မုန့်လှီးဖို့ ကျေးချို လက်ထဲ ဓားလေးကို ထည့်ပေးတာကအစ ကိုကိုပဲ ဦးဆောင်လုပ်ကိုင်ပေးသည်ပါပဲ။ ကျေးချို ကိတ်မုန့်လေးကိုလှီး၍ ဖေဖေ့ကို အရင်ပေးသည်။ နောက်တော့ ကိုကို့ကို ပေးသည်။ ပြီးတော့ ... ကိတ်မုန့်လေးတွေ လှီးနေရင်းမှ ...

"ဒါက ... အန်ကယ်မြိုင် ... ဒါက အန်တီမိုး ... ဒါက ဒေါ်ကြီးဇာ ... မမမိလုံးနဲ့ လေးလေးညို ..."

ဟု ပြောနေတော့ ကိုကို ငေးခနဲ ကြည့်လာသည်။ သိမှာတယ်ဟော့ ... ဟုလည်း တစ်ချက်ရယ်၍ ပြောပါ၏။ နောက်တော့မှ ကိတ်မုန့်လေးကို ကျေးချို စားဖြစ်ပါ၏။ ကိုကို့ကိုကြည့်တော့ ပြုံးကြည့်နေတာနှင့် ကြုံသည်။ ကိုကို ယူလာသည့် ကိတ်မုန့်စားနေတာကို ကြည့်နူးနေသည့်ပုံ ...။

နနွင်းမကင်း စားကြ ...။ ခေါက်ဆွဲကြော်စားကြ ...။ ဓာတ်ဖိသောက်လိုက်ကြနှင့် ကျေးချို၏ မွေးနေ့ပွဲလေးသည် အိမ်သယ်လေးထဲမှာ လူသုံးယောက်ဖြင့် ကျင်းပပြီးစီးသွားသည်ပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ပန်းကန်တွေ သိမ်းတော့ .. ကိုကို ဆေးပေးမယ် .. ဒီလောက် လှပနေတဲ့ အဝတ်တွေနဲ့တော့ ပန်းကန်လဲ မဆေးပါနဲ့တော့ မင်းသမီးရယ် .."

ဟု ကိုကို အတည်ပေါက် ပြောလာတော့ ကျေးချို ခေါင်းလေးယမ်း၍ ..

"အံမယ် .. ကိုကို ဘယ်တုန်းက ဆေးရဘူးလို့လဲ .."

ဟု ပြောကာ ပန်းကန်တွေ သိမ်းတော့ သူ့ နောက်က ပန်းကန်တွေသယ်ရင်း လိုက်လာသည်။ တကယ့်ကို အတင်းကြီး ဇလုံရှေ့မှဆွဲဖယ်ကာ ကိုကို ကျကျနန ပန်းကန်တွေဆေးနေတော့ ကျေးချို စိတ်အိုက်အိုက်ဖြင့် ဘေးမှာ ငုတ်တုတ်လေး ထိုင်နေရင်းမှ ..

"မဟုတ်တာ ကိုကိုကလဲ .. ကျေးချို ဆေးပါ့မယ်ဆိုမှ .. ဘာမှန်းလဲ မသိဘူး .. ပန်းကန်ဆေးတာ ကိုကို့အလုပ်လား .."

"ဒီမယ် .. ဒီလောက် ရွှေရည်ဝန်းဆက် လှနေတဲ့ မင်းသမီးလေးကို ပန်းကန်ဆေးဖို့ မပြောနဲ့ .. လေတိုက်တာတောင် မခံချင်တော့ဘူး သိရဲ့လား .. ဘာဘာမှီ ရှိနေလို့ အောင့်ထားရတာ မချွေကျေး .. ဒီလောက်လှတာ ဒီတစ်ခါ စမြင်ရဖူးတာပဲ .. လွှတ်ကိုလှတဲ့ ကျေးချို ဖြစ်နေပြီ .. အံမယ် .. ဟိုတံခါးဝမှာရပ်ပြီး စမြင်လိုက်ရတော့ .. ဘယ်လိုကြီးကို ဖြစ်သွားမှန်း မသိဘူး .. ငေးခနဲကို ဖြစ်ရရော .. ခါတိုင်းလဲ ကျေးချိုက လှပါတယ် .. ဒီနေ့ .. ပိုလှနေတယ် .. ဟိုးမိုးပေါ်က ကျလာတဲ့ လနတ်သမီးလေး



ကျနေတာပဲ၊ ကျွတ် .. ခက်ပြီ သိလား .. ဒီကောင်မလေးကို .. ဒီမင်းသမီးလေးကို .. ဗီရိုကြီးထဲ ထည့်ပိတ်သိမ်းထားလိုက်ချင်ပြီ .. ဘယ်ဗီရိုကြီးလဲ သိလား .. ဒီရင်ဘတ်ကြီးထဲကို သိမ်းထားလိုက်ချင်တာ .. ပြတ်ရော .. စိတ်ကို မချချင်တော့ဘူးဗျ .."

ဟု ပြောနေတော့ မြကျေးချို စိတ်လည်းညစ်ချင် .. ရက်လည်း ရှက်ချင်ပါ ..။

"ဒါတောင် ရွှေခြေကျင်းလေး မဝတ်ထားရသေးလို့ .. အဲဒါပါ ဝတ်ထားရင်ဖြင့် .. မိုးနတ်သူဇာ .. ခြေကျင်းဝါဖြင့် .. ဝဲလွှင့်မျှော် .. ကြောင်းကင်ထဲမှ .. ပျံကျလာသို့ .. ရွှေရောင်ညို့၏ .. လို့ စာဖွဲ့လိုက်ရမလို ဖြစ်နေပြီးသိလား .. ဒါ .. ကဗျာဆရာ ဟသ်ာ စပ်တဲ့ အလှဘွဲ့လေ .."

ဟု ပြောနေတော့ မြကျေးချို ပန်းကန်လေးတွေယူ၍ အဝတ်ခြောက်ဖြင့် သုတ်ရင်း ...

"ဘာမှန်းလဲ မသိဘူး .. ဒီမှာက .. ဒါတွေဝတ်ထားရလို့ မနေတတ်ရတဲ့အထဲ .."

ဟု မျက်စောင်းလေးဖြင့် ပြောကာ ကိုကို့ကို တစ်ယောက်တည်းချန်၍ ထွက်ခဲ့ရပါသည့်အဖြစ် ..။ မကြာလိုက် ..။ ကိုကို အပြင်ရောက်လာသည်။ ဖေဖေကတော့ အဝတ်သစ်တွေ ဝတ်ထားရ၍လားမသိ ..။ ကိုကို့ရှေ့မှာ အနေရခက်ပုံဖြင့် ဆက်တီထက်မှာ တရားစာအုပ်ကြီးကိုင်၍ ဖတ်တန်ပြုရင်း ချွေးပြန်နေသည်ပါပဲ ..။

"အဟဲဟဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရှေ့သွားရပ်ကာ ကိုကို ရယ်တော့ ဖေဖေ တစ်ချက်မော့ကြည့်ကာ မျက်နှာကြီး နီအမ်းအမ်းဖြင့် ...?

"ဘာလဲကွ .. ဟဲ့သာလေးရ .."

ဟု ပြောလာရှာသည်ကိုက .. ရီးရီးစင်းစင်းကြီးဖြင့် မနေတတ်တာကို မဖုံးသာသည့် လေသံကြီးဖြင့်ပါ ..။

"ဒီနေ့ .. ဘာဘမိုနဲ့ ဒီကျေးချိုတို့ .. တက်ညီလက်ညီ ရှိုးများနေကြလို့ပါ .. အဟဲ .. ကဲ .. ဓာတ်ပုံရိုက်မယ် ဘာဘမို .. ဟိုသစ်ခွရုံတန်းမှာ ရိုက်ကြရအောင် .."

ဟု ပြောကာ ရယ်ရင်းမှ ရှေ့ကထွက်သွားတော့ မြကျေးချို ဖေဖေ့ကို လက်ကြီးဆွဲခေါ်လာရသည်ပါပဲ ..။

အရမ်းကို ပွင့်ဝေနေပါသည့် သစ်ခွရုံတန်းမှာ ဖေဖေ နှင့်အတူရပ်ရင်း ..။

ဖေဖေ့ လက်မောင်းကြီးကို ဖက်တွယ်ရင်း ..။

ဖေဖေ့ကို ဖက်ထားရင်း ..။

မြကျေးချို ဓာတ်ပုံလေးတွေ ရိုက်နေရချိန်မှာ .. ရင်သည် .. တုနှိုင်းမမီအောင် .. အေးမြကြည်ဆင်း .. ချမ်းမြေ့ ခြင်းများဖြင့် .. ပြည့်ဝနေရချေသည်ဆိုတာ .. ဖေဖေ့ကိုချစ်သော သမီးတစ်ယောက်၏ ချစ်ခြင်းများဖြင့် တိုင်တည်၍ .. သစ္စာဆို အပ်ပါသည် ဖေဖေရယ် ...။

❤ ○ ❤



## အခန်း(၁၈)

ရွှေမိုးတိမ် ကုန်တိုက် ..။

ဦးမြမို အလွန်တရာကိုမှ မပတ်သက်ချင်ပါသော ကုန်တိုက် ..။

ခုကျတော့ .. ရွှေမိုးတိမ်ကုန်တိုက်ရှိရာ ကားပါကင် ထိုးနေရာမှာ ဦးမြမိုသည် စိတ်တွေ ယောက်ယက်ခတ်နေလျက် ရှိနေရပါသည့် အဖြစ် ..။

မြကျေးချိုလေးကို ဒေါ်မိုးယုဇွေမှ ကုန်တိုက်သို့လည်း ခေါ်သွားမည် ..။ လက်ဆောင်လေးကိုလည်း ဝယ်ပေးမည်ဆို တာတည်းက .. နည်းနည်းတော့ ရင်ထဲ ထင့်ချင်သည်က ဦးမြမို ပါ ..။ ဒါပေမဲ့ .. မမလေး ဒေါ်မိုးယုဇွေ ဆိုတာ သမီးလေး မြကျေးချို အပေါ် သွေးသားရင်းချာပမာ သံယောဇဉ်ရှိတာ ဦးမြမို သိသည်မို့ ..။ မဟာန့်တားရက် ..။ မငြင်းရက် ..။ ဦးမြိုင် သော် ဆိုတာကလည်း စိတ်ရင်းမွန်မြတ်သူပါ ..။ ဇနီးမောင်နှံ နှစ်ယောက်စလုံး၏ စိတ်ရင်းကောင်းမှုနှင့် ကျေးဇူးကြီးမှုဆိုတာက နိုင်းမပြသာအောင် ဦးမြမိုတို့ သားအဖအပေါ်မှာ ရှိနေတာကို

www.burmeseclassic.com



အမြဲနှလုံးသွင်းထားချေသည်မို့ ..။ ဦးမြမှီ သမီးလေးကို ဤကျွ[...]
တိုက်သို့ ဒေါ်မိုးယုငွေနှင့်အတူ လိုက်ပါခွင့် ပြုလိုက်ရသည့်အပြ[...]
ဒါပေမဲ့ .. စိတ်ထဲက ထင့်နေတာမို့ ..

"ဦးမြမှီလဲ .. အတူလိုက်ခဲ့ပါလား .. ဖိုးသာကတော့ [...] အချောင် အခွင့်ချောင်းနေတာဆိုတော့ သူလဲလိုက်မယ်[...] လေ .. ဟိုရောက်ရင် .. ဈေးချို အတွက် ဝယ်ရတာ[...] နည်းနည်း .. သူဝယ်ချင်တာတွေ ဝယ်ပေးရမှာက များ[...] တော့မှာ .."

ဟု ဒေါ်မိုးယုငွေ ပြောလာတော့ ခေါင်းညိတ်ပြ[...] ကုန်တိုက်ထိ ပါလာရပါသည့်အဖြစ်။ ရွှေမိုးတိမ်ကုန်တိုက်[...] သွားမည်ဟုတော့ မထင်မိခဲ့ ..။ တခြားကုန်တိုက်ပဲ ထင်မိ[...] ရောက်မည့်ရောက်တော့ ရွှေမိုးတိမ်ကုန်တိုက် ဖြစ်နေသည်။

ဦးမြိုင်သော်နှင့် မမလေး ဒေါ်မိုးယုငွေ ဆိုတာ[...] သဘောအရမ်းကောင်းလွန်းတာမို့ .. ဘွားဘွား ဒေါ်သီရိမှ [...] နှင့်ချွေးမအပေါ် .. တစ်ခါ တစ်ခါ သတိပေးနေချေသည်ဟုလည်း[...] ဦးမြမှီ ရင်ထဲမှာ နားလည်နေမိရသည်ပါပဲ ..။ ဘာကြောင့်ဆို[...] ကြာရိပ်မြိုင်မှာ ရှိသူတိုင်းက မြဈေးချိုလေး အပေါ် ချစ်ကြ[...] က .. အစေအပါးနေရာမျိုး မဟုတ်ဘဲ .. သွေးသားရင်း[...] ဖြစ်နေချေသည်ကိုးလေ ..။

ဦးမြမှီကိုလည်း ဘဘမှီဟု အားလုံးက ချစ်ကြ[...] ချည်း ..။ ဦးမြမှီဟု ခေါ်တာဆို၍ .. ဦးမြိုင်သော်နှင့် ဒေါ်မိုးယု[...] သာ ရှိကြသည်။ ဒါကလည်း အသက်အရွယ်အားဖြင့် ဦးမြ[...] ကြီးသည်မို့ တလေးတစား ခေါ်တာမျိုးပါ ..။



"အဆင့်အတန်းဆိုတာ မခွဲကောင်းတာ မှန်ပေမယ့် .. သူ့နေရာနဲ့သူ လူ့အလွှာဆိုတာ ရှိတယ် သမီး .. သမီးတို့က ဘယ်သူ့အပေါ်မဆို .. သဘောကောင်းလွန်းနေတာ ဆိုးတယ် .. မဇာတို့ မိလုံးတို့ကိုဆိုလည်း ဆွေမျိုးသားချင်းလိုပဲ ထားတယ် .. ဒါကတော့ ထားပါတော့ .. သူတို့နဲ့က ယခင်ကတည်းက အကျွမ်းတဝင် ရှိခဲ့ကြတာကိုး .. သမီးကိုဆို မဇာက ထိန်းခဲ့တာမဟုတ်လား .. ခု .. ရောက်လာကြတဲ့ မြမှီတို့သားအဖဆိုတာက ကြီးမှတွေ့ကြတာ .. သိပ်မျက်နှာပေးဖို့ မကောင်းဘူး .."

ဟု ဆုံးမဖူးပါသည့် ဒေါ်သီရိပါ။ ထိုနေ့က ပန်းလေးတွေခူး၍ ပို့ဖို့လာသည့် ဦးမြမှီ ပန်းလေးတွေကို ဧည့်ခန်းထိ ဝင်မပို့ဖြစ်ခဲ့ရ ..။ ဧည့်ခန်းမှာ မမလေး မိုးယုငွေကို ဒေါ်သီရိ မဆူသာ ဆူသာလေး ပြောရင်း သတိပေးခဲ့တာ ကြားခဲ့ရတာမို့ တံခါးထောင့်ကွယ်မှာရပ်ရင်း အားလုံး ကြားရလေသမျှ ရင်ထဲ မကောင်းနိုင်စွာ လှည့်ပြန်ခဲ့ရသည် မဟုတ်ပါလား ..။ ဒါက .. လွန်ခဲ့သည့် သုံးနှစ်လောက်ကပါ ..။ တကယ်ဆို .. ဦးမြမှီတို့ နေလာကြတာ ကြာရိပ်မြိုင်မှာ နှစ်အတန်ကြာတော့ ရှိနေသည်ပဲလေ ..။

ဒါပေမဲ့ .. ဒေါ်သီရိသည် သူတို့သားအဖ အပေါ် တရင်းတချာအဖြစ် ရင်ထဲမှာ မထားသေးဘဲ ရှိနေသည်ဆိုတာ သေချာနေသည် ..။ ထိုကတည်းက .. ဦးမြမှီ .. ကြာရိပ်မြိုင်သို့ ပို၍ အဝင်အထွက် ကျဲသည်။ ဝင်ဝင်ထွက်ထွက် အိမ်ကြီးထဲမှာ မလုပ်တာ အကောင်းဆုံးဟု မှတ်ယူဆင်ခြင်သည်။

www.burmeseclassic.com



သမီးလေးကိုတော့ ဒေါ်ဇာတို့ကို ကူညီဖို့ လွှတ်သည်ဆိုတာက .. အစေအပါးသဘောဖြင့်ပါ။ သူတစ်ပါးအရိပ်မှာ ခိုခွင့်ရသည့် ကျေးဇူးပေမို့ .. အိမ်မှုကိစ္စ ဝေယျာဝစ္စတွေ လုပ်ကိုင်ကူညီခြင်းဖြင့် ကျေးဇူး သိတတ်ခွင့်လေး ရစေဖို့ပါ ..။

ဤနေ့မှာကျတော့ .. ကုန်တိုက်သို့ မသွားမီ .. ဒေါ်သီရိလည်း ကြာရိပ်မြိုင်သို့ ကားဖြင့် အလည်အပတ် ရောက်လာချေတာမို့ .. ရွှေမိုးတိမ်သို့ ပါလာသည်ပါပဲ ..။ သမီးလေးအတွက် လက်ဆောင်ဝယ်ပေးဖို့ ဒေါ်မိုးယုငွေမှ ခေါ်လာခြင်းဆိုတာကို ဒေါ်သီရိ သိရကတည်းက မျက်နှာမကောင်းခဲ့ ..။ ကြာရိပ်မြိုင်မှ အထွက်မှာလည်း ကားပေါ်ပါလာပေမယ့် .. မျက်နှာမလန်း ..။ မမလေး မိုးယုငွေက ဘွားဒေါ်သီရိ၏ကားဖြင့် ကုန်တိုက်သို့ ရှေ့မှသွားကာ ..။ ဟသ်ာ မောင်းသည့်ကားဖြင့် ဦးမြမှိုတို့ သားအဖနှစ်ယောက် နောက်ကကားဖြင့် ပါလာကြခြင်းပါ ..။ ခုကျတော့ ကုန်တိုက်သို့ အားလုံးတက်သွားကြပြီ ..။ ဦးမြမှိုသာ ကားနှစ်စီးကို စောင့်ကျန်သလို ချန်နေရစ်ခဲ့ခြင်းပါ ..။

"အင်း .. အစ်ကိုကြီး ဦးမြိုင်သော်နဲ့ မမလေး ဒေါ်မိုးယုငွေတို့က သိပ်ကို စိတ်ထားပြည့်ဝနေကြတာ ငါသိနေရတာမို့ .. ငါတို့အပေါ်မှာထားတဲ့ စိတ်ရင်းကို သိသိကြီးနဲ့ .. သူတို့ကို ဘယ့်နှယ်လုပ်ပြီး ငြင်းလို့ကောင်းပါ့မလဲ .. ခုလို သမီးလေးကို ချစ်ခင်ပြီး လက်ဆောင်ဝယ်ပေးချင်တဲ့ကိစ္စ ငြင်းပြန်ရင် ဘဝင်မြင့်ရာ .. ကြီးကျယ်ရာ ရောက်မယ် .. စေတနာကို စော်ကားရာ မြောက်မယ် .. ခက်တာပါပဲလေ .."



ဟု ရင်ထဲ ညည်းမိရင်း ကားကိုမှီ၍ ရပ်နေပါသည့် ဦးမြမှိုမှာ ဆေးတွင်ရပ်လာသည့် အမျိုးသမီးတစ်ယောက်ကို အာရုံထဲပင် မထားမိလိုက်ခဲ့ ..။ ဒါပေမဲ့ ထိုအမျိုးသမီးထံမှ ..

"ဦးမြမှို မဟုတ်လားဟင် .. ဦးမြမှို မဟုတ်လား .."

ဟု မေးလာသံကြားတော့ အံ့ဩသွားရလျက် ခေါင်းက အလိုလို ညိတ်ပြမိပြီးသား ဖြစ်သွားရရင်းမှ .. ဘယ်တုန်းကမှ မမြင်ဘူးသော အသားဖြူဖြူ၊ ရုပ်ရည်သန့်သန့်နှင့် အမျိုးသမီးကို အတန်ကြာ ငေးစိုက်ကြည့်မိရပါသည့် အဖြစ် ..။ ခေါင်းထဲမှာ ပေါ်မလာ ..။ မှတ်ဉာဏ်ထဲမှာ ထိုအမျိုးသမီး၏ ရုပ်ပုံလွှာသည် ရှိမနေ ..။ အစိမ်းသက်သက် ဖြစ်နေသည်။ ဒါပေမဲ့ ကိုယ့်နာမည်ကို တပ်တပ်အပ်အပ်ကြီး မေးလာတာမို့လည်း ..

"သူ ဘယ်သူပါလိမ့် .. သူ .. ငါ့ကို ဘယ်လိုများ သိခဲ့ပါလိမ့် .."

ဟု စဉ်းစားမိရ ..။ မှတ်မိအောင် အာရုံနှစ်၍ ကြည့်မိရနင့်ပါ ..။

"ကျွန်မ .. ဖြူကျော့ပါ ဦးမြမှို .. မဖြူကျော့ပါ .. ကျွန်မ .. ရှာလိုက်ရတာ ဦးမြမှိုရယ် .."

ဟု ပြောသံကြားလိုက်တာနှင့် ဦးမြမှို၏ ကိုယ်ကြီးကားပေါ် ပြိုခနဲ ချောက်ချားစွာ မှီကျသွားရလျက် မျက်နှာထက်မှာ သွေးဆုတ်သွားပါပြီ ..။ ရင်သည် ခါနေသည်။ ဆောက်တည်ရာ မဲ့နေပြီ ..။ တုန်လှုပ်ချောက်ချားခြင်းသည် ပြင်းထန်သောလောင်မြိုက်မှုဖြင့် ရင်ကိုဆောင့်နေ၏။ အသက်ကို မနည်းအားစိုက်ရှူနေရသည်သို့ ခံစားလာရသည်။ ပြူးကျယ်နေသော မျက်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



သည် ထိတ်လန့်ကြောက်ရွံ့ခြင်းဘက်ကို နွယ်နေသော အကြည့်များဖြင့် ပြည့်နှက်နေပါသည့်အဖြစ် ..။

"ကျွန်မ .. ဦးမြမိုရဲ့အိမ်လေးကို ရောက်ခဲ့သေးတယ် .. မိုင်းလီမြို့လေးက အိမ်ကိုလေ .. ဦးမြမို မရှိတော့ဘူးလို့ အိမ်ခန်းချင်းကပ်က ဒေါ်မြင့်ချောတို့ လင်မယားက ပြောပြလို့ သိလိုက်ရတာပဲ ရှိခဲ့တာပါ .. ဘယ်ကိုလိုက်ရှာရမှန်းကို မသိခဲ့ရတာပါရှင် .. ကျွန်မရဲ့တူမလေး .. ကို .. မြင်ချင်လိုက်တာ ဦးမြမိုရယ် .. ခု .. ပါလာလားဟင် .."

"မပါလာဘူး .. မပါလာဘူး .. သွား .. သွား .. ငါ့သမီးကို လာမလုနဲ့ .. လာမလုနဲ့ .."

ဟု အော်ပစ်ချင်နေပေမယ့် အသံက ထွက်မလာ ..။ ပါးစပ်တွေ ခြောက်နေသည်။ လျှာတွေ အာခေါင်တွေ ခြောက်နေသည်။ ရုတ်ခြည်း အားအင်တွေ ခြောက်ခန်းလာနေသည့်သို့ ခံစားနေရပါသည့်အဖြစ် ..။

"ကျွန်မ .. ခုထိ ပုန်းညက်မြိုင်မှာ နေနေရတုန်းပါပဲ ဦးမြမို .. ညီမလေး ဆုံးပြီးတော့ .. ဘွားအေကို စင်ကာပူမှာ ဆေးကုသွား ပို့ပေးနေတဲ့ ကိုစိုးပြည့်ကလဲ စင်ကာပူမှာပဲ ကားနဲ့ ဆေးရုံအသွားမှာ .. ကားချင်းတိုက်ပြီး ဆုံးတယ်လေ .. အဲဒီမှာကျတော့မှ .. သူတို့မြေးကို လိုချင်လာကြတော့တာ .. သူ့သားရဲ့ရင်သွေး .. သူ့သားရဲ့မျိုးဆက်သွေး ဆိုပြီးတော့လေ .. အို .. ခုမှမေးဖို့သတိရတယ် .. ဦးမြမို .. ကျွန်မရေးတဲ့စာကို ရကော ရဲ့လား ကျွန်မက ကျွန်မဘာနဲ့ ကျွန်မ ပြောပြနေမိတာ .. ကျွန်မ



စာကို မရခင်မှာ ဦးမြမို ပြောင်းသွားတယ်ဆိုရင် .. ခု ကျွန်မပြောနေတာကို လိပ်ပတ်လည်အောင် နားလည်နိုင်မှာ မဟုတ်ဘူးရှင် .."

ဟု ပြောနေတော့လည်း ဦးမြမို ဘာစကားမျှ မပြောနိုင်တော့သူ တစ်ယောက်နှယ် ငြိမ်သက်ခြင်းမက ငြိမ်ကျနေပါ၏။

"ဦးစံဘွားနဲ့ ဒေါ်နုမေတို့ သူ့မြေးကို ရှာမယ် .. ဆိုပြီး .. ဒေါ်ကြွယ်ကို ကလေး ဘယ်မှာပစ်ခဲ့သလဲ ဆိုတာ မေးတော့မှ .. သူ .. မပစ်ရပါဘူးလို့ ပြောတာ .. အဲဒီတော့မှ .. ကျွန်မကို လှည့်မေးကြတာပေါ့ .. ကျွန်မလဲ .. အဖြစ်မှန် ပြောပြ .. ဦးမြမို ရှိရာကို အိမ်ကအစ လိုက်ပြတော့ သိရတာပါပဲ .. ဦးမြမိုတို့ မရှိကြဘူး ဆိုတာလေ .. သူတို့မှာ မြေးဓာနဲ့ ရူးနေကြတာ သနားစရာတောင် ကောင်းနေကြပါပြီ .. ကျွန်မကိုလဲ ဘယ်မှပေးမသွားကြတော့ဘဲ သူတို့ဆီမှာပဲ ခေါ်ထားကြတာ .. အတွကြီးတုန်းက ကြီးခဲ့ကြပေမယ့် .. ခုလို .. သူတို့ နောင်တအလွန်ရနေကြတာ မြင်ရတော့လဲ .. ကျွန်မ သနားလာမိတာပါပဲ .. ကျွန်မပြောတာ .. ရှင်းရော ရှင်းရဲ့လား မသိဘူး ဦးမြမို .. ကျွန်မရဲ့စာကို ဦးမြမို ဖတ်ရရဲ့လား .. ဘာပဲဖြစ်ဖြစ် .. စာကိုမရခဲ့ရင်လဲ .. ခု ကျွန်မ ပြောနေတဲ့စကားဟာ ဦးမြမိုဆီမှာရှိနေတဲ့ သမီးလေးကို ရည်ရွယ်တယ်ဆိုတာတော့ နားလည်မှာပါ .."

ဟု ပြောနေတော့ ဦးမြမို လည်ချောင်းတနင့်နင့်ဖြင့် ဖြစ်နေသည်။ အနှစ်နှစ် အလလ ချောက်ချားမိခဲ့ရသော ကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးကြီးသည် တစ်ကိုယ်လုံးကို အုပ်မိုးနှစ်မြှုပ်ထားလိုက်ချေပြီကော .. ဟု ကွဲကြေနေသည့်ရင်ဖြင့် သိနေရပြီ ..။ နလုံးအိမ်သည် ဆုပ်ညှစ်ထားသည်သို့ ရှိ၏။

"ကျွန်မ .. ဒေါ်နုမေ အတွက် ထမင်း လာပို့တာလေ .. ကြီးကြီးနုမေ အတွက် ကျွန်မ နေ့တိုင်း ထမင်းလာပို့နေကျပါ .. ဒေါ်နုမေက .. အိမ်ထမင်းဟင်းပဲ စားတယ်လေ .. သူ့ကုန်တိုက်ကြီးကို အမြဲလာအုပ်ချုပ်နေတာ .. ဘဘစံက တော့ ကြီးကြီးထက် အသက်လဲ ရနေတာဆိုတော့ .. ကုန်တိုက်ရုံးခန်းမှာ ထိုင်တော့ ထိုင်တာပေါ့လေ .. ကြီးကြီးနုမေကပဲ ဦးစီးနေရတော့တာ .. ကျွန်မ တူမလေးကို ပြန်ရက်ကြိုလို့ .. ကျွန်မ ဆင်းအလာမှာ .. ခုလို .. ဦးမြမှိုနဲ့ တိုးရတာတော့ .. ကျွန်မကို ပုန်းညက်မြိုင်က ကားနဲ့လာပို့ပေးတာလေ .. ထမင်းချိုင့် လာပို့တိုင်း ခုလို လာနေကျပါ .. အရင်တုန်းက မတိုးဘဲ .. ခုမှ တိုးရတော့တာကိုးကဲပါ ဦးမြမှို .. ကျွန်မတူမလေးကို တွေ့ပါရစေ .. သူ့အတိုးအဘွားတွေ သိရင် ဝမ်းသာကြမှာ .."

ဟု ပြောနေတော့ ဦးမြမှို ခေါင်းကိုငုံ့ငိုက်ချလိုက်မိရာမှ ဖျတ်ခနဲ ကိုယ်ကိုမတ်လိုက်ကာ ချုံးကျနေသည့် အားအင်တွေကို စုစည်းယူလိုက်ပြီးမှ ..။ နေရာမှ ချက်ချင်းပြေးထွက်ခဲ့ရပါပြီတည်း ..။

"အို .. မပေးဘူး .. မပေးဘူး .. ငါ့သမီးကို မပေးဘူး .. ဘာလို့ ပေးရမှာလဲ .. ငါ့သမီးဟာ ငါ့ရင်ကမွေးလာတဲ့ သမီးရင်း .. ဘယ်သူနဲ့မှ မဆိုင်ဘူး .. မဆိုင်ဘူး .."



ဟု ရင်ထဲမှ အော်ဟစ်ပြောနေမိပေမယ့် အသံက ပွင့်ကျမလာနိုင် ..။ တွေ့သည့် တက္ကစီကိုတား၍ ဦးမြမှို ကသောကမျော တက်သည်။ နောက်မှ ပြေးလိုက်လာနေသော ခြေတစ်ဖက်မသန်ရှာသည့် ဖြူကျော့ ဆိုတာက ကျန်ခဲ့ပြီ ..။ ကြာရိပ်မြိုင်သို့လည်း ကားကို မမောင်းခိုင်းရဲ ..။ နောက်ကကားနှင့် လိုက်လာနိုင်တာမို့ နောက်ကြောင်းကို စိတ်မချနိုင် ..။ ကားလိုက်မလာနိုင်တာ သေချာတော့မှ အသက်ကိုရှိုက်၍ ရှူနေရင်း ကားနောက်မှီမှာ ခေါင်းကိုတင်ကာ အမောဖြေယူနေရပါ၏။ ခုမှ မျက်ရည်တွေ ကျလာသည်။ တားမနိုင် ဆီးမရ ကျလာနေသည်။ နောက်ဆုံး စိတ်ကိုလျှော့ချလိုက်ကာ မျက်နှာပေါ် လက်ဖဝါးအုပ်လိုက်မိရင်း ဦးမြမှို ကလေးတစ်ယောက်နှယ် ငိုချလိုက်သည်ပါပဲ။ ရှေ့မှာ ကားသမား ရှိတာကိုလည်း သိနေသည်။ ဒါပေမဲ့ .. ရင်ကကြေကွဲကြေမွနေရပြီ ..။ တင်းမခံသာနိုင်တော့တာမို့ မျက်ရည်ကိုလည်း မထိန်းနိုင်စွမ်းတော့ ..။ ကြာတော့ ကားသမားပင် မနေရက် မကြည့်ရက်နိုင်စွာဖြင့် ကားကိုလမ်းဘေးမှာ ထိုးရပ်ကာ ..

"ဘဘရယ် .. ဘာများ ဖြစ်ခဲ့တာလဲဗျာ .. ကျွန်တော် ကူနိုင်မယ်ဆိုရင် ကူပါရစေ .."

ဟု မေးလာပါ၏။ ဦးမြမှို ခေါင်းပဲယမ်းပြသည်။ စိတ်ကိုပြန်၍ စုစည်းထိန်းယူနိုင်ဖို့ ကြိုးစားရင်းမှ မျက်ရည်ကို လက်ဖဝါးဖြင့် ပွတ်သုတ်ပစ်ပါ၏။

ကြာရိပ်မြိုင်၏လမ်းထိပ်သို့မောင်းဖို့ နေရာကို ပြောပြီး ငြိမ်သက်လိုက်လာတော့ ကားသမားလေးမှာ တကြည့်ကြည့်နှင့် လိုက်ပို့ပေးရှာပါ၏။ ရပ်မိုင်းဘ သည့် လမ်းထိပ်နေရာရောက်တော့ ..

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထိ လိုက်ပို့ပေးပါ့မယ် ဘဘရယ် .. ကားခလဲ မယူတော့ပါဘူး ခင်ဗျာ .. ဘဘကို သနားလို့ပါ .."

ဟု ပြောလာတော့ ဦးမြမို ခေါင်းခါသည်။ ကားခကို ခွတ်ရှင်းပေးခဲ့ပြီးမှ လမ်းအတိုင်း ခြေလှမ်းနှေးနှေးဖြင့် လျှောက်လာသည်ပါပဲ ..။ ကားက ခဏတော့ ရပ်ကြည့်နေသေးသည်။ နောက်မှ မောင်းထွက်သွားပါ၏။

ကြာရိပ်မြိုင်သို့ ရောက်တော့ ခြံတံခါးဘဲလ်ကိုနှိပ်တာမို့ ကိုညို လာဖွင့်ပေးသည်။

"ခေါင်းထဲ ကိုက်လာတာနဲ့ ပြန်လာလိုက်ရတယ်ကွာ .. မနေနိုင်တာနဲ့ .."

ဟု ခပ်လေးလေးပြောပြီး အိမ်ငယ်လေးသို့ အနိုင်နိုင်လှမ်းကာ ပြန်သည်။ အိမ်လေးသို့ရောက်တော့ အခန်းထဲဝင်ကာ အိပ်ရာထက်မှာ ပစ်လှဲချလိုက်ရင်း စိတ်ကို လွှတ်ချ၍ ငိုပစ်လိုက်မိရပါပြီ ..။

"ငါ့သမီးလေးကို .. မကြာခင် လာလုကြတော့မယ် ထင်ပါရဲ့ .. လာလုကြတော့မယ် ထင်ပါရဲ့ .. အို .. အို .. သူတို့ ငါ့အိမ်ကို မသိကြပါဘူး .. မသိကြပါဘူး။ မလိုက်လာနိုင်ကြပါဘူး .. ငါထင်တာက .. ရွှေမိုးတိမ်ကုန်တိုက်ဟာ .. ဖြူကျော့နဲ့တော့ ကင်းမယ်လို့ ထင်ထားမိတာ .. အဲဒါကိုက မှားသွား‥ .. ငါ့ကို မြင်ဖူးတာဆိုလို့ ဖြူကျော့တစ်ယောက်ပဲ ရှိဖူးတာ .. ငါ သမီးလေးကို ချောင်းဘေးမှာ ပွေ့ယူခဲ့တုန်းက ငါ့ကို သူ ချောင်းကြည့်ပြီး မြင်ခဲ့တာက .. သူတစ်ယောက်ပဲ ရှိတာ .. ငါ .. ငါ .. ဘာလို့ကုန်တိုက်ကို လိုက်သွားလိုက်မိရပါလိမ့် .. ငါ .. အဆင်ခြင်နည်းခဲ့တာ .. ခု .. ဒုက္ခရောက်ရပြီ .. ငါတော့ .. ငါ့သမီးလေးကို ပေးလိုက်ရတော့မယ် ထင်ပါရဲ့ .."

ဟု ရင်ထဲမှာ ပြောနေမိရသည်က .. အားကိုးရာမဲ့နေသူ တစ်ယောက်နယ်ပါ ..။ ကူကယ်သူ ကင်းနေသည့် ခံစားမှုက ရင်မှာအုပ်စီးနေသည်။ သမီးကို မပေးနိုင်တာ တစ်ခုပဲ ရင်ထဲမှာ သိနေသည်။ မျက်နှာထက်မှာ မျက်ရည်တွေနှင့် ချွေးတွေ ရောထွေးနေ၏။ မေ့ချွေးပြန်ခြင်းဆိုတာ ဤသို့ပါလားဟုလည်း ခံမှပို၍ သိလာရပါသည့်အဖြစ်။ တုန်လှုပ်ချောက်ချားခြင်း ဆိုတာက ကြောက်ရွံ့ထိတ်လန့်ခြင်းကိုပါ ဖြည့်လျက် တစ်ကိုယ်လုံးကို ချွေးပေါက်ကြီးများ စိုနစ်လာအောင် ဖြစ်တည်လာစေနိုင်သည် တာလေ ..။

"ဟာ .. ချွေးတွေ အရမ်းထွက်နေပါလား ဘဘမို .."

နောက်က စိတ်ပူ၍ လိုက်ပါလာသည့် ကိုညိုမှ ပြောလာတော့ ကိုယ်ရှိန်ပြန်သပ်၍ အားတင်း ထိန်းယူရရင်းမှ ခေါင်းရင်းမှ တဘက်ကိုယူ၍ ဦးမြမို ချိုယ့်ချွေး ကိုယ်သုတ်သည်။

"အေးကွယ် .. ဘဘမို့ .. နည်းနည်း ခေါင်းကိုက်လာလို့"

ဟုသာ အနိုင်နိုင် ပြောယူရသည်။ ကိုညို ခေါင်းသမ်း၍ ...

"ဒါ .. နည်းနည်းခေါင်းကိုက်တာလား ဘဘမိုရယ် .. ချွေးတွေနစ်နေတာပဲ ဥစ္စာ .. ဆေးဆေးသောက်လိုက်ရမလား ဘဘမို .. ဆရာဝန်ခေါ်ရမလား .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ဦးမြမှီ လက်ကာသည်။ ယုတ္တိရှိအောင် သွေးဆေးအေးတစ်ခွက် သောက်လိုက်ရပါ၏။ ဆေးစင်မှ သွေးဆေးဘူးနှင့် ရေတစ်ခွက်ကို ကိုညိုယူလာပေးပါ၏။

"ရတယ် .. သက်သာလာပြီ .."

ဟု ပြောကာ အိပ်ရာထက်မှာ မှိန်းနေ၍ သိပ်မကြာ။ မြကျေးချိုနှင့် ဟသ်ာတို့လည်း ရောက်လာကြပါပြီ ..။

"ကားနားမှာ ဖေဖေ့ကိုလဲ မတွေ့ရ .. ကျေးချိုတို့ ဆင်းလာတော့ မိန်းမတစ်ယောက်ကလဲ .. ခြံဝင်းဂိတ်ဘက်ကို အော်ခေါ်ရင်း ပြေးနေတာတော့ တွေ့ရတယ် ဖေဖေ .. ကားအစောင့် ကောင်လေးက ကျေးချိုတို့ရဲ့ ကားနားက ဦးလေးကြီး ထွက်ပြေးတဲ့နောက်ကို လိုက်သွားတာလို့ ပြောတာပဲ .. ဖေဖေ ဘာလို့ ထွက်ပြေးသွားတာလဲဟင် .. ထွက်ပြေးတာ ဖေဖေလား .. ကိုကိုက .. ဟိုမိန်းမ မပြန်မလာခင် ချက်ချင်းထွက်မယ်ဆိုပြီး အကင်းပါးပါးနဲ့ ကားကို ချက်ချင်း မောင်းထွက်လာလို့ပေါ့ .. အန်တီမိုးနဲ့ ဘွားတို့က သမီးတို့ထက် နည်းနည်းနောက်ကျပြီးမှ ကုန်တိုက်ထဲက ထွက်လာနိုင်တာမို့ သူတို့ ဘာမှမသိလိုက်နိုင်တာ ဖေဖေ .. ဒါမှမဟုတ်ရင် .. ကားသော့တန်းလန်းနဲ့ ကားကို ထားခဲ့တယ်ဆိုပြီး ဘွားက ဆူမှာ .."

ဟု ကျေးချို နားမလည်နိုင်သလိုလေး ပြောပြီးမှ မျက်နှာလေး ပျက်လာရင်း ..

"ဖေဖေ နေမကောင်းဘူးလား .. ဟင် .. ကျေးချိုတော့ စကားလောသွားတာ မှားပြီ .. ကားအစောင့်ကောင်လေး က .. ဖေဖေ ပြေးသွားတယ်ဆိုတာ ပြောလို့ အံ့ဩစိတ်နဲ့ စွတ်ပြီး မေးနေမိတာ .. ဖေဖေ လှဲနေတာကို ချက်ချင်း ခေါင်းထဲ မထားမိဘူး ဖေဖေ .."

ဟု ပြောလည်းပြော ..။ ခြေစမ်းလက်စမ်းနှင့် ဖြစ်နေသည်က မြကျေးချိုပါ ..။ ဦးမြမှီ ဟသ်ာကိုကြည့်တော့ အကဲခတ်သလို ငေးကြည့်နေသည့် အကြည့်နှင့် တိုးသည်။ ဤကလေး ဘာကိုများ တွေးနေပါသလဲလေ ..။ အလွန်အေးချမ်းတည်ငြိမ်ဟန်ဖြင့် နေတတ်ပါသော ဘဘမှီ ဆိုသည့် လူကြီးတစ်ယောက်သည် ကားနှစ်စီးစလုံးကို ချန်ထားရစ်ခဲ့လျက် ထွက်ပြေးလာခဲ့သည် ဆိုသည့် အဖြစ်က ဟသ်ာကို အတော်ကြီး အံ့ဩနေစေခဲ့ချေမှာတော့ အမှန်ပါ ..။

"ညည်းအဖေ ခေါင်းကိုက်ပြီး ပြန်လာတာ ကျေးချို .. ဟိုမှာ မနေနိုင်တော့လို့ ခေါင်းကိုက်လွန်းလို့ ထွက်လာတာကို .. ဘာလို့ .. ဟိုမေးသည်မေး လုပ်နေတာလဲ .."

ဟု ဘေးမှာရှိနေသည့် လေးလေးညို ပြောတော့မှ မြကျေးချို မျက်နှာငယ်လေးနှင့် ကြည့်မိရသည်ပါပဲ ..။

"ခု .. သက်သာလာပါပြီ သမီးရယ် .. ဟိုမှာ ဖေဖေ ခေါင်းကိုက်နေတုန်း ဘယ်ကမိန်းမလဲ မသိပါဘူး သမီးရယ် .. ဖေဖေ့ဆီလာပြီး .. သူနဲ့ အမျိုးတော်တယ် လုပ်နေလို့ .. ရှင်းပြလို့လဲမရ .. ဘာမရနဲ့ စိတ်ထဲ ပိုရှုပ်လာရတော့တာ၊ စိတ်မှန်ရဲ့လား မသိပါဘူး သမီးရယ် .. အတင်း လက်လာဆွဲနေလို့ .. ဖေဖေလဲ လန့်လာပြီးပြေးရတော့တာ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မြကျေးချို့ နှုတ်မှ ဟင်ခနဲ အသံလေး ပွင့်အကျမှာ ..။ တစ်ချိန်လုံး အကဲခတ်သလို အံ့ဩစိတ်လေးဖြင့် ကြည့်နေပါသည့် ဟသ်ာ ..။ ခုကျမှ .. ဟက်ခနဲ ရယ်ချပြီး ခေါင်းယမ်း၍ စက်ကိုလှန်လိုက်ကာ အော်ရယ်ပြန်၏။

"ဟား ဟား .. ဒါကြောင့် ဘဘမှီ လန့်ပြေးတာကိုး .. ရယ်ရတယ်ဟေ့ .. ဘဘမှိက ရုပ်ခန့်ကြီး ဖြစ်နေတော့ .. အဲဒီအမျိုးသမီးက လာအမျိုးစပ်တာ ဖြစ်လိမ့်မယ် .. ဟုတ်ရော ဟုတ်ရဲ့လား ဘဘမှီ .. ငယ်တုန်းက သူငယ်ချင်းများလား .. ဟော့ .. ခင်းသမီးလေး .. ညည်းမေမေ .. ခေါင်းကိုက်ပြေးတာ ခုမှ သဘောပေါက်တော့တယ် .. ဘဘမှိရာ .. ရယ်ရတယ် .."

ဟု ပြောရယ်နေတော့ မြကျေးချို့ မျက်စောင်းခဲ၍..

"မေမေ နေမကောင်းတဲ့ဥစ္စာ .. ရယ်နေတာပဲ .. မေမေ.. ကျေးချို့ သံပရာရည် ဖျော်လိုက်မယ်နော် .. သွေးဆေးနဲ့ ထပ်သောက်လိုက် .. နော်"

"မေမေ သောက်ပြီးပါပြီ သမီးရယ် .."

ဟု ပြောပေမယ့် မရ ..။ မီးဖိုဆောင်လေးသို့ ထွက်သွားခိုက် လေးလေးညိုလည်း ပြန်သွားသည်ပါပဲ ..။

ထိုအခါမှ ဟသ်ာကို ဦးမြမှီ ကြည့်သည်။

စောစောက ရယ်မောရိပ်မျိုးတွေ ရှိမနေတော့သည့် အကြည့်များဖြင့် ခပ်ငေးငေး ကြည့်နေတာနှင့်ကြုံသည်။ ဦးမြမှီ သိလိုက်ပါပြီ ..။ စောစောက ရယ်မောလိုက်ခြင်းဆိုတာက မြကျေးညိုလေးကို ဤကိစ္စ ဘာမျှသံသယမရှိစေချင်၍ ဆိုတာ ကိုပါ ..။



"လူလေး .."

ဟု ဦးမြမှီ ခပ်တိုးတိုးခေါ်နိုက် ဟသ်ာ့ထံ ငွေ့ လက်ကာသည်။

"ဘဘမှိမှာ အကြောင်းတစ်ခု ရှိမယ်ဆိုတာကိုတော့ ဟသ်ာ နားလည်နေပါတယ် ဘဘမှီ .. ဒါပေမဲ့ .. အဲဒီအကြောင်းဟာ ဘဘမှီဘက်က မှန်နေတဲ့ အကြောင်းပဲဆိုတာ ဟသ်ာ ယုံတယ် .. ဘာလို့လဲဆိုတော့ .. ဘဘမှီရဲ့ရှေ့မှာ ဟသ်ာ ကြီးခဲ့ရတာလေ .. ဘဘမှီရဲ့ ကိုယ်ကျင့်တရားကို ဟသ်ာ သိတယ် .. ဘဘမှီ စိတ်အေးလက်သာနေပါ .. ကားကို ထားခဲ့တဲ့ကိစ္စလဲ .. ဘွားရော .. မေမေရော မသိကြဘူး .. မေမေကိုယ်တိုင် နောက်က အေးအေးဆေးဆေးပဲ ကားမောင်းပြီး လိုက်လာခဲ့တာပါ .. ဒီကိစ္စ သိတာဆိုလို့ .. ဟသ်ာရယ် .. ကျေးချို့ရယ် .. ပြီးတော့ .. ဘဘမှီ ပြန်လာတာကိုသိတဲ့ လေးလေးညိုရယ်ပဲ ရှိတာပါ .. လေးလေးညိုကို ဟသ်ာ ပြောလိုက်ပါ့မယ် ဘဘမှီ .. ဘဘမှီ ပြန်လာတာကို မေမေတို့ကို မပြောပါနဲ့လို့ .. မေမေတို့ ထင်နိုင်တာက .. ကားထဲမှာ ဘဘမှီ ဝင်လှဲနေရင်း ကားစောင့်နေတယ်လို့ပဲ ထင်နေနိုင်ကြတယ် .. မေမေတို့ကား နောက်ကလိုက်လာတော့ .. နည်းနည်းဝေးကျန်ခဲ့အောင် ကားကို ခပ်မြန်မြန် မောင်းခဲ့တယ်လေ .. မေမေက ကားကို အမြန်မှ မမောင်းရဲတာ .. ပြတ်ကျန်ခဲ့တာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုး ပြောပြနေသည့် ဟသ်ာကို ဦးမြမို့ ငေးကြည့် ငြိမ်သက်နေပါ၏။ မျက်ဝန်းများဆီမှ ကျေးဇူးတင် ကြည့်တွေကတော့ ပြည့်သိပ်နေကြပါသည့် အဖြစ် ..။

"အိမ်ရောက်တော့ ကားကိုရပ်ခဲ့ပြီး ဒီကိုတန်းလာလိုက်ကြ

ဟာ .. မေမေ့ကား ကြာရိပ်မြိုင်ကို ရောက်တောင်မလာ

သေးဘူး .. ကဲ .. ဘာဘမို့ .. ဟသ်ာ အိမ်ကိုပြန်လိုက်မယ်_

မှင်မပျက်သာ ဒီမှာ ဆက်နေနော် .."

ဟု ပြောကာ ခြေလှမ်းသုတ်သုတ်ဖြင့် အိမ်ပေါ်မှ ဆင်းသွားပါ၏။

မြကျေးချိုလေး သံပရာရည်ခွက်လေးဖြင့် ရောက်လာ တော့ ဟသ်ာ မရှိတော့ ..။

အစစ .. ဟန်မပျက် ရှိနေစေဖို့အတွက် ဟသ်ာရှေ့ အားလုံး လုပ်သွားနိုင်ချေလိမ့်မည်ဆိုတာ ဦးမြမို့ ယုံကြည်ပါသည်။

သမီးလေးတိုက်သည့် သွေးဆေးနှင့် သံပရာရည် လေးကို သောက်ရင်း ဦးမြမို့ ရင်ထဲမှာ ဆို့နေသည်။

ကြော် .. သမီးလေး၏ လက်နှင့်တိုက်သော ဆေး ကို .. အစဉ်သဖြင့်သော်မှ .. သောက်ခွင့်ရနိုင်ဖို့ .. ကံကြမ္မာက_ ခွင့်ပြုပါမည်လား မသိ ..။

ခွင့်ပြုပါမည်လား မသိပါ သမီးလေးရယ် ..။

သမီးလေး၏ မျက်နှာကို တစိမ့်စိမ့်မျှ ကြည့်ရင်း ရင်သည် လှိုက်၍ လာသည်မို့ ကိုယ်ကို အိပ်ရာထက်မှာ ဖြေ လျှော့ချလိုက်ကာ ကိုယ်ကို သားစောင်း၍ ခေါင်းပါးလေးကို မြှုလိုက်မိရင်းမှ ...



"မေမေ ခဏမှိန်းလိုက်မယ် သမီးလေး .."

ဟုသာ အားစိုက်ပြောယူရပါ၏။

မျက်ရည်က .. မျက်လုံးထောင့်ဆီမှ စီးကျလာနေပြီ မို့ ခေါင်း၏အစွန်းနှင့် ဖေးအုပ်ကာ မျက်ရည်ကို ဖုံးလိုက်ရသည် တည့် ...။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

ထုံးစံအတိုင်း လေလေးတချွန်ချွန်ဖြင့် လှေကားထစ်တွေကို ကျော်လွှားဆင်းလာပြီး မီးဖိုဆောင်ရှိရာသို့ ဟာသ်အချ ရောက်လာခိုက် မနက်စာ ကော်ဖီပွဲပြင်နေသည့် ဒေါ်ကြီးစာနှင့် ငိုးသည်။

"ဖိုးသာရေ ဒီနေ့တော့ ဒီမှာပဲ ကော်ဖီလည်းသောက် မုန့်ဟင်းခါးနဲ့ထမင်းကြော်လည်း ဒီမှာပဲစားပေတော့ .. ဖိုးသာရဲ့ မေမေနဲ့မေမေ ဘုရားခန်းမှာရှိနေတယ် .. ခဏစောင့်"

ဟု ပြောပြီး ပြုံး၍ တစ်ချက်ကြည့်သည်။ သူကတော့ မျက်မှောင်ကုတ်ကျွေးစပြုလာနေသည့်အဖြစ်။ ထမင်းစားစား ကြီးဘေးထောင့်နေရာမှာ စတီးချိုင့်ကြီးတင်ထားတာကို တွေ့သည်မို့ မုန့်ဟင်းခါးလာပို့ထားပြီဆိုတာသိသည်။

"ဘာသဘောလဲ .. ဒါဘာသဘောလဲ .. ငါက ဟိုရှာ သွားစားနေတဲ့ကိစ္စ မိကျေးချိုက ဘာသဘောနဲ့ ငါ့ကို ဒီမှာပဲစားအောင်လုပ်ရတာတဲ့လဲ .. သူနဲ့ငါနဲ့ တူတူစား တာလေးတန်းနှစ်ကတည်းကပဲဥစ္စာ .. နှစ်တွေတောင်ကြာ



ခဲ့ပြီပဲ .. ခုမှ သူက ဘာကိစ္စနဲ့ ခွဲခြမ်းခွဲခြမ်းနဲ့ လုပ်လာရတာ တဲ့လဲ .. ဒီနေ့ တနင်္ဂနွေနေ့မို့ သူလဲ ကျောင်းပိတ်တယ် .. ငါ .. သူ့ကို စာလဲပြဖို့ကိစ္စရှိတယ် .. ဒီကောင်မလေး ခုတလော နည်းနည်းဘဝင်မြင့်နေတဲ့သဘောဖြစ်နေပြီ .. ငါက သူ့ဆီသွားသွားစားတဲ့ကိစ္စ ..သူက ဘာမျိုမကျစရာ ရှိနေလို့လဲ .."

မခံချင်ဇောက ရင်ခေါင်းထဲထိမဟုတ်တော့ ..။ ခေါင်းအထိတက်ဆောင့်နေသည့်အဖြစ်။ မနက်စောစောစီးစီး စိတ် ရှုပ်စရာလာတိုးနေတာမို့ မျက်နှာက ထုံးစံအတိုင်း မှုန်တေနေသည့် အဖြစ်။

"ကျေးချိုလေးက .. ဒီနေ့ သူ့အဖေနဲ့အတူ မုန့်ထွက်ရောင်း တယ် ဖိုးသားရဲ့ .. ဒါကြောင့် .. ဖိုးသာလေး ဟိုကိုသွား ရင် သူ မရှိအဲဖြစ်နေတာမို့ ဖိုးသာအတွက်ပါ .. မုန့်လာ ပို့ထားတာ .. အံ့မယ်လေး .. ငါးဖယ်ဆုပ်ကို သေချာဖို ထည့်ပေးတဲ့ပွဲကို .. ဖိုးသာကိုပေးပါတဲ့လေ .. မှာသွားလေ ရဲ့ .."

ဟု ဒေါ်ကြီးစာ အတွင်းသိက ပြုံး၍ပြောလာတော့ သူ့မျက်နှာကြီး ပျက်ကျသွားရပါပြီတည်း။ ခုမှ မိုဆိုးလာသည့် အဖြစ်။ တူတူမစားချင်၍များလားဟု သူ့မျက်နှာကြီး မှုန်တေနေ သည့်အဖြစ်ကို သိဏာမို့ ဒေါ်ကြီးစာကတော့ ကျေးချိုအပေါ် အထင်မလွဲအောင်ပြောပေးရှာပုံရသည်ပါပဲ ..။ ဒါပေမဲ့ ..။ ဪ.. ဒါပေမဲ့ သူ ရင်ဝို၍လောင်မြိုက်လာရပါသည့်အဖြစ်။ စိတ်လှုပ်ကိုယ် လှုပ်ကြီး ခါးကို ထောက်ပစ်လိုက်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... သူက ... မုန့်ဟင်းခါးသွားရောင်းတယ် ဟုတ်လား ... ဘာဘမိုက မတားဘူးလား ... သူ့ဆီကို မုန့်စားတာနည်းနည်း ... သူ့ကို လာပိုးတဲ့သူက မုန့်အကြောင်းပြပြီး လာကြမှာကများများဖြစ်တော့မှာပဲ ... မဟုတ်သေးပါဘူး ... ခုစာလော ... ဒီကောင်မလေး လောဘတော်တော်တက်နေတယ် ... ဈေးထဲသွားတော့လဲ ဈေးဝယ်တာဖြောင့်ဖြောင့်တန်းတန်းဝင်ဝယ်တာမဟုတ်ဘူး ... အထည်ဆိုင်က ကြယ်သီးတံထိုးတာတို့ ဘာတို့ဝင်ယူသတဲ့ ... အလုပ်ကို နင်းကန်လုပ် ... ပိုက်ဆံကိုနင်းကန်ရှာတော့ကောင်းသလား ... ဘာသဘောလဲ ... ဒီလောက်အလုပ်လုပ်နေရတာကိုက မဟုတ်ဘူး ... မဟုတ်တော့ဘူး ... သူတို့က ထမင်းငတ်နေကြတာမှမဟုတ်တာ ..."

မျက်နှာကြီး ထိန်းမရအောင်ပျက်ရင်းပြောနေတော့ ဒေါ်ကြီးဓာ သက်ပြင်းရှိက်၍ သူ့ကို ကြည့်လာရင်းမှ ...

"အဲသလိုတော့ဘယ်ဟုတ်မလဲ ဖိုးသာရယ် ... သူတို့ရှေ့ရေးအတွက်တော့ ငွေဆိုတာ စုဆောင်းတာရှိရမှာပေါ့ ဖိုးသာရယ် ... သူတို့ဘဝနဲ့ ဖိုးသာရဲ့ဘဝက တူကြတာမှ မဟုတ်တာ ... ဖိုးသာက အစစ ပြည့်စုံနေတာကိုး ... သူတို့ဘဝကို အားလုံးပြည့်စုံအောင် ဘယ်နှားလည်ပေးနိုင်ပါမလဲ ..."

"ဟာ ... မိကျေးချိုကို မေမေ ကျောင်းထားပေးမယ်လို့ ပြောထားတာပဲဥစ္စာ ... ခု ... ကျောင်းတက်နေတာကိုလဲ မေမေက တာဝန်ယူချင်နေတာ ဒေါ်ကြီးဓာ အသိပါ ... ဘာဘကိုက ... ဒီအတောအတွင်းမှာတော့ သူပဲ ကျောင်းထားပေးပါရစေ ... ဒီမှာနေခွင့်လဲရ ... လခလဲရ ... မုန့်ဟင်းခါးလဲရောင်းခွင့်ပြုထားတာမို့ ... ကျေးဇူးကြီးလှပါပြီနဲ့ အတင်းငြင်းနေလို့ မေမေ ကျောင်းစရိတ်ထုတ်မပေးဘဲ ရှိသွားရတာ ဒေါ်ကြီးဓာ အသိပဲ ... မေမေကဆို ... မိကျေးကို ဘယ်လောက်ချစ်လဲ ... သမီးလေးလိုချစ်တာ ... အဲဒါ ... ခု ... မုန့်ဟင်းခါးထွက်ရောင်းတယ်ဆိုတဲ့အထိ ဖြစ်လာတာကောင်းသလား ... ရုပ်ကလေးကလှလှနဲ့ ... ဘယ်လောက်သနားစရာကောင်းနေပြီလဲ ... မိကျေးက တကယ့်ကြွေရုပ်လေးလိုလှတာ ... မုန့်ဟင်းခါးသည် ဖြစ်ရတာ ဘယ်ဟုတ်တော့မလဲ ..."



"ဟဲ့ ... ဖိုးသာ ... ရုပ်ချောတာနဲ့ မုန့်ဟင်းခါးမရောင်းရတော့ဘူးလား ... ဘာဆိုင်လို့လဲ ... ရိုးရိုးသားသားလုပ်ကိုင်စားတာ ဂုဏ်တောင်တက်သေးတယ် ..."

"မသိဘူးဗျာ ... မိကျေး အလုပ်လုပ်တာကို မကြိုက်တာ ... လုံးဝ မကြိုက်ဘူးဗျာ ... သွားမယ် ..."

ပြောပြောဆိုဆို ဘာမျှ မစားမသောက် လှည့်ထွက်သွားတာမို့ ဒေါ်ကြီးဓာမှ ...

"ဟဲ့ ... ဘယ်လဲ ..."

ဟု လှမ်းမေးခိုက် နောက်ကို လှည့်မကြည့်စတမ်း ခြေလှမ်းကြီးကြီးနှင့် သူ ထွက်ခဲ့ရပါသည့်အဖြစ်။

"လိုက်သွားမလို့ ... အဲဒီကိုလိုက်သွားမလို့ ... ဒီက မုန့်ပွဲကို ဒေါ်ကြီးတို့ အပိုယူစားမစ်လိုက်တော့ ... ဟိုမှာပဲ စားလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေခဲ့သည်ကိုက ဆောင့်ဆောင့်အောင့်အောင့် အသံဖြင့်ပါ ..။

"ပြောတယ် .. ဘဘမိုကိုပြောတယ် .. ဒီမုန့်ဟင်းခါးကြီး မရောင်းပါနဲ့ဆိုတာ .. တားဆီးလို့ကိုမရဘူး .. မိကျေးချိုကို မုန့်ဟင်းခါးသည်ကြီးသမီးလို့ ပြောခံရတာကို နားထဲမှာ မခံသာတဲ့ဥစ္စာ ဖြစ်ဖြစ်နေတာ သူတို့က နားလည်ကြတာ မဟုတ်ဘူး၊ ပိုက်ဆံပဲနင်းကန်စုချင်နေကြတာကခက်တယ်"

စုပ္ပစုပ္ပဖြင့် ဟာသံ့ခွေ ဥယျာဉ်အားမှ ကွန်ကရစ်ခင်း လမ်းအတိုင်း ခြေလှမ်းကြဲကြီးဖြင့် ကိုယ့်ဓာနင့်ကိုယ် လျှောက် လာခိုက် လေးလေးညိုကို လှမ်းမြင်ရသည်က ဖြီး၍ကြည့်နေသည့် အကြည့်များဖြင့်ပါတည့်။

"လိုက်သွားတော့မလို့လား .. ထင်တယ် .. အစကတည်း ကထင်ထားတယ် .. မိကျေးချို မုန့်ဟင်းခါးအရောင်းလိုက် သွားရင် မင်းလေး သိသိချင်း ခုလိုပဲ မျက်နှာရှုစ်ခေါက် ချိုးကြီးနဲ့ ခြေကုန်သုတ်တော့မယ်ဆိုတာလေ .. ဒါကြောင့် လေးလေးညို အစကတားတယ် မိကျေးကို .. မသွားနဲ့လို့ ဆိုတာမရဘူး .. သူ့အဖေ မောသတဲ့လေ .. ကူရမှာပဲ တဲ့လေ .. သူ့ကို ဦးမြမိုကလဲပြောတာပဲ .. မလိုက်နဲ့ဆိုတာ မရဘူး .. လိုက်သွားလေရဲ့ .. ခုတလော သူ့အဖေခြေ ထောက်တွေ ကိုက်ခဲနေတာ အညောင်းမိလို့တဲ့ .. ပန်းကန် တွေ ထိုင်ထိုင်ဆေးရတာ ပင်ပန်းမှာပေါ့တဲ့ .. အဲဒါ .. မုန့် ဟင်းခါးပန်းကန်တွေ ဆေးဖို့ သူ လိုက်သွားမှုကို ဖြစ်မှာ တဲ့ .."



"ဟင် .. သူများစားပြီးသားပန်းကန်တွေကို သူက ဆေး မယ် .. ဟုတ်လား .."

လေးလေးညို ပြောနေပြနေတာကို ဖြတ်၍ မျက်နှာ ကြီးမည်းတက်လာနေရင်းမှ ဒေါသဖြင့်တိုဆတ်သံကြီးနှင့် မေးလည်း မေး ..။ ခေါင်းကြီးယမ်း၍ ..။

"မဖြစ်ပါဘူး .. ဒီကိစ္စက မပြတ်လို့ကိုမဖြစ်ပါဘူး .."

ဟု ညည်းချရင်း ခြေလှမ်းသုတ်သုတ်ဖြင့် သူ ထွက်သွားတော့ လေးလေးညို ခေါင်းယမ်းကျန်ခဲ့ပါ၏။

လမ်းထိပ်သို့ ခြေလှမ်းကျဲကြီးနှင့် သုတ်သုတ်လျှောက် နေရင်းမှ သူ့မျက်နှာမှာ ချွေးသီးလာနေပြီ ..။ လမ်းထိပ်ရှိ တဲပင်လေးအောက်မှာ မုန့်ဟင်းခါးလှည်းကို လှမ်းလင့်မြင် နေရပါသည့်အဖြစ်။ ထိုင်ခုံငယ်လေးတွေရှေ့ချခင်းထားပြီးနေပြီ ..။ ဝယ်စားသူတချို့ပင်ရှိနေပါသည့်အဖြစ်။ မျက်နှာကြီးမှုန်နေလျက် သူ ရောက်သွားတော့ ပန်းကန်တွေ ဆေးနေရာမှ မိကျေးချို မော့ကြည့်ရင်း အံ့သြသလို ခပ်ငေးငေးတစ်ချက် ကြည့်လာပါ၏။

ဘဘမိုကတော့ မုန့်ပွဲပြင်နေရင်းမှ ..

"ဟော .. လူလေး လိုက်တာတာကိုး .. မုန့်ပွဲပြင်လိုက် မယ် .. ဟုတ်ပလား .."

ဟုပြောလာခိုက် မျက်ထောင့်ဖြင့် မြကျေးချိုကို သူ ကြည့်ပြီးမှ ဘဘမိုကို ခေါင်းယမ်းပြကာ ..

"မစားသေးဘူး ဘဘမို .. ကျွန်တော် ပန်းကန်ဆေးမလို့ လိုက်လာတာ .. မိကျေး ဖယ်စမ်း .. ဒါ .. ညည်းလေး ပန်းကန်ဆေးရမယ့်နေရာလား .. ငါ ပိတ်ထိုးလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



မြေထဲကျွံသွားတော့မယ် .. ဖယ်စမ်း .. မဖယ်ရင် လူတွေ ဝိုင်းကြည့်ချင်ကြည့်ကြပေ့စေ .. ဆွဲထုပစ်လိုက်မှာနော် .. ကိုကို့အကြောင်း သိတယ်မဟုတ်လား .. ဖယ် .."

ဟု မျက်နှာကြောကြီးတင်းနေလျက် တကယ်လုပ်တော့မည့် မျက်နှာချိုးကြီးနှင့် မှုန်တင်းနေပါသည့် သူ့ကို လန့်လန့်လေးမော့ကြည့်ကာ ..

"မဟုတ်တာ ကိုကိုကလဲ .. ကိုကိုက ပန်းကန်ဆေးရမှာလားလို့ .."

ဟု ပြောပေမယ့် မရ ..။ ဘေးမှခုံပုတစ်လုံးဆွဲယူထိုင်ရင်း ဆပ်ပြာရည်လေ့ထဲ ပန်းကန်တွေနှစ်၍နှစ်၍ ဆေးလိုက်။ ရေကြည်ပုံးလေးထဲ ပြန်၍ထည့်ဆေးလိုက်နှင့် လုပ်နေတော့ ဘဘမှိုင် သက်ပြင်းရှိုက်၍ ..

"အဲဒါကြောင့် ပြောသားပဲ သမီးရယ် ... သမီးရဲ့ကိုကို လိုက်လာလိမ့်မယ်လို့ .. ဖေဖေ့နောက်ကို မလိုက်ပါနဲ့ဆိုတာ မရပဲကိုး .. ခု .. ဘယ့်နယ်လုပ်မလဲ .. ဓွတ်ကြီးပန်းကန်တွေ ဝင်ဆေးနေတော့ ဦးမြိုင်သော်နဲ့ မမလေးတို့ကို အားနာစရာတွေ ဖြစ်ကုန်ပြီ .."

ဟု ပြောလာတော့ သူ ဘဘမှိုင်ကို ကြည့်ကာ ..

"ဘဘလဲ တာဝန်ရှိတယ် .. အစကတည်းက ဟသာပြောသားပဲ .. ဘဘမှိုင် မုန့်ဟင်းခါးမရောင်းပါနဲ့တော့လို့ .."

ဟု မောပြောလာတော့ ဘဘမှိုင် သက်ပြင်းရှိုက်၍ငြိုးကြည့်သည် ..။ မုန့်ပွဲပြင်ပေးလိုက် ..။ စားသူစားပွဲပုလေးသို့ သွားပို့ပေးလိုက်နှင့် အတန်ကြာရှိသွားရှာသည်ပါပဲ ..။ မြကျေးချို



မှမသိမသာလေး မျက်စောင်းခဲကာ ပန်းကန်တွေ တွန်းလှည်းရှိ ပန်းကန်တွေ မှောက်ထားရာ နေရာလေးမှာ သွားထားတော့ သူဘေးကလိုက်လာပါ၏။ မုန့်လာစားနေကြသူထဲက ကောင်လေးတွေကို အလကားနေရင်း မျက်နှာတချိုချိုဖြင့် ကြည့်နေတော့ မြကျေးချို မနေသာ ..။

"ကိုကိုကလဲ .. ဘာမှန်းလဲမသိဘူး .. ဆိုင်ကိုလာပြီး မိတ်ပျက်အောင်လုပ်နေပြီ .. ဒီလောက်မျက်ကြောတင်းနေမှတော့ နောက်နေ့မှာ ဘယ်သူက လာစားတော့မလဲ .. မျက်နှာကို ချိုချိုသာသာထားပါ ကိုကိုရ ..."

"ဒါ .. မွေးနေ့ပွဲကျင်းပနေတာမဟုတ်ဘူး မြကျေးချို .. လာသမျှလူကို ငါက မွေးနေ့ရှင်ကြီးလို မျက်နှာတချိုချိုနဲ့ ကြိုဆိုနေရမှာလား .. ဒီမှာ .. နောက်နေ့မိတ်ပျက်ပြီး လာမစားလဲ နားအေးတယ် .. ပြီးရော .. ဒါမှ မုန့်ဟင်းခါးအရောင်းမထွက်ဖြစ်မှာ .. ဒီမယ်အမိ .. ဘဘမှိုင်လဲ အသက်ရလာပြီ .. အိမ်မှာ ပန်းလေးဘာလေးစိုက်ပြီး နားနားနေနေ နေပါစေလား .. ညည်းလေးကိုက .. ခုတလော လောဘတော်တော်တက်နေတယ် .. ပိုက်ဆံတော်တော်ရှာချင်နေတယ်ပေါ့လေ .. အဖေလုပ်သူကို အလုပ်နားဖို့မပြောဘူး .. ညည်းလေးက အလိုတူအလိုပါလုပ်ပြီး လိုက်တောင်ရောင်းကူနေတယ်ဆိုတာ ကောင်းတယ်များမှတ်နေလား .. အဖေကို ဒီလောက်ခိုင်းစားနေတာတော့ မကောင်းဘူးထင်တယ် မိကျေးချို .. ဘဘမှိုင်ကိုကြည့် .. နည်းနည်းပိန်လာနေပြီကွ .. နားနေသင့်နေပြီ .."

www.burmeseclassic.com

www.burmeseclassic.com



ဟုဆက်တိုက်ကြီးပြောတော့ မြကျေးချို မျက်လွှာလေးချကာ ငြိမ်နေပါ၏။ ဖျတ်ခနဲ မော့ကြည့်လာတော့ မျက်ရည်ဝဲနေတာမြင်ရတာမို့ သူ စိတ်ထဲမကောင်းနိုင်ပြန် ..။ ကိုယ်ကအောနှင့် ပြောမိတာမှန်ပေမယ့် .. ကျေးချိုလေးကို အရမ်းကြီးငေါက်နေသလိုကြီးဖြစ်နေသည် မဟုတ်ပါလား။

"ဖေဖေ အဲလို ပိန်လာလို့ ကျေးချို လိုက်ရောင်းရတာပေါ့ ကိုကိုရယ် .. အစကတည်းက .. ကျေးချိုလိုက်ရောင်းဖို့ပါ .. ဖေဖေကဘယ်လိုမှ ခွင့်မပြုလို့ပါ ကိုကို .. ဒီနေ့တော့ ကျောင်းပိတ်ရက်လည်းဖြစ် .. ဖေဖေ ပိန်လာပြီလို့ ကျေးချို ဇွတ်ပြောပြီး အတင်းလိုက်ရောင်းတာပါ .. ဖေဖေက .. ကျေးချို အတွက်ကျောင်းစရိတ်တွေ လိုလာမှာကိုသိလို့ စုနေတာဆိုပြီး အတင်းမုန့်ဟင်းခါးဆက်ရောင်းနေတာပါ ကိုကို .. ကျေးချို လောဘတက်တာ မဟုတ်ပါဘူး .."

ဟု ပြောတော့ သူ သက်ပြင်းရှိုက်ကာ စိတ်မောလက်မောကြီး ထိုင်ခုံငယ်လေးမှာထိုင်ချသည်။

"ဘဘမြိုင်က ကျေးချိုအတွက် ကျောင်းထားပေးမယ်ဆိုတာကို ဖေဖေက အားနာတယ် ကိုကို ... ပိုက်ဆံဆိုတာ ကိုယ်ကရှာရတာတဲ့ .. သူများကို အရှာခိုင်းတယ်ဆိုတာ လူပေါ်လူပျင်းတွေရဲ့အကျင့်တဲ့ ကိုကို .."

ဟု ပြောတော့ သူ စိတ်ညစ်လာသည်။ ဤအချိန်ကတော့ဖြင့် မုန့်ဟင်းခါးအရောင်းဆွက်မည့်ကိစ္စက ရပ်စရာလမ်းမမြင် ..။ ဆက်စရာပဲ လမ်းမြင်နေသည့်အဖြစ် ..။



"ကိုကို မုန့်ဟင်းခါးစားလာရဲ့လား .. ကျေးချို ဒေါ်ကြီးဇာဆီမှာ ချိုင့်ပို့ထားတယ်လေ .."

သူ ဆာနေမှာကို စိုးရိမ်တတ်ရှာသားဟုတော့ တစ်ချက်ကြည့်နေချင်၏။ ခေါင်းကြီးယမ်းပြရင်းမှ ..

"မေးရက်တယ်အမိ .. မင်း မုန့်ဟင်းခါးရောင်းနေတဲ့အချိန်မှာ ... ကျုပ်က .. အရသာခံပြီး ဟိုမှာစားလို့သောက်လို့ လည်ချောင်းထဲဝင်နေမယ်လို့များ ထင်နေသလား .. မျိုကျမယ်ထင်သလား ကျေးချို .. တန်းပြီးလိုက်လာတာ .. ဘာမှကို မစားရသေးဘူး .."

"ဟင် .. ဆာရောပေါ့ .."

"ညည်းလေးရော မဆာဘူးလား .."

"ကျေးချို ဖေဖေနဲ့ လိုက်ရမှာမို့ .. မနက်က .. ဖေဖေနဲ့ အတူ ထမင်းကြော်နဲ့မုန့်ဟင်းခါးဟင်းရည်ဆမ်းပြီး အကြော်နဲ့စားခဲ့ပြီးပြီ"

"သြော် .. ဝမ်းဗိုက်ပြည့်နေပြီးပြီဆိုပါတော့ ... ကိုကိုနဲ့ တူတူစားနေကျဥစ္စာ .. ကိုကို မပါဘဲမျိုကျတယ်ဆိုပါတော့၊ ကိုယ့်ဝမ်းဗိုက်ဖြည့်တာမှ နောက်ဆံမငင်ဘဲနဲ့ကို ဖြည့်နိုင်တယ်ဆိုပါတော့ .. အဲဒါတော့ ကိုကို စိတ်မကောင်းဆုံးပဲ၊ ကိုကို့မှာသာ .. ဘာမှမစားနိုင်ဘဲ ပြေးလာရတာ .."

တကယ့်ကို ရင်ထဲမခံနိုင်သလို မျက်နှာကြီးပျက်ကျ ..ီးကျရင်း သူ့အသံတွေတုန်ကာ ..ကြွဲဝက်လက်ပြောတော့ မြကျေးချို မျက်နှာငယ်လေးဖြင့်ကြည့်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ကျေးချိုက အလုပ်လုပ်ရမှာလေ ကိုကိုရဲ့ .. မစားဘဲထွက်လာလို့ဖြစ်မလား .."

"အေးလေ ... စားပေါ့ .. စားဝင်တဲ့လူကစားပေါ့ .. စားမဝင်တဲ့လူက ငတ်ပေါ့ .. ညည်းလေး အလုပ်လုပ်ဖို့ဥစ္စာ စားရမှာပေါ့ .."

ခါတိုင်းနေ့များလို ကျေးချိုနှင့် မနက်စာကို တူတူမစားဖြစ်ရသည့်ကိစ္စက တော်ရုံရင်ထဲကဟာနေတာမျိုးမဟုတ် ..။ အရမ်းကို ရင်ထဲထိနေသည့်ကိစ္စ ..။ ခုလို ... ကျေးချိုက သူ့အတွက်မစဉ်းစားပေးဘဲ မနက်စာအဝစားထွက်သွားတာကို ရင်ထဲက မကျေမလည်နိုင်ဘဲဖြစ်နေသည်။ ရင်ထဲမခံသာဘဲဖြစ်နေသည်။ အတော်ကြီးကို ဝမ်းနည်းပန်းနည်းနိုင်နေသည့် အရေးအကြီးဆုံးစိတ်ပင်ပန်းထိခိုက်စရာဖြစ်နေသည်။ နစ်နာမှုကြီးပင် ဖြစ်ချင်နေပြီ ..။ မျက်နှာကြီးထိန်းမရအောင်ပျက်နေရင်း သူ ပြောနေတော့ မြကျေးချို သက်ပြင်းရှိုက်ကာ မုန့်ဟင်းခါးတစ်ပွဲ သွားပြင်လာသည်။ မုန့်ဖတ်များများ ..။ ကြက်ဥပြုတ် ..။ ငါးဖယ်ဆုပ်ကြော်၊ ပဲကစ်ကြော်နှင့် ဘူးသီးကြော်တွေလည်းပါလာသည်။

"စားလေ ကိုကို"

"မစားတော့ဘူး ... အိမ်ရောက်မှရေပြန်သောက်နေလိုက်မယ် .. နောက်နေ့လဲ .. ဘာမှမစားဘူး .. နေ့လယ်ကျမှထမင်းစားတော့မယ် .. ဒီမနက်ကစပြီးတော့ .."

အငေါ်တူးနေသည့် သူ့ကို မြကျေးချို မုန့်ဟင်းခါးပွဲလေးရှေ့တိုးပေးရင်း မယူမချင်း လက်လေးရှေ့ကမ်းပေးထားလျက်ဖြင့် ..



"ကျေးချိုကို စိတ်မကောင်းအောင် မလုပ်ပါနဲ့ ကိုကိုရယ် .. ဒါဆို .. နောက်နေ့တွေ .. ကျေးချိုလဲ အငတ်နေလိုက်မှာနော် .. မလုပ်ဘူးမထင်နဲ့ .."

ဟု အတည်ပေါက်ပြောတော့ သူ ခေါင်းကုတ်သည်။ ဆတ်ခနဲဆောင့်အောင့်၍ ပန်းကန်ကို ယူလိုက်ရင်းမှ ..

"ဘယ်တော့မှ ကြာရှည်စိတ်ဆိုးရဖို့ကိုမရှိဘူး .. ကိုယ်လုပ်မယ်လို့ကြိမ်းမောင်းလိုက်တုန်းရှိသေးတယ် .. သူက .. တန်ပြန်နေပြီ .."

ဟုညည်းသည်။ မုန့်ဟင်းခါးကို စိတ်မပါသလိုကြီးစားနေခိုက် မြကျေးချို ရေနွေးကြမ်းလေးငှဲ့ပေးသည်။ ပြီးတော့ အဝယ်ရောက်လာ၍ မုန့်ပွဲပြင်နေသည့် ဖေဖေ့ကို သွားလုပ်ကျွေးရဖြန်ပါသည့်အဖြစ် ..။ မကြာလိုက် ဘေးမှာ ကိုကို ရောက်လာဖြန်သည်။ မုန့်ပွဲတွေ အတင်းလိုက်ချပေးလိုက် ..။ ပန်းကန်တွေဆေးနေလိုက်ဖြင့်ရှိနေတော့ ဖေဖေမှ ..

"မနက်ဖြန်ကစပြီး .. ဖေဖေ မုန့်ဟင်းခါးအရောင်းမထွက်တော့ဘူး သမီး .."

ဟု ညည်းသံနှင့် ဖွင့်ပြောရှာသည်အထိ ကိုကို့အပေါ် ဖေဖေ သနားသွားရပါ၏။ ထိုအခိုက်မှာပဲ မာစီဒီးကားနက်ကြီး လမ်းအတိုင်း မောင်းလာတာမို့ ..

"ဟော .. ဘွားဘွားရဲ့ကား .."

ဟု ကျေးချို ပြောလာခိုက် သူ့ခေါင်းကလည်ခနဲ လှမ်း၍ကြည့်စဉ်ခိုက် တကယ့်ကိုပဲ ဘွားဘွားမျာ ကားထဲမှ မှန်ကိုချ၍ ခေါင်းပြူကြည့်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ဟသ်ာ .."

ဟု တအံ့တသြကြီးလည်းခေါ် ..။ ကားကိုရပ်နိုင်းကာ မျက်နှာကြီးပျက်၍ ကားပေါ်မှဆင်းချလာရှာသည်ပါပဲ ..။

"ဟဲ့ .. ဘယ့်နှယ် ပန်းကန်တွေဆေးနေတာတုံး .. မဟုတ်သေးပါဘူး ဟသ်ာရယ် .. ဘယ့်နှယ် .. ဒီနေရာထိလိုက်လာပြီး ပန်းကန်ဆေးနေရတယ်လို့ .. ခက်တော့တာပဲ .. နေစမ်းပါဦး .. မြမှိတို့ကလဲ မတားဘူးလား .."

ဟုမေးလည်းမေးချရင်းမှ လက်ကိုဆွဲ၍ မြေးကိုကားပေါ်ခေါ်ဖို့ပြင်သည်က ဘွားဘွားဝါ ..။ ဘာပဲဖြစ်ဖြစ်။ ခုလိုအထိတော့ မကြည့်ရက်နိုင် ..။ ဘယ့်နှယ် .. သူများလာစားသောက်သွားသည့် ပန်းကန်တွေကို ထိုင်ခုံပုလေးမှာ အကျသားထိုင်၍ ဝုဆိုးလေးပင့်ကာ ဟန်အပြည့်ဖြင့် ပန်းကန်ဆေးနေတာကို မျက်စိနှင့်တပ်အပ်ကြီးတွေ့တော့လည်း လူချမ်းသာ ခေါ်သိရိုပဲလေ ..။ ရင်ထဲ .. ထိနိုက်ရသည်ပေါ့ ..။ ဥယျာဉ်မှူးသားအဖေကိုလည်း ရင်ထဲ မျက်ချင်ချင်ဖြစ်ရသည်ပါပဲ ..။ မျက်နှာကြီးတစ်မျက်တင်း၍ လှမ်းအမေးမှာ သူ ကမန်းကတန်းကြီးဝင်၍ ..

"ဟာ .. ဘွားကလဲ .. ဘာဘမိုက တားတာပေါ့ .. ဒီကျေးချိုကလဲ ရန်တွေ့ပြီးတော့ကို ပြန်နိုင်းနေတာ .. ဟသ်ာကနှုတ်လာလုပ်တာ .. မလုပ်လို့မဖြစ်ဖူးလေ .. ဟသ်ာရဲ့သူငယ်ချင်းဂျိုးကိုသိတယ်မဟုတ်လား .. သူ့အဖေကအန်ကယ်ထိုက်က ကြိုးကြာရုပ်ရှင်ထုတ်လုပ်ရေးကလေ .. အဲဒါ ဂျိုးက ဟသ်ာကို မင်းသားတင်ရိုက်ချင်တယ်တဲ့ .. သူ့အဖေကပြောတယ်တဲ့ .. ဟသ်ာက လူချောတဲ့သိလား



အဟက် .. ဟုတ်တယ်ထင်တယ်နော် ဘွား .. လူချောဆိုတာလေ .. အဲဒါ .. အဲဒီဇာတ်က .. မင်းသားရဲ့ဇာတ်လမ်းက .. မုန့်ဟင်းခါးရောင်းရတဲ့ဇာတ်တဲ့ ဘွားရဲ့ .. အဲဒါ လာလေ့ကျင့်နေတာ .."

ဟုပြောတော့ ဘွားခမျာ ယုံပေးလိုက်ရအခက် ..။ မယုံဘဲလည်းနေချင်နှင့်ဖြစ်သွားရှာရရင်းမှ သူ့ခေါင်းကို ခေါက်ခနဲခေါက်၍ ..

"တော်ပြီ .. မင်းသားလဲမလုပ်နဲ့ .. ကားပေါ်တက်ခဲ့စမ်း .. ခက်ပုံများနော် .. ဒီကလေးစိတ်ရူးပေါက်ပုံများ စိတ်များညစ်ပါရဲ့ .. မင်းသားဖြစ်ချင်လို့ မုန့်ဟင်းခါးအရောင်းလာလေ့ကျင့်ရတယ်လို့ .. ကဲ .. ကိုမင်းသား .. ကားပေါ်တက် .. ကားပေါ်တက် .. မောင်မြမှိ ခေါ်လေး သွားမယ်"

ဟုပြောလည်းပြော ..။ ကားပေါ် မြေးကိုအတင်းဆောင့်ခေါ်သွားတာမို့ နောက်ကြည့် နောက်ကြည့်နှင့် ပါသွားရရင်းမှ ..

"ကြာမနေနဲ့ဦး ကျေးချို .."

ဟုမှာဖြစ်အောင်တော့ လှမ်းမှာသွားသည့်အဖြစ် ..။

မြကျေးချို သက်ပြင်းလေးရှိုက်ကာ ကိုကို့စိတ်ထားကောင်းလေးကို မသိဘဲလည်းမနေသာ ..။ ကိုကို့သံယောဇဉ်ကိုအမလည်ဘဲလည်းမနေသာတော့အောင် သိနေရရင်းမှ ရင်ထဲဝမ်းပန်းလာရသည်ပါပဲ ..။ အရမ်းကို ချမ်းသာသည့်ကိုကို၏သံယောဇဉ်သည် အရမ်းကို နုံချာသည့် ကျေးချိုတို့သားအဖ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ... ရေကြည်ချမ်းမြဖြစ်ခွင့်မှ ရနိုင်ပါလေစ ... ဟု ကြေကွဲ စိတ်ဖြင့်တွေးမိရ ...။ ရင်ထဲမှာ ... ချောက်ချားနှင့်နေရပါသည့် အဖြစ် ...။

ဖေဖေ့ကို မြကျေးချို ကြည့်မိတော့ ခပ်တွေတွေငေး စိုက်ကြည့်နေသည့် မျက်ဝန်းများနှင့်ဆုံသည်။

"ဖေဖေတို့ မနက်ဖြန်ကစပြီး မုန့်ဟင်းခါးမရောင်းတော့ ဘူး ကျေးချို ... နောက်ပြီးတော့ ... ဖေဖေတို့သားအဖ ... ကြာရိပ်မြိုင်မှာ ... နေခဲ့ကြတာလဲ သိပ်ကြာနေပြီဆိုတော့ ... တစ်နေရာရာကိုများ ပြောင်းနေလိုက်ကြရင်ဖြင့် ကောင်းမယ် ထင်ပါရဲ့ကွယ် ... ကဲ ... ကဲ ... ပန်းကန်တွေဆေးချေ တော့ ... ဆေးချေတော့ ..."

ဟု ခပ်လေးလေးပြောလာတော့ ကျေးချို၏ ရင်ထဲ မှာ ဟာခနဲအရင်ဖြစ်၏။

သြော် ... ကိုကိုနှင့် ဝေးရာနေရာတစ်ခုခုကို ... ဖေဖေ သည် ပြောင်းရွှေ့နေထိုင်ဖို့ လောလောဆယ်မှာပင် ဆုံးဖြတ်လိုက် ချေပြီထင့် ...။

ဘာအတွက် ... ထိုသို့ဆုံးဖြတ်လိုက်သည်ဆိုတာ ကျေးချို သိပါသည်။

သြော် ... ကျေးချို သိပါသည် ကိုကိုရယ် ...။

ဘာကြောင့်ဆို ... ကျေးချိုတို့သည် ... ဆင်းရဲကြ ချေသည်မဟုတ်ပါလားလေ ...။

ဆင်းရဲသူလေးတစ်ယောက်အပေါ်မှာ ထားရှိအပ် သော ကိုကို့သံယောဇဉ်သည် ... ကြီးမားလွန်းလှချေသည်မို့ ...။



ထိုသံယောဇဉ်ကြောင့်ပင်လျှင် ... ကျေးချိုတို့ ဝေးကြ ချေဖို့အကြောင်းဖန်လာကြချေသည်ကောလေ ...။

ခွဲကြရလျှင်ဖြင့် ... ကိုကို ... ရှုံးမတတ်ခံစားကျန် ရစ်ပါချေလိမ့်မည် ...။

ကျေးချိုကရောလေ ...။

သြော် ... ကျေးချိုသည်လည်း ... ရှုံးမတတ်ခံစားရင်း ထွက်ခွာရပါချေလိမ့်မည်ကော ကိုကို။

ဘာကြောင့်ဆို ...

ကျေးချိုနှင့် ကိုကိုတို့ သံယောဇဉ်ဆိုသည်က ... တုမနိုင်းပြသာအောင် ... တူညီစွာ ... ရင်မှာ ... ရှိနေကြရချေသည် မို့ပါ ကိုကို ...။

မျက်ရည်ဥသည် ... ထိန်းမရနိုင်စွာ ဖြောက်ခနဲ ကြွေသက်၏။

ခွဲခွာရမည်ကို ထိတ်လန့်သူတိုင်း၏ မျက်ဝန်းဆီမှ မျက်ရည်ဟူသည် ... ရုတ်ခြည်းပင် ... ကြွေသက်တတ်ချေသည် တကား ...။

သံယောဇဉ်ကြောင့် ကြွေသက်ပါသည့် မျက်ရည်စက် ဟူသည် ... ဘယ်သောအခါတွင်မှ ... နှလုံးအိမ်ဆီမှ ... ထွက်ခွာ လွင့်ပြယ်သွားနိုင်စွမ်းချေမည် မဟုတ်သည်မို့ ... အစဉ်စိုစွတ် ကြွေသက်နေရချေသည်ဆိုတာ ... သံယောဇဉ်ထားတတ်သူတို့သာ ... သိနိုင်ကြပါသည်တည့်။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

"စဉ်းစားကြည့်စမ်း .. ဘယ်လောက် မျိုးဂုဏ်ကိုထိသလဲ ဆိုတာ .. ရတနာဆိုင်ကြီး ဟီးနေအောင်တည်ထားတဲ့ ဦးဘုန်းတင်နဲ့ ဒေါ်သီရိတို့ရဲ့ မြေး .. ရွှေနဒီအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကြီးရဲ့ပိုင်ရှင် ဦးမြိုင်သော်နဲ့ မိုးယုဇွေတို့ရဲ့ သား .. မုန့်ဟင်းခါးဆိုင်ဆိုတဲ့ဥစ္စာမှာ .. လမ်းဘေးစွန်းလှည့်မုန့်ဟင်းခါးဆိုင်မျိုးမှာမှ ပန်းကန်သွားဆေးနေသတဲ့လေ .. သမီး မိမိုး .. ညည်း ဒီကိစ္စ မသိနိုင်လောက်အောင် ပေါ့ပေါ့နေလှချည်လားဟင် .. ညည်းကို မွေးမိခဲ့တဲ့ငါဟာ ဒီလို .. မုန့်ဟင်းခါးပန်းကန်ဆေးတဲ့ မြေးတစ်ယောက်ကို ကြည်ကြည်ဖြူဖြူ ကြည့်နေဖို့အတွက်တော့ ဟုတ်မနေနိုင်ဘူးအေရဲ့ .."

ဘွားကတော့ ကြာရိပ်မြိုင်၏ဧည့်ခန်းဆောင်ထဲမှာ ခေါက်တုံ့ခေါက်တင် လမ်းလျှောက်ရင်း လိုမ့်ဆူနေသည့်အဖြစ်။ မေမေနှင့်မေမေလည်း မျက်နှာလေးတွေငယ်နေရင်း ငြိမ်နားထောင်နေကြရသည်ပါပဲ ..။ မေမေဆိုတာ် အဘွားကို ယောက္ခမဆိုသေမယ့် အမေလိုသဘောထားသူပေမို့ ..။ အမေ ဆူသမျှ ငြိမ်သက်



နားထောင်နေသည့် သားတစ်ယောက်နှယ် ရှိနေရှာပါသည့်အဖြစ်။ ဘွားမှ ရပ်ခိုင်းထားသည့်နေရာမှာ လက်ပိုက်၍ငြိမ်သက်နေရပါသည့် သူ့ကိုလည်း မသိမသာ ခိုး၍ကြည့်သည်။ ခုလို .. သူ ပေါက်ပေါက်ရောက်ရောက်ကြီး မုန့်ဟင်းခါးပန်းကန်သွားဆေးနေသည့်အကြောင်း သိရ၍လည်း အံ့သြနေပုံလည်းရသည်။ ထိုမျှအထိတော့ သူ ရောက်သွားလိမ့်မည်ဟု ထင်ထားပုံမရ။ ထိုသို့ တအံ့တသြ ကြည့်ရိပ်တွေထဲမှာ ရယ်မောချင်ရိပ်တွေ မသိမသာစွက်၍ ပါနေကြတာကို သူ မြင်နေရတာမို့ ဘွား ဒေါသကို လန့်နေသည့်ကြားထဲက မေမေ့မျော်ရိပ်ကိုကြည့်ရင်း အားတက်ပါးတက်တော့တစ်ချက် သူ ဖြစ်ချင်သည်။ ဘာပဲဖြစ်ဖြစ်။ မေမေကတော့ သူ့ဘက်ကပါမှာသေချာနေသည်လေ ..။ သားအဖပဲလေ ..။ မေမေ့ သူ့အပေါ် ဒေါသမရှိတာကို သူ သိနေသည်ပေါ့ ..။

"နေစမ်းပါဦး .. ဟိုမှာက သမီးဖျိုလေးနဲ့ .. ရုပ်လေးကလဲ ချောတယ် .. အဲဒါ .. ဟသာံငယ်တုန်းကတော့ ကလေးချင်းတည့်ရှုချစ်ခင်တာထားပါ .. ခုလိုအရွယ်လေးရောက်လာချိန်မှာ .. ညည်း .. သူတို့ချင်း ဆက်ပြီးသိပ်မရင်းနှီးသင့်တော့ဘူးဆိုတာလေးကိုမှ ခေါင်းထဲထည့်မထားဘူးလား မိမိုး .. ဟင် .. ကျပ်ကျပ်သဘောကောင်းနေကြ .. ကြာရင် .. ညည်းရဲ့သား .. ကျုပ်ရဲ့မြေး .. ဟောဒီကဟသာ ဆိုတဲ့ကောင်လေး .. မုန့်ဟင်းခါးသွားချက်ပေးတဲ့အထိ ဖြစ်လာလိမ့်မယ်သိရဲ့လား .."

ဟုဆက်ဆူနေတော့ မေမေ ခေါင်းကြီးငုံ့၍ငြိမ်နေရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဒီကလေးကလဲ .. ဘယ်ကနေ .. ဘယ်လို .. မင်းသားဖြစ်ချင်လိုက်တယ်မသိဘူး .. သူ့သူငယ်ချင်းဂျိုးရဲ့အမေက သူ့ကို မင်းသားတင်ရိုက်မယ်တွေဘာတွေလဲပြောရဲ့.. တကယ်မှဟုတ်ရဲ့လား မသိပါဘူး .. ရိုက်မယ့်ဇာတ်ကလဲ မုန့်ဟင်းခါးသည်ဇာတ်တဲ့ .. ကျုပ်ကတော့ ဂျိုးဆိုတဲ့ကောင်လေးကိုရော .. သူ့အမေကိုထိုက်ကြီးကိုရော မေးကိုမေးကြည့်ဦးမှာ .. ကျုပ်ကမေးဖို့သွားရှုံရှိဦးမယ် .. ဒီကောင်လေးက ဖုန်းဆက်ပြီး ဟိုကိုအရင်ချိတ်ထားမှာသေချာတယ် .. သူ့ကို မင်းသားတင်ရိုက်ဖို့ရှိပါတယ်ဆိုပြီး လိမ်ပေးပါဆိုပြီးတော့လေ .. ကျုပ်သိတယ် ... ကျုပ်သိတယ် ..”

အံမယ် ..။ ဘွားကမခေ ..။ ဖုန်းဆက်ပြီးချိတ်မည်တွေဘာတွေပင် ပြောနေသေးသည်မို့ သူ လွှတ်ခနဲရယ်သည်။ အစကတည်းကိုက .. ဟသာ်ဆိုတာက ရယ်ရယ်မောမော .. ပေါ့ပေါ့ပါးပါးနေတတ်သည့်သူပဲလေ ..။ ဘွား ပြောသည့်အထဲ ရယ်စရာပါလာတော့ .. ဟက်ခနဲရယ်ချလိုက်မိသည်က ဘရိတ်ပြန်မမိလိုက်နိုင်တော့သည့် ရယ်ချင်ရှိန်ကြီးကြောင့်ပါတည့်။ သူရယ်တော့ ..။ ဖေဖေကလည်း အလွတ်မစံ ..။ လောလောဆယ် တင်းမာရိပ်တွေပေါ့ပါးလာအောင် ချက်ချင်းရော၍ရယ်ချသည်။ သားရယ်၍ အဖေက လိုက်ရယ်သည့်သဘော။ သားအဖနှစ်ယောက် အပေးအယူတည့်နေသည့်သဘော ..။ ဘွား၏လေသံဖြင့် ပြောရချေလျှင် ချိတ်မိသည့်သဘော ..။

ဖေဖေရယ်တော့ မေမေကလည်း လိုက်၍ရယ်သည်။ ညှိခန်းမှာ ဘယ်သူရယ်နေနေ။ ဘွား လိုက်မရယ်။ စပ်တည်တည်



ကြီး အားလုံးကိုကြည့်နေတော့ မတတ်နိုင်။ အားလုံး ပြန်၍ကိုယ်ရှိန်သပ်ယူလိုက်ကြရကာ မျက်နှာသေလေးတွေ ပြန်ဖြစ်ကုန်ကြရပါသည့်အဖြစ်။ ဒါဆို .. ဘွား ဒေါသမသေးဆိုတာကိုတော့ အလိုလိုခန့်မှန်းနားလည်လာနေမိကြရပါပြီ ..။

“မုန့်ဟင်းခါးပန်းကန်လေး သွားဆေးလိုက်မိပါတယ် .. မျိုးဂုဏ်ရှိန်ပျက်လိုက်တာ ရှိသမျှစည်းစိမ်တွေ လိုက်ပြီးပြိုပါသွားတော့မှာကျနေတာပဲ .. ပြီးတော့ .. ဘွားပဲ .. ဘဘမှိရဲ့မုန့်ဟင်းခါး ကြိုက်လှချေရဲ့လုပ်သေးတယ် .. တခြားဥစ္စာသာနှစ်ပန်းကန်မစားနိုင်တာ .. ဘဘမှိ မုန့်ဟင်းခါးကျတော့နှစ်ပန်းကန်ဆို .. ပြိုက်ခနဲ ဗိုက်ထဲရောက်သွားတဲ့ ဘွားကွာ..”

စတင်၍ သူ့စိတ်ထဲမှာ ရှုပ်ရှုပ်ဖြစ်လာပြီ ..။ ဟုတ်သည်လေ ..။ ဘဘမှိကိုကျတော့ မုန့်ဟင်းခါးသည်ဆိုပြီး နှိမ်သည်။ ဘဘမှိချက်သည့်ဥစ္စာကျတော့ ဗိုက်ထဲ လျှောခနဲထည့်သည်ပဲ။

“ဒီမယ် .. ဟသာ် .. မျက်နှာထားပြင်စမ်း .. ငါ မွေးတဲ့သမီးက နင့်ကိုမွေးလို့ လူလာဖြစ်တာ .. ငါက အဘွား .. မျက်လုံးထဲမှာ ကန့်လန့်တိုက်ရိပ်တွေ ဝင်လာနေတာကို ငါ မြင်တယ်သိရဲ့လား ..”

ဟု ဘွားလှမ်းငေါက်တော့ သူ မနေသာ ..။ ခေါင်းကြီးမော့၍ ..

“မုန့်ဟင်းခါးကျတော့ .. ဘွားပဲစားပြီးတော့ ..”

ဟု ရင်ထဲရှိတာပြန်ပြောတော့ ဖေဖေ တစ်ချက်ချောင်းဟန့်သည်။ ရယ်ချင်နေပြီဆိုတာ သူ သိသည်။ မြေးနှင့်ဘွားတော့ ဖြစ်ကြပြီဆိုသည့်သဘော ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် မောင်မြိုင်သော် ... သဘောကောင်းတယ်ဆိုတဲ့ဂုဏ်၊ စိတ်ထားပြည့်ဝတယ်ဆိုတဲ့ဂုဏ် ... အဲဒါကို ... မေမေ သဘောကျပါတယ် ... အလုပ်သမားတွေအပေါ်မှာ အစစ နားလည်သိတတ်တာ ... အလုပ်သမားတွေက မင်းကို ချစ်ကြတာ ... မင်း လုပ်ငန်း ပိုအောင်မြင်တာ ... မေတ္တာ ရောင်ပြန်ဟပ်လို့ဆိုတာတွေအားလုံးကို မေမေ သဘောကျ ပါတယ် ... ဒါ ... စီးပွားရေးအတွက်လဲကောင်းမွန် အကျိုး ရှိတာကိုး ... ဒါပေမဲ့ ... မုန့်ဟင်းခါးသည်လဲဖြစ် ... မင်း အိမ်မှာ မာလီလဲလုပ်နေတဲ့ ဦးမြမိုလိုလူတစ်ယောက်ရဲ့ သမီးချောလေးနဲ့တော့ ... ငါ့မြေးကို အပါမခံနိုင်ဘူး မောင်မြိုင်သော် ... သဘောကောင်းတယ်ဆိုတာ အတိုင်း အတာတော့ရှိအပ်တယ် ... ခုဥစ္စာက ... ဒီကလေးနှစ်ယောက် ဒီလောက် တရင်းတချာနေနေမှတော့ ... တစ်နေ့ ... သံယော ဇဉ်ဆိုတာထက်ပိုကုန်ရင် ဘယ်ကောင်းတော့မလဲ ... သတိ ပေးမယ် ... သတိပေးမယ်နဲ့ နေလာတာကြာပြီ ... သတိ ပေးခါမှ ဆင်အိပ်ရာ ဆိတ်နိုးဆိုတာလိုဖြစ်ကုန်မှာစိုးလို့ ငြိမ်နေရတာ ... မင်းတို့ ... ဘယ်လိုထိန်းကွပ်မလဲဆိုတာ စောင့်ကြည့်နေရတာ ... ခုတော့ ... မဖြစ်တော့ဘူးလေ ... ငါ ... တားမှကိုဖြစ်တော့မှာ ..."

ဟု ဘွား မွှင်မွှင်ကြီးပြောချလာတော့ သူ လန့်လာသည်။ ဘုရားရေ ...။ ဘွားက ... သူ့မိကျေးလေးနှင့် သူ့ကို မတူမတန်ကြီးဆိုတာ အတိအလင်းကြီးပြောချလာသည် မဟုတ်ပါလား ...။ သူ ခေါင်းကို မတ်လိုက်သည်မှ မခံမရပ်နိုင်စိတ်ဖြင့်ပါ။



တစ်ခုခုပြောဖို့လိုအပ်လာပြီဆိုတာ သူ သိနေသည်။ ဘာကိုပြော ရတော့မည်ဆိုတာလည်း သူ သိနေသည်။ မိကျေးသည် ... သူနှင့် မတူမတန်အဆင့်မှာမဟုတ် ...။

"မဟုတ်ပါဘူး မေမေ ... ကျွန်တော် ပြောပါရစေ ... မိကျေး ဆိုတာ ... ကျွန်တော်တို့ မျက်စိရှေ့မှာ ကြီးလာတဲ့ကလေး ပါ ... အလွန်လိမ္မာယဉ်ကျေးပါတယ် ... မိန်းကလေးလဲ ပီသပါတယ် ... ကျွန်တော်တို့ကိုဆိုလဲ မိဘလို ရိုသေတာပါ ... ကျေးဇူးရှင်ဆိုပြီးတော့လဲ ရင်မှာ တရိုတသေထားပြီး ... ကြာရိပ်မြိုင်မှာ အားလုံး သိမ်းကျုံးလုပ်ကိုင်ပေးရှာတဲ့ကလေး ပါ ... အိမ်မလည်တတ်ဘူး ... စာကြိုးစားတယ် ... အဲသလို ကလေးပါ မေမေ ... သား မြကျေးချိုလေးကို ချစ်တာက ဘုရားတရား ကြည်ညိုကိုင်းရှိုင်းခြင်းကြောင့်ပါပဲ ... ကြာရိပ် မြိုင်မှာရော ... သူ့အိမ်လေးမှာရော ... ပန်းပူဇော်ထားတာ ကိုကြည့် ... အလွန်လိမ္မာတဲ့ကလေး ... သူ့အိမ်လေးမှာ ဘုရား စင်မှာ ပန်း ဆီမီး ဆွမ်းတော် သစ်သီးဆွမ်း ... ဘယ်တော့ မှ မပြတ်ရဘူး ... အဲသလို ကလေးပါ မေမေ"

ဟုပြောခိုက် မေဖေ့စကားကို မေမေကလည်းဝင်၍ ...

"ဟုတ်ပါတယ် မေမေရယ် ... မြကျေးချိုလေးက သိပ်လိမ္မာ တာ ... သမီးကိုဆို တရိုတသေနဲ့ကို နှိပ်ပေး ... ညညှ ... ဆိုလဲ ... ခမျာ ... လာပြီး မောင်နဲ့ သမီးကို လာလာကန် တော့ပြီးတော့မှ ... အိပ်ရာဝင် ... အိမ်ပြန်ရှာတာမျိုးပေါ့"

"ဟဲ့ ... အဲဒါ ... စည်းရုံးသိမ်းသွင်းနည်းတစ်မျိုးဟဲ့ ..."

မဖြစ်ပါဘူး ... မဖြစ်ပါဘူး ... ခက်တော့တာပါပဲလား ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘွားအထိတ်တလန့်ပြောခိုက် မေမေမှ ပြောမိသည့်စကားကို ပြောမှဖြစ်တော့မည့်နယ် စကားဆက်တော့ သူ စိတ်လှုပ်ရှားနေပြီ ..။ မေမေသည် .. ကျေးချိုလေးအပေါ်မှာ ကြည်ဖြူစကားကို စကားရိပ်သမ်းနေချေသည်တကား ..။ ရင်ထဲမှာ ကြည်နူးလာသည်။ ချမ်းမြေ့လာသည်။ သူ့ကိုယ်သူလည်း ပို၍သိသိသာနေပြီ ..။ သူသည် .. ကျေးချိုလေးကို ဘယ်လိုမှ မခွဲနိုင်သော ချစ်ခြင်းများဖြင့် နက်ရှိုင်းခြင်းမကမနက်ရှိုင်းလွန်းစွာ ချစ်နေသူဖြစ်လျက် ..။ ထိုအချစ်သည် .. သူ့ဘဝမှာ အရေးအပါဆုံးနေရာတစ်ခုအဖြစ် ရပ်တည်နေသည်ဆိုခြင်းကိုပါ ..။ သူ မခွဲနိုင် ..။ ဟုတ်သည် မခွဲနိုင် ..။ ဘွားထံမှ မကြည်ဖြူသော စကားတွေ ပွင့်ကျလာစဉ်ခိုက်မှာ သူ့ရင်သည် အဘယ်မျှထိလောင်မြိုက်ခဲ့ရပါသလဲ ..။

ကျေးချိုကို မခွဲဘူး ဘွား ... ဟု ချက်ချင်းပြတ်သားစွာ ဖြေချလိုက်ဖို့ရှိစဉ် .. ရင်သည် .. နောက်မဆုတ်စတမ်းဆိုသည့် ခံစားချက်များဖြင့် ပြည့်သိပ်နေခဲ့တာ သူ အသိဆုံး။ မေမေ အရင်ဝင်၍ ဘွားကို ပြောချလိုက်တာမို့သာ .. သူ .. ထိုခံစားချက်တွေ ဖွင့်မချလိုက်ရခြင်းပါ ..။

"မေတ္တာဆိုတာ .. ရောင်ပြန်ဟပ်ပါတယ် မေမေရယ် .. သူတို့က စည်းရုံးသိမ်းသွင်းနေတာမဟုတ်ပါဘူး .. မေတ္တာထားကြတာပါ .. ဦးမြမှိုအကြောင်း သား အဆုံးပါ .. သူ့ဘဝမှာ အရေးအကြီးဆုံးဟာ .. ဘုရားရှင်တော်မြတ်ကို ကြည်ညိုကိုးကွယ်ရာဖြစ်ပါတယ် .. အဲဒါပြီးရင် .. သူ့သမီးလေးကိုချစ်ဖို့ .. သူတို့သားအဖအပေါ်မှာတင်ရှိနေတဲ့



ကျေးဇူးတရားကို ပြန်ဆပ်ဖို့ .. အဲဒါပဲရှိတာပါ .. ဘာမှ လောဘမရှိတဲ့သူပါ .. အမှန်အတိုင်းဝန်ခံရရင် .. သားနဲ့ မိုးတို့ကလဲ .. တစ်နေ့မှာ အဲဒီကလေးနှစ်ယောက် .. မေတ္တာမျှသွားကြရင်လဲ .. ကြည်ဖြူကြဖို့ပါပဲ မေမေ .. မြကျေးချိုလေးကို ပညာဆုံးခန်းအောင် သားတို့ တက္ကသိုလ်ပညာကို သင်ပေးဖို့လဲ ဆုံးဖြတ်ထားပြီးသားပါ .. ဦးမြမှိုအားနာလို့ပဲငြင်းငြင်း မာနကြောင့်ပဲငြင်းငြင်း .. သားနဲ့မိုးက .. မြကျေးချိုလေးကို ဆရာဝန်တစ်ယောက်ဖြစ်အောင် သင်ဖို့ပါ .. ကလေးက စာအလွန်တော်ပါတယ် မေမေ .. ဆေးမှတ်မီအောင် ဂုဏ်ထူးရမယ့်ကလေးပါ .. အကယ်၍ သူ ဝါသနာမပါလို့ .. တခြားဘာသာရပ်ကို သင်မယ်ဆိုရင်လဲ .. အဲဒါကို သားနဲ့ မိုးက သင်ပေးဖို့ပါ .. သားတို့ လက်ထဲမှာရှိနေတဲ့ ပြည်တန်ပတ္တမြားလေးတစ်ပွင့်ကို .. သားတို့က .. တခြားနေရာတစ်ခုကို .. လွှတ်မပေးနိုင်ပါပါဘူး မေမေ .."

ဟု ပြောတော့ ဘွားမှ ရင်ဘတ်ကို ဖြန်းခနဲနေအောင် လက်ဖြင့်ရိုက်ပစ်ရင်းမှ ဘယ်လိုမှ မယုံကြည်နိုင်လောက်အောင် အံ့ဩခြင်းကြီးစွာ ကြည့်လာသည်က တုန်တုန်လှုပ်လှုပ်ဖြင့်ပါ။

"အံမယ်လေးလေ .. ဖြစ်မှဖြစ်ရပလေကွယ် .. ငါက .. တားဆီးတဲ့ကိစ္စ .. သူတို့က .. သေသေချာချာစီမံချက်ကြီးချလို့ .. အတည်ပြု အကောင်အထည်ဖော်ကြတော့တာကိုး .."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ သူ တစ်ချက်ရှေ့တိုး၍ လက်ကြီးပိုက်ထားတာကို ဖြုတ်ခနဲချ၍ ဘွားကို ကြည့်ကာ ..

"ကျေးချို့ ဆေးကျောင်းတက်ဖို့ ဟသာ်ပြောထားတယ် ဘွား .. သူ မတက်ချင်လို့ကိုမရဘူး .. ဟသာ် .. သူ့ကို တခြားတက္ကသိုလ်ကို အတက်မခံနိုင်ပါဘူး"

ဖေဖေရော မေမေရော .. သူ့ဘက်ပါလာပြီမို့ အားတွေဘာတွေတက်၍ ဝင်ပြောစဉ်ခိုက် ဘွားကတော့ ခပ်တည်တည် သူ့ကိုကြည့်ကာ ..

"လောလောဆယ်မှာ .. မင်းကို လက်ပိုက်ထားတာ ငါက လက်ပိုက်ဖြေလိုက်တော့လို့မပြောသေးဘူး ဟသာ် .. လက်ပြန်ပိုက်စမ်း .."

ဟု ပြောလာတော့ ဖေဖေ မျက်ရိပ်ပြသည်။ ပြန်ပိုက်လိုက်ဆိုသည့်သဘော ..။ သူ လက်ကြီးပြန်ပိုက်၍နေလိုက်ရပါ၏။

"ငါ သဘောမတူဘူး မောင်မြိုင်သော် .. ဒီမယ် မိမိုး .. ညည်းကို .. ငါ အိမ်ထောင်ချပေးတာ .. မောင်မြိုင်သော်ဟာ ချမ်းသာတယ် .. ပညာတတ်တယ် .. လုပ်ရည်ကိုင်ရှိတယ် .. အဲဒါကြောင့်ပဲ မိမိုး .. မောင်မြိုင်သော်ဟာ မုန့်ဟင်းခါးရောင်းနေတဲ့သူဆိုရင် .. ငါ ဘယ်သဘောတူပါ့မလဲ .."

"ဟင် .. မေမေကလဲ .. မောင့်ကို ဘယ့်နှယ်ပြောလိုက်တာလဲ .."

ဘွားစကားကြောင့် ဖေဖေ မျက်နှာကြီး ပျက်ကျသွားစဉ်ခိုက် မေမေ့မျက်နှာမှာလည်း ဖေဖေ့ကို အားနာတကြီးလည်း



ကြည့် .. တောင်းပန်ကြည့်လည်းကြည့်ပြီးမှ ဘွားကို မျက်နှာပျက်ပျက်ဖြင့်ပြောရှာပါ၏။ ဘွားစကားက ရှင်းလွန်းနေသည်လေ။ ဖေဖေသည် မေမေ့ကို လက်ထပ်ခွင့်ရခြင်းမှာ ချမ်းသာခြင်းကြောင့် ဆိုသည့်အချက်က အဓိကကြီးလိုဖြစ်နေသည်မဟုတ်ပါလား။

"အမှန်အတိုင်းပြောတာ မိမိုး .. နေဦး .. မောင်မြိုင်သော် ချမ်းသာလို့တစ်ခုကြောင့်တော့မဟုတ်ဘူး .. သူ ချမ်းသာပေမယ့် .. ပညာမတတ်ရင် .. လုပ်ရည်ကိုင်ရည်မရှိရင် .. ဘယ်သဘောတူနိုင်ပါ့မလဲ .. မိဘချန်ခဲ့တဲ့အမွေအနှစ်ကို ထိုင်စား သုံးဖြုန်းတဲ့လူမျိုးကိုလဲ မေမေ အထင်မကြီးပါဘူး"

"ဒါပေမဲ့ .. ကျွန်တော်ကတော့ .. မိုးကို ချမ်းသာလို့ .. ပညာတတ်လို့ဆိုပြီး လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာမဟုတ်ပါဘူး မေမေ .. ကျွန်တော့်မိဘများထံမှာ မိုးကို မြန်းပေးဖို့ ပူဆာခဲ့တာဟာ .. တကယ့်ကို မွန်မွန်မြတ်မြတ် ချစ်မြတ်နိုးလို့ပါ .."

ဟု ဖေဖေ ဝင်ပြောလိုက်သည်က ထိထိခိုက်ခိုက်ကြီးဖြင့်ပါ ..။ မေမေ့ခမျာ .. ဘွား၏စကားကြောင့် ဖေဖေ့အပေါ် မျက်နှာပူရ .. စိတ်ထိခိုက်ရနှင့်ပါသည် ..။ သူပင် ရင်ထဲမကောင်းနိုင် ..။ ဘွား၏ ရင်ထဲကခံယူချက်ကို .. ဖေဖေ့ခမျာ .. အိမ်ထောင်သက်များစွာကြာနေပြီဖြစ်သည့် ဤကာလတွင်ကျမှ .. သိရှင့် ရခဲ့ချေသည်ကိုးလေ ..။ ယောက်ျားပေပဲလေ ..။ တွက်ချက်၍ .. အရှုံးအမြတ်ချိန်၍ .. ငွေကြေးကို အဓိကထား၍ သမီးလုပ်သူနှင့် ~ ်ထပ်ပေးလိုက်ပါသည့် ဘွား၏ စိတ်ရင်းမှန်ကို ဘွားမက် တစ်ယောက်အနေဖြင့် ဖေဖေ ခမှ ငြိတီပပသိရချေသည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါလား ..။ ပြီးတော့ အပြောခံရသည်ကလည်း ကိုယ်လက်ထပ်ထားသောမိန်းမ .. ကိုယ့်ရင်နှစ်၍ချစ်သောသားတစ်ယောက်တို့၏ ရှေ့မှာဖြစ်ချေသည်ကိုးလေ ..။

"အေး .. ငါကတော့ .. ပြတ်ပြတ်ရှင်းရှင်းပြောမယ် .. ငါ့မြေးကိုလဲ လူချမ်းသာသမီးနဲ့ပဲ ပေးစားမယ် .. ဒါ .. ဘယ်သူကမှ .. ဝင်စွက်ဖက်ခွင့် .. ပယ်ချခွင့်မရှိတဲ့ အဆုံးအဖြတ်စကားပဲ .."

ဟု ပြောနိုက် သူ ခေါင်းယမ်းသည်။

"ဟာသာ မယူနိုင်ဘူး ဘွား .."

ဟု ငြင်းတော့ ဘွား မျက်နှာထားကြီးတင်း၍ ကြည့်လာပါ၏။

ထမင်းစားဆောင် ခန်းဆီလေးကြားထဲမှ ချောင်းကြည့်နေကြပါသည့် ဒေါ်ကြီးဓာနှင့် မမမိလုံးတို့လည်း ခန်းဆီကို ချလိုက်ကြပြီ ..။ ဘွား ဒေါသကြီးနေတာကို လန့်လာကြ၍ဖြစ်နိုင်သည်။

"ဟိုမှာ .. ဦးမြမိုတို့သားအဖ ပြန်လာနေကြပါပြီ မေမေရယ် .. သူတို့ကြားသွားရင်မကောင်းပါဘူး .. အားနာစရာဖြစ်ကုန်တော့မှာပါ .."

ဟု မေမေ့ခမျာပြောရှာပါ၏။ သူ နောက်ကိုလှည့်ကြည့်သည်။ တကယ်ပဲ .. ခြံဝဆီမှ မုန့်ဟင်းခါးလှည်းကိုတွန်း၍ ဘဘမိုပြန်လာနေပြီ ..။ သေးမှက မြကျေးချိုလေးမှ လိုက်တွန်းနေပါသည့်အဖြစ် ..။

"ကြားပေ့စေ .. ဘွားကတော့ ခေါ်ပြောမှာ .."



ဟု သူ ကြည့်ရာဘက်ကို လိုက်ကြည့်ကာ ဘွားပြောတော့ သူ့မျက်နှာထက်မှာ တည်ငြိမ်ရိပ်တွေဝင်လာသည်။ ဘွား ခေါ်မပြောမီမှာ သူ့ရင်ထဲမှာ ဘာရှိသည်ဆိုတာ မြကျေးချိုလေးရော ဘဘမိုရော အရင်သိဖို့လိုသည်။ ဘွား အရင်ပြောခွင့်ရလိုက်၍မဖြစ် ..။ ဘွားကလည်း တကယ့်ကိုပြောတော့မည့် ဘွား ဖြစ်နေပြီ ..။ ဘွားပြောခွင့်ရလိုက်ပြီဆိုတာနှင့် ဘာတွေဆက်ဖြစ်လာချေတော့မည်ဆိုတာ သူ သိနှင့်နေသည်။ သူ ... ဘာဆိုဘာမျှ ပြောဆိုခွင့်လည်းရတော့မှာမဟုတ်။ သူ ပြောတာတွေကိုလည်း မြကျေးချိုလေး နားထောင်စောင့်ဆိုင်းပေးနေတော့မှာမဟုတ်။ ဘွား၏စကားလုံးတိုင်းကို ကျေးချိုလေး နားထောင်ပေးခဲ့ရခြင်းဖြင့်ပင် ရင်သည့်လောင်မြိုက်ချေတော့မည်။ ကြေကွဲထိခိုက်နာကျင်ရှာရှာမည် ..။ ထိုအဖြစ်ကို သူ အဖြစ်မခံနိုင် ..။ ရုတ်ခြည်း နေရာမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခဲ့သည်က မြကျေးချိုနှင့် ဘဘတို့ တွန်းလှည်းလေးဖြင့် လာနေကြသည့် နေရာဆီသို့ပါ ..။

"လာ .. လာ .. ကျေးချို .."

ဟု ဖြတ်ခနဲ လက်လေးကိုဆွဲ၍ စိတ်ဆောင်ရာအတိုင်း ကြာရိပ်မြိုင်ဆီသို့ သူ ခေါ်တော့ ဘဘမိုပင် ရုတ်တရက် ကြောင်အမ်းအမ်းကြီး ဖြစ်ကျန်ခဲ့ရကာ ..။ မြကျေးချိုလေးမှာလည်း ..

"ဟင် .. ဘာလဲ ကိုကိုရ .. ဘာလုပ်မလို့လဲ .."

ဟုမေးရှာ ..။ လက်လေးပြန်ရုန်းရှာနှင့်ပါ ..။ ဒါပေမဲ့ .. သူ မလွှတ် ..။ ခြေလှမ်းကျဲကြီးဖြင့် တောက်လျှောက်ခေါ်သွားတော့ မြကျေးချို ပါလာရသည်ပါပဲ ..။ ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဘဘမှီလည်း ထိုအခါမှ သတိဝင်လာကာ သုတ်သုတ်လိုက်လာနေပြီဆိုတာ နောက်ကို သူ တစ်ချက်လှည့်ကြည့်နိုက် မြင်လိုက်ရပါပြီ ..။

ကြာရိပ်မြိုင်ချည့်ခန်းသို့ သူ ရောက်တော့ မြကျေးချိုကို ချည့်ခန်းအလယ်မှာ ရပ်စေလိုက်ကာ ရုတ်ခြည်းပင် ကျေးချို၏ ရှေ့မှာ ဒူးတစ်ဖက်ထောက်ထိုင်၍ သူ့လက်တွင်းမှ လက်စွပ်ကို ချွတ်ကာကမ်းပေးလိုက်ပါပြီတည်း ..။ ဒါ .. သူ့ရင်တွင်းမှအဖြေ။ ဟုတ်သည် ..။ ဘွားကို ချပြလိုက်ပါသည့်အဖြေပါတည့် ..။ပြီးတော့ သူ့ရင်တွင်းမှာ မြတ်နိုးစွာရှင်သန်ရပါသည့် ချစ်ခြင်းများကို .. သူ မြတ်နိုးသူလေးရှေ့မှာ ချွင်းချက်မှုမရှိစွာ .. ပြတ်ပြတ်သားသား နက်နက်ရှိုင်းရှိုင်းကြီး .. ဖွင့်ချဝန်ခံလိုက်ခြင်းပါ ..။

"ကိုကို .. ကျေးချိုကို လက်ထပ်ခွင့်ရပါရစေ ကျေးချို .."

ဟု မြကျေးချို၏ လက်လေးကို ငြင်ငြင်သာသာလေး ပေးကိုင်၍ လက်စွပ်ကို ဝတ်ဆင်ပေးလိုက်တော့မှ မှင်တက်စွာ ငေးစိုက်ကြည့်နေရှာပါသည့် မြကျေးချို ခေါင်းလေးအလန့်တကြား ယမ်းလိုက်ပါပြီ ..။ အထိတ်တလန့်ဖြင့်လည်း ချည့်ခန်းထဲမှာရှိနေသည့် အန်ကယ်မြိုင်နှင့် အန်တီမိုးကိုလည်း ကြည့်မိရ ..။ ကိုကို ခုလို အားလုံးရှေ့မှာ လက်စွပ်လေး ဝတ်ပေးလာမည်ဟုလည်း ကျေးချိုမှ မမျှော်လင့်ခဲ့ဘဲလေ ..။ ရုတ်တရက်ကြီး ရှေ့မှာ ဒူးလေးထောက်၍ ကိုကို နေလိုက်တာ ..။ တော်ဝင်မင်းသားလေး တစ်ပါးက မင်းသမီးလေးတစ်ပါးကို နန်းဆန်စွာ လက်စွပ်လေး ဝတ်ပေးလိုက်သည့်နှယ် လုပ်လာလိုက်မှာကို .. ဘယ်လိုမှ မြကျေးချို မထင်မှတ်ထားနိုင်ခဲ့ ..။ ခုလို .. လုပ်လိုက်တော့



ကိုယ့်ဘာသာပင် ကြာရိပ်မြိုင်၏ ချည့်ခန်းဆောင်ကျယ်ကြီးထဲမှာ ရပ်နေရတာတွေကို မေ့ကျသွားသည့်နှယ် ဖြစ်သွားရသည်ပါပဲ။ သတိဝင်လာတော့မှ ခေါင်းလေးလည်းယမ်းမိရ ..။ အားလုံးကိုလည်း အလန့်တကြား ကြည့်မိရနှင့်ပါ ..။

"ခေါင်းမယမ်းနဲ့ ကျေးချို .. ဒါ .. ကိုကို့ရင်ထဲက ဘယ်လိုမှ ထွက်ခွာလွင့်ပြယ်နိုင်စွမ်းမရှိနိုင်တဲ့ ချစ်ခြင်းတွေကို ... ဝန်ခံလိုက်ခြင်းပဲ .. ကျေးချိုမရှိဘဲ ကိုကို မရပ်တည်နိုင်ဘူး ... မခွဲနိုင်ဘူး .. ကျေးချိုနဲ့ ဝေးရရင် ကိုကို သေမှာ .. ဒါပဲသိတယ် .."

ဟု ကိုကို ပြတ်ပြတ်သားသားပြောခိုက် ကျေးချို လက်စွပ်ကို အတင်းပြန်ချွတ်နေတာမို့ သူ လက်ကို ဖမ်းဆုပ်၍အုပ်မိုးဆုပ်ခဲထားလိုက်ပါသည့်အဖြစ် ..။ အခြေအနေသည် ရုတ်ခြည်း ထင်မှတ်ထားတာတွေ ဆက်တိုက်ကြီးလာဖြစ်နေသည်။ သူ .. ဘာကယ်တမ်း မုန့်ဟင်းခါးရောင်းနေသည့်နေရာလေးသို့ လိုက်သွားသည်က ကျေးချိုလေးကို သူများတွေဝိုင်းကြည့်မှာ သဝန်တိုလွန်းနေသည့်စိတ်ကြီးကြောင့်ဆိုတာ အမှန်ပါ ..။ ဒါပေမဲ့ ခုလောက်ကြီး မြန်ဆန်လွန်းစွာသော အဖြစ်အပျက်တွေက ဆက်တိုက်ကြီး ဖြစ်လာလိမ့်မည်ဟုတော့မထင်မိ ..။ ခုကျတော့ .. မတတ်နိုင်။ အားလုံးဖြစ်ပြီးကုန်ပြီ ..။ သူ့ဘက်ကလည်း .. ကျေးချိုကို မြတ်နိုးစွာ ချစ်နေမိရလေသမျှကို .. ဖွင့်ဟဝန်ခံခြင်းဖြင့် ကျေးချိုလေးကိုရော .. ဖေဖေနှင့် မေမေ့ကိုရော ..။ အို .. ဘွားကိုရော ဘဘမှီကိုရော သိစေလိုက်ဖို့လမ်းမှတစ်ပါး ရွေးချယ်ရန်မရှိတော့သည်ပဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



"လက်စွပ်လေးကို ချွတ်လိုက်ဖို့ မစဉ်းစားနဲ့ ကျေးချို .. ဒါ .. ကိုကို့ဘဝကို အားလုံးပိုင်စိုးနေတဲ့ လက်စွပ်ပဲ .. ကျေးချို လက်မခံဘဲ ပြန်ချွတ်ရင် .. ကိုကို .. ရူးလိမ့်မယ် ကျေးချို .. အဲဒါ နားလည်ထား .."

ဟု သူထပ်ပြောတော့ ကျေးချို မျက်ရည်ကျလာသည်။

"မငိုပါနဲ့ ကျေးချိုရယ် .. ကိုကို သိပ်ချစ်တယ်ဆိုတာကို ယုံကြည်ပေးပါ မိကျေးရယ် .. ယုံကြည်တယ်ဆိုရင် .. မငိုရဘူးလေ .."

ဟု ပြောကာ သူ ရင်ထဲ မကောင်းနိုင် ..။ ကျေးချို လေး အဘယ်မျှထိ ထိတ်လန့်နေမှာကို သူ သိနေသည်။ ဟုတ်သည်။ သိနေသည်။ ဖေဖေနှင့်မေမေ အော်ငေါက်လိုက်မှာကိုလည်း လန့်ရှာမည် ..။ ဘွားကိုလည်း လန့်ရှာမည် ..။ ပြော် .. ကျေးချို လေးခမျာ .. ဆင်းရဲသည့်ဘဝမှာ ရှိရချေသည်မို့ အားငယ်ရှာချေမည် ..။ ဖြစ်နိုင်လျှင် ကျေးချိုလေးကို အရုပ်လေးနှယ် ရင်ထဲမှာသာ သိမ်းထားလိုက်ချင်သည်ပါပဲ ..။

"ဖေဖေနဲ့မေမေကလဲ .. ခုပဲပြောတယ် ကျေးချို .. ဘွားကိုပြောလိုက်ပြီ .. ကိုကိုနဲ့ကျေးချိုလေးကို သဘောတူတယ်တဲ့ .."

ဟု ဖွင့်ပြောလိုက်တော့ ကျေးချို၏ ငိုက်ချထားသော ခေါင်းလေး မယုံနိုင်သလို ဖေဖေနှင့်မေမေထံသို့ မော့စုံကြည့်လာရှာတာကို သူ မြင်သည်။ ဖေဖေနှင့် မေမေ အားပေးပြုံးလေး ဖြင့် မိသိမသာလေးပြုံးပြ ..။ ခေါင်းလေးညိတ်လိုက်တာကိုမြင်



တော့ ကျေးချို သူ့ကို ကြည့်လာပါ၏။ ထိုသို့ကြည်ဖြူပြုံးလေး တွေကို ဖေဖေနှင့်မေမေ့ထံမှာ တွေ့ရချေလိမ့်မည်ဟု မျှော်လင့် ထားရှာပုံမရ ..။ ဘာဘမှိုကို ကျေးချို လှည့်ကြည့်လိုက်တာမို့ သူလည်း လိုက်ကြည့်မိရပြန်ပါပြီ ..။ ဘာဘမှိုသည် တံခါးဝမှာ ငြိမ်သက်စွာရပ်နေသည်။ မျက်နှာအရမ်းငြိမ်သက်တည်ငြိမ်လွန်း နေပါသည့်အဖြစ် ..။ အားလုံးကို ခပ်ငေးငေးကြည့်နေသည်။ ဘာဘမှို၏ စိတ်ထဲမှာ ဘာတွေရှိနေပါသလဲ ..။ မသိနိုင်။ ရင့် ကျက်လွန်းနေသည့် မျက်နှာပြင်ထက်မှာ ဘာအရိပ်ကိုမျှ ဖမ်းဆုပ် ၍မရနိုင်ဘဲဖြစ်နေသည်။

"အေး .. ငါကလဲ ပြောလိုက်မယ် မြကျေးချို .. သူတို့ သဘောတူလဲ ငါကဖြင့်သဘောမတူဘူး .. အဲဒါ .. ငါ့အခြေဦး ပဲ .. မုန့်ဟင်းခါးသည်သမီး .. မာလီသမီးနဲ့ ငါ သဘောတူသည် နိုင်ဘူး .. မင်္ဂလာပိတ်စာထဲမှာ အဲဒီဂုဏ်ပုဒ်တွေကို တဲ့သဖွယ် .. အရှက်မရှိတဲ့စိတ် .. ငါ့ခွ ကျန်မနေ ကျွန်တော် ဒီမှာမောင်မြှင်သော်နဲ့ မိမိုး .. ငါ ရှင်းရှင်းပြောခဲ့ ဘွားဘွား မင်းတို့က မင်းတို့မွေးတဲ့သားမေမို့ .. မင်းတို့ပိုင်မရတာပဲ ပြီး .. လုပ်ခွင့်ရှိတယ်ဆိုတဲ့ အောင်ထဲမှာ နေရ ကျွန်တော် မင်းတို့ ကြည်ဖြူတဲ့မိန်းကလေးနဲ့ ပေးစားချင်ပေး မဟုတ်ပါ ငါကလည်း .. ငါမှာမရှိတဲ့ နလုံးရောဂါတွေ လက်ထပ်ပေး ဒီကိစ္စတစ်ခုကြောင့်အရှိပြုပြီး .. ငါ့ကို မသေ ကျေးချိုလေး မပေးစားရဘူးဆိုတဲ့အလုပ်မျိုးကို လုပ်ကြမြန်တီ ကိုတော့ ယုံပါ ဘူး .. လုပ်ပြရင်လဲ နင်တို့က ငါ့မှာ နလုံးရော ဦးမြမို့ .. ကိုသိထားကြတာမို့ .. နောက်ဆုတ်ကြမှာလဲ မဟုတ်မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ .. နင်တို့ စဉ်းစားဖို့တစ်ခုပဲပြောခဲ့မယ် .. ငါကို သေခန်းပြတ်နိုင်ရင် .. နင်တို့ လုပ်ချင်ရာလုပ်ကြ .. ဒါပဲ .. ခေါ်သီရိဘယ်လောက်ပြတ်သားတယ်ဆိုတာ မင်းတို့ သိပါတယ် .. အမေနဲ့ မင်းတို့လဲချင်သပဆို .. လဲကြပေါ့"

ဟု ပြတ်ပြတ်ပြောကာ ကြာရိပ်မြိုင်မှ ခြေသံပြင်း ပြင်းဖြင့်ထွက်သည်။ ရပ်တားသောကားကို တံခါးအသံမြည်အောင် ပိတ်ပြီးမှ ဒရိုင်ဘာကို မောင်းထွက်ဖို့ အသံပြတ်ဖြင့်ပြောသည်။

"မေမေ .."

ဟု အန်တီမိုး ခေါ်ရင်း မျက်ရည်ကျခိုက် အန်ကယ် မြိုင်လည်း သက်ပြင်းရှိုက်ကာ ဆိုဖာထက်မှာ အားကုန်အားပြတ် ဒိုင်ချတာကို မြကျေးချို မျက်လုံးလေးတလည်လည်ဖြင့် အားငယ် လေး ကြည့်နေမိရပါပြီ ..။ ကိုကိုကတော့ ခုထိ လက်လေးကို သည်။ သေး။ ဆုပ်ကိုင်ထားမြဲ ..။ ဘေးမှာရပ်နေသည့် ကိုကို့ကို လန့်ရှာမှ တွေ့တော့လည်း မေးကြောများ ထောင်ထနေအောင် အံခဲ လေးခမှ ကို တွေ့ရသည်။

မည် ..။ အားလုံး .. ရှုပ်ကုန်ပြီဗျာ .. ကိုမြမိုတို့သားအဖကို .. သာ သိ ဘယ်လိုမျက်နှာနဲ့ ကြည့်ရတော့မှာလဲ .. မေမေက ခက်တယ် မိုးရယ် .. ဒါ .. ကြာရိပ်မြိုင်ရဲ့အိမ်တွင်းရေးဆိုပေမယ့် .. ကိုမြမိုတို့ကို တိုက်ရိုက်သွားပြီးတော့ နာကျင်နေစေတာ .. တဲ့ .. ဟု အန်ကယ်မြိုင် ပြောရှာပါ၏။ မြကျေးချို ကြည့်တော့ ခုထိ တံခါးဝမှာရပ်နေဆဲ။ ဖေဖေ ခေါင်းလေး နာထားကြီးနှင့် တစ်ချက်ရပ်၍ စိုက်ကြည့်ပြီးမှ ဖေဖေ လာရှာတာ သေးစွဲရှာသည့်နယ် မျက်နှာကြီး ပြန်လှဲ၍ထွက်သွားတာ ဖြင့် မသိ။



ကို မြကျေးချို တွေ့ခဲ့ရသည်လေ ..။ ဖေဖေ အိမ်တွင်းသို့ဝင်လာ သည်။ ကြမ်းပြင်ပေါ်မှာ ထိုင်သည်။

"ဟာ .. ကိုမြမို .. မဟုတ်တာဗျာ .. အပေါ်မှာထိုင်ပါ"

ဟု အန်ကယ်မြိုင် ပြောပေမယ့်မရ ..။ ဖေဖေ ခေါင်းယမ်းပြသည်။ ကြမ်းခင်းကော်ဇောကြီးကိုကြည့်၍ ..

"ဒီကော်ဇောကြီးက အလွန်နူးညံ့ပါတယ် ဆရာရယ် .."

ဟု အသံတိုးတိုးဖြင့် မော့ပြောရှာပါ၏။ ဖေဖေ့ ရင်ကို မြကျေးချို မြင်နေရပြီ ..။ ဟုတ်သည်။ အရမ်းကို ထိခိုက် နာကျင်နေသည့်ရင်ကို မြင်နေရပါပြီ ..။ ကျေးချို ငိုချလိုက်ချင် လာပြီ ..။ ကိုကိုကလည်း ကျေးချို လက်လေးကို ဘယ်လိုရှိန်းရှိန်း ..။ မလွှတ် ..။ မလွှတ်စတမ်းကြီး ဆုပ်ခဲကိုင်ထားမြဲ ..။ ဘာမျှလည်း မပြော ..။ မျက်နှာထက်မှာ နောက်မဆုတ်စတမ်းဆိုသည့် ခေါင်းမာရိပ်တွေပဲ ပြည့်နေသည်။

"ဖြစ်ပျက်ခဲ့တာတွေအားလုံးကို မေ့ပစ်လိုက်ပါလို့ ကျွန်တော် ဘယ်လိုပြောထွက်ပါ့မလဲ ဦးမြမိုရယ် .. သားရဲ့ဘွားဘွား လုပ်သွားတာကို .. ကျွန်တော် သိနေမြင်နေကြားနေမရတာပဲ၊ ဒါပေမဲ့ .. ဦးမြမို .. သမီးလေး ကျေးချိုကို .. ကျွန်တော် ရော မိမိုးရော .. သားနဲ့ သဘောမျှကြတာ ခုမှမဟုတ်ပါ ဘူးဗျာ .. ကလေးချင်း မေတ္တာမျှကြရင် .. လက်ထပ်ပေး မယ်လို့ .. စိတ်ကူးယဉ်ထားနှင့်ခဲ့ကြတာပါ .. ကျေးချိုလေး ကို ကျွန်တော်ရော မိမိုးရော .. ချစ်ကြတာကိုတော့ ယုံပါ ဗျာ .. ကလေးတွေကိုလဲ မခေးစေချင်ပါဘူး ဦးမြမို .. ဘာကိုပဲစဉ်းစား .. စဉ်းစား .. ဆုံးဖြတ်တော့မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရဲ့အနာဂတ်ဆိုတာထက် .. ဒီကလေးနှစ်ယောက်ရဲ့အနာဂတ်ကို တွေးပေးကြဖို့အရေးကြီးပါတယ် .. သူတို့ဘဝလေး .. အေးချမ်းစေချင်ပါတယ်ဗျာ .."

ဟု အန်ကယ်မြို့င် ပြောခိုက် ဖေဖေ ခေါင်းငုံ့ငြိမ်သက်ထိုင်နေသည်။

"ဒီကိစ္စ .. ခေါင်းအေးအေးထားပြီးစဉ်းစားသင့်တာကို .. ကျွန်တော်တို့သိနေကြပါတယ် ဆရာရယ် .. သမီးကျေးချို ဖေဖေ့ဆီလာ .."

ဟု ခေါ်တာမို့ ကျေးချို ဖေဖေ့ထံ သွားမည်ပြုတော့ ကိုကို မလွှတ် ..။ အံခဲ၍ လက်ကိုတင်းနေအောင် မလွှတ်စတမ်းကြီးဆုပ်ထားဆဲ ..။ မျက်ဝန်းဝယ် မျက်ရည်တွေ လည်တက်လာနေတာကိုလည်း ကျေးချို မြင်နေရသည်။ မြကျေးချို ထပ်ရုန်းတော့လည်းမလွှတ် ..။

"ဘဘမှီ စကားကို နားဆောင်ပါ ဟသ်ာရယ် .. ဘဘမှီကို ချစ်တယ်ဆိုရင် .. ကျေးချိုလေးရဲ့လက်ကို လွှတ်ပေးလိုက်ပါကွယ် .."

ဟု ဖေဖေ ထပ်ပြောလာတော့ ကိုကို ခေါင်းယမ်းသည်။

"ဘယ်သူ့ကိုမှ ဟသ်ာ မယုံနိုင်တော့ဘူး ဘဘမှီ .. ဒီလက်လေးကို ဟသ်ာမလွှတ်ရဲတော့ဘူး .. ဒီလက်လေးကို ဟသ်ာ လက်တွဲဖော်အဖြစ် ဆုပ်ခဲထားတာ .. ဒါ .. သေတဲ့အထိ .. ဟသ်ာရဲ့ ရင်ထဲမှာရှိနေတဲ့အဆုံးအဖြတ်ပါ .."

ဟု ပြောတော့ ဖေဖေ ထရပ်သည်။



"ကျေးချိုဟာ .. ဘဘမှီရဲ့သမီးဖြစ်တယ် ဟသ်ာ .. သူ့ကို ဘဘမှီပိုင်တယ် .. ဘယ်သူနဲ့ လက်တွဲရမယ် .. လက်မတွဲထိုက်ဘူး ဆိုတာ .. ဘဘမှီက ဆုံးဖြတ်ပိုင်ခွင့် .. ဒီသမီးတစ်ယောက်အပေါ်မှာတော့ရှိနေတယ် ဟသ်ာ .. ကလေးရဲ့ .. ဘဘမှီရဲ့ သမီးလေးရဲ့လက်ကို .. လွှတ်လိုက်ပါ .."

ဟုပြောတော့ ကိုကို အတန်ကြာ ဖေဖေ့ကိုကြည့်သည်။ အံခဲ၍ ခေါင်းမာစွာလက်ကိုမလွှတ်ပေးဘဲ ဆုပ်ခဲထားတော့ ကျေးချို ရင်ထဲမှာဆို့လာသည်။ ကိုကို အရမ်းချစ်ရှာပါလားဟု သိလာရလေလေ ..။ ရင်ထဲကြေကွဲရလေပါ ..။ ကိုကို့ကို သနားလာရလေပါ ..။ ဪ .. ကိုကို့ကို ချစ်လာရလေပါတကား ..။ ဖေဖေ ကိုယ်တိုင် လက်ကိုဆွဲဖြုတ်တော့ ကိုကို ခေါင်းငိုက်စိုက်ကျလာသည်။ ခေါင်းကြီးငုံ့ချထားတာမှ မျက်ရည်ကျလာသည်။ ဖေဖေ့ရှေ့မှာ ကိုကို ပျပ်ဝပ်စွာထိုင်သည်။ လက်အုပ်ချီ၍မော့ကြည့်တော့ ကျေးချို ဘယ်လိုမှတင်းမခံသာ။ ခပ်လှမ်းလှမ်းလေးမှာ သွားရပ်ရင်း စိတ်ကို လွှတ်ချ၍ ငိုလိုက်မိရပါပြီ။ အန်တီမိုး အားမှာလာရပ်၍ ရင်မှာပိုက်ထားလိုက်တာမို့ ကျေးချို မျက်နှာလေးအပ်၍ ငိုချမိစဉ်ခိုက် ..

"ဟသ်ာနဲ့ကျေးချိုကို .. မခွဲပါနဲ့ ဘဘမှီရယ် .. ဘွားကြောင့် .. သားတို့က ဆေးကြရမှာလား .."

ဟုပြောတော့ ဖေဖေ ခေါင်းယမ်းနေတာကို ကျေးချို အန်တီမိုးရင်ခွင်မှ ခေါင်းလေးခွာ၍ ကြည့်မိမြင်မိရပါသည့် အဖြစ်။

"ကဲ .. ကဲ .. စိတ်ကို ပြန်ထိန်း ဟသ်ာ .. ဘဘမှီကို ခုလို ကန်တော့တာကို .. ဘဘမှီ .. ရင်ထဲမှာ အရာနဲ့

www.burmeseclassic.com

www.burmeseclassic.com



မမလေးကို အားနာမျက်နှာပူလှပါပြီ … ဘဘမှိုက … ဘဝဂုဏ်မှမရှိတဲ့သူ … ပြီးတော့ … သားရဲ့မိဘများက … ဘဘမှိုတို့သားအဖေအပေါ်မှာ ကျေးဇူးရှိကြတဲ့သူတွေပါ … ဘဘမှိုတို့နေတာ ဒီကျေးဇူးရှိပ် … စားနေရတာ ဒီကျေးဇူးရှိပ်ပါ …"

ဟု အသံတွေတုန်ခါနေရင်းမှ ကိုကို့ကို ဖေဖေ ထူတော့ ကိုကို ကလေးနှယ်ပင် ဖေဖေ့ရင်ခွင်ထဲ ခေါင်းဝင်၍ငိုသည်ပါပဲ …။ အြော် … ကိုကိုသည်လည်း ဖေဖေ့မျက်စိအောက်မှာကြီးခဲ့ … ဖေဖေ့ရင်ခွင်မှာ … ငယ်ကတည်းက ခိုဝင်ချွဲနွဲ့ခဲ့သည်ပဲလေ …။

တကယ်တော့ ဖေဖေ့ ရင်ခွင်သည်လည်း ကိုကို့အတွက် ချွဲနွဲ့ရာရင်ခွင်အဖြစ် ရှိခဲ့သည် မဟုတ်ပါလားလေ …။ ဖေဖေ မျက်ရည်ဝဲနေသည်။ အားယူပြုံးရင်းမှ ဆံစကိုသပ်ပေးကာ ကျေးချိုနှင့် အန်တီမိုးကို လှမ်းကြည့်သည်။

"သမီးလေး … လာ … ဖေဖေတို့ … အိမ်လေးမှာ ပြန်နားကြရအောင်"

ဟုပြောတော့ ကိုကို ကမန်းကတန်းကြီးထရပ်၍ …

"ကျေးချိုကိုတော့ … ခေါ်မသွားပါနဲ့ ဘဘမှိုရယ် … တခြားကိုခေါ်ထွက်သွားတာမျိုး မလုပ်ပါနဲ့ဗျာ …"

ဟု ခွဲရမှာ ရင်ထဲ မခံသာသည်မို့ ပြောရှာသဖြင့် ကျေးချို မကြည့်ရက် …။ ဖေဖေ့ကို ကြည့်မိသည့် ကျေးချို မျက်ဝန်းတွေထဲမှာလည်း …

"ကိုကို့ကို သနားပါ ဖေဖေရယ် …"



ဟု ခယရိပ်လေးတွေပါနေသည်ဝါပဲ …။ ဖေဖေ ဘာမျှပြန်မဖြေ …။ ကျေးချို လက်လေးကို ဆွဲခေါ်သည်မို့ …

"လေးလေးညို … ခြံတံခါးသော့ခတ်ထားပါဗျာ … ဘဘမှိုတို့ထွက်မသွားပါစေနဲ့ …"

ဟု ပြေး၍ ခြံထဲ ဆင်းကာ လေးလေးညိုကို အော်ပြောနေသည်မှာ တကယ့်ကို အရူးအမူး လန့်နေသည့်အရှိန်ကြီးကြောင့်ဆိုတာ ကျေးချိုရော … ဖေဖေရော … မြင်ကြရပါပြီ …။ အန်ကယ်မြိုင်နှင့် အန်တီမိုးတို့မှလည်း … မျက်နှာမကောင်းနိုင်ရှာ …။

"မြင့်တဲ့အတိုင်းပါပဲ ဦးမြမှိုရယ် … ကလေးတွေ သနားပါတယ်ဗျာ …"

ဟု အန်ကယ်မြိုင်မှ ပြောရှာပါ၏။

ဖေဖေ ကျေးချို၏လက်လေးကို ဆွဲ၍ အိမ်လေးဆီသို့ ခေါ်သွားတော့ ဘေးမှ ကိုကို လိုက်လာသည်။ ဘာဆိုဘာမျှ အာရုံထဲမကျန်တော့ဘဲ … ကျေးချိုတို့ ထွက်ခွာသွားမှာတစ်ခုတည်းကိုသာ စိုးရိမ်ချောက်ချားနေတာတစ်ခုပဲ ကျန်တော့သည့်အသိဖြင့်ဆိုတာ ကျေးချို သိနေရပါပြီ …။ ထိုသို့သိနေရခြင်းကြောင့်ပင်လျှင် ကျေးချိုသည်လည်း ကိုကို့ကို သနားရလွန်းစိတ်ဖြင့် ကလေးတစ်ယောက်နှယ် ငိုရင်း ဖေဖေ့လက်ဆွဲရာနောက်သို့ ပါလာနေရပါ၏။

"ဘယ်ကိုမှ မသွားပါနဲ့တော့ ဘဘမှိုရယ် … ဟာသာတို့ကို မခွဲပါနဲ့ … မခွဲပါနဲ့ …"

ဟုသာ ပြေတ်တမ်းပြောနေသည်က အရူးအမူးဆန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ရောက်တော့ ကျေးချို လက်လေး ဖေဖေ လွှတ်ပေးလိုက်ကာ တံခါးကို ဆွဲစေ့ပိတ်လိုက်ပြီး ချက်ချလိုက်ပါသတည်း ..။ ကိုကို တံခါးကို အပြင်မှထုသည်။

"ဟာသ်ကို အထဲဝင်ခွင့်ပြုပါ ဘာဘမို .. ဟာသ်ာ ဘယ်ထိ ကျေးချိုကို မြတ်နိုးတယ်ဆိုတာ ဘာဘမိုကို ရှင်းပြပါရစေ .. ကျေးချိုနဲ့ဝေးရင် .. ဟာသ်ာ သေမှာပဲသိလား .. အထဲမှာ ဘာတွေလုပ်နေကြပြီလဲ ကျေးချို .. ပစ္စည်းတွေ သိမ်းနေကြပြီလား .. မလုပ်ပါနဲ့ ဘာဘမိုရယ် .. အပြင်ကိုမေးမထွက်ဘူးဗျာ .. ခြံတံခါးကို .. လေးလေးညိုနဲ့ ပိတ်နိုင်းထားတာဗျ .."

နှင့် အထဲမှာ ပစ္စည်းတွေသိမ်းနေပြီလားဆိုသည့်အသံဖြင့် အပြင်မှ တံခါးကိုထု ..။ ဆောက်တည်ရာမဲ့လျက် ကိုကို ပြောနေသမျှ မကြားရက်တော့သည်မို့ ..

"ကိုကို သနားပါတယ် ဖေဖေရယ် .. တံခါးလေးဖွင့်ပေးလိုက်ပါ ဖေဖေ .. ကိုကို သိပ်ပင်ပန်းနေပြီ .. သိပ်စိတ်ထိခိုက်နေပြီ .. ကိုကို မေ့သွားလိမ့်မယ် .. ဖေဖေ .. ကိုကို့ကို ကျေးချို သိတယ် .. ကိုကို သိပ်စိတ်ထိခိုက်နေပြီ .. ကိုကို့ရင်ထဲမှာ ကြေနေပြီ ဖေဖေရဲ့ .. ကြေနေပြီ .. အဲဒါကိုသိနေရတဲ့ ကျေးချို .. မနေတတ်တော့လို့ပါ ဖေဖေ .. ကျေးချိုလဲ .. ကျေးချိုလဲ .. ကိုကို့လိုပဲ ခံစားနေရလို့ပါ .. ကျေးချို .. ကိုကို့ကို ဘယ်လိုမျက်နှာလွှဲထားလိုက်နိုင်ပါမလဲ .. တံခါးဖွင့်ပေးပါ ဖေဖေ .. ကျေးချို တံခါးကို ဖွင့်မပေးရဲလို့ပါ .. ဖေဖေ ဖွင့်မပေးဘဲနဲ့ .. ကျေးချို .. ကိုကို့ကို ဖွင့်မပေးဝံ့လို့ပါ .."



ဖေဖေ့ရှေ့မှာ လက်အုပ်လေးချီ၍ ကျေးချို ငိုပြောတော့ ဖေဖေ အတန်ကြာငိုင်နေသည်။ ကျေးချိုကို ငေးစိုက်ကြည့်သည်။ နောက်တော့ ဖေဖေ ကိုယ်တိုင်လည်း မျက်ရည်ကျလာသည်။ ကျေးချို ဆံစလေးတွေကို ဖေဖေ သပ်ပေးလာစဉ်နိုက် ဖေဖေ့ လက်တွေလည်း အရမ်းကိုတုန်ခါနေကြသည်ပါပဲ ..။

"ဘာလို့ .. ဘာလို့ .. ဖေဖေ့သမီး လာဖြစ်ရတာလဲ သမီးရယ် .. ဖေဖေ့လို .. လူငမွဲကြီးရဲ့သမီး လာဖြစ်ရတာလဲ .. ဖေဖေ့သမီးလေး .. ဖေဖေ့ဘဝနံချာမှုကြီးအောက်မှာ .. မျက်နှာငယ်ရရှာတယ် .. မျက်ရည်ကျရရှာတယ် .. ဖေဖေ့မှာလဲ .. ခံစားတတ်တဲ့နှလုံးသားရှိပါတယ် သမီးရယ် .. ဟာသ်ာလေးရဲ့မျက်ရည် .. ဖေဖေ့သမီးရဲ့မျက်ရည်ကို .. ဖေဖေ ဘာမှ ခံစားချက်မရှိတဲ့ရင်အဖြစ်နဲ့ .. ဒီအတိုင်း ပစ်ပစ်ရက်ရက်ကြီးထားနေနိုင်တယ်လို့များထင်သလား .. ဖေဖေလဲ ငိုနေပါတယ် သမီးရယ် .. ဖေဖေလဲ .. မျက်ရည်တွေ ဒီရင်နဲ့အပြည့် .. ကျနေတာပါပဲ .." မျှော

ဟု အသံတွေအက်ကျလာရင်းမှ သမီးကို ရင်ခွင်၊ ပိုက်ရင်း ဖေဖေငိုသည်။ ကျေးချို လိုက်၍ငိုနေရင်းမှ မော့ကြည့်ပါ

"ဖေဖေလဲ ကိုကို့ကိုသနားတယ်ဆို .. သနားရင် .. ဖွင့်ပေးလိုက်ပါ ဖေဖေရယ် .. လောလောဆယ်မှာ တစ်ယောက်တည်း လိမ့်နေအောင်ခံစားနေရတာ မကြည့်ရက်လို့ပါ .. နောက်မှ .. နောက်မှ .. ဖေ ပဲဆုံးဖြတ် .. ဆုံးဖြတ် .. ကျေးချို နာခံပါ နတော့ .. ကိုကို့ကို .. တံခါးဖွင့်ပေးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောနေတော့ ဖေဖေ ထရပ်သည်။ တံခါးကို သွားဖွင့်ပေးလိုက်ရှာပါပြီ ..။ တံခါးပွင့်သွားတာနှင့် ကိုကို အိမ်ထဲသို့ အလောတကြီးဝင်လာသည်။ ဟိုဟိုသည်သည်ကြည့်သည်။ ပစ္စည်းတွေသိမ်းဆည်းလိုက်နေပြီလားဟု စိုးရိမ်ဇောဖြင့်ဆိုတာ ကျေးချို ရင်တနင့်နင့်ဖြင့် မြင်နေရပါ၏။ ဘာမျှ မသိမ်းဆည်းသေးတာ သေချာတော့ ကိုကို မြကျေးချို အားမှာ လာထိုင်သည်။ လက်လေးကို လာ၍ဆုပ်ကိုင်ထားသည်မှ .. ကလေးတစ်ယောက်၏ စိုးရိမ်ဇောဆန်နေသည်။ လောလောဆယ်မှာ မြကျေးချိုကို ခေါ်သွားလိုက်တော့မှာကို စိုးရိမ်နေတောကလွဲ၍ ဘာမျှ မသိနိုင်တော့သည့်နှယ်ဖြစ်နေသည်။

"ကိုကို့ကို .. ကတိပေးစမ်း ကျေးချို .. ကိုကို့မျက်နှာကို သေချာကြည့်ပြီး .. ကိုကို့မျက်စိတည့်တည့်ကို သေချာကြည့်ပြီး .. ကတိပေးစမ်းပါ ကျေးချို .. ဘဘမှီကိုလဲ ကိုကို စိတ်မချဘူး .. သူက .. ကျေးချိုကို ခေါ်သွားနိုင်တယ် .. ကိုကို စိတ်ချတာ ကျေးချိုပဲကျန်တယ် .. ကျေးချို ကတိပေးရမယ် .. အဲဒီကတိကို တည်ရမယ် .. ကိုကို့ကိုခွဲမသွားဘူးဆိုတဲ့ကတိကိုပေးစမ်းပါ .. မပေးမချင်း ကိုကို့ကိုပြန်ဘူး ကျေးချို .. ပေး .. အဲဒီကတိရမှ .. ကိုကို .. နေလို့ထိုင်လို့ရမှာ .."

ဟု တောက်လျှောက်ပြောနေသည်။ ကိုကို့အကြည့်မလွှဲ ကျေးချို၏ မျက်ဝန်းလေးတွေထက်မှာ တည့်မတ်ဖွင့်မလှဲ ဘမ်းကျနေသည်ပါပဲ ..။

ကိုကို့ကို ကျေးချို ဘယ်နှယ်လုပ်ရပါ့ ကိုကိုရယ် ..။



ကတိတစ်ခုကို .. ကျေးချို ပေးလိုက်ဖို့ .. ကိုကို တောင်းနေသည်က .. ရိုးရိုးမဟုတ်။ ဘဝနှင့်ရင်းလောက်အောင် အရေးတကြီးမျှ ရှိနေပါသည့်ကတိ ..။

ကိုကို့ရင်ကို .. အေးချမ်းစေနိုင်မည့်ကတိ ..။

ဪ .. ထိုကတိကိုဖျက်လိုက်လျှင် .. ကိုကို့ရင်တို့ မွမွကြေရချေမည် ..။ ကျေးချို ခေါင်းငုံ့ချလိုက်မိရင်းမှ ..

"ကျေးချို ပြောနိုင်တာတစ်ခုပဲရှိပါတယ် ကိုကို .. ကျေးချိုလဲ ကိုကို့ကို .. မခွဲနိုင်ဘူးဆိုတာတစ်ခုကိုပါပဲ .."

ဟု ပြောကာ အိမ်ခန်းလေးတွင်းသို့မျက်ရည်ကျရင်း ရှက်ခနဲပြေးဝင်သွားတော့ ကိုကို ငိုင်၍ကျန်ခဲ့ရှာပါ၏။

"ကဲ .. လူလေးရယ် .. ဘဘမှီ .. ဒီနေ့ ဘယ်ကိုမှ ကျေးချိုလေးကို ခေါ်ထွက်မသွားပါဘူး .. စိတ်ချပါ .. လူလေးလဲ အိမ်ပြန်တော့ .. ဟိုမှာ ဆရာနဲ့ မမလေးတို့လဲ စိတ်မချမ်းမမြေ့ဖြစ်နေကြမှာ လူလေး သိနားလည်ဖို့လိုပါတယ်ကွယ်၊ ဒီကိစ္စကို .. ခေါင်းအေးအေးနဲ့ စဉ်းစားဆုံးဖြတ်ကြရမှာပါ .. ဘဘမှီလဲ .. ခေါင်းအေးအေးနဲ့ ဆုံးဖြတ်မှာပါကွယ်၊ အလောသုံးဆယ် .. ဘဘမှီ .. မလုပ်ပါဘူး .. ပြန်ပါ .. ပြန်ပါ လူလေးရယ် .."

ဟု ဖေဖေ ပြောနေသံ ..။

စိတ်အရမ်းကို ထိခိုက်နေပါသည့် ကိုကို့၊

"ဟသ်ာကိုတော့ .. ထည့်တွေးပေးပါ ဘဘရယ် .. ..၏ ကို ကန်တော့ပါတယ်"

ဟုပြောသံ ..။

..၊၇ ၂၊တယ်၊ ဒေါ်လေး ပါ ..

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကိုကို့ခြေသံဖွဖွ ..။ အားလုံးကို အခန်းထဲမှာ ငိုနေရင်း ကျေးချို ကြားနေရသည်။ ကျေးချို နံရံလေးကို မှီလိုက်ကာ ကလေးလေးနှယ် ငိုချလိုက်သည်ပါပဲ ..။

ကိုကို အရမ်းကို စိတ်ထိခိုက်စွာ ပြန်သွားတာကို မကြည့်ရက် ..။ ကျေးချို၏ရင်သည်လည်း .. ကိုကို့နှယ်ပင်ရှိရပါသည်ကိုကို ..။

ကိုကိုနှင့် ဝေးရမှာ .. သေမတတ် .. ချောက်ချားနေမိရပါသည်ကော ကိုကိုရယ် ..။ ဒါပေမဲ့ .. သူဆင်းရဲ ကျေးချိုကြီးတင်၍ လန့်နေတာတစ်ခုရှိနှင့်နေပါသည် ကိုကို ..။ ဖေဖေသည် ကိုကိုနှင့် ဝေးရာဆီသို့ .. ခေါ်ဆောင်သွားချေလိမ့်မည်ဟု .. ကျေးချို ကြိုသိနှင့်နေရသည်သို့ ရှိနေရသည်မို့ ..။

ကျေးချို .. ဆောက်တည်ရာမရ .. ကြေကွဲနေနှင့်ရလျက် ...။

ငိုကြွေးနေနှင့်ရပါချေသည်ကော ကိုကိုရယ် ...။

❤ ○ ❤



## အခန်း(၂၁)

"ကျွန်တော် မြမှီပါ .."

ကတ္တီပါစိမ်းရင့်ရောင်ကြီးဖုံးထားသော ကျွန်းစားပွဲကြီး၏ တစ်ဖက်တွင် ထိုင်နေပါသည့် အသားညိုညိုနှင့် ဖြူဆွတ်ပြောင်းနွံ့နေသော ဆံစတို့ဖြင့် ရှိနေပါသည့် ဦးစံဘွားသည် ရှေ့တွင်ရပ်နေပြီဖြစ်ပါသည့် ဦးမြမှီဆိုသည့်သူကို ငေးစိုက်ရင်း စိတ်တွေ အလွန်လှုပ်ရှားနေကြတာ အမှန်ပဲ ..။ ကုန်တိုက်ကြီး၏ အပေါ်ဆုံးထပ်ရှိ ရုံးခန်းဆီသို့ တာဝန်ကျဝန်ထမ်းလေးမှ လာရောက်မပို့မီကတည်းက .. ရီဆက်ဇ်ရှင်တာဝန်ကျ မိန်းကလေးက ..

"ဘဘရှင့် .. ဦးမြမှီဆိုတဲ့သူက .. ဘဘနဲ့ ကြီးကြီးတို့ကို တွေ့ချင်ပါတယ်လို့ ပြောလာလို့ပါရှင် .. သူက ပြောပါတယ်၊ မိုင်းလီမြို့က ဦးမြမှီ ဆိုရင် သိကြမှာပါတဲ့ .. ဒေါ်လေး ဖြူကျော့နဲ့ ပတ်သက်သူလို့ ပြောပါတယ် .."

ဟု ဖုန်းဖြင့်တင်ပြလာကတည်းက ဦးစံဘွား၏ ရင်တွေ အဘယ်မျှအထိ လှုပ်ရှားခဲ့ရပါသလဲ ..။ လွှတ်လိုက်ပါ ..

www.burmeseclassic.com



ဆိုသည့်စကားၡ၏ နောက်ဆက်တွဲအဖြစ် ‥ သေချာလာပို့ပေးပါ‥ ဆိုသည့် စကားက ချက်ချင်းပါသွားရသည်ပဲ ‥။

ယခုကျတော့ ‥ ဦးမြမှီဆိုသူသည် ရှေ့မှာ ရောက်နေချေပြီတကား ‥။

နှစ်ပေါင်းအဘယ်မျှကြာခဲ့ရပါသလဲ ‥။ တစ်ဆယ့်ခြောက်နှစ်ထိ ရောက်နေခဲ့ပြီပဲ ‥။ ဦးမြမှီဆိုသူကို ရှာဖွေရအောင်ကလည်း မြင်ဖူးသူဆို၍ ဖြူကျော့ပဲရှိခဲ့လျက် ‥။ ဖြူကျော့ပြောသည့်အသားဖြူဖြူ ‥။ အရပ်မြင့်မြင့်ကြီးနှင့် ရုပ်ရည်သန့်သည့် လူကြီးတစ်ယောက်ဆိုတာလောက်ပဲသိထားရသည်လေ ‥။ ထိုသို့ ရှင်ချင်းနွှယ်နေသည့်သူများကို မြင်တိုင်း မြင်တိုင်း ‥ ဦးမြမှီဆိုတာများလားဟု ဦးစံဘွားရော ခနီး နှမရော ‥ ဖြစ်ကြရလျက် ‥။ တစ်ခါတစ်ရံများမှာ မနေနိုင်တော့ဘဲ ဦးမြမှီလားဟုပင် မေးမိလိုက်သည်ချည်း ‥။ တစ်ဖက်က မဟုတ်ပါဟု ငြင်းလိုက်တိုင်း ရင်သည် မောကျကျန်ခဲ့ရသည်တည့် ‥။

ခုကျတော့ ‥ ထိုဦးမြမှီဆိုသူသည် ‥ ဆိုဖ်ဆိုက်မြိုက်မြိုက်ကြီး သူ့သဘောဖြင့်သူ ရောက်ရှိလာချေသည်တကား ‥။

မကြာသေး ‥။ ရက်ပိုင်းပဲရှိသေးတယ်။ ဖြူကျော့က ပြောသည်လေ ‥။ ဦးမြမှီကို ရွှေမိုးတိမ်ကုန်တိုက်၏ ကားပါကင်ထိုးရပ်ထားသည့်နေရာမှာတိုးသည်တဲ့ ‥။ ဦးမြမှီမှ ထွက်ပြေးသွားသည်တဲ့ ‥။ ထိုကတည်းက ‥ ဦးစံဘွားရော ဒေါ်နှမရော စိတ်ဓာတ်အကျကြီးကျခဲ့ရသည်ပဲ ‥။ မြေးလေးကိုတော့ တွေ့ခွင့်ရတော့မည်မဟုတ်ဟု ‥။ ဘာကြောင့်ဆို ‥ ထွက်ပြေးသွားသည်



ဆိုကတည်းက ‥ ထိုဦးမြမှီသည် ‥ မွေးထားရပါသည့် သမီးကို မပေးချင်၍ဆိုတဲ့ အလိုလို သိနားလည်လိုက်ရသည်ကိုး ‥။

"ထိုင်ပါ ဦးမြမှီ ‥ ထိုင်ပါ ‥ မနေ့မလဲ ဒီနေ့မှ သူနည်းနည်းနောက်ကျနေတာ ‥ အရင်တုန်းကဆို သူရှိနေပြီ ‥ ဒီနေ့ ‥ သူ ‥ ရွှေတိဂုံစေတီမှာ ပန်းလှူမယ် လို့ပြောတယ် ‥"

ဟု ပြောကာဆိုဖာဆက်တီရှိရာသို့ ဦးဆောင်၍ ဦးစံဘွား ခေါ်ခဲ့သည်က ဦးမြမှီကိုပါ။ ဦးစံဘွား ထိုင်တော့ ဦးမြမှီလည်း မျက်နှာချင်းဆိုင်နေရာမှာ တည်ငြိမ်စွာထိုင်ပါ၏။ ဆိတ်ခွံပုဆိုး ရွှေအိုရောင် ‥။ လည်ကတုံး ရှပ်လက်ရှည်အဖြူရောင်။ ဆံပင်ကို ဆီလူး၍ သေသေသပ်သပ်ဖြီးထားပါသည့် ဦးမြမှီကို ဦးစံဘွား အကဲခတ်သလိုကြည့်နေသည်။ ဝန်ခံရလျှင် အတော်လေးတော့ အံ့သြနေမိတာအမှန်ပါ ‥။

ဘာကြောင့်ဆို ‥ ဖြူကျော့ စကားအရဆိုလျှင် ထိုဦးမြမှီသည် တွေ့ဖို့ထက် ‥ ရှောင်ဖို့လမ်းပဲ ရှိသည့်သူ တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား ‥။ သမီးကို ပေးချင်နေသည့်သူတစ်ယောက် မဟုတ်ချေပဲကိုး ‥။

"ကျွန်တော် ပြောစရာရှိလို့လာတာပါ ‥"

ဦးမြမှီ ထိုင်နေရာမှ ပေါင်ပေါ်တွင် လက်ဖဝါးတွေကို ဖေးတင်ထားရင်း စိတ်ကို မနည်းထိန်းနေရင်းမှ အားစိုက်၍ ပြောရပါပြီ ‥။ ရင်သည် မွှမွှကြွေနေရုံမျှမဟုတ် ‥။ ကြေမွနေသည့် နှလုံးအိမ်သည် သွေးခဲပုံကြီးတစ်ခုအဖြစ် ရင်ထဲမှာ ပျက်စီးနေပြီဟုပင် ခံစားနေရပြီ ‥။ ငါ့သမီးလေး ‥ ငါ့သမီးလေး ‥ ဟူသော

www.burmeseclassic.com

www.burmeseclassic.com



ဓောက ရင်ကို ဆောင့်နေ၏။ မပေးနိုင်သည့်နှလုံးအိမ်သည် အစအနမကျန်အောင် ပျက်စီးနေရသည်က သွေးစိမ်းရှင်ရှင် ယိုစီးပြီး သွားသည့်နှယ်ဖြစ်နေပြီ ..။

ဖြူကျော့ထံမှ ပေးပို့ခဲ့သောစာ .. ဦးစံဘွားတို့၏ ဒိသားစုစာတပ်ပုံ ဖြူကျော့ ထည့်ခဲ့တာကိုလည်း စားပွဲပေါ် ဦးမြမှီ တင်တော့ ဦးစံဘွား ယူကြည့်ပါ၏။

"ကျွန်တော် .. သမီးလေးကို သိပ်ချစ်တာပါ ဦးစံဘွား .. သမီးလေးကို ကျွန်တော် အရိပ်တကြည့်ကြည့်ချစ်တာပါ .. မခွဲနိုင်အောင်ချစ်တာပါ .. ဘယ်သူ့ကိုမှမပေးနိုင်အောင် ချစ်တာပါဗျာ .. ကျွန်တော့်ဘဝမှာ ကျွန်တော့်ထက်အရေးကြီးတဲ့သူဟာ တစ်ယောက်ပဲရှိတယ် .. အဲဒါ .. ကျွန်တော့် သမီးလေးပါပဲ .. ဒါကြောင့်လဲ .. အခု .. ကျွန်တော် ဒီကို ရောက်လာရတာပါ .. ဘာလို့လဲဆိုတော့ .. ကျွန်တော့်သမီးလေးဟာ ကျွန်တော့်လက်ထဲမှာရှိနေရင် ဆင်းရဲတဲ့သူအဖြစ် ရှိရ .. မျက်နှာငယ်ရ .. မတူမတန်ပြောခံရတဲ့ဘဝကို .. ရင်ဆိုင်ရမယ်လေ .. ဒါ .. ကျွန်တော့်ရင်ထဲမှာရှိနေတဲ့ .. အရာ .. ဘာလဲ ဆိုတော့ .. သမီးကို မခွဲနိုင်ဘူးဆိုတဲ့အရာကို .. ဖယ်ရှားပေးလိုက်တဲ့အဆုံးအဖြတ်ပါပဲ .. သမီးလေးကို .. ကျွန်တော် .. ကျွန်တော် .. ချစ်စောနဲ့ ဒီလိုပဲ ကိုယ့်ရင်အုပ်ထဲမှာ ဆက်ထားနေရင် .. ကျွန်တော့်ဆီကရတဲ့ ဖခင်မေတ္တာတစ်ခုတည်းနဲ့ .. ဘယ် ဘဝကိုတင့်တယ်အောင် နေနိုင်ခွင့် သမီးလေး ရပါ့မလဲဆိုတဲ့ အသိတရားကို မနေ့ကပဲ ကျွန်တော် ရခဲ့ပါပြီ .."



ပြောနေရင်းမှ ဦးမြမှီ မျက်တောင်ခတ်သည်။ မျက်ရည်ကိုထိန်းသည်။ မရ ..။ မျက်ရည်ကျလာသည်။ နှုတ်ခမ်းတွေ တုန်ခါလာသည်။ ရင်သည်လှိုက်လာ၏။ အသက်ရှူသံပြင်းလာသည်။ ခံစားရချက်ကမသက်သာ ..။ ပြင်းထန်သည်။ ရင်တစ်ခုလုံး ဆုပ်ညှစ်ချေမွခံနေလိုက်ရတာကမှ သက်သာဦးမည် ..။ ခုက .. ပိုဆိုးသည်။ မျက်နှာထက်မှာရှိသည့် သွေးကြောတွေထောင်တက်လာနေပြီ ..။ အားတင်းထိန်းနေသည့်ကြားမှ ဦးမြမှီ ရှိုက်သံတွေ ပွင့်ကျလာနေပြီ ..။ နောက်ဆုံးတော့ .. ကလေးတစ်ယောက်နှယ် ရှိုက်ကြီးငင်ငင် ငိုချလိုက်ရှာပါပြီ ..။ ဦးစံဘွား မကြည့်ရက် ..။ လူတစ်ယောက် .. ထိုမျှအထိခံစားရင်း အသက်ပါ .. ပါသွားတော့မတတ်ကြီး ပြင်းပြင်းထန်ထန် ရင်ကွဲပက်လက် ငိုနေတာ မကြည့်ရက် ..။

မျက်နှာကို လက်ဖဝါးဖြင့် ဦးမြမှီ အုပ်ထားလိုက်သည်။ အတန်ကြာမျှ သွန်၍ငိုသည်။ နောက်တော့ တဖြည်းဖြည်း ရှိုက်သံကိုထိန်းသည်။ မျက်နှာထက်မှ လက်ကိုရုပ်သည်။ မျက်ရည်ကို အင်္ကျီအိတ်ကပ်တွင်းမှ လက်ကိုင်ပဝါကိုထုတ်၍သုတ်သည်။ လက်ဖျားတွေ တုန်ခါနေကြတာကို ဦးစံဘွား မြင်နေရပါ၏။ ဘာဝင်ပြော၍မှ မရနိုင်သည့်အဖြစ်ကို ဦးစံဘွားလည်း သိသည်။ စိတ်ကို ပြန်၍ထိန်းနေပြီးမှ ဦးမြမှီ တစ်ချက် ဦးစံဘွားကို ကြည့်လာပါ၏။

"ကျွန်တော် .. ခုလို .. ငိုလိုက်မိတာကို ခွင့်လွှတ်ပါ .. သူတစ်ပါးရဲ့နေရာမှာ လာငိုသလိုကြီးဖြစ်သွားရအောင် .. အားနာလှပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ထိန်း၍ ခပ်တိုးတိုးပြော၏။ ဦးစံဘွား နားလည်သည့်မျက်ဝန်းများဖြင့် ကြည့်လာရင်းမှ ..

"ဖြူကျော့ ပြောပါတယ် .. ဦးမြမှီ ဆိုတာ .. ကလေးကို အလွန်ချစ်တဲ့သူတဲ့ .. ကျွန်တော်တို့ အဲဒီကိုသိန်းဆောင်နဲ့ ဒေါ်မြင့်ချောဆိုတဲ့ သူတွေရဲ့အိမ်ကို လိုက်မသွားခင်ကတည်းက ပြောပြပါတယ် .. အဲဒီတုန်းက .. ဦးမြမှီ မရှိတော့ဘူးဆိုတာတော့ ဖြူကျော့က ပြန်လာပြောပြပြီးပြီလေ.. ကျွန်တော်ရော နုမေရော လိုက်သွားကြသေးတယ် .. ဖြူကျော့နဲ့အတူတူပေါ့ .. ဟိုရောက်တော့ မမြင့်ချော ဆိုတာက ပြောပြတယ်လေ .. ကလေးကို .. ဦးမြမှီ အလွန်ချစ်တာတဲ့ .. ကျွန်တော်တို့မြေးလို့ ပြောပြတော့ သူတို့ အံ့ဩနေကြတာ .. အဖြစ်စုံတော့ ရှင်းမပြခဲ့ကြပါဘူးလေ .. ဒါပေမဲ့ .. ဦးမြမှီဟာ ကျွန်တော်တို့ရဲ့မြေးကို ခိုးသွားတာ မဟုတ်ဘူးဆိုတာကိုတော့ ပြောပြခဲ့ပါတယ် .. ဦးမြမှီရဲ့ ကျေးဇူးရှိတယ်ဆိုတာကိုလဲ ပြောပြခဲ့ကြပါတယ် .. ဦးမြမှီ ကိုများတွေ့ရင် .. မြေးလေးကို ပြန်လာပေးဖို့နဲ့ .. ဦးမြမှီကိုလဲ .. အတူတူခေါ်ထားပါ့မယ်လို့လဲ ပြောပြခဲ့ကြပါသေးတယ် .. ခုလဲ .. ဦးမြမှီ .. ကျွန်တော့်ဆီမှာ တူတူလာနေပါ .. ခင်ဗျားနဲ့ ကျွန်တော့်မြေးကို .. မခွဲရက်ပါဘူးဗျာ .. ခုလို .. ဦးမြမှီ ရောက်လာတာကိုပဲ .. ဝမ်းမြောက်လှပါပြီ .. ကျေးဇူးတင်လှပါပြီ .. ကျွန်တော့်မြေးကို ပြန်မပေးရင် .. ဦးမြမှီ လာမတွေ့ရင် .. ဘယ်လိုလိုက်ရှာနိုင်ပါ့မလဲ .. ဟိုနေ့ကလဲ ဖြူကျော့ ဦးမြမှီ စီးသွားတဲ့ကားကိုလဲ မီအောင်မလိုက်နိုင် ..



ပြန်လာတော့လဲ .. စောစောက ရပ်ထားတယ်ဆိုတဲ့ကားတွေကလဲ ပြန်ထွက်သွားပြီဆိုတော့ .. ဘယ်ကိုမှလိုက်လို့မရတဲ့ .. လမ်းစပြတ်သွားခဲ့တာကို .. မနုမေမှာ ရင်ထဲမချိပဲဖြစ်ရ.. နံရပါ့မလားဆိုပြီး ဖြူကျော့ကိုဆူနဲ့ဖြစ်နေတာ .. ဒီနေ့လဲ .. ဘုရားမှာ ပန်းလှူပြီး ဆုတောင်းမယ်ဆိုပြီး ဖြူကျော့နဲ့သွားကြတာမို့ ရောက်မလာကြသေးတာ .. သူ ရောက်လာရင် အလွန်ဝမ်းသာမှာ .."

ဟုပြောတော့ ဦးမြမှီ တစ်ချက်ငေးကြည့်သည်။ နောက်တော့ ခေါင်းခါပါ၏။

"ကျွန်တော် .. မြေးချိုလေးကို .. အပ်တာပါ .. လာအပ်တာပါဗျာ .. ကျွန်တော်မနေတော့ပါဘူး .. ကျွန်တော့်ကြောင့် သမီးလေး မျက်နှာငယ်ရရှာတာကိုပဲ ရင်ထဲမချိတာဝါ .. တစ်ခုပဲ တောင်းပန်ချင်ပါတယ် ဦးစံဘွား သမီးလေးဟာ ကျွန်တော့်သမီးလေး မဟုတ်ပါဘူးဆိုတာကို .. ကျွန်တော် အသက်ရှင်နေသရွေ့ သမီးလေး မသိစေချင်တာတစ်ခုပါ .. အဲဒီ အခွင့်အရေးကိုတော့ .. ကျွန်တော့်ကို ပေးပါဗျာ .. ကျွန်တော် .. ကျွန်တော် .. သမီးရဲ့ အဖေမဟုတ်ပါလား ဆိုတာကို သမီးလေး သိသွားတဲ့ဒဏ်ကို မခံနိုင်လို့ပါ .. ဒီ .. ဒီရင်ထဲက .. မခံ .. နိုင် .. လို့ပါ .. ဗျာ .."

အသံတွေ တိမ်ကျလာရင်းမှ ဦးမြမှီ ရင်ကိုဖိကျိတ်ငိုသည်။

"ဘယ်လိုမှ ဒီမျက်ရည်ကို ဖေဖေ မတားနိုင်တော့လို့ပါ သမီးရယ် .. သမီးလေးဟာ ကြောခင် ဖေဖေ့နှင်းအုပ်ကန္တာ

www.burmeseclassic.com

www.burmeseclassic.com



ရတော့မယ် ... ခွာရတော့မယ် ... သမီးလေးကို ဖေဖေ မမြင်ရတော့ဘူး ... သမီးလေးရဲ့အသံကို ဖေဖေ မကြားရတော့ဘူး ... သမီးလေး ကျွေးတဲ့ထမင်းကို ဖေဖေ မစားရတော့ဘူး ... ဖေဖေ ... ဖေဖေ ... သမီးလေးနဲ့ ဝေးရတော့မယ် ... ဝေးရတော့မယ် သမီးရယ် ... အဲဒီမခွဲနိုင်တဲ့စော ကြောင့် ... ဒေါ်သီရိရဲ့ မတူမတန်ပြောတာကို သမီးလေး ခံခဲ့ရပြီ ... အဲသလို ... သမီး ခံစားရတာ ဖေဖေနဲ့ အတူနေလို့ ... ဖေဖေ့သမီးဖြစ်နေရလို့ ... ဒီလိုအပြောခံရတာ ... ဖေဖေ့ချစ်တာတစ်ခုကို ရှေ့တန်းတင်လို့မဖြစ်တော့တာမို့ အဲဒီအရာကို ဖေဖေ့ အတ္တရယ်လို့ပဲ သတ်မှတ်လိုက်တယ် သမီး ... အဲဒီချစ်ခြင်းကို အတ္တလို့ပဲ သတ်မှတ်လိုက်တယ်၊ အတ္တဆိုတာ ... ဖယ်ရတယ်တဲ့လေ ... ဒါကြောင့် ... အဲဒီချစ်ခြင်းကို ဖေဖေ မဖယ်သာပေမယ့် ... သမီးလေးကိုတော့ ဖေဖေ့ရင်အုပ်က ... ဖယ်လိုက်ရတော့မယ် ... ဖယ်လိုက်ရတော့မယ် ...”

ရင်သည် ဆတ်ဆတ်ခါနေ၏။ အသံတွေက မသဲကွဲ။ အရူးအမူးဆန်စွာ ပြောနေသံသည် ရှိုက်သံတွေထွေးနေသည်။ အသံတွေ ကွဲအက်နေသည်။ တိုးလွန်းနေသည့်အသံသည် ငိုညည်းသံဖြစ်နေသည်။ သမီးလေးကို တိုင်တည်၍ပြောနေသံက တကယ်ကို ရှေ့မှာထား၍ပြောနေသည့်နှယ် ဖြစ်နေသည်။ ဦးမြမို့၏ ခေါင်းသည် ဘယ်ညာနွဲ့နေ၏။ လက်က ရှေ့သို့ ကယောင်ကတမ်းဆန်စွာ ဝေ့ဝဲနေကြရှာသည်တည့် ...။ နောက်တော့ ... ကိုယ်ကို ကျောမှီမှာ မှီချလိုက်ကာ ဦးမြမို့ အသက်ကို အားစိုက်၍ရှူသည်။ နေရာတွင်



အသက်ပါသွားတော့မလောက် ခံစားချက်ပြင်းနေသည့်သူတစ်ယောက်၏ ဝေဒနာပြင်းပြင်းကို ဦးစံဘွား ပထမဆုံးအကြိမ်မြင်ဖူးခြင်းပါ ...။

အဆုံးစွန် ... သားဆုံး၍ ငိုနေသည့် မနမေ ...။ သားဆုံး၍ငိုချနေမိသည့် ကိုယ့်အဖြစ်တုန်းကထက်ပင် ဦးမြမို့၏ အဖြစ်က ပိုဆိုးနေသည်။

“မဟုတ်သေးပါဘူး ဦးမြမို့ ... ကျွန်တော်တို့နဲ့အတူနေလို့ ရနေတာပဲဗျာ ... ဒီလောက်ထိ ထိခိုက်နေတဲ့ အဖြစ်ကို ကျွန်တော် မကြည့်ရက်လို့ပါ ...”

ရေခဲသေတ္တာတွင်းမှ ရေပုလင်းကိုယူ၍ ဖန်ခွက်ထဲ ထည့်ကာလာပေးရင်း ဘယ်လိုမှ စိတ်မကောင်းနိုင်ဘဲပြောနေပါသည့် ဦးစံဘွားကို ဦးမြမို့ ကြည့်သည်။ ရေကို ကျေးဇူးတတင်ဖြင့် တရိုတသေယူသောက်သည်။ နောက်တော့ စိတ်ကို ပြန်ထိန်းပြန်၏။ ဖန်ခွက်ကို စားပွဲထက်မှာတင်ပြီးမှ ...

“မဖြစ်ပါဘူး ဦးစံဘွား ... ကျွန်တော် လိုက်လို့မဖြစ်ပါဘူး ... ဘာလို့လဲဆိုတော့ သမီးလေးဟာ ကျွန်တော့်သမီးလေးအဖြစ် ... ကျွန်တော် သေတဲ့အထိတော့ ရှိနေရမယ်လေ ... အဲဒါက ... ကျွန်တော့်ဆန္ဒပါ ... သမီးလေးနဲ့တူတူ လိုက်နေရင် ... သမီးလေးဟာ ... ကျွန်တော့်သမီးလေးအဖြစ်ပဲ ကျွန်တော်နဲ့အတူ ... ဦးစံဘွားရဲ့အစေခံတန်းလျားတစ်ခုမှာ နေနေရမှာပေါ့ ... သူက ကျွန်တော့်သမီးလေး ... ကျွန်တော်နဲ့ ဘယ်ခွဲနေပါ့မလဲ ... အဲသလိုနေရင် ... သမီးလေးရဲ့ဘဝဟာ မုန့်ဟင်းခါးသည်ကြီး မြမို့ရဲ့သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ပဲ ရှိနေရတော့မှာပေါ့ .. အဲဒီဘဝထဲက .. သမီးလေး လွတ်ဖို့လိုတယ် .. ဒါကြောင့် .. သမီးလေးကို ဦးစံဘွား တို့လက်ထဲ ဘိုးအေ ဘွားအေ လက်ထဲ ပြန်အပ်တာပါ .. ပြီးတော့ .. သမီးလေးရဲ့အဖေရင်း မဟုတ်ဘူးဆိုတဲ့အကြောင်း ကိုလဲ မပြောပြပါဘူးလို့ကတိပေးနိုင်မှလဲ .. ကျွန်တော်.. ကျွန်တော် ဦးစံဘွားတို့လက်ထဲ အပ်မှာပါ .."

ဟုပြောလာသည်က .. တည်ငြိမ်အောင်ကြိုးစားနေ ရင်းဖြင့်ပါတည့် ..။

"ပြီးတော့ .. သမီးလေးကို .. ကျွန်တော် ရင်မဆိုင်နိုင်တာ က .. အဖြစ်မှန်ကို .. သိသွားမယ့်ကိစ္စပဲ .. သမီးလေးဟာ ကျွန်တော့်သမီးမဟုတ်ဘူး .. ဦးစံဘွားတို့ရဲ့မြေးဖြစ်တယ် ဆိုတာ သိသွားရင် .. သူ .. ကျွန်တော့်အပေါ် စိမ်းသွားမှာ ကျွန်တော် မခံနိုင်ဘူး .. ဒါမှမဟုတ်ရင် .. မုန့်ဟင်းခါး သည်ကြီးရဲ့သမီးဖြစ်ခဲ့ရတာကို .. အဲဒီအခါကျမှ .. ရင်ထု မနာနဲ့ရှက်နေမှာကိုလဲ ကြောက်လန့်နေမိတယ် .. ဦးစံဘွား သဘောပေါက်ရဲ့လား မသိဘူး .. ကျွန်တော်ပြောတဲ့အချက် ကိုလေ .. ကျွန်တော် .. သမီးလေးကို အဖေရင်းတစ်ယောက် အဖြစ်ချစ်နေချင်တယ် .. ဘယ်နေရာမှာပဲရှိနေနေ .. အဲဒီအခွင့် အရေးကိုရချင်တယ် .. သမီးလေးကလဲ .. ကျွန်တော့်ကို အဖေရင်းအဖြစ်ပဲ .. လွမ်းနေစေချင်တယ် .. ကျွန်တော် ဘယ်နေရာမှာပဲ ရှိနေနေ .. သမီးလေးက အဲသလို ချစ်နေ လွမ်းနေတာကို .. အဲဒီအခွင့်အရေးကို .. သမီးလေးရဲ့ မမြင်နိုင်ရာအရပ်ဆီမှာ ကျွန်တော် ရနေချင်တယ် .."



ဟု ပြောနေတော့ ဦးစံဘွား ငိုင်နေသည်။ ရင်ထဲ မကောင်းနိုင် ..။ သမီးကို ချစ်သည့်ဦးမြမှို၏ အချစ်ကို သိနေရ သည်ကိုက .. ရင်ထဲပို၍ထိထိခိုက်ခိုက်ဖြစ်ရ .. စာနာသနားနေမိ ရပါသည့်အဖြစ် ..။

"အဲဒါ .. ဘယ်လို သဘောရလဲ ဦးစံဘွား"

ဟု မျက်နှာကြီးညှိုးနေသည့်ကြားမှ အားခဲ၍ အပြတ် မေးလာသည့် ဦးမြမှိုကို ဦးစံဘွား ခေါင်းညိတ်ပြရပါပြီ။

"ဒါဆို .. လိုက်ခဲ့တော့ ဦးစံဘွား .. သမီးလေးကို .. လိုက် ခေါ်လှည့်တော့ .. လိုက်ခေါ်လှည့်တော့ဗျာ .."

ဟုပြောတာမျက်ရည်ကျလာရင်းမှ အနိုင်နိုင်ထရပ် တော့ ဦးစံဘွား အံ့အားတသင့်ဖြင့် ..

"စိတ်နိုင်ရဲ့လား ဦးမြမှိုရယ် .. ဖြည်းဖြည်းမှ ခေါ်ရင်လဲ ရပါတယ်ဗျာ .. မြေးကို ချက်ချင်းခေါ်ချင်တာမှန်ပေမယ့် ဦးမြမှိုကို ကြည့်ရတာ .. ရင်ထဲမချိလို့ပါ .."

ဟု မေးစဉ်ခိုက် ခေါင်းသာယမ်းပြသည်။

"မြေလေးရှိတဲ့နေရာသိရရင်ပဲ ကျွန်တော်တို့ ကျေနပ်ပါပြီ၊ ဦးမြမှိုရဲ့ရင်ကို ဒီလောက်သစ်စိမ်းချိုးသလိုကြီး ချက်ချင်း ချိုးပြီးမခေါ်ရက်လို့ပါ .."

ဟုပြောတော့လည်း ခေါင်းသာယမ်းသည်။

"ခွဲရမယ့်ဘဝက .. အစပြုပြီပဲ ဦးစံဘွားရယ် .. ရင်ဆိုင် လိုက်တာပဲ လမ်းမှန်ရွေးချယ်ရာမြောက်ပါတယ် .. လာပါ ဦးစံဘွားတစ်ယောက်တည်း လိုက်ခေါ်လဲဖြစ်ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ရှေ့မှထွက်သည်မို့ ဦးစံဘွားမှာမနေသာ ..။ တော်ကြာစိတ်ပြောင်းပြီး ကလေးကို ခေါ်ထွက်သွားမှာလည်းစိုးသည်လေ ..။ ခေါ်ပါဆိုပါလျက် မခေါ်ရကောင်းလားဟု စိတ်ထဲပေါ်သွားလျှင် ဦးမြမှီဆိုတာက .. ကလေးကို မပေးဘဲထားလိုက်နိုင်မှာလည်းစိုးသည်။ ကိုယ်က ဘိုးအေပဲလေ ..။ ထိုအဖြစ်ရောက်မှာတော့ ကြောက်သည်ပေါ့ ..။

ဦးမြမှီပြသည့် ကြာရိပ်မြိုင်အိမ်ကြီးဆီသို့ ဒရိုင်ဘာဦးအောင်ကို မောင်းခိုင်းခဲ့ရကာ ..။ ခြံရှေ့မှာ ဟွန်းတီးတော့ လူငယ်တစ်ယောက် ခြံတံခါးလာဖွင့်ပေး၏။ ကားပေါ်မှ ဦးမြမှီ ခြံတံခါးဖွင့်နေသည့်သူကို ..

"ဂိတ်သော့မခတ်သေးနဲ့ဦး ကိုညို .. ခဏစောင့်ပါ .. ကားကို မောင်းသွားဦးမှာ .."

ဟုပြောပြီး ကားကို လမ်းအတိုင်းမောင်းခိုင်းသည်မို့ ကွန်ကရစ်လမ်းလေးအတိုင်း ဆက်မောင်းဖြစ်သည်။ လှပသော ဥယျာဉ်ကျယ်ကြီးနှင့် လှပသော တိုက်အိမ်ကြီးကြီးခန့်ခန့်ရှိရာ ကြာရိပ်မြိုင်ကို ငေးကြည့်ရင်း ဤနေရာမှာ ဦးမြမှီ မည်သို့ နေထိုင်နေလျက် ..။ ဘာများ လုပ်ကိုင်ပါလိမ့်ဟုတော့ တွေးဖြစ်သည်။

ကားကို ဥယျာဉ်အောလမ်းအတိုင်း ဆက်မောင်းစေကာရပ်ခိုင်းပြီးတော့ ရှေ့မှ စိုက်စိုက် .. စိုက်စိုက်နှင့် ဦးဆောင်ခေါ်သည်မို့ ဦးစံဘွား နောက်မှလိုက်လာခဲ့ရပါပြီ ..။ မကြာလိုက်။ ပျဉ်ထောင်သွပ်မိုးတန်းလျားအိမ်လေးတစ်လုံးကို မြင်ရပြီ ..။ ဝရံတာလေးမှာရပ်ရင်းမျှော်နေသည့် မိန်းကလေးတစ်ယောက်သည် ဦးမြမှီကို မြင်တော့မှ ပြေးလာကာ ကြိုရှာပါ၏။ မျက်နှာလေး



လည်းမလန်း ..။ ညှိုးဖျော့နေသည်ပါပဲ ..။ ဦးစံဘွား ထိုမိန်းကလေး၏မျက်နှာလေးကို မမိုတ်မသုန်ကြည့်နေသည်မှ စိတ်တွေအရမ်းလှုပ်ရှားနေရင်းဖြင့်ပါ ..။

ဘုရားရေ ..။ တကယ့်ကို .. မွေးကျော့နှင့်သား .. စိုးပြည့်တို့၏အလှများကို မျှယူထားပါသည့် မိန်းကလေးပါတကား။ မျက်ခုံးလေးကသားနှင့်တူသည်။ နှာတံလေးက သားနှင့်တူသည်။ အရပ်အမောင်းလေးက မွေးကျော့နယ်ပင် ပျောင်းနွဲ့နွဲ့လေးနှင့်လှသည်ပဲ ..။ မျက်သုံးတောက်တောက်လှလှလေးတွေနှင့် မျက်တောင်ထူလေးတွေကလည်း မွေးကျော့နယ်ပါတည့် ..။ မျက်နှာကျလေးကလည်း အမေတူလေးပါလားလေ .. ဟု တွေးဖြစ်သည်။ ဆံပင်ကောင်းတာကလည်း မွေးကျော့နှင့်တူနေသည်ပါပဲ ..။ မြင်လိုက်တာနှင့် စိုးပြည့်နှင့် မွေးကျော့တို့၏သမီးလေးဆိုတာ သိသာနေသည်ပဲ။ နှုတ်ခမ်းလေးက အဖေတူနှုတ်ခမ်း ထူအိအိလေးတစ်စုံပါတကား ..။ မျက်တောင်ပင်မခတ်နိုင်ဘဲ ဦးစံဘွား ကြည့်နေမိုက် ဦးမြမှီမှ သမီးကို လက်ဆွဲ၍ ခေါ်လာသည်က ကားရပ်ရာဆီသို့ပါ ..။ ဘာကိုမျှမပြော ..။ အရင်နောက်ခန်းတံခါးဖွင့်၍ သမီးကို ဝင်ထိုင်ခိုင်းသည်။ ပြီးတော့ ဦးမြမှီ ဝင်သည်။ ဦးစံဘွားကိုကြည့်၍ ..

"ဝင်ပါ ဦးစံဘွား .. ဝင်ထိုင်ပါ .."

ဟုပြောတော့မှ သမီးကို တစ်ခါတည်း ကားပေါ်ခေါ်လာခြင်းပါတကားဟု ဦးစံဘွား နားလည်သွားရလျက် ရင်ထဲမှာမချိ ..။ ဦးမြမှီကို သနားစိတ်ဖြင့် ငေးခနဲစိုက်ကြည့်မိပြီးမှ ဘေးဘီဝင်လာကာ ခပ်သုတ်သုတ်ကားထဲဝင်သည်။ ဦးအောင် မောင်း၍

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည့်ကားကို ဝင်းတံခါးမှာရပ်ရင်း ကိုညိုဆိုတာ ကြည့်နေတာကို ပထမ ဦးစံဘွား မြင်၏။ ကားမောင်းထွက်လာစဉ်မိုက် အိမ်ထဲမှ လူရွယ်လေးတစ်ယောက် ပြေးထွက်လာကာ ..

"ဘဘမို ..."

ဟု အော်ခေါ်ရင်းလိုက်လာတာ ..။ ပြေးမမီအောင် ကားကို အရှိန်မြှင့်၍ ဦးမြမိုမှ မောင်းဖို့ပြောတာ .. အားလုံးကို ဦးစံဘွား ဘာမျှမသိထားရသေးသည့် အကြောင်းတစ်ခုအဖြစ် လိုက်ကြည့်နေရရုံပဲ ရှိနေပါသည့်အဖြစ် ..။ မြေးလေးကလည်း နောက်သို့တလှည့်လှည့်ဖြင့် ကြည့်ရင်းမှ ဦးမြမိုကိုကြည့်ကာ ..

"ဘယ်သွားမလို့လဲ ဖေဖေ .. ဘယ်သွားမလို့လဲ .. ဟိုမှာ ကိုကို လိုက်လာနေပြီ .."

ဟု ဆိုနေသံကိုလည်း ကြားနေရသည်။

"မြန်မြန်မောင်း .. မြန်မြန်မောင်း .."

ဟုပြောကာ ဖွင့်ထားသောဝင်းတံခါးကို ဖြတ်ကျော်၍ လမ်းမပေါ်အရောက်မှာ ..

"တောက်လျှောက်မောင်းပါတော့ ဦးစံဘွား .."

ဟုပြောတာမို့ တကယ်ကို အရှိန်မြှင့်မောင်းရသည်ပါပဲ ..။

နောက်သို့လှည့်ကြည့်တော့ .. အတော်ကြီးဝေးလှမ်းကျန်ခဲ့ပြီဖြစ်သည့် ကြာရိပ်မြိုင်ခြံဂိတ်ထိမှ ကားတန့်ီး မောင်းထွက်လာတာကို ဦးစံဘွား တွေ့ရသည့်နှယ် မြေးကလည်း မြင်နေရသည်ပါပဲ ..။

"ကိုကို လိုက်လာပြီ .. ကားကိုရပ်ပေးလိုက် ဖေဖေရယ်"



ဟု ပြောပေမယ့် ဦးမြမိုမှ ..

"လုံးဝမျက်ခြည်ပြတ်အောင်မောင်းနိုင်းပါဦး ဦးစံဘွား .."

ဟု ပြောလာသည်မို့ ဦးစံဘွားမှာ လောလောဆယ် ထိုသူတို့ကြားမှာရှိနေသည့် အတွင်းရေးကို မသိနေရပေမယ့် ဦးမြမို၏ အဆုံးအဖြတ်သည် မှန်ချေမည်ဟုသာ ခံယူလိုက်ရလျက် ဦးအောင်ကို ကားကို ပိုမောင်းစေရပါသည့်အဖြစ် ..။

"ဦးစံဘွားရဲ့အိမ်ကိုပဲမောင်းစေ့ချင်ပါတယ် ခင်ဗျာ .."

ဟု အရာရာကို ယခုအချိန်ကျတော့လည်း တည်ငြိမ်အောင်ထိန်းထားရင်း ဦးမြမို ပြောလာသည်မို့ ဦးစံဘွားမှာ အိမ်သို့မောင်းစေရပြန်၏။ ဦးမြမို၏မျက်နှာထက်မှာ မျက်ရည်စမရှိ။ အရမ်းကိုတည်ငြိမ်နေတာကို ဦးစံဘွား တအံ့တသြကြီးဖြစ်နေရပါပြီ။ ကားက ပုန်းညက်မြိုင်အိမ်ကြီး၏ ခြံဝင်းကျယ်ကြီးဆီသို့ ဝင်လာပြီ ..။ ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီးသည့်နောက်မှာ ဦးစံဘွား ကားပေါ်မှဆင်းသည်။ ခုထိ ကားပေါ်မှ မဆင်းသေးဘဲရှိနေသည့် မြေးကို ဦးစံဘွား ပြုံး၍ ကားတံခါးကို ဖွင့်ပေးတော့ မဆင်းသေးဘဲ အဖေလုပ်သူကို ကြည့်ကာ ..

"ကျေးချိုကို ဘယ်ကိုခေါ်လာတာလဲ ဖေဖေ .."

ဟုမေးစဉ်ခိုက် ဦးစံဘွား၏ ရင်ထဲမှာ သိမ့်ခနဲလှုပ်ရှား၏ ..။ ဪ .. မြေး၏အမည်လေးက ကျေးချိုတဲ့လားလေ။ လှလိုက်ပါသည့်အမည်လေးပါတကား ..။ ခုမှ မြေးကိုလည်းမြင်ခွင့်ရ ..။ နာမည်လေးလည်းသိခွင့်ရနှင့် ဦးစံဘွား ရှိနေရင်းမှ ကွယ်လွန်ခဲ့ပြီဖြစ်သော သား စိုးပြည့်ကို သတိရရင်း မျက်ရည်ရှေ့ဝဲချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့ ဖေဖေနဲ့မေမေတို့ ဂုဏ်မောက်ခဲ့ရလေသမျှ .. ခုတော့ မြေးလေးကို ပုန်းညက်မြိုင်ရောက်အောင် ခေါ်လာနိုင်ခဲ့ပါပြီ သားရယ် .. သားနဲ့ချွေးကျော့တို့ ကျေနပ်ကြည်နူးကြပါတော့ .."

ဟု ရင်ထဲမှ တမ်းတရရင်း မျက်ရည်ကျလုလုဖြစ်ရပါသည့်အဖြစ် ..။

ကားပေါ်မှ ဦးမြမှီ ဆင်းသည်။ သမီးကိုခေါ်ကာ အိမ်တွင်းသို့ဝင်သည်။ ဆိုဖာထက်မှာ ဦးဆောင်၍ သမီးကိုထိုင်ခိုင်းသည်။ အားလုံး ပိုင်ပိုင်နင်းနင်းနိုင်နေသည့်သူတစ်ယောက်၏ဟန် ..။ ခံစားချက်ကင်းနေသည့်သူတစ်ယောက်၏ဟန် ..။

"သမီးလေးမြကျေးချို .. ဒီမှာနေရလိမ့်မယ် .. ဒီပုန်းညက်မြိုင်အိမ်ကြီးမှာ တစ်သက်လုံးနေရလိမ့်မယ် .. သမီးကို .. ဖေဖေ .. ဒီက .. ဦးစံဘွားနဲ့ ဒေါ်နုမေတို့ဆီမှာ ပေးခဲ့ပြီ၊ သမီးကို .. ဖေဖေ ရှာလဲမကျွေးနိုင်တော့ဘူး .. တာဝန်လဲ မယူနိုင်တော့ဘူး .. ပင်ပန်းလှပြီ .. ဒီမှာက သမီး ချမ်းချမ်းသာသာလဲနေရမယ် .. ကောင်းကောင်းလဲနေရမယ် .. ဖေဖေလဲ သမီးရဲ့တာဝန်ပေါ့သွားဘယ်ဆိုတော့ .. သမီးကို .. ဖေဖေ .. သူတို့ဆီမှာပေးခဲ့ပြီ ..နေခဲ့တော့ .."

ဟု ပြတ်ပြတ်ကြီးပြောချတော့ ဦးစံဘွားပင် မကြည့်ရက် ..။ ခေါင်းကိုလွှဲထား[illegible]ည်။ ဖြုန်းစားကြီး အိမ်ကြီးတစ်အိမ်မှာ ငှက်ကလေးတစ်ကောင်ကို အလှမွေးထားဖို့ လာပေးပစ်လိုက်သလို ခပ်ပေါ့ပေါ့ကြီး ပြောထွက်နိုင်အောင် ဟန်ကောင်းကောင်းလုပ်ပြနေပါသည့် ဦးမြမှီ၏ ရင်ထဲမှာ အဘယ်မျှထိ ကြေပြုန်းနေ



ကြပြီဆိုတာ ဦးစံဘွား သိသည်။ မသိရှာသည့် ကျေးချိုမျှသာ မယုံနိုင်သလိုမှင်တက်စွာ အဖေကိုမော့ကြည့်ရင်း ငြိမ်ကျသွားရာမှ ပြန်၍သတိလေးလည်းဝင်လာ .. ခေါင်းလေးလည်းယမ်းပစ်ရင်းမှ ..

"ဟင် .. မနေဘူး .. ဖေဖေနဲ့ မခွဲနိုင်ပါဘူး ဖေဖေရဲ့ .. သမီးကို ရှာကျွေးရတာပင်ပန်းတယ်ဆိုတာ ဖေဖေ အလကား ညာပြောတာ သမီး သိပါတယ် ဖေဖေ .. ဟင့်အင်း .. သမီး ဒီမှာမနေဘူး .. ဖေဖေ့ကို မခွဲနိုင်ဘူး .. ဖေဖေနဲ့ပဲ နေမယ် .. မချမ်းသာချင်ဘူး .."

အိမ်ကြီးကို အလန့်လန့်အဖျပ်ဖျပ်ပုံလေးဖြင့် ဖေ့ဝဲ၍လည်းကြည့် ..။ အဖေ လုပ်သူ၏လက်ကို မလွှတ်တမ်းဆွဲ၍ အိမ်ပြင်သို့ပြန်ခေါ်ထုတ်နေသည်က မြကျေးချိုပါ ..။ ဦးမြမှီမှ မျက်နှာကိုမော့၍ အံခဲကာ စိတ်ကိုပြန်တင်းယူနေသည်။ လက်ကို ဆောင့်၍ရုန်းသည်။

"မရူးစမ်းပါနဲ့ မြကျေးချို .. အဖေဖြစ်တဲ့ငါကတောင် ခွဲနိုင်နေပြီပဲကွ .. ဘာလို့ ညည်းကမခွဲနိုင်ရမှာလဲ .. ဒီမှာ ချမ်းချမ်းသာသာနေရမယ့်ဥစ္စာ .. ငါ့တဲကုပ်လေးကို ဘာမက်နေရမှာလဲ .. ကံကောင်းလို့ ဒီလိုနေရာမှာနေရမယ့်ကိစ္စ နေခဲ့ .. ငါလဲ .. ညည်းကို ရှာမကျွေးနိုင်တော့ဘူး .. ပင်ပန်းလှပြီ .. ကောင်းကောင်းမအိပ်ရ .. မနားရ .. မုန့်ဟင်းခါးကိစ္စကတစ်ဖက် .. ခြစိုက်ရတဲ့ကိစ္စကတစ်ဖက် .. မျက်နှာလဲငယ်ရသေးတယ် .. လက်တွေလဲကြမ်းထော်နေပြီ .. ငါ တစ်ယောက်စာဆိုတာက .. ဘာနဲ့စားစား .. လောက်တယ်၊ နှစ်ယောက်သာ ငါ မရှာနိုင်တော့ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ မြကျေးချို ခေါင်းလေးယမ်းရင်းမှ –

"ကိုကို့ဘွားဘွားပြောလို့ သမီးကို ချမ်းသာအောင်လာထားလိုက်တာလား ဖေဖေရဲ့ – သမီးက ဖေဖေ့သမီးပဲဥစ္စာ – ဆင်းရဲတော့ဘာဖြစ်လဲ – ဖေဖေနဲ့ပဲအတူနေမယ် – ဒီမှာမနေဘူး – ကိုကိုနဲ့ မတွေ့နဲ့ဆို မတွေ့ဘူး – ဖေဖေဘယ်မှာပြောင်းနေနေ – ကျေးချို ဖေဖေနဲ့အတူလိုက်နေရရင်ပြီးရော – ဖေဖေနဲ့ပဲ သမီးနေမယ် – ဖေဖေ ဘာလို့ –သူများဆီမှာ ကျေးချိုကို ပေးပစ်ရတာလဲ – ဒီလိုပေးပစ်မှ ချမ်းသာမှာကို – ဖေဖေ ရွေးချယ်ရတာလား – ကျေးချိုဖေဖေ့ကလွဲပြီး ဘာမှအရေးမကြီးပါဘူး ဖေဖေ – ကိုကိုလဲအရေးမကြီးဘူး – ဖေဖေနဲ့ မခွဲဖို့ပဲအရေးကြီးတာပါ –လာပါ – တစ်နေရာကိုသွားလိုက်ကြမယ်လေ ဖေဖေ –ဖေဖေ ပင်ပန်းရင် – ကျေးချို မုန့်ဟင်းခါးရောင်းကျွေးပါ့မယ် ဖေဖေရဲ့ –"

အတင်းပြောလည်းပြော –။ လက်ကိုလည်းဆွဲ –။ ငိုလည်းငိုနှင့်ရှိနေတော့ ဦးစံဘွား မနေသာ –။

"ဟုတ်သားပဲ ဦးမြမို – ဒီမှာ တူတူနေကြပါလားဗျာ –ကလေး ဒီလောက်စိတ်ထိခိုက်နေတာ မမြင်ရက်လို့ပါ –"

ဟုဝင်ပြောယူရပါပြီ –။

"မုန့်ဟင်းခါးသည် မြမိုရဲ့သမီးဆိုတာကို ကန့်လန့်ကာချလိုတယ် ကျေးချို – ဘာလို့ – ဒီမုန့်ဟင်းခါးသည်ကြီးရဲ့သမီးအဖြစ် အဲဒီအရိပ်မှာဆက်နေနေရမှာလဲ – နေ့ငါလဲ – ညည်းကို ရှာကျွေးရတာ ငြီးငွေ့လှပြီ –"



ဟု ဖွတ်နှစ်ပြောချယူတော့ ကျေးချို ခေါင်းလေးယမ်းရင်းမှ –

"မနေဘူး – မနေဘူး –"

ဟု စိတ်လိုက်မာန်ပါ အော်ရှာ၏။

ဦးမြမို အံခဲကာ မျက်စိကို စုံမှိတ်လိုက်ရပါပြီတည်း။ အားခဲ၍ သမီးလေးကို ဆောင့်တွန်းပစ်လိုက်ပြီးမှ ခပ်မာမာကြည့်သည်။

"အဲလိုမကြည့်ပါနဲ့ ဖေဖေရဲ့ – သမီးကို အဲသလိုမချစ်တဲ့အကြည့်နဲ့ မကြည့်ပါနဲ့ ဖေဖေရဲ့ –"

ဟု ကျုံးထ၍ အဖေ့ခြေသလုံးကို လက်ဖြင့် မလွှတ်အောင်ဖက်ရင်း ကျေးချို အရူးအမူး ငိုတော့ ဦးမြမို ခြေထောက်ကို အတင်းရုန်းသည်။

"ကန်တော့စမ်း ကျေးချို – ကန်တော့စမ်း – နောက်ဆုံးအကြိမ်အဖြစ် ကန်တော့စမ်း –"

ဟု အော်သည်။ ဆုံးဖြတ်ချက်ကို မပြောင်းသည့်ပုံဖြင့် အံတင်းတင်းခဲထားရင်းမှ –

"နင်ဟာ ငါ့သမီး – ငါ ပိုင်တယ် – ငါ ဆုံးဖြတ်တာကို နင် နာခံရမယ် ကျေးချို – ငါ ထားရာမှာ နင် နေရမယ်၊ ကြာရိပ်မြိုင်မှာလည်း နေလို့မဖြစ်ဘူး – အဲဒါ မသိဘူးလား – မသိသေးဘူးလားဟင် – အသိခေါက်ခက်အဝင်နက်မလို့လား – သူတို့ကို စိတ်ဒုက္ခ ငါ မပေးရက်ဘူး – ဘူးမကြည်ဖြူတာကို ငါ မဖြစ်စေချင်ရဘူး – ငါတို့ဟာ ငါတို့ရဲ့ ဘဝကို နားလည်ကြရမယ် ကျေးချို – ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူများအိမ်ထောင်မှာ ပြဿနာတက်တယ်ဆိုတာ မကောင်းဘူး .. ငါ .. အဲဒီက ညည်းကို လက်ဆွဲခေါ်ထွက်ဖို့ကျတော့လဲ .. သမီးပျိုနဲ့ ဘယ်မှာသွားနေမလဲ .. ဘာကို လုပ်ကိုင်စားမလဲ .. နေစရာကိုကမရှိတာ .. ညည်း.. ကိုယ့်ဘ၀ကိုယ် သိစမ်းပါ ကျေးချို .. ခု .. နေစရာရှိပြီး နည်းတဲ့အရိပ်ကြီးလား .. ဒီမှာနေခဲ့ .. ညည်းကို .. ငါ.. နေရာသစ်တစ်ခုမှာ .. ဘယ်လိုရှာကျွေးမလဲ .. ဘယ်လို ပညာသင်ပေးမလဲ .. ငါ့ကို တာ၀န်လာမပေးနဲ့တော့ .. ငါ အိုပြီကွ .. ငါ အသက်ကြီးပြီ .. ဒီမှာနေခဲ့ရင် .. ငါ့မှာ ၀န်ထုပ်၀န်ပိုးသက်သာမယ် .. နေခဲ့ ..”

ဟု ဆက်တိုက်ပြောသည်။ ကျေးချို ငိုနေရာမှ တစ်ချက်ငြိမ်သွားရှာပါပြီ ..။ ပြောနေတာတွေကို မျက်တောင်မခတ်နားထောင်ရှာ၏။ မျက်ရည်သာလိမ့်၍လိမ့်၍ စီးကျလာနေသည်။ ဦးမြမှိုမှ သမီးကိုမကြည့် ..။ ခပ်ဝေးဝေးဆီသို့အကြည့်ကို လွှဲထားသည်။

“ကန်တော့စမ်း .. ကန်တော့စမ်း .. အေး .. မကန်တော့ရင်လဲရတယ် .. ငါကတော့ .. သွားမှာပဲ .. ညည်း ရင်ထဲ မကောင်းဖြစ်ကျန်မှာစိုးလို့ ငါ ကန်တော့ခံနေတာ ..”

ဟု မာမာပြတ်ပြတ်ပြောကာ ခြေလှမ်းကတံခါးဆီသို့လှမ်းသည်မို့ ..

“ကျေးချို ကန်တော့ပါတယ် ဖေဖေ .. ဖေဖေ့ကို မကန်တော့ဘဲ ကျေးချို ကျန်ခဲ့ရမှာကို .. ကျေးချို ရင်ကွဲရမှာမို့ပါ ဖေဖေ ..”



ဟု ပြောငိုရင်း ..။ ရှေ့သို့တိုးလာကာ ကလေးလို ငိုလည်းငို ..။

ကန်တော့လည်းကန်တော့ရှာ၏။

“အေး .. သာဓု .. သာဓု .. သာဓု .. ဖေဖေ့သမီးလေး ဘ၀မှာ အစဉ်သဖြင့် .. အေးချမ်းရပါစေကွယ် ..”

အသံတွေ ခပ်တိုးတိုးမျှပင် ပွင့်ကျမလာစေရ ..။ စိတ်ထဲမှ ဦးမြမှို ဆုလည်းပေးမိသည်။ လက်က သမီး၏ဆံစကို သပ်ပေးမယောင်ပြုရာမှ ပြန်ရုပ်သည်။

“လိမ္မာရစ်ပေတော့ သမီး ..”

ဟုပြောပြီးတာနှင့် ဦးမြမှို ရုတ်ခြည်း ပြေးထွက်သွားပါပြီတည်း ..။

“ဖေဖေ .. ဖေဖေရေ ..”

ထိုသို့ပြေးထွက်မည်လည်းမထင် ..။ တစ်ခုခုတော့ ပြောမည်အထင်ဖြင့် အားလုံးရှိနေရာစဉ်နိုက် ဦးမြမှို ရုတ်ခနဲ ပြေးထွက်သွားတာမို့ တစ်ချက်တော့ ဦးစံဘွားပင် ကြောင်သွားရပါ၏။ ကျေးချို ငို၍ နောက်မှလိုက်တော့ ဦးမြမှို လုံး၀လှည့်မကြည့် ..။

“မနေခဲ့ပါရစေနဲ့ ဖေဖေရဲ့ .. သမီး ငိုရင်း ငိုရင်းနဲ့ .. သေမှာပါ ဖေဖေရဲ့ .. မသွားပါနဲ့ ဖေဖေ ..”

ကျေးချို ငို၍လိုက်လာတော့ ဦးမြမှို တစ်ချက်ရပ်သည်။ အသံကွဲကြီးဖြင့် ..

“ဘာလို့ .. သူ့ကိုဆွဲခေါ်မထားကြတာလဲ ဦးစံဘွား ..”

ဟု အော်လည်းအော် ..။ ရင်ကိုထု၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ဒီရင်ဘတ်ကွဲသွားအောင် ဖေဖေ ထုပစ်လိုက်ရတော့မလား ကျေးချို .. ညည်း ကြာရိပ်မြိုင်မှာ နေလို့မဖြစ်တော့ဘူးလေ၊ နေလို့မဖြစ်တော့ဘူး .. ဒီမှာနေမှဖြစ်မှာ .. နေခဲ့ .."

ဟု ဆက်တိုက်ကြီး စိတ်လိုက်မာန်ပါ ရင်ကိုထုနေတော့ မြကျေးချို လန့်သွားကာ ..

"မလုပ်ပါနဲ့ ဖေဖေ .. မလုပ်ပါနဲ့ .. ဖေဖေ နာကုန်ပါပြီ၊ ဖေဖေ သေတော့မှာပဲ .. မထုပါနဲ့ .. မထုပါနဲ့ .."

ဟု လက်လေးတကာကာဖြင့်ပြောဆိုရှာရင်း ရှေ့လည်း ဆက်မတိုးပံ့ ..။ အဖေနာမှာကြောက်စိတ်ဖြင့် နေရာမှာ ခြေစုံလေး ရပ်ရင်းငိုနေသည်မှ ဆောက်တည်မရပါ ..။ ဦးမြမှိ တစ်ချက်ငြိမ်သည်။ သမီးကို မမှိတ်မသုန်ကြည့်သည်။ တစ်သက်တာအတွက် ကြည့်သည့်အကြည့် ..။ မျက်ရည်များပြိုကျနေရင်း မျက်နှာငယ်လေးဖြင့် အားငယ်ညှိုးဖျော့စွာရှိနေပါသည့် သမီးလေး ..။

ဘိုးအေ ဘွားအေ အိမ်မှာ နေခဲ့ရပါလားဟုမှ မသိနိုင်ပဲလေ ..။

နေရာသစ်မှာ အရာရာ သူစိမ်းများအဖြစ်သာသိလျက် အဖေကို တမ်းရရင်း .. အဖေ့အရိပ်ကို ရှာဖွေရင်း .. သမီးလေး .. ကျန်ခဲ့ရပေတော့မည် ..။

ဩော် .. ချန်ထားရစ်ခဲ့ရချေတော့မည်ကော သမီးလေး ..။

နှလုံးအိမ်သည် .. ရင်မှာ မကျန်တော့သည့်နယ် မွမွကြေချေပြီထင့် ..။



နေရာမှ ခြေကုန်ပြေးထွက်ခဲ့ရစဉ်ခိုက် ဦးမြမှိ၏ ရင်သည် အောင့်တက်လာ၏။

သမီးလေး၏ငိုသံက ကြေကြေကွဲကွဲကြီး နောက်မှာ လိုက်ပါလာနေသဲ ..။

နေရစ်ချေ .. ကျန်ရစ်လေတော့ .. ဖေဖေ့အသက် .. ဖေဖေ့သမီးငယ် ..။

❤○❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

"ဆရာ့ကျေးဇူးတွေ ကျွန်တော်တို့သားအဖအပေါ်မှာ ဆပ်လို့မကုန်အောင်ရှိတာပါ ဆရာ .. ဒါကြောင့် .. ကျွန်တော် ကြာရိပ်မြိုင်မှာ မနေတော့တဲ့အဖြစ်ကို .. ဆရာ့ကို အသိမပေးဘဲထားဖို့ မသင့်တာမို့ ခုလို ဆရာ့ကို လာတွေ့ရတာပါ၊ ကြာရိပ်မြိုင်မှာကျတော့လဲ ဟသာလေးက ရှိနေတော့ .. ဟိုမှာ ပြောလို့ဆိုလို့လဲ ဖြစ်မှာမဟုတ် .. ကျွန်တော်လဲ အဲဒီက ထွက်လို့မရအောင် တားနေမှာလဲ သိတာမို့ .. ဆရာရှိတဲ့အလုပ်ကို လိုက်လာပြီး ခုလို ပြောပြရတာပါ ဆရာ .. ဘာပဲဖြစ်ဖြစ် .. ဆရာ့အပေါ်မှာ ကျွန်တော် ဘာကိုမှလဲ မထိမ်ချန်ချင်တာမို့ .. သမီးလေးရဲ့မိဘရင်းတွေ .. ဘိုးအေး ဘွားအေတွေ ဘယ်သူဘယ်ဝါဆိုတာကအစ .. ဖွင့်ဟဝန်ခံပေးခဲ့ချင်တာလဲပါပါတယ် .. တခြားလူအပေါ်မှာသာ ကျွန်တော် လျှို့ဝှက်ထားချင်ထားမယ် .. ခုလို .. ကျွန်တော် ထွက်သွားတော့မယ့်အချိန်မှာတော့ .. ဆရာ့ကို အဖြစ်မှန်တွေအားလုံး အသိပေးခဲ့ချင်တာမို့ .. ကျွန်တော့်



ဘဝမှာ .. အလွန်ခက်ခဲတဲ့ ဒီစကားတွေကို .. ဆရာ့ကို ပြောပြခဲ့ရတာပါ .. ကျွန်တော်ရဲ့သမီးလေးဟာ ကျွန်တော့် သမီးလေးအဖြစ်ပဲရှိချင်တဲ့ဘဝက ကျန်ခဲ့ရပြီလေ ဆရာ.. သူဟာ ဘယ်သူဘယ်ဝါရဲ့သမီးဆိုတာကို .. ကျွန်တော် .. ဆရာ့ကိုဝန်ခံပေးခဲ့ရမှာပဲလေ .."

ဦးမြိုင်သော် ငြိမ်သက်စွာနားထောင်နေပါ၏။ ရှေ့ကြမ်းပြင်မှာထိုင်ရင်း မျက်လွှာချကာ မျက်တောင်တဖျပ်ဖျပ်ခတ်နေသည့်ကြားမှ မျက်ရည်ထိန်းမရအောင်ကျနေသည့် ဦးမြမိုကိုလည်း မကြည့်ရက်သည့်နှယ် မျက်နှာမကောင်းဘဲ ဖြစ်နေရသည်။

"အစကတည်းက .. သမီးလေးဟာ ကျွန်တော့်သမီးရင်း မဟုတ်ဘူးဆိုတာကိုတော့ ဆရာသိအောင် ကျွန်တော်ပြောပြခဲ့ပြီးသားပါ .. ဒါပေမဲ့ .. အဲဒီတုန်းကတော့ ကျွန်တော့် ညီမလေးကမွေးတဲ့သမီးလေးရယ်လို့ လိမ်ခဲ့မိပါတယ် ဆရာ ဒါကလည်း .. သမီးလေးကို သူစိမ်းရယ်လို့ ဘယ်လိုမှ အမြင်မခံနိုင်လွန်းလို့ပါ .. ဖြူကျော့ဆိုတဲ့ အမျိုးသမီးတစ်ယောက်ဟာ .. ကျွန်တော်နဲ့ ကျွန်တော့်သမီးလေးကို ခွဲတော့မယ်ဆိုတာ သူ့စာရကတည်းက .. ထိတ်လန့်ချောက်ချားနေတဲ့စိတ်နဲ့ .. မိုင်းလီမြို့က ခြေရာဖျောက်ပြေးခဲ့တဲ့ ကျွန်တော်ဟာ .. ဆရာ့ကျေးဇူးကြောင့် .. သမီးလေး ဒီအသက်အရွယ်ရတဲ့အထိ .. သူနဲ့ကျွန်တော် မခွဲမခွာနေခွင့် ရခဲ့ရတာပါ ဆရာရယ် .. ခုတော့ .. ခုတော့ .. ခွဲ .. ကြ .. ရ .. ပြီ .. လေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးမြမှို ကြမ်းခင်းပေါ်ဖောထက်မှာ ကလေးတစ်ယောက်နယ် ငိုချလာသည်။

ရွှေအိုရောင်ပုဆိုးနှင့် ရှပ်လက်ရှည်ဖြူဖြူ သပ်သပ်ရပ်ရပ်ဝတ်စားထားကာ .. သမီးလေးကို သွားရောက်အပ်နှံခဲ့ရှာပါသည့် ဦးမြမှို ..။ ဘယ်တော့မှ ဝတ်ကောင်းစားလှရယ်လို့ မဝတ်ခဲ့ရှာပေမယ့် .. သမီးလေးကို ရွှေမိုးတိမ်ကုန်တိုက်ပိုင်ရှင်ကြီးဖြစ်ပါသည့် ဘိုးအေဘွားအေတို့ထံ ပြန်အပ်ဖို့အသွားမှာကျတော့ .. သမီးလေးမျက်နှာ မငယ်ရအောင် .. ဖခင်တစ်ယောက်အနေဖြင့် သပ်သပ်ရပ်ရပ်လေး၊ အဝတ်မီးပူကျဖြင့် သွားခဲ့ရှာသည်က .. တတ်စွမ်းသမျှ .. တင့်တင့်တယ်တယ်လေး ပြန်အပ်နိုင်စွမ်းအောင်လုပ်ခဲ့ရှာခြင်း ..။ ဒါကို .. ဦးမြိုင်သော် သိနေသည်။ ဒါကြောင့်လည်း ရင်ထဲမှာ ပို၍မချိ ..။ အဘယ်မျှထိ ဦးမြမှိုခမျာ သမီးလေးကို ရင်နှစ်၍ချစ်သည်ဆိုတာ ဦးမြိုင်သော် သိသည်ပဲ ..။ ခုလို .. ကိုယ့်သမီးလေးကို အပြီးအပိုင်ပေးလိုက်ဖို့အတွက် ဝတ်ကောင်းစားလှလေးဝတ်ထားကာ သွားအပ်ခဲ့စဉ်မှာ အဘယ်မျှထိ ဦးမြမှို ရင်တွေ ကြေမြွန်းကြေမွနေရှာမည်တဲ့လဲလေ ..။ စောစောက .. အားလုံးအဖြစ်စုံကို ဦးမြမှို ပြောပြခဲ့သမျှတွေကို နားထောင်ခဲ့ပြီးရပြီ ..။ ခုလည်း ဦးမြမှို ငိုရှိုက်နေသည်ကို မတားရက်နိုင်စွာပဲ ထိထိနိုက်နိုက် ငြိမ်သက်ကြည့်နေရပါသည့်အဖြစ်။ ဟုတ်သည်။

မတားရက်နိုင် ..။ နှလုံးအိမ်တစ်ခုလုံး မွမွကြေနေသည့်သူတစ်ယောက်ကို .. မျက်ရည်သော်မျှ သွန်မချပါနှင့်ဟု တား၍လည်းမရနိုင် ..။ မျက်ရည်ကျနေချေမည်သာ ..။ ဤသူဆင်းရဲ



သက်ကြီးရွယ်ကြီးတစ်ယောက်ထံမှာ .. ထိုသို့ မျက်ရည်ကျခွင့်လေးတော့ရှိခွင့်ပေးသင့်သည် မဟုတ်ပါလား ..။

"ကျွန်တော် .. သမီးလေးကို ဦးစံဘွားရဲ့ကားပေါ်တင်ပေးပြီး အတူ ပုန်းညက်မြိုင်ကို လိုက်သွားရကတည်းကိုက .. ကိုယ့်ရင်ကိုကိုယ်ခင်းပြီးသွားရသလိုပါ ဆရာရယ် .. ဟိုက ပြန်လာတော့လဲ .. ကျွန်တော့်နားထဲမှာ သမီးလေးရဲ့ငိုသံ .. အားငယ်ပါးငယ်နဲ့ ကျန်ခဲ့တဲ့မျက်နှာလေး .. အဖေကို မခွဲနိုင်စိတ်နဲ့ .. ငိုယိုနေတာတွေအားလုံးဟာ .. ကျွန်တော့် ရင်ထဲမှာ .. ရင်ထဲမှာ .. ပါ .. လာ .. ကြ .. တယ် .. ဆရာရယ် .. ကျွန်တော် .. သူ့ကိုထားခဲ့ရပြီ ဆရာ .. ဘစ်သက်လုံး .. သူ့ကိုမတွေ့ရတဲ့နေရာမှာ .. ကျွန်တော် နေသွားရတော့မှာ .."

ဦးမြမှို မျက်ရည်တွေကျနေရင်းမှ မော့ပြောရှာ၏။ တိုင်တည်ရာတစ်ခုအဖြစ် ပြောနေရှာခြင်းဆိုတာကိုလည်း ဦးမြိုင်သော် သိသည်။

ကျနေသည့်မျက်ရည်သည်လည်း ဘယ်သောအခါတွင်မျှ စဲနိုင်တော့မည်မဟုတ်ဆိုတာကိုလည်း သိနေသည်။

"မေမေ့ကြောင့်ဖြစ်ရတာ .. ဒါတွေအားလုံးဟာ မေမေ့ကြောင့်ဖြစ်ရတာ .. ခု .. အလွန်ချစ်တဲ့သားအဖနှစ်ယောက် ရှင်ကွဲကွဲကြရပြီ .. ဒီမျက်ရည် .. ဒီကြေကွဲလောင်မြိုက်မှုတွေဟာ .. ဘယ်လောက်ကြီးမားတဲ့ အရှိန်အဟုန်ကြီးလဲ၊ ဒီဝဋ်ကြွေးကို .. မေမေ .. တစ်နေ့ရင်ဆိုင်ရမှာကို .. သားတစ်ယောက်အဖြစ်နဲ့ .. ငါ .. ထိတ်လန့်လာနေရပါလား၊

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ‥ မဖြစ်ဘူး ‥ ဦးမြမှီကို ‥ ငါ ‥ ဘယ်လိုမှ မျက်နှာလွှဲမထားနိုင်ဘူး ‥ သူ့ရင်ထဲက လောင်မြိုက်မှုကို ငါ ဥပေက္ခာမပြုရက်နိုင်ဘူး ‥ သူတို့သားအဖကို ‥ ပြန်လည်ဆုံစည်းရ ‥ အတူနေကြရတဲ့ဘဝမျိုးကို ‥ ရောက်အောင် ‥ ငါ ကြိုးစားယူရမယ် ‥ ဦးမြမှီဟာ မေမေက ငါတို့ကို စိတ်ဆိုးပြီး သေခန်းရှင်ခန်းဖြတ်သွားတာမျိုးမဖြစ်ရအောင် ‥ သူ့သမီးလေးကို ရွှေမိုးတိမ်ကိုပြန်အပ် ‥ သူက ကြာရိပ်မြိုင်က အပြီးအပိုင်ထွက်ခွာဖို့ အားလုံးရင်ကို အကြေခံပြီး ဆောင်ရွက်ပေးခဲ့ရှာတာ ‥ ကျေးဇူးဆပ်ရှာတာ ‥ ငါတို့အပေါ် မေမေ သေခန်းရှင်ခန်းမဖြတ်နိုင်အောင် သူနဲ့ သူ့သမီးလေးတို့ကို ရင်ကွဲအကွဲခံခဲ့ရှာတာ ‥ ဒီလောက် မွန်မြတ်မြင့်မြတ်တဲ့စိတ်ထားကို ‥ ဘယ်လိုမှ ‥ တခြားသူတစ်ယောက်ထံမှာ ငါ ရနိုင်ဖို့မရှိတော့ဘူး ‥”

ဟု ဦးမြိုင်သော် ရင်ထဲမချိအောင် ခံစားရင်း လိုက်၍ မျက်ရည်လည်လာသည်။ ဦးမြမှီ၏ ဘေးမှာသွားထိုင်သည်။ ရုံးခန်းတံခါးကတော့ စောစောကတည်းက ဦးမြိုင်သော်မှ အတွင်းဘက်မှ ပိတ်ထားပြီးသားမို့ ‥ စကားကို လွှတ်လွှတ်လပ်လပ် ပြောနိုင်နေသည်။

“ဟာ ‥ ဆရာရယ် ‥ ဒီမှာ မထိုင်ပါနဲ့ဗျာ ‥”

ဟု နိမ့်နိမ့်ချချ ခံစားနေပေးတတ်ရှာပါသည့် ဦးမြမှီ ခုလို သူဌေးလည်းဖြစ် ‥ ကျေးဇူးရှင်လည်းဖြစ်ပါသည့် ဦးမြိုင်သော်မှ ဘေးတွင်လာထိုင်တော့ မျက်နှာပျက်လျက် ‥ လက်အုပ်ချီကန်တော့သလိုပြုရင်း ပြောရှာပါ၏။ ခုလို ‥ ဦးမြိုင်သော်မှ ဘေးတွင်



လာထိုင်လိုက်တာကို လက်ခံပေးလိုက်လျှင်ပဲ အပြစ်တစ်ခုကို ဦးမြမှီဘက်က ကျူးလွန်လိုက်သည့်နှယ် ခံယူခံစားထားမှန်း အရမ်းကိုသိသာနေသည်ပါပဲ ‥။

“ဦးမြမှီ ‥ ကျွန်တော့်မှာ သားတစ်ယောက်ရှိတယ် ‥ သားအပေါ်မှာ ဘယ်လောက်ထိချစ်တယ်ဆိုတာ ဦးမြမှီ အသိ၊ အဲဒီလိုပဲ ‥ ဦးမြမှီမှာ သမီးလေးတစ်ယောက်ရှိတယ် ‥ သမီးလေးအပေါ်မှာ ဦးမြမှီ ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်ဗျာ ‥ မေမေ့ကြောင့် ‥ ခုလို ‥ ဦးမြမှီ ဆုံးဖြတ်ပြီးရင်ကွဲခံ ‥ သောကဒုက္ခတွေကို မနိုင်ရင်ကန်ခံ ‥ မချိမဆန့်ခံပြီး ‥ ဒီလိုဆုံးဖြတ် ‥ ဒီကထွက်ခွာတော့မှာကို ကျွန်တော် ဒီတိုင်းလက်ပိုက်ကြည့်မနေနိုင်ပါဘူးဗျာ ‥ လူ့ဘဝဆိုတာ ‥ ဘုရားကသတ်မှတ်ထားတဲ့ အပိုင်းအခြားအတွင်းမှာ ကျွန်တော်တို့နေကြရတာပါ ‥ ဒီလိုနေကြတဲ့အခါမှာ ‥ ဘုရားကြိုက်တဲ့အလုပ်လုပ်ပြီး နေကြရတာက ‥ ဘဝမှာလဲ အဓိပ္ပာယ်ရှိ ‥ ဘဝဟာလဲ တန်ဖိုးရှိပါတယ် ဦးမြမှီ ‥ အဲဒီလို ဘဝမျိုးကို ကျွန်တော် ရချင်ပါတယ် ‥ ဦးမြမှီကလဲ ‥ အဲသလိုဘဝကို ကျွန်တော် ရခွင့်ရှိဖို့အတွက် ‥ ကူညီဖြည့်ဆည်းပေးရပါလိမ့်မယ် ‥ အဲဒါ ဘာလဲဆိုတော့ ကျွန်တော်နဲ့ အတူနေပါ ဦးမြမှီ ‥”

ဟုပြောလာတော့ ဦးမြမှီ ခေါင်းယမ်းရင်းမှ ‥

“ဘယ်လိုမှမဖြစ်နိုင်တော့တာပါပဲ ဆရာရယ် ‥ သမီးလေး ကျွန်တော့်ဆီပြေးလာမှာ ကျွန်တော် သိနေတယ် ‥ သူ ‥ ဟိုမှာ ဘယ်လောက် ချမ်းချမ်းသာသာရှိနေရပါစေ ‥

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ သူ နေနိုင်မှာမဟုတ်ဘူး .. သူ့အဖေနဲ့ အတူနေရမယ် ဆိုရင် .. သမီးလေးဟာ .. ဘာကိုပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်တယ်ဆိုတာ .. ကျွန်တော့်သမီးလေးပဲလေ .. ကျွန်တော် သိပါတယ်၊ ဒါကြောင့် .. သူ .. လိုက်လာရင်လဲ .. ကျွန်တော်နဲ့ မတွေ့ဖို့လိုတယ် .. ဒါမှ .. သူ .. ပုန်းညက်မြိုင်ကို ပြန်သွားရမှာ .. သူ့မှာ ရွေးချယ်စရာလမ်းမှမရှိတော့ဘဲကိုး .. အဖေက .. သူ့ကိုပေးပစ်ခဲ့တဲ့ ပုန်းညက်မြိုင်ကိုပဲ ငို .. ရင်း .. မျက်ရည် .. ကျ .. ရင်း .. ကျွန်တော့်သမီးလေး .. ပြန် .. ပြန် .. သွား .. ရ .. ရာမှာ .."

ဟုပြောရင်း ပြောရင်း အသံတွေတိမ်ကျလာရင်း ဦးမြမှီ ငိုရှိုက်ချလိုက်သည်မှ အသံတွေပွင့်ကျလာရင်းဖြင့်ပါ ..။ ချုံးချုံးချငိုနေသည်က မြင်ရသူရင်ကို ဆို့နေစေသည်ပါပဲ။

"ဟိုမှာ ကျွန်တော်ရှိနေရင် .. သမီးလေး ဟိုကိုလိုက်လာပြီး .. ဟိုမှာပဲဆက်နေမှာ .. သူ့ဘိုးအေတွေလဲ ပြန်ခေါ်လို့ကိုရမှာမဟုတ်ဘူး .. အတင်းပြန်ထည့်လိုက်ရင်လဲ .. ကြာကြာနေမှာမဟုတ်ဘူး .. ပြန်လာမှာ .. ငိုယိုပြီး အဖေနဲ့နေမယ်ပြောမှာ .. ဒီသံသရာလည်နေတာကပြတ်မှာမဟုတ်ဘူး ဆရာ .. ဟိုမှာ ကျွန်တော် ရှိနေရင် .. ဟသ်ာနဲ့လဲ သမီးလေး တွေ့နေတာမျိုးကရှိနေမှာ .. ဘွားစိတ်ဆင်းရဲပါ့မယ် ဆရာရယ် .."

ဟုပြောက မျက်ရည်သုတ်သည်။ လက်အုပ်ချီ၍ ကန်တော့သည်။ သွားတော့မည်ဆိုသည့်သဘောကိုဆောင်ပြီဆိုတာ ဦးမြိုင်သော် နားလည်လိုက်ရပါပြီ ..။



"ကျွန်တော် ပြောချင်တာရှိနေတယ် ဦးမြမှီ .. ဘာကိုပဲ ဆုံးဖြတ် .. ဆုံးဖြတ် .. တစ်ခုကိုတော့ မေ့ထားလို့မရဘူး၊ အဲဒါက ဘာလဲဆိုတော့ .. အချိန်ပဲ .. အချိန်ဆိုတဲ့အရာဟာ .. လူတစ်ယောက်ရဲ့စိတ်ကို ပြောင်းလဲသွားစေနိုင်တယ် .. နောင်တဆိုတာကို ဖြစ်တည်လာစေနိုင်တယ် .. အမှန်တရားကို နားလည်လာစေနိုင်တယ် .. အဲဒီအချိန်ဆိုတဲ့အရာကို ဦးမြမှီ တစ်ချက်လောက်စောင့်ကြည့်ပေးစေချင်တယ်ဗျာ .. မေမေဟာ .. သူ့မြေးကို .. မြကျေးချိုလေးနဲ့ သဘောမဖျူတာပြောခဲ့ပြီးပြီ .. အဲသလိုပြောခဲ့ချိန်တုန်းက .. ဒီလို .. ဦးမြမှီ အလွန်တရာကိုမှ စွန့်လွှတ်ပေးလိုက်တဲ့ဒီအဖြစ်ကြီးက မဖြစ်လာနိုင်ခဲ့သေးဘူးလေ .. မေမေ့ကြောင့် .. ဒီလိုဖြစ်ခဲ့တာကို မေမေ သိရင် .. ကျွန်တော် ပြောရဲတယ် ဦးမြမှီ .. မေမေ နောင်တရလိမ့်မယ် .. အဲဒီအခါမှာ .. မေမေ့အဆုံးအဖြတ်ဟာ .. သိမ်မွေ့နက်ရှိုင်းတဲ့ .. မှန်ကန်မွန်မြတ်တဲ့ အဆုံးအဖြတ်တစ်ခုအဖြစ်ရှိလာလိမ့်မယ် .. အဲဒါကို .. ကျွန်တော် သိနေတယ် .. ဦးမြမှီကိုလဲ ကျွန်တော် တောင်းပန်ချင်တာက .. ခဏလောက်တော့ အဲဒီအချိန်ဆိုတာကို စောင့်ပေးဖို့ပါ .. ကျွန်တော့်ရဲ့စိတ်ရင်းခံကို ဦးမြမှီ သိတယ်ဆိုတာ ကျွန်တော် ယုံကြည်တယ် .. ဘယ်သူ့ကိုမဆို .. စိတ်အေးချမ်းသာဖြစ်စေချင်တာပဲ ကျွန်တော့်မှာရှိတယ် .. ဦးမြမှီကိုကျတော့ ပိုပြီးတော့တောင်မှ စိတ်အေးချမ်းသာဖြစ်စေချင်တယ်၊ မြကျေးချိုလေးလဲ စိတ်ချမ်းသာ .. ဦးမြမှီလဲ စိတ်ချမ်းသာ၊

www.burmeseclassic.com

www.burmeseclassic.com



အိုဗျာ .. ကျွန်တော်တို့အားလုံး စိတ်ချမ်းသာကြတယ်ဆို ရင် .. မကောင်းဘူးလား .. ကျွန်တော် ပြောတဲ့အရာကိုပဲ အကွက်အကွင်းလေးတစ်ခုလိုမှတ်ယူပြီး စိတ်ကူးထဲမှာ ပုံဖော်ကြည့်ပါလား ဦးမြမှီ .. အဲဒီထဲမှာ ပေါ်လာမယ့် ရုပ်ပုံလွှာတွေကို ကြည့်ကြည့်ပါ .. ပထမ ဦးမြမှီတို့သား အဖ .. ဒုတိယ ကျွန်တော်တို့သားအဖတစ်တွေ .. ဒီလူ ငါးယောက်ကိုပဲ ကွက်ကြည့်ပါ .. အဲဒီလူငါးယောက်စလုံး ဟာ .. အခုအချိန်မှာ မျက်ရည်ကျနေကြရတယ်လေ .."

ဦးမြိုင်သော် .. ခပ်တိုးတိုးဖြင့်ပြောသည်။ ပြောသမျှ စကားလုံးတိုင်းကို ဦးမြမှီ နားထဲသာမက ရင်ထဲသို့တိုင်ဝင်သွား နိုင်အောင် ဖျောင်းဖျောင်းဖျဖျပြောယူနေရပါသည့်အဖြစ်။ ဦးမြမှီ ငိုင်နေသည်။ မျက်ရည်လည်းကျနေသည်။

"ဦးမြမှီက သမီးနဲ့ခွဲရလို့ မျက်ရည်ကျနေတယ် .. ကျေးချို လေးက အမေနဲ့ ဖြန်းစားကြီးအခွဲခံလိုက်ရလို့ လူးလဲနေ အောင် ငိုယိုကျန်ရစ်ခဲ့ရပြီ .. သူလဲ .. သူ ငိုနေမှာပဲဦးမြမှီ"

ဦးမြမှီ တင်းမခံသာ ..။ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ငိုနေပါ၏။ ကျောပြင်ကြီးခါနေအောင် ငိုနေခြင်း ..။

"ဆင်းရဲသားတွေမှာ .. အဲဒါပဲ ရွေးချယ်စရာရှိတာကိုး ဆရာရယ် .. ဘာတတ်နိုင်တော့မှာလဲ .. သမီးလေး ငိုနေ မှာသိလို့ ကျွန်တော့်ရင်တွေလဲ ပွက်ပွက်ဆူနေရတာပါဗျာ၊ ဒါပေမဲ့ .. ဘာတတ်နိုင်မှာလဲ ဆရာရယ် .. ကျွန်တော်တို့ သားအဖကြောင့် .. ဆရာတို့ရဲ့အေးချမ်းတဲ့အသိုက်အမြုံ စိတ်သောကမကြုံစေချင်ပါဘူးဗျာ .. အမေနဲ့သား သောခန်း



ပြတ်တာလဲ အဖြစ်မခံရက်ပါဘူးဗျာ .. ခုလဲ .. ကျွန်တော် ဆုရှာကို လာတွေ့တာက .. ကြာရိပ်မြိုင်ကနေပြီး .. စိတ် လက်ဆိုး .. စိတ်လက်တွေနာပြီး ကျွန်တော် မပြောမဆို ထွက်သွားလိုက်တယ်ဆိုတာမျိုး အဖြစ်မခံနိုင်လို့ပါ .. ကျေးဇူးဒီလောက်ကြီးမားတဲ့ ဆရာတို့အပေါ်မှာ ကျွန်တော် က စိတ်လက်ဆိုးထွက်သွားတယ်ဆိုတာမျိုးကိုတော့ အဖြစ် မခံနိုင်လို့ .. ဖြစ်ကျန်တာမခံနိုင်လို့ပါ ဆရာရယ် .."

ဟု အသံတွေ အက်နေရင်းပြောရှာသည်မှ ရှိုက်သံ များဖြင့်ပါ ..။

ကလေးတစ်ယောက် ငိုရှိုက်ရင်း ဝမ်းနည်းပန်းနည်း ပြောနေတာနှင့်တူနေသည်။

"ကျွန်တော် ပြောချင်တာက .. အဲဒါတွေမဟုတ်ဘူးဦးမြမှီ၊ ဦးမြမှီရော .. သမီးလေးရော ငိုနေတယ် .. နောက် .. ကျွန်တော်နဲ့မိုးလဲငိုနေတယ် .. ကျွန်တော့်သား ဟသာဆို တာ .. အရူးလိုဖြစ်နေမှာ .. အဲဒီလူငါးယောက်ရဲ့မျက်ရည် ကို .. ဦးမြမှီ မေ့ထားလိုက်လို့ရမလား .. ကျွန်တော် ပြောရဦးမယ် ဦးမြမှီ .. သေချာနားထောင်ကြည့်ပါဗျာ .. ဦးမြမှီ ကိုယ့်မျက်ရည်ကိုယ် ကျိတ်ခံမယ်ပဲထား .. ကျန် တဲ့သူတွေရဲ့မျက်ရည်ကို ဥပေက္ခာမပြုသင့်ပါဘူး .. အထူး သဖြင့် ကျွန်တော့်သား ဟသာရဲ့မျက်ရည်ကို ကျွန်တော် ကြည့်နေဖို့အင်အားမရှိဘူး ဦးမြမှီ .. ကျေးချိုရဲ့ မျက်ရည် ကို ကျွန်တော် မျက်နှာလွှဲမထားနိုင်ဘူး .. ဒါကို .. နားလည်စေချင်တယ် .. နားလည်ပေးပါဗျာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမြိုင်သော် ပြောနေသည်။ ဦးမြမို့ ခေါင်းယမ်းရင်း ငိုင်နေသည်ပါပဲ ..။

"ခုကိစ္စက .. ချမ်းသာဆင်းရဲဆိုတဲ့ကိစ္စကို အဓိကထား ပြောနေတာ မဟုတ်ဘူး ဦးမြမို့ .. ချမ်းသာခြင်းနဲ့ .. ချမ်းသာအားကိုးနဲ့ .. ယူလို့မရတဲ့အရာဟာ .. ချမ်းမြေ့ခြင်းပဲ၊ အဲဒီချမ်းမြေ့ခြင်းဟာ .. လောလောဆယ်မှာ .. လူငါးယောက်ဆီမှာ မရှိနိုင်တော့ဘဲဖြစ်နေတယ် .. ချမ်းသာတဲ့လူတွေရယ်လို့ ဦးမြမို့ ပြောနေတဲ့ ကျွန်တော့်တို့မိသားစုသုံးယောက်နဲ့ .. ဆင်းရဲပါတယ်လို့ ဦးမြမို့ ပြောနေတဲ့ မိသားစုနှစ်ယောက်ဆီမှာ အဲဒီချမ်းမြေ့ခြင်းဆိုတာ ပျောက်ဆုံးနေတယ်၊ အဲဒါ ဘာကြောင့်လဲသိလား ဦးမြမို့ .. နက်ရှိုင်းမွန်မြတ်တဲ့ မေတ္တာတရားကို .. အဲဒီချမ်းသာခြင်း ဆင်းရဲခြင်းဆိုတဲ့ ပေတံကြီးနဲ့တိုင်းတာ .. အလွှမ်းမိုးခံပြီး .. ဆုံးဖြတ်လိုက်တဲ့ ဦးမြမို့ရဲ့ဆုံးဖြတ်လိုက်မှုကြောင့်ပဲ .. လူကြီးဖြစ်တဲ့ ကျွန်တော်တို့ရဲ့မျက်ရည်ကို ထားလိုက်ပါတော့ .. ဒီအပြစ်မဲ့တဲ့ ကလေးနှစ်ယောက်ရဲ့မျက်ရည် .. ဟသ်ာနဲ့ကျေးမျိုးရဲ့မျက်ရည်ကိုတော့ .. ထည့်မတွက်ဘဲထားဖို့မသင့်ပါဘူး ဦးမြမို့ .. သူတို့နှစ်ယောက်ကို .. ကျွန်တော် .. လက်ထပ်ပေးမယ် ဦးမြမို့ .. ဒါ .. ကျွန်တော့်အဆုံးအဖြတ်ပဲ .. ဒါပေမဲ့ .. ဦးမြမို့ ပြောသလို .. စိုးရိမ်သလိုတွေ ဖြစ်မလာနိုင်အောင် .. မေမေ့စိတ်ထဲမှာ .. အဲဒီတင်းမာတဲ့စိတ်တွေ မရှိတော့တဲ့အချိန်လေးတစ်ခုကို .. ကျွန်တော်တို့ မိဘများ



က .. သားနဲ့သမီးလေးအတွက် .. ဘာလို့ .. စိတ်ရှည်လက်စောင့်ဆိုင်းမပေးနိုင်ကြရမှာလဲ ဦးမြမို့ရယ် .. ဟင် .."

ဟုပြောခိုက် .. ဦးမြမို့ ငိုင်နေသည်။

ငြိမ်နေသည်။ ရင်သည်လှိုက်နေသည်။ မျက်ရည်တွေအဆက်မပြတ်စီးကျနေဆဲ ..။

အခန်းသည် .. ရုတ်ခြည်း တိတ်ဆိတ်ငြိမ်ကျသွားပါပြီ ..။

မည်သူ့ထံမှ .. စကားသံတွေ ပွင့်ကျမလာတော့။

ရှိုက်သံမှတစ်ပါး .. အခန်းသည် .. ဘာဆိုဘာမျှ လှုပ်ရှားမှုမရှိတော့သည့် ငြိမ်သက်ခြင်း၏ အောက်ဝယ် နစ်မြုပ်နေသည်သို့ရှိ၏။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"မောင်လဲ သူ့ကို တတ်နိုင်သမျှ ဖျောင်းဖျတယ် .. နားချတယ် .. တားတယ် မိုးရယ် .. ဒါပေမဲ့ .. ဦးမြမှီဟာ သူ့ ဆုံးဖြတ်ထားတာကို ပြန်ပြီးမပြင်တော့တဲ့သူတစ်ယောက် ဖြစ်နေတယ် .. တကယ်တမ်းကျတော့ .. တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်အရ .. သားချင်းလို မောင်တို့ဘက်ကရော .. ဦးမြမှီကရော .. သဘောထားကြပေမယ့် .. လက်တွေ့ကျတော့ .. ဘာမှ တော်စပ်ကြတာမဟုတ်တာ မို့ .. သူ တကယ်တမ်း ကြာရိပ်မြိုင်မှာ ကျေးချိုကို မထား တော့ဘူးလို့ သူလည်း မနေတော့ဘူးလို့ ဆုံးဖြတ်ထားတဲ့ ကိစ္စကို မပြင်တော့တဲ့အခါမှာ .. မောင် ဘာတတ်နိုင်မှာ လဲ မိုးရယ် .. သူ့သမီးကို သူပိုင်တာမို့ .. သူတစ်ပါးကို ပေးလိုက်တဲ့ကိစ္စကိုလဲ မောင်တို့ ဘာတတ်နိုင်ကြမှာလဲ .. မပေးရဘူးလို့ တားပိုင်ခွင့်ရှိကြတာမှမဟုတ်တာ .."

ညွှန်းသည် ပေမှေ့စကားသံမှတစ်ပါး ဘာမျှ ဝင်မေးသူမရှိလောက်အောင်ပဲဖြစ်နေကြပါသည့်အဖြစ် ..။ မေမေက တော့မျက်ရည်ကျနေသည်။ ခပ်လှမ်းလှမ်းမှာ လာရပ်ရင်း အဖြေ



အနေသိချင်ဇောဖြင့် ရှိနေကြပါသည့် ဒေါ်ကြီးစာနှင့် မမမိလုံးတို့ လည်း မျက်ရည်ကျနေကြသည်ပါပဲ ..။ သူကတော့ဆိုစရာပင် မကျန် ..။ ရင်တစ်ခုလုံး နတ်သိမ်းခံလိုက်ရသည့်နှယ်ဖြစ်နေသည်။ ကြေကွဲခြင်း၊ နာကျင်လောင်မြိုက်နေခြင်းများဖြင့် သောကသည် အင်အားထုကြီးဖြင့် ဖိစီးနေသည့်အဖြစ် ..။

"သြော် .. ဘဘမှီက .. ကျေးချိုကို .. သူများကိုပေးပစ် လိုက်ပြီကိုး .. သူက .. ကျေးချိုလေးကို အဲဒီကားကြီးနဲ့ ခေါ်သွားပြီး .. ဟိုမှာ အပ်လိုက်တာကိုး .. ပြီးတော့ .. ကြာရိပ်မြိုင်ကို ပြန်မလာတော့ဘဲ ဖေဖေ ရှိတဲ့အလုပ်ကို လိုက်သွားပြီး .. ဟိုမှာ အားလုံးပြောပြ .. အဲဒီကပဲ ထွက် သွားလိုက်တာကိုး .. ဘဘမှီ .. အိမ်ကိုပြန်မလာတော့ဘူး ဆိုတာ သေချာသွားပြီပေါ့ .."

ဟု ရင်ထဲဆို့နေလျက် သူ ငိုင်ငိုင်ကြီးရှိနေရရင်းမှ အတွေးတို့သည် ဆောက်တည်ရာမဲ့နေသည့် ရင်ထဲမှ ခံစားမှုအရှိန် ကြီးဖြင့် ယောက်ယက်ခတ်နေသည်။ အရှုံးတစ်ပိုင်းဖြစ်နေသည် ဆိုခြင်းမှာ ဤသို့ပါလားဟု နားလည်လာနေရပါ၏။ ကျေးချိုလေး ကို ဘဘမှီမှ ကားတစ်စီးဖြင့် ခေါ်သွားတာကို သူ အိမ်အပေါ် ထပ်လသာဆောင်မှ မြင်မြင်ချင်း လိုက်တော့လိုက်ခဲ့သည်ပါပဲ။ ကားဖြင့်လိုက်မိရချိန်သည် .. ဘဘမှီတို့ ပါသွားသည့်ကားကို မမီနိုင်တော့သည်မို့ ..။ သူ မျက်ခြည်ပြတ်ကျန်ခဲ့ရကာ အိမ်သို့ ခေါင်းငိုက်စိုက်ဖြင့် ပြန်ခဲ့ရသည်ပါပဲ။

"ငါ .. ငါ .. ဘာလို့ .. ဖေဖေရှိတဲ့အလုပ်ကို လိုက်မသွား ရပါလိမ့် .. အဲဒီကို ဘဘမှီ လိုက်သွားနိုင်တယ်ဆိုတာ

www.burmeseclassic.com



ဘာလို့ မစဉ်းစားမိပါလိမ့် .. အို .. အဲဒီအချိန်တုန်းက .. ငါ သိတာတစ်ခုပဲရှိနေတယ် .. ကျေးချိုကို ဘဘမှီ တစ်နေရာကို ခေါ်သွားပြီဆိုတာပဲသိနေတယ် .. ဒါပေမဲ့ .. ဒါပေမဲ့ .. အဲသလို .. သူများကိုပေးပစ်လိုက်မယ်လို့တော့ ငါ တွေးတောင်မတွေးရက်နိုင်ခဲ့ဘူး .. လုပ်ရက်လိုက်တာ ဘဘမှီရယ် .. သားအဖနှစ်ယောက် တူတူတစ်နေရာမှာ သွားနေလိုက်ကြမယ်လို့ ငါ ထင်ထားမိခဲ့တာ .. အဲသလို ထင်မိခဲ့တာနဲ့တောင်မှ .. ငါ့မှာ ရင်ထဲနေလို့မရအောင် လောင်မြိုက်နေခဲ့ရတာ .. ခုလို .. သူများဆီမှာ နေနေရတယ်ဆိုတော့ .. ငါ .. ငါ .. ဘယ်လိုငြိမ်နေနိုင်ပါတော့မလဲ၊ ငါ့ကျေးချိုလေး သူများအိမ်မှာ .. သူများမျက်နှာကြည့်နေရတော့မှာပဲ .. အစေခံလိုများ ထားကြမလားမသိဘူး .. ဘာလို့ .. ဘာလို့ .. ဘဘမှီက .. ကိုယ့်သမီးကိုများ ပေးပစ်လိုက်ရတာလဲ .. ဘဘမှီ .. ကျေးချိုကို ဒီလောက်ချစ်တာ ငါ အသိပဲ .. ခုလို .. ဘာလို့ ပစ်ပစ်ရက်ရက်ကြီး ရုတ်ခနဲ ပေးပစ်လိုက်ရတာလဲ .."

ဟုနားမလည်နိုင်လောက်အောင်လည်း ဘဘမှီအပေါ် ဖြစ်ရ ..။ ကျေးချိုလေးအတွက် စိတ်ပူနေမိရ ..။ ကျေးချိုမျက်နှာငယ်မှာကို ချောက်ချားပူပန်စွာနေရနှင့် ရင်သည် နေမထိထိုင်မသာဖြစ်နေရပြီ ..။

တော်ရုံဝေဒနာ မဟုတ်ပါလားဟု ကိုယ့်ဝေဒနာကိုယ် သိနေရပေမယ့် ဖြေဖြေနိုင်အောင် လမ်းရှာမတွေ့ ..။ မျက်ရည်သာကျလာလျက် ဖေဖေ့ကိုကြည့်မိကာ ..



"ဖေဖေ ရအောင်တားလိုက်တာမဟုတ်ဘူးဗျာ .. ခုတော့ ဘဘမှီရော .. ကျေးချိုရော .. တစ်ယောက်မှစိတ်ချမ်းသာကြရမှာမဟုတ်ဘူး .."

ဟုပြောကာ ကမူးရှူးထိုးထရပ်သည်။ သူ .. အဘယ်မျှထိ ကျေးချိုကို ချစ်သည်ဆိုတာ လျှို့ဝှက်ထားစရာမှ မလိုတော့သည်ပဲလေ ..။ အားလုံးရှေ့မှာ သူကိုယ်တိုင် ကျေးချိုလေးကို လက်ထပ်လိုပါကြောင်း လက်စွပ်လေး ဝတ်ပေးရင်းပြောခဲ့ဖူးပြီးပြီမဟုတ်ပါလား ..။ ကျေးချို မရှိတော့ခြင်းသည် .. သူ့ဘဝမှာ .. ဆိုးဝါးသောခြောက်သွေ့အထီးကျန်ခြင်း ဖြစ်နေသည်ဆိုတာကိုလည်း သူ ဘာလျှို့ဝှက်ခံစားနေစရာမလိုအပ်တော့သည်ပဲ ..။

မျက်ရည်ကို ထိန်းနေဖို့လည်းမလို ..။ မခွဲနိုင်တာကိုလည်း ထိန်းသိမ်းထားနေဖို့မလို ..။ မျက်ရည်ကိုလည်း သွန်ကျခွင့်ပေးလိုက်မိသည်ကိုက .. ချစ်ခေါဖြင့်လာဆောင့်နေသည့် ဝမ်းနည်းကြေကွဲရှိန်ကြီးကြောင့်ပါ ..။

"ဘယ်သူ့ဆီမှာ ကျေးချိုကို ပေးခဲ့လိုက်တာတဲ့လဲ ဖေဖေ .. သား .. ကျေးချိုကို ပြန်သွားတောင်းလာခဲ့မယ် ဖေဖေ .. သူ့ကို .. သူများဆီမှာ သား မထားနိုင်ဘူး .. သူ့ကို ဘဘမှီ ပေးခဲ့တာ သား ဂရုမစိုက်ဘူး .. သား ပြန်သွားတောင်းမယ် .. သူဟာ .. သူဟာ .. ဟင်္သာရဲ့ ကျေးချိုပဲ ဖြစ်တယ် ဖေဖေ .. ဟင်္သာရဲ့ကျေးချိုပဲ .. သူ မရှိရင် .. သား .. နေလို့မတတ်ဘူး ဖေဖေ .. ဟင်္သာ ရူးလိမ့် .. ရူးရမှာ .."

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော ..။ မျက်နှာထက်မှာ ပြတ်သားရိုပ်တွေက ခေါင်းမာခြင်းများဖြင့် ချက်ချင်း ထင်လာလျက် မတ်မတ်ကြီးရပ်ကာ ဖေဖေ့ကို သူ ကြည့်သည်။

"ကျေးချိုကို ဘယ်သူ့ဆီပေးခဲ့တယ်ဆိုတာ .. ဖေဖေ မေးပေမယ့် .. သားရဲ့ ဘဘမိုက ပြောမပြဘူးလား .."

ဟုဖြေတော့ သူ ခေါင်းခါသည်။ လက်မခံနိုင်သလိုကြီး ..

"ဘဘမို မတရားဘူး ဖေဖေ .. သူတစ်ယောက်တည်း ကျေးချိုကို ပိုင်တယ်ဆိုပြီး လုပ်သွားတာ .."

ဟုပြောကာ ခြေလှမ်းကြဲကြီးဖြင့် ခြံထဲဆင်းလာခဲ့သည်ကိုက လုပ်မိလုပ်ရာဆန်နေသည်။ ဘယ်လိုလိုက်ရမှန်းလည်းမသိ ..။ ဘယ်မှာရှိနေမှန်းလည်းမသိ ..။ ကျေးချိုလေး အဘယ်မျှထိအားငယ်နေရှာမည်လဲဆိုတာက ရင်ကို လာဆောင့်နေသည်။

"ဖေဖေ အလုပ်သွားလိုက်ပြီးမှ ဘဘမို အိမ်ကထွက်တာ၊ ငါ .. ဘဘမိုကို စောင့်ကြည့်နေတာပဲ .. ဒါပေမဲ့ .. အဲဒီတုန်းကတော့ ကျေးချိုကို အိမ်လေးမှာချန်ခဲ့တာမို့ .. ကျေးချိုကို ခေါ်သွားမှာတစ်ခုတည်း လန့်လန့်နေတဲ့ငါ .. ကျေးချို ကျန်ခဲ့တာပဲဆိုပြီး တစ်ချက်သတိလစ်သွားမိတာ၊ မှားခဲ့တာပါပဲလား .. ဘဘမို ကားနဲ့ပါလာတာကို .. ငါ ပထမတော့ သတိမထားမိဘူး .. ကားတစ်စီးဝင်လာ .. လေးလေးညို ခြံတံခါးဖွင့်ပေးတာပဲ မြင်လိုက်မိတာ .. ကားက .. ရပ်လည်းရပ် .. ကျေးချိုကို ဘဘမို ခေါ်လဲခေါ်ချသွားတော့ .. ငါ ပြေးဆင်းလာရင်း လိုက်တားပေ



မယ့် မမှီခဲ့ဘူး .. ကားရှိရာပြန်ပြေးလာ .. ပြန်ပြီးနောက်ကလိုက်တော့လဲ မမှီတော့ဘူး .. ခု .. ခု .. ဘယ့်နှယ်လုပ်မလဲ .. ကျေးချိုကို သူများပေးပစ်လိုက်ပြီတဲ့ .. ဟိုမှာ ဘယ်လိုများနေရရှာမလဲမသိ .."

ဟု သူ တောက်လျှောက်တွေးသည်။ ရင်သည် ထိန်းမရအောင် လှိုက်ခါရှုပ်ထွေးနေပြီ ..။ မှန်းကျပ်လောင်မြိုက်ခြင်းသည် ချစ်ဖောဖြင့် တစ်ကိုယ်လုံးကို ဆုပ်ခဲထားသည်သို့ရှိသည်။ လေးလေးညိုခမျာမှာလည်း သစ်ရိပ်အောက်မှာ ငုတ်တုတ်လေးငြိမ်သက်၍ မျက်နှာမလန်းပဲထိုင်နေရှာသည်ပါပဲ ..။ လေးလေးညိုကို သူ တစ်ချက်အပြစ်တင်ကြည့်ဖြင့်ကြည့်မိသည်ကိုက ကျေးချိုလေး ပါသွားရခြင်းမှာ လေးလေးညို အူကြောင်ကြောင်ဖြင့် ကားကြီးအပြင်ထွက်နိုင်အောင် ခြံတံခါးကို ဖွင့်ပေး၍မဟုတ်ပါလား။ ဘဘမိုက ခြံတံခါးဖွင့်ပေးဖို့မှာခဲ့တာမို့ ဖွင့်ပေးခြင်းပါတဲ့ ..။ ဤမျှအကင်းမပါးရကောင်းလားဟု လေးလေးညိုကို သူ ရန်တွေ့ခဲ့သည်က .. ကျေးချို ပါသွားသည့်ကားကို မမီနိုင်ဘဲ ခြေကုန်လက်ပန်းကျ၍ ပြန်လာခဲ့စဉ်ကတည်းပါတည်း။ ခုကျတော့လည်း လေးလေးညိုကိုလည်း ထပ်၍ အပြစ်စကားလည်းမပြောချင်တော့။ ပြော၍လည်း ဘာထူးလာနိုင်တော့မည်မို့လဲလေ ..။ ခု .. ဖေဖေ အလုပ်ကပြန်လာတော့မှ .. အဖြစ်စုံပြောပြလိုက်ပြီမို့ .. ဤကြာရိပ်မြိုင်ဆီသို့ ဘဘမိုလည်း ဘယ်သောအခါတွင်မှ ပြန်လာတော့မှာမဟုတ်တော့သည့်နှယ် .. သူ၏ ကျေးချိုလေးသည်လည်း ဒူးတစ်ပါးထံမှာ အမြဲတမ်း နေသွားရချေတော့မည်ဆိုတာ သေချာနေရပြီပဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းလာပြီမို့ သူ ပို၍ မျှော်လင့်ချက်တွေ ခန်းခြောက်စပြုလာသည်။ ပို၍ နေမထိထိုင်မသာဖြစ်လာရပြီ ..။ စိတ်တွေ ပို၍ ရှုပ်ထွေးနောက်ကျိုလာနေပြီ ..။ တကယ့်ကိုပဲ ဘဘမှီသည် ဤအရပ်ကို ချန်ထားခဲ့ချေပြီတကား ..။ တကယ်က ဘဘမှီများ ပစ္စည်းပစ္စယလေးတွေ ပြန်လာသိမ်းချေမည်လား ဆိုသည့် အတွေးဖြင့် ကြာရိပ်မြိုင်မှ ဘယ်ကိုမှ မခွါဘဲ တောက်လျှောက်စောင့်နေသည်က .. သူ .. ကျေးချိုလေးပါသွားသည့်ကားနောက်သို့ လိုက်ပါသွားလျက် မဓိဘဲ ပြန်လာရစ်ခဲ့ကတည်းက ဆုပ်ခဲထားမိရာ မျှော်လင့်ချက်မျှင်မျှင်လေးဖြင့်ပါတည့် ..။

"ဟုတ်တယ် .. မျှော်လင့်ချက်မျှင်မျှင်လေး .. ဘဘမှီဟာ ကျေးချိုကို တစ်နေရာမှာ အရင်သွားထားပြီး .. ခဏ ဒီကိုပြန်လာမယ် .. ပစ္စည်းတွေတော့ လာသိမ်းနိုင်တယ်လို့ ထင်မိတာ .. တကယ်တမ်းကျတော့ .. ခုထိကို .. ပြန်မလာတော့တာပါပဲလား .. လုံးဝကို မျက်ခြည်ပြတ်သွားတာပါပဲလား"

ဟုတွေးကာ ကျေးချိုလေးတို့သားအဖ နေထိုင်ခဲ့ရာ တစ်ထပ်ပျဉ်ထောင်တန်းလျားလေးဆီသို့ လျှောက်လာမိရပါ၏။ အိမ်လေးကတော့ ခုထိ ဘာမှ မသိရသေးသည့်နှယ်ပင် တံခါးလေးတွေ ပြတင်းလေးတွေ ဖွင့်ကျန်ခဲ့လျက်သားဖြင့် .. သူ၏ သခင်တွေ ပြန်လာမည့်အချိန်ကို မျှော်နေသည့်နှယ်ပါတကား ..။ ပြတင်းခန်းဆီးလေးတွေက ပန်းနုရောင်လေးတွေဖြင့် တလွင့်လွင့် ..။ ဝရံတာရှေ့နေရာလေးမှာ အလှစိုက်ထားသည့် မြေစိုက်သစ်ခွပန်းအိုးလေးတွေဆီမှ မိုးဆီသို့ ထိုးထောင်မျှော်ကြည့်ရင်း ပွင့်ဝေနေပါ



သည့် ခရမ်းရောင်ပန်းပွင့်လေးတွေကလည်း ခါတိုင်းနေ့များနှယ်ပင် လေအနွဲ့မှာ တလှုပ်ခတ်ခတ်ဖြင့်ရှိနေမြဲ ..။ အိမ်လေးပေါ်သို့ သူ ခြေလှမ်းနှေးနှေးဖြင့် တက်လာမိသည်။

ညှိခန်းလေးသည် ဆိတ်ဆိတ်ငြိမ်ငြိမ် ..။ ဘုရားစင်သည် ပန်းပူဇော်ထားပါသည့်နှင်းဆီများ တဝေရဝေဖြင့်ရှိနေသည်။ ညှိခန်းလေးသည် ခါတိုင်းနေ့များနှယ်ပင် သပ်သပ်ရပ်ရပ် ..။ အခန်းထောင့်နေရာလေးမှာ စာအုပ်စင်လေးရှိနေလျက် ..။ ညာဘက်နေရာလေးမှာ ဆက်တီတစ်စုံသည် ကျေးချို၏ အလှထိုးထားသော ပန်းထိုးလက်ရာကုလားထိုင်စွပ်နှင့် စားပွဲခင်းလေးဖြင့် သန့်သန့်လွှင်လွှင်လေးရှိနေသည်။ စားပွဲလေးထက်မှာ အဖြူရောင် နှင်းဆီပန်းနှစ်ပွင့်ထိုး ဖန်ပန်းအိုးငယ်လေးသည် လန်းဆတ်သော ပန်းဖွင့်လေးနှင့် အတူရှိနေဆဲ ..။ ဩော် .. ဤပန်းအိုးလေးမှာ ပန်းလေးတွေ ညှိုးသွားချေလျှင်ဖြင့် ပန်းသစ်လေးတွေ လဲလှယ်ပေးချေမည့် ကျေးချိုလေး၏ လက်ဖျားဆီမှ ပန်းလှလှလေးတွေ မေးကိုင်ပန်းအိုးထိုးတာကို ခံရဖွယ်မရှိတော့ပြီဆိုတာ .. ဤအိမ်လေးမှာ ရှိနေပါသောပစ္စည်းလေးတွေ သိနိုင်ကြချေသေးမှာမဟုတ် ..။ သပ်သပ်စီထောင်ထားသော စာအုပ်စင်လေးဆီမှ စာအုပ်လေးတွေသည်လည်း ကျေးချိုလေး၏ လက်လေးတွေဖြင့် ထိတွေ့ခွင့်ရချေတော့မည်မဟုတ် ..။

ဩော် .. သူသည်ရော ..။ သူသည်လည်း .. ဘယ်သောအခါတွင်မှ ကျေးချိုလေး၏ စကားသံလေးတွေကို မကြားနိုင်တော့ပြီ ..။ ကျေးချိုလေး ကျွေးပါသည့် အစားအစာလေးတွေကို စားခွင့်မရှိသာတော့ပြီ ..။ ကျေးချိုလေးအတွက် ပန်းဆင်ဖို့ရာ

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ကုံးလေးတွေကို သူ သိချေလျှင်သော်မှ .. ပန်ဆင်မည့် ကျေးချိုဆိုသည့် သူ့မြတ်နိုးရပ်လေးသည် မရှိချေတော့ပြီတည့်။

ခြောက်သွေ့အထီးကျန်ခြင်းဆိုသည့် ဝေဒနာသည် အဘယ်မျှထိ ရင်ကို ပြင်းပြင်းထန်ထန် နှိပ်စက်ကြချေသည်ဆိုတာ ခုမှ သူသိလာရသည်။ ကျေးချို မရှိတော့ခြင်းသည် .. သူ့ဘဝကို ဘယ်သောအခါတွင်မျှ အေးမြချမ်းမြေ့ခြင်းဆိုသည့်အရာတွေ မရရှိနိုင်ချေတော့သည့် အဖြေတစ်ခုကို ထုတ်ပေးလိုက်သည့်နယ်ရှိ၏။ မီးပိုဆောင်ငယ်လေးဆီသို့ သူ ရောက်တော့ အားလုံးသည် ခါတိုင်းနယ်ပင် သပ်သပ်ရပ်ရပ် ..။ ပန်းကန်စင်လေးမှာ ပန်းကန်လေးတွေရှိနေသည်။ ထမင်းအိုးလေးသည် အနွေးငွေ့အနည်းငယ်ကျန်နေသေးလျက် မီးခဲနုပ်မီးဖိုလေးထက်မှာရှိနေဆဲ။ ဟင်းအိုးလေးတွေကို သူ ဖွင့်ကြည့်မိသည်။ ငါးအိုးကပ်ချက် ..။ ချဉ်ပေါင်ရွက်နှင့် ကန်းစွန်းရွက်ဟင်းရည် ..။ အုတ်ငယ်လေးတစ်ခုမှာ စားရုံအသင့်ရှိနေသည့် သစ္စာသီးစိတ်လေးတွေရှိနေ၏။ ပန်းကန်လုံးငယ်လေးထဲမှာကျတော့ ပုဇွန်ခြောက်နှင့် ပါးပိမီးဖုတ်လေးကို ငရုတ်သီးစိမ်းမီးဖုတ်ထောင်းထားတာလေးမှာ ဆီလေးဆမ်းထားလျက်ဖြင့်တွေ့ရသည်။ ဩော် .. သားအဖနှစ်ယောက် ထမင်းပင် စားမသွားဖြစ်ခဲ့ရှာ ..။ ကျေးချိုလေးသည် ဖခင်နှင့်အတူ ထမင်းစားဖို့စောင့်နေရင်းမှ .. ကားပေါ်အတင်းခေါ်တင်သွားတာကို ကြုံခဲ့ရရှာချေသည်တကား ..။ ကားပေါ်မှာ မျက်ရည်ကျနေရင်း နောက်ကို တလှည့်ကြည့်ကြည့် ပါသွားတာကို အချိန်တိုလေးမျှသာ သူ မြင်ခဲ့ရသည်မဟုတ်ပါလား ..။ ကားနောက်သို့ သူ ပြေးလိုက်မိခဲ့သေးသည်ပဲ ..။



"ခွင့်လွှတ်ပါ ကျေးချိုရယ် .. ကိုကို .. မင်းလေးကိုမီအောင် မလိုက်နိုင်ခဲ့ဘူး .. မမီနိုင်ခဲ့ဘူး ကလေးရယ် .."

မီးပိုဆောင်၏ နံရံလေးမှာ ခေါင်းကို ဖေးမှီရင်း သူ ရပ်နေရာမှ စတင်၍ မျက်ရည်တွေကျလာသည်။

စားပွဲဝိုင်းလေးချ၍ မုန့်ဟင်းခါးပွဲလေးပြင်ပေးတတ်ပါသော ..။ ဩော် .. သူ့အတွက် မုန့်ဟင်းခါးထဲမှာ ထည့်စားဖို့ အီကြာကွေးလေးကို ဝယ်ထားတတ်ပါသော .. ထိုသို့ဝယ်ခဲ့ရပါမို့လားဟု သူ ဆူလျှင်လည်း တုံ့ပြန်၍ စိတ်ကောက်ပြတတ်ပါလေသော မြကျေးချိုသည် .. ယခုတော့ .. သူ့အပါးဝယ် မရှိတော့ပြီ ..။ ထိုကျန်ရစ်ခဲ့ပါချေသော အတိတ်ကာလလေးများကို အစဉ်သဖြင့် တမ်းတလွမ်းဆွတ်နေရလျက် .. အထီးကျန်စွာ အသက်ရှင်သွားရမည့်အရေးသည် .. သူ့ကို အနှိပ်စက်ဆုံးဖြစ်နေသည်။ ရပ်တည်ရာမရဖြစ်နေသည်။

သူ .. သူ .. မြကျေးချို မရှိဘဲ ဘယ်လိုမှ ဘဝကို ဖြတ်သန်းနိုင်မှာမဟုတ်တာကို သိနေသည်။ ချစ်လိုက်တာ ကျေးချိုရယ် .. ဟု ရင်သည် ဖျစ်ဖျစ်မြည်မျှ အော်နေသည်သို့ရှိ၏။ ပူတယ်လေဆယ်နေကဲ .. ဆိုသည့် စကားကို သူ ကြားခဲ့ရဖူးစဉ်တုန်းက ပိုလိုက်တာ .. ဟုထင်ဖူးသည်။ ခုကျမှ .. ထိုဆယ်နေထက်ပိုကဲနေသည့်အရာထက်ပင် ပိုဆိုးနေသည့် ဝေဒနာက ရင်ထဲမှာ ဆိုးဝါးပြင်းထန်လွန်းစွာရှိနေပြီ ..။

ညနေစောင်း နေခြည်ဖြာကျနေရာ မီးပိုဆောင်ငယ်လေးထဲမှာ သူသည် ခြေထောက်တွေ စင်းတန်းထားလျက် ကြမ်းပြင်ကိုမှီကာ အရုပ်ကြိုးပြတ်ထိုင်နေမိရဆဲ ..။ ထိုအခိုက် ခြေသံ

www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်မို့ ခေါင်းထောင်လာ၏။ ဤခြေသံ ..။ ဟုတ်သည်။ အလျှင်စလိုလေး ပြေးတက်လာသောခြေသံ ..။ ဤခြေသံကို သူ မမှားနိုင် ..။ တစ်ခုခု အလောတကြီးလေး ရှိလိုက်ချိန်များမှာ ကျေးချိုသည် ဤသို့လှေကားထစ်လေးတွေကို အလောတကြီး နင်းဖြတ်၍ ပြေးတက်လာတတ်ချေသည်ပဲ ..။ ကမန်းကတန်း စိတ်ဆောင် ကျုံးထလိုက်သည်က အင်အားကြီးမားသော ဆွဲထူလိုက်မှုကြီးတစ်ခုကို ရလိုက်သည့်နှယ်ပါ ..။ သူ .. ချက်ချင်း ခြေလှမ်းကျဲကြီးဖြင့် ဧည့်ခန်းဆီသို့ စိတ်လှုပ်ရှားစွာပြေးလာမိရပြီ။ အို .. ထကယ်ပဲ သူ၏ ကျေးချိုလေးသည် ဧည့်ခန်းဆီသို့ ပြေးဝင်လာသည့်နှင့် ရင်ဆိုင်တိုးလိုက်ရချေသည်တကား ..။

သူ .. ဘယ်လိုမှ ဟန်မဆောင်နိုင် ..။ ရင်သည် .. ချစ်ခြင်းတစ်ခုတည်းဖြင့် ပြည့်ဝနေလျက် .. မခွဲနိုင်ခြင်းဖြင့် လှုပ်ရှားနေချေသည်မို့ .. ကျေးချိုရှိရာသို့ အလောတကြီးနိုင်စွာရောက်လည်းရောက်သွားရ ..။ မခွဲနိုင်သည့်စိတ်ဖြင့် ချစ်ရသူလေး၏ ကိုယ်လေးကို ကျစ်နေအောင် သိမ်းပွေ့ထားမိရင်းမှ ..

"ကျေးချိုရယ် .. ကိုကို .. ရူးနေပြီ .. ရူးနေပြီကွာ .."

ဟု နှုတ်မှ ခပ်သဲ့သဲ့ညည်းညူသလိုပြောနေမိရပါ၏။

ကျေးချိုသည်လည်း ဘာထူးချေမည်တဲ့လဲလေ ..။ စိတ်စောဆောင်လျက် ဧည့်ခန်းလေးဆီသို့ ပြေးအဝင်မှာ ကိုကို တစ်ယောက် မီးဖိုဆောင်လေးဆီမှ ဧည့်ခန်းဆီသို့ စောနှင့် ပြေးလာနေတာကိုကြုံသည် ..။ ပြီးတော့ .. ပြီးတော့ .. ကိုကို့မျက်နှာထက်တွင် .. ကျေးချိုလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်သည့် အရိပ်တွေပြည့်သိပ်နေရာယှလာကြလျက် .. ချက်ချင်းကြီးလည်း



လျှောက်လာ ..။ ကျေးချို၏ ကိုယ်လေးကိုလည်း သိမ်းကျုံးပွေ့ထားစဉ်ခိုက် ..။ ကျေးချို၏လက်လေးတွေကလည်း ကိုကို့ကျောပြင်ကြီးကို ဘယ်လိုမှ ဟန်ဆောင်မရနိုင်ဘဲ ပြန်လည်သိမ်းပွေ့တွယ်ငင်ထားလိုက်မိရပါပြီတည့် ..။ ဤမျှ ကြေပြုန်းနေသည့်ရင်။ ဤမျှ မခွဲနိုင်သည့်စိတ်များဖြင့် ချစ်ခြင်းဆိုသည့်ခံစားချက်၏ ရှေ့မှောက်မှာ ဝန်ခံနေပြီးသည့်သူ နှစ်ယောက်အနေဖြင့် .. ဘာကို ဟန်ဆောင်နေကြဖို့ လိုပါချေမည်တဲ့လဲ ..။ အချစ်ကို ဝန်ခံလိုက်ခြင်းမှတစ်ပါး .. အခြား .. ထိုထက်မြင့်မြတ်ရိုးသားခြင်းဆိုသည့် အရာ ရှိနိုင်စွမ်းပါမည်တဲ့လဲ ..။

"ကျေးချို .. ကျေးချို ပြန်လာတယ်နော် .."

မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးညှပ်ပင့်မော့မိရင်း အသံတွေတုန်ခါနေလျက် သူ မေးသည်။ မေးသူ၏ မျက်ဝန်းမှာ မျက်ရည်တွေလည်နေသည့်နှယ် မော့ကြည့်နေပါသည့် ကျေးချို၏မျက်ဝန်းမှာလည်း မျက်ရည်တွေ ဝေနေချေသည်တည့်။

"ကျေးချို .. ဖေဖေ့ဆီကို လာတာ .. ဖေဖေနဲ့ .. ကျေးချို မခွဲနိုင်ဘူး ကိုကိုရယ် .. ပြီးတော့ .. ပြီးတော့ .."

ကလေးလေးနှယ် ကျေးချို ငိုနေတာပဲရှိနေသည်။ ငိုချင်နေတာပဲသိနေသည်။ ရှိုက်သံတွေရောထွေးနေလျက်မှ ကိုကို့ရင်ခွင်မှာ ကျေးချို ခေါင်းလေးကို အားကိုးစွာဖေးမှီထားမိရင်းမှ ..

"ကိုကို့ကိုလဲ ကျေးချို မခွဲနိုင်ဘူး ကိုကို .."

ဟု ဖြေရှာပါ၏။ သူကလည်း ကျေးချို မျက်နှာလေးကို မေးမော့ကာ ဆံစလေးတွေကို သပ်တင်ပေးနေမိသည်မှ ကရုဏာလည်းဖြစ်ရ .. ချစ်လည်း ချစ်မြတ်နိုးရစိတ်ဖြင့်ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကတော့ .. ဘယ်သူ့ကိုမှအလျှော့မပေးဘူး ကျေးချို.. ကျေးချိုကို အခု ခေါ်ထားတဲ့သူတွေကိုလဲ အလျှော့မပေးဘူး .. ဘဘမှိုကိုလဲ အလျှော့ပေးဘူး .. ဘွားကိုလဲ အလျှော့မပေးဘူး .. ကျေးချိုဟာ ကိုကို့ကျေးချိုပဲ ဖြစ်ရမယ် .. ဘယ်သူ့လက်ထဲမှလဲ မပေးဘူး .. မထည့်ဘူး .."

ဟု ပြတ်ပြတ်သားသားပြောကာ ကျေးချိုကို ပခုံးလေး မလွှတ်စတမ်း ထွေးပိုက်ထားရင်း မီးဖိုဆောင်လေးဆီသို့ ခေါ်လာသည်။

"ကိုကို .. ဒီမှာ ဘယ်လောက်တစ်ယောက်တည်း ဆောက်တည်ရာမဲ့ဖြစ်နေတယ်ထင်သလဲ ကျေးချို .. အားလုံးဟာ တမ်းတစရာတွေချည်းပဲဖြစ်နေတယ် .. ထမင်းစားပွဲဝိုင်းလေးကိုကြည့်ရင်း .. ကိုကို ကျေးချိုနဲ့တူတူ စားသောက်ခဲ့တာတွေကို ပြန်တမ်းတနေမိတယ် .. ငိုနေမိတယ် ..ကိုကို ငိုတာကို မဖုံးကွယ်ချင်ဘူး ကျေးချို .. ချစ်လို့ကျတဲ့ မျက်ရည်စက်ဆိုတာ .. အလွန်ဖြူစင်တယ်သိလား .. အဲဒီဖြူစင်တဲ့အဖြစ်ကို ဘာမှ ဖုံးကွယ်ထားစရာမလိုဘူး .. ကဲ .. ကိုကိုတို့ ဒီမှာပဲ ထမင်းတူတူစားကြရအောင် .. ကိုကို သိတယ် ကျေးချိုလေးလဲ ဘာမှစားနိုင်မှာမဟုတ်ဘူး .. ကိုကိုလဲ ဘာမှကိုမစားနိုင်ဘူး .. လာ .. လာ .. ဒီမှာထိုင် .. ကိုကို နူး‌ႇပျူးမယ် .. ကျေးချိုလေး မျက်နှာကို နွမ်းနေတာ စိတ်ပင်ပန်းလှရောမယ် .. နားနေနော် .."

ဟုပြောပြောဆိုဆို ..။ ချစ်ရသူလေး ထမင်းစားစေချင်စောဖြင့် သူစားပွဲဝိုင်းကိုချခိုက် ကျေးချိုဟိုဟိုသည်သည်ကြည့်သည်။



"ဖေဖေလဲ မစားရသေးဘူးထင်တယ် ကိုကို .. ဖေဖေရော.. ကျေးချိုတို့ .. ကြာရိပ်မြိုင်ညှော်ခန်းမှာ ရောက်တော့ .. ဘိုးဘိုးစံနဲ့ ဘွားနုတို့က .. ဘဘမြိုင်နဲ့အန်တီမိုးတို့ကို .. ဖေဖေနဲ့ပတ်သက်ပြီး‌ မေးမရဘဲဖြစ်နေလို့ .. ကျေးချို ဒီကို ပြေးလာတာ .. ကိုကိုကလဲ ကြာရိပ်မြိုင်အိမ်ကြီးထဲမှာ မရှိနေဘူးလေ.. ဖေဖေ့ဆီမှာ တူတူရှိနေတယ်လို့ထင်လို့ လိုက်လာတာ .."

ဟု ပြောတော့ သူ ငိုင်ခနဲ ဖြစ်၏။ နူးခပ်လုထမင်းဝန်းကန်ကို ဆက်မခူးဖြစ်ဘဲ အသာပြန်ချလိုက်မိရပါပြီ။ ဘာကို သူ ပြောရမည်မသိ ..။ အနေအဖြောခက်ခြင်းဆိုတာကို ခုမှ သူကိုယ်တွေ့ကြုံနေရပြီ ..။ ဘဘမှို မရှိတော့တာကို ဖေဖေ့နှင့်မေမေ တို့လည်း အပြောခက်နေကြပုံရပါ၏။ ပြီးတော့ .. ကျေးချို ပြောသည့်စကားထဲမှာ ပါလာသည့်အမည် ..။ ဘိုးစံနှင့် ဘွားနုတဲ့ လားလေ ..။

"ဘယ်သူလဲ ကျေးချို .. ဘိုစံနဲ့ ဘွားနုဆိုတာ .."

"ဖေဖေ ပို့ခဲ့တဲ့အိမ်က ဘိုးနဲ့ဘွားပါ ကိုကို .. သူတို့က ကျေးချိုကို သိပ်ပြီးဂရုတစိုက်နဲ့ရှိကြတယ် .. ချစ်လဲချစ် လွန်းနေကြတယ် .. သူတို့နဲ့ ကျေးချို တစ်ခါဖူးမှမဆုံကြ မသိကြပါဘူး ကိုကို .. ခု .. ဒီနေ့ .. နေ့လယ်မှာ ဖေဖေ အဲဒီ ပုန်းညက်မြိုင်အိမ်ကြီးကို ခေါ်သွားပြီး ဘိုးစံဆီမှာ ကျေးချိုကို အပ်ခဲ့ပြီး အတင်းပြန်သွားတော့ ကျေးချို ငိုယိုကျန်ခဲ့တာပါ .. မကြာဘူး .. ဘိုးစံ ဖုန်းဆက်ခေါ်လို့ ဘွားရောက်လာတယ် .. ဘိုးဘိုးက .. အဲဒါ ဘွားနုမတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပြောပြတယ် .. ဘိုးနဲ့ဘွားဆီမှာ ကျေးချိုကို မြေးလေးလိုခေါ်ထားကြမယ်တဲ့ .. တအားကိုချစ်ပြီး ပြောကြလို့ ကျေးချို အံ့ဩမိတယ် ကိုကို .. သူတို့ .. ဒီလောက်ထိ ကျေးချိုကို ဘာကြောင့်များချစ်နေကြတယ်ဆိုတာ မသိရပေမယ့် .. တကယ့်ကို .. ချစ်ကြတယ်ဆိုတာကိုတော့ ကျေးချို ယုံလာမိတယ် ကိုကို .. ဘွားနှမဆိုတာ ကျေးချိုကိုကြည့်ရင်း .. အတင်းကြီးဖက်ထားတာ .. မြေး .. မြေးဆိုပြီးချစ်နေတာ .. ဖေဖေနဲ့ ဘွားတို့ ဘိုးတို့ ဘယ်လိုများ ပတ်သက်ပြီး .. အဲဒီမှာ အပ်ခဲ့ပါလိမ့်လို့ ကျေးချို အံ့ဩနေမိရတာပါပဲ .."

ကျေးချိုပြောနေသမျှကို သူ ငြိမ်နားထောင်နေသည်။ ကျေးချို သားမှာ ပြန်ထိုင်ကာ လက်လေးကို မလွှတ်တမ်း တွေးဆုပ်ထားမြဲ ..။ ဤတစ်ကြိမ်မှာတော့ ကျေးချိုကို မခွဲနိုင်သည်မို့ ..။

ဤလက်ကို ဘယ်သောအခါတွင်မှ မလွှတ်တော့ဟု ဆုံးဖြတ်ထားပြီးနေပြီ ..။

"ဘွားနှမက .. ချက်ချင်း ကားနဲ့ထွက်သွားပြီး .. မကြာဘူး ပြန်လာတယ် .. အဝတ်အစားတွေမှအများကြီးရယ်၊ ရယ်ဒီမိတ်တွေဝယ်လာတာ .. အချိန်တောင်မဆိုင်းသေးဘူး .. ဝယ်လာလိုက်တာမှအများကြီး .. လက်ဝတ်လက်စားတွေလဲ ဆုတ်ဆင်နေတော့ ကျေးချို အားလုံးငြင်းတယ်၊ ဖေဖေနဲ့အတူနေရမှ .. သူတို့နဲ့နေမယ်ဆိုပြီး .. ငိုလဲငို .. ဖေဖေ့ဆီပဲ ပြန်ပါရစေလို့ တောင်းပန်လဲတောင်းပန် ..



အရူးလိုပဲ ကျေးချို ပြောငိုနေတော့ .. ဘိုးနဲ့ဘွား .. ကျေးချိုကို သူတို့ဆီက ဒေါ်လေးဖြူကျော့နဲ့နေခဲ့ခိုင်းပြီး .. အခန်းထဲဝင်သွားကြတယ် .. တစ်ခုခုသွားတိုင်ပင်ကြတယ်ထင်တာပဲ ကိုကို .. နောက်တော့ .. ပြန်ထွက်လာပြီး .. ထမင်းမစားဘာမစားနဲ့ ကျေးချို ငိုနေတာ မိုးလဲချုပ်နေပြီမို့ .. သူတို့ .. ကျေးချိုကို လိုက်ပို့ပေးပါမယ်တဲ့ .. ဖေဖေ့ကို ပြန်ခေါ်လာကြမယ်တဲ့ .. အဲသလိုပြောပြီးခေါ်လာတာ .."

ဟုပြောတော့ သူ မျက်နှာမကောင်း ..။ ခုမှ ခက်ချေပြီကောလေ ..။ ဘာဘမိုကဖြင့် အိမ်မှာမရှိ ..။ ဘယ်ကိုထွက်သွားသည်ပင်မသိရ ..။ ကျေးချိုကလည်း ဘာဘမိုဓရှိလျှင် .. ဟိုကိုပြန်သွားရချေမည်လားမသိ ..။ ဘာဘမိုက ဟိုကိုအပ်ခဲ့သည်ကိုးလေ ..။ ကျေးချိုကတော့ အမွေးလုပ်သူကို ရှာနေပြီ ..။

"ဥယျာဉ်ထဲမှာလဲ ဖေဖေ့ကို ကျေးချို မတွေ့ခဲ့ဘူး ကိုကို၊ ဖေဖေ ဘယ်မှာလဲဟင် .. ဘယ်မှာလဲ .."

မတွေ့ဘဲရှိနေတာမို့ .. စိတ်ပူစပြုလာလျက် ကျေးချို မျက်နှာဗျက်ပျက်ဖြင့် မော့ကြည့်မေးလာတော့ သူ့ရင်ထဲမှာဆို့နေသည်။ မဖြေ၍ကလည်းမဖြစ် ..။ အသိမပေး၍ကလည်းမဖြစ်။ ဒါ .. လျှို့ဝှက်ထိမ်ချိန်ထား၍ မရနိုင်သောကိစ္စဖြစ်နေသည်။ စကားလွှဲယူ၍ မရနိုင်သောအဖြစ် .. ဖြစ်နေသည်။

"ကျေးချို .. ဘာဘမို .. ဒီ .. မှာ .. မနေ .. တော့ .. ဘူး .."

ဟု အားစိုက်ပြောရသည်ကိုက ပင်ပန်းလွန်းနေသည်၊ အားကုန်နေလွန်းသည်။ ကျေးချိုလေး တစ်ခုခုဖြစ်သွားမှာစိုးရိမ်စိတ်ဖြင့် ကျေးချို၏ပခုံးလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားရပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီတည့် ..။ ထင်သည့်အတိုင်းပင် .. ကျေးချို၏ မျက်နှာလေး ထက်မှာ ချောက်ချားရိပ်ထင်၏။ သွေးဆုတ်သွားသည့်နှယ် မျက်နှာလေး ဖြူဖျော့ကျသွားကာ ဟင် .. ခနဲအသံလေးပွင့်ကျလာသည်။ နောက်တော့ .. ကိုယ်လေးကို ထိန်းမထားနိုင်သည့်နှယ် ရှေ့သို့ ငိုက်ခနဲဖြစ်ကျသွားတော့ သူ သိမ်းကျုံးပွေ့ထားရင်းမှ ..

"ကိုကိုတို့ရှာကြတာပေါ့ ကျေးချို .. ဘာဘမှိကို ရှာကြတာပေါ့ .."

ဟုပြောတော့ ကျေးချို ခေါင်းပဲယမ်းနေသည်။ ကျေးချို သိနေပြီ ..။ ဖေဖေ .. ဖေဖေ .. ကျေးချိုကို .. လုံးဝ ချန်ထားရစ်ခဲ့ပြီဟု ..။

"ကျေးချို ဘာလုပ်မိလို့လဲ ဖေဖေရဲ့ .. ကျေးချို .. ဘာလုပ်မိလို့ .. ဒီထိ .. ဒီထိ .. ရက်စက်သွားရတာလဲ ဖေဖေရဲ့ .. ဖေဖေ မရှိရင် ကျေးချို မနေတတ်ဘူး ဖေဖေ .. မနေတတ်ဘူး ဖေဖေ .. အဖေရေ .. အဖေ .."

ကျေးချို အော်ငိုသည်။ အော်ငိုသည်မှ .. ရင်ခေါင်းသံဖြင့် အော်ငိုချပစ်ခြင်းပါ ..။ ကိုယ်သည်လူးလဲအောင် ဝေဒနာဖြင့် ဆတ်ဆတ်ခါနေသည့်အဖြစ် ..။ အသံတွေအက်ကျတုန်ခါနေရင်းမှ အသံကုန်ကျုံး၍ အဖေကို အော်ခေါ်နေသည့်က စိတ်တွေကယောက်ကယက်ဖြစ်လာသည့်နှယ်ပါ ..။ အတင်းရုန်း၍ ထပြေးတော့မယောင်ဖြစ်နေသည့် ကျေးချိုကို သူ မနည်းထိန်းထားနေရသည်။ အားအင်ပြင်းပြင်းက ကျေးချို၏ သွေးကြောများ ကြွက်သားများဆီသို့ စီးမျောနေကြစေသည့်ထင် ..။ အတင်းရုန်းနေသည့် ကျေးချိုကို ထိန်းနေရသည့် သူ့မျက်နှာထက်မှာ ချွေးတွေသီးနေပြီ။



"ထားခဲ့ရက်တယ် ဖေဖေရဲ့ .. ဘာလို့ ဒီလိုလုပ်သွားရတာလဲ ဖေဖေရဲ့ .. ကျေးချိုကို သူများလက်ထဲထားခဲ့တာလား ဖေဖေရဲ့ .."

ဟု ကျေးချို တမ်းတမ်းတတပြောနေရင်းမှ ငိုသံက ရင်ကို ခွဲထွက်လာသည့်နှယ် ဖြစ်နေပြီ။

"သူတို့ကို ကျေးချို မသိဘူး ဖေဖေ .. မသိဘူး .. သူတို့ဆီလဲ ကျေးချို မနေတော့ဘူး .. ဖေဖေ့ကိုပဲ လိုက်ရှာမယ်၊ ကျေးချို လိုက်ရှာမယ် .. ဖေဖေနဲ့ပဲ ကျေးချိုနေမယ် .. နေမယ် .."

ခေါင်းလေး ဆတ်ခနဲမတ် ..။ မျက်ဝန်းလေးတွေ ချာချာလည်ကုန်လျက် .. တောက်လျှောက်ပြောလည်းပြောနေရင်းမှ ရုန်းအထမှာ ..။ သူ ထိန်းနေသည့်ကြားမှ ကျေးချိုသည် စိတ်ကို ဘယ်လိုမှ ချုပ်ထိန်း .. ထိန်းသိမ်းရန် မစွမ်းသာသည့်နှယ် .. သတိလစ်ပျော့ခွေကျသွားရှာပါပြီ ..။

သူ .. ကျေးချို၏ကိုယ်လေးကို စိုးရိမ်တကြီး ပွေ့ယူရင်းမှ ကိုယ်လေးကို လှုပ်နေမိသည်။ ပါးလေးကို ဖွဖွပုတ်နေမိသည်။ အနီးရှိ ရေအိုးစင်မှရေကို အလောတကြီး ဖန်ခွက်လေးဖြင့်ခပ်၍ မျက်နှာလေးကို တောက်ပေးနေမိသည်။

"ကျေးချိုလေး .. ကိုကို ရှိတယ် ကျေးချို .. ကိုကိုရှိတယ်"

ဟု ဒါပဲပြောနေမိသည်။ ထိုအခိုက် လူရိပ်တွေ တံခါးဝမှာပေါ်လာ၏။ ဖေဖေနှင့်မေမေ ..။ နောက် .. ဘွား ..။ ရင်၌ မျက်ရည်ဝေနေသောမျက်ဝန်းများဖြင့် ငေးစိုက်ကြည့်နေပါသည် ဘွား ..။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့စကားတစ်ခွန်းကြောင့် ... သူတို့တစ်တွေအားလုံး ဘယ်လောက်ဒုက္ခတွေ ... ကြေကွဲမှုတွေ ... မျက်ရည်တွေ မနိုင်ရင်ကန် ခံစားနေကြရတယ်ဆိုတာ ... မေမေ အမြင်ပါ ပဲ မေမေ ... အဲဒါတွေ မြင်နိုင်အောင်လို့ ... စောစောက ဒီက ဦးကြီးစံနဲ့ ဒေါ်ကြီးနုတို့ ရောက်လာချိန်မှာ ... ကိုညို နဲ့ မေမေ့ကို အခေါ်လွှတ်လိုက်တာပါ မေမေ ... ကားနဲ့ အခေါ်လွှတ်လိုက်တာပါ ..."

ဟု မေမေ တည်ငြိမ်ပြောနေခိုက်မှာလည်း ဘွားသည် သူတို့နှစ်ယောက်ကိုပဲ ကြည့်နေသည်။ ဘွား၏ဘေးမှာက မျက်နှာစိမ်း ဘိုးဘိုးအရွယ်နှင့် ဘွားဘွားအရွယ်နှစ်ယောက်သည်လည်း ရပ်၍ မျက်ရည်များဖြင့် ငေးကြည့်နေသည်ပါပဲ ...။

"ဖြစ်ရလေကွယ် ... ဖြစ်ရလေ ..."

ဟု ဘွား ညည်းတွားခိုက်မှာ သူကတော့ ကျေးချို၏ကိုယ်လေးကို ရင်ခွင်မှာ မလွှတ်တမ်း သိမ်ပွေ့ထားရင်းမှ ပြတ်သားစွာပြောကျလိုက်မိပါပြီ ...။"

"ကျေးချို ဘယ်မှာရှိရှိ ... အဲဒီနေရာမှာ ... ကျွန်တော် ... ရှိနေမယ်ဘွား ... သူ့ကို ... ဟသာ ဘယ်တော့မှမခွဲဘူး၊ ဘယ်တော့မှ မခွဲနိုင်သလို ... ဘယ်သူကခွဲတာကိုမှလဲ လက်မခံနိုင်ဘူး ဘွား ..."

ဟုပြောပြီး စိုးရိမ်စောဖြင့် သူ ကျေးချိုလေးကို ငုံ့မိုးကြည့်မိသည်။ ခုထိ ကျေးချိုလေး သတိလည်မလာသေး ...။ လက်ဆလေးကို လှုပ်လိုက်တော့ ပျော့ဖပ်စွာ လှုပ်ခါလာနေသည်မို့ သူ ချောက်ချားလာလျက် ...



"ဘုရားရေ ... သူ ... သူ ... ကျေးချိုလေး ... သေပြီထင်တယ် ... သူ ... သူ ... သေသွားပြီထင်တယ် ... ကျေးချို မျက်စိလေးတွေဖွင့်ပါဦး ... ဖွင့်ပါဦး ... ကိုကို့ကိုကြည့်ပါဦး"

ဟု တုန်လှုပ်ချောက်ချားစွာ ထိတ်ထိတ်ပါနေသည့် ရင်ဖြင့် သူ ခေါ်နေခိုက်မှာပင် ကျေးချို၏ ခေါင်းလေး စောင်းခနဲ လည်ကျငြိမ်သက်သွားတာကို သူ မြင်နေရပြီ ...။

အသက်ရှူခြင်းတွေအားလုံး ရပ်တန့်ကုန်သည်သို့ သူ ခံစားရပါပြီ ...။

ရှည်လျားသော မျက်တောင်နက်နက်လေးတွေ မှေး ပိတ်ချထားလျက် ... တကယ့်ကြွေရုပ်လေးနှယ် သူ့ရင်ခွင်မှာ ပျော့ဖပ်စွာရှိနေပါသည့် သူ၏မိန်းကလေး ...။

ဩော် ... သူ၏ ... နတ်သမီးလေး ...။

သူ ... ချစ်စနိုးလေးဖြင့် ... မင်းသမီးလေး ... ဟု ရင်ကိုနှစ်၍ခေါ်ရပါသည့် မြကျေးချို ...။

သူ ... ငိုနေသည်ကိုလည်းမသိ ...။

သူ ... လှုပ်နှိုးခေါ်နေတာကိုလည်း မသိ ...။

မသိတော့ပြီတဲ့လား ...။

"ကျေးချို ..."

ဟု ရင်မှာ ချစ်ရသူလေးကို သိမ်းပိုက်အပ်ထားမိရင်း သူ အသံကုန်အော်ဟစ်လိုက်မိကာ ကျေးချို၏ ဆံစနုလေးတွေ ဖေးတင်နေပါသည့် မျက်နှာလေးထက်မှာ ခေါင်းကို ဖေးတင်အပ် ထားမိရင်းမှ ... သွန်၍ ငိုချလိုက်မိရပါပြီတည်း ...။

❤ ○ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

သစ်ခွပွင့်လေးတွေ ဆေယှက်နေသည့်နေရာလေးမှာ သားအဖနှစ်ယောက် ကြည့်မွေ့ဖွယ်ရာမောလျက် ရှိနေကြပါသည့်ပုံ။ သမီးလေး၏ခေါင်းလေးက အဖေ့ဝခုံးထက်မှာ မေးမေးတင်တင်။ မျက်ဝန်းလေးတွေကအစ ရယ်မောရိပ်လေးတွေ အေးတမြမြခိုဝင်နေကြပါသည့်အဖြစ် ..။

ဓာတ်ပုံကို ငေးကြည့်နေရင်းမှ ဦးမြမို မျက်ရည်ကျလာနေရဆဲ ..။

သမီးလေး၏ မျက်နှာလေးကို မမှိတ်မသုန်ကြီးကြည့်မဝနိုင်သလိုကြည့်မိရ၏ ..။ လက်ဖျားလေးဖြင့် ဓာတ်ပုံလေးကို ပွတ်သပ်ကြည့်မိရနှင့် ဦးမြမို တစ်ယောက်တည်း မခံမရပ်နိုင်အောင် ကြေကွဲလောင်မြိုက်သည့်ဝေဒနာကို ပြင်းပြင်းထန်ထန်ကြီးခံစားနေရသည်ပါပဲ ..။ နှလုံးအိမ်သည် ဆုပ်ညှစ်ချေနေသည်သို့ရှိ၏။ အသက်ရှူ၍မဝနိုင်သလို ဖြစ်လာရသည်မို့ နံရံမှာ ကျောမှီကာ အားစိုက်၍ အသက်ရှူနေမိရသည်ပါပဲ ..။

"ငါ့သမီးလေး ငိုနေရှာတော့မယ် .. ငိုနေရှာတော့မယ် .."



ဖခင်ကို တမ်းတရင်း .. သမီးလေး ငိုနေမှာကို နှလုံးသားကသိနေသည်။ ရင်ထဲကသိနေသည်။ မျက်ရည်ကထိန်းမရ ..။

ထိုအခိုက် အခန်းတံခါးကို ညင်ညင်သာသာဖွင့်၍ ဝင်လာပါသည့် ဦးမြိုင်သော်ကို မြင်ရသည်မို့ မတ်ခနဲ ကိုယ်ကြီးကိုပြန်ထိန်း ..။ မျက်ရည်ကို ခပ်သုတ်သုတ်လက်ဖဝါးဖြင့်ပွတ်သုတ်။ ပြီးတော့ သမီးလေးနှင့်ပတ်သက်၍ ဘာများကြားရချေမည်လဲ .. ဟု မောတင်လျက် အာရုံစိုက်မိသည်က စိတ်လှုပ်ရှားစွာဖြင့်ပါ ..။

ဦးမြိုင်သော်၏ အကြည့်တွေက မှိန်ဖျော့ဖျော့နိုင်နေသည်။ အကြည့်ကမရွှေ့မလျားကြီး ဦးမြမိုထံမှာ ရှိနေပြန်တော့လည်း .. ဦးမြမို ပို၍ တိတ်လန့်လာသည်။ ဘုရားရေ ..။ ဦးမြိုင်သော်သည် တစ်ခုခုကို ပြောပြလိုက်ရမှာ အလွန်ဝန်လေးခက်ခဲနေသည့်အသွင်ဖြစ်နေချေသည်ကော ..။ သမီးလေး .. သမီးလေး တစ်ခုခုဖြစ်နေချေပြီလား ..။ မြေဦးတဲ့ညှိရာများ ထွက်သွားတာဖြစ်နေကြချေသည်လား ..။

ဦးမြမို ဆောက်တည်ရာမရဖြစ်လာသည်။ ယောက်ယက်ခတ်လာသည်။ စိတ်တွေကမငြိမ်သက် ..။ သမီးလေးနှင့်ခွဲနေရတာ တစ်ညမကူးသေး ..။ သူ .. အရူးတစ်ပိုင်းဖြစ်နေသည်။ သမီးလေးအကြောင်းပဲ တွေးနေမိသည်။ သမီးလေး ငိုနေမှာကို ရင်ထဲက သိနေရင်းဆို့နေသည်။ မထားရက်ဘဲထားခဲ့ရ ..။ မခွဲနိုင်ဘဲချန်ခဲ့ရသည့်အဖြစ်ကို .. ဖခင်တစ်ယောက်၏အဆုံးအဖြတ်ပေပဲ .. ဟု ကိုယ့်ဘာသာဖြေသိမ့်ယူနိုင်ဖို့ ကြိုးစားနေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အရာမထင် ..။ လူသည် .. ကြီးမားပြင်းထန်သော နာတာရှည်ဝေဒနာသည်ကြီးပမာ အားအင်ညှိုးနွမ်းလာနေသည်သို့ ရှိလာနေပြီ။ အားကုန်အားပြတ်ဖြစ်လာနေသည် ..။

"သမီးလေးနဲ့ပတ်သက်လို့ .. ဘာများ ပြောစရာရှိနေလဲ ဟင် .. ဆရာ .. တစ်ခုခုပြောတော့မယ်လို့ ကျွန်တော် ထင်နေတယ် ဆရာ .."

ဟု မော့မေးရိုက် ဦးမြိုင်သော် ဦးမြမိုဘေးမှာ လာထိုင်သည်။ ကြမ်းပြင်တွင်ထိုင်ချပြီး ဦးမြမို၏ လက်ကို ဆုပ်ကိုင်လာပါ၏။ ဆိုးဝါးသော စကားတစ်ခုကို ကြားလိုက်ရမှာ ဦးမြမို သွေးလန့်လာနေသည် ..။ ဘာကြောင့်ဆို .. ဦးမြိုင်သော်၏မျက်ဝန်းဝယ် မျက်ရည်တွေ ဝေ့သိပ်လာနေကြချေသည်မဟုတ်ပါလား။ ဘုရားရေ .. ဦးမြိုင်သော်သည် ပုန်းညက်မြိုင်မှာ ကျေးချီရှိနေတာကို မပြောပြပါဆိုသည့်ကတိကို ဖျက်ပြီး ဟသ်ာကို များ ပြောလိုက်ချေပြီလား ..။ ဘွား စိတ်ဆင်းရဲရပေတော့မည်။

"ကျွန်တော် ပြောပြမှဖြစ်မှာမို့ .. ပြောပြဖို့ပဲရောက်လာရတာပါ ဦးမြမို .. ကျွန်တော့်မေတ္တာရပ်ခံမှုအရ .. ဦးမြမို ဒီအလုပ်နေရာက .. တောင်ခန်းဆောင်အခန်းမှာ ခဏနေနေလိုက်တာပဲ ကံကောင်းသွားတယ်လို့ ပြောရမလိုပါပဲ .. ဘာပဲဖြစ်ဖြစ် .. ကျေးချီလေးကိုတော့ .. ဦးမြမို တွေ့နိုင်ခွင့်လေးရသွားတာပေါ့ဗျာ .. ဦးမြမို ဒီမှာရှိနေတယ်ဆိုတာ ကျွန်တော်ကလွဲပြီး ဘယ်သူ့ကိုမှ မသိစေရပါဘူး .. ဦးမြမို လာနှုတ်ဆက်ပြီးထွက်သွားပြီလို့ပဲပြောပါ့မယ်ဆိုတဲ့ ကတိကို ကျွန်တော် တည်ဆဲပါပဲ .."



ဟု ပြောနေရာမှ ဦးမြိုင်သော် မျက်ရည်ကျလာတော့ ဦးမြမို တုန်လှုပ်ချောက်ချားစွာ ငေးစိုက်ကြည့်နေရပါပြီ ..။ ရင်သည် မွန်းကျပ်လာလျက် ထိတ်လန့်တုန်လှုပ်ခြင်းတွေက နေရာယူလာနေကြပြီ ..။ ဘုရားရေ ..။ သမီးလေးကို .. တွေ့ခွင့်ရနိုင်သွားသည်တဲ့လား ..။ သမီးလေး ဘာဖြစ်သွားပါချေပြီလဲ ..။ အို .. ဟင့်အင်း ..။ ဘာမျှ .. မဖြစ်နိုင် ..။ သမီးလေး ဘာမျှ မဖြစ်နိုင် ..။

"ပြောပြစမ်းပါ ဆရာရယ် .. ကျွန်တော့်သမီးလေး .. ဟိုမှာ .. ငိုနေတယ် .. ကျွန်တော့်ကို တမ်းတနေတယ်၊ အဲဒါပြောမလို့မဟုတ်လား .."

ထိုသို့သောအဖြေကိုပဲ ဦးမြမို မျှော်လင့်လိုက်ချင်သည်။ ရင်ထဲမှာ နေရာယူလာနေကြပြီဖြစ်သော အသိတရားတစ်ခုကို မောင်းနှင်ထုတ်နိုင်ဖို့ ကြိုးစားနေရခြင်းမှာ .. ထိုသို့ သမီးလေးငိုနေရသည်ဆိုတာလောက်ကိုပဲ ကြားလိုက်ရမည်ဆိုသည့် အဖြေတစ်ကို .. မျှော်လင့်နေခြင်းဖြင့် အဆုံးသတ်လိုက်ချင်ပြီ ..။ သမီးလေးကို တွေ့နိုင်ခွင့်ဆိုသည့် စကား၏နက်ရှိုင်းမှုက အတိုင်းအတာအားဖြင့် ချောက်ချားဖွယ်ဖြစ်နေသည်လေ ..။

"သူ .. ငိုတယ် ဦးမြမို .. ဦးစံဘွားနဲ့ ဒေါ်နုမေတို့ရဲ့ ပြောပြချက်အရ .. အလွန်သနားဖို့ကောင်းအောင် .. မကြည့်ရက်စရာကောင်းအောင် ငိုရှာတယ် .. ဒေါ်နုမေက မိုးကို ပြောပြတယ်လေ .. သူတို့ .. ကြာရိုပ်မြိုင်ကို လိုက်သွားကြတယ် ဦးမြမို .. လာပြီးတော့ .. ကျွန်တော်တို့နဲ့ တွေ့တယ်ဆိုပါတော့ .. အဲဒီမှာ ဒေါ်နုမေက ပြောပြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျနေရင်းနဲ့ ပြောပြတာပါ ... သူလဲ ... သူ့မြေးကို ... အလွန်တွေ့ချင်ရှာတဲ့ ဘွားအေပါတဲ့ ... သူ့မြေးလေး ရောက်လာပြီဆိုတာကို ... သူ့ဆီကို ဆယ်လူလာဖုန်းနဲ့ ဘုရားကိုလှမ်းဆက်တော့ ... ဝမ်းသာအားရ ပုန်းညက်မြိုင်ကို ပြေးလာတာပါပဲတဲ့ ... ဟိုကိုရောက်တော့ မြေးဆိုတဲ့ကောင်နဲ့ မြေးနေတဲ့အခန်းကို ဦးစံဘွား လိုက်ပို့တော့ ... ဖြူကျော့ကလဲ သူ့ညီမလေး မြင်ရသလိုပဲဖြစ်နေတာမို့ ငို ... သူကလဲ ... သူ့သားနဲ့ ... မွေးကျော့ရဲ့မျက်နှာလေးကို မှုတ်ထားတဲ့မြေးကို မြင်ကတည်းက ... သူ့ မြေးဆိုတာ သိနေပြီးပြီတဲ့ ... ပြီးတော့ ... ဖြူကျော့ကနေပြီး ဦးမြမှိုကို ပို့ခဲ့တဲ့ စာနဲ့ ဓာတ်ပုံကိုလဲ ... ဦးမြမှိုက ဦးစံဘွား ကို ပြန်အပ်ခဲ့တာမို့ ... သူ့မြေးဆိုတာ ဦးမြမှို အလွန်ချစ်ပြီး ပြန်မပေးချင်လို့ကို ခေါ်သွား ရှောင်သွားတယ်ဆိုတာ သိရ ... စာနာမိရပါတယ်တဲ့ ... ပိုဆိုးတာက ... သူ့မြေး ဆိုတာကို လောလောဆယ်မှာ ဖွင့်မပြောသာတဲ့အဖြစ်ပါတဲ့ ..."

ဟု ပြောပြနေတော့ ဦးမြမှို မျက်ဝန်းများကို စုံမှိတ်ချလိုက်သည်။ လည်ချောင်း တနင်နင်ဖြင့်ဖြစ်နေရာမှ ...

"ကျွန်တော့်သမီးလေးကို ... ကျွန်တော့်သမီးရင်းအဖြစ်ပဲ ကျွန်တော်သေတဲ့အထိ ... ခံယူသွားချင်လို့ပါဗျာ ... သူ့အဖေရင်းမဟုတ်ဘူးဆိုတာကို သမီးလေး သိသွားတဲ့အခါမှာ စိမ်းသွားမှာကို ကျွန်တော် မခံနိုင်လို့ပါ ..."

ဟု ရင်ခေါင်းသံကြီးဖြင့် ပြောရှာတော့ ဦးမြိုင်သော် ခပ်ငေးငေးကြည့်သည်။



"ကျွန်တော် သေတဲ့အခါကျတော့လဲ ... ကျွန်တော်မရှိတော့တဲ့အခါကျတော့လဲ ... ဖွင့်ပြောပြပါစေပေါ့ဗျာ ..."

ဟု ပြောနေသမျှကိုလည်း မမှိတ်မသုန်ကြည့်နေရာမှ မျက်ရည်ကျလာသည်က ဦးမြိုင်သော်ပါ ...။

"ဒေါ်နုမေက ပြောပြတယ် ... သူ့မြေးဆိုတော့လဲ ... ပြေးဖက်မိ ... နမ်းမိ ... မျက်နှာလေးကို လက်လေးနဲ့ သိမ်းအုပ်ကိုင်ပြီး တစိမ့်စိမ့်ကြည့်မိနဲ့ဖြစ်တုန်းမှာ ကျေးချိုလေး ငိုနေတာပဲတဲ့ ... သူ အခန်းတံခါးရှေ့ ရောက်နေတုန်းကလဲ အခန်းထောင့်ကြမ်းပြင်လေးမှာ ကျုံ့ကျုံ့လေးထိုင်ပြီး ငိုနေတာ အားကိုးရာမရှိတော့သလိုဖြစ်နေတာမို့ ရင်ထဲမချိဘဲ ဖြစ်ခဲ့ရတာမှ မချိတင်ကဲကြီးပါတဲ့ဗျာ ... ဘွားအေကို မြင်လို့မှမသိရှာရတဲ့ဘဝပါလားပေါ့ ... ဦးစံဘွားကလဲ ... ဦးမြမှိုကို ပေးခဲ့ရတဲ့ကတိကိုတော့ တည်ရမယ်လို့ပြောထားတာမို့ သာ ဖွင့်မပြောဖြစ်ခဲ့ရတာတဲ့ ..."

ဟု ပြောပြောပြနေသမျှ ဦးမြမှို ငြိမ်သက်နားထောင်သည်။ ဒါဆို ... ကိုယ့်ဘက်က တောင်းဆိုမှုတစ်ခုသည် ဦးစံဘွားနှင့် ဒေါ်နုမေအပေါ်မှာ တစ်ဖက်စီးနင်းပြုရာ ရောက်နေချေပြီတဲ့လားလေ ...။ မတရားတားဆီးဟန့်တားရာမြောက်နေချေပြီတဲ့လား။ ကိုယ်က အဖေရင်းဘဝမှာပဲ နေချင်သည်မို့ ဘိုးအေရင်းနှင့်ဘွားအေရင်းတို့က သူ့စိမ်းပမာနေပြပေးရမည်တဲ့လား ... ဟု စတင်၍အတွက်ကိုမျိုးနှိမ်သည့်အတွေးက အသိတရားကိုဆောင်လျက် ငါ့ကိုယ်ဘာသာကိုယ် ပြန်၍ဆုံးမနေမိရပါပြီ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးကိုပက်ပြီး မျက်ရည်ကျလာတာကိုတော့ ဒေါ်နုမေ ဘယ်တားနိုင်ပါ့မလဲတဲ့ .. ကျေးချိုကလဲ အံ့ဩနေတာတော့ အမှန်ပဲတဲ့ .. သူ့ကိုကြည့်ပြီး .. ဦးစံဘွားကလဲ မျက်ရည်ကျ .. ဒေါ်နုမေဆိုတာကလဲ မျက်ရည်ကျ .. ရပ်ကြည့်နေတဲ့ ဖြူကျော့ဆိုတာလဲ မျက်ရည်ကျနဲ့ဖြစ်နေကြတော့ .. ပထမ ဘာလို့ဒီလောက်ငိုနေကြပါလိမ့်လို့ တွေးနေပုံလေးနဲ့ မှင်တက်ကြည့်နေတာတဲ့ .. သူစိမ်းတွေလို့ပဲ သူသိထားထားတာကိုးတဲ့ .. နောက်တော့ .. ဖြူတ်ဆို သူ့အဖေများ တစ်ခုခုဖြစ်လို့ .. ခုလို ငိုနေကြတာလားဆိုပြီး စိတ်တွေ ပူပြီးတော့လဲမေး .. ငိုလဲငို .. သူ့ကို ဘာလို့ ဒီမှာလာထားရတာလဲလို့လဲမေး .. ဘယ်တုန်းက သူ့အဖေနဲ့သိထားကြတာလဲ .. ဘယ်တုန်းကတည်းက သူ့ကို ဒီမှာပေးမယ်လို့ သူ့အဖေက ကျိတ်ကြံစည်ထားတာလဲလို့လဲမေး .. ရင်ကွဲအောင်ငိုလဲငိုနဲ့ဖြစ်နေကာတဲ့လေ .. သူတို့လဲ ဘိုးအေဘွားအေတွေပဲဗျာ .. သူ့မြေးလေး ဒီလောက်ငိုနေတော့ ဘယ်နေရက်ပါတော့မလဲ .. ဘွားအေဆိုတာ သူ့မြေးကို ဖက်ငိုနေမိတော့တာပဲတဲ့ .."

ဦးမြမှို မျက်ဝန်းများကို စုံမှိတ်ထားမိရပါ၏။ ကြားရက်စရာမရှိ .။ သမီးလေးနှင့် ဘိုးအေဘွားအေတို့၏ အဖြစ်သည် ကြားရက်စရာပင်မရှိ .။ ~ ပေါ်ညာ၍ ခုထိ အဖြစ်မှန်ကို သမီးလေးအား မသိစေဘဲထားပေးသည်ကိုက ဦးစံဘွားနှင့် ဒေါ်နုမေတို့၏ သူ့အပေါ်ထားရှိကြပါလေသော သစ္စာတရားများပါတကား။ ဦးမြင့်သော် ပြောပြနေသမျှကို ကြားနေရသည်က .. ကြား၍



သက်သက်မျှဖြင့်မဟုတ် .။ အစစ .. မြင်ယောင်လာအောင်ခံစားနေရရင်းဖြင့် ဦးမြမှို ကြားနေရခြင်းပါ .။

"ကျေးချိုလေးက သူ့အဖေဆီ တစ်ခေါက်လောက်တော့ ပြန်ပါရစေ .. သူ့အဖေကိုမြင်မှ သူ့အဖေကျန်းမာနေမယ်ဆိုတာကို ယုံပါရစေ .. အဖေနဲ့မှ တစ်ခါလေးတောင်မှ တွေ့ခွင့်မရရင်ဖြင့် .. ဘာမှကိုမစားဘဲနေမယ်တဲ့ .. ရှိုးပြီးတော့တောင်းပန်နေတော့ .. ခမျာများမှာ ဘယ်နေသာပါတော့မလဲ .. မြေးရဲ့သောကကို မကြည့်ရက်တာနဲ့ .. မြေးရဲ့မျက်ရည်ကို မကြည့်ရက်တာနဲ့ .. ကြာရိပ်မြိုင်ကို လိုက်ပို့လိုက်ကြတာပေါ့ဗျာ .. ကြာရိပ်မြိုင်ကိုရောက်တော့ အဖြစ်စုံလဲ သူတို့ပြောပြကြရပါတယ် .. ကျွန်တော်ကတော့ဦးမြမှို ပြောပြထားတာမို့ အစစသိထားရပေမယ့် .. မိုးကတော့ .. အဲဒီတော့မှသိရတာပါ .."

ဟု ပြောပြနေခိုက် ဦးမြမှို၏ မျက်ဝန်းတွေ မွှင်လာကြသည်။

"ဒါဆို .. ဒါဆို .. သမီးလေး အားလုံးသိသွားပြီပေါ့နော်၊ သူ့ရှေ့မှာ .. သူ့ရှေ့မှာ အားလုံးဖွင့်ပြောပြလိုက်ကြပြီပေါ့၊ ကျွန်တော်ဟာ သူ့အဖေမဟုတ်ဘူးဆိုတာ သိသွားပြီပေါ့၊ သမီးရယ် .. ဖေဖေ့အပေါ် အဖေရင်းမဟုတ်ဘူးလို့သိသွားပြီပေါ့ .."

ဟု ကြေကြေမြည်မြည်ကြီး ပြောချရင်းမှ ငိုချ ~ ်တော့ ဦးမြင့်သော် ဦးမြမှို လက်မောင်းကို ဆုပ်ကိုင်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး မသိပါဘူး ဦးမြမို ... ဒီကိစ္စသိတာဆိုလို့ ... ကျွန်တော်ရယ် မိုးရယ် ... ဦးစံဘွားနဲ့ ဒေါ်နုမေတို့ရယ်ပဲ ရှိတာကြတာပါ ... ဦးစံဘွားနဲ့ ဒေါ်နုမေတို့ လာတယ်ဆိုတာနဲ့ပဲ ဒေါ်ဓာနဲ့မိလုံးကိုတောင်မှ ... နောက်ဘက်ကစိုက်ခင်းလေးထဲ သွားနေကြဖို့ ကျွန်တော် ပြောခဲ့တာပါဗျာ ..."

ဟုပြောတော့ ဦးမြမို တစ်ချက်သက်ပြင်းရှိုက်သည်။ ရင်သည် မောက်တက်နေ၏။

"ဒီလိုပြောနေကြတုန်းမှာ သမီးလေး ဘယ်ရောက်နေလဲ ဆရာ ..."

"ဘယ်ရောက်နေလဲဟုတ်လား ဦးမြမို ... သူ ... ဘယ်သွားမလဲဗျာ ... သူ့အဖေကိုတွေ့ဖို့ အိမ်လေးကိုပြေးတော့တာပေါ့ ... သူ့မှာ သူ့အဖေဆောတစ်ခုတည်းပဲရှိရှာတဲ့ကလေးပါ၊ ဟိုမှာ သူ တွေ့ချင်တဲ့အဖေ ရှိမနေဘူးဆိုတာ သိနေရတဲ့ ကျွန်တော်နဲ့မိုးတို့မှာ ရင်ထုမနာကြီးကို ဖြစ်ကျန်ခဲ့ရပေမယ့် မသွားနဲ့လို့လဲ မတားရက်တာမို့ လွှတ်လိုက်ရတာပါ ..."

ဦးမြမို အသံတွေ အက်ကျနေရင်း အနိုင်နိုင်မေးနိုက် ဦးမြိုင်သော်မှလည်း ဤတစ်ကြိမ်မှာတော့ မခံချင်စောတွေပါလာလျက် အသံက မသိသောမာသွားသည်မို့ အပြစ်တင်နေခြင်းပါလားဟု ဦးမြမို နားလည်ဖြစ်၏။

"ကျွန်တော့်သမီးလေး လာမယ်ဆိုတာ ကျွန်တော် မသိရှိပါ့မလား ဆရာရယ် ... ဒါကြောင့်လဲ ... ကျွန်တော် ... အဲဒီလိုလာတွေ့နိုက်မှာ ပြန်နိုင်းဖို့ခက်ပေတာမို့ ... အဲဒီမှာကိုပြန်မနေတော့တာ ဆရာ သိပါတယ် ... တကယ်က ...



ဒီမှာတောင်မှ ... ဆရာတားလွန်းလို့ ... ဖျောင်းဖျလွန်းလို့ နေဖြစ်ရတာပါ ... ဒါမှမဟုတ်ရင် ... တစ်နေရာကိုသွားပြီး သမီးကိုတမ်းတရင်းနဲ့ ရင်ကွဲနာကျသေရမယ့်သူပါ ဆရာရယ် ... ခုလဲ ... သမီးလေး ... ကျွန်တော့်ဆီကို ရောက်ခဲ့ရှာပြီဆိုတာ သိရတာမို့ ... အဖေကို မတွေ့ရင် သမီးလေး ငိုရှာတော့မယ်ဆိုတာသိရင်းနဲ့ ... ကျွန်တော် ... ရင်ကွဲနေရပါပြီ ဆရာရယ် ..."

ပြောနေရင်း ပြောနေရင်းမှ ဦးမြမို ငိုနေသည်က မချိမဆန့်ခံစားနေရသည့်သူတစ်ယောက်၏ ကြေကွဲမှုများဖြင့်ပါ။ ဦးမြိုင်သော် သက်ပြင်းရှိုက်ကာ ရှေ့ဆက်ရမည့်စကားကို အဆက်ခက်နေသလို ခဏတန့်နေရပါသည့်အဖြစ် ...။

နောက်တော့လည်း မပြောမဖြစ်တော့ပြီပဲဟု ဆုံးဖြတ်ဟန်ဖြင့် အံခဲကာ ...

"ဦးစံဘွားနဲ့ ဒေါ်နုမေဆိုတာကို ... ကျွန်တော်လဲ ဒီနေ့မှ တွေ့ဖူးမြင်ဖူးရတာပါ ... သူတို့ခများမှာလဲ ... ခုလို သားအဖနှစ်ယောက် မခွဲနိုင်ဘဲ ခွဲနေကြရမှာကို မဖြစ်စေချင်ကြဘူး ... သူတို့ကပြောပါတယ် ... သူတို့လိုချင်တာက သူတို့မြေးလေးဟာ သူတို့ရဲ့မျက်စိအောက်မှာ ... သူတို့ရဲ့အရိပ်မှာပြန်ရှိနေဖို့ပါတဲ့ ... သူတို့ဟာ မြေးရဲ့အဘိုးအဘွားရယ်လို့ မြေးကသိမှဖြစ်မယ်ဆိုတာမျိုး မဟုတ်ပါဘူးတဲ့ ... ဦးမြမိုဘက်က သမီးလေးအပေါ်မှာထားတဲ့ ဖခင်ရဲ့အချစ်ကို သိနားလည် ... စာနာတာမို့ ... ဦးမြမိုရဲ့သမီးလေးအဖြစ် သူတို့ရဲ့ ပုန်းညက်မြိုင်မှာပဲခေါ်ထားလိုက်ချင်ပါတယ်တဲ့၊

www.burmeseclassic.com



ဦးမြမှီကိုလဲ အဲဒီလိုပဲထားမယ်တဲ့ .. ဂုဏ်လဲရှိအောင် ဦးစံဘွားရဲ့ လူယုံကြီးဆိုပြီးထားမယ်တဲ့ .. ဒါဆို .. မုန့်ဟင်းခါးသည်သမီးဆိုပြီး သမီးလေးမျက်နှာငယ်ရမှာ .. ဘောဝန်းကျင်ကမြင်မှာတွေလဲ ရှိလာနိုင်တော့မှာမဟုတ်ပါဘူးတဲ့ .. ဦးမြမှီကို သူတို့တွေ့ချင်တယ်တဲ့ .. ပြောပြချင်တယ်တဲ့ .. ကလေး ဒီလောက် စိတ်ထိခိုက်နေတာကို မကြည့်ရက်နိုင်ဘူးတဲ့ .. ကလေး အရမ်းကို မစားမသောက်နဲ့ငိုနေတာတဲ့ .. အဲဒါကို .. သူတို့ဘယ်လိုမှ .. မမြင်ရက်ကြတာ .."

ဦးမြိုင်သော် ပြောခိုက် ဦးမြမှီ တစ်ချက်တော့ငြိမ်နေသည်။ နောက်တော့လည်း ဆုံးဖြတ်လိုက်ပုံဖြင့် ခေါင်းသာယမ်း၍ ..

"နေပါစေတော့ဗျာ .. သမီးလေးဟာ .. ကြာတော့လဲ .. နေရာသစ်မှာပျော်သွားရှာပါလိမ့်မယ် .. လူတွေဟာ .. ဒီလိုပဲ ဘ၀ကို ကျရာနေရာ .. ဖြစ်ရာဘ၀ကနေပြီး ဆက်လျှောက်ကြရတာပါပဲ .."

ဟုပြောလာတော့ ဦးမြိုင်သော် ရုတ်ခနဲထရပ်သည်။ လည်ချောင်းတနင်နင်ဖြင့် ရှိနေပါသည့် ဦးမြမှီကို မျက်တောင်မခတ်ငေးစိုက်ကြည့်သည်။

"ခင်ဗျား.. ရက်စက်လှချေလား ဦးမြမှီ .. သူ .. ချမ်းသာရာအရပ်မှာနေရင် စိတ်ချမ်းသာပြီး ပျော်နေမယ်လို့ စုထိထင်နေတုန်းပဲလား .. သူ .. မပျော်ဘူးဗျ .. သူ့နှလုံးသားနုနုလေးကလဲ မခံနိုင်ဘူး .. ခံနိုင်ရည်မရှိဘူး .. သူ့အဖေ



ရှိရာကို သူ လိုက်သွားတာမို့ .. တအောင့်လောက်နေပြီးမှ သူ့ကို ဖျောင်းဖျနိုင်ဖို့ဆိုပြီး ကျွန်တော်တို့ လိုက်သွားကြတယ် .. ဟိုရောက်တော့ .. ဟသ်ာကိုတွေ့ရတယ် .. ကျေးချိုကိုလဲ တွေ့ရတယ် .. ကျေးချိုက .. သတိလစ်နေသလိုကြီး မလှုပ်မယှက်နဲ့ ဟသ်ာ ရင်ခွင်ထဲမှာရှိနေပြီ၊ ဟသ်ာကလဲ သွေးမျက်မတာတ်ချောက်ချားနေရင်း ကျေးချိုကိုခေါ်နေတယ် .. ဒါပေမဲ့ .. ကျေးချို .. ဘယ်သူ့ကိုမှ မထူးနိုင်တော့ဘူး ဦးမြမှီ .."

ဟု ပြောကာ တံခါးဝရှိရာသို့ စိတ်လိုက်မာန်ပါကြီး ဦးမြိုင်သော် ပြန်လျှောက်သွားခိုက် ဦးမြမှီ ကိုယ်ကြီး နောက်ဘက်လန်ခနဲဖြစ်၏။ ရှေ့တည့်တည့်မှာရှိနေသည့် နံရံကို ငေးစိုက်မှင်တက်ကြည့်နေရင်းမှ ရင်သည် လှိုက်တက်လာနေသည်။ သွေးဆုတ်ကျသွားကာ တံတွေးတနင်နင်ဖြင့် လည်ချောင်းနေရာက ခြောက်ကပ်လာနေသည်။ နှုတ်ခမ်းတွေဟလာ၏။ ဒါပေမဲ့ .. အသံထွက်ကျမလာနိုင် ..။ တစ်ခုခုကို ပြောနေသည့်နှယ် ရှိနေသည်က ကယောင်ချောက်ချားဆန်နေသည်။

"ဆရာ .."

အော်ခေါ်လိုက်သံသည့် ရင်ခေါင်းသံကြီးဖြစ်နေ၏။ လှည့်ကြည့်လာသည့် ဦးမြိုင်သော်ပင် စောစောက ရပ်ထဲကရုဏာဒေါသောဖြင့် ရှိနေပါသည့်အရိပ်တွေ ထင်ကျန်မနေနိုင်တော့လောက်အောင်ပဲ ဖြစ်သွားရစေသည်အထိ ဦးမြမှီ၏မျက်နှာထက်မှ ကြေကွဲလှိုက်ခါနေသည့် အရိပ်တွေ ရှန်းထင်းနေသည့် မြင်ကွင်းအဖြစ်တည်သွားစေပြီ ..။ နောက်ဘက်ကို စိုးရိပ်တကြီး ဦးမြိုင်သော်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခိုက်မှာပင် ဦးမြမှိုကလည်း ကျုံး၍ထသည်။ ခရီးရှိင် တစ်ချက်ဖြစ်သေမယ့် အား၍ခဲလျှောက်သည်။ ဦးမြိုင်သော်ရှိရာသို့ လျှောက်လာသည်။ ဦးမြိုင်သော်၏ ခြေလှမ်းတွေကလည်း စပ်သုတ်သုတ်ပင် ဦးမြမှိုရှိရာသို့ လျှောက်လာကြပါ၏။ ဦးမြမှို၏မျက်နှာသည် နှုတ်ခမ်းတွေ တွန့်ကွေးနေပြီ ..။ အားယူ၍ ဟလိုက်သည်က တစ်ခုခုကို ပြောနိုင်ဖို့ကြိုးစားနေခြင်း ဆန်နေသည်။ ဒါပေမဲ့ .. အသံတွေ ထွက်ကျမလာနိုင်ဘဲ ဖြစ်နေပါသည့်အဖြစ် ..။ ဦးမြိုင်သော်နှင့် မျက်နှာချင်းဆိုင်ဖြစ်ခိုက် ဦးမြမှို၏လက်တွေက ဦးမြိုင်သော်၏လက်မောင်းကြီးကို အားယူဆုပ်ခဲထားလာကြရင်းမှ တွန့်ရှုံ့ကျလာနေသည့် မျက်နှာထက်မှာ .. ကျပ်ခဲမွန်းသိပ်နေသည့် ငိုရှိုက်မှုများ တင်းခဲခံထားသည့် ဝေဒနာတွေ စွန်းထင်းနေကြလေသမျှကို ထိန်းမထားနိုင်တော့ဘဲ ..

"ဆရာ .."

ဟု အသံတွေ အက်ကျနေရင်း အနိုင်နိုင်ခေါ်နေသည်။ နောက်တော့မှ တင်းကျပ်ခဲနေသည့် ချောက်ချားငိုကြွေးခြင်းများသည် .. ရုတ်ခြည်း ပွင့်ပြို့ကျလာသည့်နှယ်ပင် ဦးမြိုင်သော်၏ပခုံးထက်မှာ နဖူးကိုဖေးတင်ငိုချလိုက်ရှာပါပြီတည်း ..။

"ကျွန်တော် သတ်တာ .. ကျွန်တော် .. သတ်တာ .. သမီးလေး .. သူ့ .. သူ့ကို .. ကျွန်တော် သတ်ပစ် .. လိုက်ပြီ"

ဟု ယူကျုံးမရသံကြီးဖြင့် အော်ပြောလိုက်ရှာပါပြီ။ ငိုသည်မှ အရာရာအားလုံး ဘာမျှ မှိတ်ကွယ်စရာမရှိတော့သည့်နှယ် ကြွေကြွေကွဲကွဲနိုင်စွာ ..။ ချောက်ချောက်ချားချားနိုင်စွာ ..။ အထိးကျန်နိုင်စွာ ..။ နောင်တဖြစ်စွာ ..။ ပြီးတော့ .. ယူကျုံးမရဖြစ်စွာ .. ငိုချနေခြင်း ..။ အသံတွေ ဆက်တိုက်ပွင့်ကျနေသည့် ငိုသံသည် ကျယ်သည့်အခါကျယ်လာသည်။ တိုးသည့်အခါတိုးသွားသည်။ တိမ်ကျသွားရာမှ အသံတွေပျောက်ချင်ပျောက်ကျသွားသည် ..။ ငိုနေရင်းမှ နောင်တဖြင့် ဦးမြမှို သူ့ရင်ကိုသူထုသည်။ သူ့ခေါင်းကိုသူထုသည် ..။

"မှားပြီ သမီးရဲ့ .. သမီး .. ရဲ့ .."

ဟု နောင်တဖြင့် တမ်းတသည်။ တောင်းပန်၍လည်း မထူးတော့ ..။ အော်ဟစ်၍လည်းမထူးတော့ပြီပဲ . ဟု သိနေရခြင်းကိုက .. ဦးမြမှို၏ရင်ကို .. ထုချေနေကြသည့်နှယ်ရှိ၏ ..။

"သမီးလေးဆီကို .. ပို့ပေးပါ .. ပို့ .. ပေး .. ပါ .."

ဟုပြောနေရင်း ပြောနေရင်း ဦးမြမှို မျက်ဝန်းစုံကို မှိတ်ချလိုက်ကာ ..

"သမီးလေးက ခွင့်လွှတ်ခဲ့ရင်တောင်မှ .. ဖေဖေ .. ဖေဖေ့ကိုယ်ကို .. ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး သမီးရယ်"

ဟု ရင်ဆို့လျက်ပြောချလိုက်ပါသတည်း ..။

အခန်းသည် .. ငိုရှိုက်သံဖြင့် ဝမ်းနည်းရှိန်ကြီး၏အောက်ဝယ် စုန်းစုန်းနစ်နေသည်သို့ရှိချေသည်တကား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

တံခါးခန်းဆီးစကို ဆွဲဖယ်စဉ်မှိုက် ဦးမြမှီ၏ နှုတ်ခမ်းဆီမှ ထိန်းမရနိုင်တော့သည့် ငိုသံတွေက ဆက်တိုက်ဖွင့်ကျနေပြီ ..။ ဘေးသို့ရှဲဖယ်ပေးသူတို့ကို လူစုံတက်စေ ဘယ်သူဆိုတာကိုမျှပင် မကြည့်ဖြစ် ..။ ဓာသည် သမီးလေးရှိရာနေရာအိပ်ရာဆီသို့သာရောက်၏။

ငြိမ်သက်နေပြီဖြစ်သည့် သမီးလေးကို မျက်တောင်မခတ်ကြည့်နေရင်းမှ ဘေးမှာ ဖြုတ်ခနဲ ထိုင်ချလိုက်ကာ လက်လေးကို ထွေးဆုပ်လိုက်မိပြီ ..။

ဘေးတွင် မချေ့စတမ်းကြီး ထိုင်နေရင်းမှ ကျေးချို၏ လက်လေးကို မလွှတ်စတမ်းကြီး ဆုပ်ကိုင်ထားဆဲဖြစ်ပါသော ဟသ်ာကလည်း ဦးမြမှီကိုကြည့်ကာ ..

"သူ မရှိတော့ရင် .. ဘဝပျက်ရတဲ့သူဟာ .. တစ်ယောက်တည်းပဲရှိပါတယ် ဘဘမှီ .. အဲဒီသူဟာ ကျွန်တော်ပါပဲ၊ ဘဘမှီကတော့ .. ကျေးချိုလေးကို ပစ်ထားခဲ့ပြီးပြီပဲ သူ ရှိနေခြင်း မရှိတော့ခြင်းဟာ ဘဘမှီအတွက် မထူးတော့ပါဘူး .."



ဟု ပြောကာ မြကျေးချိုကို ဆံလေးတွေ သပ်ပေးနေပါချေ၏။ ဦးမြမှီ ခေါင်းခါသည်။ သမီး၏ လက်လေးကို တင်းနေအောင်ဆုပ်ထားရင်းမှ ..

"သမီးရယ် .."

ဟု အသံတွေ အက်ကျနေရင်း ခေါ်လိုက်ပါပြီတည်း ..။

"အဲဒါ .. သင်ခန်းစာပါပဲ ဦးမြမှီ .. ငွေကြေးဆိုတာဟာ လူတွေအတွက် လိုအပ်တာမှန်ပါတယ် .. ဒါပေမဲ့ .. ပိုလိုအပ်တာက .. မေတ္တာပါပဲ .. ကိုယ်အလွန်ချစ်တဲ့ မိဘ .. ကိုယ်အလွန်ချစ်တဲ့သားသမီး .. ကိုယ့်ဘဝလက်တွဲဖော် .. ကိုယ့်အပေါ်ကောင်းတဲ့ သူငယ်ချင်း .. အဲဒါတွေ လိုအပ်တယ် .. ခု .. ကျေးချိုလေးအတွက် လိုအပ်နေတာက .. အဖေပဲ .. သူ့အဖေပဲ .. ငွေကြေး မဟုတ်ဘူး ဦးမြမှီ .. ရွှေမိုးတိမ်ကုန်တိုက်ကြီး မဟုတ်ဘူး၊ သူ့အဖေပဲ .. သူ့အဖေရှိရာကိုပြေးလာတဲ့ ကျေးချိုဟာ သူ့အဖေကို မတွေ့ရတော့တဲ့အခါမှာ .. သူ့အဖေဟာ .. သူ့ကိုပစ်သွားပြီ .. ပစ်ထားခဲ့ပြီလို့ ခံစားလာရတဲ့အခါမှာ သူ့နှလုံးအိမ်လေးမှ မကွဲရင် .. ဘယ်ခံနိုင်ပါ့မလဲ .."

ဟု ဦးမြိုင်သော် ပြောနေတော့ ဦးမြမှီ ငိုနေပြီ ..။ ကလေးတစ်ယောက် ချုံးပွဲချငိုနေသည့်နှယ် ငိုချနေပြီ ..။ ဦးမြိုင်သော်မှ *ခေါ်သီရိကိုလည်းကြည့်သည်။ ခေါ်သီရိကိုယ်တိုင် မျက်နှာသိုးလျက် မြင်ကွင်းကို မကြည့်ရက်စွာ မျက်ရည်ကျနေပါသည်* အဖြစ် ..။

www.burmeseclassic.com



"မေမေ့အတွက် ဦးမြမိုရဲ့စွန့်လွှတ်မှု .. သူ့သမီးကို .. သူ မခွဲနိုင်ပါဘဲနဲ့ .. စွန့်လွှတ်လိုက်နိုင်မှုကို မေမေ မြင်ပြီးပါပြီ မေမေ .. သူတို့ဟာ ဆင်းရဲပေမယ့် .. စိတ်ထားမွန်မြတ်ကြပါတယ် မေမေ .. မေမေနဲ့မိုး .. မေမေနဲ့ကျွန်တော်တို့ သေခန်းရှင်ခန်းမပြတ်စေဖို့အတွက် .. သူ့သမီးလေးကို သူ .. ရှင်ကွဲကွဲခံခဲ့တာပါ မေမေရယ် .. သူတို့သားအဖနှစ်ယောက် ဘယ်လောက်ထိ .. ခံစားကြရတယ်ဆိုတာ .. သား .. မတွေးရက်နိုင်ဘူး မေမေ .. သားတို့တွေးမိနားလည်မိတာတွေထက် အဆများစွာ သူတို့ ပိုခံစားကြရတယ်ဆိုတာကို .. ကျွန်တော်တို့သိနေကြပေမယ့် .. ဘယ်လောက်ထိနက်ရှိုင်းစူးနစ်နေအောင် ခံစားနေကြရတယ်ဆိုတာကိုတော့ မတွေးရဲလောက်အောင်ပါပဲ မေမေ .. သား .. အဲဒီဝဋ်ကြွေးကို ထိတ်လန့်နေမိတယ် မေမေ .. သူတို့ရဲ့အဖြစ်ကို .. ဘယ်လိုမှ .. မကြည့်ရက်နိုင်အောင်လဲ ဖြစ်ရပါတယ်ဗျာ .."

ဟု ပြောကာ ဦးမြိုင်သော် ဒေါ်သီရိကိုကြည့်တော့ ခေါင်းကို အနိုင်နိုင်ညိတ်ပြနေရှာပြီဖြစ်ပါသည်။ ဒေါ်သီရိမှ ..

"ကလေးကို .. ကယ်နိုင်ရင်ကယ်ကြပါကွယ် .. ကယ်ကြပါ"

ဟုသာ တစ်ဆို့ဆို့ကြီး ပြောရှာချေ၏။

ဟသ်ာကတော့ အားလုံးကို မော့ခနဲ ကြည့်ကာ ..

"ကြားထဲကမြေစာပင်ကတော့ .. ဟသ်ာနဲ့ကျေးချိုပါပဲဗျာ၊ သူ့ကို .. ကျွန်တော် မခွဲဘူး .. ဘယ်တော့မှ မခွဲဘူး .. သူ မရှိရင် .. ဟသ်ာ သေမှာပဲ .. ရင်ကွဲသေမှာပဲ .."



ဟု ပြောလည်းပြော ..။ အားလုံးရှေ့မှာ ကျေးချိုလေး၏ နဖူးပေါ် ခေါင်းကိုတင်၍ ရှိုက်ရှိုက်ငင်ငင်ငိုနေသည်။

ဒေါက်တာဒေါ်မိမိလွှင်မှာ အားလုံးကိုကြည့်၍ ..

"သူ အရမ်းကို ဝန်နဲ့အားနဲ့မမျှအောင် စိတ်ထိခိုက်လို့ .. ခုလို .. သတိလစ်သွားရတာပါ .. သူ့ကို .. လွှင် .. ဆေးထိုးထားပြီးပါပြီ .. အန်တီမိုး ပြောပြတာကြောင့်မို့သိထားရတာတွေကလဲ စိတ်မကောင်းစရာတွေ ဖြစ်နေပါတယ်၊ ကျေးချိုဟာ .. ဘာမှကို မစားမသောက်ရသေးဘဲ တစ်နေ့လုံးလဲ ရှိနေခဲ့တယ် .. အဖေကို လာတွေ့တော့လဲ မတွေ့ဘဲဖြစ်ကုန်တယ် .. အဖေနဲ့ တစ်သက်ခွဲရပြီဆိုပြီး ရင်ထဲဆို့တက်သွားတာပါပဲ .. ရှော့ခ်ရတာကပြင်းပါတယ် .. သူ စိတ်ချမ်းသာအောင်ထားပါ .. သူ့အတွက် အကောင်းဆုံးဆေးဟာ .. သူ စိတ်ချမ်းသာဖို့ပါပဲ .. သူ့အဖေပါပဲ .."

ဟု ဒေါ်မိမိလွှင် ခပ်ရှင်းရှင်းပြောလာပါသည့်အဖြစ်။ တစ်အိမ်ကျော်လေးမှာပဲ ဒေါက်တာဒေါ်မိမိလွှင် နေသည်မို့ ..။ ဦးမြိုင်သော် ဖုန်းဆက်၍ အကူအညီတောင်းခဲ့သည့်နောက်မှာ မကြာမလင့်မှီမှာပဲ ဒေါ်မိမိလွှင် ရောက်ခဲ့ခြင်းပါပဲ ..။ လုံးဝဖြူဖျော့ဖျော့ဖပ်နေလျက် သေလုမျောပါးကြီး စိတ်ထိခိုက်ခံစားခဲ့ရလေသမျှ သတိလစ်နေပါသည့် ကျေးချိုကို အချိန်မီ ဆေးထိုးနိုင်ခဲ့သည်။ အိပ်ရာထက်မှာ နားနေစေခဲ့သည်။ သတိလည်မလာသေးဘဲရှိနေဆဲ ကျေးချိုအတွက် ဦးမြိုင်သော် ချက်ချင်း ပြေးခေါ်လာသည့်က ဦးမြမိုကိုပါတည့် ..။ သတိလစ်နေသည်ဟု မပြောဘဲ ..။ တမင်ပင် .. ကျေးချိုလေး ကွယ်လွန်သွားသယောင်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ပုံမျိုး ပြောပစ်ခဲ့သည်ကတော့ဖြင့် .. ဦးမြမိုကို သင်ခန်းစာကောင်းကောင်းပေးချင်၍ပါ ..။ ခု .. ဦးမြမိုခမျာ .. သမီး ဆုံးချေပြီဆိုသည့် ချောက်ချားမှုကြီးဖြင့် စိတ်တွေ ပုံပုံကျအောင် ကြေကွဲလောင်မြိုက်နေရင်း ပြေးလာရှာသည်မှ အရူးတစ်ပိုင်းပါ။

"ဖေဖေ မှားပါပြီ သမီးရယ် .. သမီးလေး .. ဖေဖေ ရှိပါပြီ .. ရှိနေပါပြီ သမီးရယ် .. မျက်စိလေးတွေ ဖွင့်ကြည့်ပါဦး .. ဖေဖေ့ကို တွေ့ချင်တယ်ဆို .. တွေ့ချင်တယ်ဆို.. ဟင် .. ဒီမှာ .. ဒီမှာ .. သမီးလေးအတွက် ဖေဖေ စုထားတဲ့ပိုက်ဆံတွေ .. ငွေစုစာအုပ်လေးလေ .. ဒီမှန်တင်ခုံအောက်ဆုံးအံဆွဲငယ်လေးထဲမှာရှိနေတာ .. ဖေဖေက .. သမီးလေး ဖေဖေ့ကို လာရှာတဲ့အခါ .. ဒီစာအုပ်လေးလဲ .. တွေ့သွားမှာပဲဆိုပြီး .. ထားခဲ့တာသိလား .. သမီးလေးကို ဆရာဝန်ကြီး .. ဒါမှမဟုတ် .. ဝတ်လုံကြီးဖြစ်အောင် သင်ဖို့ စုထားခဲ့တာလေ .."

တတွတ်တွတ် ပြောနေသည့်က အရူးအမူးဆန်နေသည်။ ကယောင်ချောက်ချားနိုင်နေသည်။ သမီးလေးကို မွေ့လိုက်။ ပြောလိုက် ..။ ကမန်းကတန်းကြီး မှန်တင်ခုံငယ်လေးဆီမှ ငွေစုစာအုပ်လေးကိုယူပြလိုက်နှင့် တစ်ယောက်တည်း ဆောက်တည်ရာမရ ဖြစ်နေသည်။ သမီးကို ရင်မှာ မွေ့ထားရင်း ဆံစလေးတွေ သပ်ပေးလိုက် ..။ မျက်နှာလေးကို ငုံ့နမ်းလိုက် ..။ အောမှာရှိနေသည့် ယပ်တောင်လေးကိုယူ၍ ခတ်ပေးနေလိုက်ဖြင့် အောမှာ ရပ်ကြည့်နေသူတို့ပင် မမြင်ရက် ..။ မျက်ရည်ကျနေကြပေမယ့် ..။ ဦးမြမိုကဖြင့် .. အောမှာ လူတွေရှိနေတာကိုပင် အာရုံထဲရှိနေပုံ



မရတော့ ..။ ကျေးချို၏ လက်လေးကို စမ်းကြည့်လိုက် ..။ တတွတ်တွတ် ခေါ်လိုက် ..။ နဖူးလေးကို ငုံ့နမ်းလိုက်ဖြင့်ရှိနေရာမှ ..

"သမီးကို ဖေဖေ မချစ်ဘဲရှိပါ့မလား သမီးရယ် .. ဖေဖေ့လက်တွေနဲ့ .. သမီးလေးကို ဖေဖေ ထွေးပိုက်ခဲ့တာပါ .. သမီးလေးကို ကျောင်းပို့ခါနီးမှာ .. ဆံပင်လေးတွေကျစ်ပေးခဲ့၊ သနပ်ခါးလေးတွေ လူးပေးလိုက်နဲ့ရှိခဲ့တာ မှတ်မိလားဟင်၊ သမီးလေး ကျောင်းစတက်တဲ့နေ့လေးကို မှတ်မိနေပြီလား"

ဟု ဆက်တိုက်ပြောနေသည်။

"ကျွန်တော်သမီးကို .. ကျွန်တော် မချစ်ဘဲရှိပါ့မလားဗျာ၊ ခုတော့ .. ခုတော့ .. ကိုယ်ကျိုးနည်းပြီထင်ပါရဲ့ .. သမီးလေးရယ် .. အဲ့သလိုတော့ ဖေဖေ့ကို ချန်မထားရစ်ခဲ့ပါနဲ့၊ ဖေဖေ့ကို ချန်မထားရစ်ခဲ့ပါနဲ့ .. ဘုရား .. ဘုရား .. သမီးလေးကို ဆေးရုံတင်ပေးကြပါ .. ကယ်ကြပါ.. ကျွန်တော့် သမီးလေး မသေပါစေနဲ့ .."

ဟုပြောလည်းပြော ..။ အားကိုးသလို အားလုံးကိုလည်း မော့ကြည့်နှင့်ပါ ..။

"ဖေဖေ ကတိပေးတယ် သမီး .. သမီးကို ဖေဖေ ဘယ်တော့မှမခွဲဘူး .. ဘာကြောင့်နဲ့မှမခွဲဘူး .. ဘယ်သူ့ကိုမှလဲ မပေးဘူး .. လုံးဝမပေးဘူး .. ဖေဖေ့သမီးကို .. ဖေဖေ ရှာကျွေးမယ် .. အရင်တုန်းကလိုပဲ ပြန်နေကြမယ် .. ပြန်နေကြမယ် .. ဖေဖေ ပြောနေတာကြားရဲ့လား .. ဖေဖေတို့ အရင်လိုပြန်နေမယ်လေ သမီးရဲ့ .. သမီးထပါ၊

www.burmeseclassic.com

www.burmeseclassic.com



ထပါတော့ .. မေမေ့ကို ကြည့်ပါတော့ .. မေမေ့ကို ချန်မထားခဲ့ပါနဲ့ .. ပစ်မထားခဲ့ပါနဲ့ .. မေမေ့သမီးလေးကို မဆုံးရှုံးပါရစေနဲ့ .. ဘုရား .. ဘုရား .. ကယ်တော်မူပါ ဘုရား .."

ပြောနေရင်း ပြောနေရင်းမှ ဘုရားစင်ရှိရာသို့ လက်အုပ်ချီ၍ ဆုတောင်းရှာပါသည့် ဦးမြမှိမှာ မှိန်ဖျော့ဖျော့ မျက်နှာလေးဖြင့် ငြိမ်သက်နေပါသည့် သမီးကို မျက်တောင်မခတ် အတန်ကြာစိုက်ကြည့်နေသည်။ ချက်ချင်း စကားသံတွေလည်း တိတ်ကျ ..။ ဘာမျှလည်း မပြောတော့ဘဲ မျက်တောင်မခတ် ကြည့်နေရာမှာ တုန်လှုပ်စွာ ..

"မဟုတ်ဘူး .. ဒါတွေဟာ တကယ်မဟုတ်ဘူး .. တကယ် မဟုတ်ဘူး .."

ဟု ငြင်းဆန်သံဖြင့် ခေါင်းယမ်း၍ပြောလာသည်။ ဒေါ်မိမိလွင်မှာ မြကျေးချိုအတွက်သာမက .. ဦးမြမှိအတွက်ပါ စိုးရိမ်စိတ်ဖြင့် ကြည့်နေရပါပြီ ..။ တကယ်က .. မြကျေးချိုကို ဆေးရုံတင်ဖို့ပါ ..။ ဦးမြိုင်သော်မှ .. ကျေးချိုအတွက် အမေရှိဖို့ အရေးကြီးသည်ဟုဆိုကာ ချက်ချင်း သွားခေါ်ခဲ့ခြင်းပါ ..။

"သမီးရေ .."

ဦးမြိုင်သော်ပင် သံကုန်ဟစ်ခေါ်လိုက်ပါသည့် ဦးမြမှိ၏ ရင်ခေါင်းသံအက်အက်ကြီးကို မကြားရက်နိုင်အောင် ဖြစ်လာရသည့်မို့ ခေါင်းကိုငုံ့စဉ်ခိုက် မျက်ရည်လိုက်ကျလာနေပြီ ..။ တော်တော်ကြီးကို အက်ကွဲလိုက်ခါနေသော ရင်ခေါင်းသံကြီးပါတကား ..။



"မေ .. မေ .."

အားလုံး ထိတ်ခနဲ ရင်တွေ မျှော်လင့်ချက်ဖြင့် ခုန်သွားကြရ ..။ မြကျေးချိုလေးရှိရာ ရောက်ကြရနှင့်ပါ ..။ ဟသ်ာကတော့ ကျေးချို၏လက်လေးကို တွေးဆုပ်ထားရင်းမှ .. ဦးမြမှိကို မော့ခနဲကြည့်ကာ ..

"ကျေးချို ခေါ်နေပြီ .. ထူးလိုက်လေ .. ဘဘမှိ ထူးလိုက်လေ .. သူ ကြားမှဖြစ်မှာ .. သူ .. သူ .. ဘဘမှိရဲ့ ထူးသံကို ကြားမှဖြစ်မှာ .."

နှင့်ပြောနေတော့ ဦးမြမှိ သမီး၏ကိုယ်လေးကို သိမ်းကျုံးပွေ့ကာ ..

"မေမေ ရှိတယ် ကျေးချို .. မေမေ ရှိတယ် .. ဒီမှာ .. ကြည့် .. ကြည့် .."

ဟုပြောလည်းပြော ..။ ကျေးချို၏လက်လေးကို ဆွဲယူ၍ သူ့မျက်နှာထက်မှာ ဖေးတင်ရွှေ့လျားထိတွေ့နေစေပါ၏။

"မေ .. မေ .."

ထပ်၍ခေါ်သံမျှင်မျှင်လေး ..။ ဦးမြိုင်သော် မျက်ရည်ကြားမှ စတင်၍ ပြုံးလာသည်။ ဤပွဲတွင် .. အောင်မြင်ရချေပြီတကား ..။ မြကျေးချိုလေးအတွက် .. အင်အားကြီးမားသော ဆေးစွမ်းကောင်းတစ်ခုကို .. ရှာဖွေခေါ်ဆောင်လာနိုင်ခဲ့ပြီ ..။

မြကျေးချိုလေးကို ဆုံးရှုံးလိုက်ရစေတော့မည့်အခြေကြီးတစ်ခုထဲမှ ဆွဲထုတ်ကယ်တင်လိုက်နိုင်ခဲ့ပြီ ..။ သည်းခြေပျက်လုမျှ .. နှလုံးအိမ်လေး မွမွကြေရရှာပါသည့် မြကျေးချိုလေး၏

www.burmeseclassic.com

www.burmeseclassic.com



နှလုံးအိမ်နုနုစင်စင်လေးမှာ ဖခင်၏ မေတ္တာတွေ ပြန်လည်စီးချော တိုးဝင်ပိုင်ဆိုင်ခွင့်ရချေပြီကောဆိုသည့် အသိတစ်ခု ... ဤကလေးထံ ရောက်ရှိခွင့် ရလိုက်ဖို့ပဲလိုသည်။ ခု ... ရလိုက်ပြီမို့ ... ဤကလေးကို ... ဆုံးရှုံးစရာ မရှိတော့ပြီတည့် ...။

"ဖေဖေရှိတယ် သမီး ... ဖေဖေရှိတယ် ..."

ဟု ဦးမြမို သမီး၏ နားမှာကပ်၍ ခပ်ဖွဖွဆက်တိုက်ပြောနေသည်။ မြကျေးချို၏ မျက်ဝန်းလေးတွေ ခပ်ဖြည်းဖြည်း ပွင့်လာ၏။ ဦးမြမိုမှ မြကျေးချို၏ လက်လေးတွေကို မျက်နှာထက်မှာ စမ်းကြည့်နေစေသည့်နယ် ရွှေ့လျားပေးနေရင်းမှ ...

"ဖေဖေ ရှိနေတယ် သမီး ... သမီးကို ဖေဖေ မွေ့ထား တာ ..."

ဟု မျှော်လင့်အားတက်စွာ တောက်လျှောက်ပြောနေရာမှ မျက်ရည်တွေလည်း ကျနေသည်ပါပဲ ...။ ဟသ်ာ မြကျေးချို၏ လက်လေးကို ခပ်ဖွဖွထွေးဆုပ်သည်။ ဆံစလေးကို သပ်ပေးသည်။ ဤအချိန်မှာ သားအဖနှစ်ယောက် ... အေးချမ်းစွာ ... ဆုံကြစေတော့ ...။ ကြည့်ကြစေတော့ ...။ ကြည်နူးအေးချမ်းကြစေတော့ ...။ ကိုယ်ကို နောက်သို့ဆုတ်၍ အခန်းရှံ့မှာ သွားမှီ၍ ထိုင်ကာ မြင်ကွင်းကို ငေးကြည့်သည်က ဟသ်ာပါ ...။

"မ ... ထား ... ခဲ့ ... ပါနဲ့ ဖေဖေ ..."

အတုန်လှုပ်ဆုံးခံစားနေရပါသော ခံစားမှုလေးတွေ ပွင့်လာရင်းမှ မြကျေးချို၏ လက်လေးတွေ အားပျော့စွာ ဖခင်၏ လက်ကို ဆုပ်ကိုင်နိုင်ဖို့ကြိုးစားလာချိန်မှာ ဦးမြမိုမှ လက်လေးတွေကို ထွေးဆုပ်၍ ...



"မထားခဲ့ပါဘူး သမီးရယ် ... ဒီမှာလေ ... သမီးလေးရဲ့ ... အန်ကယ်မြိုင်နဲ့ အန်တီမိုးတို့လဲရှိတယ် ... ဘွားလဲ လာကြည့်နေတယ် ... ဟသ်ာလဲရှိနေတယ် ... ဖေဖေလဲရှိနေတယ် ... သမီးလေးကို ... သမီးလေးကို ... ဖေဖေ ဘယ်တော့မှမခွဲဘူး"

ဟု ပြောလည်းပြော ...။

ဦးမြမို ငိုရှိုက်နေသည့်ကြားမှ နှုတ်ခမ်းတွေ ပြုံးလာသည်။

ချောက်ချားခြင်းကို ကျော်လာခိုက် ... ငိုရှိုက်ခြင်းမစဲနိုင်သေးသည့်ရင်ဖြင့် ပြုံးလာပါသည့်နှုတ်ခမ်း ...။ ဤနှုတ်ခမ်းထက်မှာ ဖေးထင်လာရပါသည့်အပြုံးသည် နှိုင်းမမှီသည့်သင်ခန်းစာကြီးတစ်ခုကို ... ကျော်ဖြတ်ရင်ဆိုင်လိုက်ပြီးသည့်နောက်မှာမှ ဖြစ်တည်လာရပါသော အပြုံးတစ်ခုပါချေသည်ကောလေ ...။

"ကိုကို ..."

ကျေးချို၏ ခပ်ဖျော့ဖျော့ခေါ်သံလေးကြောင့် ... ဟသ်ာ ကျေးချိုထံ ရောက်သွားရ ...။ ကျေးချို၏ လက်လေးကို ထွေးဆုပ်လိုက်ရရင်းမှ ဆံစလေးကိုသပ်ပေးလျက် ...

"ကိုကိုတို့ ... ဘယ်တော့မှမခွဲကြရတော့ဘူး ကျေးချိုလေး၊ အဲဒါ ... ကိုကို့သစ္စာစကားဖြစ်သလို ... ဖေဖေ မေမေ ... ဘိုးနဲ့ဘွားတို့ရဲ့ ကြည်ဖြူလက်တွဲပေးမှု ... ဘဘမိုရဲ့ ... ကျေနပ်သဘောတူမှုတို့နဲ့အတူ ... ဖြစ်တည်လာကြရတော့မယ်ဆိုတာယုံနော် ... ကိုကို ... ကျေးချိုနားမှာ အမြဲရှိနေမယ် ... ကျေးချိုလေး ပင်ပန်းလှပြီ ... ခဏ နားလိုက်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ချစ်ရသူလေးကို မပင်ပန်းစေချင်ဓာဖြင့် ခပ်ဖွဖွပြောကာ ကျေးချို၏လက်လေးကို လက်နှစ်ဖက်ဖြင့် ထွေးပိုက်ဆုပ်ကိုင်ထားမိလိုက်ရပာချေသည့်တည့် ..။

တဖြည်းဖြည်းမှေးစင်းပိတ်ကျသွားပါသည့် မျက်တောင်ထူမည်းမည်းလေးတွေကို .. ဟသ်ာ .. ငေးကြည့်မိရာမှ နဖူးစပ်ဆံမှ ဆံနုမျှင်လေးတွေကို ဖေးတင်သပ်ပေးမိရပါ၏။

ဩော် .. ချစ်ရသူလေး .. သတိပြန်လည်လာချိန်တွင် .. ခေါ်ငင်ခဲ့ရှာပါသည့် .. ကိုကို .. ဆိုသည့် ခေါ်သံလေးသည် .. ကျေးချို၏ရင်ထဲမှာ .. အဘယ်မျှထိ .. ကိုကိုဆိုသောသူတစ်ယောက် နက်ရှိုင်းစွာရှိနေသည်ဆိုတာ ဝန်ခံလိုက်ခြင်းပေမို့ .. ရင်သည် ချမ်းမြေ့ရချေသည့်အဖြစ် ..။ ကျေးချိုသည် .. သတိလစ်နေရာမှ ပြန်သတိဝင်လာချိန်လေးတွင်သော်မှ .. မလည့်တလည်သတိလေးဖြင့်ပင် .. ဟသ်ာဆိုသည့် ကိုကို့ကို .. တမ်းတခေါ်ငင်ခဲ့ရှာချေသည်တကား ..။

ထိုခေါ်သံ တိုးမျှင်မျှင်လေးသည် .. ကိုကို့ဘဝတွင် ဘယ်သောအခါတွင်မှ နှလုံးအိမ်ဆီမှ ပျောက်လွင့်သွားနိုင်ချေမည် မဟုတ်ပါသည့် ကမ္ဘည်းထိုးမှုလေးတစ်ခုပင် ဖြစ်ပါချေသည် ကိုကို့ မြကျေးချိုငယ် ..။ ထိုစဉ်ခိုက် .. ဘွားထံမှ ..

"မြကျေးချိုလေး နေပြန်ကောင်းပြီး .. တစ်ပတ်ကြာတဲ့အခါမှာ .. ကြာရိပ်မြိုင်မှာ .. ဟသ်ာနဲ့ ကျေးချိုလေးတို့ရဲ့ စေ့စပ်ပွဲတစ်ခုကို ဖြစ်တည်ခွင့်ပြုပါလို့ .. ဦးမြမှီကို .. ဘွား စကားမြွန်းပါရစေ .. ဒီအချိန်မှာ .. သစ္စာတည်စွာနဲ့ ဘွား .. စကားမြွန်းလိုက်ပါရစေ .."



ဟူသော ဘွားထံမှ မွှင့်ကျလာပါသည့်စကားသံသည် .. ဟသ်ာ၏နှလုံးအိမ်တွင်းဆီသို့ အေးမြစွာ တိုးဝင်လာသည့်နှယ် ..

ကိုကို့မိန်းကလေး ..။ ဩော် .. ဟသ်ာ၏မိန်းကလေး၏လက်လေးတွေကို .. မြတ်နိုးစွာ .. တချမ်းမြေ့မြေ့ .. ထွေးကိုင်ထားလျက် နဖူးစပ်ဆီသို့ ချစ်ရသူလေး၏ လက်ဖျားလေးတွေကို ဖေးအပ်တင်ထားမိရပါချေသည့်တည့် ..။

လက်ဖျားချွန် .. ဖူးငုငုလေးကို .. ဤသို့သာလျှင် ကိုကို့နဖူးပြင်ထက်မှာ .. ထာဝရ .. ဖေးတင်အပ်ထားခွင့်ရရပါချေပြီကောလေ ..။

မွှေးမြမြစံပယ်တို့၏ ရနံ့က ဥယျာဉ်ဆီမှ .. လေပြည်နုနှင့်အတူ .. သင်းပျံ့တိုးဝင်လာချေ၏။

တကယ်တော့ .. ဝန်းစံပယ်မွှေးတို့၏ ရနံ့က .. နှလုံးသားဆီသို့တိုင် .. တိုးဝင်မွှေးမြ .. သင်းထုံကြရပါချေသည့်နှယ်ပါ ..။

❤○❤

www.burmeseclassic.com

www.burmeseclassic.com





ကောင်းကင်ပြာတွင်း
ငွေလမင်းလျှင် ...
သာချင်သမျှ သာလေစွတေ့ ..
တိမ်မျှင်နက ခွင့်ပြုသည် ...။

ကောင်းကင်ပြာတွင်း
ငွေလမင်းလျှင် ...
တိမ်စင်ရထား၊ စီးကာသွားရင်း
ရွှေပန်းခြင်းမှာ၊ ငွေပန်းလွှာများ
သယ်ဆောင်ထားစဉ် ..
ပန်ချင်သမျှ ပန်ဆင်စွဟေ့ ..
ပန်းငွေနက ခွင့်ပြုသည် ..။

ကောင်းကင်ပြာတွင်း
ငွေလမင်းလျှင် ..
မောင့်၏ရင်ခွင်၊ မှိတွယ်ရှင်လျှက်
ကမ်းလင့်လက်များ၊ တိမ်မျှင်ကြားမှာ



ရှိလာပါစဉ်၊ ချစ်ဦးရင်ခွင်
နိုဝင်ချင်သမျှ နိုဝင်စွဟေ့ ...
ရင်ခွင်နက ခွင့်ပြုသည် ...
ဪ ...
ရင်ခွင်နက ခွင့်ပြုသည် ...။ ။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

မြကျေးချို၏ လက်လေးတွေ မသိမသာတုန်နေကြသည်ကိုက စိတ်လှုပ်ရှားလွန်း၍ပါ ‥။ ကိုကို့လက်တွေက မြကျေးချို၏ လက်သူကြွယ်လေးမှာ စိန်တစ်လုံးမြုပ်စေ့စပ်လက်စွပ်လေးကို ဝတ်ဆင်ပေးလာသမျှ ခေါင်းလေးငုံ့ချ၍ ခံယူနေရရာမှ ဖျတ်ခနဲ မေမေ့ကြည့်မိရပါပြီ။ ဩော် ‥ မေမေ့မျက်နှာတွင် ထင်သောကြည်နူးချမ်းမြေ့ရိပ်များသည် လင်းလင်းပပရှိလှချေသည် ကောလေ ‥။

မေမေ ပြုံး၍ ခေါင်းလေးညိတ်ပြသည်။ မေမေကိုယ်တိုင် ကမ်းပေးလာပါသည့် ကတ္တီပါဘူးလေးကို မြကျေးချို တရိုတသေလေးယူရပါ၏။

အားလုံးက ကိုကိုနှင့် မြကျေးချိုကိုရံ၍ ထိုင်နေကြကာ ‥။ ကျေးချိုတို့က သားမွေးကော်ဇောသစ်ကြီး ခင်းထားရာ ကြမ်းပြင်ထက်မှာ ထိုင်နေကြခြင်းပါ ‥။

ဘိုးဘိုးနှင့်ဘွားဘွား ‥။ ပြီးတော့ မေမေ ‥။ နောက် ဘဘမြိုင်နှင့်အန်တီမိုး ‥။ ပြီးတော့ ‥ ကျေးချိုကို မေမေ အပ်ခဲ့



ပါသော ‥ အပ်ခဲ့ဖူးပါသော ‥ ဘိုးစံနှင့် ဘွားနု ‥။ အားလုံးသည် ကြည်ကြည်မြမြပြုံးလျက် ဆိုဖာကြီးများမှာ ထိုင်နေကြဆဲ ‥။

မေမေ့ဆောင်းထားငွေဖြင့် မေမေ ဝယ်ယူပေးခဲ့ပါလေသော ကိုကို့အတွက် ဝတ်ဆင်ပေးရပါမည့် လက်စွပ်လေးသည် ပုလဲပွင့်ငယ်လေးမြုပ်ထားရာ သာမန်ရွှေလက်စွပ်လေးတစ်ကွင်းဖြစ်ပေမယ့် ‥ ကိုကိုနှင့်မြကျေးချိုတို့အတွက်ကဖြင့် မေမေ့မေတ္တာဖြင့်ထုံမွှမ်းရာ စေ့စပ်လက်စွပ်လေးတစ်ကွင်း ဖြစ်ပါချေသည်တကား ‥။

မြကျေးချို ‥ ကိုကို့ကိုမော့ကြည့်တော့ ‥ အရမ်းကို ကြည်စင်စွာပြုံး၍ကြည့်နေပါသည့် ကိုကို့မျက်ဝန်းနှင့်ဆုံသည်။ ဩော် ‥ ကျေးချိုကို အလွန်ချစ်ပါလေသော ကိုကို ‥။ ကျေးချိုနှင့် ပတ်သက်လာလျှင် မခွဲနိုင်အောင်ရှိရပါလေသော ကိုကို ‥။ ကျေးချို ကရောကွယ် ‥။ ကျေးချိုကလည်း ကိုကို့ကိုမခွဲနိုင်သည်ပဲလေ ‥။

ကမ်းလင့်ပေးနေဆဲရှိနေပါသည့် ကိုကို့လက်တွေက ခေ့ခနဲတစ်ချက် ရှေ့မှာ လှုပ်ပြရင်းမှ ‥

"ဟော့ ‥ မင်းသမီးလေး ‥ ဝတ်ပေးတော့လေ ‥ ဘာငေးကြည့်နေတာလဲဗျ ‥ ဘာလဲ ‥ ကိုကိုက တိုက်ပုံတွေဘာတွေနဲ့ သိပ်ခန့်နေလို့လား ‥"

ဟု တိုးဖွဖွလေးမေးလာသည်ကိုက ပျော်ရိပ်တွေဖြတ်ပြေးနေသည်ပါပဲ ‥။ ကျေးချို ကိုကို့လက်သူကြွယ်မှာ လက်စွပ်လေးကို ဝတ်ပေးလိုက်တော့ အားလုံး ဝိုင်း၍ လက်ခုပ်တီးပေးကြပါ၏။ ဒေါမှာလာထိုင်နေကြပါလေသော ကြီးမာနှင့် မမမိလုံးတို့မှာလည်း လက်ခုပ်မြိုင်မြိုင်ဝင်တီးနေကြသည်ပါပဲ ‥။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပျော်နေကြချေသည်တကား ..။ အတွေးဖြင့် ကျေးချို ရင်ထဲမှ ကြည်မွေ့ကြည်စင်ရှိရပါသည် ..။ ကိုကိုနှင့် မခွဲရသည့်အတွက် ..။ မေမေ့ ရင်ခွင်မှ [illegible]ခွာရသည့်အတွက် ..။ ကျေးချို၏ဘဝသည် အစစပြည့်စုံနေကြသည့်နယ် ရှိနေရပါသည့် အဖြစ် ..။

ပြီးတော့ .. ဘိုးနှင့်ဘွားဟု မှတ်ယူရှိသေရမည်ဟု မေမေ ကြိုရတင်မှာထားပါသည့် ဘိုးစံနှင့်ဘွားနုတို့ကိုလည်း ကျေးချို မော့ကြည့်မိရပါပြီ ..။ ပြုံးနေရင်းမှ ဘွားနုမှ ရွှေလက်ပတ်နာရီလေးနှစ်လုံးကို ကမ်းပေးသည်။

"ရွှေမှာကျောက်ရောင်စုံလေးတွေ စီထားတာက မြေးလေး အတွက် .. ဒီရွှေနာရီလေးက မြေးဟာသ်အတွက် .. တစ်ယောက်ကိုတစ်ယောက် ဝတ်ပေးလိုက်ကြနော် .. ဘွားက စေ့စပ်ပွဲအတွက် လက်ဖွဲ့တာ .."

ဟု ပြောရာတော့ ကျေးချို မေမေ့ကိုကြည့်သည်။ ခေါင်းညိတ်ပြသည်မို့ မေမေ ခွင့်ပြုသည်ပဲဟု တရိုတသေလေး လက်ခံယူကာ ကိုကို့ကို လက်ပတ်နာရီလေးတွေ အပ်လိုက်တော့ ကိုကို ရယ်သည်။

"ဘာလဲ .. ယူပြေးလိုက်ရတော့မှာလား .."

ဟု ငယ်ကျွင့်မပျောက်ဘဲ ဆတ်ခနဲ နောက်ပြီးမှ လူကြီးတွေကို သတိပြန်ရမော့ကြည့်ကာ ကလေးနယ်ရယ်ပြလိုက်သေးသည့် ကိုကိုပါ ..။ ကိုကို ပျော်နေတာမို့ အားလုံးကလည်း ကြည်နူးနေကြ .. အပျော်တွေကူးနေကြသည်ပါပဲ ..။



ကိုကို ရွှေလက်ပတ်နာရီကျောက်စီလေးကို မြကျေးချိုကို ဝတ်ပေးသည်။ ကျေးချိုကလည်း ကိုကို့ကို လက်ပတ်နာရီလေး ပြန်ဝတ်ပေးနိုင်ဖို့ ကိုကို့လက်ထဲမှာရှိနေသည့် လက်ပတ်နာရီကို ပြန်ယူရ ..။ ဝတ်ပေးရနှင့်ပါ ..။

"ခုကတည်းက .. ပစ္စည်းမှန်သမျှ .. ကိုကို့အပ်နေတာပဲ လား .."

ဟု ခပ်တိုးတိုးနောက်သည်မို့ ကျေးချို မသိမသာလေး မျက်စောင်းခဲမိရသည်ပါပဲ ..။ ထိုအခိုက် ဘွားသီရိမှ ..

"ဟဲ့ .. လူလေး .. ဟာသ်ာ .. မေ့နေပြီလား .."

ဟု လှမ်း၍ပြောလာတော့မှ ဖြတ်ဆို ကိုကို ခေါင်းကုတ်ပြရင်းမှ ..

"တကယ်ကိုမေ့သွားတာဗျ ဘွားရ .. ပျော်နေတာလဲပါပါ တယ် .."

ဟု ရှက်ရယ်ဖြင့် ဝန်ခံစကားကိုပြောသည်။ ပြီးတော့ တိုက်ပုံအကျႌနံ့သာရောင်၏ နောက်ကျောဘက်ကို လက်လျှို၍ နှိုက်၏။ ပြန်ထွက်လာတော့ လက်ကိုင်ပဝါဖြူလေးဖြင့် ထုပ်ပတ်ထားသောအထုပ် ..။ ဖွင့်လိုက်တော့ .. ပုလဲလေးတွေစီထားသော ရွှေသရဖူလေးပါတကား ..။

"ဒါက .. ဘွားက ကျေးချိုကိုပေးတာ .."

ဟု ကိုကို ပြောနေရင်းမှ ကျေးချို၏ခေါင်းလေးမှာ သရဖူလေးကို ဆောင်းပေးပါ၏။ နောက်တော့ .. ငယ်ကျွင့်ပုံး မျက်လှည့်ဆရာ ဒေးဗစ်ကော်ပါဖီးဟန်ကြီး ရုတ်ခနဲ အလျှော်ဖြင့် ဝင်သွားလျက် တိုက်ပုံညာဘက် အကျႌအိတ်ကိုနှိုက်ရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com

"ယော .."

ဟုပြောလည်းပြော ..။ လက်ထဲပါလာသည့် စိန်လက်ကောက်လေးကို ကျေးချို၏လက်လေးမှာ ဝတ်ပေးပြန်၏။

"မေမေ ပေးတာ .."

ဟုပြောပြီး ဘယ်ဘက်တိုက်ပုံအကျႌအိတ်ကပ်ကို နှိုက်ပြန်သည်။ စိန်ဆွဲကြိုးလေးဖြစ်နေသည်။

"ယော .. မေမေ ပေးတာ .."

ဟု ပြောကာဝတ်ပေးပြန်သည်။ နောက်တော့ တိုက်ပုံအကျႌအတွင်းအိတ်ကပ်ကို နှိုက်ပြန်၏။

"ယော .."

ဟု လက်ဝါးကိုဖြန့်ပြတော့ ရွှေသစင်ခက်လေးမှာ စိန်ပွင့်လေးတွေဝါနေသည့် ရင်ထိုးလေးဖြစ်နေသည်။

"ဘိုးဘိုး ပေးတာ .."

ဟု ပြောပြီး ရင်ထိုးလေးကို ထိုးပေးပြန်၏။ အားလုံးကတော့ မေမေ့ မျက်နှာထက်မှာ အရိပ်တစ်မျိုးထင်နေသည်ဟု ကျေးချို ထင်လာပါ၏။

"သမီးကို မေမေ ဝန်ခံစရာရှိတယ် .. အသိပေးစရာရှိနေတယ်၊ သမီး .."

ဟု မေမေပြောကာ အားလုံးကိုလည်း တစ်ချက်ကြည့်လာပါ၏။ ကျေးချို လက်အုပ်လေးချီကာ လန့်ရှိန်လေးဝင်လာရင်းမှ ..

"သမီးကို ခွဲသွားတော့မလို့လား မေမေ .."



ဟု ငိုမဲ့မဲ့လေးမေးလာတော့ မေမေ ခေါင်းယမ်းပါ၏။ ကိုကိုကတော့ ကျေးချို၏ လက်လေးကို တွေးဆုပ်ထားနေပြီ ..။ ကျေးချို စိတ်ဆင်းရဲစရာစကားကိုများ မေမေ ပြောလာချေတော့မည်လားဟု ကိုကိုလည်း စိတ်ထဲထင့်သွားပုံရပါ၏။

"သမီးကို မေမေ ဘယ်တော့မှမခွဲပါဘူး သမီးရယ် .. စိတ်ချပါ .. ခုပြောမှာက မေမေ့ရင်ထဲမှာ လျှို့ဝှက်ထားတဲ့ အရာတစ်ခုရှိတယ် .. တခြားဘာကိုမှမမေးဘဲ .. မေမေ့ စကားကို နားထောင်ပါ .. နောင်ကိုလဲ .. အသေးစိတ် မမေးပါဘူးလို့လဲ ကတိပေးပါကွယ် .. မေမေ ပြောမယ် .. ဒီကဘိုးစံနဲ့ဘွားနုတို့ဟာ .. သမီးလေးရဲ့ ဘိုးအေဘွားအေများဖြစ်ကြတယ် .. သမီးဟာ သမီးရဲ့ မေမေနဲ့ပတ်သက်ပြီး သူတို့ရဲ့မြေးတော်နေတယ် သမီး .. ဒီလောက်ပဲ မေမေ ပြောပါရစေ .."

ဟု ဖွင့်ချလိုက်တော့ ဦးစံဘွားနှင့် ဒေါ်နုမေတို့ခမျာ အံ့အားတသင့်ကြီးလည်းဖြစ်ကြ ..။ ဝမ်းလည်းသာကြနှင့်ပါ ..။ မျက်ရည်တွေဝိုင်းလည်လာကြပေမယ့် မျက်ရည်မကျအောင် ထိန်းကြသည်က မြေး၏ဇွစပ်မင်္ဂလာချိန်မို့ပါ ..။

မြကျေးချိုမှာ ရုတ်ခနဲ မယုံကြည်နိုင်ရာအဖြစ်တအံ့သြလေးမှင်တက်ကြည့်နေရာမှ ဘိုးစံနှင့်ဘွားနုတို့ကို မော့ခနဲကြည့်မိရပါပြီ ..။ ကိုကိုသည်လည်း အစစနားမလည်နိုင်သေးဟန်ဖြင့် ခပ်ငေးငေးကြီး မေမေနှင့် ဘိုးစံဘွားနုတို့ကို ငေးကြည့်နေရှာသည်ပါပဲ ..။ မေမေက ဘာမျှဆက်မမေးရဟု ပြောထားတာမို့မမေးဖြစ်ပေမယ့် ဘယ်လိုကြောင့် .. ဘယ်လိုဆော်စပ်မှုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးနှင့်ဘွားတို့ဖြစ်နေကြသည်ဆိုတာ ကျေးချို တွေးမရ ။ ကိုကိုဘိုးနှင့်ဘွားတို့လည်း အံ့အားတသင့်ကြီး ဖြစ်နေကြရာမှ ဘဘမြိုင်နှင့် အန်တီမိုးကိုကြည့်ကာ ..

"ဟင် .. ဒီကိစ္စ .. ခင်းတို့ သိထားကြသေးသလား မောင်မြိုင် .."

ဟု ဘွားမှ ဖွင့်မေးရှာသည်အထိ အံ့ဩရှိန်ဖြင့်နေရသည်ပါပဲ ။ ဘဘမြိုင် ခေါင်းညိတ်ပြသည်မို့ ဘွားသိရှိမှာရင်ကို ဖျတ်ခနဲကြီး ပုတ်မိရင်း ..

"ဘာလိုတွေများလဲ မောင်မြမိုရယ် .."

ဟု မသိနိုင်တော့ဟန် .. မတွေးတတ်တော့ဟန်ဖြင့်လည်း ညည်းချလိုက်သည်ပါပဲ ။

"သမီးလေးရဲ့ မေစပ်မင်္ဂလာနေ့မှာ .. လူကြီးမိဘများကို ကန်တော့တဲ့အခါမှာ .. ဘိုးအေဘွားအေကို .. ဘိုးအေဘွားအေအဖြစ်ပဲကန်တော့ဖြစ်စေချင်တာမို့ပါခင်ဗျာ .. ကျွန်တော်သမီးလေးရဲ့ဖခင်ကြီးအဖြစ် ကန်တော့ခံသလို .. ဘိုးအေဘွားအေတွေကလဲ .. ကန်တော့ခံသင့်ပါတယ် ဘွားခင်ဗျား"

ဟု မေမေ ခေါင်းကိုငုံ့ငိုက်၍ ပြောရှာ၏ ။ ကျေးချိုမျက်ရည်လည်နေသည်။ မေမေ့ထံမှာ ကြေကွဲဖွယ်အဖြစ်တစ်ခုရှိခဲ့ပါလိမ့်မည် ။ ကျေးချိုနှင့်ပတ်သက်၍ ကျေးချို၏မေမေဆိုတာ မသိခဲ့ရ ။ မေမေ ဘယ်တုန်းကမှဖွင့်မပြောခဲ့ပါသည့်အဖြစ်။ ထိုမေမေသည် .. ယခု .. ဘိုးစံနှင့်ဘွားနုခေတို့နှင့် ပတ်သက်သည်တဲ့ ။ မေမေက ဘာမျှဆက်မဖေးပါနှင့်ဟု တားထားတာမို့ မြကျေးချို မမေးရက်တော့ပါ ။ ဘာပဲဖြစ်ဖြစ် ။ ကျေးချို



မှာ ဘိုးနှင့်ဘွားဆိုတာလည်း ရှိနေချေသည်ပဲဟု နားလည်အားတက်လာရသည်ပါပဲ ။ ဒါကြောင့် .. မေမေသည် .. ကျေးချိုကို ဘိုးနှင့်ဘွားထံ ယုံယုံကြည်ကြည်အပ်ထားရစ်ခဲ့ခြင်းဖြစ်ပါချေလိမ့်မည် ။ ဒါပေမဲ့ .. မေမေ သည်ဘိုးနှင့်ဘွားတို့အပေါ်တူတူမနေနိုင်သည့် လုံလောက်သောအကြောင်းတစ်ခုကြောင့်အတိတ်ဆီမှာ ကြေကွဲနာကျင်ဖွယ်ရာအဖြစ်များအဖြစ် ရှိခဲ့ဖူးချေမည်ထင် ။ ဒါကြောင့် .. ကျေးချိုကို အပ်ထားခဲ့ကာ မေမေကတော့ဖြင့် ထွက်ခွာသွားတာဖြစ်ပါချေလိမ့်မည်တည့် ။

မေမေ့ကိုကြည့်ကာ .. ဘိုးနှင့်ဘွားကို လက်အုပ်ချီ၍ကန်တော့နေတာကိုမြင်သည်။

"ကျွန်တော် အတ္တကြီးခဲ့တာ ခွင့်လွှတ်ပါ .. ခွင့်လွှတ်ပေးကြပါဗျာ .. မေတ္တာဆိုတာ .. ကိုယ်ကပေးရုံသက်သက်၊ ကိုယ်က ရရုံသက်သက်အတွက်ပဲ ကွက်ကြည့်လို့မျှတဘူးဆိုတာ ကျွန်တော် သိလာနေရပါပြီ .."

ဟု မျက်နှာကိုအောက်ချလျက် မေမေ ပြောစဉ်ခိုက်ဘိုးစံမှာ ထရပ်ကာ မေမေ့လက်ကို ဆုပ်ကိုင်၍ ..

"ကျေးချိုဟာ ဘဘတို့ရဲ့မြေးဖြစ်သလို .. သားဟာ .. ဘဘတို့ရဲ့သားပါပဲကွယ် .. ကဲ .. ထိုင် .. ထိုင် .. ဘဘတို့ဘေးမှာထိုင် .. ကလေးတွေကန်တော့ကြတော့မှာ .."

ဟု ပြုံး၍ပြောတော့ မေမေ ဘိုးနှင့်ဘွားကိုကန်တော့သည်။ ပြီးတော့ ဆိုဖာထက်မှာ ထိုင်ရှာပါ၏ ။

"ကဲ .. ကဲ .. မင်္ဂလာရှိပေသကိုး မြေးတို့ရယ် .. မြေးကျေးချိုမှာ .. ဒီနေ့ဟာ .. ဘိုးအေဘွားအေပါမကျန် ကန်

www.burmeseclassic.com

www.burmeseclassic.com



တော့ရတဲ့ နေ့ထူးနေ့မြတ်ဖြစ်တယ် .. နှစ်ဖက်စုံညီ ဘိုး အဘွားအေတွေ ရှိကြပေသကိုး .."

ဟု ဘွားသီရိမှ ပြုံး၍ပြောရှာပါ၏။ ကြေကွဲတစ်ဆို့နေကြပါသည့် ခံစားမှုတွေ ပျောက်လွင့်စဉ်အောင်ပြောခြင်း ..။ ဝင်ထိန်းပေးခြင်းသဘောပါနေသည်။

"ကိုကိုတို့ ကန်တော့ကြရအောင်နော် .."

ဟု ငဲ့၍ ကိုကို ပြောတော့ ကျေးချိုနှင့်အတူ လက်အုပ်လေးချီကာ အားလုံးကို ရိုကျိုးပျပ်ဝပ်စွာ ကန်တော့ရပါ၏။

ဆုပေးသံတွေက ဝေစည်အေးမြစွာ နှလုံးသားတို့တိုင် စီးဝင်ရပါသည့်အဖြစ် ..။ စေ့စပ်မင်္ဂလာမပြုမီလေးမှာပင် ကိုကိုနှင့် ကျေးချိုတို့ မြတ်ဘုရားအား အတူကန်တော့သည်။ နောက် .. စေ့စပ်ပွဲလေးဖြစ်မြောက်သည်။ ယခု .. လူကြီးမိဘဘိုးအေများကို ကန်တော့ခြင်းဖြင့် စေ့စပ်ခြင်းမင်္ဂလာအခမ်းအနားလေးသည် နှစ်ဖက်မိသားစုဖြင့်ပင် အေးချမ်းစွာဖြစ်တည်ခဲ့ရချေသည်တကား။

ကြီးဇာ လက်ရာ အုန်းနို့မပါပါဘဲနှင့် မွှေးနေအောင်ကောင်းသည့်ခေါက်ဆွဲ ..။ ပြီးတော့ .. ဘဲသားမုန့်၊ ပူတင်း၊ နန္ဒင်းမကင်း၊ အာလူးကက်တလိတ်၊ ကိတ်မုန့်၊ ပြီးတော့ .. မုန့်ထဲမှာဘိန်းမုန့်၊ မုန့်ပြားသလက်ကအစပါနေသေးသည့်အဖြစ်ပါတည်း။ အားလုံးကတော့ တပျော်ပျော်ဖြင့် စိတ်လက်ပေါ့ပါးစွာ စားသောက်ကြသည်ပါပဲ .. နေ့လယ်စာကို .. ခေါ်ကြီးဇာ လက်ရာဟင်းကောင်းဖြင့် စားကြဖို့ကလည်း ရှိနေသေးသည်။ လူကြီးမိဘတွေပါတာမို့ အုန်းနို့ကိုတော့ ခေါ်ကြီးဇာ ရှောင်၍ ချက်ပြုတ်သည်ပါပဲ ..။



"လာ .. လာ .. လူကြီးတွေ စကားပြောကြဆိုကြပေစေ၊ သူတို့ချင်း လွတ်လွတ်လပ်လပ်ပြောကြပေစေ .."

မုန့်ပြားသလက်လေး ယူစားနေပါသည့် ကျေးချိုကို .. ကိုကို ခပ်တိုးတိုးပြောကာ ခြံထဲဆင်းဖို့ မျက်ရိပ်လေးပြနေခိုက်မှာ ..

"ကျွန်တော် .. ဟောဒီက မောင်မြမိုကို .. ကျွန်တော့်ကုန်တိုက်မှာပဲ .. ကျွန်တော့်သားလှယုံကြီးအဖြစ် ခေါ်ထားရတော့မှာပါ .."

ဟု ဘိုးစံ ပြောနေတော့ ဘဘမြိုင်မှ ပြုံး၍ ခေါင်းညိတ်ကာ ..

"ဟုတ်ကဲ့ပါ .. ဟုတ်ကဲ့ပါ .."

နှင့်ပြောလာသည်မို့ ကိုကို တစ်ချက်မျက်မှောင်ကြီးကုတ်သွားကာ ကျေးချို လက်လေးကို ထွေးဆုပ်၍ ခြံထဲခေါ်လာသည်ပါပဲ ..။

"ဘာတွေလဲကွ .. ကျေးချိုရဲ့ဘိုးစံက .. ခုကတည်းက ကျေးချိုရော .. ဘဘမိုကိုရော .. သူတို့ရဲ့ ပုန်းညက်မြိုင်ကို အပိုင်ခေါ်သွားတော့မယ့်သဘောဖြစ်နေတယ် .. ဘာတွေလဲကွ .. ကိုကိုက နေခဲ့ရမှာလား .. မရဘူးနော် .. မနက်မိုးလင်းတာနဲ့မြင်ချင်တဲ့ မျက်နှာလေးက ဒီမျက်နှာလေးဆိုတာ အားလုံးသိနေကြတာပဲဥစ္စာ .."

မျက်နှာကြီး ပျက်နေရင်း ကိုကို ပြောနေတော့ ကျေးချို ကိုကို့ကို ပြုံး၍ကြည့်ရပါ၏။ ကိုကိုနှင့်အတူ ကြာကန်အုတ်ဘောင်လေးမှာ ထိုင်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ထားပြီးပဲ ကိုကိုရယ် .. နှစ်ယောက်စလုံး ဘွဲ့ရတော့ လက်ထပ်ပေးမယ်လို့ ပြောထားတာပဲဥစ္စာ .."

"ဟာ .. အကြာကြီးလိုသေးတယ်ကွ .. အဲဒီဘွဲ့ရတဲ့အထိ ဆိုတာက နှစ်နဲ့ချီနေတာ .. စေ့စပ်ထားတာကတော့ဟုတ်တာပေါ့ .. ခါတိုင်းလို ဘဘမိုက ဒီမှာနေမယ် .. ကိုကို့မင်းသမီးလေးကလဲ ဒီမှာနေမယ် .. အဲသလိုဆိုရင်တော့ ပြဿနာမရှိပါဘူး .. ကိုကို့လနတ်သမီးလေးကို မြင်နေရရင် .. ကိုကို့ရင်ထဲမှာ ပြည့်စုံချမ်းမြေ့နေပြီ .. ခုဥစ္စာက သူတို့က ဘိုးအေဘွားအေဆိုပြီး ပိုင်စိုးပိုင်နင်းတွေ လုပ်လာကြပြီ .. ဟာ .. မရဘူးကွာ .. ကိုကိုတော့ ရွှေမိုးတိမ်မှာ ဘဘမိုက သားလှူယုံဆိုရင် .. ကိုကို့က .. ရွှေမိုးတိမ်ရဲ့ မြေးမန်နေဂျာလုပ်မယ် .. ဟိုမှာလိုက်နေမှာ .. ဒါပဲ .."

မခွဲနိုင်တာတစ်ခုတည်းသိလျက် ဂျစ်တိုက်နေသည့် ကိုကို့ကို ကျေးချို ချစ်စိတ်ဖြင့် ငေးနေမိရပါပြီ ..။ ရင်ထဲမှာ ကိုကို့ကိုချစ်နေတာတွေပဲရှိနေသည်။ အားကိုးနေတာတွေပဲရှိနေသည်။ ကိုကိုနှင့်မခွဲနိုင်တာလည်း ဝန်ခံနေမိရသည်က နှလုံးသားကို ရင်း၍ပါ ..။ လောလောဆယ်မှာ ကိုကို့ရင်ထဲမှာ ဆောတစ်ခုတည်းပဲရှိနေသည်။ ကျေးချိုနှင့် မခွဲနိုင်သည့်ဆော ..။ စေ့စပ်သည့် နေ့ရက်များမှာ ကြာကြာမပျော်နိုင်ရ ..။ ကျေးချိုနှင့် တစ်နေ့ရာစီ နေရတော့မှာကို စိတ်လက်ညစ်နေပြီ ..။ မျက်မှောင်ကြီးကုတ်၍ အင်္ကျီအိတ်ထဲတွင်းမှ ဆယ်လူလာဖုန်းလေးကို ယူကာ ဖုန်းဆက်နေတော့ ကျေးချို နားမလည်ချင် ..။ စိတ်လက်ညစ်နေသည်ကလည်း



အရမ်းသိသာနေသည်။ သည်ကြားထဲ ဘယ်ကိုဖုန်းဆက်ဖို့ သတိရချေသည်မသိ ..။

"ဟယ်လို .. ဖေဖေလား .. သားပါ .. ဟသ်ာဝါ ဖေဖေ၊ ကျေးချိုကို သူတို့ ဘယ်ကိုခေါ်သွားကြတော့မှာပဲ ဖေဖေ၊ ကျေးချိုကလဲ .. သူ့အဖေလိုက်သွားလို့ကတော့ .. သူလဲ လိုက်သွားမှာ အသေအချာပဲ .. သားက ခွဲနိုင်တာမှမဟုတ်တာ .. အဲသလိုတော့ မလုပ်ကြနဲ့လေ .. ဟသ်ာတိုလဲ ထည့်တွက်ပေးကြပါဦး .. ဟသ်ာက .. ငယ်ကတည်းက .. မနက်ဆို .. ကျေးချိုနဲ့ မုန့်ဟင်းခါးတူတူ စားနေကျဥစ္စာ၊ ဘယ်သူနဲ့ သွားစားရမှာလဲ .. မရဘူး .. ကျေးချို ဟိုကို လိုက်သွားရင် .. သားလဲ လိုက်သွားမှာပဲ .. ဘိုးစံနဲ့ဘွားကို ပြောပေးဗျာ .. မခေါ်ရဘူးလို့ .. ဘဘမို ဒီကနေပြီး ဟိုကို အလုပ်သွားတက်ချင် တက်ပေ့စေ .. ကျေးချိုလဲ မထည့်နိုင်ဘူး .."

ကိုကို ဟန်ကိုမဆောင်နိုင်ရှာပါလားဟု ကျေးချို ရင်ထဲ မကောင်းနိုင် ..။ ကျေးချိုကလည်း ကိုကိုနှင့် မခွဲနိုင်ပါ။ တန်းလျားလေးမှာနေရင်း .. ကိုကိုနှင့်တူတူ .. မုန့်ဟင်းခါးစားဖြစ်ကြ ..။ အကြာကြွေးလေးဝယ်လာလျှင် ကိုကို မျက်နှာကြီးရဲ၍ ဆူပွက်မြည်တွန်နေတာကိုခံရင်း ရန်ဖြစ်ကြနှင့် နေခဲ့ရသည့် ဘဝလေးကိုပဲ မြတ်နိုးစွဲလမ်းနေမိရ ..။ တန်ဖိုးထားနေမိသူပါ။

တစ်ဖက်က ဘဘမြိုင် ဘာတွေပြန်ပြောသည်မသိ။ ကိုကို မျက်နှာလန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပေးမယ်တဲ့ .. ဒီမှာပဲ ဘဘမှီကိုထားမှာတဲ့ .. ဘဘမှီနဲ့ တစ်သက်လုံး ဟသ်ာက နေလာတာမို့ .. သံယောဇဉ်ရှိနေတာ ဖေဖေ သိပါတယ်တဲ့ .. ဒီခြံထဲမှာပဲ .. ကြာရိပ်မြိုင်အိမ်ကြီးထဲမှာပဲ .. ဘဘမှီကို ခေါ်ထားမှာပါတဲ့ .. ဟိုကိုတော့ မထည့်ပါဘူးတဲ့ .. သား စိတ်ဆင်းရဲမှာကို သိထားပြီးသားပါတဲ့ .. ဘဘမှီကတော့ .. တန်းလျားမှာပဲ နေမယ်ဆိုပြီး ပြောမှာသိထားပါတယ်တဲ့ .. ဒါပေမဲ့ .. ရအောင်ခေါ်ရမှာပေါ့တဲ့ .. ဖေဖေကပြောပါတယ် .. တော်ပါသေးရဲ့ကွာ .. ပျော်မယ်မှမစ,ရသေးဘူး .. ဘဘမှီနဲ့ ကျေးချို့ကို ခေါ်ဖို့ကြံနေတဲ့ ဘိုးစံနဲ့ ဘွားနုတို့က ပေါ်လာနေပြီ .."

ဟု အငေါ်တူးနေပါသည့် ကိုကို ..။ သူများ ဘိုးအေဘွားအေကိုလည်း မချန် ..။ ကျေးချို့နှင့် မခွဲနိုင်သည့်စိတ်တစ်ခုတည်းဖြင့် ဘယ်သူ့မဆို .. ရန်လုပ်ချင်နေသည့် ကိုကိုပါတည်း။

"ကျေးချို့ကလဲ .. ကိုကိုနဲ့ခွဲမနေပါဘူး ကိုကိုရယ် .."

ဟု ကိုကို့ကိုချစ်စိတ်ဖြင့်ပြောမိတော့ ကိုကို ဖျတ်ခနဲကြည့်လာသည်။ ကိုကို့မျက်ဝန်းတွေ ရွှန်းလဲ့လာကြလျက် မျက်နှာကြီးချို့သွားကာ ..

"ပြန်ပြောစမ်း .. ပြန်ပြောစမ်း .. ကိုကို ကြားလို့ကိုမဝလို့ပါ .."

ဟုပြောကာ ကိုကို ကျေးချို့၏လက်လေးကို ထွေးဆုပ်ထားပါ၏။



"ကျေးချို့က ကိုကို့ လ,နတ်သမီးလေးလေ .. ဒီမယ် ကိုကို ပြောမယ် .. လမင်းဆိုတာ သာချင်သလောက်သာ .. ဇာမ်မျှင်နုလေးတွေက ခွင့်ပြုထားတယ် .. လမင်းလေးကို ပန်းလေးတွေ ဘယ်လောက်ပန်ပန် .. ပန်းလေးတွေက ပန်ခွင့်ပြုထားတယ် .. လမင်းလေးကလက်ကမ်းရင် .. ရင်ခွင်မှာ ဘယ်လောက်ပဲနိုနို .. ဒီလမင်းလေးရဲ့ရင်ခွင်ကြီးက ခွင့်ပြုထားတယ် .. အဟုတ် .. အံမယ် မရယ်နဲ့ .. ကိုကို တကယ်ပြောနေတာ .."

ဟု ကိုကို့မျက်နှာကို အလေးအနက်ထားမှန်းသိအောင် တည်ထားရင်းပြောတော့ ကျေးချို့ ကိုကို့လက်ကို တုံ့ပြန်ထွေးဆုပ်ထားမိရပါသည်ပါပဲ ..။ ကျေးချို့ .. ကျေးချို့ .. လနတ်သမီးလေး တကယ်ဖြစ်ပါချေလျှင်ဖြင့် .. ချစ်ဦးသူ ကိုကို့ရင်ခွင်မှာ တစ်သက်တာ ထာဝရ နားခိုအားကိုးရမည်သာပါပဲ ကိုကိုရယ်။

ကိုကို ကျေးချို့၏ ဆံစလေးကို သပ်ပေးသည်။

"ချစ်လိုက်တာမှကွာ .. ကိုကိုဖြင့် .. ကျေးချို့လေး .. သတိမေ့သွားတုန်းကများ .. ရင်တွေကွဲ မှင်တွက်ကုန်သလိုကြီးဖြစ်ရတာ .. မလွယ်ဘူး .. မလွယ်ဘူး .. ကျေးချို့ကို ကိုကို သိပ်ချစ်တာနော် .. အဲဒါ သိထားဖို့တော့ အရမ်းအရေးကြီးတယ် လနတ်သမီးလေးရဲ့ .. ကိုကို့မင်းသမီးလေးကို .. ကိုကို .. ဘယ်အရာနဲ့မှလဲနိုင်ဘူး .. ကိုကိုဟာ ကျေးချို့ကို ချစ်ဖို့တစ်ခုတည်းအတွက် လူလာဖြစ်နေရသလိုတောင်ဖြစ်နေပြီ .. ကိုကို့အချစ်ကို လျှော့မသွားရဘူးနော်"

www.burmeseclassic.com



ဟု ကိုကို ပြောတော့ ကိုကို့ကို သနားစိတ်ဖြင့် ကျေးချို ငေးကြည့်မိရသည်ပါပဲ ..။ တကယ်ပဲ .. ကျေးချို မေ့ပြောနေစဉ်တုန်းက ကိုကို အရမ်းကိုခံစားရရှာချေမည် ..။ ခံစားချက် အဘယ်မျှပြင်းထန်ဆိုးဝါးမည်ဆိုတာ ကျေးချို တွေးပင်မတွေးရက် .. ကျေးချိုသည်လည်း ထိုသို့ ကိုကို သေကောင်ပေါင်းလဲဖြစ်မှာ .. ခံစားရမှာကို သေလုမတတ်ချောက်ချားသည်ပဲလေ။ ကိုကိုနှင့် ကျေးချိုဆိုတာ .. အရမ်းကို နိုင်မြဲသော သံယောဇဉ်မှသည် .. ဖြစ်တည်အပ်ပါသော ချစ်ခြင်းများဖြင့် .. ချစ်ကြရသူတွေပဲလေ ...။

"ဟော .. မေ့နေလိုက်တာကွာ .. ဈေးပတ်နေ့မှာ .. ဟိုကသရဖူပေးလိုက် .. ဒီကလက်ပတ်နာရီပေးလိုက် .. စိန်ကြိုးတွေပေးလိုက် .. စိန်လက်ကောက်တွေဆင်လိုက် .. အံမယ်ရင်ထိုးတွေဘာတွေပေးလိုက်နဲ့ .. ရှိနေလိုက်ကြတာ .. ဟောဒီက .. ပိုးဝတ်စုံဖြူဥဥလေးနဲ့ ကိုကို့မင်းသမီး .. ကိုကို့လနတ်သမီးလေးကို .. ကိုကို .. ပေးရမယ့်ဥစ္စာ .. သူတို့တွေ ဘယ်သူမှ မနာလိုမဖြစ်ကြရအောင် .. ဒီထိ ဆေါ်လာရတာဗျ .."

ကိုကို အရမ်းကို အရေးတကြီးနိုင်စွာ ပြောလည်းပြော ..။ တိုက်ပုံအင်္ကျီအိတ်ထဲ လက်လှိုနှိုက်တော့ ကျေးချို ရယ်မိသည်။

"အိတ်ကပ်တွေ မကုန်သေးဘူးလား ကိုကိုရဲ့ .. ဘာပေးမလို့လဲ .."



ဟု မေးမိရသည်အထိပါ ..။ ပစ္စည်းဆိုတာထက် .. ကိုကို အရမ်းကိုပျော်စွာ .. ဝတ်စေ့ချင်စောဖြင့် ပေးလာချေမည့် အရာအဖြစ် ကျေးချို တန်ဖိုးထားမြတ်နိုးနေနှင့်မိရသည်ပါပဲလေ။

ကိုကိုရယ်သည်။ တိုက်ပုံအဝါနု ..။ ဆင်စွယ်ခံတွင် အပြာလေးတွေဖောက်ထားသည့် ပိုးပုဆိုး၊ အဝါနုရောင် ရှပ်လက်ရှည်လည်ကတုံးလေးဖြင့် ကိုကိုသည် ခုလိုကျတော့လည်း ဆံစကို နောက်လှန်၍ သေသေသပ်သပ်ဖြီးထားတာမို့ အရမ်းကိုချော .. အရမ်းကို ခန့်သန့်နေသည့်အဖြစ် ..။ ရယ်မောလိုက်တိုင်း ပေါ်လာသည့်ပါးချိုင့်လေးနှင့် သွားတန်းဖွေးဖွေးလေးတွေကို ကျေးချို အရမ်းချစ်သည်။ ဖြူစင်ရိုးသားရိုပ်သည့် ကိုကို့ထံမှာ အမြဲရှိတတ်တာမို့ အချစ်ပိုရသည်မှာလည်း အမှန်ပါ ..။

"ဟော .."

ဟု ကိုကို လက်ကိုအတွင်းအိတ်ဆီမှ ထုတ်တော့ ရွှေခြေကျင်းပါလာသည်။ ပန်းကနုတ်လေးတွေ ဖော်ထားပါသည့် ရွှေခြေကျင်းလေးက နညီးနည်း တုတ်ခဲခဲလေး ရှိနေပါသည့် အဖြစ်။

"ဟင် .. ခြေကျင်း .. ကျေးချိုဆီမှာလဲ .. ကိုကို ပေးထားတာရှိနေတယ်လေ .. အများကြီးဖြစ်တော့မှာပဲ .. ခြေကျင်းတွေက .."

"မရဘူး .. ဝတ်ရမယ် .. ဒါက .. ကိုကို့ရွှေမင်းသမီးလေးကို ဒီနေ့မှာ ကိုကို ဝတ်ပေးတဲ့ခြေကျင်း .. အားလုံးရှေ့မှာ .. ထင်ထင်ပေါ်ပေါ်ဝတ်ပြရမယ့်ခြေကျင်း .. ကဲ .. ဘယ်လောက်လှလဲ .. ခြေထောက်လေးက ဖြူဥဥလေးနဲ့ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



လှတာ .. ဒီခြေကျင်းနဲ့ ဘယ်လောက် လိုက်နေလဲ .. မြန်မာတို့မှာ ရွှေခြေကျင်း ဝတ်တယ်ဆိုတာ .. ဂုဏ်တစ်ခု ဗျ"

ဟု ပြောလည်းပြော ..။ ခြေဖမိုးလေးကို ပိုင်စိုးစွာ ကိုကို ဖေးကိုင်၍ ခြေကျင်းလှလှကိုဝတ်ပေးတော့ ကျေးချို့မှာ လက်အုပ်လေးတချီချီဖြင့်ပါ ..။

"ဤသို့ ကန်တော့သည့်အတွက် .. ရွှေခြေကျင်းများများ ထပ်၍ ဝတ်ရပါစေဗျား .."

ဟု ကိုကို ရယ်မော၍ ပြောကာ ကျေးချို့၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပါ၏။ ကျေးချို့၏ နဖူးပြင်လေးမှာ ကိုကို့အနမ်းဦးသည်လည်း ဖေးတင်၍ သိမ်မွေ့ညင်ညင်ကျရောက်ပါချေသတည်း။ မြကျေးချို့ မျက်လွှာလေးချမိရပါပြီ ..။ ရှက်သွေးလေးဖြန်းနေလျက်ဖြင့် .. ချစ်ဦးသူ၏ အနမ်းဦးကို အနမ်းဖူးလေးအဖြစ် ခံယူရပါသည့်ဘဝလေးကိုလည်း ကျေးချို့ မြတ်နိုးကြည်နူးစွာ ရင်မှာ သိမ်းဆည်းထားရပါ့လိမ့်မည် ..။

"ကျေးချို့ .."

အဖြူရောင်ပိုးဝတ်စုံလေးဖြင့် ရှိနေပါသည့် ကျေးချို့ကို သူ ကြည့်နေရင်းမှ ခပ်ဖွဖွ ခေါ်မိသည်။ မျက်ခုံးတန်းနက်နက်လေး ..။ မျက်ဝန်းလှလှလေးမှာ ရံခနေပါသည့် မျက်တောင်ထူကောကော့ အိအိလေးတစ်စုံ ..။ နှာတံလေးထင်းနေလျက် ..။ ဖြူဥဥနှင့် အကြောမျှင်လေးတွေ ယှက်သမ်းရာ ပါးပြင်နုနု ..။ နှုတ်ခမ်းဖူးနုနုလေးဖြင့် အရမ်းကို လှလိုက်ပါသည့် မိန်းကလေး။ ပြော်း .. ရယ်မောလိုက်လျှင် ချစ်စရာပါးချိုင့်လေးလည်း ရှိနေ



ပါသည့် မိန်းကလေး ..။ သူ .. အရိပ်တကြည့်ကြည့်မျှ ကြည့်မဝချစ်မကုန် .. ဖြစ်ရပါသည့် ရွှေမင်းသမီး ..။ သူ၏ .. သူ၏ လနှတ်သမီးလေးကို .. မျက်တောင်မခတ် .. တစိမ့်စိမ့်နိုင်အောင် ကြည့်နေမိရ .. ကြည့်ခွင့်လည်းရပါသည့်ဘဝကို .. သူ ပိုင်စိုးရချေပြီတကား ..။

"ကျေးချို့ဟာ လနှတ်သမီးလွေးပဲ ကျေးချို့ .. လနှတ်သမီးဆိုတာ .. လူတိုင်းရင်မှာချစ်စေတဲ့ တန်ခိုးရှိတယ် ကျေးချို့ ဘယ်လောက်သာသာ .. အဲဒီလမင်းလေး လင်းနေဖို့ လူတွေက လိုလားကြတယ် .. လမင်း .. ဟောဒီကလနှတ်သမီးလေး .. ညလေညင်းမှာ ပန်းရနံ့လေးတွေ တသင်းမွှေ့မွှေ့ သင်းမွှေ့မွှေ့နဲ့ ဘယ်လောက်ပဲမွှေးမွှေး .. အဲဒီမွှေးနေတဲ့ညမှာ .. လမင်းလေး .. လနှတ်သမီးလေး လင်းနေဖို့လိုနေတယ်လေ .. လနှတ်သမီးရဲ့ အေးချမ်းတဲ့ခရာသံ .. ညမှာ .. တေးဆိုတဲ့ ငှက်လေးတွေ ဘယ်လောက်ရှိရှိ .. ညရဲ့အလှပြည့်စုံဖို့ဆိုတာက .. လမင်း လင်းနေမှ ပြည့်စုံတယ် ကျေးချို့ ..ကျေးချို့ဟာ .. ကျေးချို့ ကိုချစ်တဲ့သူတိုင်းအတွက် .. လနှတ်သမီးလေးတစ်ပါးပဲ၊ ကိုကို့ရွှေမင်းသမီးလေးဟာ .. ကိုကို့လနှတ်သမီးလေးပဲ၊ ဘဘမှိအတွက်လည်း .. အို .. အားလုံးအတွက် .. လနှတ် သမီးလေး ဖြစ်နေတယ် .."

ဟု ပြောနေရင်းမှ မျက်နှာလေးကို လက်ဖြင့်ဖေးအပ်၍ ငေးကြည့်ပြန်သည်။ သူ့မျက်ဝန်းတွေမှာ အရမ်းကိုနူးညံ့နက်ရှိုင်းသည့် ချစ်ခြင်းများက ပြည့်သိပ်ယှက်ဖြာနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ဘဝမှာ .. ဟောဒီကလနတ်သမီးလေးတစ်ပါးဟာ အမြဲလင်းလဲ့သာနေဖို့လိုတယ် ကျေးချို .. ကိုကို .. ထပ်ပြောမယ် .. ကိုကို့ဘဝမှာ .. ဟောဒီက လ,နတ်သမီးလေး အမြဲသာနေဖို့ .. လင်းလဲ့နေဖို့ .. လိုတယ် .. တစ်သက်လုံးသာတဲ့လနတ်သမီး .. တစ်သက်လုံး လင်းလဲ့နေမယ့် လနတ်သမီးလေးအဖြစ် .. ကိုကို့ရင်ခွင်မှာ ရှိနေရမယ်နော်၊ ကတိပေး .. ကိုကို့ကို ကတိပေးပါ ကလေးရယ် .."

ဟု ပြောနိုက် ..။ ကျေးချို၏ခေါင်းလေးက .. အားကိုးစွာ .. ချစ်ကြင်မြတ်နိုးစွာ .. သြော် .. ကြည်ညိုသစွာရှိစွာ ကိုကို့ရင်ခွင်မှာ .. လနတ်သမီးလေးတစ်ပါးအဖြစ် .. ခိုမှီနွဲ့လျ တင်ထားမိရှပါချေသည်တကား ..။

သြော် .. စပယ်ဖြူတို့၏ရနံ့က .. ယခင့် ယခင်များနယ်ပင်လျှင် .. လေနှင့်အတူ ငွေ့ငွေ့သိပ်သိပ် .. မွှေးမြမြဖြင့် .. ငွေ့ရငွေ့ .. မွှေးရမွှေး .. သင်းမွှေ့မွှေ့မျှဖြင့် ပြေးနှောပြေးဝင်လာချေသည်တည့် ..။

လနတ်သမီးဆိုတာ
လူတိုင်းရင်မှာ ချစ်စေရင်း
လနှစ်ဝင်း လသုံးဝင်း
သာခြင်းမကသာပေစေ
မြတ်နိုးနေသူတို့ရင်တွင်း
လမင်းလင်းဖို့ လိုနေဆဲ ...။




လနတ်သမီးဆိုတာ
လူတိုင်းရင်မှာညို့ငင်ရင်း
ညလေညင်းနှင့်ပန်းလေညင်း
တသင်းမွှေ့မွှေ့သင်းမွှေ့မွှေ့
မွှေးခြင်းမကမွှေးပေစေ
မြတ်နိုးနေရသူတို့ရင်တွင်း
လမင်းလင်းဖို့ လိုနေပြီ ...။

လနတ်သမီးဆိုတာ
လူတိုင်းရင်မှာလွှမ်းမိုးရင်း
အေးချမ်းခြင်းရဲ့ခရာသံချို
တေးသီဆိုငှက်တစ်သင်း
ဆိုခြင်းမကဆိုပေစေ
မြတ်နိုးနေသူတို့ရင်တွင်း
လမင်းလင်းဖို့ လိုနေဆဲ ...။
သြော် ...
လမင်းလင်းဖို့ လိုနေပြီ ...။ ။

www.burmeseclassic.com

www.burmeseclassic.com





ရှုဝေဒံ့ဇေး(ပြ)မြို့ရွာမှန်း

မဟာရာ(လှိုင်ကော်)
၁၉-၆-၂၀၀၇

www.burmeseclassic.com